
[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



စကားဝါမြေစာကြည့်တိုက်----> [http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေတေးဥယျာဉ်----> [http://sagarwarmyae.net/mm_flash_songs/index.html](http://sagarwarmyae.net/mm_flash_songs/index.html)
စကားဝါမြေနည်းပညာစာကြည့်တိုက်----> [http://technology.sagarwarmyae.net/](http://technology.sagarwarmyae.net/)

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူ များအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.foreverspace.com.mm

ပုဂံစာအုပ် အမှတ် ၂၈၉

# ကံ့ကော်တောမှ ဇာတ်လမ်းများ

## တက္ကသိုလ် ခင်မောင်အေး

အမှတ် ၈၀၉(A)၊ ဓေယျာသုလမ်း၊
မြွေဘာသည်နဲ့ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။

**ကိုးကော်တောမှ ဇာတ်လမ်းများ**

ပထမအကြိမ်
စက်တင်ဘာ၊ ၂၀၀၅

◆

စာမူခွင့်ပြုချက်အမှတ်
၅၀၀၉၄၄၀၅၀၇

◆

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၉၃၆၀၅၀၈

◆

အုပ်ရေ
၅၀၀

◆

မျက်နှာဖုံးပန်းချီ
ကျော်သောင်း

◆

ပုံနှိပ်သူ
ဒေါ်နီနီခိုင် (၀၇၁၃၅)၊ သီရိမေ ရောင်စုံပုံနှိပ်တိုက်၊ အမှတ် ၁၉၊ လမ်း ၉၀၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

◆

ကွန်ပျူတာစာစီနှင့် ထုတ်ဝေသူ
ဒေါ်ခိုင်ခိုင်ဦး (ယာယီ ၈၇၉)၊ **ပုဂံစာအုပ်တိုက်**၊ အမှတ် ၈၀၉ (A)၊
ဗေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၅၁၁၀၀၃၈

www.foreverspace.com.n

၁၉၆၉၊ ၁၉၇၀၊ ၁၉၇၁ ခုနှစ်များတွင် ထုတ်ဝေခဲ့သည့်
စန္ဒာမဂ္ဂဇင်းတွင် ပါရှိခဲ့သော တက္ကသိုလ် ခင်မောင်အေး၏
ဝတ္ထုတိုများကို စုစည်းထုတ်ဝေထားခြင်း ဖြစ်သည်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

## စာရေးသူ၏ အမှာ

ကျွန်တော် ချစ်သော ကံ့ကော်တော။

တစ်ခါက ရန်ကုန်မြို့ရှိ မြန်မာပြည်တွင် တစ်ခုတည်းသော တက္ကသိုလ်။

ထိုတက္ကသိုလ်ကြီးကို 'တက္ကသိုလ်လာ မြကျွန်းသာ' ဟူ၍လည်းကောင်း၊ 'တက္ကသိုလ် ဆင်စွယ်နန်းဆောင်' ဟူ၍ လည်းကောင်း အမည်သညာပေးသူတို့က ပေးခဲ့ကြဖူးသည်။

ကျွန်တော်ကတော့ ထို 'တက္ကသိုလ်လာ မြကျွန်းသာ' ကို အမှတ်ထင်ထင် 'ကံ့ကော်တော' ဟု ခေါ်ဆိုသုံးနှုန်းခဲ့ဖူးပါသည်။

ကျွန်တော် လုံးချင်းဝတ္ထုများ စတင်ရေးသားကာစ ၁၉၆၄ ခုနှစ်ခန့်က တက္ကသိုလ်နောက်ခံ ဝတ္ထုတစ်ပုဒ် ရေးသားခဲ့ဖူးသည်။ ထိုဝတ္ထု၏အမည်ကို 'ကံ့ကော်တောကို စွန့်ခဲ့ပြီ' ဟု ပေးခဲ့သည်။

တကယ်တော့ ထိုဝတ္ထု ကျွန်တော့်ရင်တွင်း၌ မွေးဖွားနေခဲ့သည်မှာ ၁၉၅၀ ဝန်းကျင် ကျွန်တော်ရန်ကုန်တက္ကသိုလ်ကြီး၌ ပညာရည်နို့ သောက်စို့နေစဉ်ကာလကတည်းကပင် ဖြစ်သည်။ သို့သော်လည်း ထိုစဉ်က ကျွန်တော်ပေးမည်ဟု မှန်းထားသော ဝတ္ထု၏အမည်မှာ 'စွန့်ခဲ့ပေါ့ တက္ကသိုလ်' ဟူ၍ ဖြစ်သည်။

ထိုဝတ္ထုကို ကျွန်တော် တကယ်ရေးဖြစ်လာသော ၁၉၆၄ ခုနှစ်တွင်မူ ထိုအမည်ကို မကြိုက်တော့ပါ။ ထို့ကြောင့် ကျွန်တော်က ဝတ္ထုနာမည် အသစ်ရှာသည်။

ထိုစဉ်တွင် ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်း၌ ဘယ်ကိုကြည့်လိုက်ကြည့်လိုက် ကံ့ကော်ပင်များကို အနည်းနှင့် အများ မြင်နေရသည်။

ကျွန်တော်သည် အမိရန်ကုန် တက္ကသိုလ်ကြီးကို ချစ်သလို၊ ဘယ်ကိုကြည့်လိုက်ကြည့်လိုက်မြင်နေရသော ကံ့ကော်ပင်များကိုလည်းချစ်ပါသည်။



www.foreverspace.com.n



ဤတွင် ကျွန်တော်သည် အမိတက္ကသိုလ်ကြီးကို 'ကံ့ကော်တော' ဟူ၍ တင်စားခေါ်ဝေါ်လိုက်ပါသည်။

'ကံ့ကော်တောကို စွန့်ခဲ့ပြီ' ဟူ၍ ထိုဝတ္ထုသည် ကျွန်တော့်ကို လူသိများသော စာရေးဆရာတစ်ယောက်အဖြစ်သို့ ပို့ဆောင်ခဲ့ပါသည်။

ထို့နောက် ကွယ်လွန်သူ စာရေးဆရာ၊ အဆိုတော်၊ ရုပ်ရှင်မင်းသားဝင်းဦးသည် ၁၉၆၉ ခု ဧပြီလတွင် 'စန္ဒာ' မဂ္ဂဇင်းကို စတင်ထုတ်ဝေလိုက်သည်။ သူနှင့် ကျွန်တော်မှာ အလွန်ခင်မင်ကြသော သူငယ်ချင်းများဖြစ်သည်နှင့် အညီ သူ 'စန္ဒာ' မဂ္ဂဇင်းကို မထုတ်ဝေမီကတည်းကပင် ထိုမဂ္ဂဇင်းကို သူထုတ်ဝေတော့မည့်အကြောင်းနှင့် သူ့မဂ္ဂဇင်းအတွက် ဝတ္ထုများရေးပေးရန် ကျွန်တော့်ကို တောင်းဆိုခဲ့ပါသည်။

ဤတွင် ကျွန်တော်သည် သူ့ကို လစဉ်ရေးပေးနိုင်မည့် ဇာတ်လမ်းများနှင့် အမည်ကို စဉ်းစားရပါတော့သည်။

ကျွန်တော် စဉ်းစား၍ ရခဲ့သည်မှာ ကျွန်တော်ချစ်သော၊ ကျွန်တော်နေခဲ့ဖူးသော ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝကို နောက်ခံထား၍ ဝတ္ထုဇာတ်လမ်းများ ရေးရန်ပင် ဖြစ်ပါသည်။

ဤတွင် ကျွန်တော်သည် 'စန္ဒာ' မဂ္ဂဇင်းတွင် 'ကံ့ကော်တောမှဇာတ်လမ်းများ' ဟူသော အမည်ဖြင့် ဝတ္ထုများကို အမှတ်စဉ်တပ်ကာ ရေးသားခဲ့ပါသည်။

ထိုစဉ်က ကျွန်တော်သည် အစိုးရအလုပ်တစ်ဖက်နှင့် ဖြစ်၍ အလုပ်များသောအခါတွင် လဆက်မရေးနိုင်ဘဲ ဖြစ်ခဲ့ရပါသည်။ နောက်ပိုင်းတွင် အလုပ်များ ပိုမိုများပြားလာ၍ မရေးဖြစ်တော့ဘဲ 'ကံ့ကော်တောမှဇာတ်လမ်းများ' အမှတ် (၁၃) မှာပင် ကျွန်တော့်ဝတ္ထုများ ရပ်ဆိုင်းသွားရပါတော့သည်။

'စန္ဒာမဂ္ဂဇင်း' တွင် ကျွန်တော်ရေးခဲ့သော ထိုဝတ္ထုများလည်း အောင်မြင်ခဲ့သည်ဟု ထင်ပါသည်။ ကျွန်တော်နှင့် ခင်မင်ရင်းနှီးသူများက ကျွန်တော့်ကို 'ကံ့ကော်တော ဆရာကြီး' ဟု ခေါ်တတ်ကြပါသည်။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဤဝတ္ထုများထဲ၌ ပါဝင်သော ဇာတ်ဆောင်တော်တော်များများ၏ အမည်များမှာ သူတို့နာမည်ရင်းများဖြစ်ကြပါသည်။ ဇာတ်လမ်းများမှာလည်း အချို့ ဇာတ်လမ်းများသည် အတိအကျ မဟုတ်သော်လည်း ဇာတ်လမ်း ကျောရိုးကတော့ နီးစပ်သည်ဟုပင် ဆိုရပါလိမ့်မည်။

ကျွန်တော်၏ ထိုဝတ္ထုများကို ဖတ်မိကြသော ကျွန်တော့်သူငယ်ချင်း များ၏ သားသမီးတို့က ပြန်ပြောကြ၍ သူတို့မိဘများက ထိုဝတ္ထုများကို ဖတ်မိပြီးသောအခါတွင် ကျွန်တော့်ထံသို့ တယ်လီဖုန်းဆက်ပြီး ဝမ်းသာ စကားပြောကြပါသည်။ ဆဲသူတွေတော့ မရှိပါ။

ဤကံ့ကော်တောမှဇာတ်လမ်းများထဲတွင် ပါဝင်ခဲ့ကြသော ကျွန်တော် ချစ်သော ကျွန်တော့်သူငယ်ချင်း တော်တော်များများမှာလည်း ကွယ်လွန် ကုန်ကြပါပြီ။ ကျွန်တော် သူတို့ကို လွမ်းပါသည်။

သို့သော်လည်း သူတို့သည် ကျွန်တော့် 'ကံ့ကော်တောကို စွန့်ခဲ့ပြီ'နှင့် 'ကံ့ကော်တောမှ ဇာတ်လမ်းများ' ဝတ္ထုတို့ စာပေလောကတွင် ရှင်သန် နေသမျှကာလပတ်လုံး သူတို့ သေကြဦးမည်မဟုတ်ပါ။ ဆက်လက် ရှင်သန် နေကြပါလိမ့်ဦးမည်။

ခေတ်တွေကတော့ ပြောင်းနေပါပြီ။ ယခုဆိုလျှင် မြန်မာပြည်အနှံ့ တစ်ပြည်လုံးတွင် တက္ကသိုလ်တွေများစွာ ပေါ်ပေါက်ဖွင့်လှစ်လျက်ရှိနေပါပြီ။ ခေတ်ပြောင်းလာသည်နှင့်အမျှ၊ တက္ကသိုလ်တွေ၏ ဘဝ အနေအထား တွေလည်း ပြောင်းလဲနေပါလိမ့်မည်။

ကျွန်တော် နေခဲ့ဖူးသော ကံ့ကော်တောကို မရောက်ဖူး၊ မရောက်နိုင် ကြသော ကျွန်တော်၏ မြေးအရွယ် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ များသည် ကျွန်တော် ချစ်လှစွာသော ကံ့ကော်တော၏ အကြောင်းကို ဤဝတ္ထုကလေးများကို ဖတ်ခြင်းအားဖြင့် တစ်ခါကရှိခဲ့ဖူးသော တက္ကသိုလ်၏ ဘဝကို မှန်းဆမိနိုင်ကြပါစေဟု ရည်သန်မိပါသည်။



www.foreverspace.com.mm



မည်သည့်ကာလပင်ဖြစ်စေ မိမိတို့နေခဲ့ကြသော တက္ကသိုလ် ဆင်စွယ်နန်းဆောင်သည် သူ့နည်းနှင့် သူတော့ လှပနေကြပါလိမ့်မည်။ တစ်သက်လုံးလည်း လွမ်းတစရာ နေရာကလေး ဖြစ်ကောင်းဖြစ်နေပါ လိမ့်မည်။

မိမိတို့ ပညာရည်နို့သောက်စို့ခဲ့ကြသော တက္ကသိုလ်များကို ထာဝရ ချစ်ခင် လွမ်းတနိုင်ကြပါစေဟု ဆုတောင်းလိုက်မိပါသတည်း။

ဤ 'ကံ့ကော်တောမှ ဇာတ်လမ်းများ'ကို ပြန်လည်ပုံနှိပ်ထုတ်ဝေရန် အတွက် အားပေးလှုံ့ဆော်တိုက်တွန်းကာ လိုအပ်သောဝတ္ထုများကို အမျိုးသား စာကြည့်တိုက်မှ ရှာဖွေစုဆောင်း ကူးယူပေးသော မခင်မေသိန်း (ပျော်ဘွယ်) အားလည်းကောင်း၊ ဤစာအုပ် ပုံနှိပ်ထုတ်ဝေရေးအတွက် အကူအညီ ပေးသော ဆရာချစ်ဦးညိုအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

တစ်ခါက ကံ့ကော်တောသား<br>
တက္ကသိုလ်ခင်မောင်အေး<br>
၂၄၊ ၅၊ ၂၀၀၅



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

## အမှတ် ၁

ကျွန်တော်ချစ်သော ကုံကော်တောကို ဖြတ်သန်း၍ သွားရတိုင်း ကျွန်တော်သည် ထိုနယ်မြေ၌ ရှိခဲ့စဉ်က ကျွန်တော်နှင့် ရင်းနှီးသော၊ ခင်မင်သော၊ ချစ်သောသူများကို သတိတရ ဖြစ်မိလေ့ရှိပါ၏။

ရာသီဆယ့်နှစ်လ ဆက်စပ်၍လည်သော ကာလတိုင်းရှိ နေ့ရက်ဟူသမျှ ဤကုံကော်မြေသည် သူ့အချိန်နှင့်သူ တစ်မျိုးစီလှလျက် ရှိနေကြသည်သာ ဖြစ်၏။ နွေ၊ မိုး၊ ဆောင်း ဥတုသုံးမျိုးစလုံး၌လည်း သူ့အလှနှင့်သူ ရှိစမြဲ၊ လှစမြဲပင်....

ခုတစ်လောတွင် ကျွန်တော်သည် တက္ကသိုလ်မြေသို့ အသွားအလာ အရောက်အပေါက်၊ အကူးအသန်းများလျက် ရှိရသည်။

ဤရက်များသည် ဆောင်းပြယ်၍ နွေသို့ ဝင်စပြုလျက်ရှိပြီ။

ရာသီတကာ့ရာသီအနက် 'တပေါင်း'သည် ကုံကော်မြေကို အလှဆုံး ဖြစ်စေသည်ဟု ထင်ပါ၏။ တန်းစီလျက် ရှိနေကြသော ပိတောက်ပင်တို့မှ ရွက်ညိုးဝါတို့လည်း လေသဲသဲဝယ် ကြွေခဲလျက်ရှိကြပြီ။ ဩော်.... သူတို့၏





ထင်ရှားသောအဖော်အဖြစ်မူ နီညိုရောင်ရင့်သော မယော်ဂနီရွက်ညိုးတို့လည်း ရှိကြပါသေး၏။ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ငုရွှေဝါနှင့် ငုစပ်နီတို့လည်း ပင်လုံးကျွတ် ပွင့်ကြပြီ။ ကုလားတမာ ခေါ် သဘော်တယ်ပင်နှင့် ကံကော်ပင်တို့သည် ညို့ညို့စိမ်းစိမ်း မြသွေးလိမ်းလျက်ရှိကြပြီ။ ကုံကော်ပင်များလည်း သူတို့၏ အလှကို ပိုမို၍ ပြကြလေတော့မည်၊ ယခုပင်လျှင် အချို့အပင်တို့သည် အဖူးအငုံ ဝေရုံမျှမက ပုလဲရောင်ဖွေးသည့် ပွင့်လွှာကို ဖွင့်ကာဖွင့်ကာ သိင်္ဂီတံဝတ်ဆံနုတို့၏ ရနံ့ဖြင့် လှလှပပ သင်းသင်းကြိုင်ကြိုင် ရှိကြပါချေပြီ။

ညိုးရွက်တို့ကြွေကာ ပန်းတို့ ရောင်စုံဝေလျက် နွေကို ကြိုကြိုခံအံ့တုရဲသော မြသစ်ရွက်တို့ သိပ်သိပ်သည်းသည်း၊ အချို့သစ်ပင်တို့နှင့် ကံကော်၏ အလှ ဆန်းစပြုခြင်းတို့သည် ထာဝရလှသော တက္ကသိုလ်မြေကို ပိုမို၍ အားဖြည့်ပေးထားသည့် တပေါင်း၏ အလှပင် ဖြစ်ပါ၏။

နံနက်ခင်းတွင် မြူနှင်းတို့ ဝေသေးသော်လည်း နေ့လည်ခင်းတွင်မူ နေမင်းကပူသည်။ ရာသီသာလျှင် ပူပြင်းစပြုသည်မဟုတ်၊ တက္ကသိုလ်မြေလည်း သွေ့ခြောက်တိတ်ဆိတ်စပြုပြီဖြစ်၏။ စာမေးပွဲရက်ဝန်းကျင်ဖြစ်၍ ကျောင်းသင်ခန်းဆောင်တို့၌လည်း စည်စည်ကားကားမရှိတော့။ ပူပြင်းသော နွေရာသီနှင့် ဆက်စပ်လျက် ကျောင်းရက်ရှည်လည်း ပိတ်တော့မည်။

တစ်ယောက်နှင့် တစ်ယောက် ခွဲရလုနီးပြီဖြစ်၍လည်း ချစ်ကြသူတို့ ပူကြလိမ့်မည်။ သူတို့လေးတွေ မကြာမီ လွမ်းတတ်သူတို့ဖြစ်ကြတော့မည်။

အားလုံးကို နှုတ်ဆက်ဟန်ရှိနေသည်ကမူ ချွဲချွဲနွဲ့နွဲ့ တွန်ကျူးနေသည့် ဥသြငှက်သံကလေးပင်ဖြစ်သည်။ ထိုနေရာကို ခေတ္တမျှဖြတ်သန်းသွားသည့် ကျွန်တော်ပင်လျှင် သူ့အသံကို ကြားလိုက်ရတတ်၏။ ဤဥသြငှက်ကလေးသည် မနှစ်က ဥသြကလေး ဟုတ်ချင်မှဟုတ်တော့မည်။

ကျွန်တော်တို့ခေတ်တုန်းကမူ ဤလိုနွေ၌ အချင်းချင်း ခွဲကြရပြီးနောက်၊ နောက်စာသင်နှစ် ကျောင်းအဖွင့်ကို တသသ မျှော်ခဲ့ကြရသည်။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ခွဲခွာရ၍၊ ဝေးကွာရ၍၊ လွမ်းရခြင်းတို့ကြောင့် လေရူးပျောက်၍ မှတ်သုန်တောင်လေမြူးစ ရက်တို့ကို မျှော်ခဲ့ကြရပါ၏။ ကျောင်းပြန်အဖွင့်တွင် မျှော်လင့်သူကို မြင်လိုက်ရပါမှ ဘဝင်ချမ်းမြရိုလိုက်ရကာ ရွှေရင်လည်းဖိုလှိုက်ရသည်။ ဪ.... ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ရသော ကံ့ကော်တော၏ ရက်များဝယ် ရွှေရင်ခုန်ရသည့် စေတသိက်၏အလှများကို ခံစားခဲ့ရသည်သာ ဖြစ်၏။

အသက်အရွယ်ရင့်လာ၍ အလုပ်အကိုင်၌ ဝင်စား ရှန်းကန်နေရပြီ ဖြစ်၍ ကျွန်တော်သည် ယခုလို ကံ့ကော်တောကို ဖြတ်ခွင့်ကြုံမှ အတိတ်က ရင်ခုန်ခဲ့ရခြင်းများကို ပြန်လည်သတိရခံစားရသည်။

ကျွန်တော် ချစ်သူ ခင်သူ သူငယ်ချင်းများနှင့် ကျွန်တော့်ရင်ကို လှိုက်လှိုက်ဖိုဖို ခုန်စေခဲ့ဖူးသော 'သူ' တို့ကို သတိရ ရသည်၊ လွမ်းရသည်။

ယခုမူ ကျွန်တော် ချစ်သော၊ ခင်သော သူငယ်ချင်းတစ်ဦး၏ အကြောင်းကို သတိတရပြောပြချင်ပါ၏။

သူနှင့် 'သူ' ၏အကြောင်း၊ သူနှင့် 'သူ' ၏အဖြစ်သည် ကျွန်တော့် စိတ်ကို လှုပ်ရှားစေခဲ့သည်မှာ အမှန်ပါတည်း။

သူတို့ကို သတိရလိုက်မိတိုင်း ကျွန်တော်သည် ကိုယ့်ကိုယ်ကို အပြစ်တင်မိရပါ၏။ ကိုယ့်ကိုယ်ကိုပင် ခွင့်မလွှတ်ချင်မိအောင် ဖြစ်ရပါ၏။

ဪ.... သူတို့ကို ခုလို သတိရလိုက်မိပြန်တော့လည်း....။

*

ကံ့ကော်မြေ၌ လမ်းလျှောက်၍ အကောင်းဆုံးသော ရာသီမှာ ဒုတိယပိုင်း စာသင်နှစ်ဖြစ်သည့် သီတင်းကျွတ် ကျောင်းပိတ်ရက် အလွန်ဆောင်းဝင်စ ကာလမှ စပါ၏။

ထိုလများတွင် နေကလည်းခပ်စောစောကျလေ့ရှိသည်။ ညနေပိုင်းတွင်





အရိပ်တို့ ရှည်လျားသည်နှင့်အမျှ အေးမြသော အတွေ့ကိုလည်း ခံစားရသည်။ နေ့ခင်းအလင်းမှ ညချမ်းအမှောင်သို့ ကူးစအချိန်များတွင် မြူနှင်းတို့ကလည်း မှိုင်းမှိုင်းဝေဝေရှိတတ်၏။

ညနေလေးနာရီခန့်တွင် ရေမိုးချိုးကာ ကိုယ့်ကိုယ်ကို 'သ' ကြပြီးနောက် ကိုယ်နှင့် ဆိုင်ရာဆိုင်ရာ 'သူ'တို့ရှိရာ အဆောင်ဆီသို့ သွားကြရာ၌လည်း ဤရက်များသည် စိတ်ကြည်နူးစရာ အကောင်းဆုံး နေ့များပင် ဖြစ်တတ်သည်။

ကျွန်တော့် သူငယ်ချင်း ကြည်ဝင်းကို အမှတ်မထင် ဒုက္ခပေးဖြစ်ရန် စတင်၍ အကြောင်းဖန်လာမည့် ထိုတစ်နေ့ကို ကျွန်တော်သည် ယခုတိုင် မှတ်မိ၍ နေပါသေး၏။ ထိုနေ့သည် သီတင်းကျွတ်ကျောင်းပိတ်ရက်ကို လွန်ပြီးသော နိုဝင်ဘာလလယ်ပိုင်းက နေ့တစ်နေ့ဖြစ်သည်။

နေ့လယ်ပိုင်းသင်တန်း၊ ရက္ခဗေဒ လက်တွေ့ကလပ်(စ်)မှအပြန် ကျွန်တော်သည် ယူနီယံဟောလ်၌ လက်ဖက်ရည်ဝင်သောက်ပြီးမှ အေးအေးဆေးဆေးပင် အဆောင်သို့ပြန်ခဲ့သည်။ အခန်းသို့ ကျွန်တော်ပြန်ရောက်သော အခါတွင် ညနေခင်း၏ သာယာခြင်းကို သူတို့၏ အလှကလေးများနှင့်အတူ ခံစားကြည်နူးကြမည့် သူတို့သည် သူတို့ကိုယ်ကို သူတို့ 'သ' စပြုလျက် ရှိကြပြီ။

ကျွန်တော်သည် သူတို့ကို ဂရုမထားဘဲ စီးကရက်တစ်လိပ်ကိုဖွာကာ ခုတင်ပေါ်၌ ခြေမ်နှင့်လှဲရင်း ကိုယ့်အတွေးနယ်ကို ကိုယ့်ဘာသာကိုယ် ချဲ့လျက်ရှိသည်။ အခန်းအပြင် ကော်ရစ်ဒါတစ်လျှောက်မှ ဆူဆူဆူဆူနှင့် လာနေကြသော ကျောင်းသားတစ်စု၏အသံကြောင့် ကျွန်တော်သည် အတွေးများ ပျက်သွားရသည်။

ဘယ်သူတွေပါလိမ့်ဟူသော ငြိုငြင်စိတ်နှင့်လည်း ဆူဆူညံညံ စကားကျယ်ကျယ် ပြောလာကြသူများကို လှမ်း၍ ကြည့်လိုက်မိ၏။



www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



သူတို့တစ်တွေသည် ကျွန်တော့်အခန်းကို ကျော်ဖြတ်၍ လျှောက်မသွားကြဘဲ ကျွန်တော့်အခန်းထဲသို့ပင် ဆိုက်ဆိုက်မြိုက်မြိုက်ဝင်လာကြသည်။ ကြည်ဝင်း၊ တင်မောင်စိုး၊ မင်းလွင်နှင့် တင်မောင်လတ်တို့ ဖြစ်ကြ၏။

သူတို့လေးဦးအနက် ကြည်ဝင်းသည် 'အသ' ဆုံးဖြစ်နေသည်။ ရုပ်ဖြူ လက်ရှည်၊ မန္တလေး ပိုးလုံချည်နှင့် ပြီးတော့ သူ့ခေါင်းမှ ဆံပင်များသည်လည်း ပြောင်လက်တောက်ပစွာ ဖြီးသင်ထားလျက်ရှိသည်။

ကြည်ဝင်းကို ရှေ့၌တင်၍ သူ့နောက်မှ ဝန်းရံကာ လိုက်ပါ ဝင်လာကြသော သူတို့တစ်တွေကိုကြည့်ရင်း ကျွန်တော်သည် အိပ်ရာမှ ခေါင်းထောင်ထလိုက်မိရ၏။

"ဟကောင်တွေ၊ ဘာဖြစ်လာကြတာလဲ။ ရှင်လောင်း လှည့်လာကြတာလား။ မင်းတို့ ရှင်လောင်းက နို့မပြတ်သေးရဲ့လား"

ကျွန်တော်သည် ထိုသို့ပင် စတင်၍ နောက်လိုက်မိ၏။ သူတို့တွေနှင့်တွေ့လျှင် ကျွန်တော်သည် သူတို့လိုပင် ဘယ်တော့မှ ခပ်တည်တည်နေတတ် ပြောတတ်လေ့ မရှိ။

"ရှင်လောင်းလှည့်လာတဲ့ ရှင်လောင်းမဟုတ်ဘူးကွ။ သတို့သားလောင်း.... သတို့သားလောင်း။ ပညာရုံတဲ့အခါမှာ ကြင်ယာလည်းစုံဖို့အတွက် မိန်းမအပိုးသွားမလို့"

တင်မောင်စိုးက ထိုသို့ ပြန်ပြောလိုက်သောအခါတွင် ကြည်ဝင်းမှာ သူ့သွားများကိုဖော်ကာ ရယ်ကျဲကျဲ လုပ်နေ၏။

"ဟ.... ကြည်ဝင်း မိန်းမအပိုးသွားမှာကို မောင်ရင်တို့က ဘာဖြစ်လို့ လိုက်သွားရတာလဲ။ သူ့ဟာသူ ပိုးပါစေတော့လား။ ဘာလဲ မောင်ရင်တို့ကပါ သူ့အတွက် ဝင်ပိုးပေးကြဦးမလို့လား"

"အို.... သူ့အတွက် သူ့ကိုယ်စား တို့ ဝင်ပိုးပေးလို့များ ဒီကောင်ကြီး စွံမယ်ဆိုရင် တို့က စေတနာ့ဝန်ထမ်းတောင်မှ ဝင်ပိုးပေးလိုက်ချင်သေးတယ်"



www.foreverspace.com.mm



မင်းလွင်က ကြည်ဝင်းကို စောင်းငဲ့၍ ကြည့်ရင်း မချင့်မရဲဟန်နှင့် ပြန်ပြောသည်။ ကျွန်တော်သည် ကြည်ဝင်းကိုကြည့်ရင်း ပြုံး၍သာ နေလိုက်မိသည်၊ ဘာမှပြန်မပြောမိ။ ရင်းရင်းနှီးနှီးနှင့် တတွဲတွဲရှိတတ်သော ကျွန်တော်တို့ သူငယ်ချင်းစုထဲတွင် ကြည်ဝင်းသည် အရိုးဆုံး၊ အရှက်တတ်ဆုံး၊ အအေးဆုံးဖြစ်၏။ သူသည် ရိုးရိုးအေးအေးနေတတ်ကာ ရှက်တတ်သော်လည်း သူ့ရင်တွင်း၌ ချစ်တတ်သော နှလုံးသားမူ ရှိပါ၏။

ယဉ်ယဉ်ထွေးကို သူ မျက်နှာချင်းဆုံရတိုင်း သူ့ရင်တွင်းရှိ အသည်းနှလုံး တဒိတ်ဒိတ်ခုန်ရသည်ကို ကျွန်တော်တို့သိသည်။ သို့သော် သူသည် အရှက်ကြီးသူပီပီ ထိုအဖြစ်ကို ဘယ်တော့မှ ဝန်ခံလေ့မရှိ။ သူ့ပါးစပ်မှ ဖွင့်ဟ၍ ဝန်ခံသော ဝန်ခံချက်ကို မကြားရသော်လည်း သူ့အမူအရာနှင့် အပြုအမူများကိုကြည့်၍ ကျွန်တော်တို့သည် သူ့ရင်ကို ထွင်းဖောက်၍ မြင်ခဲ့ကြရပြီးပြီ ဖြစ်၏။

"ကဲ.... ဟေ့ကောင် အေးဝင်း၊ ထ အဝတ်လဲကွာ၊ ဒီကောင်ကြီး နောက်ကို လိုက်သွားကြရအောင်"

တင်မောင်စိုးက ကျွန်တော့်ကိုပြောရင်း ကုတင်ပေါ်၌ ဝင်ထိုင်လိုက်သည်။

"ဟာ.... ကိုယ် ရေတောင်မချိုးရသေးဘူး။ ခုမှ ကလပ်(စ်)က ပြန်ရောက်တာ။ မောင်ရင်တို့စောင့်နေရမှာ အားနာစရာကြီး၊ အထူးသဖြင့် ဟိုကောင်ကြီးကို ပိုအားနာစရာကောင်းမှာ၊ သူ့ခမျာ သွားချင်ရှာလှရှာမယ်"

ကျွန်တော်က ကြည်ဝင်းကိုမေးငေါ့၍ပြရင်း လှဲနေရာမှထလိုက်သည်။

"ကိစ္စမရှိပါဘူးကွာ၊ သွားပြီးတော့သာ ကမန်းကတန်း ရေချိုးခဲ့။ သိပ်မကြာစေနဲ့၊ တို့စောင့်ပါ့မယ်။ စောင့်မယ် မဟုတ်လားကွ ကြည်ဝင်း၊ ဘယ့်နှယ့်လဲ"

တင်မောင်လတ်က ဝင်ပြောလိုက်ပြီး ကြည်ဝင်းကို မေးလိုက်မှ ကြည်ဝင်းသည် တစ်ချိန်လုံး ပြုံးနေရာမှ အသံထွက်လာသည်။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"အေးပါ၊ စောင့်တာပေါ့ကွာ"

သူ့ဆီမှ အဖြေရ၍ ကျွန်တော်သည် ကမန်းကတန်းပင် ရေချိုး၊ အဝတ်လဲကာ သူတို့နှင့်ထွက်ခဲ့ရ၏။ ကျွန်တော်တို့သည် တကောင်းကျောင်းဆောင်၌နေကြသူများဖြစ်၍ ပြည်ကျောင်းဆောင်ကိုဖြတ်ဆင်းကာ အလုပ်သမားလိုင်းများအတွင်းရှိ လမ်းတစ်လျှောက်အတိုင်း အဓိပတိလမ်းမကြီးဆီသို့ လျှောက်ခဲ့ကြသည်။

"ဟေ့ ကြည်ဝင်း၊ ဟိုကျရင် မင်းမျက်နှာကြီးက ဂန်ဂျာမှူးတဲ့ ကုလားကြီးလို ငိုင်တိငိုင်တိုင်နဲ့နေပြီး တို့တစ်တွေက စကားပြောမှ ပြုံးဖြဲဖြဲကြီး လုပ်လုပ်မနေနဲ့။ မင်းဘာသာမင်း စကားတွေ အဆက်မပြတ်ပြော၊ သိလား။ တို့ မင်းနောက်ကို လိုက်လာတာက မင်းအစွမ်းအစနဲ့ပြောတဲ့ ချိတ်တိတ်တိတ် စကားလေးတွေအတွက် တို့က ရောပြီး 'ပင့်' ပေးမလို့ လိုက်လာတာ သိလား"

"အေးပါကွာ"

"ပြောတော့ အေးပါကွာ၊ အေးပါကွာနဲ့ပါပဲ။ ဟိုရောက်ကျတော့သာ ကြက်ကြီး လည်လိမ်ထားတဲ့အတိုင်းပဲ ဘာစကားမှ ထွက်မလာဘူး။ တို့က ဝင်ဝင်ပြောပြောနေရတော့ သူ့ကို လာပြီး ပိုးတဲ့သူဟာ မင်းမှဟုတ်ရဲ့လား၊ တို့တွေများဖြစ်နေလေမလားလို့ ကောင်မလေးက ထင်မှာတောင် စိုးနေရပြီ"

"အေးပါကွာ ဟုတ်ပါပြီ။ ဒါထက် ဟိုကျရင် ဖိုးတင်မောင်စိုးက သိပ်ပြီး မနှောက်နဲ့ကွာ။ အထွေးကလည်း သိပ်ရှက်တတ်တာ"

တင်မောင်စိုးက သူ၏ ပြုံးဖြီးဖြီးမျက်နှာထားကို ခပ်တည်တည် ဟန်သို့ ပြင်၍ ဣန္ဒြေဆယ်ရင်း....

"အံမာ၊ မင့်ကောင်မလေးရှေ့မှာ ငါတစ်ယောက်တည်း ဘယ်တုန်းက နှောက်ဖူးလို့လဲ။ မောင်ရှိန်ပါမှ ဘက်ရပြီး ဒီပါးစပ်က ထိန်းလို့မရတာပါ။ ကနေ့ မောင်ရှိန်မှ မပါလာဘဲ။ မင်း စိတ်ချသာ နေပေတော့"



www.foreverspace.com.mm



ဒီလိုနှင့်ပင် ကျွန်တော်တို့တစ်တွေသည် ယဉ်ယဉ်ထွေးနေသည့် 'ဘင်တန်' ဟောလ်သို့ ရောက်ခဲ့ကြသည်။

ဧည့်ခန်းဆောင်၌ ကျွန်တော်တို့ ထိုင်လိုက်ကြပြီး၍ မကြာမီမှာပင် ယဉ်ယဉ်ထွေးသည် လှေကားပေါ်မှ ယဉ်ယဉ်နွဲ့နွဲ့ လှလှပပကလေး ဆင်းလာကာ ကျွန်တော်တို့ဝိုင်းသို့ ဝင်ထိုင်လိုက်သည်။ သူ့မျက်နှာဝယ် ဣန္ဒြေပြည့်သော အပြုံးကလေး ဝင့်လျက်ရှိသည်။ ယဉ်ယဉ်ထွေးသည် အားလုံး၏ မျက်နှာများကို စေ့အောင်ကြည့်၍ နှုတ်ဆက်သလို ပြုံးလိုက်ရင်းပင် သူ၏ ရွှန်းမြသော မျက်လုံးဝိုင်းကြီးသည် ကြည်ဝင်း၏ မျက်နှာဆီ၌ ရပ်သွား၏။ ကြည်ဝင်းသည် သူ့ပါးစပ်ကြီးကိုဖြဲ၍ တအားပြုံးရင်းသာ ယဉ်ယဉ်ထွေးကို ကြည်ကြည်နူးနူး ကြည့်နေသည်။ သူ့နှုတ်မှမူ ဘာစကားတစ်ခွန်းမျှ ထွက်မလာခဲ့။

"ကနေ့တော့ ကိုရှိန်ကြီးတစ်ယောက် မပါလာခဲ့ဘဲကိုး"

ကြည်ဝင်း၏ နှုတ်ဆိတ်နေသော အခြေအနေကို အဆင်ပြေသွားစေရန်အတွက် ယဉ်ယဉ်ထွေးက စကားမရှိ စကားရှာကာ ပြောလိုက်သည်။

"အင်း၊ ဟုတ်တယ်၊ မပါလာဘူး"

ကြည်ဝင်းက ထိုမျှသာဆိုသည်။ ကျွန်တော်တို့အားလုံးပင် အားမလို အားမရဖြစ်ကြရ၏။ ဤပွဲ၌ စကားကို လှိုင်အောင်ပြောမည့်သူမှာ ကြည်ဝင်းသာဖြစ်၏။ အခြေအနေကို မင်းလွင်က ဝင်ထိန်းပေးသည်။

"ဟုတ်တယ်ဗျာ၊ မောင်ရှိန်ကြီး ရေချိုးနေတာကို ခဏစောင့်ပါဦး၊ သူ့ကိုပါခေါ်ပြီး လမ်းလျှောက်ရင်းနဲ့ မယဉ်ယဉ်ထွေးဆီကို ဝင်တာပေါ့လို့ ပြောတာ ဘယ်လိုမှ ကြည်ဝင်းကို ပြောလို့ မရဘူး။ မောင်ရှိန်ကို စောင့်နေရင် ကြာနေလိမ့်မယ်။ မစောင့်နိုင်ဘူး၊ ခုပဲ သွားမယ်။ မလိုက်ချင်တဲ့လူ နေခဲ့ကြ ဆိုပြီး ဇွတ်ထွက်လာလို့ ကျွန်တော်တို့လည်း သူ့နောက်ကို လိုက်လာရတာပဲ"



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ခပ်တည်တည် ပြောနေသော မင်းလွင်ကို ကြည်ဝင်းသည် မျက်လုံးပြူးရင်း မော့ကြည့်၏။ မင်းလွင်တော့ လံကြုတ်ဒီပနီလုပ်ကာ ကြည်ဝင်းကို 'ပို့' ပေးနေပြီဆိုသည်ကို ကျွန်တော်တို့အားလုံး သဘောပေါက်ကြသည်။ ထို့ကြောင့် မင်းလွင်၏စကားကို တင်မောင်စိုးက ဝင်ဖြည့်၏။

"ဟုတ်တယ်။ မောင်ရှိန် ရေချိုးနေတာ ခဏကလေး စောင့်ပါကွာလို့ ပိုင်းပြောကြတာတောင် မရဘူး။ မစောင့်နိုင်ဘူး၊ ချက်ချင်းသွားမယ်၊ ခုသွားမှ ဖြစ်မယ်ဆိုလို့ သူ့မှာတော့ အရေးတကြီး ကိစ္စကြီးတစ်ခုခုတော့ ရှိနေပြီ ဆိုပြီး ကျွန်တော်တို့လည်း သူ့နောက်လိုက်လာတာ၊ လက်စသတ်တော့ ဒီကောင် လာတာက မယဉ်ယဉ်ထွေးဆီ ဖြစ်နေတာကိုး။ ကဲ မင်းကိစ္စကို ပြောလိုက်လေ"

ကြည်ဝင်း၏ ပြူးနေသော မျက်လုံးနှစ်လုံးသည် တင်မောင်စိုး၏ မျက်နှာပေါ်သို့ ရောက်သွားပြန်သည်။ သူ့မျက်နှာသည် ငိုမလိုရယ်မလို ဖြစ်နေ၏။ တံတွေးကို မျိုမျိုနေ၍လည်း သူ့လည်ပင်းဇလုတ်သည် အထက်အောက် လှုပ်ရှားနေ၏။ ကျွန်တော်နှင့် တင်မောင်လတ်သည် မပြုံးရယ်မိအောင် အတော်ပင် မျက်နှာပိုးသတ်ထားရ၏။ ယဉ်ယဉ်ထွေးမှ ကြည်ဝင်းကို တစ်ချက်ကြည့်လိုက်ပြီး အရုက်ကြီးသော မိန်းကလေးပီပီ သူ့ခေါင်းကို ငုံ့ချလိုက်သည်။

ကျွန်တော်သည် တင်မောင်စိုးနှင့် မင်းလွင်တို့ 'အပို့လွန်' သဖြင့် ရှက်တတ်ကြသူနှစ်ဦး၏ အခြေအနေ ပိုဆိုးသွားမှာ စိုးရိမ်လိုက်မိသည်။ ထို့ကြောင့် ကြားဝင်ကာ စကားဖာလိုက်ရ၏။

"ဩော်၊ ကြည်ဝင်းက စာအုပ်ငှားမလို့ပါ။ အဲဒါ မယဉ်ယဉ်ထွေးကို ပြောဖို့ အားနာနေတယ်ထင်ပါရဲ့။ မင်း ငှားမယ်ဆိုတာ ဘာစာအုပ်လဲဟင်၊ ကြည်ဝင်း"

ကြည်ဝင်း၏ မျက်လုံးပြူးကြီးသည် ကျွန်တော့်မျက်နှာဆီသို့





ရောက်လာပြန်သည်။ ဘာပြောရမည်ကို သူ ရုတ်တရက် တွေး၍ ရဟန်မရှိ။

"အို.... အင်း.... အဲ.... ဟို.... ဟိုလေ.... ဟိုစာအုပ်.... အင်း...."

ကြည်ဝင်းသည် အာမေဋိတ်သံ အမျိုးစုံကို ရွတ်ဆိုရင်း စကားအထစ်ထစ်အငေါ့ငေါ့ဖြစ်နေ၏။ သူ ဒုက္ခရောက်နေသည်ကို ကျွန်တော်ကပင် ဝင်ကယ်လိုက်ရသည်။

"ဟိုစာအုပ်လေ၊ မင်း ငှားချင်တယ်ဆိုတာ၊ ဖီးဆစ်(ခ်) နုတ်စာအုပ် မဟုတ်လား။ တစ်လောက မင်း နေမကောင်းလို့ ကလပ်(စ်)ပျက်တုန်းက မမှတ်ရတာတွေ ကူးမလို့ဆို"

"အဲ.... အဲ.... ဟုတ်တယ်"

ဒီတော့မှပင် ကြည်ဝင်းသည် စိတ်သက်သာရာရသွားဟန်နှင့် ပြန်ပြော၏။ သို့သော် ယဉ်ယဉ်ထွေးသည် ကျွန်တော့်ကို စူးစမ်းသော မျက်လုံးများနှင့်ကြည့်ရင်း ပြန်ပြောသည်။

"နို့၊ ကိုအေးဝင်းရဲ့ နုတ်စာအုပ်ကကော။ အဲဒီထဲက ကူးလို့ မရဖူးလား"

ကျွန်တော်၊ ကြည်ဝင်းနှင့် ယဉ်ယဉ်ထွေးတို့မှာ ဥပစာသိပ္ပံ အထက်တန်းသားချင်းအတူတူဖြစ်ကြ၍ ယဉ်ယဉ်ထွေး ပြန်မေးလိုက်ပုံသည် သဘာဝကျလှပါ၏။

"ကျွန်တော့်စာအုပ်ထဲမှာလည်း လွတ်တာတွေ တော်တော်ရှိနေတယ်၊ မစုံဘူး။ ကျွန်တော်တောင်မှ မယဉ်ယဉ်ထွေးရဲ့ စာအုပ်ထဲက ကြည့်ပြီး လိုတာတွေ ကူးရဦးမှာ"

ယဉ်ယဉ်ထွေးသည် ကျွန်တော့်ကို ဘာမှပြန်မပြောတော့ဘဲ ကြည်ဝင်းကိုသာ လှမ်းကြည့်လိုက်သည်။ ကြည်ဝင်းသည် ယဉ်ယဉ်ထွေးကိုပြုံးကြည့်ပြီး ခေါင်းညိတ်ပြ၏။



www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"ဟုတ်တယ်အထွေး၊ ကိုကြည်ဝင်း မြန်မြန်ကူးပြီး ပြန်ပေးပါမယ်။ မကြာစေရပါဘူး"

ယဉ်ယဉ်ထွေးသည် ဘာမျှပြန်မပြောတော့ဘဲ ထိုင်ရာမှထကာ

"ဒါဖြင့် အထွေး သွားပြီး ယူလိုက်ဦးမယ်နော်၊ ခဏနေကြဦး"

သို့သော် ကျွန်တော်က ထိုင်ရာမှထလိုက်၏။ အားလုံးက ကျွန်တော့်ကို မော့ကြည့်ကြသည်။

"ကျွန်တော်တို့လည်း သွားမယ် မယဉ်ယဉ်ထွေး။ ကန်စောင်းကို လမ်းလျှောက်သွားဦးမယ်။ ကဲ ကြည်ဝင်း၊ မင်း နေရစ်ခဲ့"

ကျွန်တော်သည် ပြောပြောဆိုဆိုပင် ကျန်သူငယ်ချင်းများကို မျက်ရိပ်ပြကာ ဧည့်ခန်းတွင်းမှ ထွက်ခဲ့သည်။ ကြည်ဝင်းမှလွဲ၍ ကျန်လူများအားလုံး ကျွန်တော့်နောက်မှ ပါလာကြသည်။

"အေးဝင်း လုပ်ပုံကလေးကတော့ မဆိုးဘူးဟေ့"

မင်းလွင်က ကျွန်တော့်ကို ချီးကျူးသည်။

"အေး၊ ဒီကောင်က သူ့ကိစ္စကျတော့သာ သူ့ဟာသူ မစွံသေးတာ၊ သူများကိစ္စကျတော့လည်း အကွက်ဆင်ပေးတာ မဆိုးဘူး"

တင်မောင်လတ်ကမူ ကျွန်တော့်ကို ချီးမွမ်းခြေကျောက်ပြုသည်။

သို့သော် ကျွန်တော်သည် သူတို့ကို မည်သို့မျှ ချေပခြင်း ပြောဆိုခြင်း မရှိဘဲ ကိုယ့်အတွေးနှင့်ကိုယ်သာ စဉ်းစားရင်း ခေါင်းငုံ့၍ လမ်းလျှောက်နေမိသည်။

ထိုညနေက ကျွန်တော်သည် နှုတ်ဆိတ်လွန်းသူသာ ဖြစ်နေ၏။ ကျွန်တော်တို့ သူငယ်ချင်း ရုက်တတ်သူ၊ ရိုးလွန်းသူ ကြည်ဝင်းတစ်ယောက် သူ ကျိတ်၍ ချစ်နေရသူ ယဉ်ယဉ်ထွေးကို သူ 'စွံ'အောင် မည်သို့များ လုပ်ပေးရပါမည်နည်းဟု ကျွန်တော် တွေးမိနေခြင်းသာ ဖြစ်ပါ၏။

*





ဆောင်းဦးပိုင်းဝီဝီ နှင်းမှုန်မှုန် ဝေလျက်ရှိသည်။ တက္ကသိုလ်၏ည ကျွန်တော်တို့ တကောင်းကျောင်းဆောင်နှင့် ပြည်ကျောင်းဆောင်၏ညသည် လှလှပပ ရှိလွန်းသည်။ စိန်ပန်း၊ ပိတောက်နှင့် ကံ့ကော်ပင်တို့ဝယ် မည်သည့်အပွင့်မှ မဝေတော့သော်လည်း သူတို့၏ ရွက်စိမ်းတို့မှ မြရည်ရွှန်းလျက်ရှိ၏။ စိမ်းမြ ညီညာသော ပုဏ္ဏရိပ်ပင်တန်းရံထားသည့် ကျောင်းဆောင်နှစ်ခုအတွင်းရှိ မြက်ခင်းပြင်ညီညီဝယ် နှင်းငွေရည်တို့ဥလျက် ရှိကြသည်။ လရောင် ဖြာကျနေ၍ သူတို့၏အရောင်သည် ငွေမင်လက်လျက်ရှိသည်။

ကျွန်တော်သည် တကောင်းကျောင်းဆောင်ရှေ့ရှိ လရောင်ဖြာသော ည၏အလှကို ငေး၍ ကြည့်နေမိသည်။ ထိုအချိန်မှာပင် ကော်ရစ်ဒါစကြံလမ်း ဝရံတာ၌ရပ်လျက်ရှိသော ကျွန်တော့်အနီးသို့ ကြည်ဝင်းရောက်လာသည်။

"လှလိုက်တဲ့ညကွာ"

ကြည်ဝင်းက ဆို၏။ ကျွန်တော်သည် သူ့ကို စောင်းကြည့်ပြီး အကဲခတ်လိုက်မိသည်။ သူ့မျက်နှာဝယ် စိတ်၏ကြည်နူးဆွတ်ပျံ့သော ရောင်ပြန် ဟပ်နေသည်။

"ကဲ ဒါဖြင့် လာ၊ ဟိုရှေ့က စိန်ပန်းပြာပင်အောက်ကို သွားထိုင်ကြရအောင်"

ကျွန်တော်သည် သူ့ကို အဖော်ညှိလိုက်မိ၏။ တကောင်းကျောင်းဆောင်နှင့် ပြည်ကျောင်းဆောင်ကူးရာ ကတ္တရာလမ်းမလေး နံဘေးတွင် စိန်ပန်းပြာပင်တို့ ရှိသည်။ ကြည်ဝင်းသည် ဘာမျှမပြောဘဲ ကျွန်တော်နှင့်အတူ သဘောတူစွာ လိုက်လာပြီး စိန်ပန်းပြာပင်အောက် ကတ္တရာလမ်းမပေါ်၌ ကိုယ့်ဖိနပ်ကိုယ် ဖင်ခု၍ ထိုင်လိုက်မိကြပြီးမှ သူကပြောသည်။

"နေပါဦး၊ မင့် သက်နိုင်ကော မတွေ့ပါလား။ ခါတိုင်းဆို ခုလိုလသာရင် မင်းတို့နှစ်ယောက် လမ်းလျှောက်ထွက်နေကြပြီ"

"ကနေ့ သူ မရှိဘူးကွာ။ သူ့အဖေ လာလို့တဲ့ မြို့ထဲ သွားအိပ်တယ်"



www.foreverspace.com.mr

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

ကျွန်တော်တို့သည် ခေတ္တမျှ စကားပြတ်ကာ တိတ်ဆိတ်သွားကြသည်။ ခဏနေမှ ကျွန်တော်က စကားစလိုက်မိသည်။

"ကြည်ဝင်းရာ၊ မင်း ယဉ်ယဉ်ထွေးကို ဒီလောက်ချစ်နေရက်နဲ့ ဘာဖြစ်လို့ ဖွင့်မပြောသေးတာလဲ"

သူသည် လရောင်ပက်၍ လက်နေသော စိမ်းမြမြမြက်ခင်းပြင်ကို ငေးနေရင်း သက်ပြင်းချလိုက်သည်။ သူ့အကဲကိုကြည့်ရင်း ကျွန်တော်ကပင် ဆက်ရ၏။

"မင်းနဲ့က မက်ထရစ်တုန်းကလည်း တစ်ကျောင်းတည်း အတူတူ၊ ခု တက္ကသိုလ်ရောက်တော့လည်း ရင်းရင်းနှီးနှီးနဲ့ နေလာတာ နှစ်နှစ်ရှိပြီ။ ညနေတိုင်းလိုလိုလည်း မင်း သူ့ဆီကိုရောက်တယ်။ ဒီအထဲက မင်း ခုထိ မစ္စသေးတာတော့ ညံ့လွန်းတယ်ကွာ"

သူသည် ကျွန်တော့်ကို မကြည့်ဘဲ သက်ပြင်းတစ်ချက်ကို ချလိုက်ပြန်သည်။ ပြီးမှ ကျွန်တော့်ကို ဖြည်းညင်းစွာ လှည့်ကြည့်ပြီးပြန်ပြောသည်။

"ငါ သူ့ကို ချစ်လွန်းလို့ ဖွင့်မပြောတာပေါ့ကွာ။ ငါ သူ့ကို ချစ်ကြောင်း ဖွင့်ပြောလိုက်ပြီးမှ တကယ်လို့ သူက ငါ့အချစ်ကို လက်မခံနိုင်ဘူးဆိုပြီး ငါ့ကို မုန်းသွားရင် ငါ ဘယ့်နှယ်လုပ်မလဲ သူငယ်ချင်းရယ်။ အဲဒီလိုဖြစ်ရမယ့်အစားတော့ ခုလို ကလပ်(စ်)တက်တိုင်း ညနေ သူ့ဆီကို အလည်သွားတိုင်း သူ့မျက်နှာကလေးကို ပြုံးပြုံးရွှင်ရွှင်နဲ့ မြင်နေရတာကမှ တော်သေးတယ်။ တစ်ဆင့်တိုးမိလို့ တိုးမြင့်မလာဘဲ တစ်ဆင့်နိမ့်သွားမှာ၊ ဒီထက်တစ်ဆင့် လျှော့သွားမှာကို ငါ သိပ်ကြောက်ပါတယ် သူငယ်ချင်းရယ်"

သူ့စကားကိုကြားရမှ ကျွန်တော်လည်း သူ့လိုပင် သက်ပြင်းချလိုက်မိရင်း ပြောရ၏။

"ဒါဖြင့် တစ်သက်လုံး မင်း ဒီလိုပဲနေသွားလို့ ဖြစ်မှာလား။ တစ်နေ့မှာ သူကကော လင်မယူတော့ဖူးတဲ့လား။ သူ့ကိုချစ်ရေးဆိုတဲ့လူ တစ်ယောက်



www.foreverspace.com.mm



ယောက်ကိုကော သူက ပြန်မချစ်တော့ဖူးတဲ့လား။ အဲဒီကျတော့ မင်း ခုလို သူ့မျက်နှာလေးကို သွားသွားပြီး ကြည့်နေလို့ဖြစ်မှာတဲ့လား။ ခက်လိုက်ပါဘိ ကြည်ဝင်းရာ"

ကျွန်တော်သည် သူ့ကို အားမလိုအားမရ မချင့်မရဲနှင့် ကရုဏာဒေါသဖြစ်ကာ ခတ်ဆတ်ဆတ်ကလေး ပြောလိုက်မိရသည်။

ဒီတော့လည်း သူသည် ခပ်ယဲ့ယဲ့ပြုံးရင်း ကျွန်တော့်ကို ကြည့်ပါ၏။ သူ့လေသံသည် အေးအေးဆေးဆေးပင် ရှိနေသည်။

"သူလည်း ပညာမစုံသေးဘဲနဲ့တော့ ချစ်သူရှာဦးမယ် မထင်ပါဘူးကွာ။ ငါ ပညာစုံလို့ အလုပ်ရတော့မှ လူကြီးစုံရာနဲ့ သူ့ကို တောင်းယူမယ်လို့ စိတ်ကူးထားတယ်။ အဲဒီတော့ သူကလည်း ကြည်ဖြူ၊ သူ့မိဘကလည်း သဘောတူ၊ ဘယ်လောက်ဟန်ကျမလဲ။ ဘာမှ ပူစရာမလိုတော့ဘူး"

'တော်တော်ညံ့တဲ့ကောင်'ဟု သူ့ကို ကျွန်တော့်စိတ်တွင်းမှ အောက်မေ့လိုက်မိပါသည်။ သူ့ကို ဟိုက ထိုအချိန်အထိ စောင့်နေပါမည်ဟု ဘယ်လိုများ သူ့ကို ဝန်ခံချက်ပေးထားပါလိမ့်။

ကြည်ဝင်းက ဆက်ပြော၏။

"အထွေးက သိပ်ရှက်တတ်တာကွ၊ အေးဝင်းရ။ ရှက်တတ်တာမှ လွန်ကို လွန်လွန်းတယ်။ ငါ့ထက်ကို ရှက်တတ်ပါသေးတယ်ကွာ"

ဩော်၊ ကျွန်တော်သည် သူ့မျက်နှာကို တအံ့တဩကြည့်လိုက်မိရုံမျှမက သူ့ကျောကို ဖနောင့်နှင့်ပေါက်ချင်စိတ်ပင် ပေါက်လာမိသည်။ သူကမူ ခပ်အေးအေးပင် ဆက်ပြောနေ၏။

"အထွေးက သိပ်ရှက်တတ်တယ်။ အတွေးခေါင်တတ်တယ်။ ပြီးတော့ စိတ်ကလည်း တော်တော်ကြီးတယ်ကွ။ ငါတော့ သူ စိတ်ဆိုးမှာကို သိပ်ကြောက်တာပဲ။ ငါက သူ့ကိုချစ်ကြောင်း ဖွင့်ပြောလို့ သူက သဘောတူရင် တော်ပါရဲ့၊ သဘောမတူဘဲ စိတ်ဆိုးသွားရင် ပြီးပါလေရောကွာ"

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ကျွန်တော်သည် ဘာမျှဆက်မပြောတော့ဘဲ ငေးနေမိသည်။ ကြည်ဝင်းသည် သူ့အစွမ်းအစနှင့် သူတော့ ယဉ်ယဉ်ထွေးကိုစွံရန် မလွယ်တော့။ ယဉ်ယဉ်ထွေးကလည်း သူ ပညာစုံ၍ အလုပ်ရသည်အထိ ချစ်သူမရှာ၊ လင်မယူဘဲ စောင့်နေပါမည်ဟုလည်း ဝန်ခံချက်ပြုထားသည်မဟုတ်။

ကျွန်တော်သည် ကြည်ဝင်းအတွက် သူ့ကိုယ်စား ထိုညက ရင်လေးခဲ့ရပါသည်။

*

ကြည်ဝင်းနှင့် ယဉ်ယဉ်ထွေးတို့နှစ်ဦး၏ ရှေ့ချစ်ရေးအတွက် ကျွန်တော့်စိတ်သည် ဓေတနာ့ဝန်ထမ်းပင် စိတ်လေးနေရ၏။

ကြည်ဝင်းက ယဉ်ယဉ်ထွေးကို အသည်းနှင့်အောင် ချစ်နေသည်ကိုတော့ ယုံမှားစရာမရှိ၊ ကျွန်တော် အသေအချာသိပါ၏။ ထို့အတူပင် ယဉ်ယဉ်ထွေးကကော ကြည်ဝင်းကိုချစ်ပါ၏လော၊ ချစ်ဟန်ရှိပါ၏လော။

ဤအဖြေကိုလည်း ကျွန်တော်သိသည်ဟု ထင်သည်။ ယဉ်ယဉ်ထွေးသည်လည်း ကြည်ဝင်းကို သူ့စိတ်တွင်းမှနေ၍ တိတ်တခိုးလေး ချစ်နေလျက်ပင်ရှိသည်ဟု ကျွန်တော်ထင်သည်။ သို့သော် ဤအထင်ကိုတော့ သေချာကြောင်း ကျွန်တော့်ဘာသာတစ်ယောက်တည်း မဆုံးဖြတ်လို၊ ရင်းနှီးသော သူငယ်ချင်းများ၏ ထင်မြင်ချက်ကိုပါ ကျွန်တော် မေးစမ်း တီးခေါက်ကြည့်မိသေးသည်။ သူငယ်ချင်းများအားလုံး၏ ထင်မြင်ချက်များသည် ကျွန်တော့်ထင်မြင်ချက်နှင့် ထပ်တူထပ်မျှပင်ရှိကြသည်။ ယဉ်ယဉ်ထွေးကလည်း ကြည်ဝင်းကို သဘောကျနေသည်ဟူ၍ပင် သူတို့အားလုံးကပင် အခိုင်အမာ ယုံကြည်ကြသည်။ တစ်ခုပဲလိုနေသည်မှာ ကြည်ဝင်းက သူ့ရင်ကိုဖွင့်၍ ယဉ်ယဉ်ထွေးကို ချစ်ခွင့်ပန်ရေးပါပင်တည်း။

သို့သော် လိုအပ်နေသော ဤတစ်ချက်ပြည့်ဝရေးမှာတော့ မလွယ်လှ။ ယဉ်ယဉ်ထွေးက ကြည်ဝင်းကို လျှို့လျှို့ဝှက်ဝှက် ချစ်လျက်ရှိနေကြောင်းနှင့်





သူ ချစ်ရေးဆိုပါက ယဉ်ယဉ်ထွေးက အလွယ်တကူပင် ချစ်တုံ့ပြန်လိမ့်မည်ဟူ၍ ကျွန်တော်တို့ ယုံကြည်သော်လည်း အဓိက ပုဂ္ဂိုလ်ဖြစ်သည့် ကြည်ဝင်း မယုံကြည်ခြင်းကြောင့် ခက်လှသည်။

ဤအခက်အခဲနှင့် အခြေအနေကို မည်သို့ ကျော်လွှားရပါမည်နည်း။

ဤရက်များအတွင်းဝယ် 'ဘုရင့်အတွက် ငဝက်က ပူနေရသည်' ဟူသော စကားပုံမှာ ကျွန်တော့်အတွက် အံဝင်ခွင်ကျဖြစ်နေ၏။ အမှန်မှာမူ ကျွန်တော်သည် ကြည်ဝင်းနှင့် ယဉ်ယဉ်ထွေးတို့နှစ်ယောက် 'ချစ်ကြသူနှစ်ဦးအဖြစ်' ပွင့်ပွင့်လင်းလင်း ပြေလည်နိုင်ကြပါလျက်နှင့် ကြည်ဝင်းတစ်ယောက် အကြောက်လွန်၊ အစိုးရိမ်လွန်နေခြင်းကြောင့် ချစ်သူနှစ်ဦး မဖြစ်ကြသေးခြင်းအတွက် အားမလိုအားမရ ဖြစ်နေမိခြင်းသာဖြစ်၏။ သူတို့နှစ်ဦး၏ အကြောင်းကို တွေးနေရင်းနှင့်ပင် ကျွန်တော်သည် အကြံကောင်းတစ်ချက်ကို လက်ခနဲ ရလိုက်သည်။

ဤအကြံကောင်းကို အကောင်အထည်ဖော်ရန်အတွက် ကျွန်တော်သည် လုပ်ရမည့် လုပ်ငန်းစဉ်ကို စနစ်တကျပင် စိတ်တွင်း၌ အကွက်ချနေမိသည်။ အပြန်ပြန်အလှန်လှန် စဉ်းစားပြီး၍ ကျေနပ်တော့မှပင် ကျွန်တော်သည် စိတ်လက်ပေါ့ပါးသွားရ၏။

ထိုနေ့ညမှာပင် ကျွန်တော့်အကြံအစည်ကို စတင်၍ အကောင်အထည်ဖော်မိသည်။ ကျွန်တော်သည် ည စာကြည့်ချိန်တွင် ကြည်ဝင်း၏ အခန်းဆီသို့ ထွက်ခဲ့သည်။ ကျွန်တော်၏အခန်းမှာ တကောင်းဆောင် အပေါ်ထပ် အရှေ့ဘက်တောင်ပံ ရှေ့မျက်နှာစာဘက်တွင်ရှိပြီး ကြည်ဝင်း၏ အခန်းမှာ အောက်ထပ် နောက်ဘက်မျက်နှာစာတွင် ရှိသည်။

ကြည်ဝင်း၏ အခန်းသည် တံခါးပိတ်ထားသဖြင့် ကျွန်တော်က တံခါးကိုခေါက်ရ၏။

"ဘယ်သူလဲ"



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"ကိုယ်ပါကွာ၊ ကြည်ဝင်းရာ"

"အေးဝင်းလား"

"ဟုတ်ပါတယ်ကွာ"

ဒီတော့မှပင် ကြည်ဝင်းသည် သူ့အခန်းတံခါးကို ဖွင့်ပေး၏။

"ဟေ့ကောင်ကြီး၊ တံခါးပိတ်ပြီး ဘာလုပ်နေတာလဲ"

"ဟဲ.... ဟဲ.... ဟဲ...." ဟု ပြုံးဖြဲဖြဲနှင့်ရယ်လိုက်ပြီးမှ "ဘာမှ မလုပ်ပါဘူးကွာ စာကျက်နေတာပါ"ဟု ဖြေသည်။

သို့သော်လည်း သူဘာလုပ်နေသည်ကို ကျွန်တော် သိပါ၏။ ယဉ်ယဉ်ထွေး၏ဓာတ်ပုံကို ဒီကောင်ကြီး ကြည့်ရင်း တစ်ယောက်တည်း ကျိတ်၍ ပီတိဖြစ်နေတာသာ ဖြစ်မည်။ ယဉ်ယဉ်ထွေး၏ ဓာတ်ပုံဟုသာ ဆိုလိုက်ရသော်လည်း တကယ်တွင်မူ တစ်ကိုယ်ထီးတည်း အလှပြရိုက်ထားသော ဓာတ်ပုံမဟုတ်။ သူတို့ ဟိုက်စကူး ကျောင်းသူကျောင်းသားဟောင်းများ အသင်းမှ အသင်းသူ အသင်းသားများ စုပေါင်းရိုက်ကူးထားသည့် စုပေါင်းဓာတ်ပုံထဲမှ ယဉ်ယဉ်ထွေး၏ပုံကို သူ စိတ်ရှိလက်ရှိ ဘယ်သူ့ကိုမျှ အားမနာရ မရှက်ရဘဲ ကြည့်နေခြင်းဖြစ်မည်ကို ကျွန်တော် သိလိုက်ပြီး ဖြစ်ပါသည်။ ကျွန်တော့်အထင်သည် မလွဲပါ။ သူ့စားပွဲပေါ်ရှိ စာအုပ်စင်ငယ်ကလေးကို မှီထောင်ကာတင်ထားသော ယဉ်ယဉ်ထွေးပါသည့် ဓာတ်ပုံကြီးကို တွေ့လိုက်ရ၏။

သို့သော် ကျွန်တော်သည် သူ့အဖြစ်ကို ဂရုမစိုက်အားဟန်နှင့် မျက်နှာသေကလေး လုပ်ထားလိုက်ရပြီး သူ့ခုတင်၌ ဝင်ထိုင်လိုက်ရ၏။ သူသည် ကျွန်တော့်ကို အကဲခတ်၍ ကြည့်နေရင်း ဘာမျှမပြောဘဲ တိတ်ဆိတ်နေသည်။

"ဟေ့ ကြည်ဝင်း၊ ငါ့ကို မင်း တစ်ခုကူညီမလား"

"ဟာကွာ၊ မင့်နှယ် မေးနေရသေးသလား။ ငါ ကူညီနိုင်တာဆိုရင် ကူညီမှာပေါ့ကွာ"



www.foreverspace.com.mm



"ကဲ၊ ဒီလိုဆိုရင် ငါ့အတွက် ရည်းစားစာ တစ်စောင်လောက် ရေးပေးစမ်းကွာ"

သူသည် အံ့ဩဟန်နှင့် ကျွန်တော့်ကို မျက်လုံးပြူး၍ ကြည့်ရင်း ပြန်မေး၏။

"ဟာ၊ မင့်ဟာကလဲ ငါ့ဟာငါတောင် မရေးတတ်တာကြီးကို"

"အေးလေ၊ ဒါတွေ ငါသိပါတယ်။ မင်းကို ငါက အထင်ကြီးလွန်းလို့ ရေးခိုင်းတာ မဟုတ်ဘူးဟေ့။ မင့်လက်ရေးကို လိုချင်လို့"

ကျွန်တော်သည် ရုတ်တရက် စကားမှားသွားလိုက်မိပြီးမှ ကမန်းကတန်းပင် ဆက်ပြောလိုက်ရ၏။

"အဲ.... အဲ.... ဒီလိုလေကွာ၊ ငါ့ရည်းစားစာကို ငါ့ဟာငါရေးလို့ မဖြစ်လို့ပါ။ ငါ့ကလေးမက ငါနဲ့ ဟိုက်စကူးကတည်းက သူငယ်ချင်း၊ သူ့အစ်ကိုနဲ့ ငါနဲ့လဲ သူငယ်ချင်းဘဲကွ။ အဲဒါဒီလိုရည်းစားစာပေးလို့ ငါ့အမျိုးသမီးက ကျေနပ်ရင်တော့ တော်ပါရဲ့၊ တကယ်လို့ မကျေနပ်ဘဲစိတ်ဆိုးလို့ သူ့အစ်ကိုကိုပါသွားတိုင်ရင် ငါတို့ခင်မင်နေကြတဲ့ သူငယ်ချင်းတွေ မျက်နှာပျက်ကုန်မှာစိုးရတယ်။ ဒါကြောင့် သွေးတိုးစမ်းတဲ့အနေနဲ့ မင့်ကို ရေးခိုင်းချင်တာပါ။ တကယ်လို့ အဲဒီစာရလို့ သူတို့စိတ်ဆိုးရင်လည်း ငါက ရှောင်လို့ရတယ်လေကွာ။ လက်ရေးကြည့်ပါလား။ ဒါ ငါ့လက်ရေးမှ မဟုတ်ဘဲလို့ ဆိုပြီး ပြောလို့ရတာပေါ့ကွာ၊ ဟုတ်ဖူးလား။ ဘယ်လိုရေးရမယ်ဆိုတာကိုတော့ ငါက စာစီပေးမှာပေါ့ကွာ"

ဤသို့ ကျွန်တော်က ရှင်းပြလိုက်မှ သူက သဘောပေါက်သွားဟန်နှင့် ပြုံးရင်း အားရပါးရ ခေါင်းကိုညိတ်သည်။ သူ့ကုလားထိုင်ကိုလည်း စာရေးရန် အဆင်သင့်အနေအထားသို့ ပြောင်းလိုက်ပြီး စာရေးစက္ကူကတ်နှင့် သူ့ဖောင်တိန်ကိုပါ ထုတ်လိုက်၏။

"ကဲ အဆင်သင့်ဖြစ်ရင် လိုက်ရေးတော့"



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

ကျွန်တော်က ထိုသို့ပြောလိုက်ပြီး ပါးစပ်မှ ဆက်ပြောပေးသည်။

"အထွေးလို့ ခေါင်းစဉ်တပ်ပြီးရေးနော်"

ထိုစကားကို ကြားလိုက်ရသောအခါတွင် ကြည်ဝင်းသည် လိုက်မရေးဘဲ ကျွန်တော့်မျက်နှာကို အံ့ဩဟန်နှင့် ငေးကြည့်နေ၏။

"ဟော့ကောင်ကြီး၊ အထွေးဆိုတာနဲ့ပဲ ငိုင်သွားရသလားကွ။ တစ်လောကလုံးမှာ မင့်အထွေးတစ်ယောက်ပဲ ရှိတယ်များ ထင်နေသလား။ ငါ့ကလေးမနာမည်ကလည်း အရှည်က နွယ်နွယ်ထွေးတဲ့ သိလား။ အဲဒါကို မင်းလိုပဲ အတိုကောက်ခေါ်တော့ အထွေးပဲပေါ့ကွာ"

"နို့ နေစမ်းပါဦး၊ မင်းသဘောကျနေတဲ့ သူငယ်မက 'မွန်' ဆို"

"အိုကွာ၊ ဒါက ဟိုကောင်တွေ နောက်နေတာပါ။ မွန်နဲ့ ငါနဲ့က ရိုးရိုးခင်တာပါ။ အခုဟာကမှ တကယ် ငါရဲ့ အသည်းစကေရီအစစ်ကွ။ ဟော့၊ ဟော့၊ ဒါထက် မင်း ဒီအကြောင်းကို ဟိုကောင်တွေကို လျှောက်ပြောမနေနဲ့နော်"

ကြည်ဝင်းသည် ကျွန်တော့်ကို နိုင်ပေါက်တွေ့ပြီဟူသော အမူအရာနှင့် ခပ်ထည်ထည်ပြုံးကာ....

"အေးလေ၊ ဒီလိုဆိုရင်တော့ နှုတ်ပိတ်ခအဖြစ် လက်ဖက်ရည်လေးဘာလေး တိုက်ဖို့လိုမှာပေါ့ကွာ"

ကျွန်တော်လည်း စိတ်တွင်းမှ ရယ်ချင်သော်လည်း မျက်နှာပိုးသတ်ကာ စိုးရိမ်တကြီး အမူအရာဖြင့် ပြန်ပြောရ၏။

လက်ဖက်ရည်တင် မဟုတ်ပါဘူးကွာ။ ဘိုင်စကုပ်ပြဆိုရင်လဲ ပြပေ့မယ်ကွာ။ ကဲ ကဲ ဆက်ရေးပါဦး"

ဒီတော့မှပင် ကြည်ဝင်းသည် ကျေနပ်သွားဟန်နှင့် ကျွန်တော် ပါးစပ်မှ ချပေးသည်ကို လိုက်ရေးတော့သည်။

ကျွန်တော် နှုတ်တိုက်ချပေး၍ ကြည်ဝင်းလိုက်ရေးသော စာသား



www.foreverspace.com.m



များသည် သူက ယဉ်ယဉ်ထွေးကို ရေးသင့်သော၊ ပြောသင့်သော အသည်းဖွင့်ချစ်စကားများသာဖြစ်၏။ စာမျက်နှာ နှစ်မျက်နှာ ပြည့်လုနီးတွင် စာရေး၍ပြီးသည်။

"ကဲ မင်းလက်မှတ်ကိုပါ တစ်ခါတည်း ငါတုပြီး ထိုးလိုက်မယ်၊ ဟုတ်လား"

"ဟ.... ဟ.... နေပါဦး။ အဲဒါက ကိစ္စမရှိပါဘူး။ ငါ့ဟာငါ ပြီးမှ 'ဆိုင်း' ထိုးလိုက်ပါ့မယ်။ ပေး ပေး၊ မင့်ဖောင်တိန်ပါ ငါ့ကို ခဏပေးလိုက်ဦး"

ကျွန်တော်သည် သူ့ဖောင်တိန်ကိုပါ ဆွဲယူလိုက်ပြီး ကျေးဇူးတင်စကားကိုဆိုကာ သူ့အခန်းတွင်းမှ ထွက်ခဲ့သည်။

သူ့ဖောင်တိန်ကိုမှ မယူခဲ့၍မဖြစ်၊ ကြည်ဝင်းသည် ကျွန်တော်တို့သုံးသော နက်ပြာရောင်မင်မျိုးကို မသုံးဘဲ ရှားရှားပါးပါး လူသုံးနည်းသည့် ခရမ်းရောင်မင်ကို သုံးသဖြင့် ဤစာကိစ္စနှင့်ပတ်သက်၍ သူ့ဖောင်တိန်ကိုပင် သုံးရပေဦးမည်။

ကျွန်တော့် အခန်းသို့ရောက်သောအခါတွင် စာအိတ်ခေါင်းစည်းတွင် ကြည်ဝင်း၏အခန်းနံပါတ်ကိုရေး၊ အောက်ဆုံးတွင် ကြည်ဝင်း၏လက်မှတ်ကို တု၍ထိုးကာ စာအိတ်တစ်အိတ်ပေါ်၌လည်း ယဉ်ယဉ်ထွေး၏လိပ်စာကို ရေးလိုက်ပြီး ကျကျနန သေသေချာချာ စာအိတ်ကို ပိတ်လိုက်ရသည်။

ကျွန်တော်သည် စိတ်လက်ပေ့ါပါးကြည်လင်စွာပင် ထိုညက အိပ်ရာသို့ဝင်ခဲ့ပြီး နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်၍ ပျော်ခဲ့ရပါ၏။

*

နောက်တစ်နေ့ ကျွန်တော် ကလပ်(စ်)သို့ အသွားတွင် တက္ကသိုလ်စာတိုက်သို့ ဝင်ကာ ကြည်ဝင်း၏စာကို ထည့်သည်။

ဤအကြောင်းကို အခြားသော သူငယ်ချင်းများသို့ ကျွန်တော် ပြောလိုက်ချင်သည်မှာ လျှာယား၍ပင်နေသည်။ သို့သော်လည်း ဤလုပ်ကြံ

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



မှုကြီး မအောင်မြင်မီ မည်သူ့ကိုမျှ အသိပေး၍မဖြစ်။ မတော်တဆ နောက်ရင်းပြောင်ရင်းဖြင့် ပေါ်သွားပါက ကျွန်တော် ကြံစည်ထားသရွေ့ ခဲလေသမျှ သဲရေကျ ဖြစ်တော့မည်။ ထိုရက်များက ကျွန်တော်သည် တော်တော်ပင် အလုပ်များရသည်။ ယဉ်ယဉ်ထွေး၏လက်ထဲသို့ စာရောက်မည့် နေ့လောက်တွင် ကြည်ဝင်းကို ယဉ်ယဉ်ထွေးထံသို့ ညနေပိုင်းစည့်ချိန်၌ အလည်မသွားရန် ကြံရဖန်ရ ဖန်တီးရ၏။ ယဉ်ယဉ်ထွေးထံမှ စာပြန်မည့်နေ့လောက်ကတည်းက မှန်း၍ မနက်ပိုင်း ကလပ်(စ်)အပြီး ကျောင်းဆောင်သို့အပြန်တွင် တက္ကသိုလ်စာတိုက်သို့ ဝင်ကာ စာရှာရ၏။

ကျွန်တော်တို့ ကျောင်းဆောင်ဆီသို့ စာပို့သမားလာလျှင်လည်း ကိုယ့်စာတွင်မက ကြည်ဝင်း၏စာကိုပါ ပါ မပါ မေးမြန်းရသေး၏။ ယဉ်ယဉ်ထွေးဆီမှ ပထမလာသော ပြန်စာကို ဘယ်နည်းနှင့်မျှ ကြည်ဝင်း၏လက်ထဲသို့ တိုက်ရိုက် အရောက်ခံ၍ မဖြစ်။ သို့သော် ရက်သတ္တပတ်ကျော်သည်အထိ ယဉ်ယဉ်ထွေးထံမှ ဘာစာမျှ ပြန်မလာ။

တစ်ညနေခင်း ကြည်ဝင်းတစ်ယောက် ယဉ်ယဉ်ထွေးထံသို့ အသွားတွင် ကျွန်တော်လိုက်သွားကာ ယဉ်ယဉ်ထွေးကို အကဲခတ်မိရသေးသည်။ ယဉ်ယဉ်ထွေး၏အမူအရာမှ ရှိုးတိုးရှန့်တန့်နှင့် တစ်မျိုးဖြစ်နေသည်ကိုတော့ တွေ့ရ၏။ သို့သော် အကျိုးအကြောင်း ဘာမျှမသိဘဲ စိတ်သန့်ရှင်းနေသော ကြည်ဝင်းမှ မည်သို့မျှ ဂရုမပြုမိ။ ယဉ်ယဉ်ထွေးဆီမှအပြန်တွင် ကြည်ဝင်းက ကျွန်တော့်ကို ထူးခြားသော စကားတစ်ခွန်းကိုဆိုသည်။

"ခုတစ်လောကွာ၊ အထွေးကိုကြည့်ရတာ တစ်မျိုးပဲ။ ငါ့ကို စကားပြောတာကော၊ ကြည့်တဲ့အကြည့်ကော အရင်နဲ့မတူဘူးကွ။ ရှိုးတိုးရှန့်တန့်ဖြစ်နေသလိုပဲကွာ"

ကျွန်တော်သည် ဟန်မပျက်ရအောင် ဂရုစိုက်ဆည်ရင်းပင် မယုတ်မလွန် ပြန်ပြောလိုက်ရသည်။



www.foreverspace.com.mm



"မင်းစိတ်က ထင်လို့ ဖြစ်ပါလိမ့်မယ်ကွာ"

ကြည်ဝင်းသည် ကျွန်တော့်ကို ဘာမျှပြန်မပြောတော့ဘဲ စဉ်းစားနေဟန်နှင့်သာ ငြိမ်သက်စွာရှိနေသည်။

*

တစ်ပတ်ကျော်သည်အထိ ယဉ်ယဉ်ထွေးထံမှ ပြန်စာမရ၍ ကျွန်တော်သည် ကြည်ဝင်းကို နောက်ထပ်စာတစ်စောင် ရေးခိုင်းရပြန်သည်။ ပထမစာကို ရေးခိုင်းခဲ့ရသလိုပင်၊ သူ့ကို မလိမ့်တစ်ပတ်လုပ်ကာ ရေးခိုင်းခဲ့ရသည်။ ကျွန်တော့်အတွက်ဟူသော တကယ့်ယုံကြည်ချက်နှင့် ကြိုးစားပမ်းစားပြုကာ လက်ရေးလှလှ သပ်သပ်ရပ်ရပ်ဖြစ်အောင် ရေးပေးသည့်အတွက် ကြည်ဝင်းကို ကရုဏာနှင့်ပင် ပြုံး၍ ကြည့်မိခဲ့ရပါ၏။

ဒုတိယစာကို ယဉ်ယဉ်ထွေးထံသို့ ထည့်လိုက်ပြီးနောက် လေးရက်လောက်ကတည်းကပင် ယဉ်ယဉ်ထွေးထံမှ ပြန်လာမည့်စာကို ဒုက္ခခံကာ စောင့်ရသည်။ စာတိုက်သို့ဝင်ကြည့်ရ၏။ စာပို့သမား လာချိန်တိုင်းများ၌လည်း စောင့်၍ မိမိစာကိုသာမက ကြည်ဝင်းအမည်နှင့်စာ ပါ မပါကိုပါ မေးရ၏။

ဒီတစ်ပတ်တွင်တော့ ကျွန်တော့်ဆန္ဒဖြင့် မျှော်လင့်ချက်များ ပြည့်ဝရပါ၏။ တက္ကသိုလ်စာတိုက်တံဆိပ် ရိုက်ထားသော ကြည်ဝင်း၏စာကို ကျွန်တော်ရလိုက်သည်။ စာအိတ်ပေါ်မှ လက်ရေးမှာလည်း ယဉ်ယဉ်ထွေး၏ လက်ရေးဖြစ်ကြောင်း ကျွန်တော်သိသည်။ ကျွန်တော်သည် ထိုစာကိုကိုင်ရင်းပင် ဝမ်းသာစိတ်နှင့် ရင်တဒိတ်ဒိတ် ခုန်ရပါ၏။ ကာယကံရှင်သာဆိုလျှင် မည်မျှလောက် ဝမ်းသာမိရှာမည်မသိ။ အကယ်၍များ ဤစာသည် ကျွန်တော်ချစ်သောသူလေးထံမှလာသော စာဖြစ်ခဲ့လျှင် အဘယ်မျှလောက် ဝမ်းသာစိတ်နှင့် ဒီထက်ပို၍ ရင်ဒိတ်ဒိတ်ခုန်ရမည်ကို မှန်းဆ၍ ရလိုက်မိသည်။



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကျွန်တော်သည် အခန်းသို့ ပြန်ရောက်ရောက်ခြင်း အငမ်းမရပင် စာကိုဖောက်၍ ဖတ်မိရ၏။ စာမှာ ခပ်တိုတိုပင် ဖြစ်၏။

ကိုကြည်ဝင်း

ပေးစာနှစ်စောင်စလုံးကို ရပါတယ်။ အထွေး စဉ်းစားနေလို့ ခုမှပဲ ဒီစာကို ပြန်ရေးလိုက်ရပါတယ်။ ကိုကြည်ဝင်းလို ယောကျ်ားကလေး တစ်ယောက်ကတောင်မှ အထွေးဆီကို စာရေးလိုက်တာမှာ သေသေချာချာ စဉ်းစားပြီးမှ ရေးလိုက်တာပါလို့ ဆိုခဲ့ပါတယ်။ အဲဒီလိုပဲပေါ့....၊ အထွေးက မိန်းကလေးဆိုတော့ ပိုပြီး စဉ်းစားရပါတယ်။ အထွေးက အငိုလွယ်ပြီး အရိုက်မခံချင်ဘူး ကိုကြည်ဝင်း။ ထွေး.... စဉ်းစားပါရစေဦးနော်။

ယဉ်ထွေး

ယဉ်ယဉ်ထွေးလို အရုပ်ကြီးသော၊ သိက္ခာကြီးသော မိန်းကလေးမျိုးထံမှ ဤသို့သော ပြန်စာမျိုးကို ရလိုက်ခြင်းသည်ပင်လျှင် ရှေ့အလားအလာသည် တစ်ဝက်ကျော်မျှ ကောင်းခဲ့ပြီဟု ဆိုရမည်ဖြစ်၏။

ထိုနေ့ညတွင် ကျွန်တော်သည် ကြည်ဝင်းထံသို့ သွားရပြန်သည်။

ပြန်စာရပြီဆိုခြင်းကိုမူ သူ့ကို မပြော၍မဖြစ်၊ သူ့ကို ရေးခိုင်းရမည့်စာတွင် ဤအကြောင်းမှာ ပေါ်လွင်၍ နေမည်သာ ဖြစ်သည်။

ကျွန်တော် ပြန်စာရပြီဆို၍ ကြည်ဝင်းသည် ဝမ်းသာအားရ ဖြစ်ရာသည်။ သူ့ကို စာပြပါဟုလည်းတောင်း၏။ ကျွန်တော်သည် စာကို ရှာသလိုနှင့် အင်္ကျီအိတ်ကို ဟိုနှိုက်သည်နှိုက်လုပ်ကာ ရှာသလို လုပ်လိုက်ရပြီးမှ....

"ဟာကွာ၊ စာကို ငါဖတ်နေတုန်း သက်ခိုင် တွေ့သွားလို့ မနည်းဖွက်ထားရတယ်။ အခန်းမှာ ကျန်ခဲ့ပြီကွာ။ နက်ဖြန်မှ ကြည့်ပါတော့ကွာ။ စာထဲမှာ ဘာပါတယ်ဆိုတာ ငါပြောပြီးပြီပဲ။ ငါပြောသလို ရေးမှာသာ ရေးစမ်းကွာ" ဟု ခပ်တည်တည် ဆိုရသည်။



www.foreverspace.com.mm



ထိုညက နွဲ့နွဲ့လှလှနှင့် ခံစားချက်အပြည့်ပါသော စကားလုံးများကို နှုတ်မှ စီ၍ဆိုရင်း ကြည်ဝင်းကို ရေးခိုင်းခဲ့ရသည်။ ဤစာသည် နောက်နှစ်ရက်ခန့်ကြာလျှင် ယဉ်ယဉ်ထွေး၏ လက်ထဲသို့ ရောက်ပြန်ပေဦးတော့မည်။

ကျွန်တော့်သူငယ်ချင်း ကြည်ဝင်းတစ်ယောက် ယဉ်ယဉ်ထွေး၏ မေတ္တာပန်းကို ခပ်မြန်မြန် ဆွတ်လှမ်းနိုင်ပါစေတော့။ ဒီတော့မှပင် ကျွန်တော်လည်း စေတနာ့ဝန်ထမ်းခံနေရသော ဤဝဋ်ဒုက္ခမှ လွတ်ရပေတော့မည်။

တက္ကသိုလ် ကျောင်းသူများ၏ခေါင်းတွင် သဇင်ပန်းတွေ လှိုင်လှိုင်ဝေသော ရက်များအတွင်းမှာပင် ယဉ်ယဉ်ထွေးထံမှ ဝမ်းမြောက်ဖွယ်စာကို ကျွန်တော် ရပါ၏။ ကြည်ဝင်းအဖို့မူ ဤစာကို ဖတ်ရပါက ထ၍ ခုန်ရုံမျှမက ကျွမ်းပင် ဆယ်ပတ်လောက် ပစ်လိုက်လိမ့်မည်ဟု ကျွန်တော်ထင်သည်။

ထိုနေ့ညတွင် သူငယ်ချင်းများကို ကျွန်တော့်အခန်း၌ လာ၍ စုဝေးကြရန် ကြိုတင်၍ ဖိတ်ခေါ်ထားလိုက်သည်။ အားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်စေမည့်သတင်းထူးတစ်ခုကိုလည်း ကြားကြရပါလိမ့်မည်ဟု ကျွန်တော်က ကြေညာထားသဖြင့် သူငယ်ချင်းများအားလုံး စိတ်ဝင်စားနေကြသည်။

ထို့ကြောင့် ညစာထမင်းစားပြီးကတည်းက သူတို့တွေ ကျွန်တော့်အခန်းသို့ အလျှို အလျှိုပေါက်လာကြသည်။

တင်မောင်စိုး၊ တင်မောင်လတ်၊ မင်းလွင်၊ မောင်ရှိန်နှင့် သက်ခိုင်၊ ဘကြည်၊ အေးဖေတို့ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်မှာ ခြောက်နာရီကျော်ကျော်ကတည်းကပင် လူစုံပြီဖြစ်သည်။

ကျွန်တော်သည် ခုတင်ခေါင်းရင်းဘက်၌ ဣန္ဒြေအပြည့်နှင့် ထိုင်သည်။ ကျွန်တော့်ကို ဝန်းရံ၍ သူတို့အားလုံး ထိုင်ကြ၏။

"ကဲ လူစုံပြီမဟုတ်လား။ မင်းတို့ အားလုံး အံ့ဩဝမ်းသာကြရမယ့် သတင်းထူး သတင်းဆန်းကြီးတစ်ခုကို ငါ ကြေညာစရာရှိတယ်ဟေ့"

"ဘာသတင်းလဲကွ၊ မင့်ကြီးဒေါ်ကြီး လင်နောက်လိုက်တဲ့သတင်းလား"



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



မောင်ရှိန်က ထုံးစံအတိုင်းပင် ဖောက်သည်။ အချို့က ရယ်ကြသော်လည်း တင်မောင်စိုးက မရယ်ဘဲ သူ့ကိုလှည့်၍ ငေါက်၏။

"ဟေ့ကောင်ကြီး၊ ငြိမ်ငြိမ်နေစမ်း။ အေးဝင်းပြောတာ တော်တော်လေးလေးနက်နက်ရှိတယ်။ ဧကန္တ ဒီကောင် သူ့မွှန်လေးကို စွံပြီနဲ့တူတယ်။ နားထောင်စမ်းကွာ"

အားလုံးက ငြိမ်သက်စွာပင် ကျွန်တော့်ကိုဝိုင်းကြည့်နေကြ၏။ ထို့ကြောင့် ကျွန်တော်သည် ခပ်တည်တည်ပင် ဟန်နှင့်ပန်နှင့် ဆက်ပြောလိုက်မိ၏။

"စွံတော့စွံတာပဲကွ။ ဒါပေမယ့် မွှန့်ကို ငါ စွံတာတော့ မဟုတ်သေးဘူး။အခု စွံသူ သတိုးသားလောင်းကတော့ ဟောဒီက ကိုကြည်ဝင်းပါပဲခင်ဗျာ"

ကျွန်တော်သည် ကြည်ဝင်း၏ ပခုံးကို လှမ်း၍ ပုတ်ကာ ပြောလိုက်သဖြင့် အားလုံး အံ့အားသင့်ကုန်ကြသည်။ ကြည်ဝင်းကိုလည်း အားလုံးက ဝိုင်း၍ကြည့်ပြီး တအံ့တသြ အသံမျိုးစုံနှင့် အော်လိုက်ကြ၏။ သို့သော် ကြည်ဝင်း၏ မျက်နှာမှာ သူတို့အားလုံးထက် ပို၍ အံ့သြဟန် အဓိပ္ပာယ်ကို နားမလည်ဟန်နှင့် ပြူးကြောင်ကြောင်ဖြစ်နေ၏။ နောက်ဆုံးတွင် ကျွန်တော်က သူတို့အားလုံးကို ငြိမ်ငြိမ်နေကြရန် 'ဟောက်' လိုက်ပြီးမှ ယဉ်ယဉ်ထွေး၏ စာကိုထုတ်၍ အားလုံးကြားအောင် အသံထွက်၍ ဖတ်ပြလိုက်ရသည်။

"ကိုကြည်ဝင်း"

ကျွန်တော်က ခပ်ကျယ်ကျယ်ကလေး ဖတ်လိုက်သောအခါတွင် ကြည်ဝင်း၏ မျက်နှာမှာ ရယ်ရမလို ငိုရမလို၊ အဓိပ္ပာယ်ကို နားမလည်သလိုနှင့် မျက်လုံးကလေး ပေကလပ် ပေကလပ် ဖြစ်နေသည်။ သူ့ကိုကြည့်လိုက်ပြီးမှ ကျွန်တော်က ဆက်ဖတ်ရ၏။

"ကိုကြည်ဝင်းရဲ့ စာတွေကို အထွေး ဖတ်ပြီး သေသေချာချာ စဉ်းစား



www.foreverspace.com.mm



ပါတယ်။ အချိန်ယူပြီး စဉ်းစားနေမိလို့လည်း ဒီအဖြေကို ပေးဖို့ ခုလောက်ကြာခဲ့ရတာပါ။ ခုတော့ အထွေး ဆုံးဖြတ်လိုက်ပါပြီ။ ကိုကြည်ဝင်းကို ထွေး.... ထွေး....၊ အို.... အထွေး ဘယ်လိုရေးရမလဲ။ ဒီလောက်ဆိုရင် ကိုကြည်ဝင်း နားလည်ပါတော့လေ။ ဝမ်းသာပါတော့လို့ပဲ အထွေး ပြောပါရစေတော့။ ဒါပေမယ့် အထွေး တစ်ခုတော့ တောင်းပန်ထားမယ်နော်။ ဒီသတင်းကို ကိုကြည်ဝင်းရဲ့ သူငယ်ချင်းတွေကို ဘယ်သူ့မှမပြောနဲ့ဦးနော်၊ ထွေးရှက်တယ်။ အထွေးလည်း ဘယ်သူ့မှ မပြောဘူးနော်။ ယဉ်ထွေးတဲ့။ ကဲ.... တို့ ကြည်ဝင်း တစ်ယောက် စွံပြီမဟုတ်လား"

ကျွန်တော် စာဖတ်၍ အဆုံး၊ စကားပြော၍အဆုံးတွင် ကျွန်တော့်ကို ဝိုင်းနေကြသော သူငယ်ချင်းများသည် ကျွန်တော့်လက်ထဲရှိ စာရွက်ပြာပြာကလေးကို ဆွဲယူမည်ပြုကြသည်။ သို့သော် ကျွန်တော်က သူတို့ကို မပေး။

"ဟေ့.... ဟေ့.... နေကြဦး၊ မင်းတို့နဲ့ မဆိုင်သေးဘူး။ ကာယကံရှင် ကြည်ဝင်း အရင်ဖတ်ပေ့စေ။ ရော့၊ ရော့ ကြည်ဝင်း၊ မင့်စာ"

ကျွန်တော်သည် ပြောပြောဆိုဆိုပင် ကြည်ဝင်းကို လှမ်းပေးလိုက်သည်။ ကြည်ဝင်းသည် မယုံကြည်နိုင်ဟန်နှင့် စာကို အငမ်းမရ ဆွဲယူကာ ဖတ်နေသည်။ အခြားသူငယ်ချင်း၏ ခေါင်းများလည်း ကြည်ဝင်း၏ ခေါင်း၌ ကပ်လျက် ဝိုင်းလျက် စာကိုကြည့်နေကြသည့်ပုံကို ကြည့်ပြီး ကျွန်တော်သည် ကြည်ဝင်း၌ ဦးခေါင်းအပိုတွေပေါက်များနေလေပြီလားဟု ထင်လိုက်ရကာ ဒသဂီရိဘီလူး၌ ခေါင်းဆယ်လုံး ရှိသည်ဆိုသည်မှာ ဤသို့များ နေလေမည်လားဟုလည်း တွေးလိုက်မိရ၏။

နောက်ဆုံးတွင်တော့ ကျွန်တော်သည် ဤကိစ္စနှင့် ပတ်သက်၍ အကျိုးအကြောင်းကို ဇာတ်လှန်ကာ ပြောပြလိုက်ရသည်။ ယဉ်ယဉ်ထွေး ထံမှလာသော ပထမ စာများကိုလည်း ထုတ်ယူပြီး ကြည်ဝင်းကို ပေးလိုက်ရသည်။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဥ်တင်ဆက်သည်။



အခြားသူငယ်ချင်းများသည် ကျွန်တော့်ကို ဝိုင်း၍ ဆူကြ၏။ ဤကိစ္စကို ကျွန်တော် လုပ်ကိုင်ကြံစည်မှုကြီးထဲ၌ သူတို့ကို မတိုင်ပင် မပြောဆိုခြင်းကြောင့်ပင်ဖြစ်၏။ "မင်းတို့ကောင်တွေကို တိုင်ပင်ပြီးလုပ်ရင် အခုလို အချိန်မတိုင်ခင်မှာ ပေါ်ကုန်မှာ စိုးလို့ပါကွာ" ဟူသော စကားဖြင့် သူတို့ကို နှစ်သိမ့်ကာ လေပြေထိုးလိုက်ရ၏။

ကြည်ဝင်း၏ မျက်နှာမှာမူ ကြည်လွန်း၊ ရွှင်လွန်း၊ ပြုံးလွန်းနေသည်။

"ဟေ့ကောင် အေးဝင်း၊ မင်း ခဏဖြစ်ဖြစ် ဘုန်းကြီးဝတ်စမ်းကွာ"

ကြည်ဝင်းက ကျွန်တော့်ကို ရုတ်တရက် ပြောလိုက်သဖြင့် ကျွန်တော်သည် 'ကြောင်' သွားရကာ သူ့ကို လှမ်းကြည့်မိလိုက်ရ၏။

ဒီတော့မှ ကြည်ဝင်းက ပြုံးကာ ဆက်ပြော၏။

"ဩော်၊ မင်းကို ငါ ကျေးဇူးတင်လွန်းလို့ တစ်နေ့ကို ဆယ်ခါ လောက် ရှိခိုးနေချင်လို့ပါ။ အဲဒါကြောင့် မင်း ဘုန်းကြီးဝတ်မှ ဖြစ်မှာပေါ့"

"ဟ၊ မင်းငါ့ကို ကျေးဇူးတင်ရင် ဘုန်းကြီး မဝတ်နိုင်းရဘူးကွ၊ မင်းနှမနဲ့ ငါ့ကို ပေးစားရတယ်"

ကျွန်တော်က ထိုသို့ပြောလိုက်သောအခါတွင် မောင်ရှိန်ကလည်း ဝင်ပြော၏။

"အေး၊ဟုတ်သားပဲ ကြည်ဝင်းရာ။ကျေးဇူးတင်ရင် မင့်နှမတစ်ယောက် ယောက်ကို အေးဝင်းပေးလိုက်ပေါ့။ ဒါမှ ငါလည်း မွန်ကို ရမှာ"

ဒီတော့လည်း ကျွန်တော်က မောင်ရှိန်၏ခေါင်းကို အုပ်လိုက်မိရသည်။

ထိုညက ကျွန်တော်တို့အားလုံးကို ကမာရွတ် လှည်းတန်းထိပ် အဝိုင်းကြီးသို့ခေါ်သွားကာ လိုင်ဘောလယ်အောင် ဒကာခံရှာသော ကြည်ဝင်းသည် ငွေငါးကျပ်ကျော်မျှ ချောသွားသည်။

*





နောက်ပိုင်းရက်များတွင်တော့ ကြည်ဝင်းနှင့် ယဉ်ယဉ်ထွေးသည် တက္ကသိုလ် နယ်မြေ၌ ထင်ရှားသော စုံတွဲတစ်တွဲ ဖြစ်လာကြ၏။

အင်းလျားဟောလ်ရှေ့ရှိ ကံ့ကော်မိုးရာ လမ်းတစ်လျှောက်သည် သူတို့အတွဲ ညနေတိုင်းဖြတ်သွားရာ လမ်းဖြစ်၏။ ထိုလမ်းမှတစ်ဆင့် ကန်စောင်းဘက်သို့ဆင်းကာ အင်းလျားရေစပ်၌ မှောင်စပျိုးသည်အထိ သူတို့နှစ်ဦးသည် တစ်သက်လုံးပြော၍ မကုန်နိုင်မည့်စကားများကို ပြောနေ တတ်ကြသည်။

သူတို့အတွဲကိုကြည့်၍ ကျွန်တော်တို့တစ်တွေ ဝမ်းသာရပါ၏။ ကျွန်တော်တို့သည် သူတို့နှစ်ဦးကို မြင်လိုက်ရတိုင်း ကျွန်တော်လုပ်ခဲ့ရသည့် အလုပ်အတွက် ဝမ်းသာကြည်နူး ရွှင်ရွှင်မြူးမြူး ဖြစ်ရသည်။ ဒီလိုနှင့်ပင် ရက်တွေရွေ့ခဲ့၏။ ပိတောက်ရွက်ဝါတို့ သဲသဲဖွဲဖွဲကြွေကြပြီ။ မယော်ဂနိ ညိုးရွက်နီတို့လည်း တဖွဲဖွဲ တလူပ်လူပ် ကြွေပြုတ်ကြပြီ။

ကံ့ကော်တို့လည်း လှိုင်လှိုင်ပွင့်ကြပြီဖြစ်ပါ၏။

ဩော်.... ကျွန်တော်တို့ စာမေးပွဲကြီးကို ဖြေဆိုကြရန်ပင် ရက်ပိုင်းမျှ လိုတော့မည်။

ကျွန်တော်တို့တစ်တွေ စာကိုကုန်း၍ ကျက်ကြရပြီ။ သူငယ်ချင်းချင်း လည်း ယခင်ကလို တတွဲတွဲနှင့်မလည်အားတော့၊ ကိုယ့်အခန်းကိုယ်အောင်း ကာသာ စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ဖွင့်နေရသည်နှင့်ပင် အချိန်ကုန် ကြရ၏။

ကြည်ဝင်းပင်လျှင် သူ့ကေရီ လုဒေဝီကလေး ယဉ်ယဉ်ထွေးထံသို့ သိပ်ရောက်ဟန် မတူတော့၊ သူတို့နှစ်ဦးစလုံး၏ ဘဝရှေ့ခရီး ပို၍ ပို၍ နီးလာ ရေးအတွက် ဤတစ်နှစ် စာမေးပွဲအောင်မြင်ခြင်းသည်လည်း မှတ်တိုင် တစ်တိုင်ကို ကျော်လွန်ခြင်း ဖြစ်လိမ့်မည်။

စာမေးပွဲပြီးသောနေ့သည် ကျွန်တော်တို့ အားလုံးပျော်ကြသောနေ့



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဖြစ်ကြ၏။ သူငယ်ချင်းတစ်တွေစု၍ မြို့ထဲသို့သွားကာ ရုပ်ရှင်ကြည့်ကြသည်။ သို့သော် ကြည်ဝင်းတစ်ယောက်မှု ပါမလာခဲ့။ သို့သော် ကျွန်တော်တို့သည် သူ့ကို ဂရုတစိုက် ရှာမနေကြတော့။ ဒီကောင်ကြီးတစ်ယောက် ခုလောက်ဆိုရင် ယဉ်ယဉ်ထွေးဆီ၌ ရှိလိမ့်မည်ဟု ကျွန်တော်တို့ သိပြီးဖြစ်ကြပါ၏။

ရုပ်ရှင်မှ ကျွန်တော်တို့ ပြန်လာပြီး၍ ကြည်ဝင်း၏အခန်းသို့ သွားကြည့်မိသောအခါ၌လည်း ကြည်ဝင်း ပြန်မရောက်သေး။ သူ့အခန်းတံခါးမှာ သော့ခတ်၍ပိတ်လျက်သာ ရှိနေသေးသည်။

ည ၇ နာရီကျော်ခန့်တွင်မှ ကြည်ဝင်းသည် ကျွန်တော့် အခန်းသို့ ဝင်လာသည်။ သူ၏ဆံပင်များလည်း ဖွာရရာကျဲကာ ခေါင်းငိုက်စိုက်ကျလျက် ရှိသည်။ သူ့မျက်နှာလည်း ညှိုးငယ်နေ၏။ ကျွန်တော်သည် သူ့ကို မြင်လိုက်ရသောအခါတွင် အံ့သြခြင်းကြီးမက အံ့သြလိုက်မိရသည်။

"ဟေ့ကောင်ကြီး ဘာဖြစ်လာတာလဲ စာမေးပွဲ မဖြေနိုင်လို့လား"

သူသည် ခေါင်းယမ်း၍ ပြသည်။ ကုလားထိုင်၌ ဝင်ထိုင်လိုက်ပြီးမှ သက်ပြင်းရှိုက်သည်၊ ပြီးမှ ဆို၏။

"ယဉ်ယဉ်ထွေး မရှိတော့ဘူး"

"ဟာ.... ဘယ်လိုလဲ၊ ဒီပြင်ကောင်နောက်ကို လိုက်ပြေးသွားပြီလား"

သူသည် ကျွန်တော့်ကို စူးစနဲ တစ်ချက်ကြည့်လိုက်ပြီးမှ ပြန်ပြော၏။

"မဟုတ်ပါဘူး၊ ကနေ့ ငါ စာမေးပွဲပြီးတော့ သူ့ဆီကို ငါ သွားတွေ့တယ်၊ အတွေ့မခံဘူး။ ညနေကျမှ လာပါတဲ့။ ဒါနဲ့ ငါလည်း ညနေပိုင်း တစ်ခါထပ်သွားတော့ သူမရှိတော့ဘူးတဲ့။ မြို့ထဲက သူ့အဒေါ်တွေအိမ်ကို ပြန်သွားပြီ။ မနက်ဖြန် သန်ဘက်လောက် သူ့မြို့ကို ပြန်တော့မယ်ဆိုတဲ့ အကြောင်းကိုသာ သူ့သူငယ်ချင်း မေစီဆီက ငါ သိခဲ့ရတယ်"

ကျွန်တော်သည် အံ့သြသွားရသည်။



www.foreverspace.com.mr



"ဟင်၊ ဘာဖြစ်လို့လဲ။ မင်းနဲ့ ဘုကျသွားကြလို့လား"

"မဟုတ်တာကွာ။ ငါနဲ့ ဘာဖြစ်လို့ ဘုကျရမှာလဲ။ သူ့အလိုဟူသမျှ ငါအကုန်လိုက်တာပဲ။ ငါ့ကိုလည်း ဘာအကျိုးအကြောင်းမှ ပြောမသွားဘူး။ ခုတစ်လောတော့ သူ ထူးခြားနေပါတယ်လို့တော့ အထင်မိသား၊ ဘာမှန်း မသိပါဘူးကွာ။ ငါလည်း မစဉ်းစားတတ်တော့ဘူး"

"သူ့အဒေါ်အိမ် မင်း မသိဖူးလား၊ လိုက်သွားကွာ"

သူ ခေါင်းယမ်းသည်။

"ဟာ မသိလည်းစုံစမ်းရမှာပေါ့ကွာ။ ဘာမှန်းမသိရဘဲ ဒီလိုနေလို့ ဘယ်ဖြစ်မလဲ။ ငါ စုံစမ်းပေးမယ်။ ဟို မင်းလွင်ရဲ့ ကောင်မလေး ခင်ခင်စိန်တော့ သူ့အဒေါ်တွေရဲ့ အိမ်ကို သိကောင်းပါရဲ့ကွာ။ မေးပြီးတော့ လိုက်သွားကြတာပေါ့"

သို့သော် မင်းလွင်၏သူငယ်မ ခင်ခင်စိန်ထံသို့ ကျွန်တော်တို့ နောက်တစ်နေ့ သွားတွေ့သောအခါတွင် ကောင်မလေးလည်း မျက်နှာမကောင်းလှ။ ယဉ်ယဉ်ထွေးသည် ထိုနေ့နံနက် ရထားနှင့်ပင် သူတို့မြို့သို့ ပြန်သွားပြီဟု ပြောသည်။ ပြီးမှ စာတစ်စောင်ကို သွားယူကာ ကြည်ဝင်းကို ပေးသည်။

"ကိုကြည်ဝင်းကို ပေးပါလို့ဆိုပြီး အထွေးက ကျွန်မကို ပေးထားပါတယ်" ဟု ဆိုသည်။

ကြည်ဝင်းသည် စာကိုရသောအခါတွင် ချက်ချင်းပင် ခင်ခင်စိန်ကို နှုတ်ဆက်ပြီး ဘင်တန်ဟောလ်မှ ထွက်ခဲ့သည်။ ကျွန်တော်တို့လည်း သူ့နောက်မှ လိုက်ခဲ့ကြ၏။

ဂျပ်ဆင် မျှော်စင်ကြီးအောက်သို့ ရောက်သောအခါတွင် ကြည်ဝင်းသည် စာကိုဖွင့်ဖတ်သည်။

ကိုကြည်ဝင်း

ကျွန်မဆီက ရှင်ကိုယ်တိုင် တကယ် မတောင်းခံခဲ့တဲ့ မေတ္တာကို



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

ကျွန်မ ပြန်ယူသွားပါပြီ။ မတောင်းသူကို တကယ်တောင်းသူထင်ပြီး ပေးခဲ့မိတဲ့ ကျွန်မတော့ တွေးမိတိုင်း ရှက်လို့ဆုံးမှာ မဟုတ်တော့ပါ။ ရှင့်ကိုမြင်ရတိုင်း ကျွန်မ ရှက်နေရမှာမို့ နောက်ကိုလည်း ရှင့်မျက်နှာကို မမြင်ရတဲ့ကိုယ် ဖြစ်ပါစေလို့ ဆုတောင်းသွားပါတယ်။

ယဉ်ထွေး

စာကိုဖတ်ပြီးနောက် ကြည်ဝင်းသည် ခေါင်းငိုက်စိုက်ကျသွားသည်။

"ဘယ်သူကများ သွားပြောပါလိမ့်ကွာ"

ကျွန်တော်ကသာ ထိုသို့ မကျေမချမ်း ရေရွတ်လိုက်မိသည်။

"အထွေးဟာ သိပ်ရှက်တတ်တယ်။ အတွေးလည်း ခေါင်တယ်။ စိတ်လည်း ကြီးတယ်။ သူ ဒီလိုဆုံးဖြတ်ပြီးပြီဆိုရင်တော့ ငါနဲ့ သူရဲ့ ဇာတ်လမ်းတော့ ဆုံးသွားပါပြီကွာ"

သူ့အသံသည် ကြေကွဲဆို့နစ်နေသည်။

နောက်မှသိရသည်မှာ ယဉ်ယဉ်ထွေးထံသို့ ကျွန်တော်က လုပ်ကြံ၍ စာပို့သည့်အကြောင်းကို မင်းလွင်က သူ့ကလေးမခင်ခင်စိန်သို့ပြောသည်ဟု ဆိုသည်။ ထိုမှတစ်ဆင့်.... ထိုမှတစ်ဆင့်....

ခင်ခင်စိန်က နောက်ပြောင်ရင်း ယဉ်ယဉ်ထွေးကို ပြောမိသည်ဟု သိရ၏။ ဤတွင်မှပင် ကျွန်တော်တို့ ကြည်ဝင်းမျက်ရည်လည်ရသည့် ဇာတ်သိမ်းခန်းကို 'က' ခဲ့ရခြင်း ဖြစ်ပါ၏။

*

သူတို့နှစ်ဦးသည် ဘယ်လိုမှပြန်လည်၍ မပေါင်းစည်း မဆက်စပ်မိတော့၊ ကျွန်တော်တို့ သူငယ်ချင်းတစ်တွေရော၊ ခင်ခင်စိန်ပါ ဘယ်လိုမှ သူတို့နှစ်ဦး ပြန်လည်နီးစပ်ရေးအတွက် ကြိုးစားပေး၍ မရတော့။

နောက်ဆုံးတွင်တော့ ကြည်ဝင်းသည် ဤကံ့ကော်တော၌ မနေလို



www.foreverspace.com.mm



တော့ပါဟုဆိုကာ နိုင်ငံခြားပညာတော်သင်လျှောက်၍ အရွေးခံရကာ အင်္ဂလန်သို့ ထွက်သွားတော့သည်။ ယဉ်ယဉ်ထွေးမှ အမ်ဘီဘီအက်(စ်) အောင်ကာ ဆရာဝန်ဖြစ်သွားသည်။

ယခုမူ သူတို့နှစ်ဦးသည် တကွဲတပြားစီ၊ တစ်အိမ်ထောင်စီနှင့် တစ်ဘဝစီခြားကာ ခရီးကိုယ်စီ လျှောက်လျက် ရှိကြပြီဖြစ်၏။

ဤအဖြစ်အတွက် စေတနာလွန်ကာ စေတနာ့ဝန်ထမ်း အကျိုးဆောင်ခဲ့မိသော ကျွန်တော်သည် ကိုယ့်ဟာကိုယ်ပင် အပြစ်တင်ရမည်လော။

အရှက်ကြီးလွန်း၊ အတွေးခေါင်လွန်း၊ စိတ်ကြီးလွန်းသော ယဉ်ယဉ်ထွေးကိုပင် အပြစ်တင်ရမည်လော။

ဒါမှမဟုတ်၊ အမှတ်မထင် နှုတ်ဆော့ကာ ခပ်ပေါ့ပေါ့ ပြောလိုက်ကြသော မင်းလွင်နှင့် ခင်ခင်စိန်ကိုပင် အပြစ်ဖို့ရမည်လော။

မည်သူ၏အပြစ်ပင်ဖြစ်ဖြစ် ဤအဖြစ်ကိုတော့ ကာယကံရှင်နှစ်ဦးက မေ့နိုင်၍ မေ့သွားကြပြီပင်ဖြစ်စေ၊ ကျွန်တော့်အနေနှင့်မူ ယခုလို....

ကံ့ကော်တောတစ်ခွင်၌ ဝိတောက်ရွက်ဝါတွေကြွေ၊ မဟော်ဂနီရွက် ညိုးညို့ နီကျင်ကျင်တို့ သဲသဲလှုပ်အောင် မြေ၌ ကြဲကာ ကံ့ကော်ပန်းကလေးတွေ ဝေစပြုပြီဆိုလျှင်....

ပြီးတော့.... ထိုကံ့ကော်မြေကို ကျွန်တော်သည် ဤရာသီမျိုး၌ အမှတ်မထင် ဖြတ်သန်း၍ သွားရသည်ဆိုလျှင် သူတို့နှစ်ဦးကို မမေ့နိုင်အောင် သတိရကာ လွမ်းမိရပါသတည်း။

*

(၁၉၆၉ ခု ဧပြီလထုတ်၊ စန္ဒာမဂ္ဂဇင်း)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

## အမှတ် ၂

အင်းလျားကျောင်းဆောင်ရှေ့ရှိ ကုံကော်ပင်တန်းတစ်လျှောက်ကို ဖြတ်၍ သွားရသော ကုံကော်မိုးရာလမ်းကိုရောက်တိုင်း ကျွန်တော့်ရင်သည် ခုန်ရပါ၏။

ဤလမ်းတစ်လျှောက်၌ ဆုံကြ၊ ကြုံကြ၊ ရယ်ကြ၊ ပြုံးကြ၊ မျက်ရည်ဝေကာ ရင်နာနာနှင့် ဘဝလမ်းခရီးကို ခွဲခဲ့ကြသူတို့၏အဖြစ်တို့ကို ဤကုံကော်ပင်တန်းကသာ ပြန်လည်၍ ပြောနိုင်စွမ်းရှိမည်ဟုဆိုပါလျှင် ကုံကော်ပင်တို့ ပြောပြမည့်ဇာတ်လမ်းအဖုံဖုံ ဖြစ်ရပ်စုံတို့သည် ကုန်ဆုံးနိုင်အံ့မထင်ပါ။

ကုံကော်တော၌ ဖြစ်ပျက်ခဲ့ပြီးကြသော ဇာတ်လမ်းအဖုံဖုံအနက် ကျွန်တော် ဂဃနဏသိခဲ့သော 'သူ' နှင့် 'သူ' တို့၏ အကြောင်းကို ဤကုံကော်ပင်ကြီးများက ပြန်လည်၍ ပြောပြနိုင်မည်ဆိုလျှင် မည်သို့များ ပြောပြကြမည်မသိ။ ကျွန်တော်ကမူ.... 'သူ' တို့နှစ်ဦး၏အကြောင်းကို ဤသို့ ပြောပြချင်ပါ၏။

'သူ' တို့ နှစ်ဦးဆိုသည်မှာ အခွင့်သင့်တိုင်း ကျွန်တော် အမြဲတမ်းသတိရမိသည့် ကိုမင်းခိုင်နှင့် ငယ်ငယ်တို့ပင် ဖြစ်၏။



www.foreverspace.com.mn



ချစ်ကြသူတို့၏ ဇာတ်လမ်းများဝယ် တစ်ယောက်နှင့်တစ်ယောက် တကယ် သည်းလှိုက်အူလှိုက် ချစ်ကြပါလျက်နှင့် ထိုချစ်လွန်းကြရခြင်းကို အကြောင်းပြု၍ မျက်ရည်စွန်းသော ဇာတ်သိမ်းခန်းဖြင့် ဆုံးခဲ့ရသော ဇာတ်လမ်းမျိုးလည်း ရှိတတ်ပါသည်ဟုဆိုရသော် ကြားရသူတို့ ယုံနိုင်ကောင်းမှ ယုံကြလိမ့်မည်ဟု ထင်ပါသည်။

ချစ်ကြသူတို့၏ ဘဝနှစ်ခုအကြားဝယ် အသက်အရွယ် အတွေ့အကြုံနှင့် အယူအဆတို့၏ ခြားနားခြင်းသည် အရေးကြီးသော ပြဿနာဖြစ်တတ်သည်ဟုလည်း ထင်ပါ၏။

ကိုမင်းခိုင်နှင့် ငယ်ငယ်တို့၏အကြားဝယ် ထိုခြားနားချက်များနှင့် ပြည့်လျက်ရှိသည်။

ကုံကော်မြေ၌ ကိုမင်းခိုင်နှင့် ငယ်ငယ်သည် တစ်ခေတ်တည်း၌ပင် ရှိနေခဲ့ကြသော်လည်း သူတို့နှစ်ဦး၏ ဘဝခြားနားချက်မှာမူ ကိုမင်းခိုင်က ငယ်ငယ်ထက် အသက် လေးနှစ်ကြီးသည်။ အတွေ့အကြုံရင့်ကာ ဘဝကျင်လည်မှု ပိုစုံသည်။ တစ်ယောက်ကိုတစ်ယောက် အလေးအနက် ချစ်ကြသည်မှာ မှန်သော်လည်း ချစ်နည်းချစ်ဟန် ချစ်ပုံစံခြင်းမူ ခြားနားသည်။

ထိုခြားနားချက်ကို ကျွန်တော်သည် သူတို့နှစ်ဦး၏ စကားများမှ တစ်ဆင့် ထွင်းဖောက်၍ မြင်ရခြင်းဖြစ်၏။

ကိုမင်းခိုင်သည် ဘီအေအောက်တန်း၌တက်နေသူဖြစ်ပြီး ငယ်ငယ်က ဥပစာအထက်တန်း၌ သင်နေသည်။ ကိုမင်းခိုင်က နှစ်ဆယ့်ငါးနှစ်၊ ငယ်ငယ်က နှစ်ဆယ်ကျော် အသက်လေးနှစ်မျှကွာသည်။

ကိုမင်းခိုင်သည် ဂျပန်ခေတ်ဗမာ့တပ်မတော်၌ တပ်ကြပ်ကြီးအဆင့်ဖြင့် ဂျပန်တော်လှန်ရေး ပြီးသည်အထိ ပါဝင်ခဲ့သည်။ တော်လှန်ရေးအပြီး မက်ထရစ်ဖြေပြီး တက္ကသိုလ်သို့ ၁၉၄၇ ခုနှစ်၌ ရောက်ခဲ့သည်။ ဥပစာအထက်တန်း၌ရှိနေစဉ် ပြည်တွင်းသောင်းကျန်းမှုပေါ်ပေါက်လာ၍ လက်နက်



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



စွဲကာ သောင်းကျန်းသူတို့ကို တိုက်ခဲ့သေးသည်။ ပြီးမှ ကျောင်းသို့ပြန်လာသည်။ ထို့ကြောင့် ကျွန်တော်တို့ ချာတိတ်တွေ ဥပစာ အထက်တန်းသို့ ရောက်ပါမှ သူက ဘီအေပထမနှစ်သို့ရောက်ရသည်။ ကိုမင်းခိုင်သည် ဘဝအတွေ့အကြုံရင့်သူ စုံသူဖြစ်ခဲ့၍ သူ့အမြင် သူ့အတွေးသည် ကျွန်တော်တို့ထက်တစ်ရစ်မျှ ပို၍ မြင့်သူလည်းဖြစ်နေ၏။ ထို့ကြောင့် သူသည် ကျွန်တော်တို့၏ လေးစားမှု ချစ်ခင်မှုကိုလည်းခံရသည်။ သူပြောသမျှ စကားကို ကျွန်တော်တို့သည် အလေးအနက်ထားကာ နားထောင်ရသူများလည်း ဖြစ်ကြသည်။

ဤနေရာတွင်မူ သူ၏နိုင်ငံရေးအမြင်၊ ဘဝရေးအမြင်တို့ထက် သူ၏ ချစ်ရေးဘဝနှင့် ယှဉ်သော မေတ္တာအမြင်ကိုသာ ပြောပြရမည် ဖြစ်ပါ၏။

"ကိုယ် ငယ့်ကို ဘယ်လောက်ချစ်တယ်ဆိုတာကို ငယ် သိပါတယ်ကွာ။ ဒါပေမယ့် ငယ်က ကိုယ့်အချစ်ကိုနားမလည်ဘူး။ အင်း၊ နားမလည်ဘူးဆိုတာထက် ကိုယ့်အချစ်ကို တန်ဖိုးမထားဘူးလို့ ပြောရမလား မသိပါဘူးလေ"

ကိုမင်းခိုင်သည် သူ့ဇာတ်လမ်းကို ကျွန်တော့်အားပြောပြစဉ်က ဤသို့ပင် ဆိုခဲ့ဖူးသည်။ ကိုမင်းခိုင်၏ ချစ်ဇာတ်လမ်းကို သူ့နေရာ၌ ဝင်၍ ကျွန်တော်က ကိုယ်စားပြုကာ သူ့အပြောဖြင့်ပြန်လည်၍ ပြောပြရမည်ဆိုပါလျှင်....။

*

ငယ်ငယ်တစ်ယောက် ရန်ကုန်တက္ကသိုလ်သို့ ရောက်သည့်နှစ်မှာပင် ကျွန်တော်သူ့ကို သတိပြုမိသည်။ သူ့ကို သတိပြုမိရခြင်းမှာ သူ၏ ရုပ်သက်သက်ကြောင့် မဟုတ်။ ငယ်ငယ်၏ မျက်လုံးမျက်ဖန်၊ နှာတံ၊ ပါးစပ်၊ မျက်နှာပြင်အလှနှင့် ကိုယ်ကာယအချိုးအစားသည် ထူးထူးခြားခြား စံတင်လောက်သည်တော့ဖြင့် မဟုတ်၊ အသက်နှစ်ဆယ်ဝန်းကျင်မို့ နုပျိုပြည့်ဖြိုးသည့် လန်းဆန်း အားပြည့်သောအလှနှင့် ပြည့်ဝလျက်သာရှိသည်။ သို့သော်လည်း ငယ်ငယ်၏





ပင်ကိုအလှတစ်ခုကိုမူ သူ့အရှယ်ရှိ အခြားမိန်းကလေးတို့ လိုက်မမီလျက်ရှိသည်ကိုမူ ကျွန်တော် သတိပြုမိပါ၏။

ငယ်ငယ်၏တကယ့်အလှသည် သူ့အမူအရာနှင့် ပင်ကိုဟန် နွဲ့နွဲ့ယဉ်ယဉ်ရှိခြင်းပင်ဖြစ်သည်။ ဝင့်၍ ဝင့်၍ ကြည့်လိုက်တတ်သော သူ့မျက်လုံးဝေ့ဟန်သည် 'ကြာ' မဆန်သည်မှာ သေချာသော်လည်း သူ့မျက်လုံးဒဏ်ကို ကျွန်တော် မခံနိုင်ပါ။ ငယ့်မျက်လုံးများ၏ အကြည့်ဝယ် ကျွန်တော့်ရင်သည် အေးခနဲ ခံစားရလေ့ရှိသည်။ ပါးချိုင့်စံပယ်ပွင့် 'ပွင့်' သည့် ငယ့် အပြုံးဟန်သည် ကျွန်တော့်မျက်လုံးများကို ပြာသွားတတ်စေသည်။ စကား အတူပြောကြလျှင် ငယ်သည် နားထောင်သူဖြစ်က ခေါင်းကလေးကိုငဲ့၍ နားစိုက်ဟန်၊ ငယ်ကပြောသူဖြစ်၍ တခြားသူက နားထောင်သူဖြစ်လျှင် မေးကလေးကို ဆတ်ကာဆတ်ကာ ကနွဲ့ကလျကလေး ပြောတတ်ဟန်၊ လမ်းလျှောက်ပြန်လျှင်လည်း ငယ့်ဟန်သည် ရှေ့သို့ပင် ပုံတက်တော့မတတ်ကြွကြွရွရွကလေးရှိဟန်၊ ယုတ်စွအဆုံး ကုလားထိုင်၌ ထိုင်နေပုံဟန်ကလေးသည်ပင် ပန်းပုဆရာက စိတ်ကြိုက်ထုထားလေဟန်၊ နွဲ့နွဲ့လျလျ လှလှပပကလေး ရှိတတ်ပါ၏။

ငယ်ငယ်၏ အမူအရာနှင့် ဟန်ကလေးများသည်ပင် ငယ့်ကို ကျွန်တော်က စိတ်ဝင်စားအောင် ဆွဲဆောင်လျက်ရှိပါ၏။

ကံအားလျော်စွာပင် ငယ်ငယ်နှင့် တစ်ရပ်တည်းသား သူ့ သူငယ်ချင်းကျောင်းသားတစ်ဦးမှတစ်ဆင့် ငယ့်ကို ကျွန်တော် သိကျွမ်းခွင့်ရသည်။ ငယ်သည် လောဂျစ်သမိုင်းနှင့် စိတ်ကြိုက်မြန်မာစာ ဘာသာရပ် အတွဲကို ယူသည်မို့ ကျွန်တော်သည် ငယ်ငယ်၌ အခက်အခဲတွေ့နေရသော လောဂျစ်ဘာသာရပ်ကို ရှင်းလင်းပြောပြရရင်းဖြင့် ခင်မင်နီးစပ်ခဲ့ရပြန်သည်။ ငယ်ငယ်နှင့် ရင်းနှီးလာပြန်တော့လည်း ငယ့်အကြောင်းကို ကျွန်တော် ပို၍ သိလာရပြန်၏။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ငယ်ငယ်သည် အသက်အရွယ်နှင့်အညီ ငယ်ဂုဏ်ဝင့်သောအလှရှင် ဝီဝီ ငယ့်စိတ်ထားကလေးသည်လည်း လူကြီးမဆန်တဆန်၊ ကလေးတွေး ကလေးစိတ်မပျောက်တစ်ပျောက်နှင့် တယုတယချစ်ရမည့်အနေအထားတွင် ရှိပါ၏။ ငယ်ငယ်၏တက္ကသိုလ်သက် ဒုတိယနှစ် ဥပစာအထက်တန်းသို့ အရောက်၌ ငယ်ငယ်၏ အချစ်ကို ကျွန်တော်ရခဲ့သည်။ ငယ့်ကို ပိုင်ပိုင်နိုင်နိုင် ချစ်နိုင်ခွင့်ကြုံပြီဖြစ်သော ထိုအချိန်က ကျွန်တော်သည် လှိုက်လှိုက်လှဲလှဲ ကြည်နူးချမ်းမြေ့ ရှင်ပြခဲ့ရသည်။

ငယ့်မျက်နှာကြေးမုံရိပ်ကို တစ်နေ့လျှင် တစ်ခါမျှ မမြင်ရ မနေနိုင်အောင်လည်းဖြစ်ခဲ့ရ၏။ ငယ် ပြုံးလျှင် ကျွန်တော် ရွှင်ရသည်။ ငယ်ရယ်လျှင် ကျွန်တော့်ဘဝင် ကြည်လင်အေးမြဖြစ်မိရသည်။ ငယ့်မျက်နှာ ညိုးရိပ်သမ်းလျှင်ပင် ကျွန်တော် စိတ်ပင်ပန်းရသည်။ ငယ်ငိုသည်ကို မြင်ရလျှင်မူ ကျွန်တော် မည်မျှ စိတ်ဒုက္ခရောက်ရမည်မသိ။

ငယ့်မျက်နှာကို ကြေးမုံရိပ်လိုပင် ကျွန်တော့်စိတ်က ထင်မှတ်ရ၏။

ငယ့်ဆန္ဒ၊ ငယ့်အလို၊ ငယ်လုပ်ချင်ရာဟူသမျှ ကျွန်တော် လိုက်လျောလိုလှသည်။ ငယ်ဆန္ဒရှိသမျှ ပြည့်ဝရေးအတွက် ကျွန်တော် တတ်နိုင်သမျှ ဖြည့်စွမ်းချင်ပါ၏။

ငယ်ငယ်တစ်ယောက် ဘယ်တော့မှ မျက်နှာ မညှိုးရှာရပါစေနှင့်။

*

"ငယ်.... အဲဒီလိုမနေနဲ့ကွယ် အစ်ကို မနေတတ်ဘူး။ ငယ် အစ်ကိုခိုင့်ကို မကျေနပ်တာရှိရင်လည်း ပြောမှပေါ့ကွာ။ ငယ်မပြောရင် အစ်ကို ဘယ်လိုလုပ်သိနိုင်မှာလဲ"

ကျွန်တော်သည် ငယ်ငယ်၏ ရွှေမျက်နှာညိုတိုတိုကို ငေးကြည့်ရင်း စိတ်ပင်ပန်းစွာပြောမိ၏။ ကျွန်တော်က ထိုသို့ပြောရသော်လည်း ငယ်သည်



www.foreverspace.com.mm



ကျွန်တော့်ကို မကြည့်ဘဲ မျက်လွှာကိုချကာ အလိုမကျဟန်နှင့်သာ ခပ်တည်တည် လုပ်နေသည်။ ကျွန်တော်သည် ငယ့်ဟန်ကိုကြည့်ရင်း သက်ပြင်းကို လေးပင်စွာချရပါ၏။

"ငယ် မျက်နှာညိုရင် အစ်ကိုခိုင် ငိုချင်ပါတယ်ငယ်ရယ်။ ငယ် မျက်ရည်တစ်ပေါက်ကျမှာကို အစ်ကိုခိုင် သေမလောက်ကြောက်ပါတယ်။ ငယ် ဘာဖြစ်နေတယ်ဆိုတာကို အစ်ကို သိပါရစေ"

ကျွန်တော်က ငယ့်ကို ထပ်ကာတလဲလဲနှင့် တတွတ်တွတ်မေးလေမှ ငယ်သည် ကျွန်တော့်ကို မျက်လွှာပင့်၍ ကြည့်ပါ၏။ ပြီးမှ ငယ်သည် မပွင့်တပွင့်ဆိုသည်။

"အစ်ကိုခိုင်က ငယ့်ကို ဂရုမှမစိုက်ဘဲ"

"ဟောဗျာ...."

ကျွန်တော်သည် တအံ့တဩပင် ထိုသို့ရေရွတ်လိုက်မိသည်။ ဤလောက၌ ကျွန်တော်ဂရုအစိုက်ဆုံး အလေးထားဆုံးသူသည် ငယ်သာတည်း၊ ဤအထဲက ယခုလို ကျွန်တော်က ငယ့်ကို ဂရုမစိုက်ပါဟု ကာယကံရှင် ငယ်ကိုယ်တိုင်က စွပ်စွဲလာသဖြင့် ကျွန်တော် အံ့ဩရပြန်သည်။ ပြီးတော့ စိတ်မကောင်းခြင်း ကြီးစွာလည်း ဖြစ်လိုက်ရ၏။

"ဘယ်လိုပြောလိုက်တာလဲ ငယ်ရယ်။ ဒီလောကမှာ ငယ့်ထက် ပိုပြီး ဂရုစိုက်ရမယ့်လူ ဘယ်သူမှမရှိဘူးဆိုတာကို ငယ်လည်း အသိသားနဲ့ကွာ"

"ဒါဖြင့် ဘယ်မှာလဲ၊ ငယ်မှာတဲ့ စာအုပ်"

ငယ်က ခပ်ဆတ်ဆတ်ကလေး ပြောလိုက်မှပင် ကျွန်တော် သတိရသည်။ ဟုတ်ပါရဲ့၊ ငယ် မနေ့က မှာလိုက်သော ဝတ္ထုစာအုပ်ကို ကျွန်တော် မေ့ခဲ့ပြီ။ မေ့ခဲ့ခြင်းမှာ ကျွန်တော့်အခန်းစားပွဲပေါ်၌ မေ့ခဲ့ခြင်းဖြစ်၏။ ယနေ့ သူငယ်ချင်းတွေ ကျွန်တော့်အခန်းသို့လာပြီး စကားပြောနေကြသဖြင့် အချိန်အနည်းငယ် နောက်ကျသွား၍ ငယ့်ထံသို့ ကမန်းကတန်း ထွက်လာရသဖြင့်



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



နေ့လည်ကဝယ်ထားပြီးဖြစ်သော ဝတ္ထုကိုယူရန် သတိမရဘဲ ဖြစ်ခဲ့ရသည်။ ခု ငယ်ပြောမှပင် သတိရမိသည်။ ထို့ကြောင့် ထိုင်ရာမှ ဗြုန်းခနဲထကာ ငယ့်ကို ခေတ္တစောင့်နေရန် တောင်းပန်ပြီး အပြေးအလွှားပင် ကျွန်တော့် အဆောင်သို့ပြန်ခဲ့ရ၏။ ကျွန်တော်နေသည်မှာ အင်းဝဆောင်ဖြစ်၍ အင်းလျားနှင့်မဝေးလှသဖြင့် တော်သေးသည်။ အခန်းစားပွဲပေါ်မှ စာရေးဆရာ တင့်တယ်ရေးသော ဖြေလျော့ခွေဝတ္ထုကိုယူပြီး ငယ့်ထံ ခပ်မြန်မြန်ပင် ပြန်လာခဲ့ရ၏။ နှုတ်ခမ်းနီမလေးများ၏ အသည်းစွဲဖြစ်သော စာရေးဆရာ တင့်တယ်၏ ဝတ္ထုများကို ငယ်သည် မလွတ်တမ်းဖတ်သူဖြစ်၏။ ငယ့် လက်ထဲသို့ ဖြေလျော့ခွေဝတ္ထုကို ထည့်လိုက်မှ ငယ့်မျက်နှာသည် ပြုံးလာသည်။ ငယ့်မျက်နှာပြုံးလေမှ ကျွန်တော်လည်း ပြုံးနိုင်ရသည်။ ငယ်သည် ကျွန်တော့်အပေါ်၌ ဤသို့ပင် နွဲ့ဆိုး ဆိုးတတ်ပါလေ၏။

ငယ်သည် ကျွန်တော့်ထက် အသက်လေးနှစ်မျှငယ်သည်။ ဘဝ အတွေ့အကြုံနှင့်ယှဉ်၍ ပြောရမည်ဆိုလျှင်လည်း ငယ်သည် ကလေးငယ် ပမာတည်း။ ကျွန်တော်သည် ငယ်ထက် အသက်ကြီးသည်နှင့်အမျှ ဘဝ အတွေ့အကြုံမှာလည်း စုံခဲ့များခဲ့ပြီဖြစ်၍ ငယ့်ထက် ဘဝလည်းရင့်လှပြီဟုပင် ဆိုရမည်ဖြစ်၏။

ထို့ကြောင့် ငယ်သည် ကျွန်တော့်အပေါ်၌ ဆိုးပိုင်ခွင့် နွဲ့ပိုင်ခွင့် ရှိသည် ဟု ကျွန်တော် ယုံသည်။ ငယ်ဆန္ဒရှိရာ ဟူသမျှ တတ်နိုင်သမျှ ကျွန်တော်က ဖြည့်ဆည်းပေးရမည်ဟုလည်း ကျွန်တော် ဆုံးဖြတ်ပြီးဖြစ်၏။ နုနယ်ငယ်ရွယ် သောငယ့်ကို ကျွန်တော်က အစစအရာရာ အလိုလိုက်ရမည်ဟုလည်း ကျွန်တော် တွေးမိသည်။

ငယ့်ကို ကျွန်တော်စတင်၍ ချစ်ရသော အချစ်သည် ညီမငယ်လေးလို ချစ်ရသော ဖြူစင်သော မေတ္တာမှ စခဲ့ရခြင်းသာဖြစ်၏။ ငယ့်ကို လောဂျစ် သင်ပေးနေရင်းဖြင့် တရင်းတနှီး ဖြစ်ခဲ့ရကာ ယခုလို သဒ္ဓါလွန်မိခဲ့ကြရ



www.foreverspace.com.m



ခြင်းလည်း ဖြစ်သည်။ ကျွန်တော် ငယ့်ကိုချစ်သည်မှာ ငယ့်ထံက ဘာကိုမှ လိုချင်၍မဟုတ်။ ငယ့်ဘဝ တစ်သက်တာလုံး၌ ငယ်လေးတစ်ယောက် စိတ်ချမ်းသာရေး၊ ငယ့်ဘဝ၏ အခက်အခဲဟူသမျှကို ကျွန်တော် တတ်နိုင် သမျှ ကူညီဖြေရှင်းပေးနိုင်ရေး၊ ငယ့်အပေါ်၌ ကျရောက်၍လာမည့် အန္တရာယ် ဟူသမျှကို ရှေ့က မားမားမတ်မတ်ရပ်ကာ အကာအကွယ်ပေးနိုင်ရေးတို့ အတွက် ကျွန်တော်၌ အခွင့်အရေး အပြည့်အဝရှိလိုခြင်းသာဖြစ်၏။

ငယ်လေးတစ်ယောက် စိတ်ချမ်းသာမည့် အရာဟူသရွေ့ ကျွန်တော် ဖြည့်ဆည်းပေးမည်သာ ဖြစ်ပါ၏။

*

မိုးရွာပြီးစ ညနေခင်းဖြစ်၍ လမ်းလျှောက်၍ ကောင်းသည်။ ကျွန်တော်နှင့် ငယ်သည် အင်းလျားလမ်းမှ ဖဲခွာကာ တက္ကသိုလ် ရေကူးသင်းရှိရာ ကမ်းဆွယ်အတိုင်း ဆင်းခဲ့ကြသည်။

"မနက်ဖြန် နေ့လယ်ကျရင် ငယ် ရုပ်ရှင်သွားမလို့ အစ်ကိုနိုင်"

ငယ်၏လေသံသည် ကျွန်တော့်ကို အသိပေးသလိုလို၊ ခွင့်တောင်း သလိုလိုရှိသည်။

"ဘယ်သူနဲ့ သွားမှာလဲ ငယ်"

"မမြင့်နဲ့သွားမလို့။ သူ့ကာစင်က ကိုသက်ထွန်းလေ၊ ကားနဲ့ လာခေါ်လိမ့်မယ်"

ငယ့်စကားကို ကြားရသောအခါတွင် ကျွန်တော်သည် ခေတ္တမျှ ငိုင်သွားရသည်။ ငယ်သည် ကျွန်တော့်ကို အကဲခတ်သလို ကြည့်နေ၏။

"ငယ် လိုက်သွားမယ် အစ်ကိုနိုင်၊ လိုက်သွားရမယ် မဟုတ်လား"

ကျွန်တော်သည် ပြုံးလိုက်ရပြီးမှ ငယ့်ကို ခေါင်းညိတ်ပြလိုက်ရ၏။

ယခုရက်များသည် မိုးလှိုင်လှိုင်ရွာသောရက်များဖြစ်၍ ငယ်နှင့်အတူ ကျွန်တော်တို့ ရုပ်ရှင်မကြည့်ဖြစ်ကြပြီမှာ ကြာပြီ။ မိုးရွာထဲတွင် ဘတ်(စ်)ကား



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



စီးရသည်မှာ ဒုက္ခရောက်သည်။ ဣန္ဒြေပျက်သည်။ ယခုလို ကိုယ်ပိုင်ကား ရှိသူက ကားနှင့်လိုက်ပို့ပေးမည်ဆို၍ ငယ်လေးတစ်ယောက် သွားရလာရ ဟန်ကျမည်ဖြစ်၏။ ငယ်တစ်ယောက် ဣန္ဒြေရရ သွားရမည့်အဖြစ်အတွက် ကျွန်တော် ဝမ်းသာသော်လည်း ကျွန်တော့်ရင်တွင်းတွင်မူ ကသိကအောက် တော့ ဖြစ်ရသည်။ ကိုသက်ထွန်းဆိုသူသည် ငယ်တို့အသက်နှင့် ရွယ်တူ ခန့်သာရှိဦးမည်။ သက်တူရွယ်တူရှိကြသူ ငယ်နှင့် မောင်သက်ထွန်းတို့ ခုလို အတူတွဲ၍သွားကာ အတူယှဉ်၍ ရုပ်ရှင်ကြည့်ကြမည်ဆိုတော့ ကျွန်တော့် စိတ်တွင် ဘဝင်မကျဖြစ်လွန်းရပါ၏။ သို့သော် ငယ့်ကို ကျွန်တော် မတားလို၊ မတားရက်ပါ။ ရုပ်ရှင်ကြည့်လိုသော ငယ့်ဆန္ဒပြည့်သည်ဆိုလျှင်ပင် ကျွန်တော် ဝမ်းသာရမည်၊ ဝမ်းသာသင့်သည်ဟုပင် ထင်ပါ၏။

"ငယ် သွားချင်တယ် မဟုတ်လား။ ငယ် စိတ်ချမ်းသာမယ့် အလုပ် ဟူသမျှ အစ်ကိုခိုင် သဘောတူပါတယ် ငယ်"

ငယ်သည် သူ့မျက်လုံးရွှန်းမြမြကိုဝင့်ကာ ကျွန်တော့်ကို စိုက်၍ ကြည့် နေသည်။ ပြီးမှ ငယ်သည် ပြုံးလိုက်၏။ ငယ့်အပြုံးကို မြင်လိုက်ရ၍ ကျွန်တော်သည် ကျေနပ်ခြင်းအတိ ရွှင်လန်းခြင်းအပြည့်ရှိလိုက်ရပါသည်။

နောက်တစ်နေ့ နေ့လယ်ပိုင်းတွင် ကျွန်တော်သည် ငယ့်ကို ခါတိုင်းထက် ပို၍သတိရနေမိသည်။ ယခုအချိန်ဆိုလျှင် ငယ်တစ်ယောက်ရုပ်ရှင်ကြည့်လျက် ရှိရှိမည်။ ရုံတွင်းထိုင်ခုံ၌ ငယ်တို့ ဘယ်လိုများထိုင်ကြပါမည်နည်း။ ငယ်၏ ဘေးတစ်ဖက်၌ မောင်သက်ထွန်း ထိုင်လျက်ရှိမည်မှာ သေချာပါ၏။ ထို အတွေးကို တွေးလိုက်မိသောအခါတွင် ကျွန်တော်သည် သက်ပြင်းကို ချလိုက်မိရသည်။

ငယ့်အတွက် ကျွန်တော်သည် တစ်နေ့ထက်တစ်နေ့ တစ်လထက်တစ်လ ပို၍ပို၍ ကျိတ်ကာသာ သက်ပြင်းချခဲ့ရသည်မှာ တစ်နှစ်ပင် လည်ခဲ့ရပြီဖြစ်၏။

ငယ့်ဆန္ဒရှိသမျှ၊ ငယ်လုပ်ချင်တာဟူသမျှကို ကျွန်တော် မတားခဲ့။



www.foreverspace.com.mm



ငယ်ကလည်း သူလုပ်သမျှကိုင်သမျှ၊ သူသွားသမျှလာသမျှ ဟူသရွေ့ ကိုတော့ ကျွန်တော့်ကို ပြောပြသည်။ အသိပေးသည်။ ပြီးတော့ ခွင့်ပြုချက်ကို ရယူသည်။ ကျွန်တော်သည် ကျွန်တော်၏ဘဝင်အပူကို သူမသိအောင် ဖုံးဖိ၍ ပြုံးဟန်ပြုကာ ငယ့်အလိုကို လိုက်ခဲ့ရသည်။

ငယ်သည် ကျွန်တော့်အသက်နှင့်စာလျှင် နုနုနယ်နယ်ရှိလွန်း ငယ်လွန်းလှသည်။ ကျွန်တော် မဖြည့်စွမ်းနိုင်သော ငယ့်ဆန္ဒများသည် ဘယ်လိုနည်းနှင့်ပင်ပြည့်ပြည့် ငယ်၌ ပြည့်ဝသည်ဟုဆိုလျှင်ပင် ကျွန်တော် ကျေနပ်နိုင်ရမည်ဟု ကိုယ့်စိတ်ကိုကိုယ်ဆုံးမမိခဲ့သည်။

ငယ်၊ မြင့်မြင့်နှင့် မောင်သက်ထွန်းတို့သည် နေရာတကာတွင် တတွဲတွဲ ရှိလွန်းလှသည်။ တစ်ခါတစ်ရံများတွင် ညနေခင်းများသော်မှ ငယ်သည် ကျွန်တော့်ကို အချိန်မပေးနိုင်အောင် ဖြစ်တတ်သေးသည်။

ငယ့်မျက်နှာပြုံးနေသည်ကို ကျွန်တော်သည် အဝေးမှပင် မြင်ရမြင်ရ ကျေနပ်ရမည်ဟု ကိုယ့်ကိုယ်ကို ဖြေမိရပါ၏။ ငယ့်အပေါ်၌ ထားရှိသော ကျွန်တော့်မေတ္တာကိုသာ ငယ်လေးတစ်ယောက် သိစေချင်စွမ်း ရှိလှိုလှသည်။

"ဒီတနင်္ဂနွေနေ့မှာ ငယ်တို့ သန်လျင်ကို အလည်သွားမလို့ အစ်ကိုခိုင်"

ငယ်သည် ကျွန်တော့်ကို မပြုံးတပြုံးလုပ်ကာ စေ့စေ့ကြည့်ပြီး ပြောသည်။ ကျွန်တော်က ငယ့်မျက်နှာကလေးကို ငေး၍ ကြည့်နေဆဲမှာပင် ငယ်က ဆက်ပြော၏။

"ငယ်ပျော်တယ် စိတ်ချမ်းသာတယ်ဆိုရင် အစ်ကိုခိုင် ကျေနပ်တာပဲ မဟုတ်လား"

ငယ်သည် ကျွန်တော် သူ့ကို မကြာခဏပြောဖူးသော စကားကိုပင် ပြန်လည်၍ ပုံတင်ထပ်ပါ၏။ ကျွန်တော့်ရင်မှာ ပြည့်တင်းကျပ်ခဲလျက် ရှိရ သော်လည်း ဤအဖြစ်ကို ငယ့်အား မသိစေချင်ပါ။ ကျွန်တော်သည် ကြိုးစား ပမ်းစားပင် ပြုံးလိုက်ရပါသည်။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"ဘယ်သူနဲ့သွားမှာလဲ ငယ်"

ဤမေးခွန်းကို မေးပင် မေးလိုက်မိရသော်လည်း ငယ်တစ်ယောက် မည်သူတို့နှင့် သွားမည်ဆိုသည်ကိုမူ ကျွန်တော်သိပြီးဖြစ်ပါ၏။ ငယ်သည် ပြုံးပြန်၏။

"ဘယ်သူနဲ့ပဲသွားသွား အစ်ကိုခိုင်အတွက် အရေးမကြီးဘူး မဟုတ်လား။ ငယ်ငယ် သန်လျင်ကို သွားချင်တယ်။ လိုက်ပို့မယ့်လူရှိတယ်။ ဒါဆိုရင် ပြီးရောပေါ့။ အစ်ကိုခိုင် ကျေနပ်တာပဲ မဟုတ်လား"

ကျွန်တော်သည် ဘာမျှမပြောနိုင်တော့ဘဲ ခေါင်းကိုသာ ယောင်ရမ်း၍ ညိတ်လိုက်မိရသည်။

ငယ်ငယ်တို့ သန်လျင်မှပြန်လာပြီး တစ်ပတ်ခန့် အကြာတွင် သန်လျင်၌ ငယ်ငယ်တို့ရိုက်ခဲ့သော ဓာတ်ပုံများကို ကျွန်တော့်အား ပြသည်။ ငယ်ငယ်၊ မြင့်မြင့်နှင့် မောင်သက်ထွန်းတို့ တွဲလျက် တွဲလျက်ပုံများ၊ ပြီးတော့ ငယ်နှင့် မောင်သက်ထွန်းတို့ နှစ်ယောက်တည်း စကားပြောနေပုံ၊ သဘော်ာ လက်ရန်းကို မှီ၍ စင်ရော်ငှက်များကို အစာကျွေးနေပုံများ၊ ထိုပုံများကို ကျွန်တော်သည် ဣန္ဒြေမပျက်ရ ဟန်မပျက်ရအောင် ကိုယ့်ကိုယ်ကိုထိန်း၍ ကြည့်ရသည်။ ကျွန်တော်သည် သဘောထားသေးသူ မဖြစ်ချင်ပါ။အထူးသဖြင့် ငယ့်အပေါ်၌ မယုံသင်္ကာစိတ် မွေးမိမှာ စိုးသည်။ ကျွန်တော် သဘောထားကြီးကြောင်း၊ ငယ့်ကို ယုံကြောင်း ပြလိုပါ၏။ သို့သော်လည်း ငယ့်ကို ကျွန်တော်ယုံသမျှ ငယ့်အပေါ်၌ သဘောထားကြီးကြီး ထားခဲ့လေသမျှ နောက်ဆုံးတွင်တော့ ကျွန်တော် ရင်ကွဲနာကျရဖို့သာ ဖြစ်ပါ၏။

ကျွန်တော် ဘီအေနောက်ဆုံးနှစ် ဖြေပြီးသောအခါတွင် ငယ့်ထံမှ စာတစ်စောင်ရသည်။

ကံ့ကော်တောမှခွာခဲ့ရသော ကျွန်တော်သည် ငယ့်စာကို ရင်ဝယ် ပိုက်ကာ လှိုက်လှိုက်ဖိုဖို ငိုမလိုဖြစ်ခဲ့ရသည်မှာ အမှန်ပါတည်း။





ငယ့်စာတွင်

"အစ်ကိုခိုင့်ကို ငယ် ချစ်ပါတယ် အစ်ကိုခိုင်။ ဒါပေမယ့် ဒီလောကမှာ အသွင်မတူ အိမ်သူမဖြစ်လို့ဆိုတဲ့ စကားဟာ ရှေးပညာရှိ စကားမို့ မှန်တယ်ဆိုတာကို ခုတော့ ငယ်သိရပါပြီ။ ငယ်လေ အစ်ကိုခိုင့်ထက်ပိုပြီး အသွင်တူတဲ့ လူတစ်ယောက်ကို တွေ့ရပါပြီ အစ်ကိုခိုင်။ အစ်ကိုခိုင် သိပြီးဖြစ်ပါလိမ့်မယ်။ ငယ့်ကိုသာ ခွင့်လွှတ်ပါတော့ အစ်ကိုခိုင်ရယ်"

ငယ်၏စာမှာ ထိုမျှသာ ရှည်ပါ၏။ သို့သော်လည်း ဤစာ၏ နောက်ကွယ်တွင်မူ ကျွန်တော်၏ ဘဝတစ်ခုလုံးရှိနေသည်။

ဘဝတစ်ခုလုံး၊ ကျွန်တော်၏ဘဝတစ်ခုလုံးကို ငယ်၏ ဤစာတိုကလေးက တစ်သက်လုံးသာ ရက်ရက်စက်စက် လွှမ်းမိုးတော့မည် ဖြစ်ပါသည်တကား။

*

ကိုမင်းခိုင်တစ်ယောက် ဘီအေအောင်ပြီး၍ ကံ့ကော်တောကို စွန့်သွားစဉ်က သူသည် သူနှင့် ငယ်ငယ်တို့၏ အဆုံးဇာတ်လမ်းကို ဤသို့ပင် လွမ်းခန်းနှင့် ဝိတ်ကာ ကျွန်တော့်ကို မချိတင်ကဲပြောပြသွားသည်။ သို့သော် သူသည် ငယ်ငယ့်ကိုမူ နည်းနည်းကလေးမျှ အပြစ်မပြောရှာ၊ စိတ်နာစကားကိုလည်း မဆိုခဲ့။ ငယ်ငယ့်ကို ခွင့်လွှတ်စကားသာလျှင် ကိုမင်းခိုင် ဆိုခဲ့ရှာသည်။

"ငယ့်ကို ကိုယ်ထာဝစဉ်ပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းရှိတယ်။ အဲဒါ ဘာလဲဆိုရင် ငယ်စိတ်ချမ်းသာမယ့်အရာဟူသမျှ အစ်ကိုခိုင် တတ်နိုင်သမျှ ဖြည့်စွမ်းပေးမယ်။ ငယ်ပြုံးနေသမျှ အစ်ကိုခိုင် ဘယ်လိုဘဝမှာဘဲရှိရှိ ကျေနပ်နေမှာပါငယ်ရယ်လို့ ကိုယ်သူ့ကို ခဏခဏပြောခဲ့ဖူးပါတယ် ဖိုးအေးဝင်းရယ်။ အခုလည်း ငယ့်အနေနဲ့ သူ တစ်သက်တာလုံး စိတ်ချမ်းသာမယ့် ဆုံးဖြတ်ချက်ကို ချလိုက်တာပဲမို့ ကိုယ် ကျေနပ်နိုင်ရမှာပေါ့ကွာ"



www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ထိုစကားကိုသာ ကိုမင်းခိုင် နောက်ဆုံးဆိုခဲ့ပါ၏။

မျက်ရည်ဝဲသောမျက်လုံးများဖြင့် ကံ့ကော်တောကို နောက်ဆုံးကြည့်ကာ ထွက်ခွာသွားသော ကိုမင်းခိုင်အတွက် ကျွန်တော်သည် ဝမ်းနည်းပက်လက်ဖြစ်ရကာ ငယ်ငယ့်ကိုလည်း မကျေမချမ်းဖြစ်ခဲ့ရ၏။

ငယ်ငယ်သည် မျက်နှာကလေး ငယ်ငယ်နှင့်ပင် ကျွန်တော့်ကို ရှင်းပြသည်။ ငယ်ငယ်သည် သူ့အစ်ကိုခိုင်နှင့် သူ၏ ဖြစ်သမျှ ဇာတ်ကြောင်းကို သူ့ရှုထောင့်မှနေ၍ ဤသို့ ပြောပြပြန်သည်။

ဩော်....၊ ဤသို့ ငယ်ငယ်ပြောသမျှကို ကြားရပြန်တော့လည်း ကျွန်တော်သည် မည်သူ့ကို အပြစ်တင်ရမည် မသိတော့။

ငယ်ငယ့်အဆိုအရမူ....

*

"ငယ် သူ့ကိုချစ်ပါတယ် ဖိုးအေးဝင်းရယ်။ အစ်ကိုခိုင့်ကို ငယ် တကယ်ပဲ ချစ်ပါတယ်။ ဒါပေမယ့် အစ်ကိုခိုင့်ကို ငယ် နားမလည်ဘူး။ အစ်ကိုခိုင်ကလည်း ငယ့်ကို နည်းနည်းကလေးမှ နားမလည်ခဲ့ပါဘူး။ တကယ်ကတော့ ငယ်က အစ်ကိုခိုင့်ကို နားမလည်တာထက်၊ အစ်ကိုခိုင်က ငယ့်ကို တကယ် နားလည်ဖို့တော့ ကောင်းတယ်လို့ ငယ် ထင်ပါတယ်"

"မင်းနဲ့ ငယ်ကတော့ ငယ်သူငယ်ချင်းတွေမို့ ကိုယ် ပွင့်ပွင့်လင်းလင်းပဲ ပြောပါ့မယ်"

"တကယ်ဆိုတော့ အစ်ကိုခိုင်ဟာ ငယ့် ရင်ကိုလှုပ်ရှားစေသူ၊ ရင်ခုန်စေသူ မဟုတ်ဘူး။ သူနဲ့ ငယ်ဟာ ချစ်သူတွေဖြစ်ခဲ့ကြပေမယ့် အစ်ကိုခိုင်ဟာ ချစ်သူတစ်ယောက်နဲ့ မတူဘူး။ အစ်ကိုကြီးတစ်ယောက်နဲ့ပဲ တူနေတယ်။ သူ့အကြောင်းကို ငယ် နည်းနည်းလောက်ပြောပြဦးမယ်နော်၊ နားထောင်"

"ညနေတိုင်းကျရင် ငယ်နဲ့ အစ်ကိုခိုင်တို့ အတူတူ လမ်းလျှောက်တတ်ကြတာလည်း မင်းသိသားပဲ။ လမ်းလျှောက်တဲ့ အခါတွေမှာလည်း



www.foreverspace.com.mm



အစ်ကိုခိုင်ဟာ ငယ့်အသားကို ထိမိမှာစိုးတယ်။ တစ်ညနေခင်း လမ်းလျှောက်ကြရင်းနဲ့ ကန်စပ်က သစ်ပင်ရင်းတစ်ခုမှာ သူနဲ့ ငယ်စကားပြောနေကြတယ်။ အဲဒီအချိန်မှာ ငယ့်အင်္ကျီ ပခုံးစွန်းပေါ်မှာ ပုရွက်ဆိတ်ကလေးတစ်ကောင် တက်နေတယ်။ အဲဒါကို အစ်ကိုခိုင်မြင်တော့ ဒီပုရွက်ဆိတ်ကလေးကို ဖယ်ခွင့်ပေးဖို့ ငယ့်ကို ခွင့်တောင်းပြီးမှ ငယ့်ပခုံးပေါ်က ပုရွက်ဆိတ်ကို သူ့လက်နဲ့ ယူပစ်လိုက်တယ်"

"အဲဒီတုန်းက ငယ်တော့လေ ရယ်ချင်သလိုလို ငိုချင်သလိုလိုကို ဖြစ်သွားတာပဲ။ ဖြစ်ရလေအစ်ကိုခိုင်ရယ်လို့လည်း ငယ့်စိတ်ထဲက ညည်းလိုက်မိရတယ်"

အစ်ကိုခိုင်က ငယ့်ကို ညီမလေးလို၊ ကလေးလိုလည်း ချစ်တယ်တဲ့။ ဖြူစင်တဲ့အချစ်နဲ့ အရင်းခံပြီး ချစ်ရတာပါတဲ့။ ဒါကြောင့် ငယ့်ကို သူ လက်မထပ်နိုင်ခင် လက်ဖျားနဲ့မှ မတို့ပါဘူးတဲ့"

"ငယ်ရဲ့ အလှကိုပဲ တယုတယနဲ့ ငေးကြည့်နေချင်သတဲ့။ ငယ် စိတ်ချမ်းသာမယ်ဆိုရင် ဘာပဲလုပ်လုပ် သူ ကျေနပ်ပါသတဲ့ကွာ။ သူ့စကားက အပေါ်ယံအနေနဲ့ကြည့်ရင်တော့ ဟုတ်သလိုလိုရှိပါရဲ့။ ဒါပေမယ့် ဖိုးအေးဝင်းရယ် မင်းပဲ စဉ်းစားကြည့်စမ်းပါဦး။ အသက်အရွယ်ရော အတွေ့အကြုံရော ငယ့်ထက်ရင့်တဲ့ အစ်ကိုခိုင်အနေနဲ့ သူဟာ ငယ့်ရဲ့ အားကိုးရာပဲ ဖြစ်သင့်တယ် မဟုတ်လား။ ငယ် နေတာ ထိုင်တာ၊ လုပ်တာ ကိုင်တာ အဟုတ်မဟုတ်ရင် အမှားနဲ့အမှန် လုပ်သင့်တာနဲ့ မလုပ်သင့်တာကို ခွဲခြားပြီး ငယ့်ကို ဆုံးမသင့် တားမြစ်သင့်တယ်လို့ ငယ် ထင်တယ်။ ဒါပေမယ့် အစ်ကိုခိုင်ဟာ ငယ် မျှော်လင့်သလို ဖြစ်မလာခဲ့ပါဘူး"

"ဒီလိုဆိုတော့ မင်းက မေးချင်မလားမသိဘူး။ ဘာဖြစ်လို့ ကိုယ့်ကို အစ်ကိုခိုင်ကို ဒီလို ပွင့်ပွင့်လင်းလင်း မပြောခဲ့သလဲလို့။ အစ်ကိုခိုင်လို ငယ့် ချစ်သူတစ်ယောက်ဟာ ငယ့်အကြောင်းကို ငယ်ကိုယ်တိုင်က ဖွင့်ပြောမှ



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

နားလည်မယ်ဆိုရင် သူ့ဟာသူ နေပေစေတော့။ ငယ်က ဘယ်တော့မှ ကိုယ့်အကြောင်းကို ကိုယ် ပြောမပြဘူး။ ငယ့်ကို တကယ်ချစ်ရင် ချစ်တဲ့သူကပဲ ငယ့်ကို သိအောင် ကြိုးစားသင့်တယ်လို့ ငယ် ထင်တယ်"

"ဒါပေမယ့် အစ်ကိုခိုင့်ကို ငယ်ပါးစပ်က ရှင်းရှင်းဖွင့်မပြောခဲ့ပေမယ့် အစ်ကိုခိုင့်စိတ်ကိုတော့ လှုပ်ရှားလာအောင် ငယ် တတ်နိုင်သမျှ လုပ်ခဲ့မိပါသေးတယ်။ ကိုသက်ထွန်းကို ခုတုံးလုပ်ခဲ့တယ် ဆိုပါတော့ကွာ။ အစ်ကိုခိုင့်စိတ်ထဲမှာ မခံချင်ဖြစ်လာအောင် ငယ်နဲ့ပတ်သက်ပြီး ဘဝင်တိုလာအောင်ဆိုပြီး ကိုသက်ထွန်းနဲ့ ရုပ်ရှင်ကြည့်၊ ဟိုလည်ဒီလည်လုပ်၊ သွားအတူလာအတူနေပြလုပ်ခဲ့တယ်။ ဒီလိုလုပ်ပြရင်း အစ်ကိုခိုင့်ရင်ထဲမှာ လှုပ်ရှားလာပြီး ငယ့်ကိုဆုံးမလိမ့်မယ်၊ တားမြစ်လိမ့်မယ်လို့ ငယ်မျှော်လင့်ခဲ့တယ်။ ဒါပေမယ့် အစ်ကိုခိုင်ကတော့ ငယ်စိတ်ချမ်းသာရင် သူ ကျေနပ်ပါသတဲ့လေ။ ကြာတော့လည်း ငယ် စိတ်မရှည်ဘူး၊ ငယ် ဘာလုပ်လုပ် သူ ကျေနပ်ပါတယ်လို့ ပြောလေလေ ငယ့်ရင်ထဲမှာ ပြောမပြတတ်တဲ့ ဝေဒနာတစ်ခုကို ခံစားရလေလေပဲ၊ ငယ်ဘယ်လိုပဲနေနေ သူ တကယ်ကျေနပ်တယ်ဆိုရင် ငယ့်ကို သူတကယ် ချစ်တာမှဟုတ်ရဲ့လားလို့ ကိုယ် တွေးရပြန်တယ်။ မင်းတို့ ယောကျ်ားတွေဟာ ချစ်ရင်သဝန်တိုတယ်ဆို။ ခုတော့ အစ်ကိုခိုင်ဟာ ကိုယ်နဲ့ပတ်သက်ပြီး ဘယ်လိုမှ သဝန်တိုဟန် မပြခဲ့ဘူး။

"ကိုသက်ထွန်းနဲ့ ငယ်နဲ့ ဘိုင်စကုတ်အတူကြည့်တာကိုလည်း သူ မကန့်ကွက်ဘူး။ သန်လျင်ကို အလည်သွားတဲ့ အတွက်လည်း ဘာမှ မပြောဘူး။ သန်လျင်သွားတုန်းက ကိုသက်ထွန်းနဲ့အတူ နှစ်ယောက်တွဲဖြစ်နေတဲ့ အမှတ်တရဓာတ်ပုံတွေကို ပြတော့လည်း ဂရုစိုက်မပျက်ဘူး။

"ငယ် ခုလို မောင်သက်ထွန်းနဲ့တွဲနေတာ သွားတာ လာတာကို အစ်ကိုခိုင် မကြိုက်ဘူးကွယ်။ နောက်ကို ဆင်ခြင်စေချင်တယ် ငယ်လို့ အစ်ကိုခိုင့်ပါးစပ်ကများ တားမြစ်စကား ထွက်လာလေမလားလို့ ငယ်



www.foreverspace.com.mm



မျှော်လင့်ခဲ့ စောင့်ခဲ့ပါတယ်။ ဒါပေမယ့် စောင့်ရင်းနဲ့သာ ငယ် မောခဲ့ရတယ်။ အစ်ကိုခိုင့်ကို အရွဲ့တိုက်ရင်းနဲ့ မောခဲ့ရတာမှာ ကိုသက်ထွန်းရဲ့ရင်ခွင်ဟာ ငယ်ရဲ့ အပန်းဖြေစရာ ဖြစ်လာရတော့တယ်။

"ငယ်လေ အစ်ကိုခိုင့်ကို ကိုသက်ထွန်းနဲ့ နှိုင်းယှဉ်ပြီး ကြည့်လာမိတယ်။ တကယ်တော့ ကိုယ်ချစ်နေတဲ့ ယောကျ်ားတစ်ယောက်ကို ဒီ့ပြင်ယောကျ်ားတစ်ယောက်နဲ့ယှဉ်ပြီး ကြည့်မိရတယ်ဆိုတဲ့အဖြစ်ကိုက မကောင်းတော့ဘူး။ ဖြစ်လည်း မဖြစ်သင့်ဘူးပေါ့ကွာ။

"ဒါပေမယ့် ငယ်ကတော့ အစ်ကိုခိုင့်ကို ကိုသက်ထွန်းနဲ့ နှိုင်းယှဉ်ကြည့်မိခဲ့တာတော့ အမှန်ပဲ။

ကိုသက်ထွန်းကတော့ ရွှင်တယ်၊ စကားပြောကောင်းတယ်။ ဟာသရှိတယ်။ ပြီးတော့ ငယ်နဲ့သွားလာနေတဲ့အခါမှာ ငယ့်ကို ဆက်ဆံတာမှာ ပိုင်ပိုင်နိုင်နိုင်ရှိတယ်။ အစ်ကိုခိုင်နဲ့ တွေ့ရဆုံရတာမှာ ပျင်းစရာကောင်းပြီး ရင်မခုန်ရသလောက် ကိုသက်ထွန်းနဲ့ သွားရလာရ ဆက်ဆံရတာမှာ ငယ်ရင်ဖိုရတယ်၊ ရင်ခုန်ရတယ်၊ ရင်ထဲမှာ တလှုပ်လှုပ် ခံစားရတယ်။ ဒီလိုနဲ့ပဲ ကိုယ်ဟာ ကိုသက်ထွန်းရင်ခွင်ထဲက ရုန်းမထွက်နိုင်အောင် ဖြစ်လာရတယ်။ ငယ့်ကို သစ္စာမရှိသူလို့ ဆိုချင်ရင် ဆိုကြပေတော့။

"အစ်ကိုခိုင် ဘီအေဖိုင်နယ် ဖြေပြီးတဲ့အချိန်မှာ သူ့ဆီကို ငယ် အကျိုးအကြောင်းစာရေးပြီး ပြောပြလိုက်ပါတယ်။ ငယ် စိတ်ချမ်းသာမယ့် အရာဟူသမျှ သူကျေနပ်ပါတယ်လို့ တဖွဖွနဲ့ ခဏခဏပြောထားသူမို့ ငယ့်စာကို ဖတ်ပြီး အစ်ကိုခိုင် တုန်လှုပ်မှ တုန်လှုပ်ပါလေစလို့တောင် သံသယရှိခဲ့မိတယ်။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အဲ့ဒီစာကို အစ်ကိုခိုင့်ဆီကိုရေးခဲ့တုန်းက ငယ့်ရင်တွေခုန်ပြီး ငယ့်လက်တွေ တုန်ခဲ့ရပါတယ်။ အစ်ကိုခိုင့်အတွက် ငယ် တကယ်ပဲ ဝမ်းနည်းခဲ့ရပါတယ်။ အစ်ကိုခိုင်နဲ့ ငယ်နဲ့ ခုလို ဘာဖြစ်လို့ ကွဲကြရတယ်ဆိုတာကို အစ်ကိုခိုင်သိမှ သိပါလေစလို့ ငယ်တွေးမိတယ်။ မှားမလား



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



မှန်မလားတော့ဖြင့် ငယ်မသိဘူး။ ဒါပေမယ့် အစ်ကိုခိုင်နဲ့ ငယ်နဲ့ ခုလို ခုလို ကွဲရတာတာဟာလေ ငယ်ထင်တာတော့ အစ်ကိုခိုင်နဲ့ ငယ်ရဲ့ ဘဝ အရင့်အနု ခြားနားနေခဲ့သလို ငယ်တို့နှစ်ယောက်ရဲ့ အတွေးအမြင် အယူအဆချင်း မှာလည်း အစ်ကိုခိုင်က တစ်ဆင့်မြင့်နေလို့များလားလို့ တွေးမိနေတယ် ဖိုးအေးဝင်း"

ကျွန်တော်သည် ငယ်ငယ်ပြောသမျှ စကားများကို ဂရုတစိုက် နားထောင်ခဲ့မိပြီး အလေးအနက်တွေးရ စဉ်းစားရမိခဲ့သော်လည်း ငယ်ငယ်ကိုမူ သူတို့နှစ်ဦး၏ ဇာတ်လမ်းနှင့်ပတ်သက်၍ ဘာတစ်ခုမှ ကျွန်တော့် ထင်မြင်ချက်ကို မပြောမိခဲ့ပါချေ။

ကံ့ကော်တောမှ ထွက်သွားသော ကိုမင်းခိုင်ကြီးကိုလည်း ကျွန်တော် ပြန်မတွေ့တော့။ ငယ်ငယ်နှင့် ကိုသက်ထွန်းတို့ အတွဲကိုမူ ကျွန်တော် တက္ကသိုလ်မှ ထွက်ခဲ့သည်အထိ ကံ့ကော်တော အလယ်၌ တတွဲတွဲနှင့် တွေ့ခဲ့ရပါ၏။

ကျွန်တော်သည် လူ့ဘဝ၏ အလုပ်စခန်းကို ဝင်ခဲ့ပြီဖြစ်၍ အနယ်နယ် အရပ်ရပ် လွင့်ခဲ့လှည့်ပြီး ရန်ကုန်မြေသို့ ပြန်ရောက်သည်အထိ သူတို့နှင့် တစ်ခါမျှ မဆုံစည်းရမိတော့။

သူတို့ဆိုသည်မှာ ကိုမင်းခိုင်၊ ငယ်ငယ်နှင့် ကိုသက်ထွန်းတို့ပင်ဖြစ်၏။

ကျွန်တော်သည် ကံ့ကော်မြေကိုဖြတ်မိတိုင်း သူတို့ကို သတိတရ ရှိတတ်ရ၏။

ကိုမင်းခိုင်သည် အတွေးတရစ်မြင့်ကာ ဘဝတစ်ဆင့်ရင့်ခဲ့သူမို့ပင် ငယ်ငယ့်ကို လက်လွှတ်ခဲ့ရရှာလေသလော။ ဤအတွေးသည်ပင် ကျွန်တော့် ရင်၌ တနုံ့နုံ့ရှိရပါ၏။ အမှန်မူ ကိုမင်းခိုင်နှင့် ငယ်ငယ်တို့၏အဖြစ်ကို ကျွန်တော်သည် ဤမျှသာလျှင်သိကာ ဤနေရာ၌ရပ်၍ နိဂုံးချုပ်ရတော့မလို ဖြစ်ခဲ့ရသည်။ သူတို့နှစ်ဦးအတွက် ကျွန်တော်သည် ဝမ်းနည်းပက်လက်နှင့်ပင်



www.foreverspace.com.mm



အလွမ်းဇာတ်အဖြစ် မှတ်တမ်းတင်ရတော့မည်ကဲ့သို့ရှိခဲ့၏။

သို့သော်လည်း ဤဇာတ်လမ်းကို ရေးနေဆဲမှာပင် ဇာတ်သိမ်းခန်းကို ရေးမပြီးသေးမီ ယခင်က ကျွန်တော် မသိခဲ့ရသော ဇာတ်လမ်းအဆက်ကို ဤနှစ်ဆန်းတစ်ရက်နေ့ကမှ ကျွန်တော်အမှတ်မထင် သိခွင့်ရလိုက်ပါ၏။ ကျွန်တော် ဝမ်းသာခြင်းကြီးမက ဝမ်းသာရပါ၏။

နှစ်ဆန်းတစ်ရက်နေ့ ညနေက ရွှေတိဂုံဘုရားသို့ ကျွန်တော် ရောက်သည်။ အရှေ့ဘက်စောင်းတန်းဘက်ရှိ ဓာတ်လှေခါးရုံသို့ ကျွန်တော် အတက်၊ ကျွန်တော်မမျှော်လင့်သူတို့ ဆင်းလာကြသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်သည် သူတို့ကိုငေး၍ တအံ့တသြကြည့်နေဆဲမှာပင် သူတို့နှစ်ဦး ကလည်း ကျွန်တော့်ကို မြင်သွားသည်။ သူတို့လည်း ကျွန်တော့်လိုပင် အံ့သြသွားကြသည်။

"ဟယ်၊ အေးဝင်း"

သူတို့နှစ်ဦးစလုံးကပင် အာမေဍိတ်သံဖြင့် ပြိုင်တူလိုပင် ရေရွတ်လိုက်ကြသည်။ သူတို့ဆိုသည်မှာ ကိုမင်းခိုင်ကြီးနှင့် ငယ်ငယ်တို့ပင်ဖြစ်၏။ သူတို့၌ မျောက်ရှုံးဟန်ဆောင်သည့် ကိုယ်ပွားကလေးနှစ်ဦးပင် ရှိနေပြီကို တွေ့ရသည်။ သူတို့ကို ဤပုံစံ ဤဘဝမျိုးနှင့်တွေ့ရလိမ့်မည်ဟု ကျွန်တော် နည်းနည်းလေးမှ မမျှော်လင့်ခဲ့။ ကျွန်တော်သည် သူတို့နှင့် ဖက်လှဲတကင်း ဝမ်းသာအားရ စကားတွေ ဖောင်ရမိ၏။

ကိုမင်းခိုင်ကြီးသည် ဌာနတစ်ခု၌ ကြီးကြီးမားစတာဖြစ်နေသည်။ ငယ်ငယ်က အစိုးရအထက်တန်းကျောင်း တစ်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဖြစ်နေ၏။ နေတော့ အင်းလျားမြိုင်လမ်းထဲ၌ နေကြသည်ဟုဆိုသည်။ ကျွန်တော့်ကို အလည်လာပါဟု ဖိတ်ရင်း အိမ်လိပ်စာပေးသည်။

ကျွန်တော့် ရင်ထဲတွင်မူ ခိုးလိုးခုလုဖြစ်နေ၏။ ကိုသက်ထွန်းက ဘယ်ရောက်နေသလဲ၊ ငယ်ငယ်နဲ့ကိုမင်းခိုင်တို့ ဘယ်လိုပြန်တွေ့ကြသလဲ။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကျွန်တော့်ရင်ထဲ၌ ဤမေးခွန်းများသည် ထိုးလိုးထောင်လောင်ဖြစ်နေ၏။

ပြေးလွှားဆော့ကစားနေသော သားနှစ်ယောက်ကို ကားပေါ်သို့ တင်ရန်အတွက် ကိုမင်းခိုင်သည် သူ့တံခါးကိုသွား၍ သော့ဖွင့်နေဆဲ ရသမျှ အချိန်ကလေးအတွင်းမှာပင် ကျွန်တော်သည် ငယ်ငယ့်ကိုမေးရ၏။

"ပြောစမ်းပါဦး ငယ်ငယ်၊ မင်းတို့ဟာက ဘယ်လိုဖြစ်ကြတာလဲ၊ ကိုသက်ထွန်းကော"

ငယ်ငယ်သည် ပြုံးလိုက်ပြီးမှ ပြန်ပြောသည်။

"ကိုသက်ထွန်းလား၊ အင်္ဂလန်ကို ပညာတော်သင်သွားရာက နေပြီး ပြန်လာတော့ အင်္ဂလိပ်မ ပါလာတယ်လေ။ ကိုယ်လည်း ကိုယ့်ဇာတ်ကို ကိုယ်မြှုပ်ပြီး ရှမ်းပြည်မှာသွားပြီး ဆရာမလုပ်နေရာက ငယ်ရှိရာကို အလုပ်နဲ့ ပြောင်းလာတဲ့ အစ်ကိုခိုင်နဲ့ ပြန်တွေ့ကြတာပါပဲ။ ကျန်တဲ့အပိုင်းကို ဝိတ်ကားပေါ်မှာရှုဖို့ အိမ်ကိုလာခဲ့ဦးလေကွာ"

ငယ်ငယ်မှာသွားသော ထိုစကားအရ တစ်နေ့တွင်တော့ သူတို့အိမ်သို့ သွားရပေဦးမည်။

တစ်ခုတော့ ကျွန်တော် ဝမ်းသာသည်။ ငယ်ငယ်နှင့် ကိုမင်းခိုင်တို့၏ ဘဝနှစ်ခု ပေါင်းစပ်နိုင်ကြပြီဖြစ်၍ သူတို့နှစ်ဦး၏ အတွေးချင်းလည်း မဝေးကြတော့ပြီဟု ကျွန်တော် ထင်ပါ၏။ ပြီးတော့ ကျွန်တော်သိသော ကံ့ကော်တောမှ အလွမ်းဇာတ်လမ်းများအနက် ကိုမင်းခိုင်နှင့် ငယ်ငယ်တို့၏ ဇာတ်လမ်းကိုမူ အလွမ်းဇာတ်များထဲမှ ဖယ်လိုက်နိုင်တော့မည်ဖြစ်၏။

နောင်အခါများ၌ ကံ့ကော်တောကို ကျွန်တော်ဖြတ်လျှင် ကိုမင်းခိုင်နှင့် ငယ်ငယ်တို့အတွက် ချလိုက်ရတတ်သော သက်ပြင်းတစ်ချက် လျော့သွားနိုင်မည် ဖြစ်ပါသတည်း။

*

(၁၉၆၉ ခု၊ မေလထုတ်၊ စန္ဒာမဂ္ဂဇင်း)



www.foreverspace.com.mm

# အမှတ် ၃

မေလ၏ နွေအလှရက်များ ကုန်လျှင်ပင် မုတ်သုန်တောင်လေနှင့်အတူ ကံ့ကော်တောလည်း စည်စည်ကားကား အသက်ဝင်လှုပ်ရှားပြီ ဖြစ်၏။

တိမ်မည်းညိုညို့ဆီမှ လိမ့်ဆင်းရွာကျလာကြသော မိုးပုလဲရေကြည်ပေါက်တို့သည် ကံ့ကော်မြေကို စိမ်းစိမ်းမြမြ လှသထက် လှစေပြီလည်း ဖြစ်၏။ ကံ့ကော်တောတစ်ခုလုံးသည် စိမ်းလျက်တည်း။ ရွှေပန်းဆိုင် ငုပန်းခိုင်တို့လည်း ပါးပါးလျားလျားရှိကြပြီ။ ငွေဝတ်လွှာ ကံ့ကော်ပွင့်တို့လည်း မရှိတော့။ ရနံ့ပြေပြေသင်းသည့် မဟော်ဂနီ မြပွင့်ငယ်တို့လည်း သုဉ်းကြပြီ။

မြစိမ်းတော၌ ဝင့်ဝင့်ဝါဝါရှိကြသူများမှာ ပတ္တမြားရောင်ရဲသည့် စိန်ပန်း၊ ခရမ်းရောင်လွင်သော ပျဉ်းမနှင့် မွှေးရနံ့ပြေသည့် ပန်းခရေတို့သာလျှင် ရှိကြပါ၏။

အမှန်တကယ်မူ ကံ့ကော်တော၏ ဇွန်လ အလှပန်းတို့သည် အင်းလျားသူနှင့် ဘင်တန်မယ်တို့ပင်ဖြစ်၏။ သြော်၊ သူတို့လေးတွေသာလျှင် မက မြို့ထဲမှလာကြသော နေ့ကျောင်းသူ တက္ကသိုလ်မယ်တို့လည်းရှိကြပါ



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



သေး၏။ ပန်းဟူသမျှတို့၏ အလှသည် မနွမ်းမီသာတည်း။ မကြွေမည်သာတည်း။

မနွမ်းမီမကြွေမီ လန်းလန်းဝေဝေရှိသည့် ပန်းထွေထွေတို့လှလေသမျှ တစ်နေ့တွင်တော့ နွမ်းနွမ်းလျလျ ကြွေကြရမည်သာ ဖြစ်၏။ ကြွေချိန်တန်၍ ကြွေကာ၊ နွမ်းချိန်တန်၍ နွမ်းသည်ကို သဘာဝပင်ဟု သဘောထားချင်ပါ၏။ သူတို့ကို လွမ်းချင်သော်လည်း မ တသချင်ပါ။ သို့သော် ကြွေချိန်မတန်ဘဲ လျက်နှင့် ကြွေရသူ၊ နွမ်းချိန်မတန်ဘဲလျက်နှင့် နွမ်းရသူတို့အတွက်မူ နှမြောတသ ဖြစ်ရပါ၏။

မုတ်သုန်မိုးနှင့်အတူ ကံ့ကော်မြေ၌ လှလှဝေဝေရှိကြသော သူယောင်မယ် အလှပန်းကလေးများကို မြင်ရတိုင်း နွမ်းချိန်မတိုင်ဘဲ နွမ်းကာ၊ ကြွေချိန်မတိုင်ဘဲ ကြွေရသူ 'မြိုင့်'ကို ကျွန်တော် သတိရပါသည်။

မြိုင်တစ်ယောက် ကံဆိုးလှလေခြင်း။

သို့သော် မြိုင်သည် ကျွန်တော်မြတ်နိုးမိခဲ့သော ပန်းတစ်ပွင့်မဟုတ်၊ ကျွန်တော် ခူးခဲ့သော ပန်းတစ်ပွင့်မဟုတ်၊ ကျွန်တော့်လက်တွင်း၌ ကြွေချိန်မတန်သေးဘဲနှင့် ကြွေသွားရသော ပန်းတစ်ပွင့်မှုမဟုတ်။ မြိုင့်ကို ခူးခဲ့၊ ဆင်ခဲ့၊ ပိုင်ခဲ့သူမှာ ကျွန်တော်၏ ချစ်သော သူငယ်ချင်း တင်သန်းတည်း။

အခြေအနေ တစ်စုံတစ်ရပ်နှင့် အခွင့်သင့်တိုက်ဆိုင်ပါမှ ကျွန်တော်က မြိုင့်ကို သတိရမိသူဖြစ်သော်လည်း တင်သန်းတစ်ယောက်မှ မြိုင့်ကို ထာဝရ လိုပင် သတိရလျက်ရှိလိမ့်မည်ဟု ကျွန်တော်ထင်ပါ၏။ အထူးသဖြင့် ဤလို ရာသီရက်မျိုး၌ တင်သန်းသည် မြိုင့်ကို လွမ်းလွမ်းတတ ရှိရှာမည်ဟု ကျွန်တော် ယုံပါ၏။

တင်သန်းတစ်ယောက် လွမ်းလျက်ရှိလေမည့် မြိုင့်ကို ဤရာသီတိုင်လျှင် ကျွန်တော်လည်း ကရုဏာစေတသိက် ဝေဖိတ်ကာ လွမ်းရပါသည်။

မုတ်သုန်မိုးဦးဝယ် လေပြင်းထန်ထန်ရှိလှပါ၏။ ဇွန်လ၏ မိုးဦးမှာပင်





လောကမံ လေပြင်းဒဏ်ကို ခံရင်း မြိုင်တစ်ယောက် ကြွေခဲ့ရသည်မှာ တစ်ဆယ့်ငါးနှစ်ပင် ရှိလှပါပကော။

*

ဤတစ်နှစ်၏ ဖူးသစ်သော ကံ့ကော်တောသူများအနက် ကျွန်တော် ပထမဆုံး သတိပြု ဂရုစိုက်မိသူများတွင် မြိုင်တစ်ယောက် မပါဝင်ခဲ့ပါချေ။ မြိုင်သည် အများထဲမှ တစ်ယောက်လျှင်ဖြစ်ကာ မထူးခြားသူတစ်ဦးသာလျှင်ဖြစ်၏။

မြိုင်သည် အသားဖြူဖြူ၊ အရပ်ရှည်ရှည်၊ မဝိန်မဝ၊ ထူးထူးခြားခြား လှလှပပ ရှိသူလည်း မဟုတ်။ သို့သော်လည်း လူတစ်ကိုယ်တွင်မူ တစ်မူထူးသည့် အမှတ်ပြုစရာ၊ အများနှင့်မတူသော ခြားနားချက်ကလေးများ ရှိတတ်သည်သာ ဖြစ်၏။ ယင်းခြားနားချက်ကလေးမျိုးသည် မြိုင်၌လည်း ရှိပါ၏။

တင်သန်းနှင့်ပတ်သက်ပြီး မြိုင်နှင့် ရင်းရင်းနှီးနှီး သိကျွမ်းခင်မင်လာသောအခါတွင်မှ ကျွန်တော်သည် မြိုင်၏ ထူးခြားချက်ကလေးများကို သတိပြုမိရသည်။ တင်သန်းက သူချစ်သောသူတစ်ယောက်ကို ယခုနှစ် တက္ကသိုလ်သို့ရောက်သော ကျောင်းသူအသစ်ကလေးများထဲ၌ မရှာဘဲနှင့် တွေ့ပါပြီဟု ပြောလာသောအခါ၌ ကျွန်တော်သည် စကားမဆိုနိုင်ဘဲ သူ့ကိုသာ ငေးကြည့်နေလိုက်မိသည်။

ဤစကားကို တကယ်ပင် တင်သန်းပြောလေသလားဟူ၍လည်း ကျွန်တော်သည် စူးစမ်းလိုက်မိရပါ၏။

တင်သန်းသည် ပျော်တတ်နောက်တတ်သူ၊ အမြဲလိုလို ရွှင်ရွှင်ပျပျ ရှိတတ်သူတစ်ဦး ဖြစ်သော်လည်း မမှန်သောစကားကိုမူ အလေးအနက် ထား၍ ပြောတတ်သူမဟုတ်။ ယခုမူ တင်သန်းသည် သူ ချစ်သူတွေ့သည့် အကြောင်းကို အလေးအနက်ထား၍ပြောနေကြောင်း ကျွန်တော် အကဲခတ်၍ ရသည်။

ယခုနှစ် တက္ကသိုလ်သို့ရောက်သော ဖရက်ရှာကျောင်းသူအသစ်



www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကလေးများထဲမှ မရှာဘဲနှင့် တွေ့သည်ဆိုသော တင်သန်း၏ ချစ်သူအကြောင်းကို ကျွန်တော်သည် စိတ်ဝင်စားစွာ နားထောင်ခဲ့ရပါ၏။

သူ့ချစ်သူမှာ မလေးမြိုင်ဟုဆိုသည်။ သို့သော် မလေးမြိုင်သည် သူ့ကိုယ်သူ 'မြိုင်' ဟုခေါ်၍ ပြောလေ့ရှိကာ တင်သန်းကလည်း သူ့ကို 'မြိုင်' ဟုသာ ခေါ်သည်ဆိုပါ၏။

တင်သန်းနှင့်မြိုင်တို့ စတင်တွေ့ပုံမှာ ရိုးရိုးနှင့် ဆန်းဆန်းလေးပင် ဖြစ်သည်။ စိတ်ဝင်စားစရာလည်း ကောင်း၏။

အင်းလျားကျောင်းဆောင်ဘက်ဆီမှ တက်၍လာသော ကော်ရစ်ဒါလမ်းတစ်လျှောက် ပါဏဗေဒဌာနအဆုံး (L.C.R) ခေါ် ကျောင်းသူများ နားနေရာ အခန်းအနီးရှိ ထောင့်ချိုးနေရာသည် ကျောင်းသူကျောင်းသားတို့ မကြာခဏတိုက်မိ၊ တိုးမိတတ်သော ရင်ခုန်စရာနေရာတစ်ခုပင် ဖြစ်သည်။

ထိုနေရာ၌ပင် တင်သန်းနှင့်မြိုင်တို့ ရင်ခုန်ခဲ့ကြရပါသည်ဟု တင်သန်းက နိဒါန်းချီ၍ ဆိုပါ၏။

တင်သန်းက ရူပဗေဒလက်ချာအပြီးတွင် ကလပ်(စ်)တစ်ခုကို လစ်ကာ အင်းဝကျောင်းဆောင်ဘက်ဆီသို့ကူးရာ စင်္ကြံလမ်းဆီသို့ ခပ်သွက်သွက်အပြန် ကလပ်(စ်)နောက်ကျနေ၍ ကမန်းကတန်း အရေးတကြီး ပါဏဗေဒဌာနဘက်ဆီမှ ဖြတ်၍လာသော မြိုင်နှင့် ထိုအကွေ့ထောင့်ချိုး၌ ရင်ဆိုင်တိုးခဲ့ကြသည်။ ယောကျ်ားအားနှင့် အတိုးအတိုက်ခံရသော မြိုင်သည် သွက်သွက်ခါပင် တပတ်လည်သွားရှာသည်။ မြိုင့်လက်တွင်းမှ စာအုပ်များလည်း အောက်သို့ လွတ်ကြကုန်သည်။

တင်သန်းသည် ပထမသော် မျက်လုံးများ ပြာသွားသည်။ ပြီးမှ အားနာလွန်းသောစိတ်နှင့် ခြေမကိုင်မိလက်မကိုင်မိဖြစ်ကာ မြိုင့်ကိုကြည့်မိရ၏။ မြိုင့်လက်တွင်းမှ လွတ်ကျသွားကြသော စာအုပ်များကို ကမန်းကတန်းပင် လိုက်လံ၍ ကောက်ယူကာ မြိုင့်ဆီသို့ လှမ်းပေးရသည်။ နှုတ်မှလည်း....





"ဆောရီးပဲဗျာ၊ ဆောရီးပဲ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"ဘာ ကျွန်တော့်ကို ခွင့်လွှတ်ပါလဲ။ လူတစ်ကိုယ်လုံးကို ရှင် မမြင်ရအောင် ကန်းနေလို့လား"

မြိုင်သည် ရှက်သွေးကြောင့် နီရဲနေသော မျက်နှာထား တင်းတင်းကလေးနှင့် ခပ်ဆတ်ဆတ်ကလေး ဘုတောလိုက်သောကြောင့် တင်သန်းသည် ကြောင်အမ်းအမ်းဖြစ်သွားရကာ ဘာမျှပြန်မပြောနိုင်ဘဲ ရှိသွားရသည်။

တင်သန်းက ငိုင်နေသဖြင့် မြိုင်သည် တင်သန်း၏လက်ထဲမှ ကိုင်ထားသော သူ့စာအုပ်များကို ဆွဲယူလိုက်ပြီး ခြေကို ခပ်ဆောင့်ဆောင့်ကလေး ဖိနင်းကာ ဖိုးဖိုးဖတ်ဖတ်ဟန်နှင့် ထွက်သွားသည်။ တင်သန်းသည် ရင်ခုန်ရင်းပင် ကျန်ရစ်ခဲ့ရသည်။ ခြေကိုဆောင့်၍ နင်းသွားသော မြိုင်၏ လမ်းလျှောက်သွားဟန်ကို နောက်မှငေး၍ ကြည့်နေမိရင်းလည်း သူ့ရင်ထဲ၌ လှိုက်လှိုက်ခုန်ခုန်ရှိရာမှ ဒေါသစိတ်ကလေး ပေါက်ဖွားလာရသည်။

ထို့ကြောင့် သူသည် မြိုင့်ကိုကြည့်နေမိရာမှ ချာခနဲလှည့်ကာ ထွက်လာခဲ့သည်။ သူ့စိတ်ထဲတွင်မူ မကျေချမ်းစိတ်နှင့် တနုံ့နုံ့ရှိနေရ၏။

မိမိက အားတုံ့အားနာဖြစ်မိရကာ တလေးတစား တောင်းပန်ပါလျက်နှင့် "ရှင်မမြင်ရအောင် ကန်းနေလို့လား" ဟု ရိုင်းရိုင်းစိုင်းစိုင်း ပြောသွားသည်ကို ခံပြင်းမိရသည်။ တစ်နေ့တွင် ဒီကလေးမကို ပြန်တွေ့က လက်စားချေလိုက်မည်ဟူ၍လည်း 'တေး' ထားလိုက်မိသည်။

သို့သော် မြိုင်နှင့် တကယ်တမ်း တော့တော့ဆိုင်ဆိုင် ပြန်တွေ့လိုက်သောအခါ၌မူ တင်သန်းသည် မြိုင့်ကို လက်စားမချေလိုက်ရ၊ ရန်မတွေ့လိုက်ရ။

မြိုင့်ကို ကျေးဇူးပင် တင်လိုက်ရသေးသည်။

တင်သန်းသည် တစ်ညနေခင်း ဓာတုဗေဒ လက်တွေ့သင်တန်းအပြီး၌ ပြည်ကျောင်းဆောင်သို့အပြန် ခပ်ဆာဆာရှိသည်နှင့် လှည်းတန်းထိပ်



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဆိုင်တန်းများမှ ခေါက်ဆွဲဆိုင်တစ်ဆိုင်သို့ ဝင်၍ ခေါက်ဆွဲကြော်စားသည်။

သတင်းစာကို ဖတ်ရင်း ခေါက်ဆွဲကြော်ကို အေးအေးဆေးဆေးစား အပြီး၌ ကျသင့်ငွေကိုပေးရန် ဆိုင်ရှင်ကိုခေါ်လိုက်သည်။ ပိုက်ဆံပေးရန် အတွက် သူ့အိတ်ကိုနှိုက်ရင်းပင် တင်သန်းသည် ချွေးပြန်လာရသည်။ ရှပ်အင်္ကျီအိတ်ထဲ၌ သမဂ္ဂအသင်းဝင်ကတ်ပြားနှင့် စာရွက်အခေါက်အချို့ တို့မှလွဲ၍ ပိုက်ဆံဆို၍ တစ်ပြားမှမပါ၊ အပေါ်အင်္ကျီအိတ်တို့၌လည်း ဟာလာ ဟင်းလင်း။

တင်သန်းသည် ချွေးပြန်လာသော သူ့နဖူးကို လက်ကိုင်ပုဝါနှင့်သုတ်ရင်း စားပြီးသမျှ ခေါက်ဆွဲများ အစာမကြေဖြစ်နေရသည်။ ရှပ်အင်္ကျီ အသစ် လဲဝတ်လာမိရာတွင် အင်္ကျီဟောင်းထဲမှ ပိုက်ဆံများကို ထုတ်မယူခဲ့မိ၊ မေ့တတ်သော သတိကြောင့် ယခုမှ ဒုက္ခကြီးလှလှတွေ့ရချေပြီ။

ဆိုင်ရှင် တရုတ်ကပြားမကြီးလည်း သူ့အနီး၌ ရပ်လျက်ရှိနေပြီး တင်သန်းပေးမည့်ငွေကို ယူရန် အသင့်ပြင်ထားသော လက် အနေအထား။

တင်သန်းသည် တရုတ်ကပြားမကြီး၏ လက်တစ် လျှောက်မှတစ်ဆင့် သူ့မျက်လုံးများကို လျှောတိုက်သွားကာ တရုတ်မကြီး၏ မျက်နှာဆီသို့ရောက်မှ ရပ်လိုက်၏။ တရုတ်ကပြားမကြီးသည် သူ့ကို ပြုံးပြုံးကြီးလုပ်ကာ ကြည့်နေ သည်။ ဆိုင်ရှင်မကြီးက သူ့ကို ပြုံးကြည့်လေ သူသည် ဇောချွေးပြန်ရလေ ဖြစ်၏။ သူ့မျက်နှာကို လက်ကိုင်ပုဝါဖြင့် တအားဖိ၍ သုတ်မိရပြန်၏။

"ဟဲ.... ဟဲ"

တင်သန်းသည် အဓိပ္ပာယ်မရှိပင် သူ့သွားကိုဖြဲကာ ရယ်ပြလိုက်သည်။ ဆိုင်ရှင် တရုတ်မကြီးကလည်း 'ဟဲ.... ဟဲ' ဟု သူ့ကို ပြန်ရယ်၏။ တရုတ် မကြီးက ရယ်ပြလေ တင်သန်းမှာ ရင်ခုန်ရလေဖြစ်၏။

"အင်း.... အင်း.... ဘယ်လောက်ကျလဲ"

တင်သန်း၏အမေးကို ဆိုင်ရှင်မကြီးကရယ်ရင်း ဖြေ၏။



www.foreverspace.com.mm



"တစ်ကျပ်တည်းပါ"

သို့သော် ထိုတစ်ကျပ်ကိုပင် တင်သန်း၌ ပေးစရာမရှိ။ တစ်ကျပ်မဆို ထားနှင့် သူ့အိတ်ထဲ၌ ပိုက်ဆံ တစ်ပြားပင်မရှိ။

"အင်း.... အဲ.... အဲ....၊ ကျွန်တော့်မှာ ခု.... အခု.... ပေး.... ပေးစရာ ပိုက်ဆံ ပါမလာဘူး"

ထိုစကားလုံးများသည် တင်သန်း၏နှုတ်မှ အထစ်ထစ်အငေါ့ငေါ့နှင့် ထွက်သွားကြသည်။ သို့သော် ဆိုင်ရှင် တရုတ်ကပြားမကြီးသည် သူ့ကို ငေးကြည့်နေသည်။

အထစ်ထစ် အငေါ့ငေါ့နှင့်ပင် တင်သန်းက စကားဆက်သည်။

"ပိုက်.... ပိုက်ဆံ.... မေ့.... မေ့ မေ့ကျန်နေခဲ့လို့၊ ကျွန်....ကျွန်တော် အခုပြန်လာပြီး ပေး.... ပေးပါ့မယ်။ မ.... မယုံရင် ကျွန်တော့်ဖောင်တိန်ကို ခဏယူထားလိုက်ပါ"

တင်သန်းသည် ပြောပြောဆိုဆိုပင် သူ့အိတ်၌ ချိတ်ထားသော ဖောင်တိန်ကို ဖြုတ်ယူလိုက်သည်။

"ဒီမှာ.... ဒီမှာ.... ရှင့်"

မမျှော်လင့်သောအသံကို ကြားလိုက်ရသဖြင့် တင်သန်းသည် အသံ လာရာဆီသို့ လှည့်ကြည့်လိုက်၏။ အသံကို မမျှော်လင့်ခဲ့မိသလိုပင် မမျှော် လင့်သောသူကိုလည်း တင်သန်း တွေ့လိုက်ရ၏။ တမြန်နေ့က ကော်ရစ်ဒါ ထောင့်ချိုးတွင် ရင်ဆိုင်တိုးခဲ့သော အမျိုးသမီးပါတကား။ ကျောင်းသူ အမျိုးသမီးသည် ပြုံးနေ၏။ ပြီးမှ အေးဆေးညင်သာစွာပင် ပြောသည်။

"ရှင့်အခက်အခဲကို ကျွန်မ မြင်လို့ ကူညီပါရစေ။ ရှင့်ကို စောစော ကတည်းက ကျွန်မ မြင်လို့ ဂရုစိုက်ပြီး ကြည့်နေမိပါတယ်"

သူသည် စကားကိုဖြတ်ပြီး ငါးကျပ်တန်ငွေစက္ကူကို ဆိုင်ရှင်မကြီး အား လှမ်းပေးလိုက်သည်။



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



"ကျွန်မတို့မှာထားတဲ့ အစိမ်းကြော်ဖိုးကော၊ ဒီခေါက်ဆွဲဖိုးကော ယူလိုက်ပါ"

ငွေစက္ကူကိုယူ၍ ဆိုင်ရှင်မကြီးလှည့်ထွက်သွားသည်အထိ တင်သန်းသည် ဘာစကားကိုမှ မဆိုလိုက်နိုင်။

"ကျွန်မ ဒီဆိုင်ထဲကို ဝင်လာကတည်းက ရှင့်ကို မြင်တယ်။ ရှင်ကတော့ ကျွန်မတို့ကို မမြင်ဘူး။ ဒါကြောင့် ကျွန်မလည်း ခုတော့ စဉ်းစားမိပါပြီ။ ဟိုတစ်နေ့က ရှင် မြို့င့်ကိုမမြင်ဘဲ မတော်တဆ တိုက်မိတယ်ဆိုတာ ဟုတ်မှာပဲလို့လေ"

မြိုင်သည် ပြောပြောဆိုဆိုပင် အသံကလေးထွက်အောင် ရယ်လိုက်သည်။ တင်သန်းကလည်း ယောင်တောင်တောင်နှင့်ပင် လိုက်ရယ်လိုက်မိ၏။

"ရှင့်ကြည့်ရတာ သိပ်အတွေးလွန်တတ်တဲ့ အတွေးသမားကြီးနဲ့ တူတယ်။ လူကိုလည်း မမြင်ဘဲ တိုက်တတ်တယ်။ ငွေကိုလည်း မယူဘဲ မေ့တတ်တယ်"

မြိုင့်စကားကြောင့် တင်သန်းသည် ရယ်လိုက်ရပြန်၏။ ဤကလေးမကို ပြန်တွေ့လျှင် လက်စားချေကာ ရန်တွေ့လိုက်မည်ဟု အားခဲထားခဲ့သော စိတ်ကူးတို့သည် ထိုခဏမှာပင် တင်သန်း၏ ရင်ထဲ၌ ပျော်၍ ကျခဲ့ရပြီဖြစ်သည်။ မြိုင်၏အဖော်ဖြစ်သော ကျောင်းသူတစ်ဦးသည် မနီးမဝေးရှိ စားပွဲ၌ ထိုင်ရင်း သူတို့ကို လှမ်းကြည့်နေသည်။ တင်သန်းက နှုတ်ဆိတ်၍ နေသလောက် မြိုင်ကမူ နှုတ်သွက်လှသည်။

"ရှင့် နုတ်စာအုပ်တစ်အုပ်များ မပျောက်ဖူးလား"

တင်သန်းသည် ဆတ်ခနဲဖြစ်သွားရ၏။ မြိုင်နှင့် လူချင်းတိုက်မိသော တမြန်နေ့က တင်သန်းသည် သူ့မှတ်စုစာအုပ် ဖိုင်ကလေး ပျောက်ခဲ့ရသည်။ ဘယ်နေရာမှာ ပျောက်ခဲ့သည်မသိ။ သင်တန်းခန်းမတွင်လား၊ လက်ဖက်ရည်ဆိုင်မှာလား၊ သို့မဟုတ် တစ်နေရာရာမှာ မေ့ကျန်ခဲ့လေသလား။ ဘယ်မှာ





ပျောက်ခဲ့သည်ကိုသာ မမှတ်မိသော်လည်း သူ့စာအုပ် ပျောက်ခဲ့ရသည်မှာတော့ အမှန်ပင် ဖြစ်၏။

မြိုင်သည် ခပ်ပြုံးပြုံးပင် သူ့ကို ကြည့်နေသည်။

"ရှင်တော်တော် အံ့ဩနေသလား၊ မအံ့ဩပါနဲ့လေ။ ရှင့်စာအုပ် မြိုင့်ဆီမှာ ရှိပါတယ်"

မအံ့ဩပါနဲ့ဟု မြိုင်ကဆိုသော်လည်း မြိုင့်စကားကြောင့်ပင် တင်သန်းသည် အံ့ဩလိုက်ရပြန်သည်။

"မြိုင်နဲ့ တိုက်မိတဲ့နေ့က ရှင့်လက်ထဲက မြိုင့်စာအုပ်တွေကို ဆွဲယူသွားတော့ ရှင့်ဖိုင်စာအုပ်ကလေးပါ ပါလာတယ်။ ရှင့်ကို ပြန်ပေးဖို့အတွက် ကလပ်(စ်)တက်တိုင်း မြိုင် ရှင့်ကိုရှာနေတာပါ။ တွေမယ့်တွေ့တော့လည်း ခုမှ တွေ့တယ်"

မြိုင်သည် ပြုံး၍ပြောနေရာမှ သူ့မျက်နှာကလေးကို တည်တည်ငြိမ်ငြိမ်ကလေး ဖြစ်စေလိုက်ရင်း ဆက်ပြောလိုက်သည်။

"ဟိုတစ်နေ့က ကိစ္စအတွက် မြိုင် စိတ်မကောင်းပါဘူး။ ရှင့်ကို မြိုင် ပြောမိဆိုမိတာ နည်းနည်းလွန်သွားတယ်။ မတော်တဆ တိုက်မိတာပါလို့ ရှင်က တောင်းပန်နေရက်နဲ့ မြိုင်က ရှင့်ကို ကန်းနေသလား၊ ဘာလားလို့ ပြောမိတာကတော့ မြိုင့်အလွန်ပါ။ ဒီအတွက်လည်း ရှင့်ကိုတွေ့ရင် တောင်းပန်မယ်လို့ မြိုင် စိတ်ကူးထားခဲ့ပါတယ်။ အမှန်ကတော့ အဲဒီထောင့်ချိုးမှာ တချို့ကျောင်းသားတွေက တမင်စောင့်ပြီး ကျောင်းသူတွေကို တမင်တိုက်တတ်ကြလို့ ရှင့်ကိုလည်း အဲဒီကျောင်းသားမျိုးထင်ပြီး မြိုင် ဒေါသဖြစ်ဖြစ်နဲ့ ရန်တွေ့မိတာပါ။ ကျွန်မကို ခွင့်လွှတ်ပါနော်"

"အို ကိစ္စမရှိပါဘူးဗျာ။ တောင်းပန်စရာ မလိုပါဘူး။ ရုတ်တရက် အထင်လွဲလို့ ပြောမိတာပဲဟာ"

တင်သန်းသည် လိုက်လိုက်လျောလျောကြီးပင် ရှိနေသည်။ အစက



www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



မကျေမချမ်းနှင့် အာဃာတ ထားခဲ့ဖူးသော တင်သန်း၏ ဒေါသများသည် မြူစမြူမှုန်မျှပင် မကျန်တော့။

"ရှင်အားတဲ့တစ်နေ့ မြိုင့်ဆီကို စာအုပ်လာယူပေါ့။ မြိုင်နေတာ အင်းလျားဟောလ်၊ အခန်းနံပါတ် (၅၈) မှာပါ"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲဗျာ။ ကျွန်တော် လာခဲ့ပါမယ်"

ခုမှပင် တင်သန်းသည် နှုတ်သွက်လာသည်။

ဤနည်းဖြင့်ပင် တင်သန်းသည် မြိုင်နှင့်စတင်၍ သိခဲ့၊ ခင်ခဲ့၊ ရင်းနှီးခဲ့ရသည်ဟုဆိုပါ၏။ တစ်ပတ်လျှင် နှစ်ညနေလောက်တော့ တင်သန်းသည် မြိုင့်ထံသို့ မပျက်မကွက်ရောက်စမြဲပင်။

အင်းလျားဟောလ် ဧည့်ခန်းဆောင်တွင်း၌ တင်သန်းနှင့် မြိုင်တို့ ထိုင်ကာ စကားလက်ဆုံကျတတ်သလို ကံ့ကော်ပင်တန်းတစ်လျှောက်၏ အောက်၌လည်း အတူတွဲ၍ စကားဆိုခဲ့ကြဖူးကာ အင်းလျားကန်ရေစပ် သောင်ကမ်းပါး၌လည်း နှစ်ယောက်ယှဉ်၍ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရင်း ပီတိဖြာတတ်ကြသေးသည်။

တင်သန်းသည် သူမမျှော်လင့်ဘဲ ကြုံခဲ့၊ ဖြစ်ခဲ့ရသော သူ၏ 'ချစ်ဇာတ်လမ်း' ကို ကျွန်တော့်အား ပြောပြခဲ့ရုံသာမက သူချစ်သူမြိုင်နှင့် ကျွန်တော့်ကို မိတ်ဆက်ပေးခဲ့သေးသည်။

မြိုင်နှင့် ရင်းရင်းနှီးနှီး သိကျွမ်းခင်မင်ခဲ့ရပြီးမှ ကျွန်တော်သည် မြိုင်၌ ရှိသော အထူးအခြား ဝိသေသကလေးများကို မြင်နိုင် တွေ့နိုင်ရှိခဲ့ရသည်။

မြိုင် ပြုံးလျှင် ပါးချိုင့်ကလေးပေါ်သော အလှသစ်တစ်ခု ပေါက်ဖွား တတ်ပါ၏။ မြိုင့်မျက်လုံးနှင့်ဆုံမိလျှင် တဖျပ်ဖျပ် ခတ်တတ်သော မြိုင်၏ မျက်တောင်ကော့ကြီးများ အောက်ဝယ် ရီသေလဲ့ရွှန်းနေသော မျက်လုံးကြည် ကြည်ဝန်းကို စိတ်လှုပ်ရှားစွာ မြင်ရမည်ဖြစ်၏။ မြိုင်စကားပြောလျှင် မြိုင့်အသံသည် ကြည်လင်အေးမြ ချိုသာလှ၏။ တဒင်္ဂအမြင်၌ မြိုင်သည်



www.foreverspace.com.mm



လှလှပပမရှိဟန် ထင်ရသော်လည်း နီးနီးကပ်ကပ် ဇွေဇွေစပ်စပ် ရင်းနှီးလေမှ မြိုင်၏အလှသည် အလေးအနက်ပေါ်လွင်ရသည်။

မြိုင်သည် ရုပ်သဏ္ဌာန်နှင့် သူ့ဟန်သာလျှင် တင့်တင့်တယ်တယ် ယဉ်ယဉ်စစရှိလှသည်မဟုတ်၊ သူ့စိတ်ထားသည်လည်း ရိုးသားပွင့်လင်း ဟန်ဆောင်ခြင်းကင်းပါ၏။ ဟန်ဆောင်ခြင်း ကင်းသူများ၌လည်း တကယ့် သတ္တိရှိစမြဲပင်။

မြိုင်သည် သတ္တိရှိပါ၏။ မြိုင်သည် ကြုံလာသောအဖြစ်ကို ရဲရဲရင့်ရင့် ရင်ဆိုင်ရဲပါ၏။ မြိုင်သည် လက်တွေ့ဘဝကို မကြောက်တတ်ပါချေ။

*

တင်သန်းသည် သူ့အခန်းတံခါးကို ပိတ်ထားခဲ့ကာ တစ်နေ့နှင့် တစ်ည ပျောက်နေပြီးမှ ပြန်ရောက်လာသည်။ ရောက်လျှင်ရောက်ချင်းပင် သူ ကျွန်တော့်ဆီသို့ လာသည်။

ဒီဇင်ဘာလဦးပိုင်းပင် မြူနှင်းတို့ဝေဝေလွှင်နေသည်။ စာမေးပွဲကြီး နီးလာပြီဖြစ်၍ ကျွန်တော်သည် စာကြည့်စားပွဲ၌ ဖင်မြဲမြဲနှင့် ထိုင်စပြုနေသည့် ကာလလည်းဖြစ်၏။

အခန်းတွင်းသို့ ဝင်လာသော တင်သန်း၏မျက်နှာမှာ ခပ်ညှိုးညှိုး ရှိနေသည်။ သူသည် ကျွန်တော့်ဘေးရှိ ကုလားထိုင်၌ ဝင်ထိုင်လိုက်သည်။ တင်သန်း၏အမူအရာမှာ ထူးခြားနေ၍ ကျွန်တော်ကပင် စတင်ကာ မေးလိုက်မိသည်။

"ဟေ့ကောင်ကြီး နှစ်ရက်လုံးလုံး ဘယ်ပျောက်နေတာလဲ။ မနေ့ည ကလည်း မင်း အခန်းကို ပြန်မအိပ်ဘူးဆို။ မင်းအိမ်ကို ပြန်အိပ်တာလား"

တင်သန်း၏ မိဘများသည် ဗဟန်း၌ နေကြသည်။ သို့သော်လည်း တင်သန်းသည် သူ့အိမ်၌နေလျက် နေ့ကျောင်းသားအဖြစ်ဖြင့် ကျောင်း



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



မတက်ဘဲ အစစ အဆင်ပြေသော ကျောင်းဆောင်၌ လာနေသူဖြစ်သည်။

"မဟုတ်ပါဘူးကွာ။ အိမ်ကို လုံးလုံး မရောက်ပါဘူး။ အေး၊ နောက်ကိုလည်း ငါ့အိမ်ကိုတောင်မှ ငါ ရောက်ခွင့် ကြုံချင်မှ ကြုံတော့မှာပါ အေးဝင်းရယ်"

သူ့စကားခပ်ဆန်းဆန်းကြောင့် ကျွန်တော်သည် သူ့ကို မျက်မှောင် ကုတ်၍ ကြည့်လိုက်မိရ၏။

"ဟေ့ကောင် တင်သန်း၊ ဘာစကားပြောတာလဲ"

"ငါတကယ်ပြောတာပါ သူငယ်ချင်းရာ။ ငါ့အိမ်နဲ့ ငါနဲ့ အဆက် ပြတ်ရတော့မှာပါ"

"ကဲ၊ ဆိုစမ်းပါဦး၊ ဘာဖြစ်လို့လဲ"

သူသည် ချက်ချင်းပြန်မဖြေသေးဘဲ သက်ပြင်းတစ်ခုကို လေးလေး ပင်ပင် ချလိုက်သည်။ ပြီးမှ ပြန်ပြောသည်။

"ငါ မြိုင့်ကို မနေ့ကပဲ ခိုးပြေးခဲ့ပြီကွ"

တုံးတိတိပြောလိုက်သော တင်သန်း၏စကားကြောင့် ကျွန်တော့် မျက်လုံးများကျယ်သွားရ၏။ တင်သန်းတစ်ယောက် 'နောက်' များ နေလေ သလားဟုလည်း သူ့ကို စေ့စေ့စပ်စပ် အကဲခတ်ရသေးသည်။သူ့အမူအရာမှာ နောက်ပြောင်နေဟန်မရှိ။ သူ့မျက်နှာထားသည် တည်ငြိမ်လေးနက်နေသည်။

"ဟာ မင့်ဟာကလဲ ဆိုင်းသံမကြား ဗုံသံမကြားကွာ။ ဘယ်လို ဖြစ်တာလဲ။ ငါ့ကိုတောင် မတိုင်ပင်ဘူး"

ကျွန်တော်သည် အံ့သြစွာ ပြောမိရရင်း သူ့ကိုပါ အပြစ်တင်လိုက် မိသည်။

"မင့်ကို မတိုင်ပင်တာကတော့ တိုင်ပင်စရာလည်း မလိုတော့တဲ့ အခြေ အနေမျိုး၊ မြိုင့်ကို ခိုးမပြေးလို့ကို မဖြစ်တော့တဲ့ အခြေအနေမျိုးမို့ပါ သူငယ်ချင်းရယ်။ ပြီးတော့ စာမေးပွဲနီးလို့ စာကျက်နေတဲ့ မင်းအရှိန်လည်း





မပျက်စေချင်လို့ပါ။ ဒါကြောင့်မို့ တို့နှစ်ယောက် ရုံးတက်လက်ထပ်တာ တောင်မှ မင့်ကို မခေါ်ခဲ့မိဘူး။ မင့်ကိုတင် မဟုတ်ပါဘူး။ ဘယ်သူငယ်ချင်း ကိုမှ ငါမခေါ်ခဲ့ပါဘူး။ အေး တင်အောင်တစ်ယောက်ကိုသာ သူ့ကား အကူအညီ ယူခဲ့ရလို့ သူ့ကိုပဲ အသိပေးခေါ်ခဲ့ရတာ။ ဒီအတွက်တော့ ငါ့ကို ခွင့်လွှတ်တော့ သူငယ်ချင်း"

"ငါ့ကို ကြိုတင်ပြီး အသိမပေးတာ ထားပါတော့ကွာ။ ဒါပေမယ့် ဘာဖြစ်လို့ ခုလို အချိန်မကျသေးဘဲ စာမေးပွဲနီးရက်နဲ့ ခိုးပြေးရတာလဲ"

တင်သန်းသည် သူ့ဆံပင်များကို လက်နှင့် ထိုးဖွလိုက်ရင်း သက်ပြင်း ကိုချပြန်သည်။

"မြိုင့်မှာ ကိုယ်ဝန်ရှိနေပြီကွ၊ သုံးလတောင်ရှိနေပြီ။ သူ့ကို ခိုးပြေးဖို့ ဒီအကြောင်းထက် ခိုင်လုံတဲ့အကြောင်းတော့ မရှိတော့ပါဘူးကွာ၊မှတ်ဖူးလား"

ကျွန်တော်သည် ဘာမျှပြန်မပြောနိုင်ဘဲ ငိုင်၍သာ နေလိုက်မိသည်။ ပြီးမှ တင်သန်းနှင့် မြိုင့်အတွက် ကျွန်တော် သက်ပြင်းချရပါ၏။

တင်သန်းနှင့် မြိုင်တို့၏ ချစ်ခရီးသည် တစ်နှစ်ပင်ကျော်ခဲ့ပြီ။ ဤ တစ်နှစ်အတွင်း၌ သူတို့နှစ်ဦးသည် တနင်္ဂနွေနေ့တိုင်းလိုပင် မြို့ထဲသို့ ထွက်ကာ ရုပ်ရှင်အတူကြည့်ခဲ့၊ လည်ခဲ့ ပတ်ခဲ့ ရှိခဲ့ကြသည်။ ဒါပင်မက မြို့ထဲ၌ရှိသော တင်သန်းသူငယ်ချင်းတစ်ဦး၏ အိမ်၌လည်း လွတ်လပ်စွာ နားနားနေနေ နေခွင့်ရတတ်ကြသေးသည်ကို ကျွန်တော် သိခဲ့ပြီးဖြစ်၏။

အချိန်မတိုင်မီ အခြေအနေမမှန်မီ ဤမျှ လွတ်လွတ်လပ်လပ် နှစ်ဦး တည်းနေခွင့်ရခဲ့ခြင်းသည် တင်သန်းနှင့် မြိုင်တို့အတွက် အမှန်တကယ်မှု ကံကောင်းခြင်းမဟုတ်၊ သူတို့အတွက် ကြိုတင်၍ ကျွန်တော်စိုးရိမ်ခဲ့မိခြင်း များသည် ယခုတော့ တကယ်လက်တွေ့ဖြစ်ပါပကော။

ယခုမှတော့ ကျွန်တော်သည် မည်သူ့ကိုမှ အပြစ်တင်၍ မဖြစ်တော့၊ သို့သော်လည်း....။



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



သို့သော်လည်း....

လူငယ်သဘာဝ မှားခဲ့ကြရှာသည်ဟုသာ ခွင့်လွှတ်စိတ်နှင့် ကိုယ့်ကိုယ်ကို ဖြေသိမ့်ရသော်လည်း အမှန်တကယ်မူ ဤအသက်အရွယ် ဤပညာရှိပြီး ဆင်ခြင်တုံတရားများ ထားသင့်သော တင်သန်းအနေဖြင့် ဤမျှလက်လွှတ်စပယ် စိတ်အလိုလိုက်ကာ 'မီးတိုးသည့်ပိုးဖလံ' လိုကျင့်ခဲ့သည့်အတွက် သူ့ကိုသာလျှင် ကျွန်တော် ကရုဏာဒေါသော ဖြစ်မိရပါသေး၏။

"ဒီကိစ္စကိုတော့ မြိုင့်အိမ်က မကြာခင်အတွင်း သိသွားမှာပဲကွာ။ ငါ့အနေနဲ့သာ ငါ့အိမ်က တော်တော်နဲ့မသိအောင် ငါ တတ်နိုင်သမျှ ဖုံးထားရမှာပဲ"

တင်သန်းသည် ဤကိစ္စကို သူ့အိမ်က မသိအောင် ကူညီ၍ ဖုံးဖိပေးပါဟု ကျွန်တော့်ကို တောင်းပန်သည်။ နေ့ပိုင်းတွင် သူ ကျောင်းလာတက်မည်။ ညတိုင်လျှင် မြိုင့်ထံသို့ သူပြန်မည်ဟုလည်း ဆိုသည်။

ထိုစဉ် ထိုကာလ ကျွန်တော်တို့နေခဲ့ရသော လွတ်လပ်ရေးခေတ်ဦးပိုင်း တက္ကသိုလ်သည် လွတ်လွတ်လပ်လပ် ရှိလွန်းလှသည်။ ကျောင်းဆောင်ရှိ ကိုယ့်အခန်း၌မအိပ်ဘဲ သော့ခတ်သွား၍လည်း ဘယ်သူကမှ ကျွန်တော်တို့ကို လာမစစ်၊ ဘယ်သူကမှလည်း ဘာမျှမပြော။

တင်သန်းသည် ကျွန်တော့်ကို အကျိုးအကြောင်းပြောပြီးနောက် လာမည့်စနေနေ့တွင် သူ့အိမ်သို့ ထမင်းစားလာပါဟုမှာပြီး သူ့အိမ်လိပ်စာကို ရေးပေးခဲ့သည်။

တင်သန်းနှင့် မြိုင်သည် တာမွေ ပုလဲလမ်းအတွင်း၌ အိမ်ခန်းကလေးတစ်ခန်းငှားကာ နေကြသည်။တစ်လလျှင် ငွေနှစ်ဆယ် အိမ်လခပေးကြရ၏။ အခန်းကလေးမှာ ရှစ်ပေခန့်မျှသာ ကျယ်ဝန်းမည်ဖြစ်သည်။ နောက်ပိုင်းသို့မူ ပေနှစ်ဆယ်အစိတ်နီးပါးခန့် ရှည်မည် ထင်ပါ၏။ ကြမ်းခင်းမှာ ကျိုးတိုးကျဲတဲ ခင်းထားသော မညီမညာ ပျဉ်ပြားများဖြစ်ကာ ထရံမှာမူ ဝါးထရံ



www.foreverspace.com.mm



ဖြစ်သည်။ ခန့်ခန့်ညားညား သပ်သပ်ရပ်ရပ်ရှိသော အင်းလျားဆောင်ကံ့ကော်နန်းမှ တက္ကသိုလ်၏ သူယောင်မယ်တစ်ဦးဖြစ်ခဲ့သော မြိုင့်ကို ဤသို့သိမ်ငယ်သည့် တဲခန်းမျိုး၌ နေနေရသည်ကို မြင်လိုက်ရသောအခါတွင် ကျွန်တော်သည် ကြင်နာစွာပင် ကရုဏာသက်ရပါ၏။

မြိုင်၏မိဘများသည် မြေလတ်ပိုင်း၏မြို့တစ်မြို့၌ရှိကာ ပိုက်ဆံကြေးငွေ ချမ်းသာကြသည်။ တင်သန်း၏ ဖခင်မှာလည်း အထက်တန်းအရာရှိကြီးတစ်ဦးဖြစ်သည်။

အမိုက်အမဲကလေးများဖြစ်ကြသော တင်သန်းနှင့် မြိုင်တို့၏ ယခုဘဝကို သူတို့၏မိဘများသာမြင်ကြလျှင် ဤသို့မူ ပစ်ပယ်ထားကြလိမ့်မည်ဟု ကျွန်တော် မထင်ပါ။ သို့သော်လည်း ကျွန်တော်၏ အတွေးအထင်သည် မမှန်ပါချေ။

မြိုင်၏မိဘများအနက် မိခင်သည် အမေရင်းမဟုတ်ဘဲ မိထွေးသာဖြစ်သည်ကို မြိုင်ပြောပြမှ ကျွန်တော် သိရသည်။ မိထွေး၏ ပယောဂကြောင့်ပင် မြိုင်၏ဖခင်က မြိုင့်ကို အမွေပြတ်ကြော်ငြာခဲ့သည်။

သားအပေါ်၌ချစ်ခဲ့သော တင်သန်း၏ဖခင်သည် စိတ်ကြီးလွန်းသည်။ တင်သန်းနှင့် မြိုင့်အကြောင်းကို သိလျှင်သိချင်းမှာပင် တင်သန်း၏ အဖေကလည်း သားဖြစ်စေကာမူ အိမ်ရိပ်ကိုပင် မနင်းရဟု တစ်ချက်လွှတ် အမိန့်ထုတ်ကာ အမွေဖြတ်ပြန်သည်။

သို့သော်လည်း ဘဝနှစ်ခုကို တစ်ခုတည်း တစ်သားတည်း ပေါင်းစပ်ထားကြသော တင်သန်းနှင့် မြိုင်တို့မှ မည်သို့မျှ တုန်လှုပ်ဟန် မပြ၊ ခပ်အေးအေး ခပ်တည်တည်ပင် ဣန္ဒြေမပျက်ရှိကြသည်။ တစ်ယောက်ကိုတစ်ယောက်က ငဲ့၍ အတွင်းပူကို တစ်ဖက်လူမသိအောင် ဖုံးကြဖိကြသည်။

သူတို့နှစ်ဦး၏ဘဝကိုကြည့်ကာ ကျွန်တော်သည် ကြေကွဲခြင်းလည်း ဖြစ်ရသည်။ အားတက်နှစ်သိမ့်ခြင်းလည်း ဖြစ်ရသည်။



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



စနေ သို့မဟုတ် တနင်္ဂနွေနေ့တိုင်းလိုပင် ကျွန်တော်သည် ခေါက်ဆွဲကြော်၊ အစိမ်းကြော်စသော စားစရာများကို ဝယ်သွားကာ သူတို့နှစ်ယောက်ထံသို့ ရောက်တတ်ပါ၏။ တင်သန်းသည် တနင်္ဂနွေနေ့ မြင်းပွဲ၌ လက်မှတ်ရောင်းစာရေး အလုပ်ရသည်။ တစ်နေ့အလုပ်ဆင်းလျှင် ငွေနှစ်ဆယ်ရသည်။ သို့သော် ထိုအလုပ်မှာ တစ်လတွင် နှစ်ရက်သာ လုပ်ခွင့်ရသည်။ တစ်လတွင် ဝင်ငွေလေးဆယ်မျှနှင့် ဘယ်နည်းနှင့်မျှမလောက်။ ပြီးတော့ တစ်နေ့ထက်တစ်နေ့ ရင့်မာလာပြီဖြစ်သော ကိုယ်ဝန်ကိုလည်းမွေးရဦးမည် ဖြစ်သည်။

သူတို့ ချစ်ဦးသူမောင်နှံအတွက် ထိုအချိန်က အလိုအပ်ဆုံးအရာသည် ငွေသာတည်း။

သူတို့နှစ်ဦးက ငြင်းပယ်သော်လည်း ခင်မင်သော ကျွန်တော်တို့ သူငယ်ချင်းသုံးလေးဦးက ခြစ်ခြစ်ခြုတ်ခြုတ်နှင့် စုဆောင်းပေးနိုင်သော ငွေကလေး မဖြစ်စလောက်၊ ကလပ်(စ်)မတက်ဘဲ တင်သန်းတစ်ယောက် ရုံးတစ်ခုခု၌ စာရေးဝင်လုပ်မည်ဆိုသည်ကိုလည်း မြိုင်က လုံးဝ လက်မခံခဲ့။ တင်သန်းတစ်ယောက် ဘယ်နည်းနှင့်မှ ကျောင်းက ထွက်ပြီး အလုပ် မလုပ်ရဟု ဆိုသည်။ တင်သန်းမှာ ဘီအက်စီ ပထမနှစ်၌ ရောက်နေသူဖြစ်၍ တစ်နှစ်လောက် အားခဲလိုက်ရုံဖြင့် ဘွဲ့ရတော့မည်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ သူငယ်ချင်းများကလည်း ဤဆုံးဖြတ်ချက်၌ မြိုင်နှင့် သဘောတူသည်။

မြိုင်သည် သူတို့အိမ်အနီးရှိ စက်ချုပ်ဆိုင်သို့သွား၍ အဝတ်အထည်များကို အငှားဝင်ချုပ်ရင်းဝင်ငွေရှာသည်။ ဤအဖြစ်ကို တင်သန်းတစ်ယောက် မရှုစိမ့်သော်လည်း မြိုင်ကိုမူ တားမရခဲ့။

"ကို ဘီအက်စီဒီဂရီရပြီးလို့ အလုပ်ကောင်းကောင်းရတော့ မြိုင် စတိုင်နဲ့နေမှာပေါ့ ကိုရယ်။ ခုအချိန်မှာတော့ မြိုင်လဲတတ်တဲ့ပညာနဲ့ တစ်ဖက်တစ်လမ်းက ဝင်ငွေရှာပါရစေဦး"ဟု မြိုင်က ကြုံခြွေမပျက်ပင် ပြောခဲ့ရှာသည်။



www.foreverspace.com.mm



မြိုင်နှင့် တင်သန်းတို့သည် ကြမ်းတမ်းခက်ထန်သော သူတို့ဘဝကို အနိုင်မခံ အရှုံးမပေးဘဲ လောကဓံကို အံကြိတ်၍ ခံခဲ့ရသည်။ မိဘများ၏ စိမ်းကားမှုကို သူတို့၏ လုပ်အားဖြင့် အံတုခဲ့ကြပါလေ၏။

ထိုတစ်နှစ်၏ စာမေးပွဲအပြီးတွင် ကျွန်တော်သည် မိဘရပ်ထံ မွေးရပ်မြေသို့ ပြန်ခဲ့သဖြင့် သူတို့နှစ်ဦးနှင့် နှစ်လကျော်မျှ ဝေးခဲ့ရသေးသည်။

မုတ်သုန်တောင်လေနှင့်အတူပင် ကျွန်တော်သည် တက္ကသိုလ်မြေကို ပြန်လည်၍ နင်းခဲ့ရသည်။ ထာဝစဉ် စိမ်းလန်းလှပသော ကံ့ကော်တော၌ ပစ္စည်းများ ထားသို နေရာချပြီးလျှင်ပြီးချင်းမှာပင် ကျွန်တော်သည် တာမွေ ပုလဲလမ်းသို့ ခပ်သွက်သွက် မြန်းခဲ့ပါသည်။

ခုလောက်ဆိုလျှင် မြိုင်တစ်ယောက် ကလေးမွေးဖွား၍ ပြီးလောက်ပြီ။ ယောကျ်ားလေးလား၊ မိန်းမလေးလား၊ ဖအေတူကလေးလေလား၊ မအေတူလေးလေလား။ သို့သော်လည်း ကျွန်တော် သူတို့ အိမ်ခန်းလေးသို့ ရောက်သောအခါတွင် ဝမ်းနည်းပက်လက်ဖြစ်ရသည်။

မြိုင်သည် မီးဖွားပြီးပြီဖြစ်သော်လည်း ကလေး အဖတ်မတင်ခဲ့၊ ဆေးရုံမှာပင် ဆုံးခဲ့သည်ဟု ဆိုပါ၏။

မြိုင့်ကိုလည်း ယခင်လို လှလှပပ ထူထူထောင်ထောင် မတွေ့ရ၊ အရိုးပေါ်အရေတင်ကာ အိပ်ရာထဲ၌ လဲနေသည်ကို တွေ့ရသည်။

ကျွန်တော် ပြန်နေသည့် နှစ်လကျော်မျှအတွင်း ဤမျှ ပြောင်းလဲသွားသည့်အတွက် မယုံနိုင်လောက်အောင်လည်း အံ့သြရပါ၏။

မြိုင်သည် အဖတ်မတင်သော ကလေးကို မွေးခဲ့ပြီးနောက် တစ်လမျှ မပြည့်သေးမီမှာပင် ငါးသေတ္တာသုတ်ကို စားမိပြီးနောက် အကြောလိုက်ကာ ဤအခြေသို့ရောက်ခဲ့ရသည်ဟု တင်သန်းက မျက်ရည်လည်လည်နှင့် ပြောပြရှာသည်။

တစ်ဖက်ခန်းမှအဒေါ်ကြီးကလည်း ကရုဏာဒေါသောနှင့်ဝင်ပြော၏။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



"ခုခေတ်ကလေးတွေ အဲဒါ ခက်တာပေါ့ကွယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ လောကကြီးအကြောင်း ဘာမှမသိဘဲ လင်ယူသားမွေးလုပ်ကြ၊ ဘယ်အချိန်မှာ ဘာစားရမယ်၊ ဘာမစားရဘူးဆိုတာလည်း ဘာမှမသိ။ ခုတော့ ကြည့်စမ်း ပါဦးကွယ်။ မီးဖွားပြီးလို့မှ တစ်လ မပြည့်သေးဘူး၊ ငါးသေတ္တာသုတ် စားသတဲ့။ ပြီးတော့ သံပုရာသီးတောင်မှ ညှစ်လိုက်သေးသတဲ့။ မီးနေသည် ဆိုတာ သံပုရာသီးဝေးလို့ ငါးသေတ္တာချဉ်းတောင်မှ စားရတာ မဟုတ်ဘူး။ ခုတော့ အကြောလိုက်သွားတာပေါ့ကွယ်"

ကျွန်တော်သည် ထိုအဒေါ်ကြီး၏ စကားကို ခေါင်းညိတ်၍ နားထောင်ရင်း မြိုင့်ကိုသာ ကရုဏာသက်စွာ ကြည့်နေရသည်။

မြိုင်သည် ကျွန်တော့်ကို မြင်သောအခါ၌ အားယူ၍ ပြုံးရှာပါ၏။ သို့သော်လည်း မြိုင့်အပြုံးသည် ယခင်ကလို တင့်တယ်ရွှန်းရွှန်းမရှိ။ တစ်ခါက ကြည်လင်ဝင်းပခဲ့သော မြိုင်၏ မျက်လုံးဝန်းကြီးများသည်ပင် မှုန်ဝေရီလျက် ရှိနေပြီ။ မြိုင့်ထံ၌ ရှိခဲ့ဖူးသော နုပျိုဝင်းပသည့် အလှတို့သည်လည်း သူ့ထံမှ စွန့်ခွာထွက်ပြေးခဲ့ကြပါလေပြီ။

မြိုင်က ဆေးရုံမတက်ချင်ဟုဆို၍ တင်သန်း၏မိတ်ဆွေ ဆရာဝန် ဆေးတိုက်၌ ကုနေသည်ဟု သိရသည်။

တင်သန်းတစ်ယောက် တော်ရှာပါပေသည်။ မသွားမဖြစ်သော ငွေ ရှာရေးကိစ္စမှလွဲ၍ တင်သန်းသည် မြိုင့်ထံပါး၌သာ အချိန်ပြည့်ရှိရှာကြောင်း သိရသည်။ မြိုင်၏အဝတ်အစားများကို တင်သန်းပင် လျှော်ရှာသည်။ မြိုင်၏ ထဘီများကိုပင် တင်သန်း လျှော်ခဲ့သည်ဟု တစ်ဖက်ခန်းမှ အဒေါ်ကြီးက ကျွန်တော့်ကို တီးတိုးပြောရင်း ချီးမွမ်းရှာသည်။

နောက်တနင်္ဂနွေနေ့၌ ကျွန်တော် တင်သန်းတို့ထံ ရောက်သည်။ တင်သန်း အပြင်သို့ထွက်သွား၍ သူ မရောက်လာသေးမီ မြိုင်နှင့် အေးအေး ဆေးဆေး စကားပြောခွင့်ရပါ၏။



www.foreverspace.com.m



"ကျွန်တော်တော့ဗျာ ခုလို မြိုင် ဆေးတိုက်မှာ ကုနေတာကို သဘော မကျဘူး။ ဆေးရုံတက်စေချင်တယ်"

မြိုင်သည် ကျွန်တော့်ကိုကြည့်ကာ ခပ်ယဲ့ယဲ့ပြုံးသည်။ ပြီးမှ သူ့ ခေါင်းလေးကို ခပ်ဖြည်းဖြည်းလှုပ်ရုံမျှ ယမ်းခါလိုက်သည်။ မြိုင်ပြောသော စကားသံသည် တီးတိုးညင်သာရှိလွန်းသည်။

"မထူးတော့ပါဘူး ကိုအေးဝင်းရယ်၊ မြိုင်လည်း ကြာကြာနေရမှာ မဟုတ်တော့ပါဘူး။ မြိုင်မသေခင်လေးမှာ ကို့အနားမှာ နေခွင့်ရသလောက် နေသွားချင်တယ်။ မြိုင်သေရင်လည်း ကို့မျက်စိအောက်မှာ၊ ကို့ရင်ခွင်ထဲမှာပဲ သေသွားချင်တယ်။ မြိုင် ဆေးရုံ မတက်ပါရစေနဲ့"

"ဟာ.... မဟုတ်တာဗျာ။ မြိုင်ကလည်း အားမလျှော့စမ်းပါနဲ့။ ဒီလောက်နဲ့ မသေနိုင်သေးပါဘူးဗျာ"

ကျွန်တော်သည် ဟန်လုပ်၍ပြောသာပြောရသော်လည်း ကျွန်တော့် စကားကိုပင် ကျွန်တော် မယုံပါ။ မြိုင်ကလည်း ကျွန်တော့်စကားကို ယုံဟန် မတူပါ။ အားတင်း၍ ပြုံးရင်းသာ သူ့ခေါင်းလေးကို ခါနေသည်။

မကြာမီမှာပင် တင်သန်းရောက်လာသည်။ မြိုင် မကြားအောင် ကျွန်တော်က တင်သန်းကို ပြောမိရ၏။

"မြိုင့်မိဘတွေဆီကို မင်း အကျိုးအကြောင်းတော့ စာရေးလိုက်ဖို့ ကောင်းတယ်။ တော်တော်ကြာ မြိုင်တစ်ခုခု ဖြစ်သွားရင်း မင့်ကို အပြစ် တင်စရာ ဖြစ်သွားလိမ့်မယ်"

"ဟုတ်ပါတယ် သူငယ်ချင်း၊ မြိုင်က စာမရေးပါနဲ့လို့ ပြောပေမယ့် သူမသိအောင် စာရေးပြီး မြိုင့်မိဘတွေဆီကို ငါအကြောင်းကြားခဲ့ပါတယ်။ ဒါပေမယ့် လူလည်း မလာဘူး။ စာလည်း ပြန်မလာဘူးကွာ"

ကျွန်တော်သည် မြိုင်ကြားမည်စိုး၍ စိတ်ကို ထိန်းချုပ်လိုက်ရကာ ပြင်းပြင်းထန်ထန် ခေါက်လိုက်ချင်သော 'တောက်'တစ်ချက်ကို မခေါက်လိုက်



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

ရဘဲ မြိုင့်မိဘများကို စိတ်တွင်းမှသာ ကျိန်ဆဲလိုက်မိရသည်။ ထိုနေ့က စိတ်လေးလေးနှင့်ပင် မြိုင့်ကို နှုတ်ဆက်ပြီး ပြန်ခဲ့ရသော်လည်း ကျွန်တော့် စိတ်သည် မြိုင်နှင့် တင်သန်းတို့ထံ၌ ကျန်ခဲ့ရ၏။

ထိုအပတ်က သောကြာနေ့ နံနက်အစောကြီးမှာပင် ကျွန်တော် အိပ်ရာမှ မထသေးမီ တင်သန်း ရောက်လာသည်။ အခန်းတံခါး ခေါက်သံကြား၍ အိပ်ရာမှထကာ တံခါးဖွင့်ပေးလိုက်သောအခါ၌ တင်သန်း ဖြစ်နေသည်ကို တွေ့ရသည်။ သူ့မျက်နှာကို ကျွန်တော် မြင်လိုက်ရုံဖြင့်ပင် သိလိုက်ရပါပြီ။

ငိုသံပါကြီးနှင့်ပြောလိုက်သော တင်သန်း၏စကားသံသည် ကျွန်တော့်ရင်ကို လှုပ်၍ခါလိုက်ပါ၏။

"သူငယ်ချင်းရေ၊ မြိုင်.... မြိုင်.... မြိုင်တစ်ယောက်တော့ ငါ့ကို စွန့်ပြီး သွားရှာပါပြီကွာ"

တင်သန်းသည် ထိုစကားကိုဆိုပြီးနောက် ကျွန်တော့် အိပ်ရာပေါ်၌ မှောက်ကာ ရှိုက်ကြီးတငင်ငိုချလိုက်သတည်း။

ယခုလို မုတ်သုန်မိုးဦးကျသည့် ဇွန်လသို့ ရောက်လေတိုင်းမှာပင် ကျွန်တော်သည် မြိုင်၏ ဈာပနမြေချပွဲကို မှတ်မှတ်ထင်ထင် မြင်ယောင်မိရပါ၏။ မြိုင်၏ အသုဘကို စွတ်စွတ်စိုစိုရှိသော မိုးရွာထဲ၌ ချခဲ့ရသော်လည်း ခြောက်ခြောက်သွေ့သွေ့ရှိလွန်းလှသည်။ အသုဘပို့သူ ပရိသတ်သည် လူ သုံးဆယ်မျှပင် ရှိမည်မထင်ပါ။

ကြွေချိန်မတိုင်သေးပါဘဲလျက်နှင့် ကြွေခဲ့ရသူ၊ အရွယ်နုပါသေးလျက်နှင့် မလှမပမြေကျခဲ့ရသူ၊ မြိုင့်အတွက် ကျွန်တော်သည်ပင် မျက်ရည်လည်ခဲ့ရ၏။ တင်သန်းတစ်ယောက် ခံစားရလေမည့် သူ့ရင်တွင်းမှဝေဒနာကို ကျွန်တော်ကိုယ်ချင်းစာနိုင်ပါ၏။ နားလည်နိုင်ပါ၏။

ထိုအဖြစ်သည် တစ်ဆယ့်ငါးနှစ်ခန့်မျှရှိခဲ့ပြီ။ ကျွန်တော်ပင် မြိုင့်ကို



www.foreverspace.com.mm



မမေ့နိုင်သေးဘဲနှင့် တင်သန်းမူ မြိုင့်ကို မေ့ရန် ပို၍ပို၍ ခဲပါလိမ့်မည်ဟု ကျွန်တော် ယုံပါ၏။ ဘီအက်(စ်)စီ အောင်ခဲ့ပြီးဖြစ်သော တင်သန်းသည် အစိုးရဌာနကြီးတစ်ခု၌ အရာရှိကြီးတစ်ယောက် ဖြစ်လျက်ရှိပြီ။

သူနှင့် ကျွန်တော် တစ်ခါတစ်ရံ တွေ့ကြဆုံကြသည့်အခါများဝယ် မြိုင့်အကြောင်းကို မပြောမိအောင် ရှောင်မိကြသည်ကို အပြန်အလှန် သိနေကြပါ၏။ သို့သော် မြိုင့်ကို သူမမေ့ကြောင်း ကျွန်တော် သိပါသည်။ မြိုင့်ကို ကျွန်တော် မမေ့ကြောင်းကိုလည်း သူ သိပါလိမ့်မည်။

မြိုင့်ကို သူ မမေ့ကြောင်းကိုမူ တစ်ဆယ့်ငါးနှစ်လုံးလုံး သူပြခဲ့ပါ၏။ သမီးရှင်များက သမက်ဖမ်းချင်သော အရာရှိကြီးတင်သန်းသည် ဆယ့်ငါးနှစ်တိုင်ထိ တစ်ကိုယ်ထီးတည်း ရှိခဲ့သည်။ လူပျိုကြီး ဦးတင်သန်းအဖြစ် သူ့ပတ်ဝန်းကျင်က အသိအမှတ်ပြုကြသည်။

ယခု လွန်ခဲ့သော မေလက လူပျိုအရာရှိကြီး ဦးတင်သန်းသည် သူ့ထက် အသက်ဆယ်နှစ်ကျော်ခန့်ငယ်သော ဆရာဝန်မတစ်ယောက်နှင့် အင်းလျားလိတ်ဟော်တယ်၌ အကြီးအကျယ် လက်ထပ်ခဲ့သည်။

ထိုမင်္ဂလာပွဲသို့ ကျွန်တော် ရောက်ခဲ့ပါ၏။

တင်သန်းတို့ လက်ထပ်သော အင်းလျားလိတ်ဟော်တယ်ခန်းမဆောင်သည် ခမ်းနားကြီးကျယ်လေစွ၊ တောက်ပလေစွ။

မင်္ဂလာပွဲဧည့်ပရိသတ်တို့လည်း တောက်တောက်ပြောင်ပြောင် ရှိလွန်းလှသည်။ စိန်ရွှေတို့ ပြိုးပြက်ကာ ပိုးဖဲတို့ တောက်လက်လှပါ၏။ ကားကြီးကားငယ်တို့ပင် ဟော်တယ် အဆောက်အဦဝင်းအတွင်း၌ ရှည်လျားဆက်ဆက်ရှိကာ ယာဉ်ထိန်းရဲတို့ပင် လာရောက်စောင့်ကြရသည်။

မင်္ဂလာ ဩဘာစာ ရွတ်သူ ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီး၏ အသံသည် ခန်းမကြီးတစ်ခုလုံးကို လွှမ်းခြုံနေသည်။

ပြိုးပြိုးပြက်ပြက်ဆင်ကာ လှလှပပ ခြယ်သထားသော သတို့သမီးနှင့်



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



တွဲလျက် ထိုင်နေသော ကျွန်တော့်သူငယ်ချင်း တင်သန်းကိုကြည့်ရင်း ကျွန်တော်သည် ပင့်သက်ကို မရှိုက်မိအောင် ချုပ်တီးရပါ၏။ မြိုင့်ကို ကျွန်တော် သတိရပါသည်။ မြိုင်တစ်ယောက်တော့ ဘယ်ဘဝ၌ ရောက်နေလေမည်မသိ။

'အကြွေစေ့လေးခြင်း မြိုင်ရယ်' ဟူသော ကျွန်တော့်စိတ်တွင်း၌ ရေရွတ်မိရသည်။

တင်သန်းနှင့် မြိုင်တို့ ချစ်ခဲ့ကြသောအချစ်သာ စည်းရှိခဲ့ကြမည်ဆိုလျှင် လူငယ်ဘာဝ စိတ်အလို မလိုက်ခဲ့ကြပါလျှင် သူတို့နှစ်ဦး၏ အဖြစ်သည် မဖွယ်မရာ မလှမပဖြစ်ကြရမည် မဟုတ်။

ဤမင်္ဂလာရှိသောနေ့မျိုးနှင့် ဤမြင်ကွင်းမျိုးသည် မြိုင့်အတွက် မလွဲမသွေဖြစ်ရမည်ဟု ကျွန်တော် ယုံပါ၏။

ခုတော့ မြိုင်တစ်ယောက် ကံဆိုးခဲ့ရလှလေခြင်း....။

⁂

(၁၉၆၉ ခု၊ ဇွန်လ၊ စန္ဒာမဂ္ဂဇင်း)



www.foreverspace.com.mm

## အမှတ် ၄

ယခုလို ဇွန်လသို့တိုင်ရောက်၍ မိုးဖြိုင်ဖြိုင်ရွာပြီဆိုလျှင် မိုးဥတု၏ သရုပ်သည် ပီပီပြင်ပြင်ပင် အသားကျပေါ်လွင်လျက်ရှိပြီ။

ကောင်းကင်သို့မျှော်ကြည့်လျှင် တိမ်မည်းညိုတို့သည် အလိပ်အလိပ်ထကာ မှိုင်းမှိုင်းအုပ်အုပ်ရှိပြီ။ မြေသားမြေပြင်နေရာအနှံ့၌လည်း ရွှံ့မြေ ရေအိုင်ငယ်တို့နှင့်အတူ မြက်တော၊ ချုံစပ်တို့လည်း စိမ်းပြီ။ မိုးနှင့်အတူ ပေါ်လာတတ်သော 'ဖား' ကလေးများလည်း မြူးကြပြီ။ ရန်ကုန်မြို့လယ်ခေါင်တွင်မူ 'ဖား' ကလေးများကို မမြင်ရ။ ကျွန်တော် ဖြတ်သန်း၍ သွားရလေ့ရှိသော ကျွန်တော်ချစ်သော ကံ့ကော်တော၏ ပရိဝုဏ်အတွင်း၌မူ ဤရာသီတိုင်လျှင် 'ဖား' ကလေးများကို နေရာအနှံ့ မြင်ရတွေ့ရပြီဖြစ်ပါ၏။

ကျွန်တော်၏ အလုပ်ဌာနသို့ အသွားအပြန်ခရီးကိုလည်း ပြည်လမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းကို ဆက်စပ်ပေးသော အင်းလျားလမ်းတစ်လျှောက်မှ ဖြတ်၍ သွားလေ့ရှိသည်ဖြစ်သဖြင့် ထိုလမ်းတစ်လျှောက်ကိုလည်း 'ဖား' ကလေးများ မြူးပျော်ရာ လမ်းအဖြစ် အသိအမှတ်ပြုမိ၏။



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



အထူးသဖြင့် ညပိုင်းတွင် ကားမီးဖွင့်၍ မောင်းရသောအခါများ၌ ကတ္တရာလမ်းမတစ်လျှောက်ပေါ်တွင် အတုံးအရုံး ပြန့်ကျဲသေကျေနေကြသော 'ဖား' ကလေးများကို ကြေကွဲဖွယ်မြင်ရသည်။ ကားနင်းမိ၍ ပြားလျက်သေကျေရသော 'ဖား' ကလေးများပင်။

ဤ 'ဖား' ကလေးများကို ပက်လက်မှောက်လျက်၊ ဗိုက်ကွဲလျက် မလှုပ်မယှက်သေ ကျေနေကြသည်ကို တွေ့လိုက်ရသောအခါတွင် ကျွန်တော် ကံ့ကော်တော၌ ရှိခဲ့စဉ်ကာလကို ပြန်လည်၍ အမှတ်ထင်ထင် မြင်ယောင်မိရပြန်သည်။ ကျွန်တော်၏ 'ကံ့ကော်တောဘဝ' ဝယ် ဤ 'ဖား' ကလေးမျိုးများသည် ကျွန်တော်၏ 'ချစ်စရာကလေးများ' လည်း ဖြစ်ခဲ့ကြပါ၏။

ဤချစ်စရာကောင်းသော 'ဖား' ကလေးများသည် 'သနားစရာဘဝ' ဖြင့် ကျွန်တော့်ကို အသုံးတော်ခံခဲ့ကြဖူးသည်။ ကားလမ်းပေါ်၌ သေကျေနေကြသော 'ဖား' ကလေးများ၏ မြင်ကွင်းသည် ကျွန်တော့်ကို ကျွန်တော်၏ 'ကံ့ကော်တောဘဝ' ရှိရာ အတိတ်ကာလသို့ ပြန်လည်၍ ခေါ်ဆောင်သွားလေ့ရှိသည်။

ဒီတော့လည်း ကျွန်တော် ပြုံးမိရတတ်ပါ၏။ သနားစရာကောင်းသော 'ဖားအသေ' ကလေးများကို အကြောင်းပြု၍ ကျွန်တော် ပြုံးမိရခြင်းသည် ကျွန်တော့်အသည်းနှလုံးများက ရက်စက်တတ်ခြင်းကြောင့်တော့ဖြင့် မဟုတ်ပါ။ ဤ 'ဖား' ကလေးများနှင့် ဆက်စပ်၍နေခဲ့သော ထိုစဉ်က ကျွန်တော့် ဘဝနှင့် ပျော်စရာကောင်းသော အဖြစ်ကလေးများကြောင့်သာဖြစ်၏။

ကျွန်တော်ချစ်သော 'ဖား' ကလေးများ ကျွန်တော့်ကို ခွင့်လွှတ်နိုင်ကြပါစေတော့။ ကျွန်တော်၏ 'ကံ့ကော်တောဘဝ' တွင် ကျွန်တော်သည် သတ္တဗေဒ လက်တွေ့ခန်းမတွင်း၌ 'ဖား' ကလေးများကို မလွှဲမရှောင်သာဘဲ ရင်ကိုခွဲ၍ လေ့လာခဲ့ရသော်လည်း ယခုမူ ဤလိုကားလမ်းပေါ်မှ 'ဖား' ကလေးများကို ကားဖြင့်နင်းမိမှာ ကျွန်တော် စိုးရိမ်မိသည်မှာမူ အမှန်ပင်ဖြစ်ပါ၏။





ဤ 'ဖား' ကလေးမျိုးများသည် သူတို့၏အသက်ဖြင့် ကျွန်တော့်ကို ပညာပေးခဲ့ကြဖူးသည်။ ဤမျှသာမက ထို 'ဖား' ကလေးများကို အကြောင်းပြု၍ ကျွန်တော်တို့သည် ပျော်လည်းပျော်ခဲ့ကြဖူးပါ၏။

ဩော်... ကြာတော့လည်းကြာခဲ့ပေပြီ။ ကြာခဲ့ပြီဖြစ်သော ကျွန်တော်၏ 'ကံ့ကော်တော' သားဘဝက ကျွန်တော်ယူသော ဘာသာရပ် အတွဲသည် 'ပါဏဗေဒ' ဖြစ်၏။ ပါဏဗေဒအတွဲဆိုသည်မှာ သတ္တဗေဒ၊ ဓာတုဗေဒနှင့် ရူပဗေဒ ဘာသာရပ်များဖြစ်ကြသည်။

ဘာသာရပ်အတွဲချင်းလည်းတူ၊ တကောင်းကျောင်းဆောင်၌ အတူနေဖော်နေဖက်လည်း ဖြစ်သော သက်ခိုင်နှင့်ကျွန်တော်သည် တက္ကသိုလ်၏ ရက်များ၌ တတွဲတွဲလည်း ရှိတတ်ခဲ့ကြသည်။

မနက်တိုင်းဆိုလျှင်လည်း ရှစ်နာရီမထိုးခင် ကလပ်(စ်)အမီ နှစ်ယောက်တွဲ၍ စာသင်ခန်းဆောင်သို့ သွားကြရ၏။ ကလပ်(စ်)တက်ရ သော ဆက်ရှင် (Section) ချင်းလည်း တူကြသည်။ ပါဏဗေဒ ဘာသာရပ် အတွဲကို 'ဘိုင်အို ထိုင်ဒို' ဟု စချိုးကြသော်လည်း ကျွန်တော်နှင့် သက်ခိုင်သည် ကျောင်းတက်ရသည်ကို ပျော်သည်။

လက်တွေ့သင်တန်းများမှာလည်း တစ်ပတ်လျှင် ၄ ရက် ရှိသည်။ လက်တွေ့လုပ်ရသည်များမှာ စိတ်ဝင်စားစရာ ပျော်စရာကောင်းလှသဖြင့် ကျွန်တော်နှင့် သက်ခိုင်တို့သည် ဘယ်တော့မှ လက်တွေ့သင်တန်းများကို မလွတ်စေခဲ့ကြဘဲ မှန်မှန်တက်ခဲ့ကြမိ၏။ ကျွန်တော်တို့အပျော်ဆုံး လက်တွေ့သင်တန်းမှာ (Zoology) ခေါ် သတ္တဗေဒပင်ဖြစ်သည်။

ဇွန်လ၌ ကျောင်းစတက်ကြပြီး ဩဂုတ်လခန့်လောက်ကတည်းက ကျွန်တော်တို့သည် 'ဖား' ကလေးများကို လက်တွေ့ခွဲစိတ်ကြရပြီ ဖြစ်ပါ၏။

လူတွေ၏ အသက်ကို ကယ်တင်နိုင်သော ဆရာဝန်များ ဖြစ် မဖြစ်မှာ မသေချာသေးသော်လည်း 'ဖား' ကလေးများကို သတ်ဖြတ်ရသော အကုသိုလ်မှု



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကျွန်တော်တို့၌ ဝင်ကြရပြီဖြစ်သည်။

ဖားခွဲရသောနေ့များသည် ကျွန်တော်တို့အပျော်ဆုံး စိတ်အဝင်စားဆုံး နေ့များပင် ဖြစ်ခဲ့ကြသည်။ ဖားခွဲရမည့်နေ့များ၌ ကျွန်တော်တို့တစ်တွေ သင်တန်းခန်းမတွင်းသို့ဝင်လျှင် စားပွဲခုံတန်းရှည်ကြီးများပေါ်၌ ဖယောင်းခံသော ဗန်းကလေးများ အတွင်းဝယ် ပက်လက်ကားယားကလေးရှိသော ဖားကလေးများသည် ကျွန်တော်တို့ကို အသင့်စောင့်လျက် ရှိနေသည်။

ရာဇဝတ်ကောင်ကို ကားစင်တင် ရင်ခွဲသတ်လေ့ရှိသော ရှေးဘုရင်ဓကရာဇ်များပင် ဝင်စားလေသလားမသိ၊ ဖားကလေးများသည် ဗန်းကလေးများအတွင်း၌ လက် ခြေ လေးဘက် အပ်စိုက်ခံရကာ ရင်ခွဲခံဖို့ အဆင်သင့်ပင် ရှိနေကြ၏။ ကထိက မစ္စစ်လင်းစဒေးကြီးက ဖားကလေးများကို မည်သို့မည်ပုံ ခွဲရမည်၊ မည်သည့်အကြောကို ရှာဖွေရမည်၊ မည်သို့လုပ်ရမည်ဟု ညွှန်ကြားပြောဆို လက်ချာရိုက်ပြီးသောအခါတွင် 'ကျွန်တော်တို့တစ်တွေ' သည် အသင့်ရှိနေသော ဗန်းကလေးများသို့ ကိုယ်စီကိုယ်ငှ သွားကာ ဖားကလေးများကို ခွဲစိတ်ကြရ၏။

ကျွန်တော်တို့တစ်တွေဆိုသည်မှာ ကျောင်းသူများ တစ်ဝက်ခန့်ပါသော လူလေးဆယ်ခန့်ရှိသည့် အဖွဲ့ပင်ဖြစ်သည်။ 'ကံ့ကော်တောသူ' အလှဖူးနှစ်ဆယ်ခန့် ရှိနေသဖြင့်လည်း ကျွန်တော်တို့အဖွဲ့သည် ဤမျှ စိုစိုပြည်ပြည်ရှိနေရခြင်းဖြစ်သည်ဟုလည်း ကျွန်တော် ထင်ပါ၏။

ဤမျှ ကြည်နူးပျော်ရွှင်စိတ်ဝင်စားစရာကောင်းသော လက်တွေ့သင်တန်းမျိုးကို မတက်ဘဲ ပျက်ကွက်သူများ ရှိတတ်သည့်အတွက်လည်း ကျွန်တော် အံ့ဩမိရသည်။ တစ်ပတ်လျှင် အနည်းဆုံး သုံးလေးယောက်လောက်တော့ ပျက်ကွက်သူများရှိစမြဲပင်။

ကျွန်တော်နှင့် သက်ခိုင်သည် ပျက်ကွက်သူများ၏နေရာကို ကြိုတင်၍ မျက်စိကစားကာ ရှာဖွေကြည့်ရှုထားကြလေ့ရှိသည်။ ဖားကလေးများကို





ချထားသည်မှာ ကျောင်းသားဦးရေ စာရင်းအရ အတိအကျ ချထားခြင်းဖြစ်ရာ လူမလာလျှင် ဒီအတိုင်းပင် စားပွဲပေါ်၌ ပိုနေလေ့ရှိသည်။

ထိုသို့ ပိုနေတတ်သော ဖားကလေးများကို ကျွန်တော်နှင့် သက်ခိုင်သည် ဆရာများအလစ်၌ ယူကာ စက္ကူနှင့်ထုပ်၍ ယူသွားကြလေ့ရှိသည်။ ကျွန်တော်တို့၏ ကျောင်းဆောင်အခန်းများ၌ ညတိုင်ကျလျှင် ခွဲစိတ်လေ့လာနိုင်ကြရန်ဖြစ်သည်။

ထိုတစ်နေ့က ကျွန်တော်နှင့် သက်ခိုင်သည် လူမလာ၍ ပိုနေသော ဖားသုံးကောင် ရသည်။ ကျွန်တော်တို့သည် ကမန်းကတန်းပင် ဖားသုံးကောင်ကို စက္ကူဖြင့် ထုပ်ထားလိုက်ပြီး လုပ်ရမည့်အလုပ်ကို အေးအေးဆေးဆေးပင် လုပ်နေကြသည်။

ကျွန်တော်သည် ဖားကလေးကို အေးအေးဆေးဆေးခွဲနေရင်းကပင် ကျွန်တော်၏ခေါင်းထဲသို့ အကြံတစ်ခုဝင်လာ၏။ ထိုအကြံကြောင့် ကိုယ့်ဟာကိုယ် ပြုံးလိုက်မိပြီးမှ ကျွန်တော့်နံဘေး၌ သူ့ဖားကို သူခွဲနေသော သက်ခိုင်သို့ ခပ်တိုးတိုး လှမ်းပြောလိုက်မိသည်။

"ဟေ့ သက်ခိုင်၊ မြန်မြန်ပြီးအောင်လုပ်ကွာ။ ငါလည်း မြန်မြန်ပြီးအောင် လုပ်မယ်။ ငါ့မှာ အကြံတစ်ခုရှိနေလို့ကွ"

မပြောစဖူး ပြောလိုက်သော ကျွန်တော့်စကားကြောင့် သက်ခိုင်သည် ကျွန်တော့်ကို မျက်မှောက်ကုတ်ရင်း ပြန်ကြည့်ပြီး မေးသည်။

"ဘာအကြံလဲ"

"လုပ်စရာတစ်ခုရှိလို့ပါကွာ။ ပြီးတော့ ငါပြောပါ့မယ်။ မင်းဟာမင်းပြီးအောင်သာ မြန်မြန်လုပ်"

သက်ခိုင်သည် ဘာမျှ ပြန်မမေးတော့ဘဲ သူ့အလုပ်ကိုသာ ခေါင်းငုံ့၍ ဆက်လုပ်နေသည်။ ခပ်မြန်မြန်လုပ်ကြသော ကျွန်တော်တို့နှစ်ယောက်သည် သူများတွေထက် အရင် စောစီးစွာ ပြီးကြပါ၏။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"ကဲ ဆိုစမ်းပါဦး မင့်ကိစ္စ"

သက်ခိုင်က ကျွန်တော့် နားသို့ကပ်လာကာ ခပ်တိုးတိုးမေးလိုက်သဖြင့် ကျွန်တော်သည် အခန်းတွင်းသို့ မျက်လုံးများဖြင့် လှည့်ပတ်ကြည့်လိုက်မိသည်။ ကျောင်းသူကျောင်းသားများမှာ အားတက်သရောပင် ခွဲစိတ်ကြဆဲ၊ ခေါင်းမဖော်နိုင်အောင် ရှိနေကြဆဲ။ နည်းပြဆရာများနှင့် ကထိကမစ္စစ်လင်းစဒေးကြီးမှာလည်း ကျွန်တော်တို့နှင့် ဝေးနေဆဲ။

"ဒီမယ် သက်ခိုင်၊ ဟိုဘက် စားပွဲပေါ်မှာတင်ထားတဲ့ လွယ်အိတ်ကို မြင်သလား။ အဲဒါ သန်းသန်းဝင်းရဲ့ လွယ်အိတ်ကွ သိလား"

သက်ခိုင်က ကျွန်တော့်ကို နားမလည်ဟန်နှင့်ကြည့်သည်။ ပြီးမှ ဆို၏။

"အဲဒါ ဘာဖြစ်သလဲ။ လွယ်အိတ်ထဲ ရည်းစားစာထည့်မလို့လား"

"ဟာကွာ၊ မင်းကလည်း မဟုတ်တာချည်းကို"

"အေးလေ၊ မင်းဟာက ဘာမှန်းညာမှန်းမသိရဘဲ သန်းသန်းဝင်းရဲ့ လွယ်အိတ်ကိုဆိုတော့ ရည်းစားစာများ ထည့်ချင်လို့လားလို့ တွေးရတာကိုးကွ။ ဒီပြင်ကိစ္စလည်း ငါ စဉ်းစားလို့မှ မရဘဲဟာ"

"မဟုတ်ပါဘူးကွာ။ အဲ့ဒီလွယ်အိတ်ထဲမှာ ပေါင်မုန့်ထောပတ်သုတ် အထုပ်ပါတယ်ကွ။ သူက နေ့ကျောင်းသူဆိုတော့ သူ့အိမ်က ပေါင်မုန့်နဲ့ ကော်ဖီ ထည့်ယူလာတတ်တယ်"

"ဩော်၊ ဘာလဲ မင်းက မုန့်ထုပ်ခိုးစားချင်လို့လား"

"မုန့်စားတာမစားတာကတော့ တစ်ပိုင်းပေါ့ကွာ။ ငါ သန်းသန်းဝင်းကို နောက်ချင်လို့"

သန်းသန်းဝင်းမှာ ကျွန်တော်နှင့် ဟိုက်စကူးတုန်းက တစ်တန်းတည်း စာသင်ခဲ့ကြသူများဖြစ်၍ မင်း၊ ငါနှင့် ပြောကြသည်အထိ ခင်မင်ရင်းနှီးသူများ ဖြစ်သည်။



www.foreverspace.com.m



"ဘယ်လိုနောက်မှာလဲ"

သက်ခိုင်သည် လွယ်အိတ်ကို သေချာစွာလှမ်းကြည့်ရင်း ကျွန်တော့်ကို မေးပြန်၏။

"ဒီမယ်၊ အခု တို့မှာ ဖားသုံးကောင်ရှိတယ် မဟုတ်လားကွ။ အဲဒီ ဖားတွေကို သူ့မုန့်ထုပ်မျိုးနဲ့ တူအောင် ထုပ်ပြီးတော့ အထုပ်ချင်း လဲယူထားလိုက်မယ်ကွာ။ မကောင်းဖူးလား။ ဒါမှ ဒီကောင်မလေး မုန့်စားဖို့ အထုပ်ဖြေတော့မှ အူကြောင်ကြောင်ဖြစ်သွားမယ်"

ဒီတော့မှ သက်ခိုင်လည်း ပြုံးလာ၏။

"မင့်သဘောပဲ၊ လုပ်ချင်လည်းလုပ်လေ"

"အေး၊ လုပ်တာတော့ ဟုတ်ပြီ။ ဒါပေမယ့် ငါတစ်ယောက်တည်း လုပ်လို့တော့ မလွယ်ဘူးကွ၊ မင်းပါ ကူညီမှဖြစ်မှာ"

ကျွန်တော်သည် ဖားသုံးကောင်ထုပ်ကို ပြင်ပြီး ပြန်ထုပ်ရသည်။ ပေါင်မုန့်ထုပ်နှင့်တူအောင် ခပ်ပြားပြား ခပ်ရှည်ရှည်လေး ထုပ်ရ၏။

"ငါက ဘယ်လို ကူညီရမှာလဲ"

"အဲဒီ လွယ်အိတ်နားကို ငါတစ်ယောက်တည်းသွားပြီး အထုပ်ချင်း လဲဖို့က မလွယ်ဘူးကွ။ အဲဒီစားပွဲနားကို မင်းပါလိုက်လာပြီး တစ်ခုခု လုပ်သလိုလိုနဲ့ ဆရာတွေမမြင်အောင်လည်း ကွယ်ပေးဦးမှဖြစ်မှာ ဟုတ်လား။ ကဲ မယောင်မလည်နဲ့ မင်း အဲဒီနားကို သွားနှင့်ကွာ"

သက်ခိုင်သည် ဘာမျှပြန်မပြောတော့ဘဲ အဓိပ္ပာယ်နားလည်စွာနှင့်ပင် သန်းသန်းဝင်း၏ လွယ်အိတ်တင်ထားသော စားပွဲနားသို့ ကပ်သွားသည်။

သူသည် ဟိုလိုလိုဒီလိုလိုနှင့်ပင် စားပွဲနား၌ မယောင်မလည်လုပ်နေ၏။ ကျွန်တော်လည်း ကျောင်းသူကျောင်းသားများနှင့် ဆရာများ၏ အရိပ်အခြည်ကို ကြည့်ကာ သန်းသန်းဝင်း၏ လွယ်အိတ်အနီးသို့ ကပ်သွားရပြန်သည်။

သက်ခိုင်က ဆရာများရှိရာဘက်သို့ ခပ်ကွယ်ကွယ် လုပ်နေဆဲ



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကျွန်တော်သည် ခပ်မြန်မြန်ပင် သန်းသန်းဝင်း၏ လွယ်အိတ်ကို ကိုင်ကာ အထုပ်ချင်း လဲလိုက်နိုင်သည်။ ဖားထုပ်သည် လွယ်အိတ်တွင်းသို့ ရောက်သွားကာ မုန့်ထုပ်မှာ ကျွန်တော့်လက်ထဲ၌ ပါလာ၏။ ကျွန်တော်သည် ဣန္ဒြေမပျက်ပင် ကိုယ့်နေရာကိုယ် ပြန်လှည့်လာခဲ့သည်။ ကျွန်တော့်လိုပင် သက်ခိုင်လည်း ချက်ချင်းပြန်ရောက်လာ၏။ ကျွန်တော်တို့ နှစ်ဦးစလုံးပင် စွန့်စားခန်း အောင်မြင်သဖြင့် ဝမ်းသာပြုံးရွှင်နေကြသည်။

ဒီတော့မှပင် ကျွန်တော်တို့သည် ခွဲစိတ်မှု မှတ်သားချက်များ ရေးထားသည့် စာရွက်ကို ဆရာများထံသို့ သွားအပ်လိုက်သည်။ ပြန်ခွင့်ရပြီ ဖြစ်သော ကျွန်တော်တို့နှစ်ဦးသည် အခန်းထဲမှ ထွက်လာခဲ့ကြသော်လည်း ခါတိုင်းလို ခြေလှမ်းသွက်သွက်နှင့် ကျောင်းဆောင်သို့ မပြန်ဖြစ်ကြ။

"နေဦးကွာ၊ တို့ဟောလ်ကို မပြန်သေးဘဲနေရအောင်။ ပေါင်မုန့်ထုပ်မှတ်ပြီး ဖားထုပ်ကိုဖွင့်ပြီး စားမယ့် ကောင်မလေး ဘယ်လိုဖြစ်သလဲဆိုတာ ကြည့်ရအောင်"

ကျွန်တော်က သက်ခိုင်ကို အဖော်ညှိမိသည်။

"ကွာ၊ သန်းသန်းဝင်းက ဖားထုပ်ကို ဖွင့်မိတော့ကော ဘာဖြစ်မှာလိုက်လို့။ ဒီဖားလေးတွေကို သူကိုယ်တိုင် ရင်ခွဲနေတဲ့ဟာပဲ"

"မဟုတ်ဘူးလေကွာ။ သူတို့ စားကြသောက်ကြရင် သူတို့ ရင်းနှီးတဲ့သူချင်းစုပြီး စားကြသောက်ကြတာကွ။ သူတို့အဖွဲ့ထဲက ဒီပြင်ကောင်မလေးတွေ အီး အားနဲ့ အော်ကြ ဟစ်ကြမှာကို ငါကြည့်ချင်လို့"

ကျွန်တော်က သက်ခိုင်ကို တားမြစ်ရ၏။

"ဟာ ငါတော့ ထမင်းဆာပြီကွာ"

ကျွန်တော်တို့အဖွဲ့သည် သတ္တဗေဒလက်တွေ့သင်တန်းကို နံနက်ပိုင်း ၉ နာရီမှ ၁၁ နာရီအတွင်း လုပ်ရခြင်းဖြစ်၍ သင်တန်းပြီးလျှင် ထမင်းစားချိန်၊ ထမင်းဆာချိန်ပင်ဖြစ်နေ၏။



www.foreverspace.com.mm



"မင်း ထမင်းဆာရင် သန်းသန်းဝင်းရဲ့ ပေါင်မုန့်တွေ စားပစ်ကွာ ဟုတ်လား"

ကျွန်တော်သည် ပြောပြောဆိုဆိုပင် မုန့်ထုပ်ကို ဖြေလိုက်ပြီး မျက်နှာချင်းဆိုင်ထပ်၍ထားသော ပေါင်မုန့်ထောပတ်သုတ်တစ်တွဲကို သက်ခိုင်အား လှမ်းပေးလိုက်သည်။ ကျွန်တော်တို့ လမ်းလျှောက်သွားသော ကော်ရစ်ဒါတစ်လျှောက်၌ လူရှင်းနေသဖြင့် သက်ခိုင်သည် မုန့်ကိုလှမ်းယူကာ စားလိုက်သည်။

"အံမာ သူမုန့်က မဆိုးဘူးကွ။ ဆင်း(ဒ်)ဝစ်(ချ်)ပဲ။ ဒီအထဲမှာ ချိ(စ်)လည်း ပါသေးတယ်"

ကျွန်တော်လည်း အထုပ်ထဲ၌ကျန်နေသော မုန့်တစ်တွဲကို ယူလိုက်ပြီး စက္ကူကို လုံးချေကာ အမှိုက်ဇလားထဲသို့ ပစ်ချလိုက်၏။

ကျွန်တော်သည် သန်းသန်းဝင်း၏ မုန့်ကို ကိုက်စားလိုက်ပြီး အရသာခံကြည့်လိုက်သည်။

"အံမာ၊ မင်းထဲမှာက ချိ(စ်)၊ ငါ့ထဲကျတော့ ဘောကွန်နဲ့ ဆလပ်ရွက် ပါတယ်မောင် မဆိုးဘူးဟေ့"

မုန့်နှစ်တွဲမှာ တစ်မျိုးစီဖြစ်နေသဖြင့် ကျွန်တော်တို့ နှစ်ယောက်သည် လက်ကျန်မုန့်တစ်ဝက်စီခန့်ကို လဲလှယ်၍ စားပစ်လိုက်ကြသည်။

"သန်းသန်းဝင်းတော့ကွာ၊ အထုပ်ဖြေတဲ့အခါ ဘယ်လောက် အံ့ဩသွားမလဲမသိဘူး။ ဘယ်သူတွေလုပ်သလဲဆိုတာတော့ သိမှာ မဟုတ်ဘူး။ ဒါပေမယ့် ကျိန်ဆဲနေမှာတော့ အမှန်ပဲ"

ကျွန်တော်သည် ထိုစကားများကို ပြောလိုက်ရင်း ဒေါသဖြစ်နေမည့် သန်းသန်းဝင်း၏ မျက်နှာကို မြင်ယောင်ကာ ပြုံးလိုက်မိသည်။

ကျွန်တော်တို့သည် ကျောင်းသူများနားနေရာ (L.C.R.) အခန်းထောင့်သို့ရောက်သော လှေကားမှဆင်းလာကြသည်။ ထိုနေရာထောင့်ရှိ နံရံ၌



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

ကပ်ထားသော နံရံကပ်စာစောင်များကိုကြည့်သလိုလိုနှင့် ကျွန်တော်တို့သည် ရပ်နေကြသည်။

သက်ခိုင်က စိတ်မရှည်ဟန်နှင့်

"စောင့်မနေပါနဲ့တော့ကွာ။ သန်းသန်းဝင်းတို့ စားမှာ သောက်မှာက အယ်(လ်)စီအာထဲမှာ စားကြမယ့်ဟာ။ တို့စောင့်ကြည့်လို့လည်း မြင်ရမှာ မဟုတ်ပါဘူး" ဟု ပြောသည်။

သက်ခိုင်ပြောသည်မှာလည်း မှန်သည်။ အယ်(လ်)စီအာတွင်း၌ စားကြသောက်ကြ နေကြထိုင်ကြသည့် မိန်းကလေးများကို ပြင်ဘက် ကော်ရစ်ဒါ စင်္ကြံလမ်းပေါ်မှ ဘယ်လိုမှမမြင်ရ။ သို့သော်လည်း လက်ပံပင် ဇရက်ကျသည့် ညံညံစာစာအသံများကိုတော့ အပြင်ဖက်မှ ကျွန်တော်တို့ ကြားနိုင်ကြသည်သာဖြစ်၏။ မရှေ့စာတို့ကို လူမမြင်ရသော်လည်း အသံတော့ ကြားနိုင်မည်။

"နေပါဦးကွာ၊ ခဏလေးပါ။ အပြန်ကျတော့ တို့ ယူနီယံမှာ ထမင်း ဝင်စားတာပေါ့ကွာ၊ ငါ့မှာ ပိုက်ဆံပါပါတယ်"

"အေး၊ ဒီလိုဆိုရင်တော့ စောင့်မယ်။ ငါက တော်တော်ကြာ အဆောင်မှာ ထမင်းမမီလိုက်မှာစိုးလို့ကွ"

သက်ခိုင်လည်း နောက်ထပ် ဘာမျှမပြောတော့ဘဲ နံရံကပ်စာစောင် များကို လျှောက်ဖတ်နေသည်။ နံရံကပ်စာစောင်များမှာ 'အင်းဝတန်ဆောင်'၊ 'သထုံမီးပွား' စသော အဆောင် စာစောင်များဖြစ်ကြသည်။

"ဟေ့ အေးဝင်း၊ တို့တကောင်းကလည်း စာစောင် ထုတ်ကြရ အောင်ကွာ"

ကျွန်တော်သည် သက်ခိုင်၏အကြံဉာဏ်ကို စဉ်းစားနေမိသည်။ ပြီးမှ၊

"အေး ကောင်းသားပဲကွ။ နာမည်ကိုကော ဘယ်လိုပေးမလဲ"

"ငါစဉ်းစားလို့ရတာတော့ တကောင်းမှုဝံဆိုတဲ့နာမည်ပဲ၊ ဘယ့်နှယ်လဲ"



www.foreverspace.com.mm



"အေး၊ အေး၊ ကောင်းသားပဲ။ အဲဒီနာမည်ပဲ သုံးကြတာပေါ့ကွာ"

ထိုအချိန်မှာပင် ကျောင်းသူကျောင်းသား အတော်များများမှာ အပေါ် ထပ်မှ တဖွဲဖွဲဆင်းလာကြသဖြင့် ကျွန်တော်တို့ချင်း စကားပြတ်သွားကြသည်။ ဆင်းလာကြသူများမှာ ကျွန်တော်တို့ သတ္တဗေဒလက်တွေ့သင်တန်းဆက်ရှင် မှပင် ဖြစ်ကြသည်။ သန်းသန်းဝင်းလည်း သူ့အတွဲဖော် ခင်နွယ်ဦးနှင့်အတူ ကျွန်တော်တို့ဘေးနားမှ ဖြတ်၍ အယ်(လ်)စီအာအခန်းတွင်းသို့ ဝင်သွား ကြသည်။ သန်းသန်းဝင်းသည် ကျွန်တော့်ကိုမြင်သွားသဖြင့် ထုံးစံအတိုင်းပင် 'ကလိ' သွားသေးသည်။

"ဟောဒီထောင့်နားက အင်္ဂတေတွေ နိမ့်သွားတယ်လို့ ကိုယ်ထင်နေတာ၊ လက်စသတ်တော့ မင့်ခြေရာတွေကြောင့်ကိုး။ ဖြစ်မှဖြစ်ရလေ အေးဝင်းရယ်"

ထိုစကားကြောင့် ခင်နွယ်ဦးကရယ်ပြီး ကျွန်တော့်ကို ကြည့်သွား သည်။ ကျွန်တော့်မှာမူ ရုတ်တရက် ဘာမျှပြန်မပြောလိုက်နိုင်ဘဲ ခံလိုက်ရ သည်။ ထိုနေရာထောင့်နားတွင် လူလည်းတော်တော်ရှင်းသွား၏။ ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက် အယ်(လ်)စီအာ အခန်းပေါက်ဝနားသို့ ကပ်သွား မည်လုပ်ဆဲ၊ တဖျပ်ဖျပ်နှင့် လျှောက်လာသော ခြေသံသွက်သွက်ကလေးကို ကြားလိုက်ရပြန်၍ ကိုယ်ရှိန်သတ်နေလိုက်ကြရပြန်သည်။ ကော်ရစ်ဒါအတိုင်း လျှောက်လာသူမှာ ဖြူဖြူနွဲ့နွဲ့ ပုပုသေးသေး လှလှပပကလေးရှိသော ကျောင်းသူတစ်ဦးပင် ဖြစ်သည်။ သူသည် ဝိဇ္ဇာ ဘာသာရပ်အတွဲကိုယူသော နွယ်နွယ်မြင့်ဆိုသူဖြစ်၍ သက်ခိုင်နှင့် ရင်းနှီးသည်။

"ဟော ကိုသက်ခိုင်ကြီးတို့ ဘာလုပ်နေကြတာလဲ။ မပြန်ကြသေး ဘူးလား"

"ပြန်တော့ပြန်မလို့ပဲ နွယ်နွယ်ရေ့။ ဒါပေမယ့် အတောင် မပေါက် သေးလို့ မပျံနိုင်ဘဲ ဖြစ်နေတယ်"

ပထမသော် သက်ခိုင်၏စကားကို နားမလည်ဟန်နှင့် နွယ်နွယ်မြင့်သည်

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



မျက်မှောင်ကလေးကုတ်သည်။ ပြီးမှ သဘောပေါက်သွားဟန်နှင့် မျက်စောင်းကလေး တစ်ချက်ဝင့်ကာ ပစ်လိုက်သည်။

"ကိုသက်ခိုင်ကြီး စကားပြောရင် အဲဒီလိုချည်းပဲ။ ကွေ့လည်ကြောင်ပတ်နဲ့ ဟင်း....." ဟု မောင်းမဲသံကသေးနှင့်ဆိုကာ အယ်(လ်)စီအာခန်းထဲသို့ပင် ဝင်သွားပြန်သည်။ သက်ခိုင်သည် ရယ်ရင်း ကျန်ရစ်ခဲ့၏။ ကျွန်တော်သည် နွယ်နွယ်မြင့်ကို မျက်စိတစ်ဆုံး ငေး၍ ကြည့်နေမိသည်။

"ဟေ့ကောင်၊ မျက်လုံး ကျွတ်ကျဦးမယ်။ ဖြည်းဖြည်း.... ဖြည်းဖြည်းကြည့်"

သက်ခိုင်၏ စကားကြောင့် ကျွန်တော်သည် အရှက်ပြေ ရယ်လိုက်ရသည်။

"ကောင်မကလေးက တော်တော်ချောတယ်ကွ။ ဖြူဖြူနွဲ့နွဲ့ သေးသေးသွယ်သွယ် ချစ်စရာလေး။ ပထမနှာမည်နဲ့လိုက်အောင် နွယ်ပင်နွယ်ခက်ကလေးလို နွဲ့နွဲ့လျလျရှိပေမယ့် မြင့်တော့ မမြင့်ဘူး"

"ဟ မိန်းကလေးဆိုတာ အရပ်ပုမှ ချစ်စရာကောင်းတာကွ။ ဒါမှ ခြေနိုင်လက်နိုင်ရှိတာ။ အရပ်ရှည်ရှည် ထွားထွားကြိုင်းကြိုင်းကြီးတွေဆိုရင် အရေးအကြောင်းရှိလို့ ပွေ့ပြေးချင်ဦးတော့ မလွယ်ဘူး။ ပုပုသေးသေးလေးဆိုမှ ပွေ့ချင်ပွေ့၊ ထမ်းချင်ထမ်း အိုကေပဲ"

သက်ခိုင် သဘောကျနေသော သူ့တက္ကသိုလ်သူ မခင်သန်းကြည်မှာ ပုပုသေးသေးလေးပင် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က

"အေးပါကွာ။ မင်းကတော့ ကိုယ့်ဘက်ကိုယ်ယက်တဲ့ ကိုရွှေလိပ်ရဲ့စကားမျိုးပဲ ပြောမှာပေါ့"

"အံမာ မင်းကကော နွယ်နွယ်မြင့်ကို သဘောကျမနေဖူးလား။ မှန်မှန်ပြော မညာနဲ့"

ကျွန်တော်သည် ရယ်လိုက်မိရ၏။





"ငါ့မှာတော့ ဘယ်သူ့ကို သဘောကျနေတယ်ဆိုတာကို ခု မဆုံးဖြတ်ပါရစေနဲ့ဦး။ တက္ကသိုလ်သူ အလှအဖူးကလေးတွေ ဒီလောက်များနေတာ စိတ်ကြိုက် ရွေးပါရစေဦးကွာ။ အခြေအနေအရပေါ့။ အချိန်တွေ ရှိပါသေးတယ်"

ထိုအချိန်မှာပင် "အား" ဟူသော စူးစူးဝါးဝါး အော်လိုက်သံတစ်ချက်ကို အယ်(လ်)စီအာ ခန်းတွင်းဆီက ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြီး ဆက်တိုက်ပင် ကြမ်းပြင်ပေါ်သို့ ပစ္စည်းတစ်စုံတစ်ခု ကျသံနှင့်အတူ 'ချလွမ်.... လွမ်' ဟူသော ကွဲရှသံကိုပါ ကြားလိုက်ရသည်။

ဖားထုပ်ကတော့ သန်းသန်းဝင်းတို့ အဖွဲ့ကို ဒုက္ခပေးလေပြီဟု ကျွန်တော်တို့ နားလည်လိုက်ကြသည်။

ထို့ကြောင့် "ကဲ တို့ လစ်ကြစို့" ဟု ကျွန်တော်က သက်ခိုင်ကို ပြောလိုက်ပြီး ထိုနေရာမှ ခပ်သွက်သွက်ပင် ထွက်ခဲ့ကြ၏။

ကောင်မလေးတွေ ဘာတွေများ ဖြစ်ကုန်ကြပါလိမ့်ဟုလည်း ကျွန်တော်တို့ သိချင်စိတ်နှင့် တွေးရင်း ကိုယ့်ထင်မြင်ချက်ကို ကိုယ် အပြန်အလှန် ပြောမိကြရသေးသည်။

ကျွန်တော်နှင့် သက်ခိုင်သည် ယူနီယံဟော(လ်)သို့ ဝင်ကာ ထမင်းစားကြသည်။ လက်ဖက်ရည်နှင့် စီးကရက်ဖိုးပါ ပေါင်းသော် စုစုပေါင်း ကျွန်တော့်အိတ်တွင်းမှ ငွေငါးကျပ်ကျော်ခန့် ထွက်သွားရ၏။

"အံမယ်၊ ဒီကောင် ဘယ်ဆိုးလို့တုန်း။ လကုန်ခါနီးမှာတောင် ငွေရှင်လို့ပါလား"

ကျွန်တော်၌ နောက်ထပ် ငွေဆယ့်ငါးကျပ် ကျန်သေးသည်ကို မြင်တွေ့သွားသော သက်ခိုင်က မှတ်ချက်ချ၏။

"မဟုတ်ပါဘူးကွာ၊ စာအုပ်ဖိုးပါ။ ငါ ခုထိ ဘော်တနီ (Botany) စာအုပ် မဝယ်ရသေးဘူးကွ။ အဲဒါဝယ်ဖို့ပါ"



www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကျွန်တော်တို့သည် ပျော်ပျော်ရွှင်ရွှင်ပင် အဆောင်သို့ ပြန်ခဲ့ကြသည်။ အခန်း၌ နားနားနေနေ နေပြီး နေ့လည်နှစ်နာရီခန့်တွင်မှ ပြန်ထွက်ခဲ့ကြပါ၏။

ထိုနေ့ညနေပိုင်းမှာ အင်္ဂလိပ်ကျူတိုရီရယ် ရေးချိန်ဖြစ်ရာ ကျွန်တော်တို့ ဒီအပတ် မရေးကြတော့ဟု နှစ်ယောက် သဘောတူထားပြီး ဖြစ်သည်။ ထို့ကြောင့် သန်းသန်းဝင်းတို့၏ အခြေအနေကို သိလို၍သာ ကျွန်တော်နှင့် သက်ခိုင်တို့ ထွက်ခဲ့ကြခြင်းဖြစ်၏။ ကျွန်တော်တို့သည် တက္ကသိုလ်ရုံးခန်းများရှိရာ ရှေ့ဘက်ဝင်ပေါက်မှဝင်ပြီး စကြံလမ်းတစ်လျှောက် ခပ်ဖြည်းဖြည်း လျှောက်ခဲ့ကြသည်။ ထိုကော်ရစ်ဒါအဆုံး ထောင့်ချိုးကွေ့တွင် မမျှော်လင့်ဘဲ သန်းသန်းဝင်းနှင့် ခင်နွယ်ဦးကို တွေ့လိုက်ကြရသည်။

"ဟော၊ တွေ့ပြီ။ တရားခံတွေ မပြေးနဲ့"

ဆုံလျှင်ဆုံခြင်းပင် သန်းသန်းဝင်း ကျွန်တော်တို့နှစ်ဦးကို လက်ညှိုးဖြင့်ထိုးကာ ဆို၏။

ကျွန်တော်တို့ကလည်း ဘာမျှမသိလေဟန်၊ ဘာမျှ အပြစ်မရှိလေဟန် ဆောင်ရင်း မျက်လုံးများကို ပုတ်ခတ်ပုတ်ခတ်လုပ်၍ သူ့ကို ကြည့်ရ၏။

"ဘယ်လိုလဲကွာ၊ မင့်ဟာက ဘာမှန်းမသိ ညာမှန်းမသိနဲ့ အလန့်ထန်းလျက် မလုပ်စမ်းပါနဲ့"

"အံမာ ဒီလိုမျက်နှာသေလေးတွေနဲ့ လုပ်နေလို့ ဘာရမလဲ။ မသိတာမှတ်လို့။ မင်း မလုပ်ရင် ဘယ်သူမှလုပ်မယ့် လူ မရှိဘူး"

"နေပါဦး ငါက ဘာလုပ်မိလို့လဲ"

ကျွန်တော်က ဇွတ်ပင် ဟန်ဆောင်ပြီး ငြင်းရသည်။

"အေးဝင်းရာ ဒီလို အတည်ပေါက်တွေ လုပ်မနေစမ်းပါနဲ့။ ပရက်တီကယ် လုပ်တုန်းက ပိုနေတဲ့ဖားနေတွေကို မင်း ယူသွားတာကို ဟောဒီက ခင်နွယ်ဦးက မြင်တယ်။ ပြီးတော့ ငါ့လွယ်အိတ်ထားတဲ့ စားပွဲနားကို မင်းနဲ့ ကိုသက်ခိုင်တို့ ကပ်တာကို 'မွန်' က မြင်တယ်။ အဲဒီတော့ ဒီလုပ်ကြံမှုဟာ



www.foreverspace.com.mm



မင်းလုပ်တာ မဟုတ်ရင်တော့ ကိုသက်ခိုင်ပဲ"

သန်းသန်းဝင်းသည် ကျွန်တော်နှင့် သက်ခိုင်ကို လှည့်တိုက်ပေးလိုက်၏။ သူတို့တွင်လည်း မျက်မြင်သက်သေများက တော်တော်စုံစုံ ခိုင်ခိုင်လုံလုံလည်းရှိနေပြီ။

သက်ခိုင်က ပြုံးလိုက်၏။ ကျွန်တော့်ကိုလည်း ချောက်ကျတာမြင်လိုဟန်ရှိသည်။

"တစ် တရားခံကတော့ အေးဝင်းပါပဲဗျာ။ ကျွန်တော်ကတော့ အားပေးကူညီသူလောက်အဖြစ်နဲ့ပဲ ပါပါတယ်"

"အံမာ ပေါင်မုန့်ကိုတော့ မင်းလည်း စားသေးတယ် မဟုတ်လား"

"ဩော်၊ ဒါကတော့ မင်းက စားပါဆိုပြီး ပေးတာကိုးကွ"

သက်ခိုင်က ခပ်အေးအေးပင် ပြန်ပြော၏။ သန်းသန်းဝင်းနှင့် ခင်နွယ်ဦးမှာမူ ကျေနပ်ဟန်နှင့် ပြုံးနေ၏။

"ကဲ တရားခံ ပေါ်လည်း ပေါ်ပြီ၊ မိလည်း မိပြီ။ လာ လိုက်ခဲ့"

"ဟာ ဘယ်ကို လိုက်ရမှာလဲ"

"ယူနီယံဟောလ်ကိုပေါ့ကွာ။ တို့အဖွဲ့ကို မင်း ခေါက်ဆွဲအဝကျွေးမှ ဖြစ်မယ်။ မင်းလုပ်တာကြောင့် ဘယ်သူမှ ဘာမှ မစားနိုင်ဘဲ ဖြစ်သွားရတယ်။ ဖလပ်(စ်) (Flask) ဘူးလည်း ကျကွဲလိုက်ကွဲနဲ့ ဒုက္ခကို တော်တော်ရောက်သွားတယ်"

"အမယ်လေးကွာ ဖားမြင်တာနဲ့ ဒီလောက်ပဲ ကြောက်သွားရသလား။ မင်းပဲ ရင်ခွဲ အသည်းခွဲ လုပ်နေတာပဲ မဟုတ်လား"

"အို ကိုယ်ကတော့ ဘယ်ကြောက်မှာလဲကွ။ ကနေ့မှ ဖြစ်ချင်တော့ ကိုယ်ကလည်း မဆာလို့ မုန့်မစားတော့ဘူး။ နွယ်နွယ်မြင့်ပဲ စားပါဆိုပြီး နွယ်နွယ်မြင့်ကို အထုပ်ပေးလိုက်မိတယ်။ အဲဒါ သူကလည်း မုန့်ထုပ်ပဲထင်ပြီး ဖြေလိုက်တော့ ဒုက္ခများကုန်တာပေါ့။ နွယ်နွယ်မြင့်က ဖားဆိုရင် သိပ်ကို



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ကြောက်တတ်တာကွ။ မကြည့်ရဲဘူး။ အုထဲအသည်းထဲကကို လှိုက်လှိုက်ပြီး ကြောက်တယ်တဲ့။ အဲဒါ ဖားတွေကိုလည်း မြင်လိုက်ရော၊ နွယ်နွယ်မြင့်လည်း လက်ကားယား ခြေကားယားနဲ့ ထခုန်လိုက်တာ စားပွဲပေါ်တင်ထားတဲ့ ကော်ဖီ ဖလ်(စ်)ဘူးလဲ တိုက်မိပြီး ကျကွဲကုန်တော့တာပဲ။ နွယ်နွယ်မြင့်လည်း မျက်နှာကို ဖြူဖပ်ဖြူရော်ဖြစ်ပြီး မေ့မတတ်ကို ဖြစ်သွားတယ်။ အေးဝင်းက တော့ တော်တော်ဆိုးတယ်ကွာ။ ကဲ လာ လိုက်ခဲ့၊ တို့ကို လျော်ကြေးပေးရမယ်"

"ဟာ ငါ့မှာ အခု ဘယ်ကလာ ပိုက်ဆံရှိရမှာလဲကွာ။ လပဲ ကုန်ခါနီးတော့မယ်"

"ပိုက်ဆံရှိတာ မရှိတာ ငါမသိဘူး။ ပိုက်ဆံမရှိရင် ယူနီယံမှာ အကြွေးမှတ်ပြီး လက်မှတ်ထိုးပေါ့ကွာ။ ပြီးတော့ မင်း နွယ်နွယ်မြင့်ကိုလဲ အကျေးအမွေးနဲ့ တောင်းပန်မှဖြစ်မယ်"

ကျွန်တော်သည် နွယ်နွယ်မြင့်၏ သတင်းကို ကြားသိရ၍ တော်တော်လေးတော့ စိတ်မကောင်းဖြစ်လိုက်ရမိ၏။ ထို့ကြောင့်

"ကဲပါကွာ၊ မင့်အဖွဲ့သား ခေါ်ခဲ့ပါ။ ငါ အကျေးအမွေးနဲ့ တောင်းပန်ပါ့မယ်"

သက်ခိုင်သည် သဘောကျဟန်နှင့် ပြုံးနေ၏။

သန်းသန်းဝင်းနှင့် ခင်နွယ်ဦးတို့သည် အယ်(လ်)စီအာသို့ ဝင်ကာ သူတို့အဖွဲ့များကို ခေါ်ခဲ့သည်။ စုစုပေါင်း သူတို့အားလုံးမှာ ငါးဦးဖြစ်၏။ ထိုငါးဦးထဲ၌ နွယ်နွယ်မြင့်လည်း ပါသည်။ ကျွန်တော်သည် နွယ်နွယ်မြင့်ကို တောင်းပန်ရသည်။ နွယ်နွယ်မြင့်သည် ပထမတွင် ကျွန်တော့်ကို စိတ်ဆိုးနေဟန်ရှိသော်လည်း ကျွန်တော်က လှိုက်လှိုက်လှဲလှဲ တောင်းပန်လိုက်သောအခါ၌မူ ကြည်ကြည်လင်လင် ဖြစ်သွားရ၏။

ထိုနေ့က ကျွန်တော် ဆတ်ဆော့ကာ နောက်ပြောင်မိသည့်အတွက်



www.foreverspace.com.m



မရွှေစာတို့ကို ပြန်လည်ကျွေးမွေးခဲ့ရသည့်တန်ဖိုးမှာ တစ်ဆယ်နီးပါးခန့် ရှိခဲ့ရသည်။ ဤတစ်လလည်း ကျွန်တော် စာအုပ်မဝယ်နိုင် ဖြစ်ပေဦးတော့မည်။

မရွှေစာတို့ကို ကျွေးမွေးပြီးနောက် လမ်းခွဲ၍ ပြန်လာခဲ့ကြသောအခါတွင် သက်ခိုင်ကဆိုသည်။

"အင်း မင့်လုပ်ကြံမှုကြီးကို စာရင်းချုပ်လိုက်တော့ သန်းသန်းဝင်းက ဖလပ်(စ်) တစ်ဘူး ကွဲရတယ်။ နွယ်နွယ်မြင့်က မေ့သွားလုမတတ် လန့်သွားရတယ်။ မင်းက စုစုပေါင်း ငွေတစ်ဆယ်ကျော်ကုန်တယ်။ ငါကတော့ မနက်ကော ညနေကော ဗိုက်ကို ပြည့်သွားတယ်။ ဩော်.... သာဓု၊ သာဓု"

"အေးကွာ၊ ဒီတစ်လလည်း ငါ မင့်ဆီကပဲ စာအုပ် ငှားဖတ်ရဦးတော့မှာပဲ။ ဒီနွယ်နွယ်မြင့်ဆိုတဲ့ ကောင်မလေးကလည်းကွာ ဖားကိုများ ဘာလို့ ဒီလောက် ကြောက်ရပါလိမ့်"

"အေး ဒီကောင်မလေး ဖားကို ဘာလို့ကြောက်မှန်းတော့ မသိဘူး။ ဒါပေမယ့် ဖားကို ဒီလောက်ကြောက်တဲ့နောက်တော့ အင်း.... ဖားထက်ကြောက်စရာကောင်းတဲ့ အရာမျိုးတွေကိုလည်း ကြောက်မှာပဲကွ။ အဲဒီလိုဆိုရင်တော့၊ အင်း.... အဲဒီလိုဆိုရင်တော့။ ဒီကောင်မလေး တစ်သက်လုံး အပျိုကြီးပဲ ဖြစ်နေတော့မှာနဲ့ တူပါရဲ့ကွာ"

သက်ခိုင်က ထိုသို့ လေးလေးပင်ပင်ပြောရင်း မှတ်ချက်ချသည်။

သူ့စကားကို ကျွန်တော် အဓိပ္ပာယ် မပေါက်လိုက်ပါ။ ထို့ကြောင့် ပြန်မေးလိုက်ရ၏။ သို့သော် သူ မဖြေပါ။

"မင်းဟာမင်း စဉ်းစားကြည့်ပေါ့ကွ" ဟုသာ ဆိုပါသတည်း။

သက်ခိုင် ဘာဆိုလိုမှန်း ကနေ့အထိ ကျွန်တော် မသိပါ။ သို့သော် သူ့စကားမှန်ပါသည်။ နွယ်နွယ်မြင့်သည် ယနေ့၌ အထက်တန်းကျောင်းအုပ်ဆရာမကြီး၊ အပျိုကြီးဖြစ်နေကာ တစ်ခါ တစ်ခါ၌ ကျွန်တော် သူ့ကို တွေ့တတ်ပါသည်။



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဩော်.... မိုးရွာ၍ ဖားကလေးတွေကို မြင်တိုင်း ထိုတစ်နေ့ကအဖြစ်ကို ယနေ့တိုင် မြင်ယောင်ဆဲပါတည်း။

⁜

(၁၉၆၉ ခု၊ ဇူလိုင်လ၊ စန္ဒာမဂ္ဂဇင်း)

ပုဂံစာအုပ်တိုက်

www.foreverspace.com.mm

## အမှတ် ၅

ဤဇူလိုင်လဆန်းရက်သည် မိုးဆက်၍ရွာသော နေ့များချည့်သာဖြစ်နေသည်။

အနောက်တောင်ဘက်ဆီမှ ပြိုတော့မည်ကဲ့သို့ အိ၍ဆင်းလာသော မိုးသားညိုညိုညို့တို့သည် ကောင်းကင်ပြင်တစ်ခုလုံးကို ဆက်၍ဆက်၍ လွှမ်းသွားတတ်သည်။

ဤအခြေအနေသည် မကြာမီမှာပင် ပုလဲရည်မိုးပေါက်တို့ သဲသဲမဲမဲ ကြွေကျလာကြတော့မည့် ရှေ့ပြေးသရုပ်ပင်ဖြစ်၏။

ဤကဲ့သို့ မိုးလှိုင်လှိုင်ရွာပြီဆိုလျှင် တက္ကသိုလ်မြေ၏ သစ်ပင်ကြီးငယ်တို့သည် အရောင်ဝင်းသော ပန်းတို့နှင့် ကင်းလျက်ရှိကာ ကံ့ကော်တောတစ်ခွင်သည် စိမ်းလျက်သာ ရှိတတ်ပါ၏။

သို့သော်လည်း ခြွင်းချက်တစ်ခုတော့ ရှိသည်။

တက္ကသိုလ်မြေ၏ ကံ့ကော်တောသည် ညို့ညို့စိမ်းသော ရွက်ရင့်တို့ဖြင့်သာ စည်ပင်လျက်ရှိသည်မှာ မှန်သော်လည်း ဤနယ်တစ်ခွင်ရှိ ပိတောက်ပင်မြင့်တို့မူ ဤရာသီ၌သာ ရွှေရည်ဝင်းသော အပွင့်လွှာတို့ဖြင့် ဝင့်ဝါတတ်ကြပါ၏။

ပုဂံစာအုပ်တိုက်

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

စာဆိုတို့သည် ပိတောက်ရွှေဝါကို သင်္ကြန်အတာနှင့် ယှဉ်၍ စာဖွဲ့တတ်ကြသည်။

နာမည်ကြီးသော စာဆိုတော်ဦးကြော့၏ 'ပိတောက်ရွှေဝါဘွဲ့'သည် လတန်ခူးနှင့်ပင် ယှဉ်ပါ၏။

"လတန်ခူးပေမို့၊ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ နိုင်ရွှေဝါ"

တကယ်တမ်းသာဖြင့် ဘယ်ပန်းသော် စံမတူဘူး၊နန္ဒမူဖန်ဂူထိပ်မှာလ၊ ပစ္စေကာ ချွေးတော်သိပ်ရတယ်၊ ဇရိပ်ဆာယာ....။ တစ်နှစ်တွင် သည်တစ်လပေပ၊ တစ်လတွင် တစ်ရက်တည်း၊ ခက်ခဲတဲ့ မြတ်ဗုဒ္ဓ၊ ပွင့်ရှာကြ စုံမြိုင်တွင်း....။

မြူမင်းလွင်ထန်၊ ကြူသင်း တာချိန်ယံမတော့....၊ ရွှေဝတ်ဆံငုံတံ ညွှာကက်ကယ်နှင့်၊ ခါသင်္ကြန် ဂိမှာန်ရောက်ပြန်တော့ သိရ်ာသရေ ထိန်ဝေလို့ တောက်တဲ့ပြင်၊ လမ်းတစ်လျှောက် သင်းပါဘိ၊ ဆန်းသလောက် မလင်းနိုင်ဘူး၊ ပန်းပိတောက်မင်း"

စာဆိုတော် ဦးကြော့သည် ဤသို့ပင် ပိတောက်ပန်းကို လှလှပပ ဖွဲ့ခဲ့ပါ၏။ အတာကူးသည့် လတန်ခူးတွင်မှ ပိတောက်ပွင့်သည်ဟု ဆိုကြသည်။

'တစ်နှစ်တွင် သည်တစ်လ၊ တစ်လတွင် တစ်ရက်တည်း' ဟူ၍ ပန်းပိတောက်၏ ထူးခြားခြင်းကို အမွှမ်းတင်ခဲ့သည်။

ပိတောက်ပင်တစ်ပင်၏ ပန်းသက်တမ်းသည် တစ်ရက်ထက် ပို၍ မလန်းသည်မှာ မှန်သော်လည်း ကံ့ကော်မြေမှ ပိတောက်တို့မူ ဤလို ဇူလိုင်လတွင်မှ ပွင့်တတ်ကြသည့်အပင်တို့လည်း ရှိပါ၏။ ဤလို မိုးဖြိုင်ဖြိုင်ရွာသည့် ဇူလိုင်လတွင်မှ ကျွန်တော်နေခဲ့ဖူးသော တကောင်းကျောင်းဆောင်၏ နောက်ဘက်ရှိ ပိတောက်ပင်ကြီးတို့ အပွင့်ဝေကာ ရွှေရည်လူးတတ်သည်ကို ကျွန်တော် ကောင်းကောင်းကြီး မှတ်မိပါသည်။

ယခု ဇူလိုင်လဆန်း သုံးရက်နေ့ နံနက်ပိုင်းက ကျွန်တော်သည် ပြည်လမ်းတစ်လျှောက်အတိုင်း တက္ကသိုလ်မြေ၏ ဘေးမှ ဖြတ်သွားမိသည်။



www.foreverspace.com.mm



ယခင်က မရမ်း၊ သရက်နှင့် ပိတောက်တောကြီး ဖြစ်ခဲ့ဖူးသော တကောင်းကျောင်းဆောင်၏ နောက်ဘက်နေရာသည် ယခုမူ အပင်တို့ ရှင်းကာ ဆေးတက္ကသိုလ် ၁ ဖြစ်၍နေပြီ။ သို့သော်လည်း တကောင်းဆောင်နှင့် လိပ်ခုံးကြီး၏ အကြားတွင်မူ ပိတောက်ပင်အချို့တို့ ရှိကြပါသေး၏။

မြင့်မတ်ကြီးမားသော ပိတောက်ပင်ကြီးတစ်ပင်သည် လိပ်ခုံး အဆောက်အဦကြီးကို အုပ်မိုးလွှမ်းဖြာလျက်ရှိသည်။ ထိုနေ့ကမူ ထိုအပင်ကြီးဝယ် ဝင်းဝင်းဝါသော ပွင့်လွှာပွင့်ခက်တို့နှင့် ဝေလျက်ရှိသည်ကို ကျွန်တော် မြင်လိုက်ရပါ၏။

ဤနေရာ၊ ဤပိတောက်ပင်ကြီး၌ ပွင့်ခက်တို့ဝေလျက်ရှိသည်ကို မြင်လိုက်ရသဖြင့် ကျွန်တော်သည် ဤသစ်ပင်ကြီးမှ ပိတောက်ပန်းတို့နှင့် ဆက်စပ်လျက်ရှိသော အဖြစ်ဟောင်းတို့ကို သတိတရရှိမိရသည်။

ဤပိတောက်ပင်ကြီးမှ ပိတောက်ပန်းတို့နှင့် ဆက်စပ်လျက်ရှိသော အတိတ်ဖြစ်ဟောင်းတို့သည် မမေ့နိုင်စရာလေးများအဖြစ် ကျွန်တော်၌ တော်တော်များများလေးရှိခဲ့ပါ၏။

ဤတစ်လ၏ 'ကံ့ကော်တောမှ ဇာတ်လမ်းများ' ကို ဤအပင်ကြီး၏ ပိတောက်ပန်းနှင့် ဆက်စပ်လျက်ရှိသော ကျွန်တော့် ရင်၌ မှတ်မိနေသေးသည့် ဖြစ်ရပ်များအနက်မှ တစ်ခုခုကို ရေးမည်ဟု ဆုံးဖြတ်လိုက်မိသည်။

ထိုနေ့သည် အံ့ဩစရာကောင်းပါ၏။ ရုံးသို့ရောက်သောအခါတွင် ကျွန်တော်၏ ထိုဆုံးဖြတ်ချက်နှင့် တိုက်တိုက်ဆိုင်ဆိုင် ရှိလွန်းလှသော စာတစ်စောင်ကို ကျွန်တော် ရသည်။ စာမှာ ကျွန်တော်နှင့် ဟိုက်စကူးတွင် သာမက တက္ကသိုလ်အထိပါ ကျောင်းနေဖက်သူငယ်ချင်း ဖြစ်ခဲ့သော တင်တင်အုန်းထံမှ ဖြစ်သည်။

မမျှော်လင့်သော သူငယ်ချင်းဟောင်းထံမှ စာဖြစ်၍ ကျွန်တော် အံ့ဩရသည်။ ပြီးတော့ ဝမ်းသာရသည်၊ ပြီးတော့တစ်ဖန် စာကိုဆုံးအောင် ဖတ်မိ



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ပြီးတော့လည်း အံ့ဩရပြန်သည်။ ထိုမျှသာမက ဝမ်းသာဝမ်းနည်းလည်း ဖြစ်လိုက်ရပါသေး၏။

သူ့စာမှာ…

မန္တလေးမြို့။
နေ့စွဲ ၃၀–၆–၆၉

ဖိုးအေးဝင်း၊

မမျှော်လင့်ဘဲနဲ့ ကိုယ့်ဆီက ဒီစာကို မင်းရလို့ အံ့ဩသွားမှာတော့ အမှန်ပဲ။

တို့တစ်တွေအနေနဲ့ ငယ်ငယ်တုန်းက ကျောင်းနေဖက်သူငယ်ချင်းတွေ ဖြစ်ခဲ့ကြပြီး ဘယ်လောက်ပဲ ရင်းနှီးခဲ့ကြပေမယ့် ခုလို ကိုယ့်ဘဝကိုယ် ကျောင်းပြီး၊ ကိုယ့်အလုပ် ကိုယ့်အကိုင် ကိုယ့်အိုး ကိုယ့်အိမ်နဲ့ ဖြစ်နေကြတော့လည်း တစ်ယောက်ဆီတစ်ယောက် အကြောင်းမရှိကြဘဲ စာမရေးဖြစ်ကြဘူးပေါ့ကွာ။ ဒါပေမယ့် ဘယ်သူတွေ ဘယ်ဘဝမှာပဲရောက်နေကြ ရောက်နေကြ သူငယ်ချင်းဟာ သူငယ်ချင်းပါပဲ။ မေ့တော့ မမေ့ပါဘူး။ အခွင့်သင့်တဲ့အခါတိုင်းမှာတော့ သူငယ်ချင်းတွေကို သတိရစမြဲပါ။ အေး၊ အထူးသဖြင့်ကတော့ သူငယ်ချင်းတွေထဲမှာ မင့်ကို ပိုပြီး သတိရမိတယ်။ မင်းက ခုတော့ စာရေးဆရာကြီးဖြစ်နေမှကိုး။ မင့်ဝတ္ထုတွေ ထွက်သမျှ အကုန်လုံး မဖတ်မိပေမယ့် သတင်းစာထဲက ကြော်ငြာတွေ့လိုက်မိတိုင်းတော့ မင့်ကို သတိရလိုက် ရတာချည်းပါပဲ။

ခုတစ်လောတော့ မင့်ကို ကိုယ် လတိုင်း သတိရမိတာပါပဲ။ ကိုယ့်သမီးအကြီးဆုံးက စန္ဒာမဂ္ဂဇင်းကို မရရအောင် လစဉ်ဝယ်တယ်။ မဂ္ဂဇင်း လှန်ကြည့်မိတော့လည်း မင်း လစဉ်ရေးနေတဲ့ 'ကဲ့ကော်တောမှ ဇာတ်လမ်းများ' ကို တွေ့တယ်။ အဲ့ဒါတွေကိုတော့ ကိုယ် မှန်မှန် ဖတ်ဖြစ်ပါရဲ့။



www.foreverspace.com.m



ဒါကြောင့်လည်း ဒီစာကို မင့်ဆီ ရေးဖြစ်လိုက်တာပါပဲ။ ဒီစာကို မဂ္ဂဇင်းတိုက်ကမပို့ဘဲ မင်းရုံးလိပ်စာနဲ့ ပို့လိုက်လို့ နည်းနည်းများ မင်း အံ့ဩသွားမလား မဆိုနိုင်ဘူး။ မင့်လိပ်စာကို ကိုယ်တို့ မန္တလေးမြို့မှာ အစိုးရအထက်တန်းကျောင်းအုပ်ကြီး လုပ်နေတဲ့ ကိုအောင်ခင်မြင့်ဆီက ရတယ်။ မင်းနဲ့ ကိုဘုန်းနိုင်တို့ ဝတ္ထုထဲမှာ ထည့်ထည့်ပြီး နှိပ်စက်နေတဲ့ ကိုအောင်ခင်မြင့်ကြီးပေါ့။ ကိုယ့်သမီးကလည်း သူ့ကျောင်းမှာပေါ့။ အခု ရှစ်တန်းတောင် ရောက်နေပြီ။

အေး၊ တို့ကလေးတွေတောင် တော်တော်ကြီးကုန်ကြပြီ။ ဒီတော့ တို့ငယ်ငယ်တုန်းက ကျောင်းသားကျောင်းသူဘဝဟာ တော်တော် ကြာခဲ့ပြီဆိုတာ ထင်ရှားနေတာပေါ့ကွာ။ ဒါပေမယ့် ဘဝသက်တမ်း တစ်လျှောက်မှာ ဖြစ်ခဲ့ပျက်ခဲ့တဲ့ ထင်ရှားတဲ့ အဖြစ်တွေကတော့ ဘယ်လောက်ပဲ ကြာခဲ့ ကြာခဲ့၊ လုံးဝတော့ မေ့မသွားဘူးပေါ့။ မင်းက စာရေးဆရာဆိုတော့ တို့ထက်တောင်မှ အမှတ်သညာ ကြီးပါလိမ့်ဦးမယ်။

ကိုယ့်အကြောင်းကိုများ မင်း ရေးဖို့ စိတ်ကူးထားသေးသလား။ အေးလေ မေးမယ့်သာမေးရတာပါ။ အနေးနဲ့အမြန်တော့ မင်း ငါနဲ့ ကိုညွှန့်ဖေ အကြောင်းကို ရေးတော့မှာပဲဆိုတာ ငါ သိပါတယ်။ စာရေးဆရာရဲ့ ကလောင်ဆိုတာ 'ဝင့်'ရတော့မယ်ဆိုရင် လူမရွေးဘူး မဟုတ်လား။

တို့အကြောင်းကို မင်း ရေးချင်သပဆိုရင်တော့ ရေးပါ။ ငါ မကန့်ကွက်ပါဘူး။ ဒါပေမယ့် နာမည်လေးတွေတော့ ပြောင်းထားပေါ့ကွာ ဟုတ်လား။ အေး အခုလို ကိုယ်က ရေးလိုက်တော့ ငါက ငါ့အကြောင်းကို မင်း ရေးစေချင်လွန်းလို့ တိုက်တွန်းနေတယ်လို့တော့ မထင်လိုက်ပါနဲ့။ တကယ်လို့များ မင်းရေးဖြစ်ခဲ့ရင်သာ မပြည့်မစုံဖြစ်ပြီး အမှန်တွေ ကျန်ခဲ့မှာစိုးလို့ မင်းမသိသေးတဲ့အကြောင်းကို သိရအောင် ကိုယ့်ဟာကိုယ် ဖော်ကောင်လုပ်လိုက်ရတာပါ။



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



သူ့စာသည် တော်တော်ရှည်ပါသည်။ စာ၏နိဒါန်းက ဤမျှရှည်နေပြီ ဖြစ်ပါ၏။ သို့သော်လည်း ကျွန်တော်သည် သူ့စာကို ဆုံးသွားသည်အထိ စိတ်ဝင်စားစွာပင် ဖတ်မိခဲ့၏။

ဤစာအတွက် သူ့ကို ကျွန်တော် ကျေးဇူးတင်ပါသည်။ ၁၅ နှစ်နီးပါးမျှ ကျွန်တော် မသိရဘဲ ကျန်ရှိခဲ့ရသည့် တင်တင်အုန်းနှင့် ညွန့်ဖေတို့၏ ဇာတ်လမ်းအစိတ်အပိုင်းကို ယခု တင်တင်အုန်း၏ စာကို ဖတ်လိုက်ရမှပင် ကျွန်တော် သိရသည်။ ယခုမှပင် သူတို့ဇာတ်လမ်း ရှင်းသွားရပြီဖြစ်သည်။

အကယ်၍များ ဤဝတ္ထုကို ညွန့်ဖေတစ်ယောက် ဖတ်မိရလျှင်တော့ သူလည်း ၁၆ နှစ်လုံးလုံး မသိခဲ့ရသေးသော သူနှင့် တင်တင်အုန်းတို့၏ ဇာတ်လမ်းမှ ကျန်သောအပိုင်းကို သိခွင့်ရလိမ့်မည်ပင် ဖြစ်ပါ၏။

ကံ့ကော်တောမှ စူလိုင်ပိတောက်နှင့်စခဲ့သော ညွန့်ဖေနှင့် တင်တင်အုန်းတို့၏အဖြစ်သည် ယခုမှပင် ရှင်းရပါ၏။

ယခုလည်း ထိုစဉ်က ပွင့်ခဲ့သော ပိတောက်ပင်ကြီးသည် ပွင့်လျက် ရှိပြန်ပါပကော။

*

ဖွဲလိုက်၊ စဲလိုက်၊ သည်းလိုက်နှင့်သာ တစ်နံနက်လုံး ရွာနေသော မိုးမှာ တစ်လောကလုံးကို ပျင်းပျင်းရိရိရှိအောင် ဖန်တီးနေသည်။

ကျွန်တော်သည် ပျင်းပျင်းရိရိရှိမိရလျက်နှင့်ပင် ယနေ့နံနက်ပိုင်း ကလပ်(စ်)များကို တက်ဖြစ်အောင် တက်မိခဲ့၏။ သက်ခိုင်မူ ယနေ့နံနက် ကလပ်(စ်)များကို မတက်။ ဤနေ့သည် စနေနေ့ဖြစ်၍လည်း ကျောင်းသားတော်တော်များများမှာ ကလပ်(စ်)မတက်ကြဘဲ မိုးအေးအေးတွင် အိပ်ရာထဲ၌ ကွေးနေကြသည်။ သက်ခိုင်မူ အိပ်ရာထဲ၌ ကွေးနေသည်တော့ဖြင့်မဟုတ်။

"ကနေ့မနက် ငါ ကိစ္စကလေးရှိလို့ကွာ၊ ကလပ်(စ်)မတက်တော့ဘူး။ တားမရရင်လည်း မင့်ဘာသာမင်းသာ သွားပေတော့"ဟုပြောရင်း ကျန်ခဲ့သည်။





ကျွန်တော်သည် ကျောင်းတက်ရမှာ ပျင်းသော်လည်း လုံလောက်သော အကြောင်းမရှိဘဲ ကလပ်(စ်) မပျက်ချင်သဖြင့်သာ တစ်ယောက်တည်း ထွက်ခဲ့ရသည်။

ဆယ့်တစ်နာရီခွဲ ကလပ်(စ်) အပြီး သင်တန်းမှထွက်ကာ ကော်ရစ်ဒါလမ်းတစ်လျှောက်အတိုင်း တစ်ယောက်တည်း ပျင်းပျင်းရိရိလျှောက်လာဆဲ ထောင့်ချိုးကွေ့တစ်ခု၌ တင်တင်အုန်းနှင့်တွေ့သည်။

"ဟော မင်းနဲ့ တွေ့ချင်တုန်း အတော်ပဲဟေ့"

တင်တင်အုန်းကပင် ကျွန်တော့်ကို မြင်လျှင်မြင်ချင်း ဝမ်းသာအားရ ဆိုသည်။

သူနှင့်အတူ တွဲလျှောက်လာသော မအုန်းကြည်လေးကမူ....

"အင်း၊ ကိုအေးဝင်းတော့ မိတင်အုန်းနဲ့တွေ့တာ ကံဆိုးတော့တာပဲ" ဟု ပြုံးပြုံးကလေးဆိုသည်။

"အေး၊ မင်း ကိုယ့်ကို တွေ့ချင်တာကတော့ အကောင်း ဟုတ်မှာ မဟုတ်ပါဘူး။ တစ်ခုခုခိုင်းချင်လို့ပဲ မဟုတ်လား"

ကျွန်တော်သည် တင်တင်အုန်း၏'အထာ'ကိုသိစွာပင် ဆိုလိုက်ရ၏။

တင်တင်အုန်းသည် ပြုံးလိုက်ပြီးမှ

"မင်းတို့ ဟော(လ်) နောက်ဖေးက ပိတောက်ပင်ကြီး ပွင့်နေပြီ မဟုတ်လား"

"အလို မင်းက ဘယ်လိုလုပ်သိပါလိမ့်"

ကျွန်တော်သည် မျက်စချီရင်း အံ့အံ့သြသြကလေးပင် ပြန်ပြောလိုက်မိ၏။

"သိတာပေါ့ကွာ၊ ငါ့ဗိုက်ထဲမှာ ပုဏ္ဏားကလေးရှိတယ်ကွ"

တင်တင်အုန်းက ခပ်ကြွားကြွားကလေး ပြောလိုက်သဖြင့်....

"ဟာ မင့်ဗိုက်ထဲမှာ ပုဏ္ဏားကလေးရှိနေပြီ ဟုတ်လား။ ငါဖြင့်



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



သိပေါင်ကွာ။ ဘယ်တုန်းက မင်း ပုဏ္ဏားတစ်ယောက်နဲ့ အိမ်ထောင်ကျသွားရတာလဲ" ဟု သူ့ကို တွယ်လိုက်မိသည်။

တင်တင်အုန်းသည် နှုတ်ခမ်းစူသွားသည်။ မအုန်းကြည်မှာမူ သဘောကျသွားဟန်နှင့် အသံကလေးထွက်အောင်ပင် ရယ်နေသည်။

"ကောင်းတယ်၊ ကောင်းတယ်။ မိတင်အုန်းကိုတော့ အဲဒီလို တွယ်ပေးမှ"

တင်တင်အုန်းသည် မအုန်းကြည်ကို မျက်စောင်းထိုးသည်။ သို့သော်လည်း သူ့ကိုမူ ဘာမျှပြန်မပြောဘဲ ကျွန်တော့်ကိုသာ

"ဟော့ အေးဝင်း၊ အဲဒီလို မယုတ်ပတ်နဲ့နော်" ဟုသာ ခပ်မာန်မာန်ကလေး ဆိုပါ၏။

ဒီတော့မှပင် ကျွန်တော်ကလည်း လေချိုသွေးလိုက်ရသည်။

"ကဲ တို့ဟော(လ်)က ဝိတောက်ပင်ကြီးပွင့်တော့ကော မင်းက ဘာလုပ်ချင်လို့လဲ။ ငါတော့ ဝိတောက်တွေပွင့် မပွင့် သတိမထားမိခဲ့ပါဘူးကွာ"

"ပွင့်နေပါပြီကွာ။ မင့် ကိုသက်နိုင်တောင်မှ မနက်က တို့ကလပ်(စ်) မလာခင်လေးမှာတင် ဝိတောက်ပန်းတွေ တပွေ့တပိုက်ကြီးနဲ့ တို့အဆောင်ကို ရောက်လာသေးတယ်"

ကျွန်တော် အံ့သြသွားရသည်။ ကနေ့မနက် သူ ကိစ္စရှိသည်ဆိုသည်မှာ ပွင့်နေသော ဝိတောက်ပန်းများကို ခူး၍ အင်းလျားသူကို ပေးရန်သာ ဖြစ်သည်ကို ခုမှပင် ကျွန်တော် သိရသည်။

"သူက ဘယ်သူ့ကိုပေးတာလဲကွ"

"မလေးနွယ်ကို လာပေးတာလေ။ သူ့မမနွယ်ဆိုတာကိုပေါ့"

"ဩော်.... ဩော်...."

ကျွန်တော်သည် ထိုမျှသာဆိုလိုက်မိပြီး ဆက်၍တွေးနေလိုက်မိသည်။

"ဩော် မနေနဲ့၊ အဲဒါကြောင့် ငါကလည်း မင့်ကိုတွေ့ချင်နေတာ"



www.foreverspace.com.mm



"အလို ဘာကြောင့်များပါလိမ့်"

သူ့စကားကြောင့် ကျွန်တော် တကယ်ပင် အံ့သြလိုက်မိရပါ၏။

"ဘာကြောင့်ရမလဲ၊ တို့လည်း ဝိတောက်ပန်း လိုချင်တာပေါ့။ အဲဒီတော့ ကနေ့ညနေ ခပ်စောစောမှာ အဲဒီဝိတောက်ပန်းတွေ ခူးပြီး လာပို့ပေးစမ်းပါကွာ"

"အမယ်လေး.... ဘုရား ဘုရား"

ကျွန်တော်သည် ဘုရား တလိုက်မိရ၏။ မအုန်းကြည်သည် ဘာစကားမျှ ဝင်မပြောဘဲ ဘေးမှသာ ပြုံး၍ ကြည့်နေသည်။

"ငါကနိုင်းတော့ မင်းက ဘုရားတတယ် ဟုတ်လား။ မင့်မွန်တို့ မခင်သီတို့က နိုင်းရင်တော့ ဘုရားတမှာ မဟုတ်ဘူး။ ကဲ ပြော၊ ငါ့မှာတာ လုပ်ပေးမလား.... လုပ်မပေးဖူးလား"

တင်တင်အုန်း၏အသံဝယ် ခြိမ်းခြောက်သံပါနေသည်။

"လုပ်မပေးဘူးဆိုရင်ကောကွာ"

ကျွန်တော်က သူ့ကို ခပ်ပြုံးပြုံးပင် မေးလိုက်မိသကဲ့သို့ သူကလည်း ခပ်ပြုံးပြုံးပင် ဖြေပါ၏။

"အေးလေ၊ မင်းက ငါ့ကို မကူညီချင်ဘူးဆိုရင်တော့ ငါက မင့်ကို မကူညီရုံတင်မကဘူး။ မင့်ကို ချောက်တောင်မှ ချရလိမ့်မယ်"

ထိုအချိန်မှာပင် ကျွန်တော်သည် အကြံတစ်ခုရ၍ ပြုံးလိုက်မိပြီးမှ သူ့ကို လိုက်လိုက်လျောလျောပင် ပြောလိုက်မိသည်။

"ချောက်တော့ မချပါနဲ့ကွာ။ မင့်ဆန္ဒတွေ ပြည့်ရပါစေ့မယ်။ ဝိတောက်ပန်း လိုချင်တဲ့ ဆန္ဒတင် မကပါဘူး။ မင့်အတွက် ဒိုပြင် လိုအပ်ချက်တွေကိုပါ ငါ ဖြည့်ပေးပါဦးမယ်"

"ဘာလဲ၊ မင့်စကားက"

သူသည် မျက်မှောင်ကလေးကုတ်ကာ မေးသည်။



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"အေးလေ၊ ဘာလဲဆိုတာ နောက်တော့ မင်း သိလာရမှာပေါ့ ဟုတ်လား။ ကဲ ငါသွားမယ်။ ညနေကျရင်သာ မင်းစောင့်နေ။ မင်းလိုချင်တဲ့ ဝိတောက်ပန်းတွေကို ငါ လာပို့မယ်"

ထိုစကားကိုသာ ကျွန်တော် ပြောလိုက်ပြီး သူတို့နှင့် ခွဲခဲ့သည်။

*

ကျွန်တော် ကျောင်းဆောင်သို့ပြန်ရောက်သောအခါတွင် ညွန့်ဖေအခန်းသို့ ပထမ ဝင်သည်။ သို့သော်လည်း ညွန့်ဖေကို သူ့အခန်း၌မတွေ့။ အခန်းသော့ ပိတ်လျက်သာ ရှိသည်။ ထို့ကြောင့် သူ ပြန်ရောက်လျှင်ရောက်ချင်း ကျွန်တော့်ဆီသို့ လာရန် စာကလေးရေး၍ သူ့အခန်းသော့၌ ချိတ်ထားခဲ့သည်။

တင်တင်အုန်းလိုချင်သော ဝိတောက်ပန်းကိစ္စသည် ညွန့်ဖေအတွက် အကွက်ကောင်းပင် ဖြစ်နေသည်။

တင်တင်အုန်းနှင့် ကျွန်တော်သည် မြို့မအထက်တန်းကျောင်း၌ အတူနေခဲ့ဖူးကြသည့် ကျောင်းနေဖက် သူငယ်ချင်းများဖြစ်ကြသဖြင့် 'မင်း၊ ငါ'ဖြင့်ပြောကာ ရင်းနှီးကြသူများဖြစ်သည်။

တက္ကသိုလ်ရောက်သောအခါတွင် ကျွန်တော်က သိပ္ပံဘာသာရပ် အတွဲကိုယူပြီး တင်တင်အုန်းက ဝိဇ္ဇာပညာရပ် အတွဲကို ယူကြသော်လည်း အမြဲလိုလိုတွေ့ကြုံမိနေကြကာ တရင်းတနှီး ဆက်ဆံလျက်ပင် ရှိနေကြပါ၏။

တင်တင်အုန်းနှင့် ကျွန်တော် ရင်းနှီးခင်မင်မှန်းသိ၍ မကြာသေးမီကပင် ညွန့်ဖေသည် ကျွန်တော့်ကို လာချဉ်းကပ်သည်။ ညွန့်ဖေနှင့် ကျွန်တော်မှာလည်း ရင်းနှီးသော သူငယ်ချင်းများပင် ဖြစ်ကြ၏။

သူ တင်တင်အုန်းကို သဘောကျနေပြီ ဖြစ်သည့်အကြောင်း၊ ထို့ကြောင့် တင်တင်အုန်းနှင့် သူ့ကိုမိတ်ဆက်ပေးကာ ရင်းရင်းနှီးနှီးဖြစ်အောင် လုပ်ပေးဖို့အကြောင်း၊ သူ စွံအောင်လည်း ကူညီဖို့ အကြောင်းများပြောပြီး



www.foreverspace.com.mm



ကျွန်တော့်ကို အပူကပ်ထားသည်မှာ ရက်ပင် သိပ်မကြာလှသေး။

ယခုတော့ သူ့ကို ကူညီရန် ကျွန်တော့်တွင် အကွက်ဝင်ပြီဖြစ်ပါ၏။

နေ့လယ် နှစ်နာရီခန့်တွင် ကျွန်တော့်ဆီသို့ ညွန့်ဖေရောက်လာသည်။

"ကဲ ဆိုစမ်း၊ ဘာကိစ္စလဲ"

ညွန့်ဖေသည် ကုလားထိုင်၌ ဝင်ထိုင်လိုက်ရင်း မေးသည်။

"ကိစ္စကတော့ ငါ့ကိစ္စမဟုတ်ပါဘူးကွာ။ တင်တင်အုန်း ကိစ္စပါ။ တင်တင်အုန်းရဲ့ ကိစ္စဆိုတော့ မင့်ကိစ္စပဲပေါ့ မဟုတ်ဖူးလား"

တင်တင်အုန်း၏အမည်ကို ကြားလိုက်ရ၍ ညွန့်ဖေ၏ မျက်နှာမှာ 'ဝင်း'ခနဲ ဖြစ်သွားသည်ဟုပင် ထင်လိုက်ရသည်။

"ဟုတ်တာပေါ့သူငယ်ချင်းရာ။ တင်တင်အုန်းလေးရဲ့ ကိစ္စဆိုရင် ငါ့ကိစ္စပဲပေါ့ သူငယ်ချင်းရာ။ ပြောစမ်း သူငယ်ချင်း၊ မြန်မြန်ပြောစမ်း"

သူ့လျှာကိုပင် တက်နင်းလုမတတ် အငမ်းမရဖြစ်နေသော ညွန့်ဖေ၏ အပြောနှင့်ဟန်ကိုကြည့်ရင်း ကျွန်တော်သည် သူ့ကို နောက်ပြောင်ချင်စိတ် ပေါက်သွားရသည်။

"တခြားတော့ မဟုတ်ပါဘူးကွာ။ သူ့ထဘီတွေ ဟောင်းနေတာ ကြာပြီတဲ့။ အဲဒါ မင်း သွားပြီး လျှော်ပေးလိုက်ဖို့ပါပဲကွာ"

ကျွန်တော်က ထိုသို့ပြောလိုက်သောအခါတွင် သူ့ပါးစပ်မှ အယုတ္တ အနတ္တတွေထွက်လာသဖြင့် ကျွန်တော်သည် တဟဲဟဲရယ်လိုက်မိရသေး၏။

ပြီးမှ....

"အလကားနောက်တာပါ သူငယ်ချင်းရာ၊ တင်တင်အုန်းနဲ့ ပတ်သက်ပြီး မင့်အတွက် အကွက်ကောင်းတွေ့နေလို့ပါ။ ဒါထက် မင်း သစ်ပင်တက်တတ်ရဲ့လား"ဟု ခပ်တည်တည်မေးလိုက်ရသည်။ ပထမတွင် သူသည် ကျွန်တော့် စကားကို သံသယရှိဟန် ကျွန်တော်ပင် ဆက်လက်ပြီး နောက်နေလေ သလားဟု ထင်ဟန်နှင့် ကျွန်တော့်ကို အကဲခတ်ရင်း ကြည့်နေသေးသည်။



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ခဏနေမှ....

"ငါသစ်ပင်တက်တတ်တာနဲ့ တင်တင်အုန်းနဲ့ ဘာဆိုင်လို့လဲကွ၊ ဘာလဲ ငါက သူ့ကို သစ်ပင်တက် သင်ပေးရမှာလား" ဟု မေးသည်။

"သူ့ကို သစ်ပင်တက်သင်ဖို့ မဟုတ်ဘူးဟေ့။ သူ့အတွက် သစ်ပင်တက်ပေးဖို့"

သူသည် စိတ်မရှည်တော့ဟန်နှင့်

"ဟေ့ကောင် ရှင်းရှင်းပြောစမ်းကွာ။ ကွေ့လည်ကြောင်ပတ်တွေ လုပ်မနေစမ်းနဲ့" ဟု ဆိုမှ ကျွန်တော်က ရှင်းပြလိုက်ရ၏။

"တင်တင်အုန်းက ဗိတောက်ပန်းတွေလိုချင်လို့တဲ့ကွာ။ တို့ဟော(လ်) နောက်ဘက်က ဗိတောက်ပင်ကြီး ပွင့်နေတာကိုလည်း သက်ခိုင်ကြောင့် သိသွားတယ်။ အဲဒါ ကနေ့ညနေ ခူးပြီး သူ့ဆီကို လာပို့ရမတဲ့"

"အဲဒီတော့...."

သူက ထိုမျှသာဆိုကာ ကျွန်တော့်ကို ကြည့်နေသဖြင့်

"အဲဒီတော့ ငါလည်း သစ်ပင်မတက်တတ်ဘူး။ မင်းတက်တတ်ရင် ဗိတောက်ပင်ပေါ်တက်၊ ပန်းတွေခူးပြီးတော့ မင်းနဲ့ငါ သူ့ဆီကိုသွားပြီး ပေးကြမယ်။ ဒီဗိတောက်ပန်းတွေဟာ ငါ့အစွမ်းအစကြောင့် ရတာမဟုတ်၊ မင်းတက်ခူးလို့ရတဲ့အကြောင်း၊ သူ လိုချင်တယ်ဆိုလို့ မင်းက သစ်ပင်ပေါ်ကို မကြောက်မရွံ့ တက်ခူးပေးရတဲ့အကြောင်းတွေကို ငါက ဘေးတီးပြီး ပြောပေးမယ်။ မင်းနဲ့ သူ့ကို မိတ်ဆက်ပေးမယ် ဟုတ်လား။ ဒါဆိုရင် နောက်ပိုင်းမှာ မင်းလည်ရင် လည်သလို ကြည့်လုပ်ရုံပဲ။ ကဲ ဘယ့်နှယ်လဲ"

သူသည် ကျွန်တော့်ကိုကြည့်ရင်း ပြုံးပြုံးကြီး လုပ်နေပါသည်။ သူ့အပြုံးမှာ ကျေနပ်သောအပြုံးဖြစ်နေသဖြင့် ကျွန်တော်ကပင် ဆက်ပြောလိုက်ရ၏။

"ကဲ မင်းတက်ခူးတော့မယ်ဆိုပါတော့၊ ဟုတ်လား။ ဒါပေမယ့်





ဗိတောက်ပင်တက်လို့ မင်းလိမ့်ကျပြီးသေရင်တော့ ငါ့ ပယောဂကြောင့် မဟုတ်ဘူးနော်။ မင်းတာဝန်နဲ့ မင်းပဲ"

"ပါးစပ်ပုပ်ကြီးနဲ့ မပြောစမ်းနဲ့ကွာ။ ငါ သစ်ပင်တက်တတ်ပါတယ်။ ကဲ လာ သွားစို့"

သူသည် ပြောပြောဆိုဆိုပင် ထိုင်ရာမှ ထလိုက်သဖြင့် ကျွန်တော်လည်း သူနှင့် လိုက်သွားရသည်။ ညွန့်ဖေသည် တကယ်ပင် သစ်ပင်တက်တတ်ပါသည်။ ခါးတောင်းကို မြောင်အောင်ကျိုက်ကာ ဗိတောက်ပင်ပေါ်၌ ဟိုကိုင်း ဒီကိုင်းကူးနေသော ညွန့်ဖေကိုကြည့်ရင်း ကျွန်တော် ရယ်မိရသေးသည်။

ညွန့်ဖေ၏ အစွမ်းကြောင့်ပင် ဗိတောက်တွေ တစ်လှေကြီး ရခဲ့ပါ၏။ ထိုညနေက ညွန့်ဖေသည် ရှိုးအပြည့်နှင့် ဗိတောက်ပန်းတွေကို တစ်ပွေ့ကြီး ကိုင်ကာ ကျွန်တော်နှင့်အတူ အင်းလျားဟော(လ်) တင်တင်အုန်းထံသို့ ပါလာသည်။ အင်းလျားဟော(လ်) ဧည့်ခန်းဆောင်သည် ဗိတောက်နံ့တို့နှင့် ကြိုင်နေသည်။ တင်တင်အုန်းနှင့် မအုန်းကြည်လေးတို့သည် ဗိတောက်ပန်းခိုင်များကို အားပါးတရ လက်ခံယူရင်း ပြုံးနေကြသည်။

ကျွန်တော်က ညွန့်ဖေကို သူတို့နှစ်ဦးနှင့် မိတ်ဆက်ပေးရသည်။ ညွန့်ဖေကို ကျေးဇူးတင်အောင်လည်း 'ပို့'ပေးရ၏။

"ဟောဒါက ဘီအေပထမနှစ်က ညွန့်ဖေပဲ။ သူ့အဖေက အတွင်းဝန်၊ ဝင်ဒါမီယာမှာနေတယ်။ ဒါပေမယ့် သူကတော့ ဟော(လ်)မှာနေရတာ ပျော်တယ်ဆိုပြီး အိမ်ကနေ ကျောင်းမတက်ဘဲ တို့ဟော(လ်)မှာ လာနေတာပဲ။ အဲ၊ ဒီဗိတောက်ပန်းတွေဟာလည်း ငါ့အစွမ်းအစနဲ့ ရခဲ့တာ မဟုတ်ဘူး။ သူ သစ်ပင်ပေါ် တက်ခူးပေးလို့ရတာ။ ဒီပန်းတွေအတွက် ကျေးဇူးတင်ချင်ရင် သူ့ကိုပဲ ကျေးဇူးတင်ကြ။ ငါ့ကို တင်စရာ မလိုဘူး"

တင်တင်အုန်းနှင့် မအုန်းကြည်တို့သည် ညွန့်ဖေကိုကြည့်ပြီး ပြုံးကာ ဝမ်းသာစကား၊ ကျေးဇူးတင်စကား ဆိုကြပါ၏။



www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

ပြီးမှ ကျွန်တော့်ဘက်ကိုလှည့် မျက်စောင်းထိုးလိုက်ကြသည်။ မိန်းကလေးတို့၏ ချစ်စရာကောင်းသော သဘာဝဟုပင် ဆိုရမည်လားမသိ။

"ပိတောက်ပန်း ခူးခိုင်းတာက မင့်ကို ခူးခိုင်းတာ။ ဘာဖြစ်လို့ သူများကို သွားပြီး ဒုက္ခပေးရတာလဲ"

တင်တင်အုန်းသည် ကျွန်တော့်ကိုပင် အပြစ်တော်တင်နေပြန်သေးသည်။ ကျွန်တော်သည် ဤအခွင့်အရေးကို လက်မလွှတ်၊ ညွန့်ဖေအတွက် ဝင်လာသောအကွက်ကို ဖြည့်ရ၏။

"ဟ ငါမှ သစ်ပင်မတက်တတ်ဘဲ၊ လိမ့်ကျနေရင် ဘယ့်နှယ့်လုပ်မလဲ။ စွန့်စားရတယ်ဆိုတာ ကိုယ့်ချစ်သူအတွက်သာ တို့ယောကျ်ားတွေက စွန့်စားချင်ကြတာ။ မင်းအတွက်ကြောင့်တော့ဖြင့် ငါ မစွန့်စားနိုင်သေးဘူး မိတင်အုန်းရေ့"

ကျွန်တော့်စကားကြောင့် တင်တင်အုန်းသည် မျက်နှာ တစ်ချက်ပျက်သွားသည်။ မအုန်းကြည်မှာမူ အဓိပ္ပာယ် နားလည်စွာနှင့် ညွန့်ဖေကို ကြည့်လိုက်ပြီး ပြုံးနေ၏။

ညွန့်ဖေသည် အနေရခက်ဟန်နှင့် မျက်လွှာကိုချကာ ဣန္ဒြေဆည်သည်။ တင်တင်အုန်းကလည်း ကျွန်တော့်စကားကို မကျေနပ်ဟန်နှင့် မျက်လုံးပြူးပြီး ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော်ကမူ ကိုယ့်စကားကို ကိုယ်ကျေနပ်စွာပင် ပြုံးနေမိ၏။ အားလုံးက တိတ်ဆိတ်နေကြသဖြင့် ကျွန်တော်ကပင် ဆက်ပြောလိုက်ရသည်။

"ပိတောက်ပန်းပွင့်ရင် ပိတောက်ပန်း၊ ကံ့ကော်ပန်းပွင့်ရင် ကံ့ကော်ပန်းမျိုးမှ ပန်ချင်တတ်တဲ့ မင်းတို့ မိန်းကလေးမျိုးတွေအနေနဲ့ ဟောဒီ ညွန့်ဖေလိုလူကို ခင်ခင်မင်မင်ပေါင်းထားကြပေါ့ကွာ။ ဒီကောင်က သစ်ပင်လည်း တက်တတ်တယ်။ အဲ၊ ပြီးတော့ မင်းတို့အတွက်ဆိုရင် စွန့်လည်း စွန့်စားချင်စိတ် ရှိပါတယ်။ ဟုတ်ဖူးလားကွာ ညွန့်ဖေရာ"





မျက်လွှာချကာ ခေါင်းကြီးငုံ့ထားသော ညွန့်ဖေသည် ကျွန်တော့်စကားကြောင့် ယောင်ရမ်းကာ ခေါင်းညိတ်သည်။

ပြုံးမိကြရသူများမှာ ကျွန်တော်နှင့် မအုန်းကြည်တို့သာ ဖြစ်ပါ၏။ မအုန်းကြည်ကလည်း

"ကျွန်မကတော့ ခက်ခက်ခဲခဲ ခူးယူရတဲ့ ပိတောက်နဲ့ ကံ့ကော်ကို ဒီလောက်ကြီး မက်မက်မောမော မရှိလှပါဘူး။ မြေပေါ်မှာ အကြွေကောက်လို့ရတဲ့ ပန်းခရေလောက်ကိုပဲ ကိုယ့်ဟာကိုယ်ကောက်ပြီး ပန်တတ်တာပါ။ ဟောဒီ မိတင်အုန်းတို့သာ ပင်မြင့်ပန်းတွေဖြစ်တဲ့ ပိတောက်တို့၊ ကံ့ကော်တို့မှ မပန်ရရင် သေတော့မလောက် ဖြစ်နေတာ" ဟု ဝင်၍ ပြောလိုက်၏။ တင်တင်အုန်း၏ မျက်စောင်းသည် မအုန်းကြည်၏ အပေါ်သို့ ကျသွားပြန်သည်။ သို့သော်လည်း မသိဟန်ဆောင်ကာ မအုန်းကြည်က ပြုံး၍သာနေ၏။

"အေးလေ၊ ဒီအတွက်တော့ တင်တင်အုန်း ပူစရာမရှိပါဘူး။ ကံ့ကော်ပွင့်ချိန်ကျတော့လည်း ညွန့်ဖေကို ခူးခိုင်းပြီး တို့ လာပို့မှာပေါ့ကွာ၊ စိတ်သာချနေ"

ထိုညနေက ကျွန်တော်သည် ညွန့်ဖေအတွက် အတော်ပင် 'ပို့' ပေးနိုင်ခဲ့သည်။ တင်တင်အုန်းမူ ကျွန်တော့်ကို မျက်စောင်းထိုး၍ နှုတ်ခမ်းရှုံ့မှ လွဲပြီး ဘာမျှ ပြန်မပြောနိုင်ရှာခဲ့။ ဒီလိုနှင့်ပင် ညွန့်ဖေနှင့်တင်တင်အုန်းတို့သည် သိကျွမ်းခင်မင်ခဲ့ကြရပေသည်။

သူတို့ချင်း ရင်းရင်းနှီးနှီး ဖြစ်နေကြ၍ ကျွန်တော် ဝမ်းသာရသည်။ ဒီထက်ပို၍ ရင်းနှီးကာ ဘဝကို ခွဲဝေပေးသည်အထိ ချစ်ကြမည့်သူများအဖြစ်သို့ ရောက်လျှင်လည်း သူတို့နှစ်ဦးစလုံးအတွက် ကျွန်တော် ဒီထက်ပို၍ ဝမ်းသာရမည်သာ ဖြစ်ပါ၏။

ညွန့်ဖေသည် လူကောင်းတစ်ယောက် ဖြစ်ရုံမျှမက အရာရှိကြီးတစ်ဦး၏ သားဖြစ်သည်။ ပြည့်ပြည့်စုံစုံ တင့်တောင့်တင့်တယ်ရှိသည်။



www.foreverspace.com.mr

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ကျွန်တော့်သူငယ်ချင်း တင်တင်အုန်းကို ဤလိုလူမျိုးနှင့် ကျွန်တော် သဘော မတူနိုင်စရာ မရှိ။

ထို့အတူပင် တင်တင်အုန်းသည်လည်း ဣန္ဒြေသိက္ခာရှိကာ ပွင့်လင်းသည်။ သတ္တိရှိသည်။ တန်ဖိုးရှိသော မိန်းကလေး ပီသသည်။ ကျွန်တော့် သူငယ်ချင်း ညွန့်ဖေနှင့် ဤလိုမိန်းကလေးမျိုးကို ကျွန်တော် သဘောမတူနိုင် စရာမရှိ။ သူတို့နှစ်ယောက်သာ ချစ်ကြသူများမှတစ်ဆင့် အိမ်ထောက်ဖက်များ ဖြစ်သွားကြမည်ဆိုလျှင် ကျွန်တော်သည် သူငယ်ချင်းဖြစ်သူ တင်တင်အုန်း အတွက် ပို၍ ဝမ်းသာမိရမည် ဖြစ်၏။

တင်တင်အုန်းသည် မြေလတ်ပိုင်းရှိ မြို့တစ်မြို့မှ မြို့ပိုင်တစ်ဦး၏ သမီးဖြစ်သည်။ လုပ်သက်ဖြင့် ရာထူးတက်လာရသူဖြစ်သဖြင့် အသက်ကြီး၍ ပင်စင်နီးမှ သူ့ဖခင်သည် မြို့ပိုင်ဖြစ်လာရခြင်းသာ ဖြစ်သည်။

တင်တင်အုန်းသည် သမီးအကြီးဆုံးဖြစ်ကာ သူ့အောက်တွင် မောင်နှမ ငါးယောက် ရှိသေးသည်။ သူ ဒီဂရီရ၍ အလုပ်အကိုင်နှင့် ဖြစ်လာလျှင်လည်း သူ့ထက်အငယ် မောင်ညီမများ၏ ပညာရေးအတွက် သူပင် ဆက်လက်၍ တာဝန်ယူရဦးမည်ဖြစ်သည်။ ယခုလို တက္ကသိုလ်သို့လာ၍ ပညာသင်ကြား ရသည့် စရိတ်ကိုပင် သူ့ဖခင်သည် မနည်းကြီး ကြိုးစား၍ ပို့နေရသည်ဟု ကျွန်တော် သိရသည်။ သူတို့ တစ်အိမ်သားလုံး အစစ ခြိုးခြံ နေကြရသည်ဟု ဆိုသည်။ သူ ရန်ကုန် မြို့မကျောင်း၌ နေခဲ့ဖူးသည်မှာလည်း အစ်မဝမ်းကွဲ တစ်ဦး၏ အကူအညီကိုယူကာ အစ်မဖြစ်သူ၏အိမ်မှ ကျောင်းတက်ခဲ့ရ ခြင်းသာ ဖြစ်သည်။

သူ တက္ကသိုလ်သို့ရောက်သည့် ဒုတိယနှစ်တွင် အစ်မဖြစ်သူ လင်မယားက အလုပ်ဖြင့် နယ်ပြောင်းသွား၍ ကျောင်းဆောင်သို့ ပြောင်းနေခဲ့ ရသည်။ ထို့ကြောင့် မချောင်လည်သော မိဘများအတွက် ပိုမို တာဝန် ကြီးလာရသည်။ ထိုအကြောင်းကို သိထားပြီးဖြစ်သော ကျွန်တော်သည်



www.foreverspace.com.m



တင်တင်အုန်းအတွက် သဘာဝအရ ကြုံတွေ့လာမည့် အချစ်ရေးကိစ္စတွင် အစစ ရှောရှောရှူရှူ ဖြစ်စေချင်သည်။ သူ့မိသားစုအိမ်ထောင်ကို အထောက် အကူ ဖြစ်စေမည့် သဘာဝထားကြီးသူ စီးပွားရေးတောင့်တင်းသူ ဖြစ်စေ ချင်သည်။

အကယ်၍သာ တင်တင်အုန်းနှင့် ညွန့်ဖေတို့ အဆင်ပြေကြမည် ဆိုလျှင် တင်တင်အုန်း 'ရှန်း' ရမည့်တာဝန်များကို ညွန့်ဖေ ကူခြင်းဖြင့် ကျွန်တော့်သူငယ်ချင်း သက်သာ၍ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိလိမ့်မည်ဟု ယုံကြည်မိရပါ၏။ ဤယုံကြည်မိခြင်းကို အကြောင်းပြု၍ ကျွန်တော် ဆက်လက် ဝမ်းသာရသည့်သတင်းကို ညွန့်ဖေထံမှ မကြာမီမှာပင် ကြားခဲ့ ရသည်။ ထိုသတင်းမှာ ညွန့်ဖေနှင့် တင်တင်အုန်းတို့ 'ချစ်ကြသူများ' ဖြစ်ကြပြီ ဟူသော သတင်းပင်ဖြစ်သည်။

ညွန့်ဖေသည် စနေ၊ တနင်္ဂနွေနေ့များ၌ သူ့အိမ်က ကားကိုယူကာ တင်တင်အုန်းနှင့်အတူ လည်ကြပတ်ကြသည်။ ရွှေတိဂုံဘုရားသို့ တက်ကာ သစ္စာနှံကြသည်။ တိရစ္ဆာန်ရုံသို့သွားကာ ပျော်ကြသည်။ ရုပ်ရှင်ကားကောင်း များကို အတူ ကြည့်ကြသည်။ ပဲခူးသို့ပင် ခြေဆန့်ကြသည်ဟု သိရသည်။ ဤအခါများတွင် သူတို့သည် ကျွန်တော်ကို မေ့နေကြသည်မှာ မလွဲပါ။

ထို့ကြောင့် ကျွန်တော်က သူတို့နှင့်တွေ့လျှင် နောက်ပြောင်ကျီစယ် မိရသည်။

"ဒီလို မင်းတို့ ရွှေလည်တွဲပြီး ချစ်ပွဲဝင်နေတဲ့အခါမျိုးကျတော့ မင်းတို့ အတွက် ဖူးစာရေးနတ်လုပ်ပေးခဲ့တဲ့ ငါ့ကို သတိမရကြတော့ဘူးပေါ့ကွာ ဟုတ်လား။ သိပ်ကောင်း၊ သိပ်ကောင်း၊ အားကြီးကောင်းပေါ့လေ"

ကျွန်တော်က ထိုသို့ ခပ်ငေါ့ငေါ့ကလေး ပြောလိုက်မိသောအခါ၌ ညွန့်ဖေက ပြုံး၍နေသော်လည်း စကားတတ်သော တင်တင်အုန်းမှ ကျွန်တော့်ကို ပြန်ချေသည်။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဘုရားပြီးရင် ငြိမ်းဖျက်ရတယ်ဆိုတဲ့ စကားလည်း အရှိသားပဲ သူငယ်ချင်းရယ်။ ဒါပေမယ့် မင့်ကျေးဇူးကိုတော့ တို့မမေ့ပါဘူး။ တို့သွားသမျှ နေရာတွေကို မင့်ကို ခေါ်မသွားမိတာကတော့ တို့ရဲ့မေတ္တာရေစီးကြောင်းမှာ ဇေဒါပင်လို ကန့်လန့်ကန့်လန့် မပါစေချင်လို့ မင့်ကို ကမ်းစပ်နား ပို့ထားတာပါ"

ကျွန်တော်သည် "အေး.... ကောင်းပေါ့ကွာ" ဟုသာ ရယ်ရယ်မောမောနှင့် ဆိုလိုက်ရသည်။

နောက်နှစ် ဝိတောက်ပွင့်သော ဇူလိုင်လတွင် ညွှန့်ဖေသည် ဝိတောက်ပန်းများခူးကာ တင်တင်အုန်းထံသို့ အမှတ်တရသွားပို့ခဲ့သည်။ ကျွန်တော့်ကိုမူ သူ့အဖော်အဖြစ်တော့ ခေါ်သွားသေးသည်။

ဤသို့နှင့်ပင် ရက်တွေကုန်ခဲ့ပါ၏။

*

ကံ့ကော်တော၏ရက်များသည် ကုန်လွယ်သည်။

တင်တင်အုန်းနှင့် ညွှန့်ဖေတို့သည် ဘီအေနောက်ဆုံးနှစ်ကို နှစ်ချင်းပေါက်အောင်မြင်ခဲ့ကြသည်။

ကျွန်တော်မူ ထိုစဉ်က တက္ကသိုလ်၏ (Compartmental System) အရ နှစ်ဘာသာဖြေရန် ကျန်နေသေး၍ ကံ့ကော်တော၌ပင် ကျန်နေခဲ့ရသည်။ တင်တင်အုန်းသည် သူတို့မြို့သို့ ပြန်ကာ အထက်တန်းပြဆရာမလုပ်သည်။ ညွှန့်ဖေမူ ဒီဂရီရပြီး မကြာမီလပိုင်းအတွင်းမှာပင် ဘွဲ့လွန်ဒီဂရီယူရန် နိုင်ငံခြားသို့ ပညာတော်သင် သွားခဲ့ရသည်။

နိုင်ငံခြား၌ နှစ်နှစ်သာကြာမည်မို့ ပြန်ရောက်မှပင် တင်တင်အုန်းနှင့် လက်ထပ်မည်ဟုလည်း ကျွန်တော့်ကို ပြောသွားခဲ့သည်။

သူတို့ နှစ်ယောက်၏ ဘဝရှေ့ရေးအတွက် အေးရပြီ။ အစစ





ချောမောကြတော့မည်ပင် အမှန်ဟု ကျွန်တော် စိတ်ချ ဝမ်းသာခဲ့ရပါ၏။

သို့သော်လည်း လူ့ဘဝသည်ပင် မာယာများလေသလား၊ လူတွေသည်ပင် မာယာများလေသလားတော့ဖြင့် မသိ။ တင်တင်အုန်းနှင့် ညွှန့်ဖေတို့၏ မေတ္တာရေစီးကြောင်းသည် နှစ်ဖြာကွဲကာ သူတို့ချင်း လွဲခဲ့ကြရပါ၏။

ညွှန့်ဖေ အင်္ဂလန်မှ ပြန်မလာမီမှာပင် တင်တင်အုန်းသည် ဘီစီအက်စာမေးပွဲအောင်ပြီး နယ်ပိုင်ဝန်ထောက်လုပ်နေသော လူတစ်ယောက်နှင့် လက်ထပ်သွားသည်။ သူတို့ လက်ထပ်ကြောင်းကို သတင်းစာထဲ၌ တွေ့ရ၍သာ ကျွန်တော်သိရသည်။ မင်္ဂလာဆောင်ဖိတ်စာမူ ကျွန်တော့်ထံမရောက်ခဲ့။ ကျွန်တော် ဘာလုပ်၍ ဘယ်ရောက်နေသည်ကိုလည်း တင်တင်အုန်း မသိ၍သာ ဖိတ်စာမပို့ခြင်းဖြစ်မည်ဟု ကျွန်တော် ထင်ပါ၏။ သစ္စာပျက်သူ တင်တင်အုန်းကိုသာ ကျွန်တော် စိတ်ဆိုးမိခဲ့ရသည်။

ကျွန်တော် အထင်ကြီးမိခဲ့သော မိတင်အုန်းတစ်ယောက် သစ္စာပျက်လေခြင်း။ ညွှန့်ဖေ နိုင်ငံခြားမှပြန်လာပြီး တက္ကသိုလ်၌ ဆရာလုပ်နေစဉ် သူနှင့် ကျွန်တော် တစ်ခါတွေ့သည်။

တင်တင်အုန်းနှင့် သူနှင့် ဘာမှလည်းမဖြစ်ကြ၊ ဘာအကျိုးအကြောင်းမှလည်း မသိရဘဲ ယခုလို တင်တင်အုန်းက သစ်စိမ်းချိုးချိုးကာ တခြားသူနှင့် လက်ထပ်သွားခြင်းသာ ဖြစ်ပါသည်။ သူက တင်တင်အုန်းထံ စာရေး၍ မေးမြန်းသော်လည်း မည်သို့သော ပြန်ကြားချက်ကိုမှ မရခဲ့ပါဟု ညွှန့်ဖေသည် နာကျည်းစိတ်နှင့် ဝမ်းနည်းပက်လက် ပြောခဲ့သည်။

မိန်းမတို့၏သဘောသည် အသိရခက်လေစွ၊ မာယာများလေစွ။

*

ဩော်.... ၁၅ နှစ်နီးပါးလုံးလုံး ဘာမှန်းမသိခဲ့ရသော တင်တင်အုန်း၏ဘက်မှ အဖြစ်ကို ခုမှပင် ကျွန်တော် သိရပါ၏။ သူ့စာကို ဖတ်ရ၍ ခုမှပင် ကျွန်တော် ရှင်းရတော့ပါ၏။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



တင်တင်အုန်း၏ စာ၌ပါသော ရှင်းချက်ကို ကျွန်တော် ဖတ်မိပြီးသော အခါ၌ သူ့ကို ၁၅ နှစ်လုံးလုံး ကျွန်တော် ခွင့်မလွှတ်ခဲ့ခြင်းမှ ဖြေကာ ခွင့်လွှတ်လိုက်ရပါသည်။

သူ့စာ၏ ရှင်းချက်မှာ....

"ငါ့ဆီက ဘာအကျိုးအကြောင်းကိုမှ မင်းတို့ မသိခဲ့ရတော့ မင်းရော ကိုညွန့်ဖေရော ငါ့ကို ခွင့်လွှတ်နိုင်ခဲ့ကြမှာ မဟုတ်ပါဘူး။ ငါ့ကိုသာ သစ္စာပျက်သူ၊ မျက်နှာများသူ၊ ငါးစိမ်းမြင်လို့ ငါးကင်ပစ်သူအဖြစ်နဲ့သာ မင်းတို့ စိတ်ဆိုးမာန်ဆိုး အငြိုးနဲ့ အပြစ်ဖို့နေကြလိမ့်မယ်ဆိုတာ ငါ သိပါတယ်။ ခုတော့ တို့ဘဝတွေလည်း အနည်ထိုင်ပြီး ဘဝရင့်လာကြပြီမို့ မင်းကိုလည်း ရှင်းပြချင်စိတ်ပေါ်လာလို့ ငါ ဒီစာကို ရေးလိုက်တာပါပဲ ဖိုးအေးဝင်းရယ်။ စာဖတ်ပြီး အကျိုးအကြောင်းသိရတဲ့အခါ ခွင့်လွှတ်တာ ခွင့်မလွှတ်တာကတော့ မင်းတို့သဘောပဲ ရှိပါစေတော့။

"စာလည်း ရှည်လာပြီ။ ငါတိုတိုနဲ့ လိုရင်းပဲ ရေးပါရစေတော့။

"ကျောင်းတုန်းက ငါ ကိုညွန့်ဖေအပေါ်မှာ တော်တော်မျှော်လင့်ပြီး တော်တော်အားကိုးမိခဲ့တာ အမှန်ပါ။ ပြီးတော့ သူ့ကို ငါ တကယ် ချစ်တာလည်း အမှန်ပါ သူငယ်ချင်းရယ်။ ငါ သူ့ကို ချစ်ရင်းနဲ့ အားကိုးမိသလို အားကိုး မျှော်လင့်ရင်းနဲ့လည်း ချစ်မိရတာပါ။ ငါ့ဘဝနဲ့ ငါ့ မိသားစုအကြောင်းကို မင်း သိပါတယ်လေ။ ဖေဖေရဲ့ မြို့ပိုင်လခကလေး ဟာ လေးရာနီးပါးလောက်သာ ရတာပါ။ ဒါပေမယ့် သားသမီးက ခြောက်ယောက် ငါ့ကို ကောလိပ်ပို့ရသေးတယ်။ အငယ်တွေရဲ့ ပညာ ရေးလည်း ရှိသေးတယ်။ ဖေဖေလည်း အသက်ကြီးပါပြီ သူငယ်ချင်း။ ဒီတော့ အငယ်ကလေးတွေရဲ့ တာဝန်ကို သမီးအကြီးဆုံးဖြစ်တဲ့ ငါက ပညာစုံလို့ အလုပ်ရတဲ့အခါမှာ တာဝန်ယူရမှာပဲ။ ငါဟာ ကိုယ့်ကိုယ်ကို မပိုင်ပါဘူး သူငယ်ချင်းရယ်။ ငါ့မိသားစုကသာ ငါ့ကို ပိုင်ပါတယ်။



www.foreverspace.com.mm



ငါ့ချစ်ရေးဟာ ငါ့အိမ်ထောင်စုနဲ့ အများကြီး ဆိုင်နေတယ်။ ငါ့ အိမ်ထောင်ရေး၊ လက်ထပ်ရေးဟာ ငါ့မိသားစုရဲ့ ဘဝရှေ့ရေးကို အထောက်အကူပြုဖို့ လိုပါတယ်။ ကိုယ့်မိသားစုအတွက် မငြိမငြင်ဘဲ ကိုယ်နဲ့အတူ သဘောထားကြီးကြီး လက်တွဲပြီး ကူညီမယ့်လူနဲ့မှ ကိုယ်အိမ်ထောင်ဖက် ဖြစ်လို့ရမှာပါ။ ကိုညွန့်ဖေဟာ အဲဒီလိုလူမျိုး ဖြစ်လိမ့်မယ်လို့ ကိုယ် ယုံကြည်ခဲ့မိလို့လည်း သူ့အချစ်ကို ကိုယ် လက်ခံခဲ့မိတာပါ။ ဒါပေမယ့် ငါ တစ်ခုမှားခဲ့တာက သူ့ ပတ်ဝန်းကျင်နဲ့ သူ့မိသားစုကို ထည့်မတွက်ခဲ့မိတဲ့ အမှားပါပဲ။

"တို့ ဘီအေနောက်ဆုံးနှစ် စာမေးပွဲဖြေအပြီးမှာ ကိုညွန့်ဖေဟာ ကိုယ့်ကို သူ့အိမ်ခေါ်သွားခဲ့ပါတယ်။ ကိုယ်နဲ့ သူ မေတ္တာရှင်တွေ ဖြစ်ကြောင်းကိုလည်း သူ့အမေကို အသိပေးပြီးပြီလို့ ပြောတယ်။ ကိုယ့်ကို ခေါ်သွားတာကတော့ သူ့မိသားစုကို ပြတဲ့သဘောပေါ့ကွာ။

"သူ့မိဘတွေက အတွင်းဝန်ကြီးများဆိုတော့ ခန့်ခန့်ညားညား နေကြထိုင်ကြပြီး ဂုဏ်ကြီးမားသူတွေလည်း ဖြစ်ကြသပေါ့။ တို့ ရောက်သွားပြီးလို့ မကြာမီမှာပဲ သူ့အမေကြီးက ဥပါယ်တံမျဉ်နဲ့ သူ့သားကိုညွန့်ဖေကို အပြင်ကို ခဏခိုင်းလိုက်တယ်။ ကိုညွန့်ဖေ ကား နဲ့လည်း ထွက်သွားရော သူ့အမေကြီးက ပညာပြတော့တာပါပဲ။ ယော ကတော် မှော်ကတော်ကြီးတွေရဲ့ ပညာပြနည်းမျိုးတော့ မဟုတ်ဘူး ပေါ့ကွာ။ ကတော်ဆယ်ပါး တစ်ပါးအပါအဝင်ဖြစ်တဲ့ အတွင်းဝန်မင်း ကတော်ရဲ့ ပညာပြနည်းမျိုးပေါ့။

"ပထမဆုံး ငါ့မိဘမျိုးရိုးကိုမေးတယ်။ ကိုယ့်အဖေဟာ သာမန် မြို့ပိုင်ကလေးသာဖြစ်ကြောင်းကို သိတဲ့အခါမှာ အဘွားကြီးရဲ့မျက်နှာက ငါ့ကို အထင်သေး အမြင်သေးဖြစ်သွားတဲ့ပုံပဲ။ ဒါပေမယ့် ချက်ချင်းပဲ သူ ပြန်ပြီး ဟန်ဆောင်လိုက်တယ်။ ပြီးတော့ ငါ့မိသားစု၊ မွေးချင်း



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

မောင်နှမ ဘယ်နှစ်ယောက်၊ အငယ်တွေအနေနဲ့ ဘယ်နှစ်တန်းစီရှိကြပြီ ဆိုတာကအစ ခရေစေ့တွင်းကျမေးတယ်။ ကိုယ်ကလည်း မေးသမျှကို မကွယ်မဝှက်ပဲ ဖြေတာပါပဲ။ အဲဒီတော့ အဘွားကြီးက "ငါ့သမီး ဘီအေ အောင်လို့ အလုပ်ရပြီးရင်လည်း အငယ်တွေရဲ့ တာဝန်တွေကို ယူရဦးမှာ ပေါ့နော်" လို့ဆိုတယ်။ "ဟုတ်ပါတယ် အန်တီ" လို့ပဲ ဖြေလိုက်ရတာပေါ့။

"အဲဒီနောက်မှာ ကိုယ့်မိသားစုရဲ့အကြောင်းကို မေးစရာလည်းကုန်ပြီ ဆိုတော့ မမေးတော့ဘဲ သူကပဲ သူတို့အကြောင်းကို ပြောတော့တယ်။

ကိုညွန့်ဖေက တတိယသားဖြစ်ပြီး သူ့အောက်မှာ အငယ် လေးယောက် ရှိသေးတာလည်း မင်း သိမှာပေါ့။

အကြီးဆုံးသားကြီးက ဆရာဝန် ဖြစ်ပြီးတဲ့နောက်မှာ မိဘက ပေးစားတဲ့ စက်သူဌေးသမီးနဲ့ယူပြီး ဂိုလ်ဒင်ဗယ်လီထဲမှာ တိုက်ဆောက် နေတဲ့အကြောင်း၊ သူတို့မှာ မချို့တဲ့ပေမယ့် မိဘကျေးဇူးကိုဆပ်တဲ့အနေနဲ့ လစဉ် ငွေနှစ်ရာမှန်မှန် ကန်တော့ကြောင်း၊ နောက် ဒုတိယသမီးကတော့ ဘီအက် (စ်)စီအောင်ပြီးတဲ့နောက်မှာ ဘိလပ်ပြန်အင်ဂျင်နီယာတစ်ဦးနဲ့ ရပြီး ကိုညွန့်ဖေအောက် သားအငယ်တစ်ယောက်ကိုပါ သူတို့အိမ် ခေါ်ထားပြီး ပညာသင်စရိတ်ကအစ လုံးဝတာဝန်ယူထားကြောင်း၊ သားအကြီးနဲ့ သမီးအကြီးက ချမ်းချမ်းသာသာ တင့်တင့်တယ်တယ် ရှိပြီး လိမ္မာကြလို့ မိဘတွေမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ရတဲ့အကြောင်း၊ ဒါပေမယ့် နောက်ထပ်ကျန်သေးတဲ့ သားငယ် သမီးငယ်တွေဟာ အကြီး နှစ်ယောက်လို လိမ်မှ လိမ္မာကြပါ့မလားလို့ စိုးရိမ်ပူပန်မိတဲ့အကြောင်း၊ အို.... အဲဒါမျိုးတွေပေါ့ကွာ။ အဘွားကြီး ပြောတာစုံနေတာပဲ။ ဒီစကား တွေကို ကိုညွန့်ဖေရဲ့ အမေကြီး ဘာဖြစ်လို့ ပြောတယ်ဆိုတာကို ငါ သိတာပေါ့သူငယ်ချင်းရယ်။ ရှင်းရှင်းဆိုရရင် သူတို့သားကို ငါ့လို မိန်းကလေးမျိုးနဲ့ သဘောမတူနိုင်ဘူးဆိုတာကို ယဉ်ယဉ်ကလေး





ပြောလိုက်တာပါပဲ။ ငါကတော့ တစ်ချိန်လုံး ကြိုးစားပြီး ပြုံးပြုံးလေးနဲ့ပဲ နားထောင်နေခဲ့တာပါပဲ။

ဒါပေမယ့် အဲဒီအချိန်ကတည်းကပဲ ငါ့စိတ်ထဲမှာ ကိုညွန့်ဖေကို မယူတော့ဘူးလို့ ကျိတ်ပြီး ဆုံးဖြတ်ချက်ချလိုက်မိတယ်။

ငါ့ဘဝဟာ ကိုယ်ချစ်သူကတစ်ယောက်၊ ကိုယ်လက်ထပ်ရမယ့်လူက တစ်ယောက်ဆိုတာကို အဲဒီမှာပဲ ငါ သဘောပေါက်နားလည်သွားရတယ်။

တို့မိသားစုဟာ တစ်ချိန်လုံး အခက်အခဲတွေကို ရင်ဆိုင်ပြီး ဘဝမှာ (Struggle) လုပ်လာခဲ့ကြရတာ ကြာပါပြီ။ ငါမိသားစုဟာ ငါ့အပေါ်မှာ တော်တော်မျှော်လင့်ထားကြတယ်။ ငါ့မှာလည်း မိသားစုအတွက် တာဝန်တွေရှိတယ်။ ဒီတော့ ကိုညွန့်ဖေဟာ ပညာရှိ၊ ဂုဏ်ရှိ၊ ရှေ့အလား အလာရှိတဲ့လူဖြစ်ပြီး သူ့တစ်ယောက်တည်းအနေနဲ့တော့ တို့မိသားစု အတွက် အားကိုးရာဖြစ်မှာမှန်ပေမယ့် သူ့မိသားစုနဲ့တော့ ကိုယ် တိုက်ပွဲ ဝင်မနေချင်ဘူးကွာ။ ဘဝမှာ ဒီလောက် (Struggle) လုပ်လာပြီးမှတော့ ငါ့အိမ်ထောင်ရေးမှာ ဘယ်လို (Struggle) မျိုးနဲ့မှ ရင်မဆိုင်ချင် တော့ဘူး။ ကိုညွန့်ဖေကို ငါ လက်မထပ်တော့ဘူးလို့ အဲဒီကတည်းက ဆုံးဖြတ်လိုက်ပေမယ့် သူ့ကိုတော့ ဘိလပ်သွားတဲ့အထိ ငါ့ဆုံးဖြတ်ချက် ကို မပြောခဲ့ပါဘူး။ တတ်နိုင်သမျှ စောစောစီးစီး သူစိတ်မချမ်းမသာ မဖြစ်စေချင်ဘူး။

ငါတို့ မိသားစုနဲ့ လိုက်လိုက်လျောလျော ဖြစ်မယ့်လူကိုလည်း ငါ တကူးတက မရှာခဲ့ပါဘူး။ အပျိုကြီးလုပ်ပြီးတော့ပဲ ကိုယ့်မောင်လေး ညီမလေးတွေရဲ့တာဝန်ကို ထမ်းသွားမယ်လို့ပဲ ဆုံးဖြတ်ထားခဲ့တာပါ။ ဒါပေမယ့် ဘဝမှာ ကံဆိုတာကလည်း ခက်သားပဲကွာ။ မမျှော်လင့်ပဲနဲ့ ခု ငါ့အိမ်က လူကြီးနဲ့ တွေ့တယ်။ သူက သားတစ်ယောက်တည်း။ မိဘကတော့ သိပ် မချမ်းသာလှပါဘူး။ ဒါပေမယ့် ငါ့မောင်လေး



www.foreverspace.com.mn

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ညီမလေးတွေရဲ့ ပညာသင်ကြားရေးအတွက် လုံးဝတာဝန်ယူခဲ့ပါတယ်။

ခုတော့ ကိုယ့်ညီမငယ်၊ မောင်ငယ်တွေလည်း ပညာစုံကြပြီး ကိုယ့်အလုပ်အကိုင်နဲ့ကိုယ် ဖြစ်ကုန်ကြပါပြီ။

ကဲ စာလည်းရှည်ပြီ။ လိုရင်းကတော့ ငါနဲ့ ကိုညွန့်ဖေတို့ချစ်ရက်နဲ့ ဘာကြောင့် လွဲခဲ့ကြရသလဲဆိုတဲ့အကြောင်းကို မင်း သိအောင် ရှင်းပြလိုက်တာပါ။ မင်းတို့ ငါ့ကို ခွင့်လွှတ်ချင်လည်းလွှတ်၊ မလွှတ်ချင်လည်း နေပေါ့ကွာ။ ဒါပေမယ့် ကိုယ်ကတော့ ကိုယ့်ဘဝကို ကိုယ် စိတ်ချမ်းချမ်းသာသာနဲ့ပဲ ဆက်ပြီး လျှောက်နေပါတယ်ဆိုတာကိုတော့ မင်း အသိအမှတ် ပြုစေချင်တယ်။

ဒါပါပဲကွာ မန္တလေးရောက်ရင် ငါ့အိမ်ကို ဝင်ဖြစ်အောင် ဝင်ပါ။ မင်းတည်းချင်ရင်လည်း အချိန်မရွေး တည်းခိုနိုင်ပါတယ်လို့လည်း ပြောထားပါရစေ။

မင်းတို့တစ်အိမ်လုံး ကျန်းမာကြပါစေကွာ။

တင်တင်အုန်း

ကျွန်တော်သည် သူ့စာကိုဖတ်ပြီး အတန်ကြာမျှ ငိုင်နေမိခဲ့ရပါသည်။

*

ဘဝ၏ သက်တမ်းတစ်လျှောက်၌ ကြုံတွေ့ခဲ့ကြရသော အဖြစ်တို့ကို အဆင့်ဆင့်သော အသက်အရွယ်နှင့် ဘဝအလိုက် ခံစားဆုံးဖြတ်ခဲ့ကြရသည်မှာ လူ့ဘဝ၏ တာဝန်တစ်ရပ်သာဖြစ်ပါ၏။ မှားသည်၊ မှန်သည်၊ စိတ်ချမ်းသာသည် စိတ်ဆင်းရဲရသည်ဆိုခြင်းမှာ အသက်အရွယ်နှင့် အသီးသီးသော ဘဝအရ ဆုံးဖြတ်ခဲ့ကြသည့် ဆုံးဖြတ်ချက်များ၏ ရလာဒ်သာလျှင် ဖြစ်သည်ဟု ကျွန်တော် ထင်သည်။ တင်တင်အုန်းသည် သူ့ဆုံးဖြတ်ချက်၏ရလာဒ်ကို ရခဲ့ပြီးသည်မှာ ကြာပြီ။



www.foreverspace.com.mm



တင်တင်အုန်းသည် တစ်ခါကမူ ဗိုတောက်ပန်းကိုမြင်လျှင် မျက်ရည်ဝိုင်းကောင်း ဝိုင်းမည်၊ ရင်ခုန်ကောင်း ရင်ခုန်ခဲ့ပေမည်။ သို့သော်လည်း ယနေ့မူ တင်တင်အုန်းသည် သူ့ရင်မှဖြစ်သော ပန်းကလေးများ ဘဝတွင် တင့်တယ်စွာ ပွင့်လန်းနိုင်ရေးအတွက်သာလျှင် စိတ်စော၍ နေလိမ့်မည်ဟု ကျွန်တော် ထင်ပါ၏။ ယနေ့မူ တင်တင်အုန်းသည် သူ့ရင်မှဖြစ်သော ပန်းကလေးများကို ကြည့်မြင်ရင်းနှင့်သာ ပီတိလွှမ်းသော စမ်းရေခြိုသည့် ရင်ခုန်ခြင်းကို ခံစားလျက်ရှိနေလိမ့်မည်သာဖြစ်သည်ဟု ကျွန်တော် ယုံကြည်မိပါသတည်း။

*

(၁၉၆၉ ခု၊ စက်တင်ဘာလ၊ စန္ဒာမဂ္ဂဇင်း)



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

## အမှတ် ၆

လွန်ခဲ့သော ဩဂုတ်လအတွင်းက ကျွန်တော် အင်းလျားကန်စောင်းသို့ ရောက်သည်။ ထိုနေ့က ကျွန်တော် ရုံးဆင်းနောက်ကျသည်။ ပြည်လမ်းမကြီး ဘက်မှနေ၍ တက္ကသိုလ်ရိပ်သာလမ်းဆီသို့ ဆက်ရာ အင်းလျားလမ်း အတွင်းသို့ ကားကို ဖြတ်မောင်းလာသောအခါတွင် ညနေ ၆ နာရီနီးပါးမျှပင် ရှိချေပြီ။ ဤညနေခင်း၏ ကောင်းကင်ပြင်သည် မိုးသားတို့ ကင်းကာ ကြည်ကြည်လင်လင်ရှိသည်။ ကောင်းကင်သည် ပြာနေ၏။ တိမ်သားဖြူဖြူ စုတို့သာလျှင် အုံဖွဲ့၍ မြောက်ဘက်ကောင်းကင်ပြင်၌ ပုလဲတောင်တန်း တောင်ထွတ်တို့သဖွယ် လှလှပပရှိနေ၏။

ကျွန်တော်သည် အင်းလျားလမ်းအတိုင်း ကားကို ခပ်ဖြည်းဖြည်း မောင်းခဲ့သည်။ စီးပွားရေးတက္ကသိုလ် အဆောက်အဦများကို လွန်ခဲ့သည်။ ဘွဲ့နှင်းသဘင် အဆောက်အဦကြီးကို နောက်ကျောဘက်မှ ဖြတ်ခဲ့သည်။

အင်းလျားလမ်း၏ ကွံ့ကော်ပင်တန်းအစသို့ ရောက်လုနီးတွင် လမ်းဘယ်ဘက်ရှိ ဆိုင်းဘုတ်ကြီးတစ်ခုကို မြင်လိုက်ရ၏။

'တက္ကသိုလ် ရေကူးအသင်း'



www.foreverspace.com.mm



ကျွန်တော်သည် ထိုဆိုင်းဘုတ်ကို ခေတ္တမျှ ငေးကြည့်နေလိုက်မိသည်။ ကျွန်တော့်စိတ်သည် အနည်းငယ်မျှ လှုပ်ရှားသွားရ၏။ ထို့ကြောင့် ယင်း ဆိုင်းဘုတ်အေားရှိ ပွင့်နေသော တံခါးပေါက်ကြီးအတိုင်း ဘယ်ဘက်သို့ ကားကို ချိုးကွေ့၍ ဝင်လိုက်မိ၏။ လမ်းကြမ်းကြမ်းအတိုင်း ကားကို ဖြည်းညင်းစွာမောင်း၍ ဆင်းခဲ့သည်။ ကျွန်တော်သည် ကားကို ဘယ်ဘက်သို့ အနည်းငယ်ကွေ့၍ ဦးထိုးကာ ရပ်လိုက်သည်။

ထိုနေရာဝယ် အကြော်ဆိုင်ကလေးတစ်ဆိုင်ရှိသည်။ ဆိုင်အနီး၌လည်း မာဇဒါဖင်မလီယာ ဖက်ဖူးရောင် အစိမ်းနု ကားကလေးတစ်စီး ရပ်လျက် ရှိသည်ကို တွေ့လိုက်ရပါ၏။ အကြော်ဆိုင်ရှေ့မြေကြီးပေါ်၌ ဖျာကြမ်းခင်း၍ စားပွဲခုံပုကလေးချထားသောနေရာ၌ မိသားစုတစ်ဖွဲ့ကိုတွေ့ရသည်။ ကလေး သုံးယောက်ပါသော သူတို့မိသားစု အဖွဲ့သည် အကြော်စားလျက် ရှိကြ၏။

ကျွန်တော်သည် သူတို့ကို သေချာစွာမကြည့်မိ။ အမှတ်မထင်ပင် ရှိရကာ ကားပေါ်မှ အေးအေးသက်သာ ဆင်းလိုက်မိ၏။

"ဟေး အေးဝင်း"

ခေါ်သံကိုကြားလိုက်ရ၏။ ကျွန်တော်သည် ဆတ်ခနဲ လှည့်ကြည့် လိုက်မိရ၏။ မိသားစုအကြော်ဝိုင်းမှ ဦးစီးလုပ်သူ ယောကျာ်းသည် ကျွန်တော့်ကို လှမ်း၍ လက်ပြကာ ပြုံးလျက် ခေါ်နေသည်။

"ဟာ မိုးအောင်"

ထိုအမည်သည် ကျွန်တော့်နှုတ်မှ ထွက်သွားသည်။ မိုးအောင်၏ ဘေးနား၌ရှိနေသော အမျိုးသမီးကလည်း ကျွန်တော့်ကို ပြုံးကြည့်နေသည်။

မခင်ဝင်း။

မခင်ဝင်းသည် အတန်ငယ် ဝဝဖိုင့်ဖိုင့်ရှိနေသော်လည်း ငယ်ရုပ်မှ မပျောက်။ ကြည်လင်အေးမြသော သူ့အပြုံးသည် ငယ်မူငယ်ဟန် လွှမ်းဆဲပင် ရှိနေသေးသည်။



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကျွန်တော်သည် သူတို့အနီးသို့ လျှောက်သွားရ၏။ မိုးအောင်က ကျွန်တော်ဝင်ထိုင်ရန်အတွက် နေရာတစ်နေရာစာရရန် အနည်းငယ်ရွှေ့ပေးပြီး ကျွန်တော့်ကို ထိုင်စေသည်။ ကျွန်တော်သည် ဝမ်းသာအားရပင် သူ့ဘေး၌ ကပ်လျက် ထိုင်ချလိုက်ရ၏။ သူသည် အားရပါးရပင် ကျွန်တော့်ပေါင်ကို ပုတ်ကာ စကားပြောသည်။

"ငါကွာ ရန်ကုန်ကိုပြန်ရောက်ကတည်းက မင့်ကို တွေ့ချင်နေတာ။ အလုပ်တွေကလည်းများပြီး မအားရလောက်အောင်ဖြစ်နေလို့ မင့်ဆီကို ရောက်ကို မရောက်နိုင်ခဲ့ရတာပဲ။ မင့်နဲ့မတွေ့ပေမယ့် မင့်အကြောင်းတော့ တို့နှစ်ယောက် အမြဲပြောနေမိလျက်ပါပဲကွာ"

မခင်ဝင်းသည် သူ့အပြုံးကို မပြယ်စေသေးဘဲနှင့်ပင် ကျွန်တော့်ကို ငေးလျက်သာ ကြည့်နေပါ၏။

"မင်း ဘယ်တုန်းက ရန်ကုန်ကို ပြန်ပြောင်းလာရသလဲ"

မိုးအောင်သည် ဘီအက်(စ်)စီ အင်ဂျင်နီယာဘွဲ့ရ တစ်ဦးဖြစ်ပြီး ယခုအချိန်၌ ပလက အင်ဂျင်နီယာတစ်ဦး ဖြစ်လျက်ရှိပြီ။

"သုံးလလောက်ရှိပြီကွ"

ကျွန်တော်သည် သူ့ကို ကြည့်၍ ပြုံးလိုက်မိရင်း....

"မင်း ငါ့ဆီကိုသာ မရောက်ပေမယ့် ဒီနေရာကိုတော့ သတိတရ ရောက်သေးသားပဲ။ အေးလေ၊ ဒီနေရာကတော့ မင့်အဖို့ ငါ့ထက်ပိုပြီး သတိရရမှာပေါ့လေ"

ကျွန်တော့်စကားကြောင့် မခင်ဝင်းသည် ပို၍ ပြုံးသည်။ မိုးအောင်လည်း အသံထွက်အောင်ရယ်သည်။ သူ့ကလေးသုံးယောက်ကသာ ပြုံးရရယ်ရမှန်းမသိဘဲ ကျွန်တော့်ကို ငေးကြည့်အကဲခတ်နေကြ၏။

"အေးပေါ့ကွာ၊ ဒီနေရာကိုတော့ ငါ့တစ်သက်မှာ ဘယ်မေ့လို့ ဖြစ်ပါလိမ့်မလဲ"





ဤစကားကိုဆိုရင်း မိုးအောင်သည် ကျေနပ်စွာ ရယ်ပြန်ပါ၏။ သူသည် သူ့ညာဘက်ဆီသို့ လှမ်းကြည့်လိုက်သည်။ ကျွန်တော်ကလည်း သူ့မျက်လုံးများသွားရာဆီသို့ လိုက်၍ လှမ်းကြည့်မိ၏။ သို့သော် ကျွန်တော်တို့မြင်ချင်သော နေရာကို မမြင်ရပါ။ တိုက်ဖြူဖြူ အဆောက်အဦကလေးတစ်ခုက ကျွန်တော်တို့ မြင်ချင်သော နေရာကို ကွယ်ထားသည်။

အတန်ကြာမျှ ကျွန်တော်တို့တစ်တွေသည် စကားများကို အားရပါးရ ပြောမိကြသည်။ သူငယ်ချင်းများအကြောင်း ရှေးဟောင်းနှောင်းဖြစ်အကြောင်းများ စသည်.... စသည်တို့။ မခင်ဝင်းကလည်း သင့်ရာ စကားများ၌ ဝင်၍ ဝင်၍ ပြောတတ်သေးသည်။

အတန်ငယ်ကြာ၍ မှောင်စပျိုးမှ သူတို့မိသားစုသည် ကျွန်တော့်ကို နှုတ်ဆက်၍ ထွက်ခွာသွားကြသည်။

သူတို့ ပြန်သွားကြသော်လည်း ကျွန်တော်မူ မပြန်ဖြစ်သေးပါ။

မိုးအောင်နှင့် မခင်ဝင်းကို ပျော်မွေ့ကြည်နူးဖွယ်ကောင်းသော ယခုဘဝမျိုးသို့ ပို့ဆောင်ပေးခဲ့သည့် သူတို့၏ 'အတိတ်' ရှိသော နေရာကလေးကို ကျွန်တော် ကြည့်ချင်သေးသည်။

ကျွန်တော်သည် တိုက်ဖြူကလေးကိုကျော်၍ ကြက်လျှာစွန်းထိုးနေသော ကမ်းစွယ်ဖျားအထိ လျှောက်သွားသည်။ ကမ်းစွယ်စွန်းရှိ သစ်ပင်ရင်း၌ ကျွန်တော် ရပ်လိုက်၏။ အင်းလျားရေပြင်သည် ကြည်လင်ခြင်းမရှိ၊ ညီညာပြန့်ပြူး ငြိမ်သက်ခြင်းလည်း မရှိ။ လေနှင့်အတူပင် လှိုင်းတို့ လှုပ်ရှား ကစားနေကြသည်။

ကျွန်တော်ရပ်နေရာ ကမ်းစွယ်စွန်း ရေစပ်ဖျားမှ ရှေ့သို့ မျှော်ကြည့်လိုက်လျှင် ကိုက်နှစ်ဆယ်ခန့်မျှ အဝေး၌ စိမ်းနေသော သစ်ပင်နှင့် ချုံစပ်၊ မြက်ခင်းတို့ ဖုံးနေသည့် ကျွန်းငယ်သေးသေးလေး ရှိသည်။

ရေခြားနေသော ဤအကွာအဝေးတွင်းရှိ ရေပြင်သည် နက်ရှိုင်းခြင်း



www.foreverspace.com.mr

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



မရှိ။ ယခုလို ရေတက်နေစဉ် ကာလမျိုး၌ပင် အလွန်ဆုံး ခါးလယ်ခန့်မျှသာ နက်မည်ဖြစ်၏။ ဤအတွေးကို တွေးလိုက်မိရင်းကပင် ကျွန်တော်သည် ပြုံးလိုက်ရ၏။

ဤနေရာသို့ ရောက်တိုင်းမှာပင် ကျွန်တော်သည် ဤသို့သာ ပြုံးမိရစမြဲ ဖြစ်ပါ၏။ ကျွန်တော် ပြုံးမိသလိုပင် မိုးအောင်လည်း ပြုံးမိရစမြဲပင် ဖြစ်မည်။ ပြီးတော့ ဤနေရာ၏ကျေးဇူးကိုလည်း မိုးအောင်တစ်ယောက် ဘယ်တော့မှ မေ့နိုင်လိမ့်မည်မဟုတ်ဟု ကျွန်တော် ယုံကြည်မိရပါသည်။

*

ယနေ့ညနေ ကျွန်တော်တို့တစ်တွေ အင်းလျားကန်သို့ ရေကူးသွားကြသော အခါ၌ မိုးအောင်တစ်ယောက် ပါမလာခဲ့ပါချေ။

ကျွန်တော်၊ တင်မောင်စိုး၊ မောင်ရှိန်၊ သက်ခိုင်နှင့် အေးဖေတို့သာလျှင် တက္ကသိုလ်ရေကူးအသင်းသို့ ဝင်ရာလမ်း၏ ဘယ်ဘက်ကမ်းစွယ်စွန်းဆီသို့ သွား၍ ရေကူးခဲ့ကြသည်။ ခါတိုင်းဆိုလျှင် မိုးအောင်တစ်ယောက်လည်း ကျွန်တော်တို့နှင့်အတူ ပါလာလေ့ရှိစမြဲပင် ဖြစ်၏။ ယနေ့ညနေမူ သူသည် ပြုံးဖြဲဖြဲလုပ်ကာ ကျွန်တော်တို့ကို ခွင့်ပန်သည်။

"ကနေ့ညနေတော့ ငါ့ကို ခွင့်လွှတ်ကြပေတော့ကွာ။ မင်းတို့နဲ့ လိုက်ပြီး ရေကူးနိုင်မှာ မဟုတ်တော့ဘူး"

"အလို ဘာကြောင့်"

တင်မောင်စိုးက မျက်စချီကာ ပြန်မေးလိုက်သဖြင့် မိုးအောင်သည် စပ်ဖြီးဖြီးလုပ်ရင်းပင်....

"မမဝင်းဆီကိုသွားမလို့။ ကနေ့တော့ အခွင့်သင့်ရင် ငါဖွင့်ပြောလိုက်တော့မယ်လို့လည်း စိတ်ကူးတယ်"

"ဘာတွေ ဖွင့်ပြောလိုက်တော့မှာလဲ။ မင့်ဖင်မှာ ဝဲတွေရှိတာကို





ဖွင့်ပြောလိုက်တော့မလို့လား။ စဉ်းစဉ်းစားစားလည်းလုပ်နော်။ တော်တော်ကြာ ကျွန်မမှာ ဝဲဆေးတော့ မရှိဘူး။ ရှင့်လုံချည်လှန်၊ ကျွန်မကိုယ်တိုင် ဖင်ကုတ်ပေးမယ်ဆိုမှ ခွကျနေဦးမယ်" ဟု မောင်ရှိန်က သူ့ထုံးစံအတိုင်းပင် 'ဖောက်' လိုက်သည်။

မိုးအောင်သည် ပြုံးဖြဲဖြဲရှိနေရာမှ ချက်ချင်းပင် သူ့မျက်နှာရှုံ့သွားရင်း၊

"ဟေ့ကောင်ကြီး တော်စမ်းကွာ၊ မဟုတ်တာယုတ်တွေ ပြောမနေစမ်းနဲ့" ဟု မောင်းမဲသံနှင့် ဆိုလိုက်သည်။

ကျွန်တော်တို့အားလုံးပင် ရယ်လိုက်မိကြရ၏။ ရေကူးသွားမည့် ကျွန်တော်တို့တစ်တွေသည် အတွင်းခံဘောင်းဘီ ကိုယ်စီ၊ မျက်နှာသုတ်ပုဝါ ကိုယ်စီနှင့် ဆပ်ပြာခွက်ကိုင်ကာ ထွက်ခဲ့ကြ၏။ ကျွန်တော်တို့နှင့်အတူ မိုးအောင်လည်းပါသည်။ သူသည် ဘန်ကောက်လုံချည်နှင့် လက်ရှည် အင်္ကျီအဖြူကိုဆင်လျက် 'ရှိုး' အပြည့်နှင့် ရှိနေသည်။ သူ့ခြေထောက် တွင်လည်း ပန်းရှူး သားရေပြောင်ဖိနပ် ဝတ်လျက်တည်း။

"ဟေ့ကောင် မိုးအောင်၊ မင်းစွံရင်တော့ ညည့်ချိန်ပိတ်တဲ့အထိ နေပေါ့ကွာ။ တကယ်လို့များ မင်း နောက်ကောက်ကျခဲ့ပြီဆိုရင်တော့ ဒီရှိုးအတိုင်းနဲ့ပဲ တို့နောက်လိုက်ခဲ့"

မောင်ရှိန်က မိုးအောင်ကိုကြည့်ကာ ခပ်တည်တည်ဆိုလိုက်သည်။

"ဟေ့ကောင်ကြီး မင့်ပါးစပ်ပုပ်ကြီးနဲ့ မဟုတ်တာတွေ လျှောက်ပြောမနေနဲ့နော်၊ တော်တော့"

မိုးအောင်က စိုးရိမ်စွာနှင့် ကမန်းကတန်း တားမြစ်လိုက်သော် မောင်ရှိန်နှင့် ဘက်ညီလှသည့် တင်မောင်စိုးက ဝင်မေးလိုက်၏။

"နေစမ်းပါဦး၊ ဒီကောင် နောက်ကောက်ကျလာရင် ဘာလို့ တို့နောက်ကို လိုက်လာရမှာလဲ"

မောင်ရှိန်က မပြုံးမရယ်ဘဲ ခပ်တည်တည်နှင့်ပင်



စကားဝါမြေစာကြည့်တိုက် ----> [http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေတေးဥယျာဉ် ----> [http://sagarwarmyae.net/mm_flash_songs/index.html](http://sagarwarmyae.net/mm_flash_songs/index.html)
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> [http://technology.sagarwarmyae.net/](http://technology.sagarwarmyae.net/)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"သြော်.... ဒီကောင်ကြီး ဒီဂိုက်၊ ဒီရှိုးနဲ့မှ နောက်ကောက်ကျလာရင် ရေထဲဆင်းသေဖို့သာ ကောင်းတော့တယ် မဟုတ်လား။ အဲဒီလိုဆိုရင် သူ ရေထဲကို ခုန်မဆင်းခင် သူ့အဝတ်အစားကလေးတွေနဲ့ သူ့ဖိနပ်ကို ချွတ်ယူ ချင်လို့ပါကွာ"

မိုးအောင်၏ မျက်နှာမှာ ရှုံ့သွားသော်လည်း ကျွန်တော်တို့ ရယ်ကြ ရပြန်သည်။ မိုးအောင်သည် အင်းလျားဆောင်ထဲသို့ဝင်၍ ကျန်ရစ်ခဲ့သည်။ ကျွန်တော်တို့ ငါးဦးသာလျှင် ရေချိုးကြမည့်နေရာသို့ဆက်၍လျှောက်ခဲ့ရ၏။

ရာသီမှာ နိုဝင်ဘာလလယ်၊ ဆောင်းဦးပေါက်ကာလဖြစ်၍ အင်းလျား ရေမှာ နည်းစပြုပြီ။ အင်းလျားကန် ပတ်ဝန်းကျင်ရှိ သစ်ပင်အချို့တို့လည်း ဝါစ၊ ရော်စ၊ ညိုးစပြုကာ လေအဝေ့တွင် တဖြုတ်ဖြုတ် ကြွေကျလျက်ရှိကြပြီ။ ညနေ ၄ နာရီကျော် အချိန်မျှသာ ရှိသေးသော်လည်း နေသည် အတော်ပင် စောင်းလျက်ရှိပြီ။

ကျွန်တော်တို့သည် ကြက်လျှာစွန်းထိုးနေသော ကမ်းစွယ်ဦးရှိသစ်ပင် နှစ်ပင်ခြေရင်း၌ လုံချည်၊ စွပ်ကျယ်နှင့် မျက်နှာသုတ်ပုဝါများကို ပုံထားကြကာ ရေထဲသို့ ဆင်းကြသည်။ ကျွန်တော်တို့အားလုံးသည် ကမ်းစွယ်ဦးနှင့် တည့်တည့်ရှိနေသော ကျွန်းကလေးဆီသို့ ဖြတ်ဆင်းသွားကြသည်။

ရေသည် မနက်၊ တိမ်တိမ်ကလေးပင်ရှိသည်။ အနက်ဆုံးနေရာသည် ကျွန်တော်တို့၏ ဒူးဆစ်ခန့်မျှသာ ရှိပါ၏။

ကျွန်တော်တို့သည် ရေလယ်ကျွန်းကို ဗဟိုပြုကာ ကျန်သုံးဖက် ဆီသို့ ဆင်း၍ ကူးကြ၊ ခတ်ကြ၊ ဆော့ကြ၊ ရေငုပ်ကြနှင့်ပင် 'ငွေလွှာသင်ဖြူး ငါးပျံမြူး'နေကြမိသည်။

နာရီဝက်ကျော်ကျော်မျှ ရေထဲတွင် စိမ်နေကြပြီးမှ အေးဖေက ဆပ်ပြာ ခွက်ကိုယူ၍ ကျွန်းကလေးပေါ်သို့ တက်ကာ ချေးတွန်းသည်။

တစ်ယောက်က စလိုက်လျှင် အားလုံးက လိုက်လုပ်တတ်ကြသည့်



www.foreverspace.com.mm



ကျွန်တော်တို့၏ ထုံးစံအတိုင်းပင် ကျွန်းပေါ်သို့တက်၍ တစ်ယောက်ပြီး တစ်ယောက် ဆပ်ပြာတိုက်ကြပါ၏။ ပြီးမှ တစ်ဖန် ရေစိမ်ကြပြန်သည်။ အပြိုင် ရေကူးကြပြန်သည်။ အပြိုင် ရေငုပ်ကြပြန်သည်။ တစ်ယောက်နှင့် တစ်ယောက် ရေပြင်ကို လက်ဖြင့်ရှပ်တိုက်၍ ရေပက်ကာ 'ရေတိုက်ပွဲ' ဆင်ကြ ပြန်သည်။ဤလိုနှင့်ပင် တဖြည်းဖြည်း အချိန်လင့်လာသည်။အနောက်ဘက် ကောင်းကင်သို့ပင် နေနီရဲကြီးသည် ဝင်လုဆဲဆဲရှိပြီ။

ထိုအချိန်တွင်မှ မိုးအောင်တစ်ယောက်ပေါက်ချလာသည်။ သူ့ကိုယ် တွင်မူ မူလက အဆင်အယင်တို့ လုံးဝမရှိတော့။ ရှပ်လက်ရှည်အစား စွပ်ကျယ်လက်စက၊ ဘန်ကောက်လုံချည်အစား ချည်လုံချည်ကွက်စိပ်၊ ပြောင်လက်နေသော ပန်းရှူးအစား ခုံဖိနပ်ကိုစီးလျက်၊ သူ့လည်ပင်း၌မူ ရေလဲ လုံချည်နှင့် မျက်နှာသုတ်ပုဝါပတ်လျက် ရှိပါ၏။

သူ့မျက်နှာမူ ကြိုးစား၍ ပြုံးထားရဟန်ရှိသည်။ သို့သော်လည်း သူ့ကိုယ်သူ မလုံဟန်နှင့် သူ့အပြုံးသည် မရှိသွားဖြလိုလို စပ်ဖြီးဖြီးလိုလို ရှိနေ၏။ ကျွန်တော်တို့တစ်တွေသည် သူ့ကို မြင်သောအခါ၌ အတော်ပင် အံ့ဩသွားမိကြရသည်။

သူသည် လုံချည်ကို ခါးတောင်းကျိုက်ကာ ဒူးဆစ်ခန့်မျှသာနက်သော ရေလက်ကြားကလေးကို ဖြတ်၍ ကျွန်းကလေးဆီသို့ လျှောက်လာသည်။ ကျွန်တော်တို့အားလုံးသည် သူရှိရာသို့ တက်၍ စုသွားကြသည်။ အားလုံး ကပင် ဝိုင်း၍ သူ့ကိစ္စကို မေးမိကြ၏။

"ငါတော့ နောက်ကောက်ကျခဲ့ပြီကွာ။ ဟောဟို နှမပေးမောင်ရှိန် နိမိတ်မရှိ နမာမရှိ သူ့ပါးစပ်ပုပ်ကြီးနဲ့ ပြောလိုက်လို့နေမှာပဲ"

မိုးအောင်သည် တတ်နိုင်သမျှ ဣန္ဒြေဆည်ကာ ပြောနေသော်လည်း တကယ်ပင် ဝမ်းနည်းနေဟန်တော့ ရှိသည်။ မောင်ရှိန်မူ ထုံးစံအတိုင်းပင်....

"မင့်ပစ္စည်းကလေးတွေတော့ ငါ့ကို ပေးခဲ့နော်" ဟု ဆိုသည်။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



အေးဖေက မောင်ရှိန်၏ဇက်ပိုးကို လက်ဖြင့်ရိုက်လိုက်ရင်း....

"ဟေ့ကောင်ကြီး ငြိမ်ငြိမ်နေစမ်းကွာ" ဟု ပြောလိုက်ပြီးမှ မိုးအောင်ဘက်သို့ လှည့်၍

"ကဲကွာ ဖြစ်ပုံကို အတိုချုပ်ပြောစမ်း" ဟု ဆိုသည်။

"တိုတိုပြောရရင်တော့ ငါ့အချစ်ကို ငြင်းလိုက်တယ်ပေါ့ကွာ။ သူက ငါ့ကို မောင်လေးလိုပဲ ချစ်ပါတယ်တဲ့။ အသက်ချင်းကလည်း ကွာနေတော့ မောင်နှမလိုပဲ တစ်သက်လုံး သဘောထားသွားကြရအောင်တဲ့။ သူ့ထက် အသက်ငယ်တဲ့လူကို ယူဖို့ သူ စိတ်မကူးပါဘူးတဲ့"

မိုးအောင်သည် အနောက်ကောင်းကင်၌ တစ်ခြမ်းမျှသာ ပေါ်နေတော့သော နေနီစွန်းကို ငေးကြည့်ရင်း ငိုင်နေသည်။ အေးဖေက....

"အဲဒါ အစကတည်းက မှားတာပေါ့ကွာ။ မင်းက ဘာဖြစ်လို့ သူ့ကို မမဝင်းလို့ခေါ်ခဲ့ရတာလဲ။ အဲဒီမှာကတည်းက မင်း ရှုံးနေပြီ"

ဤစကားကို သဘောမတူနိုင်သော မမနွယ် မမနွယ်ဟု ခေါ်ကာ ဘဂ်လားမောင်နှမတော်ချင်နေသော သက်နိုင်က....

"အံမာ မမဝင်းခေါ်တာနဲ့ ဘာမှမဆိုင်ပါဘူးကွာ။ ဒါဟာ မိန်းမ မာယာသဲကိုးဖြာဆိုတဲ့စကားလို မူလကျီလုပ်လိုက်တာနေမှာပါ။ ဟေ့ကောင် မိုးအောင် မင်း ဘာမှ စိတ်မပျက်နဲ့ ဆက်သာခေါ် သိလား။ တစ်နေ့တော့ မင်း စွံမှာပါပဲ" ဟု ဘဝတူချင်း အားပေးလိုက်သည်။

"နေစမ်းပါဦးကွ။ မင်းနဲ့ မင်းမမဝင်းနဲ့က အသက် ဘယ်လောက်ကွာလို့လဲ။ နတ်သျှင်နောင်နဲ့ ရာဇဒေတုကလျာလောက်များ အသက်ကွာနေလို့လား"

တင်မောင်စိုးက စကားဖြတ်ကာ ဝင်မေးလိုက်သဖြင့်....

"ဟာ ဒီလောက် မကွာပါဘူးကွာ။ သူက ငါ့ထက် နှစ်နှစ်လောက်ပဲ ကြီးတာပါ"



www.foreverspace.com.mm



"ဒီလောက်ကွာတာလေးနဲ့များကွာ၊ မင်းကလည်း မမဝင်းလို့ ခေါ်ရတယ်လို့ပဲ။ သက်သက်မဲ့ ကိုယ့်ကိုယ်ကို နှာမ်နှိမ်သလိုဖြစ်သွားတာပေါ့"ဟု အေးဖေက မကျေမချမ်း ဝင်ပြောပြန်သည်။

"ကွာ၊ ဒါကတော့ သူ့ကို ငါ စသိရတာက ညွန့်အောင်နဲ့ ပတ်သက်ပြီး သိရတာကိုးကွ။ ညွန့်အောင်က သူနဲ့ မောင်နှမဝမ်းကွဲတော်ပြီး အငယ်ဖြစ်နေတော့ မမဝင်း၊ မမဝင်းလို့ ခေါ်နေလို့ ငါကလည်း မမဝင်းလို့ပဲ လိုက်ပြီး ခေါ်ခဲ့မိတာပါပဲကွာ"

သူတို့ စကားကို ကျွန်တော်က ဝင်ဖြတ်ပစ်ရသည်။ စကားမဖြတ်ပစ်၍လည်း မဖြစ်၊ ကျွန်တော် ချမ်းလှပြီ။

"ကဲကွာ၊ ငါတော့ ချမ်းလှပြီ။ မိုးအောင်၊ ရေချိုးမှာဖြင့် ချိုးတော့"

ဒီတော့မှပင် သူ့လုံချည်၌ ချိတ်လျက် ပါလာသော သော့တွဲကို မြက်ခင်းပေါ်သို့ပစ်ချလိုက်ကာ မိုးအောင်သည် ရေထဲသို့ ဆင်းသွားသည်။

ရေထဲ၌ သူတစ်ယောက်တည်းသာ ရှိနေပြီဖြစ်၍ မိုးအောင်သည် ရေကို ခပ်မြန်မြန်ချိုးကာ ပြန်တက်လာ၏။ အင်းလျားကန်စပ် ထိုနေရာမှ ကျွန်တော်တို့တစ်တွေ ပြန်လာခဲ့သောအခါတွင် နေလုံးလုံးဝင်လျက်ရှိပြီ။ မကြာမီဆိုလျှင် အမှောင်ရိပ်ပင် ကျတော့မည်။

အပြန်လမ်းတွင် မိုးအောင်သည် တစ်လမ်းလုံး ငိုင်ရင်း တွေးလျက်သာ ပါလာသည်။ ဘာစကားကိုမျှမပြော။ လမ်းတွင် မောင်ရှိန် နောက်ပြောင်သမျှကိုလည်း မည်သို့မျှ ပြန်မချေ။

မပြီးမရယ် စကားမဆိုဘဲ လမ်းတစ်လျှောက်လုံး ငေးငေးငိုင်ငိုင် တိတ်တိတ်ဆိတ်ဆိတ်သာရှိနေသော မိုးအောင်သည် အဆောင်သို့ ပြန်ရောက်မှ ဒုက္ခတွေ့ရသည်။ သူ့အခန်းတံခါးကို ဖွင့်စရာ အခန်းသော့သည် သူ့၌ ပြန်ပါမလာခဲ့။ ရေချိုးဆိပ်၌ ကျန်ခဲ့ပြီ။

သူသည် စိတ်ပျက်လက်ပျက်နှင့် တက်ခေါက်ကာ သူ့ကိုယ်သူ



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ပြန်ဆဲရင်း သော့ယူရန် အင်းလျားကန်သို့ တစ်ခေါက်ပြန်ရရှာသည်။

ကျွန်တော်တို့တစ်တွေလည်း ချမ်းလှ ပန်းလှပြီဖြစ်၍ သူနှင့်အတူ အဖော်အဖြစ် ပြန်လိုက်မသွားနိုင်ကြ။

"မြန်မြန်သွားပြီး မြန်မြန်ပြန်ခဲ့ကွာ။ မင့်ကို တို့ ထမင်းစားစောင့်နေမယ်" ဟုသာ ပြောလိုက်နိုင်ကြပါ၏။

သို့သော်လည်း မိုးအောင်သည် တော်တော်နှင့် ပြန်မလာနိုင်ခဲ့။ ဤခရီးနှင့် ဤခရီးသည် ခပ်မြန်မြန်သွားလျှင် နာရီဝက်ထက် ပို၍ မကြာနိုင်။ ယခုမူ တစ်နာရီနီးပါးရှိသည်အထိ မိုးအောင်တစ်ယောက် ပြန်မရောက်။

"ဟေ့ ဒီကောင်တစ်ယောက် ဟုတ်မှ ဟုတ်သေးရဲ့လားကွာ။ သူ့မမဝင်းနဲ့ နောက်ကောက်ကျလို့ တကယ်ပဲ ရေထဲများ ဆင်းသေနေပြီလား မသိဘူး။ တို့ လိုက်ကြဦးမှကောင်းမယ် ထင်တယ်"

နောက်စရာ ပြောင်စရာရှိလျှင် နောက်ပြောင်လေ့ရှိသော်လည်း ယခုလို အခါမျိုးတွင်မူ မောင်ရှိန်သည် မိုးအောင်အတွက် တကယ်ပင် စိတ်ပူမိရှာသည်။

"ဟာကွာ မင်းကလည်း မဟုတ်တာ။ ဒီကောင် ဒီလောက် မိုက်ပါ့မလားကွာ။ သူ့သော့ကို ချက်ချင်းမတွေ့လို့ ရှာနေရတာကြောင့် ကြာတာဖြစ်ပါလိမ့်မယ်"

တင်မောင်စိုးက နှိုင်းနှိုင်းချိန်ချိန် သုံးသပ် လုပ်ပါ၏။

ထိုသို့ပင် ကျွန်တော်တို့တစ်တွေသည် ထင်မြင်ချက်အမျိုးမျိုးကို တစ်ယောက်တစ်ပေါက်နှင့် ပြော၍နေကြရင်းမှာပင် မိုးအောင်သည် မျက်နှာပိုးမသေသော မျက်နှာထားနှင့် မျက်နှာစပ်ဖြဲဖြဲလုပ်ကာ ပြန်ရောက်လာသည်။

"ဟင်း ရည်းစားပူမိတဲ့ မျက်နှာထားတဲ့ကွာ၊ ဖြစ်မှဖြစ်ရပလေ။ ခွေးတက်ပြီး လျှာနဲ့လျက်သွားမှာတောင် စိုးရသေးတယ်"

တစ်ချိန်လုံး စိတ်ပူနေခဲ့ရရှာသော မောင်ရှိန်က စမှပင် စိတ်အေးသွားရ



www.foreverspace.com.mm



ဟန်နှင့် ပြောလိုက်သည်။ မိုးအောင်သည် မျက်နှာပိုးမသေ။ သူ့မျက်နှာမှာ ပြုံးဖြီးဖြီးနှင့်သာ ရှိနေ၏။

"ဖြစ်ပုံများတော့ ပြောပဲ မပြောချင်တော့ပါဘူးကွာ" ဟု မိုးအောင်က ပြောရင်း အားရပါးရ ရယ်နေသည်။ ကျွန်တော်တို့သည် ဘာမှန်းမသိသော်လည်း သူ၏အမူအရာကို ကြည့်ကာ ပြုံးမိကြရသည်။

"အေး၊ အဲဒီပြောပဲ မပြောချင်တော့ပါဘူးကွာ ဆိုပြီး မင်း ပြောချင်လွန်းလို့ မင်းရင်ထဲမှာ ကလိကလိဖြစ်နေတဲ့အကြောင်းကို ပြောမှာဖြင့် ခပ်မြန်မြန်ပြောစမ်း"

သက်နိုင်က ခပ်ဆတ်ဆတ်ကလေး ဝင်ပြောလိုက်မှ မိုးအောင်က သူ ကြုံခဲ့ရသော အဖြစ်ကို အားရပါးရပြန်ပြောပြ၏။

"တို့ ရေချိုးတဲ့နေရာကို ငါ သော့ယူဖို့ ပြန်ရောက်သွားတော့ တော်တော်လေး မှောင်စပြုနေပြီကွ။ အုတ်တိုက်ဖြူကလေးကို ငါ ကျော်ဖြတ်သွားတော့ အဲဒီနားမှာ အမျိုးသားနဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့တယ်ကွ။ ပထမတော့ သူတို့ ငါ့ကိုမမြင်ကြဘူး။သူတို့ချင်း တစ်ယောက်ကိုတစ်ယောက် ဖက်လို့ကွ။ မျက်နှာချင်းလည်း အပ်ထားကြတယ်။ ဒါနဲ့ ငါလည်း သူတို့ကို အားနာတာနဲ့ မမြင်ချင်ယောင်ဆောင်ပြီး ခြေသံမကြားအောင် အသာကလေး သူတို့ဘေးကဖြတ်ပြီး သွားရတယ်။ ငါ့သော့တွဲက ဟိုဘက်ရေထဲက ကျွန်းကလေးပေါ်မှာ ကျန်ခဲ့တာ မဟုတ်လား။ ဒါကြောင့် ငါလည်း သူတို့ကို မမြင်မတွေ့လေဟန်နဲ့ ခေါင်းငိုက်စိုက်ချပြီး ရေထဲကို ဆင်းသွားမိတယ်။ ငါလည်း ရေထဲဆင်းမိလို့ တော်တော်ကလေးလည်း ရောက်ကရော ငါ့နောက်ကနေပြီး "ဟေ့လူ.... ဟေ့လူ" ဆိုတဲ့ ခေါ်သံကို ကြားလိုက်ရတယ်။ ဒါနဲ့ ငါလဲ ဒီခေါ်သံကတော့ ငါ့ကိုခေါ်တာပဲဖြစ်မှာပဲဆိုပြီး လှည့်ကြည့်လိုက်မိတော့ ရေစပ်နားက ရပ်ပြီး ငါ့ကို လှမ်းခေါ်နေတဲ့ လူကို တွေ့လိုက်ရတယ်။ သူ့အမျိုးသမီးကလည်း သူ့ဘေးနားက ရပ်လို့ကွ"



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



မိုးအောင်သည် စကားကိုခေတ္တရပ်ကာ ကျွန်တော်တို့၏ မျက်နှာများကို တစ်ယောက်စီ လျှောက်ကြည့်သည်။ ပြီးမှ....

"အဲဒီမောင်နှံဟာ ဘယ်သူတွေလို့ မင်းတို့ထင်သလဲ" ဟု မေးလိုက်သေးသည်။

"ဟ ဒီတစ်လောကလုံးမှာ စုံတွဲတွေဟာ ရိုက်သတ်လို့တောင် မကုန်နိုင်တာ၊ ဘယ်သူတွေဆိုတာ ဘယ်လိုလုပ်သိပါမလဲကွ။ မင်းဟာမင်း ပြောမှာသာ ဆက်ပြောစမ်း"

တင်မောင်စိုးက စိတ်မရှည်ဟန်နှင့် မာန်မာန်မဲမဲကလေး ဟိန်းလိုက်ဟောက်လိုက်မှ မိုးအောင်သည် သူ့မျက်နှာကို ခပ်ပြုံးပြုံးကလေးလုပ်ကာ ဆက်ပြော၏။

"မှောင်စပျိုးနေပေမယ့် သူတို့ကို ငါ လှည့်ကြည့်လိုက်လို့ မြင်မြင်ချင်းမှာပဲ ဘယ်သူတွေဆိုတာကို ငါ သိလိုက်တယ်ကွ။ အမျိုးသားက ပဲခူးဆောင်က သိန်းဦး၊ သူ့အမျိုးသမီးကတော့ အင်းလျားဟော(လ်)က မခင်ကြူပေါ့။ ငါက သူတို့ကို လှည့်ကြည့်နေတော့ သိန်းဦးက ငါ့ကို လက်ယပ်ပြီးခေါ်နေတယ်။ သူ့ပါးစပ်ကလည်း 'လာပါဗျာ၊ တက်ခဲ့ပါ။ မကြိုစည်ကောင်းမလုပ်ကောင်းတာတွေ မလုပ်ပါနဲ့၊ ပြန်ပြီးတက်ခဲ့ပါ' လို့ ပြောနေတယ်။ ပထမတော့ ငါလည်း သူ ဘာဆိုလိုတယ်ဆိုတာကို သဘောမပေါက်ပဲဖြစ်နေသေးတယ်။ ငါက ခပ်ငိုင်ငိုင်နဲ့ ရေထဲကပဲရပ်ပြီး သူတို့ကိုကြည့်နေမိလို့ ဒီလူကပဲ ဆက်ပြီး ပြောလိုက်သေးတယ်။ 'လာပါဗျာ.... တက်ခဲ့ပါ၊ မဟုတ်တာ မလုပ်ချင်ပါနဲ့။ အဖန်ငါးရာငါးကမ္ဘာဆိုတာ ကြောက်စရာကောင်းပါတယ်။ တက်ခဲ့ပါ၊ လာပါ' လို့ပဲ ဖွတ်ပြောနေတော့မှ ငါလည်း သဘောပေါက်တော့တယ်။ သူက ငါ့ကို ရေထဲဆင်းသေမယ့်လူလို့ ထင်နေတာကိုးကွ။ ဒါနဲ့ ငါလဲ "ဟာဗျာ" လို့သာ ပါးစပ်ကထွက်သွားမိပြီး ဘာပြန်ပြောရမှန်း မသိဘဲ ဖြစ်နေရတယ်"





မိုးအောင်သည် ပြောနေရင်းကပင် သူ့ဟာသူ သဘောကျစွာ ရယ်နေ၏။ ဒီတော့မှ ကျွန်တော်တို့လည်း ဓာတ်ရည်လည်စပြုကာ သူနှင့်အတူ လိုက်၍ ရယ်လိုက်မိကြရ၏။

"သူတို့ကလည်း ငါ့ကို ဘယ်သူဆိုတာ မှတ်မိသွားကြတယ်ကွ၊ 'ဟာ....ကိုမိုးအောင်ပါလား။ လာဗျာ ကိုမိုးအောင်၊ တက်ခဲ့ပါဗျာ။ မကြံကောင်း မစည်ရာတွေ လုပ်မနေပါနဲ့၊ တက်ခဲ့ပါဗျာ၊ လာပါ' လို့ပဲ ခွတ်ခေါ်နေတော့တယ်။ အဲ့ဒီလို သူက ခေါ်လေလေ ငါကလည်း ရယ်ချင်လေ ဖြစ်နေရတယ်။ ဒါပေမယ့် ငါကလည်း သူတို့ကို နောက်ချင်တာနဲ့ အမှန်အတိုင်းပြောပြဖို့ စိတ်မကူးတော့ဘဲ သူတို့ထင်တာ ဟုတ်လေဟန်ဆောင်လိုက်မိတယ်ကွ၊ 'ဟာ.... ကိုသိန်းဦးတို့ပါလား ခင်ဗျားတို့နဲ့ ဆုံမှဆုံမိတတ်လေတယ်ဗျာ။ ကျွန်တော့်ကို တားမနေပါနဲ့တော့ဗျာ။ ဒီလောကမှာ ကျွန်တော် အသက်ရှင်နေလို့လည်း ထူးတော့မှာ မဟုတ်ပါဘူး။ ဒီလောကကြီးထဲကပဲ ဘဝကို အရှုံးပေးပြီး ကျွန်တော် ထွက်သွားပါရစေတော့....' လို့ ငါက ဝမ်းနည်းလှိုက်လဲသံပါအောင် ကြိုးစားပြီး ပြောလိုက်မိပါတယ်"

မိုးအောင်သည် ရယ်နေပြန်၏။

"ဟော၊ ဒီကောင်ကတော့ ကြံကြံဖန်ဖန် နောက်ကိုနောက်တတ်တယ်"

ကျွန်တော်က ရယ်ရင်းပင် မှတ်ချက်ချလိုက်၏။

"အဲဒီတော့ သူ့အမျိုးသမီး မခင်ကြူကပါ စိုးရိမ်သံနဲ့ ဝင်ပြောတယ်။ အို....ကိုမိုးအောင်ကလည်း မဟုတ်တာရှင်၊ ဘာဖြစ်လို့ ဘဝကို အရှုံးပေးသွားရမှာလဲ။ ဘာလဲ.... မမဝင်းနဲ့ ဘာဖြစ်ကြလို့လဲ။ စိတ်ဆိုးပြီး မပြေမလည်ဖြစ်လာကြပြီထင်တယ်။ ဟုတ်လား ကိုမိုးအောင်၊ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ရှင်။ မမဝင်းကို ကျွန်မတို့ ဝိုင်းပြီးပြောပေးပါမယ်။ လာပါ တက်ခဲ့ပါ။ အဲဒီလို မလုပ်ပါနဲ့ရှင်လို့ပဲ ပြောနေချေသေးတော့တယ်ကွ။ လက်စသတ်တော့ မမဝင်းဆီကို ငါ သွားသွားနေတာကို သူ ဓားဓားတွေ့ဖူးထားပြီး၊ ငါနဲ့



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



စွံနေကြပြီလို့ ထင်နေဟန်တူပါရဲ့"

"ဖြစ်မှ ဖြစ်ရပလေကွာ။ လောကမှာ မင့်ကို ဒီလောက် အထင်ကြီးတဲ့ လူတွေလည်း ရှိကြပါသေးကလား"

မောင်ရှိန်က ခပ်တည်တည် ဝင်မှတ်၏။ သို့သော်လည်း မိုးအောင်သည် သူစကားကို မမှုဘဲ ဆက်ပြော၏။

"ငါကလည်း ရေထဲက မတက်သေးဘဲ ခပ်ငိုင်ငိုင်ကလေးလုပ်ပြီး ရပ်နေတုန်းပဲ ရှိနေတော့ သိန်းဦးက ပါးစပ်က ခေါ်ရုံတင်မဟုတ်တော့ဘဲ လူကိုယ်တိုင်ပါ ရေထဲကိုဆင်းပြီး ခေါ်မယ်လုပ်တော့မှ ငါလည်း ဒီနေရာဟာ ရေတိမ်တိမ်ကလေးပဲ ရှိတယ်ဆိုတာကို မသိစေချင်တာနဲ့ သူတို့ဆီကို ပြန်တက်သွားရတယ်"

"အေး၊ ဒီသိန်းဦးက တင်းနစ်သာ မှန်မှန်ကစားတာကွ။ အင်း.... အင်းလျားမှာ ဘယ်တော့မှ ရေချိုးဖူးတဲ့ကောင် မဟုတ်ဘူး။ ရေကူးလည်း ဝါသနာ မပါဘူး။ ကန်စောင်းမှာသာ ရည်းစားနဲ့တွဲပြီး ကြည်နူးနေတတ်တဲ့ ကောင်။ ဘယ်နေရာဟာ ရေနက်တယ်၊ ဘယ်နေရာဟာ ရေတိမ်တယ်ဆိုတာ လုံးလုံးသိတဲ့ကောင် မဟုတ်ဘူး"

သိန်းဦးနဲ့ ရင်းရင်းနှီးနှီး သိသော အေးဇေက ဆို၏။

"အပေါ်ကိုရောက်တော့ သူတို့နှစ်ယောက်စလုံးကပဲ ငါ့ကို ဖျောင်းဖျကြတာပေါ့ကွာ။ မမဝင်းနဲ့ ဘာဖြစ်သလဲလို့လဲ မေးကြတယ်။ ဒီတော့ ငါက လည်း ငါ့အတွက်တော့ အကွက်ကောင်းဝင်ပြီ ဆိုပြီး သူတို့စကားနောက်ကို နင်းပြီးလိုက်ရတော့တာပေါ့။ မမဝင်းက ကျွန်တော်အပေါ်မှာ သိပ် ရက်စက် တယ်ဗျာ။ သိပ်ကိုရက်စက်တာပါပဲ။ ဘယ်လိုရက်စက်တယ်ဆိုတာကိုတော့ ခင်ဗျားတို့ သိချင်ရင် သူ့ကိုသာ မေးကြည့်ကြပါတော့လို့ပဲ ခပ်တည်တည်နဲ့ ညည်းညည်းညူညူ ပြောလိုက်ရတော့တယ်။ ဒီတော့ မခင်ကြူက မမဝင်း အတွက်တော့ သူ့တာဝန်ထားပါတဲ့။သူပြောပေးပါမယ်တဲ့။ ဒီလိုမကြိုကောင်း



www.foreverspace.com.mm



မစည်ရာတွေ မလုပ်ပါနဲ့။ အဆောင်ကိုသာ စိတ်အေးအေးထားပြီး ပြန်ပါလို့ ငါ့ကို ချော့မော့ပြောပြီး ပြန်ခေါ်ကြတယ်ကွ"

"ဒါနဲ့ မင်းကလည်း ဟန်လုပ်ပြီး ပြန်လိုက်လာတယ်ဆိုပါတော့ ဟုတ်လား။ သေ့လည်း မပါလာတော့ဘူးဆိုပါတော့"

သက်ခိုင်က ခပ်ပြုံးပြုံးလုပ်ကာ မေးလိုက်သဖြင့် မိုးအောင်က....

"ဒါပေါ့ကွ၊ သူတို့နဲ့အတူ ပြန်လိုက်ရတာပေါ့။ ဒါပေမယ့် သူတို့ တစ်တွေရဲ့ အဆောင်အထိ ပြန်လိုက်လာပြီးတော့၊ အဆောင်ကို ပြန်ပါတော့ မယ်လို့ ကတိပေးပြီး တစ်ဖက်လှည့်နဲ့ တစ်ပတ်ကျော့ပြီး ငါ့သေ့ကို ပြန်ရှာ ယူခဲ့ရတာပေါ့ကွာ"

မိုးအောင်သည် ရယ်ရယ်မောမောနှင့်ပင် သူ့ဇာတ်လမ်းကို အဆုံး သတ်လိုက်သည်။ ကျွန်တော်တို့ အားလုံးလည်း ရယ်လိုက်မိကြရပါ၏။

"အေး၊ ဒီလိုဆိုရင်တော့ အဟုတ်ကြီးထင်ပြီး မခင်ကြူ ပြောတာနဲ့ မင့် မမဝင်းတော့ မင့်ကို သနားချစ်ကလေး ချစ်လာမှာ မြင်ယောင်မိပါသေးရဲ့ကွာ"

သက်ခိုင်က ဝမ်းသာအားရပင် မှတ်ချက်ချလိုက်ပါ၏။

*

နောက်တစ်နေ့တွင် မိုးအောင်သည် ကလပ်(စ်)မတက်ဘဲ 'လစ်'ကာ အခန်း အောင်းနေသည်။ ကျွန်တော်တို့ကိုသာ အကယ်၍များ သူ့မမဝင်းနှင့်တွေ့ ပါက အကွက်ဝင်အောင်ဆက်၍ 'လိုမ့်' ပေးပါရန် မှာလိုက်သည်။

ကျွန်တော်နှင့် သက်ခိုင်သည် နှစ်ယောက်တွဲ၍ ကလပ်(စ်)တက် သွားရင်း မခင်ဝင်းနှင့် တိုက်တိုက်ဆိုင်ဆိုင်ဆုံမိကြ၏။

မခင်ဝင်းသည် ကျွန်တော်တို့နှစ်ယောက်ကို ပြုံး၍ နှုတ်ဆက်ရင်း တမင်လုပ်ထားသော အမှတ်မထင်ဟန်လေးမျိုးနှင့် မိုးအောင်ကို မေးသည်။

"မောင်မိုးအောင်ကော ကလပ်(စ်) မတက်ဖူးလား၊ မမြင်ပါလား"



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



နှုတ်သွက်သော သက်ခိုင်က ကျွန်တော့်အရင်ဖြေ၏။

"ဟာ မိုးအောင်အကြောင်းတော့ မပြောချင်ပါဘူး မခင်ဝင်းရာ၊ ဒီကောင့်အတွက် စိတ်ညစ်ပါတယ်။ ဘာမှန်းလဲ မသိဘူး"

မခင်ဝင်းသည် မျက်နှာလေးညိုသွား၏။ သူ၏ လှပဝိုင်းစက်သော မျက်နှာကလေးကိုသာ မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း ခပ်တိုးတိုးပြန်မေးသည်။

"သူ ဘာဖြစ်နေလို့လဲ ကိုသက်ခိုင်၊ ပြောပြစမ်းပါဦး"

သက်ခိုင်သည် စိတ်မသက်သာဟန်၊ ပြောမပြလိုဟန်နှင့် သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ချလိုက်ပြီးမှ ကျွန်တော့်ဘက်သို့ မေးထိုးလိုက်က

"ကဲ အေးဝင်း၊ မင်းပဲ ပြောပြလိုက်စမ်းကွာ" ဟု တာဝန်လွှဲ၏။

ကျွန်တော့်အလှည့်ကျလာပြီမို့ ကျွန်တော်ကလည်း တာဝန်ကျေစွာပင် ဝိဝိရိရိ လိမ်ရပါ၏။

"အင်း၊ မိုးအောင်တစ်ယောက် ဘာဖြစ်မှန်းမသိဘူးဗျာ။ မနေ့ညနေကလည်း အတော်မှောင်မှ သူ အဆောင်ကိုပြန်လာတယ်။ သူ့လုံချည်အောက်ပိုင်း တစ်ခုလုံးလည်း ရေတွေစိုလို့ဗျ။ ညကလည်း တစ်ညလုံး အိပ်ပျော်ဟန် မတူဘူး။ သက်ပြင်းတရှိုက်ရှိုက်နဲ့ပဲ တစ်ညလုံး ကုန်ခဲ့တယ်ထင်တာပဲ။ ကျွန်တော်တို့ မေးတာလည်း မရဘူး။ ငါသေချင်တယ်။ ငါ သေသွားရင် ကောင်းမယ်လို့သာ ညည်းနေတော့တာပဲ။ ဒီကောင့်အတွက် ကျွန်တော်တို့ သူငယ်ချင်းတွေ သိပ်စိတ်ညစ်နေကြရတာပါပဲ။ ကနေ့မနက်လည်း ကလပ်(စ်) တက်ဖို့ခေါ်တာ မရဘူး။ သူ သေချင်တယ်၊ မသေရရင်လည်း ဒီကျောင်းက ထွက်သွားချင်တယ်လို့ပဲ ပြောနေတယ်။ ခက်တယ် မခင်ဝင်းရာ"

ကျွန်တော်သည် ကိုယ့်ဟာကိုယ် မရယ်မိစေရန် စိတ်ထိန်းကာ ထိုစကားများကိုသာ မျက်နှာသေသေကလေးနှင့် အိုက်တင်လုပ်၍ ပြောလိုက်ရသည်။ မခင်ဝင်းသည်လည်း မျက်နှာငယ်ကလေးနှင့် ရုတ်တရက် ဘာစကားကိုမှ မဆိုနိုင်ရှာဘဲ ငိုင်နေရှာသည်။ ထောနေမှ....





"သူ့ကိုပြောလိုက်ပါ ကိုအေးဝင်းရယ်၊ ကျွန်မဆီကို သူ လာပါဦးလို့။ ညနေမှာ ဆက်ဆက်လာဖြစ်အောင် လာခဲ့ပါလို့။ ကျွန်မ အဆောင်ကနေ သူ့ကို စောင့်နေပါမယ်လို့ ဟုတ်လား ကိုအေးဝင်း"

"ဟုတ် ဟုတ်ကဲ့၊ စိတ်ချပါ မခင်ဝင်း။ ကျွန်တော်တို့ သေသေချာချာ ပြောဖြစ်အောင် ပြောလိုက်ပါ့မယ်။ သူ ဆက်ဆက်လာဖြစ်အောင်လည်း ကျွန်တော်တို့ လွှတ်လိုက်ပါ့မယ်"

ကျွန်တော်သည် မိုးအောင်အတွက် ဝမ်းသာရလွန်း၍ စကားပင် အထစ်ထစ်အငေါ့ငေါ့ ဖြစ်ခဲ့ရသေးပါ၏။ သက်ခိုင်နှင့် ကျွန်တော်သည် ဝမ်းသာအားရပင် အဆောင်သို့ ပြန်ခဲ့ကြ၏။

မခင်ဝင်းမှာလိုက်သော စကားများကို မိုးအောင်အား ကျွန်တော်တို့ ပြန်ပြောပြလိုက်သောအခါ၌ မိုးအောင်သည်....

"ဟေ့ အဲဒါ ငါကွ၊ ဒီတစ်ခါတော့ မိုးအောင်တို့ စွံပြီ" ဟု အော်ကာ သူ့ခုတင်မွေ့ရာပေါ်သို့ တက်၍ ကျွမ်းထိုးချလိုက်သည်။

ကျွန်တော်တို့သည် သူ့ကိုကြည့်ရင်း ရယ်မိကြရ၏။ သို့သော်လည်း ကျွန်တော်တို့သည် သူ့ကိုလည်း ခြိမ်းခြောက်လိုက်မိကြသေးသည်။

"ဟေ့ကောင် မိုးအောင်၊ သိပ်ဘဝင်မြင့်မနေနဲ့ဦးနော်။ မင့်အစွမ်းအစ ရှိလှလွန်းလို့ စွံမှာမဟုတ်ဘူး။ အသိုင်းအဝိုင်းကောင်းလို့ကွ သိရဲ့လား။ အဲဒါပဲနော်၊ မင်း မခင်ဝင်းဆီကို ကနေ့ညနေသွားလို့ စွံခဲ့တယ်ဆိုရင် တို့ကို ဘိုင်စကုတ်ပြရမယ်။ မပြရင်တော့ မခင်ဝင်းဆီကို တို့သွားပြီး ဖော်ကောင် လုပ်လိုက်မယ်နော် အဲဒါပဲ"

"အမယ်လေး....၊ အဲဒီလိုတော့ မလုပ်လိုက်ကြပါနဲ့၊ ဘုရားဖြစ်မယ့် အုတ်ခဲကြီးတို့ရယ်။ ဘိုင်စကုတ်ပြရုံတင် မဟုတ်ပါဘူး၊ ခေါက်ဆွဲပါ အဆစ်ကလေးအဖြစ်နဲ့ ပြပါဦးမယ်"

"အံမာ၊ ခေါက်ဆွဲတော့ မင်းပြမှ ကြည့်ရမှာလား။ တို့ဟာတို့



www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ခေါက်ဆွဲဆိုင်သွားကြည့်လည်း တွေ့ရမှာပေါ့။ အူကြောင်ကြောင် မလုပ်နဲ့နော်။ ဟင်း၊ မခင်ဝင်းကို သွားပြောလိုက်ရ"

"အမယ်လေး ကိုယ်တော်လေးတို့ကလည်း ဒေါသချည်းပဲ။ ခေါက်ဆွဲကျွေးပါ့မယ်လို့ ပြောတာပါဗျာ။ ဝမ်းသာလုံးဆို့နေလို့ စကားမှားသွားတာပါ အဟီး"

မိုးအောင်သည် တကယ်ပင် ဝမ်းသာလုံးဆို့နေသည်။

"အေး၊ ညနေကျလို့ မခင်ဝင်းဆီကို မင်းသွားတဲ့အခါကျတော့ ပထွေးသေလို့ အမွေရတော့မယ့်မျက်နှာမျိုးနဲ့တော့ မသွားနဲ့နော်။ မင့်နှမ ငါ့နောက်ကို လိုက်သွားလို့ ဖင်ကျိန်းတဲ့ မျက်နှာထားမျိုးနဲ့သွား သိလား"

သက်နိုင်က ခပ်တည်တည် ဟောက်လိုက်သဖြင့်....

"အေး အေး ကောင်းပါပြီ" ဟု မိုးအောင်က အမှတ်တမဲ့ ဆိုလိုက်ပြီးမှ သတိရသွားဟန်နှင့်....

"ဟာ ငါ့လခွီးတဲ့မှပဲ။ မင်းကလည်း အရေးထဲမှာ အချောင် အသားယူနေပြန်ပြီ"

မိုးအောင်၏ ရှုံ့သွားသော မျက်နှာထားကိုကြည့်ရင်း ကျွန်တော်တို့ ရယ်လိုက်ရပြန်သေးသည်။ ထိုညနေက မိုးအောင်သည် ညနေ လေးနာရီ မထိုးမီကတည်းကပင် အင်းလျားဆောင်ရှိ မခင်ဝင်းထံသို့ ထွက်သွားသည်။

သူ ပြန်လာမည်ကို ကျွန်တော်တို့ သူငယ်ချင်းတစ်တွေသည်စိတ်စောစွာပင် စောင့်ရပါ၏။

ညနေ ၆ နာရီနီးပါးတွင် မိုးအောင်သည် ခွေးလျက်လုမတတ် ချိုပြုံးနေသော မျက်နှာထားနှင့် ဖနောင့်မြှောက်၍ လမ်းလျှောက်ရင်း ပြန်ရောက်လာသည်။ ကျောင်းဆောင်အပေါ်ထပ် ဝရန်တာ၌တန်းစီကာ သူ့ကို စောင့်ကြည့်နေကြသော ကျွန်တော်တို့ သူငယ်ချင်းတစ်စုကို သူ မြင်သောအခါတွင် သူ့လက်ကိုမြှောက်ကာ ဝမ်းသာအားရအော်သည်။



www.foreverspace.com.mm



"ဖိုးစွံကွ.... ဖိုးစွံ၊ မိုးအောင်တစ်ကောင်တော့ စွံခဲ့ပြီဟေ့ သိကြရဲ့လား"

ကျွန်တော်တို့တစ်တွေသည် ကျောင်းဆောင်ပေါ်သို့ သူ တက်လာသည်အထိ မစောင့်ကြတော့ဘဲ အဆောင်အောက်သို့ ဆင်းသွားကြကာ သူ့ကို ကြိုကြသည်။

"ကဲ.... လာ၊ အဆောင်ပေါ် တက်မနေနဲ့တော့။ တို့ကို ဘိုင်စကုတ်ပြမယ်ဆိုတဲ့ မင်းကတိအတိုင်း အခုခြောက်နာရီခွဲပွဲ လိုက်ပြ။ ခေါက်ဆွဲလည်း ကျွေး။ လာ.... တစ်ခါတည်းသွားမယ်"

ကျွန်တော်တို့၏တောင်းဆိုချက်ကို သူသည် ဘယ်လိုမှငြင်းဆန်ခြင်း မပြုဘဲ လိုက်လာပါ၏။

ပြည်လမ်းပေါ်၌ ဘတ်စ်ကားစောင့်ရင်း သူက မခင်ဝင်းနှင့် တွေ့ခဲ့ပုံကို ဝမ်းသာအားရ ပြန်ပြောပြ၏။ မခင်ဝင်းက သူ့ကို တကယ်ချစ်မချစ် မေးပုံ၊ သူကလည်း တကယ်ချစ်ကြောင်းနှင့် မနေ့က မခင်ဝင်းက ငြင်းလိုက်၍ ဆောက်တည်ရာမရ ဖြစ်ရကာ ရေထဲသို့ပင်ဆင်း၍သေရန် ကြံမိပုံ၊ မခင်ကြူတို့နှင့်တွေ့၍ ကံကောင်းသွားရပုံ စသည်စသည်များကို ခပ်တည်တည်ပင် ပြောခဲ့သည်ဆိုပါ၏။ မခင်ဝင်းကလည်း မခင်ကြူပြောပြ၍သိရပြီး ရင်ထိတ်ကာ သက်မ ချရပုံနှင့် မိုးအောင်၏အချစ်ကို လက်ခံပါပြီဟု ဆိုလိုက်ပုံတို့ကို မြိန်ရေရှက်ရေ ပြောပြခဲ့သည်။

ထိုညနေက မိုးအောင်၏အောင်ပွဲအဖြစ် ကျွန်တော်တို့ အားလုံးသည် ရီးဂျင့် (Regent)၌ပြနေသော (The Man Form Okalahoma)ဇာတ်ကားကို ကြည့်ကြရသည်။ ပြီးတော့ တရုတ်ဆိုင်တစ်ဆိုင်ဝင်ကာ ခေါက်ဆွဲစားကြရ၏။ ထိုညက အဆောင်သို့ ည ၁၀ နာရီကျော်မှ ကျွန်တော်တို့ ပြန်ရောက်ခဲ့ကြရပါသတည်း။

ကျွန်တော်သည် လှိုင်းကြက်ခွပ်ထနေသော အင်းလျားရေလက်ကြားကလေးကို ကျော်၍ တစ်ခါက ကျွန်တော်တို့ ရေချိုးဆိပ်ကလေး ဖြစ်ခဲ့ဖူးသော



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကျွန်းကလေးကို ငေးကြည့်ရင်း လွန်ခဲ့သော ၁၅ နှစ်ကျော်ကာလကို ပြန်လည်တွေးတော မြင်ယောင်မိနေရသည်။ ဒူးဆစ်ခန့်မျှသာနက်သော ဤရေလက်ကြားကလေးနှင့် ကျွန်းငယ်ကလေး၏ ကျေးဇူး၊ ယနေ့ကာလ၌ ဘယ်ဆီ၌ ရှိနေကြသည်ကို မသိရတော့သော ကိုသန်းဦးနှင့် မခင်ကြူတို့၏ ကျေးဇူးကြောင့် မိုးအောင်နှင့်မခင်ဝင်းတို့သည် ကြည်နူးဖွယ်ကောင်းသော အိမ်ထောင်တစ်ခုကို ခိုင်ခိုင်မြဲမြဲတည်ထောင်မိကြရကာ အသီးအပွင့်ကလေးများအဖြစ် ရင်သွေးငယ်သုံးဦးပင် ရလျက် ရှိကြပြီ။

ချစ်ရေးဆန္ဒပြည့်ကာ ဘဝ၏အောင်မြင်မှုကို ရနေကြသော မိုးအောင်လို သူငယ်ချင်းမျိုးအတွက် ကျွန်တော် တကယ်ပင် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာ ပီတိဖြာရပါ၏။

ကံ့ကော်တောသူ ကံ့ကော်တောသားတို့၏ ချစ်သက်သေထူရာ အင်းလျားရေနှင့် အင်းလျားမြေကို ကျွန်တော်သည် လွမ်းမြဲ၍ ကြည့်လိုက်မိသည်။ နေရောင်ပင် ပျောက်ချေပြီ။ လဆန်းရက်ဖြစ်၍ မပြည့်ဝန်းသေးသော လမင်းငွေစင်ပြာသည် ကောင်းကင်၌ထွန်းလျက် ရေပြင်၌အရိပ်ထင်နေပါ၏။

ကံ့ကော်တောဝယ် ကြည်နူးဖွယ်အတိတ်တို့လည်း ရှိနေကြသည်နှင့်အမျှ ထာဝရလှနေမည်လည်း ဖြစ်ပါသည်တကား။

⁂

(၁၉၆၉ ခု၊ နိုဝင်ဘာလ၊ စန္ဒာမဂ္ဂဇင်း)



www.foreverspace.com.mm

## အမှတ် ၇

ယခုလို ဒီဇင်ဘာလသို့ ရောက်ပြီဆိုလျှင် ကံ့ကော်တောမှ ပိတောက်ပင်ကြီးတို့သည် အစိမ်းရောင်ပြယ်ကာ ညိုးရော်ဝါစ ရွှေရောင်ခလျက် ရှိတတ်ကြပြီ။

ပိတောက်ရွက်ညိုဝါကျင်တို့ ပင်ထက်မှ ကြွေလုချိန်သည် ကျွန်တော်တို့ 'ကံ့ကော်တောသား' ဘဝက ကျောင်းဆောင်အသီးသီးတို့၌ အထိမ်းအမှတ်ကိုယ်စီပြုကာ ညစာစားပွဲ၊ အငြိမ့်တို့ဖြင့် စည်စည်ကားကားရှိသည့် ကာလပင်ဖြစ်၏။

အဆောင်လိုက် ဘောလုံးဗိုလ်လုပွဲ၌ ဒိုင်းဆုရလျှင်သော်လည်းကောင်း၊ အားကစားပြိုင်ပွဲ၌ ဆုကြီးများ ရကြလျှင်သော်လည်းကောင်း၊ စကားရည်လုပွဲ၌ 'မောင်ကျပန်းဘွဲ့' ရကာ ဗိုလ်စွဲလျှင်သော်လည်းကောင်း၊ ဟိုအကြောင်း ဒီအကြောင်းကို အထိမ်းအမှတ်ပြုကာ အငြိမ့်ပါသော ညစာစားပွဲများ ကျင်းပကြသည်။ ယှဉ်ပြိုင်ပွဲတို့၌ ဘာဆုမျှမရကြလျှင်တောင်မှ ကျောင်းဆောင်နှစ်ပတ်လည် ညစာစားပွဲများကိုတော့ ကျင်းပကြစမြဲ။

ယနေ့ကံ့ကော်တောနှင့်မူ မတူပြီ။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကံ့ကော်တော၌ ကျွန်တော်တို့ ရှိစဉ်ကမူ စစ်မဖြစ်မီ ကိုလိုနီ ကျွန်ခေတ်က ပညာသင်ကြားရေးစနစ်နှင့် ရှေးအစဉ်အလာ အငွေ့အသက်တို့ လွှမ်းမိုးဆဲပင် ရှိသေးသည်။ ယခုမူ လုံးဝပြောင်းလဲခဲ့ပြီဖြစ်၏။

စနစ်သစ်ပညာရေးကို အောင်မြင်စွာ ချမှတ်၍ အကောင်အထည် ဖော်လျက်ရှိပြီ။

ယနေ့ ကံ့ကော်တောသူ ကံ့ကော်တောသားတို့သည် မိမိတို့ အထူးပြု၍ သင်ယူလေ့လာနေသော ဘာသာရပ်များအလိုက် အသိပညာရှင်၊ အတတ်ပညာရှင် စစ်စစ်များ ဖြစ်မြောက်လာအောင် အချိန်နှင့်အမျှ စနစ်တကျ ပျိုးထောင်နေကြရသည်သာ ဖြစ်၏။ ကျွန်တော်တို့ခေတ်ကကဲ့သို့ သူတို့ လေးတွေ၌ အချိန်ပိုများ မရှိရှာကြ။ ယခင်ကကဲ့သို့ ကျောင်းဆောင်အလိုက် ပြုလုပ်ကြသော နှစ်ပတ်လည် ညစာစားပွဲတို့လည်း မရှိပြီ။

'ကံ့ကော်တောသား' အဖြစ် ကျွန်တော်ရှိစဉ်က ကြုံခဲ့ဖူးသော ညစာစားပွဲများအနက် အကြောင်းသင့်သည့် အခါတိုင်း၌ ပြန်လည်၍ မှတ်မိနေရသေးသော ညတစ်ညကို ယနေ့တိုင် မမေ့နိုင်အောင် ရှိရပါ၏။

ထိုညကို သတိရလိုက်မိတိုင်းမှာပင် ကျွန်တော်သည် ကိုယ့်ကိုယ်ကို ခွင့်မလွှတ်လိုစိတ်နှင့်ပင် နောင်တရမိပြန်သည်။ လူငယ်ဘဝ ပေါ့ပေါ့တန်တန် နောက်ပြောင်တတ်ခဲ့မိသော ကျွန်တော်၏ အပြစ်ကြောင့် ကိုထွန်းကျော် တစ်ယောက် ဤမျှ အလေးအနက် ထိခိုက်စွာ ခံစားသွားရသည့်အတွက် ခုမှပင် နှောင်းသောနောင်တကို ကျွန်တော် ရပါ၏။

ကိုထွန်းကျော်တစ်ယောက် ကျွန်တော့်ကို ခွင့်လွှတ်နိုင်ပါစေဟုသာ ကျွန်တော် ဆုတောင်းမိသည်။ ကိုထွန်းကျော်ကိုသာမက ရီရီမြင့်ကိုပါ ကျွန်တော် တောင်းပန်လိုပါ၏။

ခွင့်လွှတ်ခြင်းကိုသာ ပေးကြပါတော့ သူငယ်ချင်းတို့ရယ်။

*



www.foreverspace.com.mm



ကျွန်တော်တို့ 'တကောင်းကျောင်းဆောင်' နှင့် 'ပြည်ကျောင်းဆောင်' ၏ မျက်နှာစာများအကြားရှိ မြက်ခင်းပြင်ဝယ် လေးထောင့်စားပွဲတို့ စီရရီကြကာ အငြိမ့်ဇာတ်ခုံကို မျက်မှောက်ပြုလျက်ရှိကြသည်။

မီးထိန်ထိန်လင်းလျက်ရှိသော အငြိမ့်ဇာတ်ခုံ၏ နဖူးစီးဝယ်....

'ရွှေဟသာ်ာအငြိမ့်' ဟူသော စာတန်းမှာ လှလှပပ ထင်ထင်ရှားရှား ရှိနေသည်။

ညည့်ပရိတ်သတ်တို့၏ စားပွဲ၊ ကုလားထိုင်နေရာများကို ပတ်လည်ဝိုင်း၍ ထွန်းညှိထားသော မီးလုံးတို့မှာလည်း ဝင်းဝင်းပပ ရှိသည်။

ကျွန်တော်တို့၏ လေးယောက်စာ စားပွဲတွင် ကျွန်တော်၊ ကိုဝင်းမောင်နှင့် ရီရီမြင့်တို့ရှိကြသည်။ ကုလားထိုင်တစ်လုံးတွင်မူ လွတ်နေ၏။ လစ်လပ်နေသော ကုလားထိုင်နေရာမှာ ကျွန်တော်ဖိတ်ကြားထားသည့် လေးခင်ခင်၏ နေရာပင် ဖြစ်ပါ၏။ သို့သော် လေးခင်ခင်သည် ပထမက ကျွန်တော်၏ ဖိတ်ကြားချက်ကို လက်ခံထားခဲ့ပြီးမှ ရုတ်တရက် နေမကောင်းဖြစ်လာသဖြင့် ဝမ်းနည်းစွာ တောင်းပန်ရှာခဲ့သည်။ ယနေ့ည သူ မလာနိုင်ခဲ့။

ရီရီမြင့်နှင့် ကိုဝင်းမောင်တို့သည် ရပ်ဆွေရပ်မျိုး တစ်မြို့တည်းသားဖြစ်ကြကာ တက္ကသိုလ်သို့လည်း တစ်နှစ်တည်းပင် ရောက်ခဲ့ကြသော ကျောင်းနေဖက်များဖြစ်ကြသည်။ကိုဝင်းမောင်သည် ကျွန်တော်တို့ တကောင်းဆောင်၌ နေသူဖြစ်ပြီး ရီရီမြင့်သည် အင်းလျားဆောင်၌ နေသည်။ ကိုဝင်းမောင်ကို အကြောင်းပြု၍ မရီရီမြင့်နှင့်လည်း ခင်ခင်မင်မင် ရင်းရင်းနှီးနှီးရှိခဲ့ရ၏။

ကျွန်တော် စိတ်ဝင်စားရသော လေးခင်ခင်တစ်ယောက် မလာသဖြင့် စိတ်ပျက်လက်ပျက်ဖြစ်နေရသော ကျွန်တော်သည် ကိုဝင်းမောင်နှင့်အတူသာ ရီရီမြင့်ကို ဧည့်ခံရ၏။

ရွှေဟသာ်သည် အသံလည်း 'သာ' သည်။ အကလည်း 'ညက်' သည်။ ရုပ်လည်း 'ချော' ပါ၏။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

အငြိမ့်လက်စွဲတို့လည်း တော်ကြပါသည်။ ရွှေဟသာ်ကပြီး၍ သူတို့ တစ်တွေ စခန်းထလျှင် ကျွန်တော်တို့တစ်တွေ ပါးစပ်ပိတ်နေ၍ မရ၊ တဝါးဝါး တဟားဟား ရယ်ကြရသည်သာဖြစ်၏။ အငြိမ့်က၍ ကောင်းဆဲ အရှိန်ရဆဲ မှာပင် အထူးဖိတ်ကြားထားသော ဧည့်သည်တော်ဆရာအချို့နှင့် မိသားစုများ ထပြန်သွားကြသည်။ ဤသည်ကို လူပြက်တစ်ဦးက အချက်ယူ၍ ပြက်လုံး ထုတ်သည်။

"ဟေ့.... ကြက်ရိုး၊ အခုလိုအခမ်းအနားကြီးတွေ ညစာစားပွဲကြီး တွေမှာ အငြိမ့်ကနေတာကို အေးအေးဆေးဆေး ကြည့်မနေနိုင်ဘဲ အစောကြီး ပြန်သွားတဲ့သူတွေဟာ ဘာဖြစ်လို့ပြန်သွားကြတာလဲ မင်းသိရဲ့လား"

ကြက်ရိုးဆိုသူ လူပြက်က စဉ်းစားနေဟန်မျိုးနှင့် မျက်လုံးကို ပေကလပ် ပေကလပ် လုပ်ပြီးမှ၊

"ဟင့်အင်း.... ငါတော့ မသိဘူး။ မင်းကကော သိလို့လားကွ၊ ဆိတ်သိုးရ"

"သိတာပေါ့၊ ကိုကြက်ရိုးရာ။ ငါက ကိုယ်တွေ့ကွ"

"အံမာ.... မင်းက ဘယ်ဧည့်ခံပွဲ ပါတီတွေများ တက်ဖူးလို့လဲ"

"ငါ့ကို အထင်မသေးပါနဲ့ကွာ။ ငါလည်း ဂုဏ်သရေရှိ လူကြီး လူကောင်း တစ်ယောက်ပါကွ။ မနှစ်က ငါ့ကို လွတ်လပ်ရေးပွဲတစ်ခုမှာ ဧည့်သည်တော်အဖြစ် အဖိတ်ကြားခံရတယ်ကွ"

"အလို၊ တယ်ဟုတ်ပါလား၊ ငါ့သူငယ်ချင်းတစ်ယောက် ဒီလောက် လူရာဝင်နေမှန်းတောင် ငါ မသိဘူး"

"ဒါပေမယ့်ကွာ အဲဒီပွဲကို ငါသွားဖို့ အဝတ်အစား ကောင်းကောင်း မရှိဘူးကွ။ ရှိတာတွေလည်း သူခိုးကြောက်လို့ အတယ်ကြီးဆိုင်ကို ပို့ထား ရတာနဲ့ ကြိုနေတယ်"

"ဒါနဲ့ မင်းအဲဒီပွဲကို မသွားဖြစ်ခဲ့ဘူးပေါ့ ဟုတ်လား"





"ဟာ.... ဘယ်နေလိမ့်မလဲကွာ၊ ဒီလိုပွဲမျိုးဆိုတာ ကြုံတောင့်ကြုံခဲ မှုတ်လားကွ။ မဖြစ်ဖြစ်အောင် သွားရတာပေါ့။ ငါ့သူငယ်ချင်းတစ်ယောက် ဆီက ဘန်ကောက်လုံချည်တို့၊ အပေါ်အင်္ကျီတို့ ငှားပြီးဝတ်သွားရတာပေါ့ကွ"

"အဲဒါနဲ့ ဧည့်ခံပွဲကနေပြီး စောစောပြန်ရတာနဲ့ ဘာဆိုင်လို့လဲကွ"

"ဟ.... ဆိုင်တာပေါ့ကွာ၊ ငါ့ကို ငှားလိုက်တဲ့ ငါ့ သူငယ်ချင်းကလည်း ညမှာသွားစရာရှိလို့ သူ့အဝတ်တွေကို စောစောပြန်ပို့ပါလို့ မှာလိုက်တယ်ကွ၊ ဒါနဲ့ ငါလည်း ဧည့်ခံပွဲမှာ အငြိမ့်ကြည့်လို့ကောင်းတုန်းမှာပဲ မပြန်ချင်သေး ဘဲနဲ့ အစောကြီးထပြီး ပြန်ခဲ့ရတယ်ကွာ"

ပွဲကြည့်ပရိတ်သတ်တို့သည် တဟားဟားရယ်ကာ ပွဲကျသွားရပြန် သည်။

"လူပြက်တွေက တော်တယ်နော်"

ရီရီမြင့်က တခစ်ခစ်ရယ်ရင်း အသံလွင်လွင်လေးနှင့် ပြောလိုက်သည်ကို ကျွန်တော်သည် ခေါင်းညိတ်ပြရင်း အသိအမှတ်ပြုလိုက်မိရသည်။ ကျွန်တော် သည် ထိုသို့ ခေါင်းညိတ်ပြလိုက်မိရင်းကပင် ကျွန်တော်၏ မျက်လုံးများသည် ကိုထွန်းကျော်ရှိရာသို့ အမှတ်မထင်ရောက်သွားရ၏။ သူသည် ကျွန်တော်တို့ စားပွဲနှင့် တစ်ခုံကျော်နေရာ၌ ထိုင်နေသည်။ သူ၏ မျက်လုံးများသည် အငြိမ့် စင်ဆီ၌မရှိ ရီရီမြင့်ထံ၌သာ စိုက်နေသည်ကို ကျွန်တော် သတိပြုလိုက် မိသည်။

ကျွန်တော်သည် သူ့ကိုကြည့်ရင်း ကိုယ့်ဟာကိုယ်ပင် ပြုံးလိုက်မိရ၏။ ကျွန်တော်တို့လူငယ်တွေသည် ဤလိုပွဲလမ်းသဘင်မျိုးကို ကိုယ်နှင့် ရင်းနှီးသူ ကိုယ့်ချစ်သူ၊ ချစ်သူမဖြစ်သေးလျှင်တောင်မှ ကိုယ်ရည်မှန်းထားသူကို ဖိတ်ကြား လေ့ရှိတတ်ကြသည်။ ကိုယ်ကိုယ်တိုင် ဖိတ်နိုင်ခွင့်မရှိသေးလျှင်လည်း ဖိတ်နိုင် သူတို့မှတစ်ဆင့် အဖိတ်ခိုင်းတတ်လေ့လည်း ရှိပါ၏။ ဤသို့မှ မတတ်နိုင် သေးလျှင်လည်း ကိုယ်သဘောကျနေသူ ကျောင်းသူ တစ်ဦးဦးကို သူများ၏



www.foreverspace.com.mm

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဥ်တင်ဆက်သည်။



စားပွဲ၌ မြင်တွေ့ရလျှင် မနီးမဝေးခုံ၌ထိုင်ကာ ငေးရ မောရ မျက်ခြည်မပြတ် ကြည့်ရပါ၏။ ယခုလည်း ကိုထွန်းကျော်တစ်ယောက် ထိုအဖြစ်မျိုးနှင့် ကြုံပြီ ထင်သည်။

သူသည် ကျွန်တော့် မျက်လုံးများကို မမြင်။

ရီရီမြင့်သည်သာ သူ့မျက်လုံးကို အုပ်မိုးလွှမ်းခြုံလျက် ရှိမည်။

မင်းသမီးက တစ်ချီကအပြီး ရှေ့နားဆီ၌ ထိုင်နေသော မြန်မာစာ ဌာနမှ ကထိက ဦးမောင်မောင်ကြီးက ပြန်ရန်ထသည်။

"ဟေ့ ဆိတ်သိုးရေ၊ မင်းလိုပဲ အချိန်မှီပြန်ကြရဦးမှာ ထင်ပဲ့" ဟု လူပြက်ကြက်ရိုးက ဆရာ့ကို မေးငေါ့ကာ ရယ်စရာစကား ဆိုပြန်သည်။ ဆရာ ဦးမောင်မောင်ကြီးသည် ဇာတ်ခုံပေါ်ရှိ လူပြက်များကိုကြည့်ကာ ပြုံးပြုံးရယ်ရယ် ပြုရရှာသည်။

လူပြက်ဆိတ်သိုးက ဆရာ့ကိုကြည့်လိုက်ပြီး....

"ဩော်၊ သွားပါ ဆရာကြီး သွားပါ။ ဆရာကြီးကတော့ ကျွန်တော့်လို အကျီ၊လုံချည်တွေ ငှားဝတ်လာတာမဟုတ်မှန်း ကျွန်တော်တို့သိပါတယ်"ဟု လှမ်းပြောလိုက်သဖြင့် ပရိသတ်အားလုံးပင် ပတ်တုတ်၍ မရလောက်အောင် 'ဝေါ' ခနဲ ဖြစ်သွားရပြန်၏။

အငြိမ့်မင်းသမီး၏ အဆိုတစ်ကျော့ အကတစ်ကျော့၊ လက်စွဲလူပြက် တို့၏ ဟာသပျက်လုံးတို့ဖြင့်ပင် ညသည် တဖြည်းဖြည်းနှင့် အချိန်လင့်လာ ခဲ့ရသည်။ ကောင်းကင်ပြင်သည် ပိုမို၍ ပြာမှိုင်းနက်ရှိုင်းလာသည်နှင့်အမျှ ကြယ်ကလေးများသည်လည်း တိုးတက်တောက်ပလာသည်ဟု ထင်သည်။

"လေးခင်ခင်တစ်ယောက် မပါလာလို့ ကိုအေးဝင်းလည်း ပျင်းနေပြီ ထင်ပါရဲ့"

ရီရီမြင့်သည် စားလက်စ လိမ္မော်သီးစိတ်ကလေးအတွင်းမှ အစေ့ ကလေးကို လက်ကလေးဖြင့် ထုတ်ယူလိုက်ပြီး ကျွန်တော့်ကို မထိတထိ





ကျီစယ်သောစကားကို ဆိုလိုက်သဖြင့် ကျွန်တော်သည် ပြုံး၍နေလိုက်ရသည်။

ကိုဝင်းမောင်ကပါ....

"ဒါပေါ့လေ၊ ဒီညကတော့ ကိုအေးဝင်းအဖို့ ရင်ဟာရသော ည တစ်ည ဖြစ်မှာ သေချာတာပေါ့"

သူတို့နှစ်ယောက်သည် အတိုင်အဖောက်ညီစွာပင် ရယ်လိုက်ကြသည်။

"ကဲ၊ ရီမြင့်လည်း ပြန်တော့မယ်။ ရီမြင့် ပြန်ချင်တာကလေ ကိုအေးဝင်းလို ရင်ဟာရလို့တော့ မဟုတ်ပါဘူး။ ဟိုလူပြက်ကြီး ပြောသလို ဒီ လုံချည်၊ အကျီတွေကို အချိန်မီ ပြန်ပေးရဦးမှာမို့ပါ"

ရီရီမြင့်က ဟာသနှော၍ ပြောကာ ထိုင်ရာမှထသည်။

ကိုဝင်းမောင်ကလည်း ထိုင်ရာမှထလိုက်ပြီး....

"ကဲ ကျွန်တော် ရီရီမြင့်ကို လိုက်ပို့လိုက်ဦးမယ်။ ကိုအေးဝင်းကော လမ်းလျှောက်လိုက်ချင် လိုက်ခဲ့လေ"

ကျွန်တော်သည် သူတို့နှစ်ဦးကို စိုက်၍ကြည့်လိုက်ပြီးမှ မျက်နှာကို ပြုံးစစလုပ်လိုက်မိကာ သူတို့ကို လက်စားချေလိုက်ရ၏။

"မလိုက်တော့ပါဘူးဗျာ၊ တော်တော်ကြာ နေရင်း ထိုင်ရင်းနဲ့ ကျွန်တော်လည်း ဆေးရိုးသည် ဖြစ်နေပါဦးမယ်"

ရီရီမြင့်က ရုတ်တရက် နားလည်ဟန် မရှိသော်လည်း ကိုဝင်းမောင်မူ ချက်ချင်း သဘောပေါက်သည်။ ရယ်ရင်းပင် ပြန်ပြောသည်။

"ဆေးရိုးသည် ဖြစ်မှာတော့ မစိုးရိမ်ပါနဲ့ဗျာ၊ မဖြစ်ပါဘူး။ ကျွန်တော် ကလည်း ဖြစ်ခြင်းဖြစ်ရင် စိန်ပွဲစားလောက်ပဲ ဖြစ်မှာပါ။ အဲ့ဒီအဆင့်လောက်ပဲ ရှိပါတယ်"

ကိုဝင်းမောင်၏ ဆိုလိုချက်ကိုလည်း ကျွန်တော်သိပါ၏။ သို့သော် ရီရီမြင့်သည် ပိုမို၍ နားရှုပ်သွားဟန်ရှိသည်။ မျက်မှောင်ကလေးကုတ်ကာ စိတ်မရှည်ဟန်နှင့် မေးသည်။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဥ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



"ဘာတွေ ပဟေဠိလုပ်နေကြတာလဲ။ ပြောပြော ရီမြင့်ကို အဲဒီလို မလုပ်ကြနဲ့"

သူ့ကိုယ်ကိုသူ ရီမြင့်ဟုဆိုကာ ချစ်စဖွယ် နွဲ့၍ပြောတတ်သော ရီရီမြင့်ကိုကြည့်၍ ကျွန်တော်ရော ကိုဝင်းမောင်ပါ ရယ်လိုက်မိကြရသည်။

"ကဲပါလေ၊ ရီရီမြင့် သိချင်ရင် လမ်းကျတော့မှ ကိုဝင်းမောင်ကို အကျယ်ဝိတ္ထာရ ဖွင့်ခိုင်း"

ရီရီမြင့်သည် ကျွန်တော့်ကို ချစ်စရာကောင်းသော မျက်စောင်းကလေးဖြင့် တစ်ချက်ထိုးလိုက်ပြီးမှ နှုတ်ခမ်းစူကာ ဆိုသည်။

"ဟင်.... ကိုအေးဝင်းကြီးတော့ မှတ်ထား၊ လေးခင်ခင်ကို သွားပြီး ချောက်တွန်းလိုက်ဦးမယ်"

"အမယ်လေး မလုပ်လိုက်ပါနဲ့ဗျာ။ အဲဒါတော့ ဖားပြုတ်ကိုက်မှာထက် ကျွန်တော် ကြောက်ပါတယ်ဗျာ"

တစ်ကိုယ်လုံးတွန့်၍ ကြောက်လန့်ဟန်ပြုကာ ပြောလိုက်သော ကျွန်တော့်ပုံကိုကြည့်၍ ရယ်ကြပြီး သူတို့နှစ်ဦး ထွက်သွားကြသည်။

ကျွန်တော်သည် သူတို့နှစ်ဦးကိုကြည့်၍ ကျန်ခဲ့ရသည်။

ရီရီမြင့်ကို ကိုဝင်းမောင်က လိုက်ပို့ရာ၌ ကျွန်တော်ပါလျှင် စိန်ကောင်းကျောက်ကောင်း ရောင်းဝယ်ရာ၌ ဆေးရိုးသည်က ကန့်လန့်ကန့်လန့်ဖြစ်နေပါဦးမယ်ဟူ၍ စကားကို 'ရိပ်'ကာ ပြောလိုက်ခြင်းဖြစ်၍ ထိုစကားကို နားလည်သော ကိုဝင်းမောင်က သူနှင့်ရီရီမြင့်တို့သည် စိန်ကောင်း ကျောက်ကောင်း အရောင်းအဝယ်လုပ်ကြမည့် 'ဘက်ညီ' သူများမဟုတ်၊ စိန်အဖြစ် ရီရီမြင့်ကို တင်စားကာ သူသည် စိန်ကို ထိန်းသိမ်းစောင့်ရှောက်ရသူ ပွဲစားမျှဖြစ်ပါသည်ဟူ၍ သူ့ကိုယ်သူ 'စိန်ပွဲစားလောက်ဖြစ်မှာပါ' ဟုဆိုခဲ့ခြင်းဖြစ်သည်ကိုလည်း ကျွန်တော် နားလည်ပါ၏။

"အလို.... ဘယ်လိုလဲ ဆရာကြီး၊ ငေးလှငိုင်လှချည်လား"



www.foreverspace.com.mm



အသံရှင်ကို ကျွန်တော် မော့ကြည့်လိုက်မှ ကျွန်တော့်အနီးသို့ ရောက်လာသော သူငယ်ချင်း ထွန်းကျော်ကို တွေ့လိုက်ရသည်။

သူသည် ရီရီမြင့်ထိုင်သွားသော ကုလားထိုင်၌ ဝင်ထိုင်သည်။

ကျွန်တော်သည် သူ့ကိုကြည့်ရင်း ခပ်တည်တည်ဆိုမိပါ၏။

"ငေးတာငိုင်တာ မဟုတ်ပါဘူးကွာ။ ရီရီမြင့်ကို သူမသိငါပိုးလုပ်နေတဲ့ ဘန်ကောက်လုံချည်မဟုတ်ဘဲ အပေါ်စားကျိတ်ပိုးဖြစ်နေတဲ့ လူတစ်ယောက် အကြောင်းကို စဉ်းစားနေတာပါ"

ထွန်းကျော်သည် မျက်နှာ ပျက်သွား၏။ သို့သော်လည်း ဣန္ဒြေ ဆည်ကာ....

"ဘယ်သူက ရီရီမြင့်ကို ကျိတ်ပိုးပိုးနေလို့လဲကွ" ဟု ပြန်မေးသည်။

ကျွန်တော်သည် မစိုးမစနေ့ ရယ်လိုက်မိပြီးမှ....

"မသိဘူးလေကွာ၊ ကျိတ်ပိုးပိုးနေတဲ့လူပေါ့။ ငါလည်း ဘယ်သိပါ့မလဲ။ မင်းကော မဟုတ်ဖူးလား"

သူ့မျက်နှာသည် ပိုမို၍ ပျက်သွား၏။ မျက်နှာပျက်သွားရုံမျှမက ပြူးပြူးပျာပျာ အမူအယာနှင့်ပင်....

"အမယ်လေး မဟုတ်တာကွာ။ မင့်ရီရီမြင့်မှာက အတွဲနဲ့မဟုတ်လား။ ကိုဝင်းမောင်နဲ့ နှစ်ယောက်တည်းသွားတာ ငါ မြင်လိုက်ပါတယ်"

ကျွန်တော်သည် သူ့အမူအယာကိုကြည့်ကာ သူ၏ ဖုံးကွယ်လျှို့ဝှက်လိုသော အဖြစ်ကို မကျေမနပ်ဖြစ်လိုက်ရ၍ သူ့ကို ချောက်ချလိုစိတ်၊ နောက်လိုစိတ် ဖြစ်ပေါ်လာရသည်။

ထို့ကြောင့်ပင် ကျွန်တော်သည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ခပ်ဆတ်ဆတ်ပင် ပြောချလိုက်မိ၏။

"အေး.... မင်းပြောတာ ဟုတ်တယ်။ မင့်ရီရီမြင့် မဟုတ်သလို၊ ငါ့ရီရီမြင့်လည်း မဟုတ်ဘူး။ ဖိုးဝင်းမောင်ရဲ့ ရီရီမြင့်၊ ဝင်းမောင်ရဲ့ ရီမြင့် သိလား။



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



သူ့ကို မင်း ပိုးမယ် ကြံစည်ထားရင်တော့ ကွမ်းတစ်ယာ ရေတစ်မှုတ်နဲ့သာ လက်လျှော့လိုက်ပေတော့ သူငယ်ချင်းရေ၊ သိလား"

ထွန်းကျော်သည် မနည်းကြီး ဣန္ဒြေဆည်ထားရဟန်ရှိပြီးမှ အသံ တိမ်တိမ်နှင့်ပင်....

"အေးပါကွာ မင်းကလည်း ရီရီမြင့်ကို ငါ မပိုးပါဘူးကွာ"ဟု ဆိုရှာသည်။

"ကဲ ဒါဖြင့် ဒီစကားဖြတ်စို့။ ကိုယ်မပိုးတဲ့ မိန်းကလေးတွေအကြောင်း ပြောလို့လည်း အရသာမရှိပါဘူးကွာ"

ကျွန်တော်သည် သူ့ကို ကလိချင်စိတ်နှင့်ပင် စကားကို ဖိတ်၍ ပြောပစ်လိုက်ပါသည်။ ထွန်းကျော်သည် နှုတ်ပိတ်သွားကာ ခပ်ငိုင်ငိုင်နှင့်ပင် အငြိမ့်စင်ဆီသို့ ငေးနေရှာသည်။

ထိုညသည် ကြာခဲ့ပြီ။

*

ထိုညကို ယနေ့မှနေ၍ ပြန်လည်ကာ ရေတွက်မည်ဆိုပါက အနှစ်နှစ်ဆယ် နီးပါးမျှပင် ရှိပြီ။

ထွန်းကျော်သည် နောက်တစ်နှစ် နှစ်ဆန်းပိုင်း သူ ဘီအေပထမနှစ်မှာပင် ဗိုလ်လောင်းသင်တန်းသို့ တက်သွားသည်။တက္ကသိုလ်မြေ၌ ကျွန်တော်၊ ဝင်းမောင်နှင့် ရီရီမြင့်တို့ ကျန်ခဲ့စဉ် တစ်နေ့သောအခါ၌ ရီရီမြင့်က ကျွန်တော့်ကို အမှတ်မထင်ပင် ထွန်းကျော်၏အကြောင်းကို မေးခဲ့ဖူးသည်။

"ကိုအေးဝင်းတို့ဟောလ်က ကိုထွန်းကျော်တစ်ယောက်၊ ဘယ်ရောက်သွားလဲဟင်"

ကျွန်တော်သည် ရီရီမြင့်ကို အကဲခတ်၍ ကြည့်လိုက်မိရင်းက....

"အိုတီအက်(စ်) တက်သွားပြီ၊ဘယ်လိုမှ တားလို့မရဘူး။ ရည်းစားပူမိသွားတယ်နဲ့ တူပါရဲ့ ရီရီမြင့်ရယ်"ဟုသာ နောက်သလိုလို ပြောခဲ့မိ၏။ ရီရီမြင့်သည် နှုတ်ဆိတ်သွားသော်လည်း မျက်နှာပျက်နေ၏။ ကိုဝင်းမောင်



www.foreverspace.com.mm



နှင့်လည်း ကျွန်တော်သည် ထွန်းကျော်၏အကြောင်းကို ပြောမိကြရသေးသည်။ ကျွန်တော်သည် ထိုညက ထွန်းကျော်ကို ပြောလိုက်မိခဲ့သော စကားများကို ကိုဝင်းမောင်အား ပြန်ပြောခဲ့သည်။

သူသည် မျက်လုံးပြူးကာ 'ဟာ' ခနဲ အော်သည်။

"ဘာအော်တာလဲဗျာ"

"ဟာ၊ ဖြစ်မှဖြစ်ရပလေဗျာ။ ခင်ဗျား နောက်လိုက်တာ ကိုထွန်းကျော်ခမျာ တော်တော်ခံသွားရရှာတာကိုး"

"ဘယ်လိုလဲဗျ"

ကိုဝင်းမောင်က သက်ပြင်းချရင်း ရှင်းပြသည်။

"သူ ရီရီမြင့်ကို တကယ်ချစ်တာဗျ။ ရည်းစားစာ နှစ်စောင်ပေးဖူးသတဲ့။ ကျွန်တော်လည်း တစ်လောကမှ ရီရီမြင့် ပြောပြလို့ သိရတာ"

"ဟာ"

ဤတစ်ကြိမ် 'ဟာ' ခနဲ ရေရွတ်ရသူမှာ ကျွန်တော်ပင် ဖြစ်သွားရ၏။ စိတ်မကောင်းလည်း ဖြစ်လိုက်ရသည်။

"ဖြစ်မှဖြစ်ရပလေဗျာ" ဟုလည်း ညည်းလိုက်မိပါ၏။

"ရီရီမြင့်ကကော ဘယ်လိုလဲဗျ။ သူ့အချစ်ကို လက်ခံချင်ပုံရခဲ့ရဲ့လား။ တစ်လောကတောင်မှ ကျွန်တော့်ကို ကိုထွန်းကျော် ဘယ်ရောက်သွားသလဲလို့ မေးခဲ့ဖူးသေးတယ်"

"အင်း.... ရီရီမြင့်ကလည်း ကိုထွန်းကျော်ကို စိတ်ဝင်စားပုံတော့ ရတယ်ဗျ။ မိန်းကလေးဆိုတာ ဣန္ဒြေတော့ ဆောင်ရတာပေါ့ ကိုအေးဝင်းရာ"

ကျွန်တော်သည် အမှတ်မထင် နောင်ပြောင်ကျီစယ်ခဲ့မိသော မိမိ၏ အပြစ်ကိုတွေးကာ တနုံ့နုံ့ဖြစ်ခဲ့ရသည်။

ဗိုလ်သင်တန်းမှ ဆင်းသွားကာ စစ်ဗိုလ်ဖြစ်သွားပြီဖြစ်သော ထွန်းကျော်၏ လိပ်စာကို ကျွန်တော် စုံစမ်းပြီး သူ့ထံသို့ စာရေးဖြစ်အောင်



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ရေးခဲ့မိသေးသည်။ သို့သော်လည်း ကျွန်တော့်စာကို သူ ရ မရ မသိပါ။ သူ့ထံမှ မည်သည့်ပြန်စာမှ မရခဲ့။ ကြာတော့လည်း ကျွန်တော်သည် ဤအဖြစ်ကို မေ့မေ့လျော့လျော့ပင် ရှိခဲ့ရပါ၏။

တစ်နေ့ကမူ ကျွန်တော် ကိုဝင်းမောင်နှင့်တွေ့သည်။

သူသည်လည်း ဘီအေအောင်ပြီးနောက် စစ်ထဲဝင်သွားခဲ့သူဖြစ်ကာ ယခုမူ တပ်မတော်၌ ဗိုလ်မှူးတစ်ဦးပင်ဖြစ်၍နေပေပြီ။

သူသည် ရန်ကုန်သို့ သင်တန်းတစ်ခု လာ၍တက်သည်ဟု သိရသည်။ ကျွန်တော်တို့နှစ်ဦးသည် ရှေးဟောင်းနှောင်းဖြစ်၊ ဟိုအကြောင်း ဒီအကြောင်းများကို ပြောကြရင်းနှင့် ထွန်းကျော်၏အကြောင်းသို့ စကားဆက်မိကြသည်။

"ကိုထွန်းကျော်တစ်ယောက်လည်း ဗိုလ်မှူးဖြစ်နေပြီဗျ။ ကျွန်တော် ဗထူးမြို့မှာနေရတုန်း သူ ဗထူးက တိုက်ခိုက်ရေးကျောင်းကို လာတက်လို့ ကျွန်တော်နဲ့ တွေ့ရတယ်။ ကျွန်တော်ကလည်း ဝမ်းသာအားရနဲ့ သူ့ကို အိမ်လာလည်ဖို့ ခေါ်မိတာပေါ့ဗျာ။ သူကလည်း ခင်ဗျားမိန်းမ နေကောင်းရဲ့လား၊ ဘာလားနဲ့မေးသဗျ။ ကျွန်တော်ကလည်း နေကောင်းပါတယ်လို့ပဲ ခပ်ပေါ့ပေါ့ ပြန်ဖြေခဲ့မိတယ်။ အဲဒီတုန်းကတော့ ဘာမှ သတိမရဘူးဗျို့"

ကျွန်တော်လည်း သူပြောသမျှကိုသာ စိတ်ဝင်စားစွာ နားထောင်နေမိရ၏။ သူက ဆက်ပြောသည်။

"အဲ၊ တစ်နေ့ညနေကျတော့ သူ ကျွန်တော့်အိမ်ကို ပေါက်ချလာတယ်ဗျ။ ကျွန်တော်က ဝမ်းသာအားရနဲ့ပဲ ဧည့်ခံရတယ်။ ကျွန်တော်မိန်းမကိုလည်း ခေါ်ထုတ်ပြီး သူနဲ့ မိတ်ဆက်ပေးမိသေးတယ်။ ကိုထွန်းကျော်ဗျာ၊ ကျွန်တော့် မိန်းမကို စိုက်ကြည့်ပြီး ငိုင်နေတယ်ဗျ။ နောက်မှ သူ့ဟာသူ ဣန္ဒြေဆည်လိုက်တယ်။ ဒီအထိ ကျွန်တော်လည်း ဘာမှ သတိမရ၊ မစဉ်းစားမိသေးဘူး။ အဲ.... ကျွန်တော့်မိန်းမက သူ့ကို ထမင်းကျွေးဖို့ အိမ်ထဲမှာ ပြင်ဆင်နေတော့မှ သူက မေးတော့တာကိုး"



www.foreverspace.com.mm



ကိုဝင်းမောင်သည် စိတ်မကောင်းဟန်ပါသော အပြုံးကလေးတစ်ခုကို ပြုံးလိုက်ပြီးမှ ဆက်ပြန်၏။

"သူက နေပါဦးဗျ၊ ဘယ့်နှယ့်လဲ၊ ခင်ဗျားဇနီးကလည်း ရီရီမြင့် မဟုတ်ပါလားတဲ့။ ဟာ.... အဲဒီလို သူက မေးလိုက်တော့ ကျွန်တော့်ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း မသိဘူးဗျာ။ ကျောင်းတုန်းက ခင်ဗျားနဲ့ ပြောမိကြတဲ့ စကားတွေကိုလည်း အဲဒီကျတော့မှပဲ ပြန်ပြီး သတိရလာရတော့တယ်။ ကျွန်တော်ဖြင့် သူ့မျက်နှာကို ကြည့်ပြီး အတော်ကြာကြာ ငိုင်မိရသေးတယ်။ ချက်ချင်းလည်း ဘာပြန်ပြောရမှန်း မသိလိုက်ဘူး။ ခုအချိန်ကျတော့မှ ခင်ဗျား 'နောက်' လိုက်တဲ့ အကြောင်းမှန်ကိုလဲ ဖွင့်မပြောလိုက်ချင်တော့ဘူးဗျာ။ ဒါနဲ့ပဲ ကျွန်တော်လည်း မယုတ်မလွန်ပဲ ပြောလိုက်ရတော့တယ်"

"ဘယ်လိုများ ပြောလိုက်သလဲဗျာ"

ကျွန်တော့် လေသံမှာလည်း ပျော့လွန်းနေသည်။

"ဩော်.... လောကမှာ ကြိုစည်တိုင်းလည်း ဖြစ်ချင်မှဖြစ်တတ်ပြီး မကြိုစည်ဘဲနဲ့လည်း ဖြစ်ချင်ဖြစ်တတ်ကြတာဟာ ဓမ္မတာပါဗျာ။ ဒီအကြောင်းတွေကို ကျွန်တော် ပြန်ပြီး မပြောပါရစေနဲ့တော့ဗျာ။ အဟောင်းကို အသစ်မလုပ်ပါရစေနဲ့တော့လို့လည်း ကိုထွန်းကျော်ကို ပြောလိုက်ရတယ်။ သူကလည်း နောက်ထပ် ဘာမှမမေးတော့ပါဘူး"

ကျွန်တော်သည် ဘာစကားကိုမျှ ပြန်လည်၍ မပြောလိုက်နိုင်ဘဲ အတန်ကြာမျှ ငိုင်နေမိရသည်။ သက်ပြင်းကိုလည်း လေးလေးပင် ချလိုက်မိရပါ၏။ ခဏနေမှ....

"အင်း.... သူ.... သူ.... ကိုထွန်းကျော်ကော အိမ်ထောင်ကျနေပြီလား"

"ဟုတ်တယ်။ အိမ်ထောင်ကျနေပြီလို့ ပြောသွားတယ်။ ဒါပေမယ့် သိပ်မကြာသေးဘူးတဲ့။ လေးငါးနှစ်လောက်ပဲ ရှိဦးမယ်"

"ဒါထက် မရီရီမြင့်တစ်ယောက်ကောဗျ"



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကျွန်တော်က ဆက်၍ မေးလိုက်မိပြန်သည်။

"ရီရီမြင့်လည်း ကျောင်းကထွက်ပြီး အတော်ကြာကြာ အပျိုကြီးဘဝမှာပဲ ရှိခဲ့သေးတယ်ဗျ။ ဒါပေမယ့် သူ လက်ထပ်သွားတာတော့ ဆယ်နှစ်လောက် ရှိသွားပြီ။ ကလေးတွေတောင်မှ လေးငါးယောက်လောက် ရှိသွားပြီထင်တယ်"

ကျွန်တော်သည် နောင်တရနေသော အတွေးနှင့်ပင် ခံစားလိုက်ရသည်။ ပေါ့ပေါ့ဆဆ သဘောထားကာ နောက်ပြောင်လိုသောစိတ်နှင့် အမှတ်မထင်ပြောခဲ့မိသော စကားကလေးတစ်ခွန်းကြောင့် ဤမျှ ကြီးမားသော စိတ်မကောင်းဖွယ် အဖြစ်ကြီးတစ်ခု ဖြစ်ခဲ့ရသည့်အတွက် ကျွန်တော့်ကိုယ်ကိုပင် ကျွန်တော်က တရားခံအဖြစ် သတ်မှတ်မိရပါ၏။

ကျွန်တော့်ကိုယ်ကိုပင် ကျွန်တော်က ခွင့်မလွှတ်နိုင်အောင်ဖြစ်ရပါ၏။

ကျွန်တော့် သူငယ်ချင်း ထွန်းကျော်နှင့် ရီရီမြင့်တို့၏ ဘဝကို တသီးတခြားစီခွဲခဲ့သူမှာ ကျွန်တော်ပါတည်း။ ကျွန်တော်သည်သာ တရားခံအစစ်ဖြစ်ခဲ့ပါ၏။ ဤအဖြစ်မှန်ကိုသာ သူတို့နှစ်ဦးသိခဲ့မည်ဆိုလျှင် သူတို့သည် ကျွန်တော့်ကို ခွင့်မှလွှတ်နိုင်ကြပါလေမည်လားမသိ။

ကျွန်တော်သည် တွေးမိတိုင်းမှာပင် ထမင်းလုံးတစ္ဆေခြောက်သည့်နှယ်ယနေ့တိုင် ခံစားလျက်ရှိရပါ၏။

စစ်စခန်းတစ်နေရာ၌ ရှိနေမည့် ဗိုလ်မှူးထွန်းကျော်နှင့်....

ချစ်လင်ရှိရာ သျှောင်နောက်ဆံထုံးပါနေရသည့် မရီရီမြင့်တို့သည်....

အကယ်၍များ ဤစာကို ဖတ်မိကြမည်ဆိုလျှင် ကျွန်တော့်ကိုသာ ခွင့်လွှတ်ပါတော့ဟု တောင်းပန်လိုပါ၏။

ကိုယ့်ကိုသာ ခွင့်လွှတ်ကြပါတော့ သူငယ်ချင်းတို့ရယ်....။

⁜

(၁၉၇၀ ခု၊ မတ်လ၊ စန္ဒာမဂ္ဂဇင်း)



www.foreverspace.com.mm

## အမှတ် ၈

ကျွန်တော်ချစ်သော ကံ့ကော်တောသည် ပြောင်းလဲလျက်ရှိသော်လည်း သူ့အလှမှု ဆိတ်သုဉ်းခြင်းမရှိပါချေ။

ကံ့ကော်တော၏ အလှသည် ကျွန်တော်တို့ရှိစဉ်ကထက်ပင် ပိုမို၍ လှနေသည်ဟု ကျွန်တော်ထင်ပါ၏။ တစ်ခုတော့ ရှိသည်။

ကံ့ကော်တော၌ ကျွန်တော်ရှိစဉ်က နုပျိုငယ်ရွယ်သူပီပီပင် တက္ကသိုလ်ဝန်းကျင်၏ သဘာဝအလှထက် တက္ကသိုလ်သူ အလှဖူးကလေးများ၏ အညို့က ကျွန်တော့်ကို ပိုမို၍ ဖမ်းစားခဲ့လေသည်လားတော့ဖြင့် မသိ။ ဤအချက် မှန်လေ၍ပင် ကျွန်တော်သည် ယခုမှ ကံ့ကော်တော၏ သဘာဝအလှကို ပို၍ မြင်တွေ့ခံစားမိရလေဟန် ရှိသည်ပင် ဖြစ်ကောင်းဖြစ်မည်။

ယခုတော့လည်း ကံ့ကော်မြေကို ကျွန်တော်ဖြတ်မိလျှင် ကံ့ကော်၊ ပိတောက်၊ မယော်ဂနီ၊ စိန်ပန်း၊ ကုလားတမာ၊ တရုတ်စကားနှင့် ခရေပင် အစရှိသည့် အပင်မျိုးစုံတို့ ဝန်းရံနေသော အဆောက်အဦတို့ကို ရှုမြင်ရင်း



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



နှင့်ပင် ကျွန်တော်နှင့် သိကျွမ်းခင်မင်ခဲ့ဖူးသော သူတို့.... သူတို့.... တစ်တွေကို အလှည့်သင့်သလို သတိတရ ရှိရတတ်ပါ၏။

သူတို့.... သူတို့.... တစ်တွေကို သတိရလိုက်မိပြန်တော့လည်း ပြုံးမိရယ်မိ ရှိရတတ်သလို တွေတွေငေးငေးနှင့် ပင့်သက်ကလေးများ ချမိရတတ်သည့် အခါလည်း ရှိရပါ၏။

ကျွန်တော်တို့၏ ဘဝသည် ရင့်ခဲ့ပြီ။ နုပျိုစဉ်က မျှော်လင့်ခဲ့ခြင်းများနှင့် မာန်တင်းခဲ့ခြင်း၊ ထင်မြင်ခဲ့ခြင်းများသည် ပြည့်ခြင်း၊ မပြည့်ခြင်းများ ရှိခဲ့ပြီဖြစ်သည်နှင့်အမျှ အောင်မြင်ခြင်း၊ ဆုံးရှုံးခြင်း၊ မှန်ခြင်း မှားခြင်းများကိုလည်း ထင်ထင်ရှားရှား မျက်ဝါးထင်ထင် ကိုယ်တွေ့ကြုံခဲ့ရပြီဖြစ်သည်။

ပြည့်ခြင်းနှင့် အောင်မြင်ခြင်းများအတွက် ဝမ်းသာရပါ၏။ ဆုံးရှုံးခြင်းနှင့် မပြည့်ခြင်းများအတွက် လောကဓံ၏ သဘောကို စောကြောကာ ကိုယ့်ကိုယ်ကို ဆုံးမရပါ၏။ မှားခြင်းများအတွက်မူ နောင်တနှင့်အတူ ဝမ်းနည်းရပါ၏။ ကျွန်တော် ကံ့ကော်တောသားဘဝက ယုံမှတ်ခဲ့သော အတွေးအထင်တို့၏ မှန်ခြင်းမှားခြင်းများကို ရွေ့လျားလာခဲ့ပြီဖြစ်သော အချိန်ကာလက အဂတိမဖက်ဘဲ အဆုံးအဖြတ် ပြုခဲ့ပြီ။

နောင်တရ ရသော အမှားအတွက် ပင့်သက်ကိုသာ ကျွန်တော် ချရပါသည်။ ကျွန်တော် ပင့်သက်ချရသည့် တစ်ခုသော အကြောင်းမှ....။

မောင်သန့်ဝေနှင့် ယဉ်ယဉ်မေကို ကျွန်တော်သည် ငေးကြည့်နေမိသည်။ သူတို့ကို ယခုလို နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် လွှတ်ပေးလိုက်မိသည်မှာ မှားများမှားလေပြီလောဟုလည်း ကျွန်တော့်စိတ်ဝယ် စနောင့်စနင်း ဖြစ်နေမိရ၏။

တစ်နာရီလျှင် နှစ်ကျပ်ပေးရသော အပျော်စီး လှေကလေးကို မောင်သန့်ဝေက ပဲ့ကိုင်ရင်း လှော်သည်။ ယဉ်ယဉ်မေက လှေဦးကို ကျောပေးကာ မောင်သန့်ဝေဘက်သို့ လှည့်၍ မျက်နှာချင်းဆိုင်ထိုင်သည်။





သူတို့လှေကလေးသည် အင်းလျားရေပြင်လယ်သို့ ရှေးရှု၍ သွားနေသည်။ ကျွန်တော်မူ ကမ်းပေါ်မှနေ၍ သူတို့နှစ်ဦးကို လှမ်းကြည့်ရင်း ဝေး၍.... ဝေး၍.... ကျန်ရစ်ခဲ့သည်။ လှေငယ်ပေါ်၌ နှစ်ဦးတည်းထိုင်ကာ ရေလယ်သို့ ရောက်သွားကြပြီဖြစ်သော သူတို့နှစ်ဦးကို ကျွန်တော်သည် မျက်ခြည်မပြတ် လှမ်းကြည့်ရင်း ဘဝင်မကျ ဖြစ်နေရ၏။

'အစက ငါ လိုက်သွားမိရင် အကောင်းသား' ဟုလည်း ကိုယ့်ဟာကိုယ် အပြစ်တင်သလို စိတ်တွင်းမှ ရေရွတ်မိရပြန်၏။

လှေကလေးသည် ကျွန်တော်နှင့် ဝေးသထက် ဝေး၍ သွားပြီ။

သို့သော်လည်း သူတို့နှစ်ဦး၏ ရုပ်သဏ္ဍာန်မူ ကျွန်တော့်မျက်စိထဲမှ မထွက်။ မောင်သန့်ဝေသည် အသက်နှစ်ဆယ် ပြည့်ရုံကလေးမျှ ရှိဦးမည်။ သို့သော်လည်း အရပ် ထောင်ထောင်မောင်းမောင်း၊ ကိုယ်ကာယ ကြံ့ကြံ့ခိုင်ခိုင်နှင့် ယောကျာ်းပီသသည်။ သူသည် ကျွန်တော့်ထက် အသက်နှစ်နှစ်ခန့် ငယ်သည်။ တစ်ရပ်တည်းသားဖြစ်၍လည်း ကျွန်တော်နှင့် ညီအစ်ကိုလို ခင်ကြသည်။

ရန်ကုန် မြို့မ အထက်တန်းကျောင်းသို့ ကျွန်တော် လာနေစဉ်က မောင်သန့်ဝေသည် ကျွန်တော်တို့ မြို့၌ပင် ရှစ်တန်းပညာ သင်ကြားရင်း ကျန်ခဲ့သည်။ ကျွန်တော် မက်ထရစ်အောင်၍ တက္ကသိုလ်ရောက်သောနှစ်တွင် မောင်သန့်ဝေသည် စကူးလီဗင်း ခေါ် ကျောင်းထွက်လက်မှတ်ရ စာမေးပွဲ အောင်ခဲ့သည်။ သို့သော်လည်း သူသည် မက်ထရစ် ကလပ်(စ်) ဆက်မတက်တော့။ ရိုးရိုးရဲဘော်တပ်သားအဖြစ်နှင့်ပင် တပ်မတော်ထဲသို့ ဝင်သွားခဲ့သည်။ တပ်ထဲတွင် သူ တစ်နှစ်ကျော်ကျော်နေရပြီးနောက် ပြင်ဦးလွင် ဗိုလ်သင်တန်းကျောင်း (O.T.S) သို့ သူတက်ခွင့်ရခဲ့ပြီး ယခုမူ ဒုဗိုလ်အဖြစ်ဖြင့် မင်္ဂလာဒုံတပ်တစ်ခု၌ တာဝန်ထမ်းဆောင်လျက် ရှိနေပြီဖြစ်၏။

တပ်မှ အားလပ်ခွင့်ရသော၊ တာဝန်လည်းမကျသော စနေ၊ တနင်္ဂနွေလို



www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



နေ့မျိုးတွင် သူသည် ကျွန်တော့်ထံသို့ ရောက်လာလေ့ရှိတတ်သည်။

မိခင် မုဆိုးမကြီးနှင့် ညီမငယ်ရှိသော မောင်သန့်ဝေသည် စာသင်ချင် ပါလျက်နှင့် စာဆက်သင်ခွင့်မရခဲ့။ တက္ကသိုလ်၌နေချင်ပါလျက်နှင့် သူ့ဘဝက နေခွင့်မပေးခဲ့။ စာတော်ပါလျက်နှင့်ပင် စာသင်ခန်းကို စွန့်ခဲ့ရကာ ငယ်ငယ် ရွယ်ရွယ်နှင့် တိုင်းပြည်တာဝန်ကို ထမ်းနေရသော မောင်သန့်ဝေသည် ကျွန်တော့်ထံသို့ အလည်လာရင်းဖြင့်ပင် ကံ့ကော်မြေကို နင်းခဲ့ရရှာသည်။

ဤသို့နှင့်ပင် သူသည် ကျွန်တော့်ကို အကြောင်းပြု၍ ယဉ်ယဉ်မေနှင့် သိကျွမ်းခင်မင်ခဲ့ရှာပါ၏။

ယဉ်ယဉ်မေသည် မောင်သန့်ဝေထက် တစ်နှစ်ခန့်ငယ်မည်။ သူ့အစ်ကို နှင့်မှ ကျွန်တော်သည် သူငယ်ချင်းများဖြစ်ကြ၏။ ရန်ကုန် မြို့မကျောင်း၌ သူ့အစ်ကိုနှင့် ကျွန်တော် တစ်တန်းတည်းနေခဲ့ကြပြီး ကောလိပ်သို့ တစ်နှစ် တည်း ရောက်ခဲ့ကြသည်။ ထိုစဉ်က ယဉ်ယဉ်မေသည် မြို့မကျောင်း၌ပင် ရှစ်တန်း၌ ကျန်ရစ်ခဲ့၏။ သူ့အစ်ကိုနှင့်ပတ်သက်၍ ယဉ်ယဉ်မေသည် ကျွန်တော်၏ ညီမကလေး အရင်းတစ်ယောက်သဖွယ်ပင် ဖြစ်နေရသည်။ ယဉ်ယဉ်မေ တက္ကသိုလ်သို့ရောက်သောနှစ်ကပင် သူ့အစ်ကိုသည် လေယာဉ် မောင်းပညာတော်သင်အဖြစ် အင်္ဂလန်သို့ ထွက်သွားရပြီဖြစ်သည်။

ကျွန်တော်သည် လည်တဆန့်ဆန့်နှင့်ပင် သူတို့လှေကလေးကို မျှော်ကြည့်နေရ၏။ လှေကလေးသည် အင်းလျားကန်အလယ် ကျွန်းတစ်ခုကို ပတ်ပြီး ပြန်ရောက်လာသည်။ လှေသည် ကမ်းသို့မဆိုက်မီ မနီးမဝေးကတည်း ကပင် ယဉ်ယဉ်မေသည် ကျွန်တော့်ကို လက်ကလေးမြှောက်ပြရင်း အော်သည်။

"အစ်ကိုအေးကြီး၊ ပျင်းနေပြီလား"

ကျွန်တော်သည် ဘာမျှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေမိရ၏။

ကမ်းစပ်သို့ လှေဦး ထိုးဆိုက်လိုက်သောအခါ၌လည်း ယဉ်ယဉ်မေ သည် ကျွန်တော့်ကို စပြန်၏။





"အစ်ကိုအေး စောင့်နေပေမယ့် မမမွန် မလာဘူး မဟုတ်လား။ ယဉ်မေတို့နဲ့ လှေလိုက်မစီးရတာဘဲ အဖတ်တင်တာပဲ။ ဟင်း.... ဟင်း.... မမမွန်ကို စောင့်နေရင် စောင့်နေတယ် မပြောဘူး။ လှေစီးရမှာ ရေကြောက် သလေး ဘာလေးနဲ့။ ဟင်း.... အစ်ကိုအေးကြီးတော့လား မသိရင် ခက်မယ်"

ဒီကောင်မလေး၏စကားသည် မမှားလှ၍ ကျွန်တော်လည်းပြုံးရုံသာ ပြုံးနေရသည်။ ဟုတ်သည်။ မွန်တစ်ယောက် အင်းလျားကန်စောင်းသို့များ လမ်းလျှောက်လာလေမည်လားဟု မျှော်လင့်ရင်း ကျွန်တော်သည် သူတို့နှင့် လှေစီးရာမလိုက်ဘဲ နေရစ်ခဲ့ခြင်းဖြစ်သည်မှာ အမှန်ပင်။

ကန်စောင်းမှအပြန်တွင် ယဉ်ယဉ်မေ့ကို အင်းလျားဆောင်၌ထားခဲ့ပြီး ကျွန်တော်နှင့် သန့်ဝေတို့သည် တကောင်းဆောင်သို့ ပြန်ခဲ့ကြသည်။ ကျွန်တော်တို့သည် ကျောင်းဆေးရုံ၏ နံဘေး၊ ပိတောက်လမ်းသို့ ရောက်လာ သည်အထိ စကားမဆိုမိကြ။ သန့်ဝေသည် တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေဟန်ရှိသည်။ ကျွန်တော်ကလည်း သူ့ကိုသာ တစ်လမ်းလုံး အကဲ ခတ်ရင်း ရှိနေမိသည်။

ကျွန်တော် စိုးရိမ်သလိုများ သူတို့ ဖြစ်ခဲ့ကြပြီလော။

"ဟေ့ သန့်ဝေ ငိုင်လှချည်လားကွ။ ဘာတွေများ ဒီလောက် စဉ်းစား နေတာလဲ"

ဒီတော့မှပင် သန့်ဝေသည် ဆတ်ခနဲ ဖြစ်သွားပြီး ကျွန်တော့်ကို ကြည့်လိုက်သည်။

"ကျွန်တော် ဘာတွေ စဉ်းစားနေတယ်လို့ အစ်ကိုထင်သလဲ"

"အလိုဗျာ၊ ကိုရင့် စိတ်ထဲမှာ စဉ်းစားနေတာ ကျုပ်က ဘယ်လိုလုပ် သိနိုင်ပါ့မတုန်း"

သန့်ဝေသည် ပြုံးလိုက်၏။ စကားမူ မဆက်ဘဲ ခေတ္တမျှ နှုတ်ဆိတ် နေပြန်၏။ ခဏနေမှ....



www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"ညကျမှ ပြောမယ်ဗျာ။ အစ်ကို့ကိုလည်း တိုင်ပင်ရဦးမယ်"

သူ့စကားကြောင့် ကျွန်တော့်ရင်သည် ဒိတ်ခနဲ ဖြစ်သွားရသည်။ ဤစကားသည် ယဉ်ယဉ်မေနှင့် ပတ်သက်နေလိမ့်မည်ဟု ကျွန်တော် ထင်သည်။ အင်း.... ထင်သည်ဟုဆိုခြင်းထက် သိသည်ဟုပင် ကျွန်တော် ပြောရပါလိမ့်မည်။ သန့်ဝေသည် ယဉ်ယဉ်မေအား နှုတ်လွန်လက်လွန် စတင်ပြီးမှ ကျွန်တော့်ကို တိုင်ပင်စကားဆိုခြင်း မဖြစ်ပါစေနှင့်ဟုသာ ဆုတောင်းလိုက်မိရ၏။

ဤနေ့သည် စနေနေ့ဖြစ်၍ သန့်ဝေတစ်ယောက် ကျွန်တော့်အခန်း၌ အိပ်သည်။

ညဦးပိုင်းသို့ ရောက်သောအခါတွင်....

"လာ အစ်ကိုရာ၊ အောက်ဆင်းလမ်းလျှောက်ရင်း စကားပြောကြရအောင်" ဟု သန့်ဝေက ကျွန်တော့်ကို ခေါ်သည်။ အခန်းတွင်း၌ စကားပြောလျှင် တစ်ဖက်ခန်းက ကြားနိုင်သည်။ ထို့ကြောင့် ကျွန်တော်သည် မဆိုင်းမတွပင် သူနှင့်အတူ အဆောင်ပေါ်မှ ဆင်းခဲ့၏။

ကျွန်တော်နှင့် သန့်ဝေသည် ပြည်နှင့် တကောင်းဆောင်အကြားရှိ ပတ်လည်လမ်းအတိုင်း လမ်းလျှောက်ရင်း စကားပြောကြသည်။

"ယဉ်ယဉ်မေ့ကို ကျွန်တော်နဲ့ သဘောတူနိုင်ပါ့မလား အစ်ကို"

သန့်ဝေသည် စစ်သားပီပီပင် ကျွန်တော့်ကို တဲ့တိုးမေးလိုက်သည်။

ကျွန်တော်သည် သန့်ဝေကို အကဲခတ်ရင်းကြည့်လိုက်၏။ ကျွန်တော်သည် သူ့စကားကို တိုက်ရိုက်မဖြေဘဲ ပြန်လည်၍သာ မေးလိုက်မိသည်။

"ညနေတုန်းက လှေပေါ်မှာ မင်း သူ့ကို မေတ္တာစကားများ ဆိုပြီးခဲ့ပြီလား"

"ပြောတော့ ပြောလိုက်တော့မလား စိတ်ကူးသား အစ်ကိုရာ။ ဒါပေမယ့် ပေါ့ဒီပါးစပ်က မထွက်ရဲလို့"



www.foreverspace.com.mr



ကျွန်တော်သည် အနည်းငယ် စိတ်သက်သာသွားရကာ ပင့်သက်တစ်ခုကို မသိမသာ ချလိုက်ရ၏။ ကျွန်တော် ပင့်သက်ချလိုက်သည်ကို သူ သတိပြုမိဟန်မရှိ။ သူ့ဘက်သူယက်သော စကားကိုသာ ဆိုသည်။

"အစ်ကို့ကို မေးမယ့်သာ မေးရတာပါလေ၊ တကယ်ဆိုတော့ ယဉ်ယဉ်မေနဲ့ ကျွန်တော့်ကို အစ်ကို သဘောတူပြီးသားဆိုတာ သိပါတယ်"

သူ့စကားကြောင့် ကျွန်တော်သည် ခပ်ကျယ်ကျယ်ကလေး အော်လိုက်မိရ၏။

"အလိုလေးဗျာ၊ မင်းဗိုက်ထဲမှာ ပုဏ္ဏားကလေးရှိရအောင်ကလည်း မင်းက ယောက်ျားကြီး။ မင်းနဲ့ ယဉ်ယဉ်မေကို ငါက သဘောတူပြီးသားလို့ ဘယ်သူကပြောသလဲ"

"နို့ အစ်ကိုပဲ ကျွန်တော်နဲ့ ယဉ်ယဉ်မေကို နှစ်ယောက်တည်း လှေနဲ့ လွှတ်ပေးလိုက်တာပဲ မဟုတ်လား"

"အမလေး၊ ဗုဒ္ဓေါ"

ကျွန်တော်က အာမေဋိတ်သံ ပြုလိုက်သဖြင့် သူ အံ့ဩဟန်နှင့် ကျွန်တော့်ကို ပြန်ကြည့်နေသည်။ ညနေက သူတို့နှစ်ယောက်တည်း လှေနှင့် ထွက်သွားကြစဉ်က ကျွန်တော် နေမထိထိုင်မသာဖြစ်ခဲ့ရသည်မှာ ဤအကြောင်းကြောင့်ပင်ဖြစ်၏။ သူတို့ကို ကျွန်တော်က သဘောတူနေ၍ နှစ်ယောက်တည်း လွှတ်ပေးလိုက်သည်ဟု သူတို့ထင်မည်ကို စိုးရိမ်မိခဲ့၍ ဖြစ်၏။ အထူးသဖြင့် သန့်ဝေက ထိုသို့ထင်ကာ လှေပေါ်၌ ယဉ်ယဉ်မေ့ကို ချစ်စကားဆိုမှာ စိုးရိမ်ခဲ့မိသည်။

"မင်းထင်တာ မှားနေပြီ သန့်ဝေ။ မင်းတို့ကို ငါ နှစ်ယောက်တည်း လွှတ်လိုက်မိတာဟာ အမှတ်တမဲ့ဖြစ်သွားတာပါ။ မှန်များ လာလေမလားလို့ ငါ စောင့်ချင်နေတာနဲ့ နေရစ်ခဲ့မိတာပါ"

သူသည် အံ့ဩစွာပင် ကျွန်တော့်ကို ငေးကြည့်နေသည်။ ခဏနေမှ....



စကားဝါမြေစာကြည့်တိုက် ----> [http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေတေးဥယျာဉ် ----> [http://sagarwarmyae.net/mm_flash_songs/index.html](http://sagarwarmyae.net/mm_flash_songs/index.html)
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> [http://technology.sagarwarmyae.net/](http://technology.sagarwarmyae.net/)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"ဒါဖြင့် သူနဲ့ ကျွန်တော့်ကို အစ်ကို သဘောမတူဘူးပေါ့၊ ဟုတ်လား ဘာဖြစ်လို့လဲ အစ်ကို"

"မင်းတို့နှစ်ယောက်ကို သဘောမတူဘူး၊ တူတယ် ပြောရအောင် ငါက မင်းတို့နှစ်ယောက်စလုံးရဲ့ အုပ်ထိန်းသူလည်းမဟုတ်။ ဒါပေမယ့် မင်းတို့နှစ်ယောက်စလုံးရဲ့အကြောင်းကို သိနေသူအဖြစ်နဲ့တော့ ငါ့သဘောကို ပြောရမယ်ဆိုရင် မင်းတို့နှစ်ယောက်ရဲ့ ခင်မင်မှုဟာ သူငယ်ချင်းမိတ်ဆွေ အဆင့်ထက် မပိုစေချင်တာတော့ အမှန်ပဲ"

"ပြောပါဦးအစ်ကို"

"အေး၊ ပြောပါ့မယ်။ ငါပြောတဲ့စကားကို မင်း သေသေချာချာစဉ်းစားပေါ့ကွာ။ စဉ်းစားပြီးတော့ ဆုံးဖြတ်တဲ့အခါမှာ မင်းကြိုက်သလို ဆုံးဖြတ်ပေါ့ ဟုတ်လား"

"ဟုတ်ပါပြီ၊ အစ်ကိုပြောမှာသာ ပြောစမ်းပါ"

"မင်း အခုတွေ့နေတဲ့ ယဉ်ယဉ်မေရဲ့အသုံးစရိတ်ဟာ တစ်လတစ်လ ဘယ်လောက်ရှိမယ် ထင်သလဲဟင်။ သူဝတ်တာ၊ စားတာ၊ သုံးတာ၊ စွဲတာတွေ ပေါ့ကွာ"

သန့်ဝေသည် ချက်ချင်း ပြန်မဖြေဘဲ စဉ်းစားဟန်ပြုနေသည်။ ပြီးမှ

"အင်း နည်းတော့နည်းမှာ မဟုတ်ဘူး အစ်ကို"

"အေး၊ ဒါတော့လည်း မင်းအသိသားပဲ။ ငါသိသလောက်တော့ တစ်လတစ်လမှာ သူ့အဝတ်အဆင်ဖိုးကိုက တစ်ရာထက်မနည်းဘူး၊ ကျော်ရင်သာ ကျော်မယ်။ အဝတ်အထည်အသစ်ပေါ်တိုင်း သူ့ကိုယ်ပေါ်ကို ချက်ချင်းရောက်တာပဲကွ။ အလှကုန်ပစ္စည်းဆိုတာကလည်း ဈေးကြီးပေ့ဆိုတဲ့ ဟယ်လီနာရိုဘင်စတိန်ကိုမှ ဆက် (set) လိုက်သုံးတာ သိလား။ ပြီးတော့ သူ နေ့စဉ်သုံးတဲ့ ဇာပဟီရပစ္စည်းတွေကလည်း အကောင်းစားချည့်မို့၊ ရုပ်ရှင်ကြည့်တော့လည်း ဒရက်ဆာကယ်ကမှ။ ကဲ၊ မင်းလခ အခု ဘယ်လောက်ရသလဲ"



www.foreverspace.com.mn



ကျွန်တော်သည် ရုတ်တရက် ကြားဖြတ်မေးခွန်း ထုတ်လိုက်သဖြင့် သူသည် ကျွန်တော့်ကို မကြည့်ဘဲ ခပ်တိုးတိုး ပြန်ဖြေသည်။

"စကင်းလက်ဖတောင်နင်ဆိုတော့ သုံးရာ့နှစ်ဆယ်လောက်ပေါ့ အစ်ကိုရာ"

"အေး နောက်နှစ်နှစ်ကြာရင် လက်ဖတောင်နင်ဖြစ်မယ်ဆိုမှ လေးရာ ရမယ်။ ပြီးတော့ ကပ္ပတိန်ဖြစ်တော့ကောကွာ"

"ဖြစ်ဖြစ်ချင်း ငါးရာဆိုပါတော့အစ်ကို"

"မင်း ဒေါ်ဒေါ်နှင့် ဌေးဌေးဆီကိုကော တစ်လတစ်လ ဘယ်လောက်ပို့သလဲ"

"လစဉ် တစ်ရာ တစ်ရာ မှန်မှန်ပို့ပါတယ်။ ဒါပေမယ့် ဌေးဌေးက အပ်ချုပ်စက်တစ်လုံး လိုချင်တယ်ဆိုလို့ ကျွန်တော်လည်း ပိုက်ဆံစုနေရသေးတယ်"

"မင်း ယဉ်ယဉ်မေ့ကိုရရင် သူကြိုက်သလို ထားနိုင်ပါ့မလား။ ရေရှည်မှာ မင်းတို့နှစ်ယောက်စလုံး စိတ်ချမ်းသာပျော်ရွှင်နိုင်ကြလိမ့်မယ်လို့ မင်းထင်ရဲ့လား"

"အဲဒါတော့ ကျွန်တော် မစဉ်းစားမိခဲ့ဘူး အစ်ကို"

သန့်ဝေသည် ခပ်တိုးတိုး ဖြေပါ၏။

"ယဉ်ယဉ်မေဟာ ရွှေပေါ်မြတင်ဘဝကွ။ မိဘက ပြည့်စုံတော့လည်း ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်ပေါ့ကွာ။ အေး၊ ငါကတော့ အဲဒါတွေကြည့်ပြီး မင်းနဲ့ သင့်မှ သင့်ပါ့မလားလို့ စဉ်းစားမိရတယ်။ အဲဒီတော့ ငါ့အကြံဉာဏ်ကို မင်း ကောင်းမယ်ဆိုရင် ငါ ပြောချင်တယ်"

"ပြောပါ အစ်ကို"

"စစ်သားဗီဗီ တပ်နဲ့အတူ မင်း နယ်တကာကို ရောက်ဦးမှာပါ။ အဲဒီတော့မှ ရိုးရိုးအအ၊ လှလှပပလေးတစ်ယောက်ကို ရှာယူပါကွာ။ အဲဒါပဲ မင့်အတွက် အကောင်းဆုံး ဖြစ်ပါလိမ့်မယ်"



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကျွန်တော်သည် ထိုစကားကိုသာ ဆိုလိုက်မိသည်။ ဒီ့ပြင်ဘာမျှမပြော လိုက်မိ။ သန့်ဝေကလည်း ဘာမျှ ဆက်မမေးတော့။ သူသည် ယဉ်ယဉ်မေ့ကို သံယောဇဉ် ဖြတ်လိုက်ဟန်ရှိသည်။ သို့သော်လည်း လုံးဝ မေ့နိုင်ဟန်တော့ မရှိသေးရှာ။

ယဉ်ယဉ်မေကလည်း သန့်ဝေကို သတိတရ ရှိရှာသည်။

ကျွန်တော်နှင့် တွေ့တိုင်းမှာလိုပင် သူသည် သန့်ဝေကို မေးတတ် ခဲ့ပါ၏။

"အစ်ကိုအေး၊ ကိုသန့်ဝေတစ်ယောက် မလာဖူးလား။ ပျောက်နေတာ အတော်ကြာပြီနော်။ နေမှကောင်းရဲ့လား မသိဘူး"

"ဒီကောင်ကတော့ နေမကောင်း မရှိပါဘူး။ ကျန်းမာလိုက်တာမှ ဒေါင်ဒေါင်မြည်လို့။ သက်သက် မလာချင်လို့ ပေါ်မလာတာ နေမှာပါ။ ဘယ်မှာသွားပြီး စက်ကျနေမှန်းမှ မသိဘဲ"

ယဉ်ယဉ်မေသည် ငိုင်ငိုင်ကလေး ဖြစ်သွားရပြီးမှ....

"သူ့ဆီကို ယဉ်မေ စာတောင်မှ ထည့်လိုက်သေးတယ် အစ်ကိုအေး ရယ်။ ဒါပေမယ့် ခုထိ စာပြန်မလာလို့ အစဉ်းစားရခက်နေတာ"

"ဟင်၊ ယဉ်မေ စာထည့်လိုက်တယ် ဟုတ်လား"

"ဟုတ်တယ် အစ်ကိုအေး။ ခါတိုင်း ကိုသန့်ဝေ အလုပ်များလို့ မလာနိုင်ရင် ယဉ်မေ့ဆီကို အကျိုးအကြောင်းတော့ စာရေးလိုက်တတ်စမြဲပါ။ ခုတော့ သူ့ဆီက ဘာမှ မသိရလို့ ယဉ်မေ စာရေးလိုက်တာ တစ်လလောက် တောင် ရှိရော့မယ် ဘာစာမှ ပြန်မလာဘူး"

ကျွန်တော်သည် စိတ်တွင်းမှကျိတ်၍ စိတ်မကောင်းဖြစ်လိုက်ရသည်။ ကျွန်တော် မှားလေပြီလောဟုလည်း တွေးလိုက်မိရင်း ငိုင်သွားမိခဲ့ရ၏။

ကျွန်တော်သည် ယဉ်ယဉ်မေနှင့် တွေ့စဉ်က ထိုအဖြစ်ကလေးကို သတိရမိ၍ ငိုင်နေမိရဆဲ....။





ကျွန်တော်က စကားကို နိဂုံးချုပ်လိုက်သော်လည်း သန့်ဝေထံမှမူ စကားပြန်မရတော့။ လေးလေးနက်နက် တွေးနေဟန်ဖြင့်သာ ငြိမ်နေသည်။

အမှန်မူ ကျွန်တော်သည် သန့်ဝေကိုရော၊ ယဉ်ယဉ်မေ့ကိုပါ ညီလေး၊ ညီမလေးများသဖွယ် ချစ်ပါသည်။ သန့်ဝေကို သူ့ဘဝတစ်လျှောက်လုံး ချောချောမောမော ပျော်ပျော်ရွှင်ရွှင် နေစေချင်သလို ယဉ်ယဉ်မေကိုလည်း ဘဝတစ်လျှောက်လုံး ပြည့်စုံခြင်းများဖြင့် ပြည့်စုံကာ လိုလေသေးမရှိ စိတ်ချမ်းသာသူ ဖြစ်စေချင်ပါ၏။ ထို့ကြောင့် ကျွန်တော်သည် သူတို့နှစ်ဦး၏ ဘဝကို မပေါင်းစပ်စေချင်။

ထိုစဉ်က ကျွန်တော့်အသက် ငယ်လှသေးသည်။ နှစ်ဆယ်ကျော်ရုံမျှ ရှိပါသေး၏။ အသက်အစိတ်ပင် မပြည့်သေး။ ထို့ကြောင့်လည်း လူတွေ၏ ကိုယ်ရေးကိုယ်တာဘဝကို ကြိုတင်၍ ခန့်မှန်းကာ ပုံစံချ၍ သတ်မှတ် ဆုံးဖြတ်ပေးချင်သောစိတ် ကျွန်တော်၌ ရှိခဲ့ခြင်း ဖြစ်၏။ ကျွန်တော်သည် ကိုယ့်ကိုယ်ကို ပညာရှိထင်သော မိုက်မဲသူတစ်ဦးသာပါတကား။

သန့်ဝေသည် သူ့ဆုံးဖြတ်ချက်ကို ကျွန်တော့်အား ဖွင့်ဟ၍ ပြောမပြခဲ့ သော်လည်း သူ့ဆုံးဖြတ်ချက်ကိုမူ အလုပ်နှင့် ပြခဲ့ပါ၏။ သူသည် ကျွန်တော့် ထံသို့ ပေါ်မလာတော့။ တစ်လခန့်နေမှ တစ်ညနေခင်းတွင် စစ်ဝတ်စုံ အပြည့် ဝတ်လျက် ကျွန်တော့်ထံ ခေတ္တဝင်လာသည်။

"အစ်ကို ကျွန်တော်တို့ တပ်ပြောင်းရတော့မယ်။ အထက်ဘက်ကိုပဲ အစ်ကို။ အဲဒါ အစ်ကို့ကို လာပြီး နှုတ်ဆက်တာ"

ခေတ္တမျှ သူနှင့် ကျွန်တော် စကားလက်ဆုံကျခဲ့ကြပြီးနောက် သူ ပြန်ခါနီးတွင်မှ....

"ယဉ်ယဉ်မေကော နေကောင်းရဲ့လား အစ်ကို။ သူနဲ့တွေ့ရင် ကျွန်တော်က နှုတ်ဆက်သွားတယ်လို့ ပြောလိုက်ပါ အစ်ကိုရယ်"

"အေးအေး၊ ပြောလိုက်မယ်"



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဥ်တင်ဆက်သည်။



သန့်ဝေက နှုတ်ဆက်သည်။

"ကဲ အစ်ကို ကျွန်တော် ပြန်တော့မယ်နော်"

ဒီတော့မှပင် ကျွန်တော်သည် သန့်ဝေ၏ မသာယာလှသော မျက်နှာကို လှမ်း၍ ကြည့်လိုက်မိပြီးမှ....

"ဒါထက် မင့်ဆီကို ယဉ်ယဉ်မေက စာရေးလိုက်သေးတယ်ဆို၊ ဟုတ်လား"

"ဟုတ်တယ်အစ်ကို၊ သူ့စာရတယ်။ ဒါပေမယ့် ကျွန်တော် စာ မပြန်ဘူး အစ်ကို"

ကျွန်တော်သည် စကားဆိုရန် နှုတ်ဆွံ့၍ နေမိပါ၏။ သန့်ဝေက ဆက်ပြောသည်။

"အစ်ကိုပြောတဲ့စကားကို ကျွန်တော် သေသေချာချာ စဉ်းစားခဲ့တယ် အစ်ကို။ အစ်ကိုပြောတာ မှန်တယ်လို့ပဲ ကျွန်တော် သဘောရတယ်။ ဒါကြောင့် ကျွန်တော် သူနဲ့ သံယောဇဉ် အမျှင်မတင်းချင်တော့ဘူးလေ။ သူကလည်း ကျွန်တော့်အပေါ်မှာ ဘာမှ မျှော်လင့်ချက် မထားစေချင်ဘူး။ ဒီတော့ သူ့ဆီကို ကျွန်တော် စာမပြန်တော့ဘူးလေ"

သန့်ဝေသည် စကားကို ရပ်လိုက်တော့မလို ပြုပြီးမှ ဆက်ပြန်ပါ၏။

"သူ့စာကို ကျွန်တော် ဖတ်ရတော့ စိတ်မကောင်းဘူး အစ်ကိုရာ။ သူရေးလိုက်တဲ့စာမှာ သူဟာ ကျွန်တော့်ကို ဘယ်လောက် သံယောဇဉ် ကြီးရှာတယ်ဆိုတာ ပေါ်လွင်ပါတယ်။ ကျွန်တော့်အတွက် စကား အစ ကလေးတွေ ချထားပေးပြီး ကျွန်တော် တိုးဝင်သွားဖို့အတွက်လည်း သူ တံခါးဖွင့်ထားရှာတယ် အစ်ကို။ ဒါပေမယ့် အစ်ကိုပြောသလိုပဲ ကျွန်တော် ဟာ သူ.... သူ.... သူ့ကို တစ်သက်လုံး တင့်တောင့်တင့်တယ်နဲ့ လှလှပပ စိတ်ချမ်းသာအောင် ထားမှ ထားနိုင်ပါ့မလားလို့ သံသယရှိမိရလို့ သူ့စကား အစတွေကို ကျွန်တော် မဆွဲတော့ပါဘူး။ သူဖွင့်ပေးတဲ့ တံခါးကလည်း





ကျွန်တော် မဝင်တော့ဘူးအစ်ကို။ မဖြစ်နိုင်ကြတဲ့ ဘဝမှာ စာနဲ့လည်း မဆက်ကြတာဘဲ ကောင်းပါတယ် အစ်ကိုရာ"

ကျွန်တော်သည် စိတ်မကောင်းခြင်းကြီးစွာနှင့်ပင် စကားမဆိုနိုင်ဘဲ သာ ကျန်ရစ်ခဲ့ရပါ၏။ သန့်ဝေကိုသာ ငေးကြည့်နေခဲ့မိရသည်။ နောက် တစ်ကြိမ် ယဉ်ယဉ်မေနှင့် တွေ့သောအခါတွင် ကျွန်တော်သည် သန့်ဝေတို့ တပ်ပြောင်းသွားပြီဖြစ်သည့် အကြောင်းကို ပြောပြလိုက်ရသည်။

"ဟင်.... ယဉ်မေ့ကိုတောင်မှ နှုတ်ဆက်မသွားဘူး အစ်ကိုအေးရဲ့။ ကိုသန့်ဝေက ရိုင်းလိုက်တာ"

ယဉ်မေ၏ အသံဝယ် နာကျည်းရိပ်ကလေးပါသည်။ သူသည် နှုတ်ခမ်း ကလေးကိုပင် ခပ်တင်းတင်းကလေး ကိုက်ထားသည်။

ဒီနောက်တွင်တော့ ယဉ်ယဉ်မေသည် သန့်ဝေ၏ အကြောင်းကို စကား စ၍ပင် မပြောတော့။

ယဉ်ယဉ်မေသည် နာကျည်းစိတ်ကို မျိုသိပ်၍ မေ့နိုင်အောင် ကြိုးစား ခဲ့လေဟန်တကား။ ထိုအဖြစ်သည် ကြာတော့လည်း ကြာခဲ့ပေပြီ။ အနှစ် နှစ်ဆယ်ပင် ပြည့်ရန် နီးလှပါပကော။

*

အချိန်ကာလသည် အားလုံး၏ အဆုံးအဖြတ်ပင်။

ထိုစဉ်က ကြိုတင်၍ ခန့်မှန်းဆုံးဖြတ်ကာ သန့်ဝေအား အဖြေထုတ်၍ ပေးခဲ့မိသော ကျွန်တော်သည် ယခုတော့....။

မိုက်မဲသူတို့ ကြုံရမြဲဖြစ်သည့် နောင်တကိုသာ ရ ရပါသည်။

အနှစ် နှစ်ဆယ်နီးပါး ရှိလှတော့မှပင် သန့်ဝေနှင့် ယဉ်ယဉ်မေတို့၏ အပေါ်၌ ကျွန်တော်ထားခဲ့မိသော စေတနာ၏ အမှားကို မျက်ဝါးထင်ထင် မြင်မိရတော့သည်။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကြိုကြိုကြိုက်ကြိုက် တိုက်ဆိုင်မည့်တိုက်ဆိုင်တော့လည်း ဘဝတစ်ခုစီ ခြားနေပြီဖြစ်သော သူတို့နှစ်ဦးကို လပိုင်းလောက်ကလေးသာလျှင် ခြားကာ ရှေ့ဆင့်နောက်ဆင့် တွေ့ခဲ့ရသည်။

ပထမတွေ့ရသူမှာ ယဉ်ယဉ်မေပင်ဖြစ်၏။ သူနှင့်တွေ့ပြီး တစ်လကျော်ကျော်အကြာတွင် သန့်ဝေကို တွေ့ရသည်။

သန့်ဝေသည် ဗိုလ်မှူးသန့်ဝေဖြစ်လျက်ရှိပြီ။ အစိုးရဌာနတစ်ခု၌လည်း အထူးအရာရှိ ဖြစ်နေ၏။ ကျွန်တော်သည် သူ့ကို တစ်နေရာရာ၌မမျှော်လင့်ဘဲ တွေ့မိခဲ့ရခြင်းဖြစ်သည်။ သူသည် ဝမ်းသာအားရ ကျွန်တော့်ကို နှုတ်ဆက်သည်။ အိမ်သို့လာရန် အထပ်ထပ်မှာသည်။ သူ့အိမ်လိပ်စာကို ပေးသွားသည်။ သားသမီးလည်း နှစ်ယောက်ရနေပြီဟု ဆိုသည်။

မကြာသေးမီလေးကမှ ယဉ်ယဉ်မေ၏ ဘဝကို သိမြင်ခဲ့ရသော ကျွန်တော်သည် သန့်ဝေ၏ အိမ်ထောင်ရေးဘဝကိုလည်း တွေ့ချင်မြင်ချင်စိတ် ပြင်းပြခဲ့ရပါ၏။

ထို့ကြောင့်ပင် ကျွန်တော်သည် ရက်ကြာကြာ မဆိုင်းဘဲ သန့်ဝေ အိမ်သို့ သွားခဲ့သည်။ တနင်္ဂနွေနေ့ နေ့လည်ပိုင်းဖြစ်၍ သန့်ဝေကို အလွယ်တကူ တွေ့ရသည်။ ဧည့်ခန်းမသည် ကျယ်ဝန်းသည်နှင့်အမျှ သပ်သပ်ရပ်ရပ် ရှိသည်။ တောက်ပပြောင်လက်လှသော ပရိဘောဂတို့သည်လည်း စနစ်တကျ နေရာယူထားကြပါသည်။

ဧည့်ခန်းမ၏ အဆင်တန်ဆာ၊ အလှအပ၊ ပစ္စည်းကလေးများမှာလည်း စုံလင်လှသည်။ သို့သော်လည်း ကျွန်တော်တွေ့ချင်သော ဗိုလ်မှူးကတော်ကိုမူ မတွေ့ရ။ သန့်ဝေ၏ဇနီးသည် အိမ်၌မရှိ။

"မြ၊ အဲ.... ကျွန်တော့်မိန်းမ မြတော့ အိမ်မှာမရှိဘူး အစ်ကို။ သူ့မိတ်ဆွေတွေနဲ့ ရုပ်ရှင် သွားကြလေရဲ့။ သုံးနာရီထိုးလောက်ကျမှ ပြန်ရောက်မှာ။ အစ်ကိုမပြန်ခင်တော့ ရောက်လာမှာပါပဲ"



www.foreverspace.com.m



ကျွန်တော်သည် နံရံ၌ ချိတ်ထားသော သန့်ဝေတို့ ဇနီးမောင်နှံ စုံတွဲပုံကို ငေးကြည့်လိုက်မိသည်။ သန့်ဝေ၏ ဇနီးသည် ခေတ်ဆန်ဟန်ရှိပါ၏။

"မင့်မိန်းမက ဘယ်အရပ်သူလဲကွ"

သန့်ဝေသည် လေးနက်ဟန်ပါသော အပြုံးတစ်ခုကို ပြုံးလိုက်သည်။

"အစ်ကို့ရဲ့ဩဝါဒအတိုင်း တောသူကို ကျွန်တော် ယူခဲ့တယ် အစ်ကို"

သူ့ဇနီးသည် မြေလတ်ပိုင်းရှိ တောမြို့ကလေးတစ်မြို့မှဟု ကျွန်တော် သိလိုက်ရပါ၏။

"ယူတုန်းကတော့ အစ်ကိုပြောသလို ရိုးရိုးအအ လှလှပပလေးပါပဲ အစ်ကိုရာ။ ဒါပေမယ့် အခုတော့ လှလှပပကလေးပဲ ကျန်ပါတော့တယ်"

သူသည် မရယ်ချင့်ရယ်ချင်ဟန်နှင့် ရယ်ပါသည်။ ကျွန်တော်သည် အဓိပ္ပာယ်မရှင်းလိုက်၍ မျက်မှောင်ကုတ်ကာ သန့်ဝေကို ပြန်ကြည့်နေလိုက်မိသည်။

"ကဲပါလေ၊ ဒါတွေကို နောက်မှပြောကြရအောင်။ ဘီယာသောက်ရင်း စကားပြောကြတာပေါ့၊ ဟုတ်လား အစ်ကို"

သူသည် ပြောပြောဆိုဆိုပင် နောက်ဖေးဘက်သို့ ဝင်သွားကာ ရေခဲသေတ္တာတွင်းမှ ဘီယာနှစ်လုံးကို ထုတ်ယူလာသည်။ အိမ်ဖော်မကြီးက ဖန်ခွက်ကြီးနှစ်ခုကို လာချပေးသည်။ မကြာမီအတွင်းမှာပင် အာလူးကြော်ပန်းကန်ကို လာချပေးသွားပြန်သည်။

"အစ်ကိုရေ၊ အစ်ကို့ကို အပြစ်တင်တာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် အစ်ကိုပေးတဲ့ ဖော်မြူလာအတိုင်း ကျွန်တော် တွက်ခဲ့ပေမယ့် အစ်ကို မျှော်လင့်တဲ့အဖြေတော့ မရခဲ့ဘူး အစ်ကို"

"ဆိုပါဦးကွာ၊ ရှင်းစမ်းပါဦး"

ကျွန်တော်သည် အားလျော့သံနှင့်ပင် ခပ်ပျော့ပျော့ ဆိုသည်။

"ခုနက ကျွန်တော် ပြောခဲ့သလိုပေါ့ အစ်ကိုရာ။ သူ့ကို ယူတုန်း



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဉယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

ကတော့ ရိုးရိုးအအ၊ လှလှပပလေး။ ဒါပေမယ့် ခုတော့ လှလှပပလေးပဲ ကျွန်တော့တယ်ဆိုတာလေ။ ခုတော့ ပတ်ဝန်းကျင်ကပဲသင်လို့လား၊ သူ ကိုယ်တိုင်ကိုက အဟုတ် မဟုတ်လို့လား မသိပါဘူး။ မရိုးမအတော့ဘူး အစ်ကိုရေ့။ လျှင်လိုက်တာမှ မပြောနဲ့တော့။ ကျွန်တော်ဖြင့် သူ့ကို မနည်းကြီး ဘရိတ် အုပ်ပေးပေးနေရတယ်"

ကျွန်တော်သည် သန့်ဝေ၏ လေသံနှင့် စကားလုံး အသုံးအနှုန်းကြောင့် အံ့ဩသွားရသည်။

တော်ရုံတန်ရုံနှင့်တော့ ကိုယ့်ဇနီးကို ကိုယ် ဤမျှ ပြောလိမ့်မည်ဟု ကျွန်တော် မထင်ပါ။ တစ်ခုတော့ရှိသည်။ ကျွန်တော့်ကို အစ်ကိုသဖွယ် သဘောထားသည်မို့ ဤမျှပွင့်လင်းစွာ ပြောလေသလားတော့ဖြင့် မသိ။

"ကျွန်တော် သူနဲ့ အိမ်ထောင်ကျတာ ဆယ်နှစ်ရှိပြီ အစ်ကို။ အဲဒီ တုန်းက သူ့အသက် ဆယ့်ရှစ်နှစ်လောက်ပဲ ရှိဦးမှာပေါ့။ သူ့အဖေက စာရေး ကြီးပေါ့လေ။ အစ်ကိုပြောသလို ရိုးရိုးအေးအေးကလေးဆိုပြီး ယူခဲ့တာပါပဲ။ ဒါပေမယ့် ခုတော့ သိပ်ကိုပြောင်းလဲနေပြီ အစ်ကိုရေ။ တစ်နေ့တစ်နေ့ အိမ်မှာကို ကပ်တယ်လို့ မရှိဘူး။ ကားတစ်စီးနဲ့ လျှောက်သွားနေတာပဲ။ အဲဒါနဲ့ ကျွန်တော့်အတွက် အစိုးရက ပေးထားတဲ့ကားကို သူ မသုံးစေချင်တာနဲ့ မာဇဒါကားသေးလေးတစ်စင်းကို သူ့အတွက် အင်စတော်လ်မင့်နဲ့ ထုတ်ပေး ထားရတယ်။ ဒါတောင်မှ ဖင်မလီယာမဟုတ်လို့တဲ့ အစ်ကိုရေ။ စိတ် ကောက်တော်မူသေးတယ်။ ဟင်း.... ဟင်း...."

သူသည် စကားအဆုံးတွင် မရယ်ချင့်ရယ်ချင်နှင့် ခြောက်ကပ်စွာ ရယ်သည်။ ကျွန်တော့်၌ ဝင်ထောက်စရာ စကားမရှိ၍ ဘီယာခွက်ကို ယူကာ မော့လိုက်ရသည်။

"အဲဒီထက် ပိုဆိုးတာကတော့ တစ်နေ့တစ်နေ့ ကုန်သွယ်ရေး လိုင်းပေါင်းစုံကို သွားပြီး သူလိုချင်တဲ့ ပစ္စည်းကို ရအောင်လိုက်တဲ့ ကိစ္စပါပဲ



www.foreverspace.com.mm



အစ်ကိုရာ။ အဲဒါ ကျွန်တော်နဲ့ ရင်းနှီးတဲ့ မိတ်ဆွေတွေကို မှာထားရတယ်။ သူတောင်းတိုင်း မပေးပါနဲ့လို့"

ဪ ဗိုလ်မှူးသန့်ဝေ၏ ဒုက္ခသည် မသေးပါကလားဟု ကျွန်တော် တွေးလိုက်မိသည်။

"အဲ.... နောက်တစ်ခု ကျွန်တော် စိတ်ပင်ပန်းရတာကတော့ မှောင်ခို ပစ္စည်း ကိစ္စပါပဲ။ သူ့တစ်ကိုယ်လုံးလည်း လှိုင်းကြီးတို့၊ လှိုင်းလတ်တို့ ပါတိတ်တို့နဲ့ မှောင်ခိုတွေ ဖုံးနေတာပါပဲ။ အလှကုန်ပစ္စည်းကအစ မှောင်ခို ဈေးက ဆက် (Set) လိုက်ဝယ်တာ မိတ်ကပ်တစ်စုံ တစ်ရာ့ငါးဆယ် ပေးရ သတဲ့ အစ်ကိုရယ်"

'ဘုရား ဘုရား' ကျွန်တော်၏ အာမေဍိတ်သံသည် ပါးစပ်မှတော့ ထွက်မလာ။ လည်ချောင်းတွင်းမှာပင် နစ်မြုပ်သွား၍ တော်သေးသည်။

"တစ်လတစ်လ သူ့အသုံးစရိတ်ကချည့် နှစ်ရာကျော်တယ် အစ်ကို၊ ကလေးနှစ်ယောက်တည်းမို့သာ တော်တော့တာပေါ့"

"အေး၊ ဒါထက် မင့်ကလေးတွေကော"

ကျွန်တော်သည် စိတ်မချမ်းသာစရာများဖြစ်သော သူ့စကား ပြတ်သွားစေလို၍ မေးလိုက်မိသည်။

"သူ့အမေနဲ့ ပါသွားကြတယ်လေ၊ ရုပ်ရှင်ကိုပဲပေါ့"

"ဪဪ....၊ ဒေါ်ဒေါ်နဲ့ ဌေးဌေးကောကွ၊ နေကောင်းကြရဲ့လား"

"မေမေတော့ ဆုံးသွားပြီလေ။ ဌေးဌေးကလည်း အိမ်ထောင် ကျသွားပြီ။ သူ့အိုးသူ့အိမ်နဲ့မို့ ကျွန်တော် မထောက်ပံ့ရတော့လို့ တော်တော့ တာပေါ့"

ကျွန်တော်သည် အလိုလိုပင် နှုတ်ဆိတ်၍ သွားရသည်။ သက်ပြင်း တစ်ချက်ကိုလည်း မသိမသာ ချလိုက်မိရ၏။ ကျွန်တော့်မျက်စိထဲတွင် ယဉ်ယဉ်မေ့ကို မြင်ယောင်မိလိုက်ရသည်။ ကျွန်တော် မြင်ယောင်မိလိုက်သော



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ယဉ်ယဉ်မေသည် ကံ့ကော်တောသူဘဝက ယဉ်ယဉ်မေ့ကိုမဟုတ်၊ တလော လေးကမှ တွေ့ခဲ့ရသော ယခု ယဉ်ယဉ်မေကို ဖြစ်ပါ၏။

မကြာမီမှာပင် သန့်ဝေ၏ဇနီး 'မြ' နှင့် သူ့ကလေးနှစ်ဦး ပြန်ရောက် လာသည်။မြသည် ကားကို ကိုယ်တိုင်မောင်းသူဖြစ်၏။သန့်ဝေက သူ့ဇနီးနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသည်။ ယခုလို လူချင်း တော့တော့ဆိုင်ဆိုင် တွေ့ရ ကာ မြ၏ ပါးချိုင့်ပါသော အပြုံးကို တွေ့လိုက်ရမှ မြသည် ယဉ်ယဉ်မေနှင့် တူသလိုလိုရှိသည်ကို သတိပြုမိရသည်။ သန့်ဝေသည် မြကို ယဉ်ယဉ်မေနှင့် တူ၍များ လက်ထပ်ခဲ့လေသလား....။

ကျွန်တော်သည် မြနှင့် စကားပြောရင်းမှာပင် တစ်လောက တွေ့ခဲ့ ရသော ယဉ်ယဉ်မေ့ကို မြင်ယောင်၍ လာရပြန်၏။ ကျွန်တော်သည် ယဉ်ယဉ်မေ့ကိုတွေ့ရသည်မှာ ရုံးတစ်ရုံးမှ အဆင်းတွင်ဖြစ်၏။ သူက ရုံးအဆင်း၊ ကျွန်တော်က ကိစ္စရှိ၍ ထိုရုံးသို့လာပြီး အပြန်။

ရုတ်တရက်သော် ကျွန်တော်သည် သူ့ကို မမှတ်မိ။ သူ့ကိုလည်း ဂရုတစိုက် မကြည့်မိ။

သူကမှ ကျွန်တော့်ကို မှတ်မိ၏။

"အစ်ကိုအေး၊ အစ်ကိုအေး မဟုတ်လား"

အသံကိုမူ ကျွန်တော် ကျက်မိ၏။

"ဟော.... ယဉ်ယဉ်မေ မဟုတ်လား။ ယဉ်ယဉ်မေနော်"

"ဟုတ်ပါတယ် အစ်ကိုအေးရယ်။ ယဉ်မေမှ ယဉ်မေ အစစ်ပါ။ ရေ မရောပါဘူး"

ပြောပြောဆိုဆိုနှင့် ရယ်လိုက်မှ ယဉ်ယဉ်မေ၏ ပါးချိုင့်ကလေးနှင့် အတူ ငယ်မူငယ်ဟန်ကို မြင်လိုက်ရသည်။

"ယဉ်မေ့နယ်ဟယ် ပျောက်နေလိုက်တာ၊ ခုမှပဲ တွေ့ရတော့တယ်"

ကျွန်တော်က ဝမ်းသာအားရ ရင်းရင်းနှီးနှီး ပြောလိုက်မိရ၏။





"အံမာ၊ ယဉ်မေက ပျောက်တာလား၊ အစ်ကိုအေးက ပျောက်တာလား"

"အေးပါ၊ ထားပါတော့။ နှစ်ယောက်စလုံး ပျောက်နေတယ်ပဲ ထားပါတော့။ နင့်နှယ်ဟယ် ဝိန်လိုက်တာ။ ငါဖြင့် မှတ်တောင် မမှတ်မိဘူး။ နှုတ်မဆက်ရင် သိမှာမဟုတ်ဘူး"

ယဉ်မေသည် ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီးမှ....

"အစ်ကိုအေးရုပ်ကတော့ သိပ်မပြောင်းဘူး။ အသက်ရင့်လာပေမယ့် အစ်ကိုအေးရဲ့ဆံပင် လှိုင်းတွန့်က မပျောက်ဘူး။ ငယ်ငယ်တုန်းကလိုပဲ"

ကျွန်တော်သည် ရယ်လိုက်မိရပြီးမှ

"နေပါဦး၊ ယဉ်မေ ဒီရုံးမှာ အလုပ် လုပ်နေသလား"

"ဟုတ်တယ်၊ အစ်ကိုအေး။ ဒီမှာ ဘီစီ လုပ်နေတယ်"

"ဪ.... ဪ...."

ကျွန်တော်သည် ထိုမျှသာ ဆိုလိုက်မိရသည်။ ပြီးမှ....

"နေပါဦး၊ နေတော့ကော ဘယ်မှာနေသလဲ"

"ကမာရွတ်ထဲမှာပါ"

"တစ်ယောက်တည်း ပြန်မှာလား"

"ဘာနဲ့ပြန်မှာလဲ"

"တစ်ယောက်တည်း ပြန်ရမှာပါပဲ။ ကားနဲ့ပေါ့ အစ်ကိုအေးရယ်။ ကားဆိုတာ သောင်းကျော်တန် ပြည်သူပိုင် ဟီးနိုးကားနဲ့ ပြောတာ"

ယဉ်ယဉ်မေသည် ဟာသကလေးနှော၍ ပြောလိုက်သော်လည်း ကျွန်တော်သည် မရယ်မိ။ စိတ်မကောင်းသာ ဖြစ်လိုက်မိရ၏။ ကျောင်းသူ ဘဝကမူ ယဉ်ယဉ်မေသည် သောင်းကျော်တန် အော်စတင်ကိုယ်ပိုင်ကားနှင့် သွားလာခဲ့သူဖြစ်၏။ မိဘအရိပ်၌ ရှိစဉ်ကမူ ယဉ်ယဉ်မေ၏ဘဝသည် အစစ အေးချမ်းပြည့်စုံခဲ့သည်ကို ကျွန်တော်အသိ။

"ကဲ လာ၊ အစ်ကိုအေးနဲ့ လိုက်ခဲ့။ ယဉ်မေ့ကို အိမ်အထိလိုက်ပို့မယ်။



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ယဉ်မေတို့အိမ်ကိုလည်း တစ်ခါတည်း သိသွားရအောင်"

ကျွန်တော်သည် ယဉ်ယဉ်မေ့ကို ကားနှင့်တင်၍ခေါ်ခဲ့သည်။ လမ်းတွင် အပြန်အလှန် မေးမြန်းပြောဆိုကြရင်းနှင့်ပင် ယဉ်ယဉ်မေ့ဘဝကို တစ်စွန်းတစ်စ သိလာရပါ၏။ ယဉ်မေ၏ ခင်ပွန်းသည် အထက်တန်းပြဆရာတစ်ဦးဖြစ်သည့် အကြောင်း၊ ကလေးများ ငါးယောက်ပင် ရှိပြီဖြစ်သည့်အကြောင်း၊ အငယ်ဆုံး ကလေးမှာ တစ်နှစ်ပင်မပြည့်သေး၍ နာနီငှားထားရသည့်အပြင် ဆွေမျိုး နီးစပ် အဒေါ်တစ်ယောက်ကို ခေါ်ထားရသည့်အကြောင်း၊ တစ်လတစ်လရသည့် နှစ်ယောက်ပေါင်းဝင်ငွေကိုပင် မနည်းကြီးလောက်အောင် သုံးရသည့်အကြောင်း စသည်စသည်တို့ကို တစ်ထိုင်တည်းနှင့်ပင် ကျွန်တော် ကြားခဲ့ရသည်။

"ယဉ်မေ့မိဘတွေကော"

"မေမေတော့ ဆုံးသွားတာ ငါးနှစ်လောက်ရှိပြီ။ ဖေဖေကတော့ နောက်အိမ်ထောင်နဲ့ပေါ့လေ။ ယဉ်မေ ဒီယောကျ်ားကိုယူတာ ဖေဖေကော မေမေကော သဘောတူတာ မဟုတ်ဘူး။ ဒါကြောင့် ယဉ်မေလည်း သူတို့ အထောက်အပံ့ကို မယူခဲ့ပါဘူး။ ခုတော့ ဖေဖေကလည်း နောက်မိန်းမနဲ့ဆိုတော့ ပိုပြီး အဆက်အသွယ်ဝေးတာပေါ့ အစ်ကိုအေးရယ်"

ယဉ်ယဉ်မေတို့ အိမ်လေးသည် ကမာရွတ်ဈေးအလွန် မီးရထားခုံးတံတားကြီးအနီး၌ရှိသည်။ သုံးပင်နှစ်ခန်း အိမ်ကလေးသာဖြစ်၏။

ယဉ်ယဉ်မေ၏ဘဝသည် ကံ့ကော်တောသူဘဝနှင့်မှ ဘာကမှ မဆိုင်တော့ပါချေ။ ဧည့်ခန်းကျဉ်းကလေးအတွင်း၌ အရောင်မှိန်နေပြီဖြစ်သော ဆက်တီကုလားထိုင် ခပ်ဟောင်းဟောင်းများရှိသည်။ ဧည့်ခန်းမ၏ အဆင်အပြင်သည်သာ ခေတ်မမီဘဲ အရောင်မှိန်နေသည်မဟုတ်၊ ယဉ်ယဉ်မေ၏ ဝတ်စားဆင်ယင်မှုသည်လည်း ခေတ်မမီလှ။ အဝါရောင် သန်းစပြုနေပြီဖြစ်သော တက်ထရွန် အဖြူရောင်လက်ရှည်နှင့် ခေတ်မစားလှတော့ပြီဖြစ်သော ပါတိတ်လုံချည် အဆင်ရိုးရိုးကို ဝတ်ထားသည်။



www.foreverspace.com.mm



သြော်... ယဉ်ယဉ်မေ၏ဘဝသည် အံ့သြလောက်အောင်ပင် ပြောင်းလဲခဲ့ပြီ ဖြစ်ပါသည်တကား။

ကျောင်းသူဘဝက ပန်းနုရောင်တောက်ကာ လက်သည်းရှည်ချွန်ထားခဲ့လေ့ရှိသော ယဉ်မေ၏ လက်သည်းများလည်း မရှည်တော့။ လက်သည်းဆိုးဆေး အရောင်လည်း မရှိတော့။ ယဉ်ယဉ်မေ၏ ကလေးများသည် ဖွံ့ဖွံ့ဖြိုးဖြိုးကလေးပင်ဖြစ်သည်။ ချစ်စရာလည်းကောင်းသည်။

"ကြိုတုန်းကြိုခိုက် ထမင်းစားသွားပါလား အစ်ကိုအေးရယ်၊ ဟင်းတော့ မကောင်းပါဘူး။ ဒါပေမယ့် အစ်ကိုအေးကို စားစေချင်လို့ပါ"

ကျွန်တော်သည် သူ့စေတနာကို မငြင်းရက်သော်လည်း အချိန်ကို အကြောင်းပြု၍ ငြင်းလိုက်ရသည်။

"အခုတော့ အချိန်မရဘူးကွယ်။ တစ်နေ့တော့ အစ်ကိုအေး လာစားပါ့မယ်၊ စိတ်ချ။ ပြီးတော့ ယဉ်မေ့လူကိုလည်း တွေ့ဖူးချင်သေးတယ်"

"လာဖြစ်အောင်လာနော် အစ်ကိုအေး။ လာမယ်ဆိုရင် ယဉ်မေ့ရုံးကို ကြိုတင်ပြီး ဖုန်းဆက်လိုက် ဟုတ်လား"

"စိတ်ချ၊ ရုံးပိတ်ရက်တစ်ရက်မှာ အစ်ကိုအေးလာမယ်။ ကဲ သွားမယ်နော်"

ကျွန်တော်သည် နှုတ်ဆက်ထွက်ခွာခဲ့သည်။ ယဉ်မေသည် ကျွန်တော့်ကို မျက်စိတစ်ဆုံးကြည့်ရင်း ကျန်ရစ်ခဲ့သည်ကို ကားရှေ့မှန်မှတစ်ဆင့် ကျွန်တော် မြင်မိရပါ၏။

သန့်ဝေရဲ့ဇနီး မြ၏ စကားသံကို ကြားလိုက်ရမှ ကျွန်တော်သည် ယဉ်ယဉ်မေ့ကို သတိရမြင်ယောင်ရခြင်းမှ လန့်နိုးလာရသည်။

"မြကို ခဏခွင့်ပြုပါဦးနော်။ အဝတ်အစားလေးတွေ လဲလိုက်ချင်လို့ပါ"

"ဟုတ်ကဲ့၊ သွားပါ၊ သွားပါ၊ ကိစ္စမရှိပါဘူး"

ကျွန်တော်သည် သန့်ဝေ၏ဇနီး ဝင်သွားရာသို့ ကြည့်နေလိုက်



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



မိသည်။ ယောဂီရောင် လှိုင်းကြီး လက်စက၊ တက်ထရွှန်လုံချည် အညိုရောင်တို့ဖြင့် တောက်ပလှသော မြသည် အခန်းတွင်းသို့ ဝင်သွားသည်။ အခန်းဆီးကို ဖယ်လိုက်သော မြလက် သွယ်သွယ်ဖွေးဖွေးလေး၏ ထိပ်ဝယ် အနီရောင် တောက်နေသော လက်သည်းချွန်ချွန်ကလေးများကိုပါ မြင်လိုက်ရပါ၏။

*

သန့်ဝေ ပြောသလိုပင် ကျွန်တော့် ဖော်မြူလာ မှားခဲ့ပါသည်။ လူ့ဘဝ၏ အကြောင်းကို တကယ်မသိခဲ့ဘဲ မလည်မဝယ်နှင့် ပညာရှိလုပ်ခဲ့မိသော ကျွန်တော်သည် ယခုမှပင် နောင်တရ ရပါသည်။ ပြင်၍မရနိုင်တော့သော မှားယွင်းသည့် အကြီးပေးစကားကို ဆိုခဲ့မိသူ ကျွန်တော်သည် ယခုမှ....

ဆုတောင်းတစ်ခုကို ဆိုမိလိုက်ရသည်။

ဗိုလ်မှူးသန့်ဝေတစ်ယောက် ယဉ်ယဉ်မေ့ဘဝကို မမြင်မတွေ့၊ မသိရနိုင်ပါစေနှင့်.....။

ပြီးတော့ သန့်ဝေတစ်ယောက် ယဉ်ယဉ်မေ့ကို စိမ်းစိမ်းကားကားပြုခဲ့သည်မှာ အခါပေးဦးပုည လုပ်ခဲ့မိသော ငမိုက်သား ကျွန်တော်၏ ပယောဂကြောင့်ဖြစ်သည် ဆိုသည်ကိုလည်း ယဉ်ယဉ်မေတစ်ယောက် ဘယ်တော့မှ မသိနိုင်ပါစေနှင့်။

*

(၁၉၇၀ ခု၊ ဧပြီလ၊ စန္ဒာမဂ္ဂဇင်း)



www.foreverspace.com.mm

## အမှတ် ၉

စနစ်သစ်ပညာရေးကို အကောင်အထည်ဖော်နေသော ယနေ့ခေတ်တွင် မေလ၏ လတစ်ဝက်ပြည့်ပြီးကတည်းက ကံ့ကော်မြေသည်စည်ကားစပြုပြီ။ ထိုသို့ စည်ကားသည်မှာလည်း စာသင်နှစ်တစ်ခု၏ အစဦး ကျောင်းဖွင့်စအဖြစ်ဖြင့် မဟုတ်။နှစ်ဝက်ကျောင်းပိတ်ရက်အဆုံးမှ ဒုတိယပိုင်း ကျောင်းပြန်ဖွင့်ရက်သာ ဖြစ်ပါ၏။

ကျွန်တော်တို့ ခေတ်တုန်းကမူ နှစ်ဦး၏အစ ကျောင်းဖွင့်ရက်သည် ဇွန်လ တစ်ရက်နေ့သာဖြစ်သည်။ လွန်ခဲ့သော မေလလယ်၏ နေ့တစ်နေ့ဝယ် ကျွန်တော်သည် ပြည်လမ်းမအတိုင်း ပြည်နှင့် တကောင်းကျောင်းဆောင်ရှေ့မှ ဖြတ်သွားမိသည်။ ရာသီဥတုသည် အေးအေးမြမြရှိ၏။ ကောင်းကင်၌ တိမ်သား ညိုညိုတို့ လွှမ်းကာ တစ်လောကလုံးသည် မှိုင်းမှိုင်းပျပျရှိ၏။

တကောင်းနှင့် ပြည်ကျောင်းဆောင်ဝင်းအတွင်း၌ နီနီရဲသော စိန်ပန်းတို့ ဝေနေသည်။ မိုးဦး၏ နုစိုသော ရွက်စိမ်းလွင်လွင်တို့အကြား၌ ရဲရင့်သော စိန်ပန်းနီနီတို့ကို မြင်ရသည်မှာ ကြည်နူးဖွယ်ပင် ဖြစ်ပါ၏။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ကံ့ကော်မြေ၌ ကျွန်တော်ရှိခဲ့စဉ်က ဤတကောင်းကျောင်းဆောင်တွင်သာ ကျွန်တော် နေခဲ့သည်မို့ တကောင်းဆောင်နှင့် သူ့ဝန်းကျင်ကို ယခုတိုင်ထိ ကျွန်တော် သံယောဇဉ်ကြီးလျက်ရှိရပါ၏။ ထို့ကြောင့် ကျွန်တော်သည် တကောင်းကျောင်းဆောင်ရှေ့ရှိ ပြည်လမ်းမကိုဖြတ်မိတိုင်း သိက္ခာကြီးသော အဆောင်မဲမဲနှင့် အုပ်အုပ်ဆိုင်းဆိုင်း၊ စိမ်းစိမ်းညိုညို၊ လှလှပပရှိသည့် တကောင်းဝင်းတစ်ခွင်ကို ငေးမောကြည့်ရှု၍ သွားမိစမြဲဖြစ်၏။

ထိုနေ့က ထိုနေရာကို ဖြတ်သွားစဉ်၌လည်း ထုံးစံအတိုင်းပင် ကျွန်တော်သည် တကောင်းဆောင်ဘက်ဆီသို့ ကြည့်မိပါသည်။

ဤတစ်ခါတွင်မူ အဆောင်မဲမဲ၊ သစ်ပင်မြင့်မြင့်၊ ရွက်စိမ်းစိုစို၊ စိန်ပန်းနီနီတို့ကိုသာမက၊ ကျွန်တော် မမျှော်လင့်မိသော သတ္တဝါကလေးတစ်ကောင်ကိုပါ ရုတ်တရက် မြင်လိုက်ရသည်။ ယင်းသတ္တဝါကလေးသည် ပြည်လမ်းမကို ဖင်ပေးကာ ကျောင်းဝင်းအတွင်းသို့ ခပ်ဖြည်းဖြည်း ဝင်ပြေးသွားသည်။ သူ့အရပ်သည် တစ်ပေခန့်မြင့်မည်။ သူ့နားရွက်နှစ်ဖက်သည် ခပ်ဖားဖားကျကာ အဖြူနှင့် အညိုရောသော အမွေးတို့မှု ခပ်ဖွားဖွား ခပ်ပွပွ ရှိပါ၏။ ကျွန်တော်သည် မျက်စိတစ်ဆုံးပင် သူ့ကို ငေးကြည့်နေလိုက်မိသည်။ သူ့ကိုကြည့်နေမိရင်းလည်း အလိုလို ပြုံးမိရက်သား ဖြစ်သွားရ၏။ လွန်ခဲ့သောအတိတ်မှ တစ်စုံတစ်ခုကို ကျွန်တော် သတိရ မြင်ယောင်ကာ ပြုံးမိရခြင်းပင်ဖြစ်သည်။

အမှန်မူ ထိုပြုံးစရာကောင်းသော အဖြစ်ကလေးသည် ကြာခဲ့ပြီဖြစ်သည်နှင့်အမျှ ကျွန်တော့်စိတ်ဝယ် သတိတရပင် မရှိတော့ပြီ။ ယခုလို ဤနေရာ ဤဌာန၌ ဤမွေးပွပွ ခွေးလှလှကလေးကို မြင်လိုက်မိရမှသာ ကျွန်တော့်စိတ်ကြေးမုံဝယ် ထိုပြုံးစဖွယ် အတိတ်ဖြစ်ရပ်ကလေး ထင်လာရခြင်းပင် ဖြစ်ပေသည်။ တကောင်းဆောင်ဝယ်နေခဲ့သော ကျွန်တော် ကံ့ကော်တောသားဘဝ၏ တစ်နှစ်သော ကာလက ဖြစ်ပါ၏။

*



www.foreverspace.com.mm



ယခုနှစ် ဇွန်လ ကျောင်းဖွင့်ပြီဆိုသည်နှင့်ပင် ကျွန်တော်တို့ တကောင်းကျောင်းဆောင်သည် စည်စည်ကားကား၊ လှုပ်လှုပ်ရှားရှားရှိပြီ။

ကျွန်တော်သည် ယခင်နှစ်ကကဲ့သို့ပင် တကောင်းဆောင်အရှေ့ဘက် အပေါ်ထပ်ရှိ အခန်းအမှတ် ၁၇၂ ၌ပင် နေခွင့်ရသည်။ ကျွန်တော်တို့အဆောင် အပေါ်ထပ်တောင်ပံ၌ နေကြသူ ကျောင်းသားများမှာ အတော်စုံသည်။ ဆေးကျောင်းသား၊ အင်ဂျင်နီယာကျောင်းသား၊ ဥပဒေတန်းသား၊ ဘီအီးဒီသမား စသည်တို့ ဖြစ်ကြသည်။ သူတို့တစ်တွေများထဲ၌ ကျွန်တော်နှင့် သက်ရှိုင်သည်သာလျှင် ဘိုင်အိုယူကြသော ပါဏဗေဒ ဥပစာ ဒုတိယနှစ် ကျောင်းသားများအဖြစ် ရှိပါ၏။ ကျွန်တော်တို့ အဆောင်အပေါ်ထပ် ကျောင်းသားများဝယ် ကျောင်းသားသစ်ဟူ၍ မရှိကြ။ ဤအဆောင်အခန်းများ၌ ယမန်နှစ်က နေခဲ့ကြသူများပင် ယခုနှစ်၌လည်း ပြန်လည်၍ နေနေကြသည်သာဖြစ်သည်။

သို့သော် ဤနှစ်အဖို့မူ တစ်ခုတော့ထူးခြား၏။ ထိုထူးခြားချက်မှာ ကျွန်တော်တို့ အဆောင်မှူး (War den) ၏အခန်းဝယ် ကျွန်တော်တို့ ကျောင်းသားအားလုံးလိုလိုက စိတ်မဝင်စားဘဲ မနေနိုင်သူတစ်ဦး 'တိုး' ၍ နေခြင်းပါပင်တည်း။

ဤနေရာ၌ ကျွန်တော်တို့ တကောင်းကျောင်းဆောင်၏ ပုံသဏ္ဌာန်ကို ဖော်ပြမှ ဖြစ်ပေမည်။ တကောင်းဆောင်သည် အရှေ့နှင့်အနောက် အလျားလိုက်တည်နေသည်။ အဆောင်၏သုံးပုံတစ်ပုံခန့်မျှရှိသော အလယ်ဗဟိုဝယ်၊ ကျောင်းသားများ၏ အခန်းငယ်များမရှိ။ အောက်ထပ်သည် ထမင်းစားခန်းမကြီးဖြစ်ကာ အပေါ်ထပ်၌ ဆရာနှစ်ဦးသည် တစ်ဖက်စီနေကြသည်။ ကျွန်တော်တို့ အရှေ့ဘက် (Wing) တောင်ပံ၌ ကျွန်တော်တို့ အဆောင်မှူးဆရာ မိသားစုနေကြသည်။

ကျွန်တော်တို့ အဆောင်မှူးဆရာနှင့် ဆရာကတော်သည် သဘော



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ကောင်းသည်၊ အေးအေးနေတတ်သည်။ ကျောင်းသားများကို အလိုလိုက်သည်။ ဆရာ၏ သားသမီးများသည်လည်း ငယ်ကြသေးသည်။ အကြီးဆုံးသည်ပင် ဆယ်နှစ်ပြည့်ဦးမည်မထင်။ ကြီးစဉ်ငယ်လိုက်အရ အငယ်ကလေးများသည် ကျောင်းပင် နေကြသေးသူများ မဟုတ်သေး။ ဆရာကတော်သည် ချွေးချစ်တတ်သူဖြစ်ကာ အမွေးပွ ခွေးလှလှကလေးတစ်ကောင် မွေးထားသည်။ ထို့ကြောင့် ဆရာ့အိမ်ထောင်သည် ကျွန်တော်တို့ ကျောင်းသားများ စိတ်ဝင်စားဖွယ်ရာ မဟုတ်ခဲ့ပါချေ။

သို့သော်လည်း ယခုနှစ်အဖို့မူ ဆရာ့အိမ်သည် ထူးခြားလာ၏။ ကျွန်တော်တို့ ကျောင်းသားများ စိတ်ဝင်စားဖွယ်ရာ ဖြစ်လာရပါ၏။

ယခုနှစ် ကျောင်းဖွင့်၍ ကျွန်တော်တို့အဆောင်သို့ ရောက်လျှင်ရောက်ချင်းမှာပင် ကျွန်တော်တို့တစ်တွေသည် ဆရာ့အိမ်၏ ထူးခြားချက်ကို မြင်မိကြရသည်။ ထိုထူးခြားချက်မှာ ဆရာ့အိမ်၌ အသက်နှစ်ဆယ်ကျော်ကလေးခန့်မျှသာ ရှိသေးသော လှလှပပ ယဉ်စစရှိသည့် အမျိုးသမီးကလေးတစ်ဦး ရောက်ရှိနေခြင်းပင်ဖြစ်သည်။ နောက်မှ စုံစမ်းသိရှိရသည်မှာ ဆရာကတော်၏ တူမတစ်ဦးဖြစ်သည်ဆိုခြင်းပင်။

ဤသတင်းများကို ပထမဆုံး သယ်ဆောင်လာသူမှာ နေရာတကာ၌ နှံ့နှံ့စပ်စပ်ရှိသော ကျွန်တော်တို့အဆောင် အပေါ်ထပ်ရှေ့ခန်း၌နေသူ ကိုတင်မြင့်ပင်ဖြစ်သည်။

"ဟေ့ သူငယ်ချင်းတို့၊ ဆရာ့အိမ်က မဒီကလေးဟာ ဘယ်သူဆိုတာ သိကြပြီလား"

တစ်နေ့ညနေ ကျွန်တော်တို့ သူငယ်ချင်းတစ်တွေ စုမိနေချိန်ဝယ် တင်မြင့်က မေးသည်။

"အေး၊ မသိသေးဘူး။ မောင်ရင်သိရင် မြန်မြန်ပြောစမ်း"

ယနေ့အထိ ဘယ်မိန်းကလေးကိုမှ ဟုတ်တိပတ်တိ ကိုယ်ထိ





လက်ရောက် မပိုးသေးသော်လည်း ချောချောလှလှကလေးများဆိုလျှင် အလိုလို စိတ်ဝင်စားနေတတ်သော ရွှေနားပေ အောင်ခင်မြင့်က ချက်ချင်းပြန်မေးလိုက်သည်။ ကျန်သူငယ်ချင်းများ အားလုံးကလည်း အောင်ခင်မြင့်၏ ပြန်လည်မေးမြန်းချက်ကို ခွင်းချက်မရှိ သဘောတူကာ ခေါင်းကို ပြိုင်တူ ညိတ်ကြသည်။

"ကိုယ်တော့ သိလာခဲ့ပြီ ဆရာ။ အဲဒါ ဆရာကတော်ရဲ့ တူမဝမ်းကွဲ တော်တယ်တဲ့။ မြို့ထဲက ရုံးတစ်ရုံးမှာ အလုပ်လုပ်တယ်။ နာမည်ကတော့...."

တင်မြင့်သည် သူ့သတင်း၏ တန်ဖိုးကို မြှင့်လိုဟန်၊ ဈေးကိုင်လိုဟန်ဖြင့် ရုတ်တရက် ဆက်မပြောသေးဘဲ သူ့မေးဖျားရှိ အမွေးရှည်ကလေးကို လက်နှင့်ဆွဲကိုင်ရင်း 'ဂိုက်' ပေးနေသဖြင့် စိတ်မရှည်တော့သော မောင်မောင်ကျော်က ဝင် 'ဟောက်' လိုက်သည်။

"ဟေ့၊ ပြောမှဖြင့် မြန်မြန်ပြောစမ်း။ ဈေးကိုင်မနေစမ်းနဲ့။ ပြောမြန်မြန်ပြော"

ဒီတော့မှပင် တင်မြင့်သည် ရယ်ကျဲကျဲလုပ်ကာ ဆို၏။

"ပြောပါ့မယ်ကိုယ့်လူရာ၊ ဖြည်းဖြည်းပေါ့။ သူ့နာမည်ကလေးကလေ အင်း... သူ့နာမည်ကလေးက ကြာသပတေးနံ ပါတယ်ကွာ။ စဉ်းစားကြစမ်း"

ကျန်လူများက စဉ်းစားနေကြဆဲ၊ တင်ဦးက ခပ်မြန်မြန် ဝင်ဖြေ၏။

"ကြာသပတေးနံဆိုတော့ ခင်ပပကွာ"

"ကဲ ဒါဖြင့် ခင်ဖွံ့ဖွံ့ဖြိုးကွာ"

တင်မြင့်က ခေါင်းရမ်းပြန်၏။

"ကဲ ခင်မျိုးမြတ်ကွာ၊ ဟုတ်လား"

တင်မြင့်က ပြုံးလျက်ကပင် ခေါင်းကိုခါ၏။ တင်ဦးသည် စိတ်ပျက်ဟန်ဖြင့် သူ့ခေါင်းကိုကုတ်ရင်း ဆို၏။

"အင်း၊ ငါကလဲ ကြာသပတေးနံဆိုတာ ဖာ၊ ဖဲ၊ မြင်းလောက်ပဲ



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



မှတ်ထားတာကွ။ ဖ ဦးထုပ်နဲ့ မ လောက်ပဲ သိတာ။ ဒီ့ပြင် မသိဘူး။ ကဲ ပြောကွာ"

သူ့စကားကြောင့် အားလုံးက ရယ်ကြပြီးမှ

"ဟေ့ ဖိုးတင်မြင့်၊ ပြောမှာပြောစမ်းကွာ။ မောင်ရင့် ကြာသပတေးနံကို ဖော်ရအောင် တို့ကလည်း ဗေဒင်ဆရာ မဟုတ်ဘူး။ မင်းဟာမင်း ပြောမှာ ပြောစမ်း" ဟု ထိုသို့ ဝိုင်းဝန်း၍ 'ဟောက်' လိုက်ကြမှ တင်မြင့်က ဖြေသည်။

"သူ့နာမည်က ကြာသပတေးနံ ပါတယ်ဆိုမှတော့ လွယ်လွယ်ကလေးပေါ့ကွာ။ မသေမချင်းမှတ်ထားကြ 'မြင့်မြင့်' တဲ့"

"အင်း၊ လူက ယဉ်သလို နာမည်ကလေးကလည်း ရိုးရိုးယဉ်ယဉ်ကလေးပါပဲလား။ မြင့်မြင့်၊ မြင့်မြင့်၊ မြင့်.... မြင့်.... မြင့်ကလေး"

တင်ဦးသည် ထိုသို့မှတ်ချက်ချရင်းက 'မြင့်မြင့်'ဟူသောစကားလုံးကို လေးလေးတွဲ့တွဲ့ဆိုကာ သံနေသံထားဖြင့် အမျိုးမျိုးဆိုကြည့်နေသည်။

"ဟေ့ကောင်၊ ဘာဖြစ်လို့ တမြင့်တည်း မြင့်နေရတာလဲ။ မင်းနဲ့ ဘာဆိုင်လို့လဲ"

တင်ဦးကို ရှမ်းမြင့်သောင်းက ခပ်ငေါက်ငေါက်ကလေး ကြိမ်းလိုက်သဖြင့် တင်ဦးသည် မျက်မှန်ကြားမှ မျက်လုံးကလေးနှစ်လုံးကို ပေကလပ်ပေကလပ်လုပ်ရင်း လေပျော့ကလေးနှင့် ပြန်ပြောသည်။

"မဟုတ်ပါဘူးကွာ။ သူ့ကိုခေါ်ရင် 'မြင့်မြင့်' လို့ ခေါ်ရင် ကောင်းမလား၊ 'မြင့်' လို့ပဲ တစ်လုံးတည်း အဖျားဆွတ်ခေါ်ရမလား။ ဒါမှမဟုတ် 'မြင့်ကလေး' လို့ ခေါ်ရင်ကော ဘယ်လိုနေမလဲလို့ သိချင်လို့ပါကွာ"

"အံမာ၊ မင့်ဟာက နှုတ်ခမ်းနာနဲ့ တည့်ပဲ့မလားဆိုတာလို ကျနေပြီ။ ဘယ်လိုခေါ်မှ ကောင်းမယ်ဆိုတာ မင့်အပူလား။ မင်းနဲ့ ဘာဆိုင်လို့လဲ။ တကယ်ဆို ငါက စဉ်းစားတယ်ဆို ဟုတ်သေးတယ်"





မောင်ရှိန်က အတည်ပေါက်ပြောနေရာမှ ဝင်၍ အသားယူလိုက်ပြန်သည်။ ကျွန်တော်တို့သည် ဤသို့ပင် လူငယ်ဘဝ မြင့်မြင့်အပေါ်၌ စိတ်ဝင်စားခဲ့ကြသည်။သို့သော်လည်း ဆရာနှင့် ဆရာကတော်၏ မျက်နှာကို ထောက်ထားကာ မည်သူကမှတော့ ဆရာကတော်၏တူမ မြင့်မြင့်ကို ကိုယ်ထိလက်ရောက် 'မစ' မိခဲ့ကြပါချေ။ မြင့်မြင့်တစ်ယောက် ရုံးသွားရုံးပြန်ကိုသာ အဝေးမှ ရသေ့စိတ်ဖြေ ငေးရုံသာ ငေးခဲ့ကြသည်။ သို့သော်လည်း တစ်နေ့တွင် ကျွန်တော့်အခန်းသို့ ကိုတင်မြင့် ရောက်လာသည်။

"ဒီမယ် ကိုအေးဝင်း၊ ကျွန်တော့်ကို ရတုတစ်ပုဒ်လောက် ရေးပေးစမ်းဗျာ"

"အလိုလေးဗျာ၊ ဘယ်လိုဖြစ်လာတာပါလိမ့်။ ဘာလုပ်ဖို့လဲ၊ ဘာရတုလဲ။ အင်းလျားသူလား၊ ဘင်တန်သူလား။ ဘယ်သူ့ကို မျက်စိကျလာပြန်ပလဲ"

သူသည် ပြုံးဖြီးဖြီး လုပ်နေ၏။ ပြီးမှ တဟဲဟဲနှင့် ရယ်လိုက်ကာ

"ဘယ်က အင်းလျားသူနဲ့ ဘင်တန်သူအတွက်မှ မဟုတ်ပါဘူး။ တကောင်းသူအတွက်ပါ"

ကျွန်တော်သည် ရုတ်တရက် သဘောမပေါက်လိုက်ဘဲ မျက်လုံးကို ကျယ်ကျယ်ဖွင့်ကာသာ သူ့ကို ကြည့်လိုက်မိရပြီးမှ

"ဘယ်က တကောင်းသူလဲဗျ။ ခင်ဗျာ့ဟာကလည်း မဟုတ်တာ"

"ဟုတ်ပါတယ်ဗျ။ကြာသပတေးနံပါတဲ့ တကောင်းသူကို ရည်ရွယ်ပြီး ပေးချင်လို့ပါ"

ဒီတော့မှပင် ကျွန်တော်သည် သဘောပေါက်ရပါ၏။

"ဟာ မလုပ်ပါနဲ့ဗျာ။ ဆရာနဲ့ ဆရာကတော်သိသွားရင် မကောင်းပါဘူး"

"ရည်းစားစာ မဟုတ်ပါဘူးဗျ။ မစိုးရိမ်ပါနဲ့။ သူ့ကို ရည်ရွယ်ပြီး



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ချောကြောင်း လှကြောင်း ရေးရမဲ့ ခွေးစေရတု တစ်ပုဒ်လောက် လိုချင်လို့ပါ။ ခင်ဗျားက စာရေးဆရာပေါက်စဆိုတော့ ရေးတတ်မှာပါ။ ကျွန်တော်က ခင်ဗျားတို့လို မရေးတတ်လို့"

"အလိုလေးဗျာ၊ ခွေးစေရတုရယ်လို့ပဲ။ ကြား မကြားဖူးပေါင်ဗျာ။ ကျေးစေရတုလို့ပဲ ရှိပါတယ်"

"ဟိုတုန်းက ခွေးစေရတု မရှိခဲ့ပေမယ့် ခုရေးရင် ရှိရမှာပေါ့ဗျာ။ ကျေးသားကလေးကို စေလွှတ်ပြီး ပေးတဲ့ရတုကို ကျေးစေရတုလို့ ခေါ်သလို၊ ခုလည်း ခွေးကလေးကို လည်ပင်းဆွဲပြီး ပေးရမယ့်ရတုဆိုတော့ ခွေးစေရတု မခေါ်လို့ ဘာခေါ်ရမတုန်း၊ ဟဲ ဟဲ"

ဖိုးတင်မြင့်သည် အားရပါးရပြောကာ အားရပါးရပင် ရယ်နေ၏။

ကျွန်တော် နားလည်ပါချေပြီ။ မြင့်မြင့်အား ရည်ရွယ်ပြီး ရေးဖွဲ့ရမည့် ရတုကို ဖိုးတင်မြင့်သည် ဆရာကတော်၏ မွေးစုတ်ဖွား ခွေးမကလေး မော်လီ၏ လည်၌ဆွဲကာ လွှတ်မည်ဟု ကျွန်တော် တွေးလိုက်မိသည်။ ထို့ကြောင့် ကျွန်တော်သည် သဘောကျစွာပင် သူနှင့်အတူလိုက်၍ ရယ်မိရပြန်၏။

"ရတုဆိုရင်တော့ သက်နိုင်ကို ရေးခိုင်းဗျာ။ သူက ကဗျာဆရာဆိုတော့ သူ့ကို ရေးခိုင်းမှ ဟန်ကျမှာ"

ဖိုးတင်မြင့်က သူ့ခေါင်းကို ရမ်း၏။

"ဟာဗျာ၊ ဒီလူ့ကို ခိုင်းလို့မရပါဘူး။ သူ့ကို ရေးပေးပါလို့ ကျွန်တော် ပြောနေတာ ကြာလှပြီ။ ရေးပေးမယ်၊ ရေးပေးမယ်ဆိုပြီး သူ့မမနွယ်ရဲ့ကိစ္စနဲ့ချည့် အချိန်ကုန်နေတာပါပဲ။ ခင်ဗျားပဲ ရေးပေးပါဗျာ။ ကဲ ရေးဆို အခုရေး"

"ဟာ ခင်ဗျားကလဲ ခုချက်ချင်းကြီးရေးလို့တော့ ဘယ်ရမလဲဗျ။ တစ်ရက်နှစ်ရက် စောင့်ဦးမှပေါ့"

"တစ်ရက်နှစ်ရက် လုပ်မနေနဲ့ဗျာ။ ခုည ပြီးအောင်ရေး၊ မနက်ဖြန်



www.foreverspace.com.mm



ကျွန်တော် လာယူမယ်။ ဒါမှဖြစ်မှာဗျ။ နက်ဖြန်ခါ တနင်္ဂနွေနေ့ မဟုတ်လား။ မြင့်မြင့် ရုံးသွားမှာမဟုတ်ဘူး။ သူရှိနေတုန်းမှာမှ ခွေးစေရတု ပို့လို့ရမှာ"

"ကောင်းပါပြီဗျာ။ ကျွန်တော် ကြိုးစားပြီး ရေးလိုက်ပါ့မယ်။ နက်ဖြန်ခါတော့ ရရောပေါ့ဗျာ"

ကျွန်တော်က ကတိပေးလိုက်မှပင် သူသည် ကျေနပ်သွားပုံရကာ အခန်းတွင်းမှ ပြုံးရွှင်စွာ ထွက်ခွာသွားသည်။

ဖိုးတင်မြင့်အား ပေးလိုက်သည့် ကျွန်တော် ကတိအရပင် ကျွန်တော်သည် ထိုနေ့ညက ကြိုးစားပမ်းစား ကဗျာစပ်ခဲ့ရသည်။ စာစပ်၍တော့ ပြီးခဲ့ပါ၏။ ရတုလား၊ ကဗျာလား ဘာလားတော့ဖြင့် မသိ။

ကျွန်တော့်ကဗျာကို ကျွန်တော် ပြန်ဖတ်ပြီး ပြုံးမိရသေးသည်။

*

နောက်တစ်နေ့ နံနက်ဦးမှာပင် လုံ့လဝီရိယကြီးစွာဖြင့် ကျွန်တော့်ထံသို့ ဖိုးတင်မြင့် ရောက်လာသည်။

"ဘယ့်နှယ်လဲ၊ ပြီးသွားပြီလား စာဆိုကြီးရဲ့၊ ပြစမ်းပါဦး"

သူသည် အလောတကြီးပင်မေးနေသဖြင့် ကျွန်တော်ကလည်း ညက ရေးထားသော ခွေးစေရတုကို ထုတ်ပေးလိုက်ရသည်။ သူသည် ချက်ချင်းပင် ဖတ်ကြည့်ပြီးနောက် ဝမ်းသာအားရနှင့် ကျေနပ်စွာပင်ဆိုသည်။

"ဟာ အိုကေပဲ၊ အိုကေပဲ။ ကောင်းတယ်။ ဟုတ်ပြီ၊ ဟုတ်ပြီ။ ဒီကိစ္စကို ကနေ့ပဲ ဖြစ်အောင် လုပ်ရမယ်"

"ကဲ ကြိုက်ရင်လည်း ခင်ဗျာ့လက်ရေးနဲ့ ပြန်ရေးဦး။ ဒါမှ သပ်သပ်ရပ်ရပ် ဖြစ်မှာ"

ကျွန်တော် အကြမ်းရေးထားသော ရတုကို သူသည် အားတက်သရောပင် အချောကူးသည်။ ထိပ်စီးကိုပင် သူက ထည့်လိုက်သေး၏။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ခွေးစေရတု

၁။ ပြောက်ကျားဝိုက်ခွေ၊ မွေးလိပ်ဝေနှင့်၊ ညိုရွှေဖြူလွ၊ ကြည့်တိုင်းလှသည့်၊ အာစရိယ၊ ကြင်ဖော်လှ၏၊ ယုယပေသော၊ သုနကွော။

၂။ လျှောက်ထားလိုက်လေ၊ နှောင့်နွှေသက်မျှ၊ ချစ်လွန်းရသည့်၊ လှမျိုးနတ်နွယ်၊ မြင့်ကေသွယ်သို့၊ ဆယ်သက်မကွာ၊ ဆက်တိုင်းမှာပင်၊ ကြင်နာယုယ၊ ချစ်လိုလှသည်၊ စိတ်ကရည်စော၊ မောင့်သဘော။

၃။ ရောက်သွားဆိုက်စေ၊ မောင့်ချစ်မေထံ၊ မသွေမဖီ၊ ဦးတိုက် ချည်လော့၊ သာကြည်ချိုအေး၊ မေတ္တာတေးကို၊ တုံ့နှေးမရှိ၊ လျှောက်လိုက်ဘိသည်၊ တစ်စိမကျန်၊ အမြန်ပြန်ပြော၊ သုနကွော။

သူ အချောကူးရေးထားပြီးသော စာရွက်ကိုယူကာ ကျွန်တော်သည် ပြန်လည်၍ ဖတ်ကြည့်မိသည်။ ဖတ်ကြည့်ပြီးနောက် စိုးရိမ်စိတ် ဝင်လာရ၏။

"ဟော့လူ၊ ဖြစ်ပါ့မလားဗျ။ ဒီရတုက အလှဘွဲ့မဟုတ်ဘဲ မေတ္တာဘွဲ့ ဖြစ်နေပြီ။ နေဦးဗျာ၊ ကျွန်တော် အသစ်ပြင်ပြီး ရေးလိုက်ဦးမယ်"

"ဟာ ပြင်ရေးမနေပါနဲ့တော့ဗျာ။ ဒီအတိုင်းပဲ ထားလိုက်ပါ။ ဘယ်သူ ဘယ်ဝါက ပေးတယ်လို့ တိတိကျကျ ဖော်ပြထားတာမှ မဟုတ်ဘဲ။ ခွေးလည်ပင်း ဆွဲလွှတ်မယ့်စာပဲဗျာ။ အပျော်လုပ်တာပဲဟာ၊ နေပါစေ"

ဖိုးတင်မြင့်က ကျွန်တော့်အဆိုကို ကန့်ကွက်သဖြင့် ကျွန်တော်သည် ဘာမျှမပြောတော့ဘဲ သူ့ကိုသာ ပြုံး၍ ကြည့်နေလိုက်ရသည်။ ဖိုးတင်မြင့်သည် စာရွက်ကလေးကို ခေါက်၍ သူ့အိတ်ထဲသို့ ထည့်ပြီး ပြန်သွားသည်။

နံနက်စာ ထမင်းစားပြီးချိန်လောက်၌ ဖိုးတင်မြင့်သည် ကျွန်တော့် အခန်း၏ ဘေးတစ်ဖက်ခန်းဖြစ်သော မြင်းခြံသား ကိုလှမောင်ထံသို့ ရောက်လာသည်။ သူနှင့်အတူလည်း အခြားကျောင်းသား လေးဦးခန့် ပါလာကြ၏။

တင်မြင့်တစ်ယောက် ခွေးစေရတု ပို့တော့မည်ဆိုသည့် သတင်းမှာလည်း ကျွန်တော်တို့ သူငယ်ချင်းများအကြား၌ ပျံ့လျက်ရှိလေပြီ။





"ကဲ ကိုလှမောင်၊ အညာကပါလာတဲ့ ခင်ဗျား ထန်းလျက်ပုလင်း ထုတ်စမ်းဗျာ"

ကိုတင်မြင့်၏ စကားကြောင့် ကိုလှမောင်သည် ထန်းလျက်ပုလင်းကို စားပွဲပေါ်သို့ ချပေးသည်။

"စားကြပါဗျာ။ ထန်းလျက်ကတော့ ကျွန်တော့်အခန်းမှာ အမြဲ ရှိပါတယ်"

သို့သော် တင်မြင့်သည် ထန်းလျက်ကို ယူမစားဘဲ သူ့ရည်ရွယ်ချက် ကိုသာ ပြောသည်။

"ခင်ဗျားထန်းလျက်ကို စားချင်လို့ မဟုတ်ပါဘူးဗျာ။ မော်လီကို ထန်းလျက်ပြပြီး ခေါ်ရအောင်လို့ပါ"

ဒီတော့မှပင် ကျွန်တော်သည် ဖိုးလှမောင်၏ အကြံကို ရိပ်စားမိရသည်။ သူသည် ဆရာကတော်၏ ခွေးမကလေး မော်လီကို ထန်းလျက်နှင့် မျှားခေါ်ပြီး လည်ပင်း၌ စာဆွဲလွှတ်မည်ဖြစ်၏။ မော်လီကိုလည်း ဖိုးလှမောင်ခေါ်လျှင် အလွယ်တကူ ရပါ၏။ ထန်းလျက်ကျွေးလေ့ရှိသည့်အတွက် ကိုလှမောင် ကိုလည်း မော်လီက ခင်နေ၏။

"မော်လီကို ခေါ်ချင်ရင်တော့ ကိုလှမောင် ခေါ်လို့ရပါတယ်ဗျာ။ သူ အသံပေးလိုက်ရင် ဟိုက ပြေးလာမှာပါ။ ဒီလူက နေ့စဉ် ထန်းလျက်ကျွေးနေ တာပဲဟာ"

ကျွန်တော်က ထိုသို့ ဝင်ပြောလိုက်သဖြင့် မောင်ရှိန်က

"ဟာ၊ ကိုလှမောင်က ခွေးမကလေးကို ထန်းလျက် ကျွေးကျွေးနေတယ် ဆိုတော့ ဟင်းဟင်း.... ရိုးမှ ရိုးရဲ့လားဗျာ။ တော်တော်ကြာ ခွေးမကလေးက လူကလေးမွေးခြင်းဆိုသဲ့ သတင်းထူး၊ သတင်းဆန်းတွေ ဖြစ်နေပါဦးမယ်"

မောင်ရှိန်က သူ့ဝသီအတိုင်း 'နောက်' လိုက်ခြင်းဖြစ်သော်လည်း ရှက်တတ်သော ကိုလှမောင်၏ မျက်နှာသည် ရဲခနဲဖြစ်သွားပြီး....



www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"ဟာဗျာ၊ ခင်ဗျားဟာကလည်း မဟုတ်တာ" ဟုသာ ရှက်ကိုးရှက်ကန်းနှင့် ဆိုလိုက်ရသည်။

"ဟေ့လူ ကိုရှိန်ကြီး၊ နောက်မနေစမ်းနဲ့ဗျာ။ ကိုလှမောင်က ရှက်တတ်ပါဘိသနဲ့။ တော်တော်ကြာ မော်လီကို သူခေါ်မပေးလို့ ခွကျနေပါဦးမယ်"

တင်မြင့်က ဝင်၍ မောင်ရှိန်ကို ဟန့်တားလိုက်ပြီးနောက် လှမောင်ကို ဆက်ပြော၏။

"ကဲ ကိုလှမောင်၊ မော်လီကို ခေါ်ပေးစမ်းဗျာ"

"မော်လီကိုခေါ်ပြီး ဘာလုပ်မလို့လဲ"

လှမောင်က ပြန်မေးလိုက်သဖြင့် တင်မြင့်သည် သူ့အိတ်အတွင်းမှ စာရွက်ကို ထုတ်ရင်း ပြောပြသည်။

"ခွေးစေရတု ပို့မလို့"

"ဘာ၊ ခွေးစေရတု ဟုတ်လား"

အကျိုးအကြောင်း မသိသေးသော ဖိုးလှမောင်က တအံ့တဩနှင့် ပြန်လည်ရေရွတ်လိုက်သည်။ ထို့ကြောင့် ကျွန်တော်က ကြားဝင်ကာ တင်မြင့်၏ အကြံအစည်ကို ပြန်လည်၍ ရှင်းပြလိုက်ရ၏။

တင်မြင့်က သူ့စာရွက်ကလေးကို ဖြန့်လိုက်ပြီး....

"ကဲ၊ ဒီရတုကို မဖတ်ရသေးတဲ့လူတွေ ကြားရအောင် ကျွန်တော် ဖတ်ပြဦးမယ်။ ဒီခွေးစေရတုကို ရေးစပ်ဖွဲ့ဆိုသူကတော့ ဟောဒီက စာဆိုကျော်ကြီးကိုအေးဝင်းပါပဲဗျား" ဟုဆိုကာ ရတုကို သံနေသံထားနှင့် ဖတ်ပြနေလိုက်သေးသည်။

သူ ဖတ်ပြ၍ ဆုံးသောအခါ၌ ဥပစာတန်းကို အောက်တန်းမြန်မာစာ (Lower Burmese) ဖြင့် အောင်ခဲ့သော ဘီအက်စီ အင်ဂျင်နီယာ ပထမနှစ် ကျောင်းသား ကုလားကလေး ရာဂျာက ဝင်မေးသည်။



www.foreverspace.com.mm



"နေပါဦးဗျ။ ခင်ဗျားစာထဲက 'သုနက္ခော' ဆိုတာ ဘာလဲ။ ကောင်မလေး သွားခေါ်တာကို ပြောတာလား"

သူ့စကားကြောင့် အားလုံးက တဟားဟားရယ်ကာ ပွဲကျသွား၏။ မောင်ရှိန်က

"ဟ၊ 'သုနက္ခော' ဆိုတာ ကောင်မလေး သွားခေါ်တာကို ပြောတာ မဟုတ်ဘူး။ ကောင်မလေးလှလွန်းလို့ 'နတ်မိမယ်ကလေး' လို့ တင်စားပြီး ပါဋ္ဌိလိုပြောတာ သိလား။ မသေမချင်း မှတ်ထားနော် ကုလားပု။ 'သုနက္ခော' ဆိုတာ 'နတ်မိမယ်ကလေး' လို့ ပြောတာ"

မောင်ရှိန်က ခပ်တည်တည်ပြောလိုက်သည်ကို အားလုံးက ဝိုင်းရယ်လိုက်ကြမိရပြန်၏။

"တော်တော့ဗျာ။ အလကား အချိန်ကြာတယ်။ ကဲ ကိုလှမောင် ခင်ဗျားဟာလေး ခေါ်တော့ဗျာ"

"ဘာ ခင်ဗျားဟာလေးလဲဗျ။ ဘာခေါ်ရမှာလဲ။ ခင်ဗျားစကားက"

ဖိုးလှမောင် မကျေမနပ်နှင့် လေသံမာမာဖြင့် ပြန်မေးလိုက်မှ တင်မြင့်သည် သူ့စကား မှားသွားသည်ကို သတိပြုလိုက်မိကာ ပျာပျာသလဲပင်

"ဟာ ဆောရီးဗျာ ဆောရီး၊ မော်လီကို ခေါ်ပေးဖို့ ပြောတာပါဗျာ။ လုပ်ဗျာ၊ မြန်မြန်"

"နေစမ်းပါဦး၊ ခင်ဗျားက ဒီလောက်လောနေရအောင် အိမ်ထဲမှာ ဆရာနဲ့ ဆရာကတော် ရှိနေရင် ခွကျနေမှာပေါ့"

ကျွန်တော်က ဝင်ပြီး မေးလိုက်မိသဖြင့်

"မရှိပါဘူးဗျာ။ စောစောက ဆရာ့ကား ထွက်သွားတာ မတွေ့လိုက်ဖူးလား။ ဆရာသွားရင် ဆရာကတော်လဲ အမြဲပါသွားတာပဲဟာ"

သေချာသောလေသံနှင့် တင်မြင့်က ပြန်ပြောသဖြင့် ကျွန်တော်လည်း ဘာမျှ ပြန်မပြောနိုင်တော့။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဆရာ့တွင် ဆလွန်းကားနက်ကြီးတစ်စီးရှိသည်။ တနင်္ဂနွေနေ့ဆိုလျှင် ဆရာနှင့် ဆရာကတော်သည် ကားနှင့် ထွက်သွားတတ်ကြလေ့ရှိပါ၏။

ကိုလှမောင်သည် အခန်းအပြင်ဘက်သို့ ထွက်ကာ ခွေးကို ခေါ်သော လေချွန်သံမျိုးဖြင့် သံရှည်ဆွဲ၍ လေချွန်သည်။ သူသည် ခေတ္တနားလိုက်၊ လေဆက်ချွန်လိုက်ဖြင့် မော်လီ့ကို ခေါ်နေ၏။ ကျွန်တော်တို့အားလုံးသည် အနည်းငယ်ဟနေသော ဆရာတို့ အခန်းတံခါးမကြီးကို မျှော်လင့်ခြင်းကြီးစွာဖြင့် ငေးကြည့်နေမိကြ၏။

ဆရာတို့အခန်း၏ တံခါးဝသည် ကျွန်တော်တို့၏ အခန်းရှေ့ရှိ ကော်ရစ်ဒါ စင်္ကြံလမ်းနှင့် ဦးတိုက်လျက် တည်ရှိသည်။ ကျွန်တော်တို့အခန်းတန်းတစ်လျှောက်၏ ဘယ်ဘက်အစွန်ဆုံး ထောင့်ခန်းနှင့် ဆရာ့အိမ်ခန်း၏ အကြား၌လည်း အဆောင်၏ နောက်ဖက်ခန်းများသို့သွားရာ စင်္ကြံလမ်း ခြားလျက်ရှိသေးသည်။

ကိုလှမောင်သည် လေကို ကြာကြာမချွန်လိုက်ရ။ မော်လီသည် အမြီးကလေးနန့်ကာ အပြေးထွက်လာသည်။ ဖိုးလှမောင်၏ လေချွန်သံသည် မော်လီ ထန်းလျက် စားရတော့မည့် သင်္ကေတတစ်ခုပင်ဖြစ်၏။ ကိုလှမောင်သည် မော်လီ၏လည်ပတ်ကလေးကိုဆွဲကာ အခန်းတွင်းသို့ ခေါ်လာသည်။

မော်လီကို တင်မြင့်က ထန်းလျက်တစ်ခဲ ကျွေးလိုက်ပြီးနောက် သူ့လက်တွင်းရှိ ခွေးစေရတု စာရွက်ကလေးကို မော်လီ၏ သားရေလည်ပတ်ဖြင့် ပူးလျက် ကြိုးကလေးနှင့်ချည်လိုက်သည်။တင်မြင့်၏မျက်နှာသည် ပြုံးနေ၏။ သူ၏ ကြံ့ပမ်းချက်ကြီး အောင်မြင်ပေပြီ။ သို့သော်လည်း မော်လီသည် ချက်ချင်းပြန်လှည့်၍မသွား။ ဖိုးလှမောင်၏ ခြေထောက်ကို သူ့ဦးခေါင်းနှင့် ပွတ်ကာ အမြီးကလေး တနန့်နန့်နှင့် ရှိနေပြန်၏။

"ကိုလှမောင် ခင်ဗျာ့ဟာကလေး အဲ အဲ.... မော်လီကို ပြန်လွှတ်တော့ဗျာ။ မောင်းထုတ်လိုက်စမ်းဗျာ"



www.foreverspace.com.mm



စိတ်စောနေသော တင်မြင့်က လောဆော်ကာ တိုက်တွန်းလိုက်သဖြင့် လှမောင်သည် မော်လီ့ကို လက်ဖြင့် တွန်းလွှတ်သည်။ သို့သော် မော်လီသည် ပြန်လှည့်၍ မသွားဘဲ ရှိနေပြန်သည်။

"ကဲ မော်လီပြန်တော့။ နင့်သခင်မကလေးဆီကို အဲဒီစာ သွားပို့ချည်"

လှမောင်က ထိုသို့ပြောကာ မော်လီကို တွန်းလွှတ်သော်လည်း မော်လီသည် နားမလည်ရှာ။ သူ့ကို ဖိုးလှမောင်က ပွတ်သပ်ကျီစယ်နေသည် ဟုပင် ထင်နေဟန်ရှိပါ၏။ စိတ်မရှည်တော့သော တင်မြင့်သည် ကြမ်းပြင်ကို ခြေထောက်နှင့် ဆောင့်၊ လက်ခုပ်တီး၍ ပါးစပ်မှလည်း "ဟဲ့ မိမော်လီ၊ သွားသွား" ဟု အော်ပြီး ခြောက်လှန့်လိုက်သည်။

ခွေးမလေး မော်လီသည် ကြောက်လန့်တကြားဖြစ်ကာ တဟုန်ထိုး ပြေးထွက်သွား၏။ သို့သော်လည်း သူပြေးသွားသည်မှာ သူ့အိမ်ခန်းထဲဆီသို့မူ မဟုတ်၊ ကော်ရစ်ဒါထောင့်ချိုးကို ကွေ့ကာ ကျောင်းဆောင် နောက်ဘက် စင်္ကြံလမ်းအတိုင်းသာဖြစ်၏။

ဤတွင် တင်မြင့်သည် မော်လီ၏ နောက်သို့ အပြေးလိုက်၏။ ဘာရယ်မဟုတ်။ တစ်ယောက်လုပ်လျှင် နောက်ကလိုက်ပြီး ပူးပေါင်းလုပ်တတ်သော ကျွန်တော်တို့၏ ဝသီအတိုင်းပင် ကျွန်တော်တို့တစ်တွေလည်း တင်မြင့်၏ နောက်က ပြေး၍ လိုက်ကြ၏။ မော်လီသည် ရှေ့ဆုံးက။

သူ့နောက်က တင်မြင့်။

တင်မြင့်၏နောက်ဆီက ကျွန်တော်တို့တစ်တွေ။

တန်းစီ၍လိုက်ကြကာ မာရသွန်ပြေးပွဲကို ဆင်နွှဲနေကြ၏။

မော်လီသည် အရှေ့ဘက် အစွန်ဆုံး ကော်ရစ်ဒါထောင့်သို့ ရောက်သောအခါ၌ ဘယ်ဘက်သို့ကွေ့ကာ ပတ်ပြီး၊ သူ၏အခန်းဆီသို့ ဦးတိုက်၍ ပြေးနေ၏။ ကျွန်တော်တို့သည် ပျော်ပျော်ပါးပါးပင် နောက်မှနေ၍ တဟေးဟေး အော်ကာ လိုက်ကြ၏။ မြို့ထဲသို့ မထွက်ဘဲ ကိုယ့်အခန်းတွင်း၌ကိုယ်



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ရှိနေကြသော ကျောင်းသားများသည် တံခါးကိုဖွင့်ကာ ထွက်ကြည့်ကြ၏။ သူတို့သည် အဓိပ္ပာယ်ကို နားမလည်သော်လည်း ကျွန်တော်တို့၏ အဖြစ်ကို အံ့သြနေကြဟန်ရှိ၏။

ကျွန်တော်တို့သည် စင်္ကြံလမ်းအတိုင်း ပြေးကြရင်း အရှေ့ဘက် အဆောင်တန်းအား တစ်ပတ် ပတ်မိကြပြီ။ဆရာ၏အခန်းဝရှေ့သို့ ရောက်ကြပြန်ပြီ။ သို့သော်လည်း ကြောက်အားလန့်အား ပြေးနေသော မော်လီသည် သူ့အိမ်တံခါးမကြီးမှ တံခါးရွက်များ ပွင့်မနေဘဲ စေ့လျက်ရှိနေသဖြင့် ဝင်မပြေးနိုင်ဘဲ အဆောင်စင်္ကြံလမ်းအတိုင်း ဘယ်ဘက်သို့ပတ်၍ ကျော်ပြေးသွားပြန်သည်။ ကျွန်တော်သည် ဆရာ့အိမ်ခန်းတံခါးမကြီး၏ ပိတ်နေသော တံခါးရွက်ကို လက်ဖြင့် တွန်းဟဖွင့်ထားခဲ့ပြီး ဆက်လက်ပြေးလိုက်သွားရပြန်၏။

ပထမအကြိမ် တစ်ပတ်ပြေးကြစဉ်က ကိုယ့်အခန်းဝမှကိုယ် ထွက်ကြည့်ကြသော ကျောင်းသားများသည် ယခုတစ်ပတ်တွင်မူ ကျွန်တော်တို့နှင့်အတူ ရောရှ၍ ပြေးလိုက်လာကြ၏။သို့သော် သူတို့သည် ဘာမှန်းတော့ဖြင့် မသိကြ။ ကျွန်တော်တို့နှင့်အတူ ပြေးလိုက်လာရင်းကသာ မေးကြသည်။

"ဟေ့လူတွေ ပြောကြစမ်းပါဦးဗျ။ ဒီခွေးကလေးနောက်က ဘာဖြစ်လို့ လိုက်ပြေးနေကြတာလဲ"

သို့သော် ကျွန်တော်တို့သည် သူတို့အား ရေရေလည်လည် ရှင်းပြချိန်မရ။

"သူ့အခန်းကို သူပြန်အောင် လိုက်ခြောက်ကြတာပါဗျာ" ဟုသာ ခပ်တိုတို ပြောနိုင်ကြသည်။ သူတို့သည် ဘာမျှဆက်မမေးတော့။ ပျော်ပျော်ပါးပါးကြီးသာ ကျွန်တော်တို့နှင့်အတူ ပြေးလိုက်ရင်း ပါးစပ်မှလည်း တဟေးဟေး လိုက်အော်နေကြ၏။ကျောင်းသားဘဝ၏ ပျော်ရသော အဖြစ်တစ်ခုအနေနှင့် အားလုံးသည် တစ်စိတ်တည်းတစ်ဝမ်းတည်း ဖြစ်နေကြရ၏။





အဆောင် ရှေ့ဘက်မျက်နှာစာ ကော်ရစ်ဒါသို့ ရောက်ကြပြန်ပြီ။ ခွေးကလေးသည် သူ့အိမ်ခန်းပေါက်ဆီသို့ ဦးတည်၍ ပြေးလျက်ရှိပြန်ပြီ။ ဒီတစ်ခါတော့ မော်လီသည် သူ့အခန်းတွင်းသို့တန်းတန်းမတ်မတ် ရောက်ပေတော့မည်။

သို့သော်လည်း ကျွန်တော့်အထင်နှင့် မျှော်လင့်ချက်သည် မှားပြန်ပြီ။

ကျောင်းသားအချို့သည် နောက်ဘက်သို့သွားရာ စင်္ကြံလမ်းထောင့်မှ စောင့်လျက်ရှိကြသည်။မော်လီကို နောက်တစ်ချီ တစ်ပတ်ပြန်ကျော့ မပြေးနိုင်စေရန် လမ်းကိုပိတ်ထားကြခြင်းဖြစ်သည်။ သို့သော်လည်း သူတို့တစ်တွေကို မြင်သည့် မော်လီသည် သူတို့နှင့်မဝေးလှသော သူ့အိမ်တံခါးပေါက်ကြီးဆီသို့ ဝင်မပြေးဘဲ ညာဘက်သို့ ချိုးကာ လှေကားကြီးအတိုင်း အောက်ထပ်သို့ ဆင်းပြေးတော့သည်။

ကျွန်တော်တို့သည် အားမလျော့ဘဲ မော်လီ၏ နောက်သို့သာ ပြေးလိုက်သွားမိကြ၏။ မော်လီသည် အောက်ထပ်သို့ ရောက်သောအခါတွင် အောက်ထပ်အဆောင် ရှေ့ဘက်တောင်ပံ၏ ကော်ရစ်ဒါအတိုင်း ပတ်၍ ပြေးပြန်သည်။ တဝုန်းဝုန်းတရုံးရုံးနှင့် အော်ဟစ် ပြေးလွှားနေကြသော ကျွန်တော်တို့ လူအုပ်ကို အခန်းတွင်းရှိ ကျောင်းသားများက ထွက်ကြည့်ကြပြီး တချို့ကလည်း ဘာမသိ ညာမသိနှင့်ပင် ကျွန်တော်တို့နှင့် ရောနှော၍ ပြေးလိုက်လာကြပြန်၏။ ဒီလိုနှင့်ပင် ကျွန်တော်တို့၏ 'ခွေးခြောက်ပွဲ' ကြီး၌ ကျောင်းသား နှစ်ဆယ်ခန့်မျှ ရှိလာရ၏။

မော်လီသည် ရှေ့ကပြေး၊ ကျွန်တော်တို့က နောက်ကလိုက်ရင်းနှင့် အောက်ထပ်အဆောင် အရှေ့ဘက်ပိုင်း၏ စင်္ကြံလမ်းကိုလည်း တစ်ပတ် ပတ်မိခဲ့ကြရပြန်သည်။ နောက်တစ်ပတ် မပတ်နိုင်အောင် ကျောင်းသား အချို့က ကော်ရစ်ဒါလမ်းကို ပိတ်ပေး၏။

သို့သော် မော်လီသည် အဆောင်အပေါ်ထပ်သို့မူ ပြန်တက်၍မပြေး၊



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ထမင်းစားခန်းမကြီး၏ ဘေးမှဖြတ်ကာ အဆောင်အနောက်ဘက်တန်း (West Win) ဘက်သို့ ပြေးသွား၏။

အနောက်ဘက်တန်းကိုလည်း မော်လီသည် စကြီလမ်းအတိုင်း တစ်ပတ်ပတ်၏။ထိုမှာဘက်ရှိကျောင်းသားတို့ကလည်း ဘာမသိညာမသိနှင့် ကျွန်တော်တို့အုပ်စုနှင့် ဝင်ရောကာ ပြေးလိုက်ကြပြန်သည်။ ကျွန်တော်တို့ တစ်ဆောင်လုံးပင် တဝုန်းဝုန်းနှင့်ဆူညံနေ၏။ပြေးရသည်မှာ မောသော်လည်း ပျော်စရာကြီးဖြစ်နေ၏။ ခွေးလိုက်သည့် အဖွဲ့ဦးရေသည် သုံးဆယ်ကျော်ခန့် မျှထိ များပြားလာသည်နှင့်အမျှ လူတစ်ယောက်နှင့် တစ်ယောက် တိုက်မိခိုက်မိကြ၏။ ထိုမျှမက ကျွန်တော်တို့တစ်တွေသည် ခွေးကလေး မော်လီ၏ နောက်မှ ပြေးလိုက်နေကြသည့်ပုံမျိုး မဟုတ်တော့ဘဲ ခွေးနှင့်လူ အတူရောရှ် ပြေးလျက်ရှိနေကြတော့သည်။ အချို့ကျောင်းသားများသည် မော်လီ၏ ရှေ့မှပင် ရောက်နေကြ၏။ ဘယ်လိုဖြစ်နေကြသည်ဟုပင် မပြောနိုင်တော့။ ဆူသံ၊ အော်သံတို့မှာလည်း အစီစီကလေးတမျှ ပွက်ပွက်ညံနေပြီဖြစ်၏။

ကျွန်တော်တို့ကျောင်းအဆောင်နှင့် မျက်နှာချင်းဆိုင် တည်ရှိနေသော ပြည်ကျောင်းဆောင်မှ ကျောင်းသားများမှာလည်း သူတို့ကော်ရစ်ဒါ ဝရန်တာမှ နေ၍ တန်းစီကာ ရပ်လျက် ကျွန်တော်တို့၏ မာရသွန် ခွေးလိုက်ပွဲကြီးကို တအံ့တသြကြည့်ရင်း လက်ခုပ်တီးပေးနေကြ၏။

တခြားကျောင်းသားများ၏ အဖြစ်ကိုတော့မသိ။သို့သော် ကျွန်တော်မှု တစ်ကိုယ်လုံး ချွေးတို့ဖြင့် ရွှဲရွှဲစိုလျက်ရှိပြီး မောလည်း မောလှပြီ။ ပျော်လွန်း၍သာ မောမောနှင့် လိုက်ပြေးနေမိသေးခြင်းဖြစ်၏။

ခွေးကလေးမော်လီသည် မောရှာလှပြီ။သူ့လျှာကလေးဝယ် သွားရည်တို့ဖြင့် ရွှဲရွှဲစိုလျက် လျှာထွက်လျက်လည်းရှိပြီ။ သူလည်း ဘာမသိညာမသိနှင့် ကြောက်ရှာလွန်း၍သာ မရပ်မနား ပြေးနေရဟန် ရှိပါ၏။

မူလ ဆင်းလာခဲ့သော လှေကားအနီးသို့ ရောက်သောအခါတွင်



www.foreverspace.com.mm



မော်လီသည် ကျောင်းဆောင်အပေါ်ထပ်သို့ တက်ပြေးသည်။ မော်လီရှေ့မှ ရောက်လျက်ရှိကြသော ကျောင်းသားတို့မှ သူတို့ဟာသူတို့ အရှေ့ဘက် တောင်ပံဘက်သို့ ဆက်ပြေးသွားကြ၏။ မော်လီ၏ နောက်မှရှိနေသော ကျွန်တော်နှင့် ကျောင်းသားများသည်သာ အပေါ်ထပ်သို့ တက်လိုက်ကြ၏။ လှေကားအဆုံး အပေါ်ထပ်သို့ရောက်ပါမှ ကျွန်တော်တို့တစ်တွေသည် ကိုယ်ရှိန်သတ်ကာ ဒက်စတော့ (Dead Stop) ဘရိတ်ဖမ်း၍ ရပ်လိုက်ကြရ၏။ မရပ်၍လည်း မဖြစ်။ ဆရာကတော်သည် သူ့အခန်းတံခါးဝရှေ့၌ ရပ်လျက် ရှိနေသည်ကို တွေ့လိုက်ရ၍ဖြစ်ပါ၏။ မော်လီမှု ဟောဟဲ ဟောဟဲ အသံထွက်ကာ ဆရာကတော်ခြေရင်း၌ ဝပ်လျက် လဲနေ၏။ ဆရာကတော်သည် ကျွန်တော်တို့ကို လှမ်းကြည့်လိုက်ပြီးနောက်

"ဟဲ့ ဘယ်လိုဖြစ်လာကြတာလဲ" ဟု အံ့သြဟန်နှင့် မေးလိုက်သည်။ သို့သော်လည်း ဆရာကတော်၏ အမေးကို ဘယ်သကောင့်သားသူရဲကောင်းကမှ ပြန်မဖြေကြ။ အလျှိုလျှိုနှင့်သာ ခေါင်းကိုငုံ့၊ ကိုယ်ကိုယို့၍ နောက်ကြောင်း ပြန်ဆုတ်ခွာသူက ဆုတ်ခွာသွားကြ၏။ ရှေ့ဆုံး၌ရှိနေသူ ကျွန်တော်ကလည်း သွားကလေးဖြဲကာ ဆရာကတော်ကိုကြည့်ရင်း မဆို့တရို့ရယ်ပြ၏။ ပြီးမှ....

"ဘာမှမဟုတ်ပါဘူး ဆရာကတော်။ ဟဲဟဲ" ဟု အူကြောင်ကြောင်နှင့် ခပ်အန်းအန်းကလေးပြန်ပြောပြီးမှ ကိုယ့်အခန်းဆီသို့ ကိုယ်ခပ်သွက်သွက်ကလေး လှမ်းခဲ့ရသည်။ တဒင်္ဂအတွင်းမှာပင် ကျွန်တော်တို့ လူစုကွဲကာ ပျောက်ကွယ်သွားကြ၏။ ခုမှပင် မာရသွန်ခွေးလိုက်ပွဲကြီးလည်း ပြီးရပေပြီ။

ကျွန်တော်သည် အခန်းသို့ရောက်ပြီးနောက် တံခါးဘောင်ကိုကွယ်၍ ဆရာကတော့်ဆီသို့ လှမ်းကြည့်လိုက်ရသည်။

ဆရာကတော်သည် မော်လီကို တယုတယ ပွေ့ယူ၏။ ဒီတော့မှပင် မော်လီ၏လည်ပင်း လည်ပတ်၌ ချိတ်လျက်ရှိနေသော စာရွက်ကလေးကို



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



တွေ့မြင်ကာ ဖြုတ်ယူလိုက်ပြီး သူ့လက်တစ်ဖက်တည်းနှင့်ပင် စာရွက်ကို ဖြန့်ကြည့်နေသည်။ ကျွန်တော်သည် ဆရာကတော် ဤစာရွက်အား ဖတ်ကြည့်မည်ကို မမြင်ရဲ၍ ကိုယ့်ခုတင်ပေါ်သို့သာ ကိုယ့်ဟာကိုယ် ပစ်လှဲအိပ်ချလိုက်ရင်း ရင်တွင်းမှအမောကို ဖြေလိုက်မိရတော့သည်။

ဆရာကတော်သည် ဆရာ့ကိုများ တိုင်လေမည်လား။

ဆရာနှင့်အတူ ဆရာကတော် လိုက်ပါမသွားသည်ကို မသိဘဲ အထင်နှင့် စွတ်လုပ်သော ဖိုးတင်မြင့်ကိုသာ ကျွန်တော်သည် စိတ်တွင်းမှ နေ၍ ဒေါပွနေလိုက်မိရပါ၏။

*

ဤ 'မာရသွန်ခွေးနှင့်အတူ ပြေးပွဲကြီး' ၏ နောက်ဆက်တွဲအဖြစ် အထိနာရသူမှာ ကုလားကလေး ရာဂျန်ဖြစ်ပါ၏။

ရာဂျန်သည် ဒုတိယနှစ် ဥပစာတန်း၌ တက်နေသော ကုလားကပြားမကလေး ဒေါ်ရော်သီကို သဲသဲမဲမဲ ပိုးနေသူဖြစ်၏။ သူချစ်နေသူမှာ ကုလားကပြားမကလေးဖြစ်သော်လည်း သူယူသော ဘာသာရပ်အတွဲ၌ စိတ်ကြိုက်မြန်မာစာပါ၏။ ထို့ကြောင့် ရာဂျန်သည် ဥပစာတန်း တက်ခဲ့စဉ်က အောက်တန်း မြန်မာစာ (Lower Burmese) ကို ယူခဲ့ရသူဖြစ်သော်လည်း မြန်မာစာကိုမူ ကျိတ်၍ လိုက်စားလေ့လာနေသူဖြစ်၏။

ခွေးစေရတုကိစ္စ၌ သူ့ကို နောက်ပြောင်၍ ပြောခဲ့သော မောင်ရှိန်၏ စကားကို အဟုတ်ကြီး ထင်မှတ်မိခဲ့ရှာသော ရာဂျန်သည် အကြီးအကျယ် ချောက်ကျရရှာသည်။

'သုနကျွော'ကို 'နတ်မိမယ်ကလေး'ဟု အဓိပ္ပာယ်ပြန်ခဲ့သော မောင်ရှိန်၏ စကားကိုမှ အဟုတ်ကြီးထင်မိခဲ့ရှာသော ရာဂျန်သည် ဤအဆင့်အတန်းမြင့်သော ပါဠိစကားလုံး လှလှကလေးကို သူချစ်ရသူ ဒေါ်ရော်သီ အထင်



www.foreverspace.com.mn



ကြီးအောင် သုံးခဲ့မိရှာသည်။ ဤတွင်မှ သူသည် ဒုက္ခလှလှကြီးတွေ့ခဲ့ရရှာ၏။

တစ်ညနေတွင် ရာဂျန်သည် ခေါင်းငိုက်စိုက်ကျကာ အဆောင်ပေါ်သို့ တက်လာသည်။ ဝရံတာ၌ ရပ်နေမိသော ကျွန်တော်သည် ထူးခြားနေသော ရာဂျန်ကို သတိပြုမိလိုက်ရ၏။ ထို့ကြောင့် သူ့ကို နှုတ်ဆက်ရင်း အကျိုးအကြောင်းကို မေးလိုက်မိသည်။ သူပြန်ပြောသဖြင့် အကျိုးအကြောင်းကို သိလိုက်ရသောအခါ၌ ကျွန်တော်သည် ငိုရမလို၊ ရယ်ရမလို ဖြစ်သွားရသည်။

သူသည် ဒေါ်ရော်သီကို ချစ်ခွင့်ပန်ရန်အတွက် ရည်းစားစာတစ်စောင်ကို ကြိုးစားပမ်းစား ရေးခဲ့သည်ဟုဆိုသည်။ ထိုမေတ္တာစာ၏ ခေါင်းစီးကို 'ချစ်ရပါသော မောင်၏ သုနကျွောကလေး' ဟုရေးသားပြီး ဒေါ်ရော်သီအား ပေးခဲ့မိသည်ဟုဆိုသည်။ ဤစကားကို ကြားလိုက်ရသောအခါ၌ ကျွန်တော်သည် "အလိုလေးဗျာ၊ ဘုရား ဘုရား" ဟုပင် အသံထွက်အောင် အော်မိရင်း ထခုန်မိလုမတတ် ဖြစ်ခဲ့ရပါ၏။

ရာဂျန်သည် ညှိုးငယ်စွာနှင့်ပင် ဝမ်းနည်းပန်းနည်း ဆက်ပြောနေ၏။

"အဲဒီစာကို မနေ့တုန်းက သူ့ကို ကျွန်တော် ပေးခဲ့တယ်။ ကနေ့ညနေ သူ့ဆီကို ကျွန်တော်သွားတွေ့တော့ ဒေါ်ရော်သီကဗျာ ကျွန်တော့်ကို ဒေါသတကြီးနဲ့ "ဒီစာမျိုး ဘာလို့လာပေးရတာလဲ။ ရှင်တို့သာ ခွေးမျိုး၊ ရှင့်နမကို သွားပေးပါလား" လို့ ပြောပြီး၊ ကျွန်တော့်ပါးကိုတောင် ချမလို့ဗျာ။ အနားမှာရှိတဲ့ သူ့သူငယ်ချင်းမခင်မေက ဆွဲထားလို့သာ တော်တော့တယ်။ သူ ဘာဖြစ်လို့ ဒီလောက်ကြီး ဒေါသဖြစ်ရသလဲဆိုတာ ကျွန်တော် စဉ်းစားလို့ မရဘူး။ အစတုန်းကတော့ သူဟာ ကျွန်တော့်အပေါ်မှာ အတော် လိုလိုလားလား ရှိခဲ့ပုံရပါတယ်ဗျာ"

ကျွန်တော်သည် ရုတ်တရက် သူ့ကို ဘာမျှပြန်ပြောနိုင်စွမ်း မရှိတော့။ ကရုဏာသက်စွာသာလျှင် သူ့ကို ငေး၍ ကြည့်နေမိခဲ့ရ၏။ ပြီးမှ

"နေပါဦး ရာဂျန်ရယ်၊ 'သုနကျွော'ဆိုတာ ဘာလဲ။ မောင်ရင်သိရဲ့လား"



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"နတ်မိမယ်ကလေးဆို၊ ဟိုတစ်နေ့က ကိုရှိန်ကြီး ပြောတာပဲလေ။ ခင်ဗျားလည်း ရှိတယ်မဟုတ်လား"

ကျွန်တော်သည် "သေဟဲ့ နန္ဒိယ" ဟု အော်ကာ ကိုယ့်နဖူးကိုယ် ရိုက်လိုက်မိပါသည်။

"ဖြစ်မှဖြစ်ရလေ ရာဂျန်ရယ်" ဟုလည်း ကျွန်တော် ရေရွတ်လိုက်မိသည်။ သူသည် အဓိပ္ပာယ် နားမလည်စွာနှင့်ပင် ကျွန်တော့်ကိုစူးစမ်းဟန်နှင့် ကြည့်နေရှာသည်ကို မြင်လိုက်ရမှ သူ့ကို ကျွန်တော် သနားသွားမိသည်။

"ဖြစ်မှဖြစ်ရလေ ကိုယ့်လူရယ်။ သုနက္ခာဆိုတာ နတ်မိမယ်ကလေး မဟုတ်ဘူး။ ခွေးကို ပါဠိလို ခေါ်တာဗျ"

ကျွန်တော်၏ စကားသည် ရာဂျန်၏ မည်းနေသော မျက်နှာကို သွေးဆုတ်သွားစေကာ ဖြူဖပ်ဖြူရော် ဖြစ်သွားစေသည်ဟုပင် ထင်လိုက်ရပါ၏။

"ဟာ ဒီ ကိုရှိန်ကြီးဟာ တော်တော်ဆိုးတဲ့ လူကြီးပဲဗျာ။ ကျွန်တော် တော့ သေတာပဲဗျာ၊ သေတာပဲ။ ဒေါ်ရော်သီမျက်နှာကို နောက်ထပ်ဘယ်လိုမှ ကြည့်လို့ရတော့မှာ မဟုတ်ဘူး။ သွားပြီဗျာ သွားပြီ"

ရာဂျန်သည် ပြောပြောဆိုဆိုပင် ခေါင်းငိုက်စိုက်ကျသွားရှာသည်။

ကျွန်တော်သည် သူ့ကို ကရုဏာသက်ရင်း အပြစ်တင်မိလိုက်သည်။

"ကိုယ့်လူကလည်း ရည်းစားစာ ရေးချင်ရင် ကိုယ့်ဆီလာခဲ့ရော ပေါ့ဗျာ။ ခုတော့ ချောက်မှ အကြီးအကျယ် ကျတော့တာပဲ"

"ခင်ဗျားတို့ကိုလည်း မရေးခိုင်းချင်ဘူးဗျာ။ ဒေါ်ရော်သီက (အိုဘီ) ယူတော့ ကျွန်တော်ကလည်း ကိုယ့်ဟာကိုယ် မြန်မာလို စာရေးတတ်တယ် ဆိုတာ သူ့ကိုပြချင်တယ်။ ခင်ဗျားတို့ကို ရေးခိုင်းရင်လည်း အဲဒီစာဟာ ကျွန်တော်ရေးတာ မဟုတ်ဘူး။ တစ်ယောက်ယောက်ကိုရေးခိုင်းတာပဲလို့ သူသိမှာပဲဗျ။ ဒါကြောင့် ကိုယ့်ဟာကိုယ် ကြိုးစားပြီးရေးတာ ခုတော့ သွားပြီဗျာ၊ သွားပြီ"



www.foreverspace.com.mm



ရာဂျန်၏ အသံသည် ငိုသံပင်ပေါက်နေ၏။ သူ့အဖြစ်ကို ကျွန်တော်သည် ရယ်ချင်စိတ်တစ်ဝက် ရောလျက်ကပင် မရယ်ရက်နိုင်အောင် ရှိခဲ့ရပါသည်။

*

ဟို လွန်ခဲ့သော ကံ့ကော်တောသားဘဝက ကျွန်တော်ကြုံတွေ့သိရှိခဲ့ရဖူးသည့် ထိုအဖြစ်တို့သည် ယခုမှပင် တဒင်္ဂမြင်လိုက်မိရသော ခွေးမွေးပွကလေးကို အကြောင်းပြု၍ ပြန်လည်သတိရ မြင်ယောင်မိလိုက်ရသည်။

ထိုအဖြစ်သည် ကြာတော့လည်း ကြာခဲ့ပြီ။ ယခုမူ ကျွန်တော်တို့ တစ်တွေသည် အလုပ်ကိုယ်စီနှင့် လူကြီးများ ဖြစ်ခဲ့ကြပြီ။

ရာဂျန်သည် ဌာနတစ်ခု၌ အင်ဂျင်နီယာကြီးတစ်ဦးဖြစ်လျက်ရှိပြီး သူ့ကို တစ်ခါတစ်ရံတွင် တွေ့ဆုံမိရတတ်ပါသည်။ သို့သော်လည်း သူ၏ဇနီးသည် ဒေါ်ရော်သီပင်လား၊ အခြားသူတစ်ဦးလား ဆိုသည်ကိုမူ မစပ်စုမိခဲ့။

ဒီတစ်ခါ တစ်နေရာ၌ အင်ဂျင်နီယာကြီး ဦးရာဂျန်နှင့် တွေ့ဆုံလျှင် မေးခွန်းတစ်ခုကိုတော့ မေးဖြစ်အောင် မေးရပေဦးမည်။

"ဟေ့ ရာဂျန်၊ မောင်ရင့်ဇနီးချော သုနက္ခာကလေးက ဒေါ်ရော်သီ ပဲလား၊ ဒါမှမဟုတ် ဒီ့ပြင် သုနက္ခာကလေးလား" ဟူ၍ ကျွန်တော် မေးဖြစ်အောင် မေးပါမည်။

*

(၁၉၇၀ ခု၊ ဇူလိုင်လ၊ စန္ဒာမဂ္ဂဇင်း)



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။

## အမှတ် ၁၀

ကျွန်တော်ချစ်သော ကံ့ကော်တောင်၌ ကံ့ကော်တောသားအဖြစ် ရှိခဲ့စဉ်က တွေ့ခဲ့ ဆုံခဲ့ ချစ်ခဲ့ သံယောဇဉ်ကြီးခဲ့ရသူတို့၏ အကြောင်းကို ပြန်လည်၍ သတိတရ မှတ်မိစရာတို့သည် ဘယ်တော့မှ ကုန်ဆုံးနိုင်အုံ့ မထင်ပါ။

အကြောင်းသင့်သည့်အခါတိုင်း သတိတရ ဖြစ်တတ်ရသည်။

ယနေ့ကာလ၌ ကိုယ်စီကိုယ်ငှ ဖြစ်ရှိလေရာတို့ကို အကြောင်းဆုံ၍ ကြုံတွေ့သိမြင်လိုက်ရလေတိုင်း ဟို ယခင်ကာလ ငယ်ရွယ်နုနယ်ချိန်က ပြောစမှတ်ဖြစ်စရာ အကြောင်းခြင်းရာကလေးများနှင့် ဆက်စပ်တွေးထင် ပြန်လည်၍ မြင်ယောင်မိရတတ်သည်သာ ဖြစ်ပါ၏။ ကိုယ်စီ ဆန္ဒရှိခဲ့ကြသော မျှော်မှန်း ရည်စူးချက်တို့သည် လုံးဝဥဿုံ ပြည့်ဝခဲ့ကြသည်တော့ဖြင့် မဟုတ်။

ရည်စူးချက်နှင့် ပြည့်ဝကြသူတို့အဖို့မှ အထူးအထွေ ပြောစမှတ် ပြုစရာဟူ၍ မရှိတတ်ကြသော်လည်း မျှော်မှန်းချက်နှင့် ဝေးလိုက်ကြရသူတို့ ၌မူ ပြောစမှတ်ပြုချင်စရာ ရှိတတ်ကြပါ၏။ အေးအေးဟန်၏ အကြောင်း ဆိုလျှင်လည်း ပြောစမှတ်ပြုချင်စရာ တစ်ခုပါပင်တည်း။

*



www.foreverspace.com.mm



အေးအေးဟန်ကို ကျွန်တော်သည် ကျွန်တော့်သူငယ်ချင်း ကျော်သင်းကို အကြောင်းပြု၍ သိကျွမ်းခင်မင်ခဲ့ရသည်။ အေးအေးဟန်သည် အင်းယား အဆောင်သူ၊ ဝိဇ္ဇာဘာသာရပ်အတွဲကိုယူသူဖြစ်ပြီး ကံ့ကော်တော၏ သူယောင် မယ်များအနက် ကျော်ကြားထင်ရှားလှသူတစ်ဦး မဟုတ်သော်လည်း ရိုးရိုး ယဉ်ယဉ်နှင့် ခင်မင်ချင်စရာကောင်းသူလေး တစ်ဦးပင်ဖြစ်သည်။

ကျွန်တော့်သူငယ်ချင်း ကျော်သင်းသည် အင်းဝဆောင်၌ နေ၏။ ဆရာဝန်ဖြစ်ရန် ရည်မှန်းချက်ရှိသူ ဖြစ်သည့်အလျောက် ဥပစာတန်း၌ ပါဏဗေဒအတွဲကိုယူ၏။ ကျွန်တော်နှင့်ကျော်သင်းတို့နေထိုင်ရာအဆောင်ချင်း မတူကြသော်လည်း ဘာသာရပ်အတွဲချင်း တူသူများဖြစ်၍ နေ့စဉ်နှင့်အမျှ တွေ့မိ တွဲမိ ရှိတတ်ကြ၏။

ထို့ကြောင့်လည်း ကျော်သင်းနှင့် အေးအေးဟန်တို့ 'ဂမုန်းပန်း' တစ်ခက်၊ နှစ်ခက်နှင့် 'သစ္စာပန်း' တစ်ခက်၊ နှစ်ခက်တို့ကို နှုတ်ဖြင့် အလဲ အလှယ် လုပ်လာကြသည်အထိ သူတို့နှစ်ဦး၏အကြောင်းကို ကျွန်တော် အားလုံး တွေ့မြင်သိရှိနိုင်ခွင့်ရှိခဲ့သည်။

တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် တယုတယ ကြင်ကြင် နာနာ ရှိကြသည်များကို ကြိမ်ဖန်များစွာပင် ကျွန်တော် ဂရုပြုမိခဲ့သဖြင့်လည်း သူတို့နှစ်ဦးအတွက် ကျွန်တော် ဝမ်းသာကြည်နူးခြင်း ဖြစ်ခဲ့မိရသည်။ သူတို့ နှစ်ဦး၏ အတွေးစဉ်အတွင်း၌လည်း အစစအရာရာ အားလုံးသည် အဆင် ပြေလှသည်။ သူတို့၌ ရှိနေသမျှသော အခက်အခဲတို့သည် မကျော်လွှားနိုင် လောက်အောင်ဖြစ်သော ကြီးကြီးမားမားကြီးများမဟုတ်ကြ။

နောက်နှစ်နှစ်နေလျှင် အေးအေးဟန်သည် ဘီအေဘွဲ့ကိုရတော့မည်။ ဘီအေအောင်လျှင် ကျောင်းဆရာမဝင်လုပ်မည်။ မိဘကို လုပ်ကျွေးပြုစုရင်း ချစ်ရသူ မောင့်ကို စောင့်ကြိုနေလိုက်မည်။

ကျော်သင်းသည် နောက်ငါးနှစ်ကြာလျှင် ဆရာဝန်ဖြစ်မည်။ ဆရာဝန်



စကားဝါမြေစာကြည့်တိုက် ----> [http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေတေးဥယျာဉ် ----> [http://sagarwarmyae.net/mm_flash_songs/index.html](http://sagarwarmyae.net/mm_flash_songs/index.html)
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> [http://technology.sagarwarmyae.net/](http://technology.sagarwarmyae.net/)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဖြစ်ပြီးနောက် သုံးနှစ်တိုင်မျှ သူ့မိဘနှစ်ပါးကိုလုပ်ကျွေးရင်း ညီငယ်၊ညီမငယ် နှစ်ဦး၏ ပညာသင်ကြားရေးတာဝန်ကို ဆက်လက်ယူရဦးမည်။ ထို့နောက် တွင်မှ 'သပြေရွက်ရေ' ကာ စောင့်နေသူ အချစ်ဦး 'အေး' ကို ရွှေလက်ဆွဲ၍ ထိမ်းမြားမည်။ ထိုနေ့မှစ၍ ရေတွက်လျှင် သူတို့နှစ်ဦး တစ်ဦးကိုတစ်ဦး စောင့်ကာ ဖြတ်သန်းကြရမည့်ကာလသည် ရှစ်နှစ်တိုင်မျှတည်း....။

ကျော်သင်း၏ မိဘများသည် ချောင်ချောင်လည်လည်ကြီးများ မဟုတ်ကြ။ သူ့ဖခင်သည် ဘီလစ်စာရေးကြီးတစ်ဦးမျှသာ ဖြစ်သည်။ ပညာ ထူးချွန်သူ သားကြီးကျော်သင်း ဆရာဝန်ဖြစ်ရေးအတွက် အားခဲကာ ခြစ်ခြစ် ခြုတ်ခြုတ် အဆင်းရဲခံပြီး ကျော်သင်းကို ကျောင်းထားပေးခြင်းသာဖြစ်၏။ ထို့ကြောင့် ကျော်သင်းအောက် အငယ်နှစ်ယောက်အနက် ညီဖြစ်သူ၏ အထက်တန်း ကျောင်းပညာသင်ကြားရေးတာဝန်မှာလည်း ကျော်သင်း၏ တာဝန်ပင် လုံး၀ ဖြစ်ရလိမ့်ဦးမည်။ သူတို့နှစ်ဦး၏ ဘဝရှေ့ရေးအတွက် တွေးမိတိုင်း ရင်လေးမိသော ကျွန်တော်သည် တစ်ခါတစ်ခါများကျတော့ လည်း ကျော်သင်းကို ဖွင့်ဟပြောမိရ၏။

"မင်းတို့ ရှေ့ရေးခရီးစဉ်ကလည်း ဝေးကွာလွန်းလှပါလားကွာ။ အေးအေးက သူ ဘီအေအောင်ပြီးတဲ့နောက် ခြောက်နှစ်လုံးလုံးကြီးတောင်မှ မင်းကို စောင့်ရဦးမယ်ဆိုတော့ လွန်လွန်းလှချည်လား သူငယ်ချင်းရာ"

"ဘယ်တတ်နိုင်မလဲ သူငယ်ချင်းရယ်။ တို့အကြောင်းတရားက ဒီလို ဖြစ်လာခဲ့ရတော့ ဒီလိုပဲ စောင့်နိုင်အောင် ကြိုးစားကြရမှာပေါ့ကွာ"

ကျော်သင်းကမူ ဤသို့သာ ခပ်အေးအေး ဆိုတတ်ပါသည်။

ကျွန်တော်ကလည်း သူတို့နှစ်ဦး၏ကိုယ်စား အားမလိုအားမရ စိတ်နှင့်ပင် မဆီမဆိုင် ဝင်၍ ဈေးဆစ်နေမိတတ်သေးသည်။

"မင်း ဆရာဝန်ဖြစ်ပြီးတဲ့နောက် သုံးနှစ်မစောင့်ဘဲ နှစ်နှစ်လောက်နဲ့ လက်ထပ်ကြလို့ မဖြစ်ဖူးလားကွာ"



www.foreverspace.com.mm



ကျွန်တော့်စကားကြောင့် ကျော်သင်း ပြုံးပါသည်။

"မင်းကလည်းကွာ၊ ငါက ကာယကံရှင်ပါ။ ဖြစ်နိုင်မယ်ဆိုရင် အခု ချက်ချင်းတောင်မှ လက်ထပ်လိုက်ချင်တာပေါ့။ ဒါပေမယ့် တကယ်ကျတော့ မဖြစ်နိုင်သေးဘူး မဟုတ်လား"

ကျော်သင်းသည် ထိုစကားကို ဆိုပြီးနောက် ကျွန်တော်သိပြီး ဖြစ်သော သူ့အခြေအနေများကို ပြန်လည်၍ ပြောတတ်ပြန်ပါ၏။

"ငါ့အောက်မှာ နှမတစ်ယောက် ညီတစ်ယောက်ရှိတာကို မင်းလည်း သိသားပဲ။ နှမက အခု ရှစ်တန်းရောက်ပြီ။ သူက မိန်းကလေးမို့ ဆယ်တန်း အောင်လည်း ကောလိပ်ကို မပို့တော့ဘူး။ အဲ ညီအငယ်ဆုံးကတော့ အခု ငါးတန်းမှာ၊ ငါဆရာဝန်ဖြစ်တဲ့နှစ်မှာ သူလည်း ကောလိပ်ရောက်မှာပဲ။ အဲဒီ ကျတော့ သူ့တာဝန်ကို ငါယူရမှာ။ ဒါကြောင့် ငါဆရာဝန်ဖြစ်ပြီးပေမယ့် ငါရတဲ့ လခဟာ ငါ့မိဘနဲ့ ငါ့ညီအတွက် အပြည့်အ၀အသုံးချရဦးမယ်။ ငါ့အနေနဲ့ မိန်းမယူပြီး သီးခြားအိမ်ထောင်တစ်ခုကို ထူထောင်နိုင်မှာ မဟုတ် တာ သေချာတယ်။ ဒါကြောင့် ငါဆရာဝန်ဖြစ်ပြီးရင် အနည်းဆုံး သုံးနှစ် နေပြီးမှ အေးကို လက်ထပ်နိုင်မှာ အမှန်ပါပဲ သူငယ်ချင်းရယ်။ ဒါတောင်မှ ဒီသုံးနှစ်အတွင်းမှာ ငါ တတ်နိုင်သမျှ စုစုဆောင်းဆောင်း လုပ်ရလိမ့်ဦးမယ်။ ဒါမှ တို့လက်ထပ်ပြီးလို့ အိမ်ထောင်တစ်ခုကို တည်ထောင်တဲ့အခါမှာ ဣန္ဒြေ မပျက်ရှိမှာ။ အဲဒီလို ဣန္ဒြေမပျက်ရှိမှလည်း ငါ့မိဘတွေနဲ့ ငါ့ညီရဲ့ ပညာရေး ဆုံးခန်းတိုင်တဲ့အထိ မှန်မှန်ထောက်ပံ့သွားနိုင်မှာပဲကွာ"

သူက ဤသို့ ပြောလာတတ်သော အခါများကျတော့လည်း ကျွန်တော်သည် နှုတ်ဆိတ်၍သာ ခေါင်းညိတ်နေလိုက်ရတတ်သည်။

အေးအေးဟန်ကျတော့လည်း နာမည်နှင့်လိုက်အောင်ပင် ခပ်အေးအေး သာ ရှိနေတတ်၏။ သူနှင့် ကျွန်တော် စကားစပ်မိ၍ သူတို့နှစ်ဦး၏ ရှေ့ရေးကို ပြောမိကြတိုင်း အေးအေးဟန်က....



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"အခြေအနေက ဒီလိုဖြစ်လာမှတော့ ဒီလိုပဲ လုပ်ကြရမှာပေါ့ ကိုအေးဝင်းရယ်။ ဘာများကော တတ်နိုင်ဦးမှာတုန်း။ ကိုကျော်သင်း စောင့်နိုင်းတဲ့အထိ အေးအေး စောင့်နေရမှာပေါ့"

"ဒီလောက် နှစ်ကြာကြာကြီးအထိ အေးအေး စောင့်နေနိုင်ပါ့မလား ဟင်။ ကျွန်တော်ကတော့ အေးအေးတို့နှစ်ယောက်စလုံးအတွက် စိုးရိမ်နေမိလို့ပါ"

"တကယ်ချစ်ရင် တကယ်စောင့်ရမှာပေါ့ ကိုအေးဝင်းရယ်။ အေးအေးကတော့ ကိုကျော်သင်းကို တကယ် စောင့်ရမှာပါပဲ"

အေးအေးဟန်၏ စကားကြောင့် ကျွန်တော်သည် စိတ်လက်ပေါ့ပါး၍တော့ သွားရ၏။

ဤ ချစ်ကြသူနှစ်ဦး သူတို့ရည်စူးမျှော်မှန်းသလိုပင် အစစအရာရာ ချောချောမောမောရှိကာ နောက်ဆုံးတစ်နေ့၌ ရွှေလက်တွဲ၍ ချစ်ပွဲဝင်နိုင်ကြပါစေဟုသာ ကျွန်တော် ဆုတောင်းနေလိုက်ရတော့သည်။

*

သို့သော်လည်း ကျွန်တော့်ဆုတောင်း မပြည့်ပါ။

အေးအေးဟန် ဘီအေအောင်သွားပြီးနောက် နှစ်နှစ်မြောက်တွင် ပြဿနာ ပေါ်ပါ၏။ ထိုအချိန်တွင် ကျွန်တော်လည်း တက္ကသိုလ်၌ မရှိပြီ။ ကိုယ့်အလုပ် ကိုယ့်အကိုင်နှင့် ဖြစ်လျက်ရှိပြီ။ အေးအေးဟန်လည်း အထက်တန်းပြဆရာမဖြစ်နေပြီ။ ကျော်သင်းသည်သာ ဆေးတက္ကသိုလ်၌ ပညာသင်ဆဲ။ ဆရာဝန်ဖြစ်ရန် တစ်နှစ်ကျော်မျှ လိုသေးသည်။

ကျွန်တော်ကလည်း ကိုယ့်အလုပ်နှင့်ကိုယ် ရှုန်းကန်နေရဆဲ၊ ကျော်သင်းကလည်း သူ့စာအုပ်ကြီးများ၊ လူအရိုးများ၊ လူသေအကောင်များနှင့် အလုပ်ရှုပ်နေရဆဲဖြစ်၍ သူနှင့် ကျွန်တော် တွေ့ခဲ ကြုံခဲ ဆုံမိခဲကြသည်။



www.foreverspace.com.mn



သို့သော်လည်း တစ်နေ့တွင်တော့ သူ ကျွန်တော့်ထံသို့ ရောက်လာ၏။ သူ့မျက်နှာသည် မကြုံစဖူးပင် ညှိုးငယ်နေ၏။

ခရီးရောက်မဆိုက်ပင် သူသည် ငိုသံပါကြီးနှင့် ဆိုပါ၏။

"သူငယ်ချင်းရေ၊ ငါနဲ့ အေးနဲ့တော့ ဝေးကြပြီကွာ"

ကျွန်တော်သည် အံ့ဩစွာ မယုံနိုင်စွာနှင့်ပင် ကျော်သင်းကို ကြည့်ရင်းငိုင်နေမိရသည်။ ခဏနေမှ

"ရေရေလည်လည် ပြောပြစမ်းပါဦးကွာ။ ဘယ်လိုဖြစ်ကြတာလဲ"ဟု မေးလိုက်ရ၏။

"အေးရဲ့မိဘတွေက အေးကို ယောက်ျားပေးစားတော့မလို့ လုပ်ကြတော့ အေးက သူနဲ့ငါ မေတ္တာရှိနေကြကြောင်း ဖွင့်ပြောပြလိုက်တယ်။ ဒါနဲ့ သူ့မိဘတွေက ငါ့ကို ခေါ်ပြီး တွေ့ကြတယ်ကွ။ အထူးသဖြင့်ကတော့ အေးရဲ့ အမေပေါ့ကွာ။ အေးတို့တစ်အိမ်သားလုံးမှာ သူ ဒါရိုက်တာပဲကွ"

"အင်းအင်း၊ ဆိုပါဦး"

"အေးအမေက ပြောတယ်။ သူ့သမီးကို တကယ်မေတ္တာရှိရင် ငါ ဆရာဝန် ဖြစ်ပြီးပြီးချင်း လက်ထပ်ရမယ်တဲ့ကွာ။ ဒီထက်ပိုပြီး မစောင့်နိုင်ဘူးတဲ့။ ဒါတောင်မှ အခု အေးနဲ့သဘောတူထားတဲ့လူကို စကားလွှန်ပြီးသားဖြစ်လျက်နဲ့ ဖျက်ပစ်ရမှာတဲ့။ ဒါဟာ သူပေးနိုင်တဲ့ နောက်ဆုံး အခွင့်အရေးပဲတဲ့"

ကျော်သင်း၏အသံသည် လေးလေးတွဲ့တွဲ့ ရှိလွန်းလှသည်။

"အဲဒီတော့ မင်းက ဘာပြန်ပြောခဲ့သလဲ"

စိတ်ဝင်စားကြီးစွာနှင့်ပင် ကျွန်တော် မေးမိပါ၏။

"ဘာပြန်ပြောရမှာလဲကွာ။ ဒါတွေ မင်းသိပြီးသားတွေပဲဟာ။ အစကတည်းက အေးနဲ့ ငါ ဒီလောက်ကြာကြာကြီး လက်ထပ်ဖို့ရက် သတ်မှတ်ထားရတာဟာ လုံလောက်တဲ့ အကြောင်းကြီးရှိခဲ့လို့ပဲ မဟုတ်လားကွာ။



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



အဲဒီ အကျိုးအကြောင်းတွေကို ငါပြောပြလိုက်ရတာပေါ့။ ဒါပေမယ့် ငါရှင်းပြတာကို အေးရဲ့အမေက လက်မခံဘူးကွ"

ကျွန်တော် မည်သို့မျှ ပြန်မပြောမိပါ။ သူ့မျက်နှာကိုသာ စိုက်၍ကြည့်နေမိ၏။ ကျော်သင်းကလည်း ဘာမျှ ဆက်မပြောတော့ဘဲ ငိုင်နေသဖြင့် ကျွန်တော်ကပင် မေးရပြန်သည်။

"အေးအေးနဲ့ သဘောတူထားတဲ့လူက ဘယ်သူတဲ့လဲကွ"

"နာမည်တော့ သေသေချာချာ မမှတ်မိတော့ဘူးကွာ။ ဘီလပ်ပြန်တဲ့ကွ။ အဲဒါသူတို့ လူကြီးချင်းသဘောတူထားတာ ကြာပြီတဲ့။ ခုမှ အဲဒီလူ ပြန်ရောက်လာတော့မှာမို့ အေးကို ဖွင့်ပြောတာတဲ့။

"မင်းအေးကကော ဒီကိစ္စနဲ့ ပတ်သက်ပြီး သူ့သဘောထားကို ပြော မပြဖူးလား"

"ပြောပါတယ်ကွာ"

ကျော်သင်းသည် စိတ်ပျက်လက်ပျက် လေသံနှင့် ညည်းညည်း ညူညူ ပြောလိုက်ပြီး ခဏနေမှ ဆက်ပြော၏။

"ငါ ဆရာဝန်ဖြစ်ဖြစ်ချင်း လက်ထပ်ရင် တို့နှစ်ယောက်ကို ပေးစားမယ်ဆိုတဲ့ စကားကို အေးရဲ့အမေကြီးဆီကရအောင် အေးက မနည်းကြီး အတိုက်အခံလုပ်ပြီး ပြောထားရတာတဲ့ကွာ။ အဲဒါကြောင့် အေးကပါ ငါ့ကို ဆရာဝန်ဖြစ်ဖြစ်ချင်း လက်ထပ်ဖို့ ပြောနေတယ်"

"ဟာ အေးအေးက ဘယ်လိုဖြစ်သွားရတာလဲ"

ကျွန်တော်သည် အံ့သြစွာ မကျေချမ်းစွာ ပြောလိုက်မိသည်။

"သူ့ခမျာလဲ သူ့အကြောင်းနဲ့သူ တော့ အခက်အခဲတွေ ရှိမှာပေါ့ကွာ"

ကျော်သင်းသည် အေးချမ်းစွာပင် ခွင့်လွှတ်စကားကို ဆိုရှာ၏။

မကျေနပ်သူမှာမူ ကျွန်တော်ပင်ဖြစ်သည်။

"မဟုတ်သေးဘူးကွာ၊ အေးအေးဟာ ကလေးလေးမှ မဟုတ်ဘဲ။

ပုဂံစာအုပ်တိုက်

www.foreverspace.com.mm



အရွယ်ရောက် ပညာတတ်လို့ ဆရာမကြီးတောင်မှ လုပ်နေပြီပဲ။ သူကိုယ်တိုင်က ကြံ့ကြံ့ခံပြီး တိုက်ရမှာပေါ့ကွာ။ အစကတည်းက မင်းနဲ့ သူနဲ့ နှစ်ဦးသဘောတူ နားလည်မှုရပြီးသား ကိစ္စပဲ မဟုတ်လား။ ခုမှ သူကပါ မိဘစကား နားယောင်သွားတာဖြစ်မှာ"

ကျော်သင်းသည် ဘာမျှ ပြန်မပြောပါ။ သူ့ထင်မြင်ချက်ကိုလည်း ဘာမျှမဆိုပါ။ ငေးငေးငိုင်ငိုင်နှင့်ပင် နှုတ်ဆိတ်နေသည်။

"အဲဒီတော့ မင်းကကော ဘယ်လိုလုပ်မယ် စိတ်ကူးသလဲ" ဟု ကျွန်တော်က မေးလိုက်တော့မှပင် ကျော်သင်းသည် သက်ပြင်းတစ်ချက်ကို ချလိုက်ရင်း လေးလေးတွဲ့တွဲ့ ဆိုပါ၏။

"ဘယ်လိုလုပ်ဖို့ လိုသေးလို့လဲ သူငယ်ချင်းရယ်။ အေးကို ငါ လက်လွှတ် ဆုံးရှုံးရတော့မှာပေါ့"

ကျော်သင်းက ဤမျှ လွယ်လွယ်ကူကူ ပြောလိုက်သဖြင့် ကျွန်တော် အံ့သြရသည်။ သူသည် အေးအေးဟန်ကို အလွယ်တကူပင် လက်လွှတ် ဆုံးရှုံးခံနိုင်ပါလေသလား"

"မင်း တကယ်ပဲ သူ့ကို လက်လွှတ်ခံနိုင်သလား သူငယ်ချင်း"

ကျော်သင်းသည် ဝမ်းနည်းသံ ပါသော်လည်း တည်ငြိမ်စွာပင် ပြန်ပြောသည်။

"အေးကို ငါ လက်လွှတ်ရမှာဟာ ငါ့အသည်းနှလုံးတစ်ခုလုံး ဆုံးရှုံးလိုက်ရတာနဲ့ အတူတူပါပဲကွာ။ ဒါပေမယ့် မင်းသိတဲ့အတိုင်းပါပဲ အေးဝင်းရယ်။ ငါ့အနေနဲ့ အေးကို ဘယ်လောက်ချစ်လို့ ဘယ်လောက်ကြီးပဲ လက်လွှတ်ဆုံးရှုံးရမှာစိုးစိုး သူတို့ပြောသလို ငါ ဆရာဝန်ဖြစ်ဖြစ်ချင်း လက်ထပ်ဖို့ဆိုတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးကွာ"

သူ့စကားကို ကျွန်တော် နားလည်သဘောပေါက်ပါသည်။ ကျော်သင်းကလည်း သူ့စကားကို ဆက်လက်ရှင်းသည်။

ပုဂံစာအုပ်တိုက်

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



"ငါ ဆရာဝန်ဖြစ်တဲ့အထိ ငါ့ကို ပညာသင်ပေးတာဟာ ငါ့မိဘတွေ အနေနဲ့ မနိုင်ဝန်ကို မမှုမတ ကြိုးစားပြီး ထမ်းနေရတာပါ သူငယ်ချင်း။ ငါ ဆရာဝန်ဖြစ်ရင် ပထမဦးဆုံး ငါ တာဝန်ကျေရမှာဟာ ငါ့မိဘနဲ့ ငါ့ညီလေး၊ ညီမလေးပဲ အေးဝင်း။ သူတို့အပေါ်မှာ ငါ တာဝန်ကျေပြီးမှသာ ငါ့ ကိုယ်ရေးကိုယ်တာဖြစ်တဲ့ ငါ့အိမ်ထောင်ရေးကို စဉ်းစားရမှာပဲကွာ။ ဒီတော့ အေးကို ငါ ဘယ်လောက်ကြီးပဲချစ်ချစ်၊ ဘယ်လောက်ကြီးပဲ မြတ်နိုး မြတ်နိုး သူကမှ ငါ့ကို ငါပြောတဲ့အချိန်ကာလထိ မစောင့်နိုင်ဘူးဆိုရင်တော့ ငါလည်း ဘာမှ မတတ်နိုင်တော့ပါဘူး သူငယ်ချင်းရယ်"

ကျွန်တော်၌ သူ့ကိုပြန်ပြောစရာ စကားများများမရှိတော့ပါ။ သူပြောသမျှကိုသာ နားထောင်ကာ စိတ်မကောင်းခြင်းကြီးစွာဖြင့်ပင် နှုတ်ဆိတ်လျက် ရှိခဲ့ရ၏။ ဒီနောက်တွင်တော့ ကျွန်တော်သည် အလုပ်နှင့် ဟိုဟိုဒီဒီ ပြောင်းရွှေ့နေခဲ့ရသည်။ ကျော်သင်းနှင့် မဆုံမိခဲ့ရတော့ပါချေ။

နှစ်တို့ပင် အတော်ရကာ၊ ကာလပင် ကြာခဲ့ပြီ။

*

ကြာခဲ့ပြီဖြစ်သော ဤနှစ်ကာလရက်များအတွင်းဝယ် အေးအေးဟန်နှင့် မမျှော်လင့်ဘဲ တစ်ကြိမ်မျှ တွေ့ကြုံခဲ့ရဖူးသည်။ သူသည် မိဘသဘောတူသူ ဘိလပ်ပြန်နှင့် လက်ထပ်ပြီး၍ အိမ်ထောင်ရှင်မဘဝသို့ ရောက်လျက်ရှိပြီဟု ကျွန်တော်ထင်ခဲ့မိခြင်းများ မှားကြောင်းကိုလည်း သူနှင့်တွေ့မှပင် သိခွင့်ကြုံရသည်။

"ခုထိ အေးအေး အိမ်ထောင်မကျသေးပါဘူး ကိုအေးဝင်း" ဟု အေးအေးဟန်က ပြောလိုက်သောအခါတွင်မူ ကျွန်တော် အံ့သြတကြီး ဖြစ်ရပါ၏။

"ကျွန်တော်ကတော့ အေးအေးကို ဘိလပ်ပြန်ကြီးနဲ့ လက်ထပ်သွားပြီလို့ ထင်နေတာ"





ကျွန်တော့်စကားသံဝယ် မကျေမချမ်း ဖြစ်ရသော လေသံပါသည်။ ဒါကိုလည်း အေးအေးဟန်ခံစားထိတွေ့ရဟန်ပေါ်သည်။အေးအေးဟန်သည် အမည်နှင့်လိုက်အောင်ပင် ခပ်အေးအေးပြုံးရင်း တည်ငြိမ်စွာပင် ပြောပါ၏။

"ဪ၊ ကိုအေးဝင်းကို ကိုကျော်သင်းက အားလုံး ပြောပြခဲ့ပြီးပြီ ထင်တယ်။ ဒါပေမယ့် ကိုအေးဝင်းတို့ သူငယ်ချင်းနှစ်ယောက် ထင်သလို မဖြစ်ခဲ့ပါဘူး။ အေးမိဘတွေ သဘောတူတယ်ဆိုတဲ့လူက ဘိလပ်က အင်္ဂလိပ်မကို ယူလာတယ်။ အေးနဲ့ လက်မထပ်ဖြစ်ဘူး"

"အို၊ ဒီလိုဆိုရင်...."

ကျွန်တော်သည် စကားကို တစ်ပိုင်းတစ်စနှင့်ပင် ရပ်ထားလိုက်မိသည်။ သို့သော်လည်း ကျွန်တော့်ဆိုလိုချက်ကို အေးအေးဟန် နားလည်ပါ၏။

"ဒါပေမယ့် ကိုအေးဝင်းရဲ့ သူငယ်ချင်း ကိုကျော်သင်းနဲ့ အေးနဲ့ကတော့ ပြန်မနီးစပ်တော့ပါဘူး။ ပြန်ပြီး နီးစပ်ဖို့ဆိုတာလည်း မဖြစ်နိုင်တော့ပါဘူးလေ"

ကျွန်တော်သည် ခေတ္တမျှ စဉ်းစားရင်း ငိုင်သွားမိရ၏။ ယခုဆိုလျှင် ကျော်သင်းတစ်ယောက် ဆရာဝန်ဖြစ်ခဲ့သည်မှာ လေးနှစ်ပင်ရှိပြီ။ သူတို့နှစ်ဦး လက်ထပ်နိုင်မည့်ရက်ထက်ပင် တစ်နှစ်မျှ ပိုခဲ့ပြီ။

"ဘာဖြစ်လို့ မဖြစ်နိုင်တော့ရမှာလဲ အေးအေး၊ ဆိုပါဦး"

အေးအေးဟန်က ပြုံးပြန်၏။

"ဟိုတုန်းက အေးအေးရဲ့အကြောင်းနဲ့ အေးမှာ မတတ်သာလို့ ကိုကျော်သင်းကို ဆရာဝန်ဖြစ်ဖြစ်ချင်း လက်ထပ်ဖို့ပြောခဲ့တယ်။ အဲဒီတောင်းဆိုချက်ကို ကိုကျော်သင်းကလည်း သူ့အကြောင်းနဲ့သူမို့ လက်မခံနိုင်ဘဲ ငြင်းခဲ့လို့ အေးနဲ့ သူနဲ့ အဆက်အသွယ် ပြတ်ခဲ့ကြတယ်။ နောက်ကျတော့ အေးမိဘတွေ မျှော်လင့်သလို ဖြစ်မလာခဲ့ဘဲ အေးမှာ လွတ်လွတ်လပ်လပ်ရှိနေခဲ့ပေမယ့်လည်း ကိုကျော်သင်းကို အေး ပြန်မဆက်ချင်တော့ဘူး



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဥ်တင်ဆက်သည်။



ကိုအေးဝင်း။ ပြန်ဆက်ရင်လည်း အေးအတွက် ဘယ်နည်းနဲ့မှ ကောင်းမှာ မဟုတ်ဘူး။ အဓိပ္ပာယ်တစ်မျိုး ဖြစ်သွားလိမ့်မယ်။ ဒါကြောင့် အေးဘာသာ အေးပဲ စိတ်ချမ်းသာသလို နေနေတော့တယ်လေ။ ကိုအေးဝင်းရဲ့ သူငယ်ချင်း ကိုလည်း အေးရဲ့အကြောင်းကို ပြောမပြလိုက်နဲ့နော်။ အေး အနေနဲ့ကတော့ ကိုကျော်သင်းကို ဒီဘဝမှာ ဘယ်နည်းနဲ့မှ ပြန်မဆက်နိုင်တော့ပါဘူး"

အေး၏စိတ်ဓာတ်ကို ကျွန်တော် နားလည်ပါသည်။ သိပါသည်။ သူသည် နုနယ်လှပ နွဲ့နွဲ့လျလျရှိသော်လည်း စိတ်ဓာတ်ကတော့ ပြင်းသည်။

ထို့ကြောင့် ကျွန်တော်သည် အေးအေးဟန်၏ အကြောင်းနှင့် ပတ်သက်၍ ကျော်သင်းကို အကြောင်းကြား အသိပေးခဲ့ခြင်းမရှိ။တကယ် ဆိုတော့ ဆရာဝန်ကြီး ဦးကျော်သင်းသည် ဘယ်အရပ်၌ ရောက်နေသည် ကိုလည်း ကျွန်တော် မသိပါ။

လူတို့သည် သူ့အကြောင်းတရားနှင့်သူ ဖြစ်ပျက်လျက်၊ ကိုယ့်ဘဝ ဇာတ်လမ်းကြောင်းအတိုင်း အလိုက်သင့် လှုပ်ရှားလျက် ရှိနေကြသည်သာ ဖြစ်၏ဟူသော ဖြေသိမ့်တွေးကို ရင်ဝယ်ပိုက်၍သာလျှင် ကျွန်တော်သည် ခပ်အေးအေး နေခဲ့မိပါ၏။

ကြာတော့လည်း သူတို့နှစ်ဦး၏ ကြာခဲ့ပြီဖြစ်သော ဇာတ်ကွက် ကလေးသည် ကျွန်တော့်စိတ်တွင်း၌ မှတ်မှတ်ထင်ထင်ပင် မရှိတတ်ပြီ။ အကြောင်းသင့်လွန်းပါမှ၊ တိုက်ဆိုင်လွန်းပါမှ တွေးမိတောမိ ပြန်လည်၍ ခေတ္တမျှ သတိရမိခြင်းသာ ရှိတော့သည်။

ပြီးတော့လည်း စိတ်တွင်း၌ စွဲစွဲလန်းလန်း မထားမိတော့။

*

သို့သော်လည်း ကျော်သင်းနှင့် အေးအေးဟန်တို့၏ အကြောင်းကို ယခုလို စာတစ်တန် ပေတစ်ဖွဲ့ ရေးဖြစ်စရာ ကြုံလာရသည်။

ပုဂံစာအုပ်တိုက်

www.foreverspace.com.mm



သူနှစ်ဦး၏ တကယ်ဆုံးသော ဇာတ်ကြောင်းအဆုံးကို ကျွန်တော် သိခွင့်ကြုံလိုက်ရခြင်းကြောင့်ပင် ဖြစ်၏။ ဤသို့ သိခွင့်ကြုံရသည်မှာလည်း မမျှော်လင့်ဘဲ ရရှိခဲ့သော ကျော်သင်း၏ စာကြောင့်ပင်ဖြစ်သည်။

ကျွန်တော့်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသော သူ့စာဝယ် "သူငယ်ချင်း ဖိုးအေးဝင်း" ဟု ခေါင်းစီးတပ်၍ ရေးထား၏။

"မင်းကတော့ မမျှော်လင့်ဘဲ ငါ့ဆီကစာကို ခုလိုရလိုက်လို့ အံ့သြသွားမှာပဲ ထင်တယ်။ မင်းနဲ့ငါ လူချင်း၊ စာချင်း အဆက်အသွယ် ပြတ်နေတာ ကြာပြီဖြစ်လို့ ငါ ဘယ်ရောက်နေတယ်ဆိုတာကို မင်းသိမှာ မဟုတ်ဘူး။ ဒါပေမယ့် ငါကတော့ မင်း ဘယ်ရောက်နေတယ်ဆိုတာကို သိပါတယ်ကွာ။ မင်းဝတ္ထုတို၊ ရှည်တွေကိုလည်း ဖတ်ရပါတယ်။ ဂရုတစိုက် ဖတ်မိတယ် ဆိုပါတော့ကွာ။ ဒါကြောင့်လည်း မင့်ဆီကို ဒီစာရောက်အောင် ငါ ပို့လိုက်နိုင်တာပါပဲ။ စာရေးလိုက်မိတာကတော့ မင့်ကို သတိရလို့လည်းတစ်ကြောင်း၊ နောက်တစ်ကြောင်းက မင်းစိတ်ဝင် စားကောင်းစိတ်ဝင်စားမယ့် ငါ့ရဲ့ 'ကံ့ကော်တောကဇာတ်လမ်းကလေး' ရဲ့ အဆုံးသတ်ကလေးကို ပြောပြချင်လို့ပေါ့။ မင်း အေးအေးဟန်ကို မှတ်မိဦးမှာပေါ့။ အေးအေးဟန်ကို ငါ မမျှော်လင့်ဘဲ တွေ့ခဲ့ရတဲ့ အကြောင်းလေးပါကွာ။ အေးအေးဟန်ကို ဒီလိုအဖြစ်မျိုးနဲ့ ပြန်ပြီး တွေ့ရလိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့မိဘူး သူငယ်ချင်းရာ။

အေးအေးဟန်နဲ့ ငါနဲ့ ဝေးခဲ့ကြပြီးတဲ့အကြောင်းကို မင်းလည်း အားလုံး သိပြီးပဲမဟုတ်လား။ ခုလောက်ဆိုရင် သူ့မိဘတွေ သဘော တူတဲ့ ဘီလပ်ပြန်ကြီးနဲ့ အိမ်ထောင်ရက်သားကျပြီးလို့ ကလေးတွေ စည်စည်ပင်ပင်နဲ့ ခမ်းခမ်းနားနားရှိနေရော့မယ်လို့ ငါ ယုံကြည်နေခဲ့ မိတယ်။ သူ့ကို ငါ လက်လွှတ်လိုက်ရပေမယ့် ဒီလောကအလယ်မှာ အေးတစ်ယောက်တော့ တင့်တောင့်တင့်တယ် ရှိနေရှာပြီဆိုတဲ့အတွေးနဲ့

ပုဂံစာအုပ်တိုက်

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဥ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ငါ့စိတ်ကို ဖြေသိမ့်ခဲ့တယ် သူငယ်ချင်း။ သူ့ကို သတိရတဲ့စိတ်နဲ့ ခုထိ ငါ လူပျိုကြီးဖြစ်နေသေးတယ်လို့ပြောရင် မင်းကတော့ ယုံမှာပါပဲလို့ ငါ စိတ်ချမိပါတယ်။

ဒါပေမယ့် အေးဟာ ငါထင်သလို မဟုတ်ဘူးဟေ့။ ဘိလပ်ပြန်နဲ့ သူ မယူဖြစ်ပါဘူးကွာ။ ဒီသတင်းကို မင်းကြားရင် ငါ့လိုပဲ အံ့ဩသွားလိမ့်မယ်ထင်တယ်။ ဒါပေမယ့် သိပ်မအံ့ဩနဲ့ဦး အေးဝင်းရေ့။ ဒီထက် အံ့ဩစရာ ရှိသေးတယ်ကွ။ ငါ ရေးပြပါ့မယ်။

ဟိုတစ်လောက၊ ဟိုတစ်လောကဆိုတာ လွန်ခဲ့တဲ့ နွေရာသီ အတွင်းကပေါ့ကွာ။ တစ်နေ့မှာ ငါ ဆေးရုံက ကွန်ပေါင်ဒါကြီးက ငါ့ကို အကူအညီတစ်ခု တောင်းတယ်။ သူ့သား ရန်ကုန်မှာ အိမ်ထောင်ကျပြီး သူ့ချွေးမနဲ့အတူ သူ့ဆီကိုနွေကျောင်းပိတ်မှာ ခဏ ပြန်လာကြမလို့တဲ့။ ဆွေပြမျိုးပြပေါ့ကွာ။ အဲဒါ သူ့သားနဲ့ ချွေးမရောက်လာတဲ့အခါမှာ ဘူတာမှာ ကားနဲ့ကြိုချင်လို့တဲ့။ ငါ့ဆီမှာကလည်း ကျန်းမာရေးဌာနက ထုတ်ပေးထားတဲ့ ဂျစ်ကားတစ်စင်း ရှိတယ်ကွ။ အဲဒီကားကို ခဏငှားဖို့ပေါ့ကွာ။ ငါကလဲ ရှောရှောရှူရှူ ငှားပါတယ်။ ဒါပေမယ့် အဲဒီနေ့က ကားမောင်းတဲ့ ဒရိုင်ဘာက ခွင့်ယူထားလို့ ကားမောင်းမယ့်သူ မရှိဘူး။ ဒါနဲ့ ငါကလည်း ညနေပိုင်းဆိုတော့ အားနေတာနဲ့ အဘိုးကြီး အလို ပြည့်အောင် ကားကို ငါကိုယ်တိုင်ပဲ လိုက်မောင်းပြီး ကြိုပေးပါမယ်လို့ ပြောခဲ့ရတယ်။ အဘိုးကြီးကတော့ ဝမ်းသာအားရ ဖြစ်ရှာတာပေါ့။ သူ့ခမျာ ချွေးမကို ကားကလေးနဲ့ တင့်တောင့်တင့်တယ် ကြိုချင်ရှာတာကိုးကွ။ ကြိုလည်း ကြိုချင်ရှာပေလိမ့်မယ်လေ။ သူ့သားက ခုမှ ဆယ်တန်းအောင်ပြီးလို့ ကောလိပ်မှာ ပထမနှစ်တက်တုန်း ရှိသေးတယ်။ သူ့ချွေးမက ဘီအေ– ဘီအီးဒီအောင်ပြီးသား။ အထက်တန်းပြ ဆရာမတဲ့။ သူတို့ချင်း ပညာအရည်အချင်းသာ ကွာတာမဟုတ်ဘူး။



www.foreverspace.com.mm



အသက်အပိုင်းအခြားချင်းလည်း ကွာတာပေါ့ကွာ။ ကွာဆို ဆယ်နှစ်နီးပါး ကွာသဟေ့။

ဆရာတပည့် ရကြတယ်ဆိုပါတော့ကွာ။ ဖြစ်တတ်ကြတဲ့ သဘာဝအတိုင်း ဆရာမ အပျိုကြီးနဲ့ တပည့်ကျောင်းသား သဒ္ဒါလွန်ရာက တဖျာ့ကျုံကြတဲ့ သဘောပဲပေါ့။ အဲဒီတော့ အဘိုးကြီးကလည်း ဆရာမကြီး အဆင့်အတန်းရှိတဲ့ သူ့ချွေးမကို ကားနဲ့ ဘာနဲ့ ကြိုချင်တာပေါ့ကွာ။ ပြီးတော့ သူ့ချွေးမကလည်း သူ့သားကို ကောလိပ်မှာ ပညာဆက်လက် သင်ပေးနေတာကိုးကွ။ အဲဒီလင်မယားအကြောင်းကို ကြားတော့ ငါလည်း ပိုပြီး စိတ်ဝင်စားသွားမိရတယ်။ ဒါနဲ့ ငါကိုယ်တိုင်ပဲ ကားကိုမောင်းပြီး အဘိုးကြီးနဲ့အတူ ဘူတာ သွားကြိုပေးခဲ့ပါတယ်။

ရထားဆိုက်ပြီးလို့ သူ့သားနဲ့ ချွေးမ ဆင်းလာကြပြီးတဲ့နောက်မှာ အဘိုးကြီးက သူတို့ကို ငါ့ဆီခေါ်လာပြီး လေးလေးစားစားပဲ ငါနဲ့ မိတ်ဆက်ပေးကြပါတယ်။ သူ့သားကိုတော့ ဒါဟာ ငါ ပထမဆုံး အကြိမ် မြင်ရတာပါပဲ။ ဒါပေမယ့် သူ့ချွေးမကတော့....။

ဒီလောက်ဆိုရင် မင်း သိလောက်ပါပြီ။ သူ.... သူဟာ 'အေး' ပေါ့ကွာ။ ငါ ဘယ်တုန်းကမှ မမေ့နိုင်တဲ့ 'အေး' ဖြစ်နေတယ်ဟေ့။ အို.... အေးကတော့ ဘယ်လိုနေမယ် မသိဘူး။ ငါကတော့ အေးကို ကြည့်ရင်း မျက်လုံးတွေ ပြာသွားတယ်။ ဘာစကားကိုမှလည်း မပြောလိုက်နိုင်ဘူး။ ငါ့ကိုယ်ငါသာ မနည်း ဣန္ဒြေဆည်ပြီး ကြိုးစားနေလိုက်ရတယ်။ ငါဟာ 'အေး' ကို ဝီဝီသသကြီးတောင်မှ ပြုံးပြနိုင်ခဲ့တယ်လို့ မထင်ပါဘူး။

ဆေးရုံဝင်းထဲကျတော့လည်း သူတို့လင်မယားအတွက် ငါ့အိမ်ပေါ်မှာပဲ တည်းကြဖို့ အစကတည်းက စီစဉ်ထားပြီးဆိုတော့ သူတို့



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



လရောင်ကြောင့် သူ့မျက်နှာကို ငါ ကောင်းကောင်းမြင်ရပါတယ်။

သူနဲ့ ငါနဲ့ ဝေးခဲ့ကြတာ ရှစ်နှစ်နီးပါးရှိပြီ။ အဲဒီကာလအတွင်းမှာ ဒါဟာ သူ့ကို ငါ ပထမဆုံး ပြန်တွေ့ရတာပါပဲ။ အေးဟာ အလှတော့ မပျက်ဘူး။ ဒါပေမယ့် ဘဝမှာ ရုန်းကန်ရလွန်းလို့ နွမ်းနေတဲ့ပုံတော့ ပေါ်တယ်။ အေးဟာ မိန်းကလေးဖြစ်ပေမယ့် ငါ့ထက် စိတ်ဆောင်နိုင်တယ်။ ဣန္ဒြေ ဆည်နိုင်တယ်။ သူ ငါ့ကို ပြောချင်တဲ့စကားကို ဣန္ဒြေမပျက် ပြောသွားနိုင်တယ် သူငယ်ချင်း။

သူ ဘာကြောင့် သူ့မိဘတွေ သဘောတူခဲ့တဲ့ ဘိလပ်ပြန်နဲ့ မယူသလဲ ဆိုတာကိုလည်း ပြောမပြဘူး။ သူ့အကြောင်းတရားနဲ့သူ၊ သူ့ဘဝကံနဲ့သူမို့ အခု သူ့ယောကျ်ားနဲ့ အကြောင်းဆုံလို့ ရခဲ့တာပါပဲတဲ့။ သူ ငါ့ကို တစ်ခုပဲ ထူးထူးခြားခြားပြောတယ်။ အဲဒါက ဘာလဲဆိုရင် ကျောင်းတုန်းက သူနဲ့ ငါနဲ့ သဘောတူထားတဲ့ ပထမ သဘောတူချက်ကို သူက ဖျက်ပြီး ငါ ဆရာဝန်ဖြစ်ဖြစ်ချင်း သူ့ကို လက်ထပ်ဖို့ ပြောခဲ့တဲ့ ကိစ္စအတွက်တော့ သူ့ကို ခွင့်လွှတ်ပါတဲ့ကွာ။ ဒါပဲ ပြောတယ်။ သူလိုချင်တဲ့စကားကို ငါပေးလိုက်ပါတယ်။ 'အေးကို ခွင့်လွှတ်ပါတယ်' ဆိုတဲ့ စကားပေါ့ကွာ။ အဲဒီညမှာ ငါဟာ အိပ်ဆေးတွေ သောက်ပြီး အိပ်ပစ်လိုက်ရတယ် သူငယ်ချင်းရေ့။

နောက်တစ်နေ့ကျတော့လည်း ငါ အလုပ်ကို အကြောင်းပြပြီး ငါ့နယ်ထဲကို ခရီးထွက်သွားရတယ်။ အေးကို ငါ မမြင်ချင် မကြည့်ချင်တော့ဘူးကွာ။ အင်း၊ မမြင်ရဲ မကြည့်ရဲဘူးဆိုရင် ပိုမှန်ပါလိမ့်မယ်။

မိန်းမတွေဟာ ဘဝမှာ သူတို့ဖြစ်သမျှ၊ ကြုံသမျှ အပေါ်မယ် အလိုက်သင့် နေတတ်တဲ့စိတ်၊ ပြေအောင် ဖြေတတ်တဲ့စိတ် ရှိတဲ့နေရာမှာတော့ တို့ ယောကျ်ားတွေထက် သာတာအမှန်ပဲဟေ့။

အေးဟာ ငါ့ကို တွေ့ပြီးပေမယ့် လွယ်လွယ်ကူကူပဲ သူ့စိတ်ကို



www.foreverspace.com.mm



လင်မယား နှစ်ယောက်စလုံး ငါ့အိမ်ပေါ်ပဲ ရောက်လာကြတယ်။ ဒီကိစ္စကလည်း အစကတည်းက ငါက 'အေး' မှန်း မသိလို့ ဧတနာ ပိုခဲ့မိတာပဲကွာ။ အဘိုးကြီးရဲ့ အိမ်ကလေးက ကျဉ်းကျဉ်း၊ ကလေးတွေကလည်း များ၊ ဒါကြောင့် ငါ့အိမ်ကြီးပေါ်မှာက ငါနဲ့ ငါ့တပည့်တစ်ယောက်တည်းမို့ ကျယ်ကျယ်ဝန်းဝန်းနဲ့ အခန်းပိုတွေရှိနေလို့ ငါကပဲ သူတို့လင်မယားရောက်ရင် ငါ့အိမ်မှာ တည်းပါစေလို့ ပြောပြီး စီစဉ်ခဲ့ပြီးဖြစ်ခဲ့လို့ပဲ။

အေးနဲ့ပတ်သက်ပြီး ငါဟာ ခံနိုင်ရည်ရှိပြီး မတုန်လှုပ်တော့ဘူး၊ ငါ့အသည်းဒဏ်ရာဟာ အကင်းသေပြီလို့ ထင်ခဲ့တာတွေဟာ အဲဒီတုန်းကမှ မှားမှန်းသိရတော့တယ် သူငယ်ချင်းရယ်။ သူ့ကို မမြင်မတွေ့ဘဲ ဝေးနေတုန်းကတော့ ယောကျ်ားမာန်နဲ့ ကိုယ့်စိတ်ကို တင်းပြီး ခံနိုင်ရည်ရှိလေဟန် နေနိုင်ခဲ့ပေမယ့် သူ့ကို အဲဒီလို သူများရင်ခွင်မှာ ရှိနေတာကို တွေ့လိုက်ရတော့ ငါ ဘယ်လိုမှ ရပ်တည်လို့ မရခဲ့ဘူး။ ငါ့အဖို့ ပိုပြီးတော့ မဖြေနိုင်တာတစ်ခုကတော့ သူ့ယောကျ်ားဟာ ခုမှ ကောလိပ်ပထမနှစ်တဲ့ကွာ။ သူက ကျောင်းထားပေးသတဲ့။ ဟိုတုန်းကတော့ ငါ့ကို ဆရာဝန်ဖြစ်ပြီး သုံးနှစ်တောင်မှ မစောင့်နိုင်ခဲ့ဘူးတဲ့ကွာ။ ဝမ်းနည်းတာရော၊ ယူကြုံးမရဖြစ်ရတာရော၊ မခံချိတာရော၊ အို.... ငါ့ရင်ထဲမှာ ဝေဒနာမျိုးစုံ ခံစားခဲ့ရတယ်။ ငါ ဘယ်လိုမှ ကိုယ့်စိတ်ကို ကိုယ်ဖြေသိမ့်လို့မရဘူးကွာ။ အဲဒီညတစ်ညလုံးပဲ ငါ အိပ်မရဘူး။ ဒါနဲ့ အိမ်ရှေ့ဝရန်တာမှာ ပက်လက်ကုလားထိုင်တစ်လုံးနဲ့ ငါ တစ်ညလုံး ထိုင်နေမိတယ်။ ညသန်းခေါင်လောက်ကျတော့ အေးဟာ သူတို့အခန်းထဲက ထွက်လာပြီး ငါ့ဆီလာတယ်။ သူ့ယောကျ်ားကတော့ အိပ်ပျော်နေပြီပေါ့ကွာ။

လဆုတ်ညမို့ လဝန်း တစ်ခြမ်းပဲ့ဟာ ခပ်ပြေပြေလေးသာနေတယ်။



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

ဖြေလို့ ရခဲ့တယ်လို့ပဲ ငါထင်တယ်။ ဒါပေမယ့် ငါကတော့ ခံလိုက်ရတာ မသက်သာဘူးကွာ။ သူနဲ့ တွေ့ခဲ့ရတာ နှစ်တစ်ဝက်လောက်ကျိုးခဲ့ပေမယ့် ခုထိ ငါ့စိတ်ဟာ အနည်မထိုင်သေးဘူးကွာ။ လှုပ်ရှားခံစားရတုန်းပါပဲ"

သူ့စာကို ဖတ်ရပြီးနောက် ကျွန်တော်လည်း ငိုင်နေရပါသည်။

*

ပြောချင်စရာ အေးအေးဟန်၏ အကြောင်းကို ပြောခဲ့ပြီ။

'လူတင်ပါလို့ နွားကျားကိုက်သည်လား'၊ ဒါမှမဟုတ် 'ကြမ္မာငင်၍ လူကို သားကောင်ထင်ခဲ့လေသလား' ဟူ၍တော့ မသိပါ။

အေးအေးဟန်သည် ဆရာဝန်ကျော်သင်းကို သုံးနှစ်ပင် မစောင့်နိုင်ဟု ဆိုခဲ့ပါလျက်....

ယခုတော့....

ကျော်သင်းကို အေးအေးဟန် မစောင့်နိုင်ခဲ့ခြင်းသည်.... ပို၍ပို၍ စောင့်ရဦးမည့်သူတစ်ဦးအတွက် အဘယ်အရာက ဖန်တီးလိုက်ခဲ့သည်ကိုမူ ကျွန်တော် သိချင်လှပါ၏။

လူတို့၏ အလှည့်အပြောင်း ဘဝလမ်းကြောင်းသည် အဘယ်တရားကို မှီ၍ ဖြစ်ပါလေသနည်း။

❈

(၁၉၇၀ ခု၊ ဒီဇင်ဘာလ၊ စန္ဒာမဂ္ဂဇင်း)



www.foreverspace.com.mm

## အမှတ် ၁၁

လှပျိုဖြူတို့၏ ဆံကေသာ နက်မှောင်ကျော့၌ ချစ်စရာကောင်းသော ကံ့ကော်ပွင့်တို့ ဝင့်ကြွားစပြုပြီ။

တစ်ခါက ဂျပ်ဆင်ခေါ် ယနေ့ ဝိဇ္ဇာစာသင်ခန်းဆောင်များ ရှိရာသို့ အဝင်အထွက် လမ်းသွယ်တစ်လျှောက်ရှိ မဟော်ဂနီ ပင်မြင့်တို့ဝယ် ရွက်ဟောင်းနှင့် ရွက်သစ်တို့ ရောယှက်လျက်ရှိပြီ။ ကတ္တရာလမ်းတစ်လျှောက်နှင့် မြေပြင်အနှံ့၌လည်း မဟော်ဂနီ ရွက်ခြောက်နီတို့ ပြန့်လျှလိုက်ရှိကြပြီ။

ကံ့ကော်တောသို့အဝင် တက္ကသိုလ်ရိပ်သာလမ်းတစ်ဖက်ရှိ ပိတောက်ပင်ကြီးများ၏ ရွက်အိုတို့သည်လည်း ညိုနီရောင်သန်းလျက်ရှိပြီ။

ကံ့ကော်တော၏ ဤသရုပ်များသည် လွန်ခဲ့သော အနှစ် နှစ်ဆယ် ကျွန်တော်တို့ ခေတ်ကကဲ့သို့ပင် ရှိပါ၏။ ဤနေရာ၊ ဤရာသီ၊ ဤသရုပ်တို့မှ မပြောင်းပါ။ သို့သော်လည်း ကျွန်တော်တို့ခေတ်ကနှင့်မတူသော ထူးခြားခြင်းကြီး တစ်ခုမူရှိနေပါ၏။

ကျွန်တော်တို့ခေတ်ကမူ ဤသရုပ်များသည် စာသင်နှစ် တစ်နှစ်



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ပြီးဆုံး၍ စာမေးပွဲကြီး စစ်တော့မည့်အချိန်ကို ညွှန်ပြနေခြင်းလည်း ဖြစ်၏။

သို့သော် ယနေ့ခေတ်၌မူ ဤသရုပ်များသည် စာမေးပွဲကြီးကိုမညွှန်ပြ။ စာသင်နှစ် တစ်ဝက်၏ နွေကျောင်းပိတ်ရက်ကိုသာ ညွှန်ပြသည်။

ကျွန်တော်တို့တုန်းကမူ မဟော်ဂနီရွက်ခြောက်တို့ မြေ၌ကျဲလျှင် စာမေးပွဲကြီးကို သတိရကာ ရင်ခုန်ရသည်။ ပိတောက်ရွက်ညိုတို့ တဖွဲဖွဲကြွေလျှင် စာမေးပွဲကို သတိရကာ ရင်ဖိုရသည်။ စာမေးပွဲကြီးပြီးလျှင်လည်း ချစ်ရသူနှင့် ခွေတ္တမျှ ဝေးကြရဦးမည်မို့ နှလုံးစိတ်ဝမ်း နွမ်းရသည်။

ယခုမူ ထိုခံစားရချက်မျိုးများနှင့် ဝေးခဲ့ပြီ။ ဝေးခဲ့ရသည်မှာလည်း ကြာပြီ။ထိုစဉ်က ခံစားရချက်များကို အတွေးနှင့်သာ တွေ့ရပါ၏။

ယနေ့အချိန်၌ ပြန်လည်တွေးပြန်တော့လည်း နှလုံးစိတ်ဝမ်း နွမ်းချင်စရာများကိုမူ မတွေးချင်ပြီ။ ရယ်ရွှင်တသ ပြုံးချင်စရာများကိုသာ လွမ်းချင်ပါ၏။ ဤသို့သော ကာလ၊ ကျွန်တော်တို့ခေတ် စာမေးပွဲနီးချိန်က ကြုံတွေ့ခဲ့ရသော ပြုံးစရာတစ်ခုမှ....

ကံ့ကော်တော နယ်တစ်ဝိုက်ရှိ ပိတောက်ပင်များသည် ဗွန်လတိုင်မှ ပွင့်တတ်ကြသည်။ နိုဝင်ဘာလရောက်လျှင်ပင် မြင့်ဖျားဝယ် ပိတောက်သီးတို့ တလူလူ တလွင့်လွင့် ရှိကြပြီ။ နီးကပ်လာပြီဖြစ်သော စာမေးပွဲကြီးကို ရည်ညွှန်း၍ ကျွန်တော်တို့ ကျောင်းသားများ ပြောလေ့ရှိသော စာဆိုတစ်ခု ရှိပါ၏။

"ပိတောက်သီးမှတော့ စာမကြည့်လေနဲ့ဟေ့" ဟူသော စကားပင် ဖြစ်သည်။

ဟုတ်သည်၊ စာသင်နှစ်တစ်နှစ်လုံး ကျောင်းစာများကို လျစ်လျူရှုကာ နေချင်သလိုနေ၊ နေခဲ့ကြပြီး စာမေးပွဲကြီး နီးလှပြီဖြစ်သည့် နိုဝင်ဘာလတိုင်မှ စာကြည့်၍တော့ဖြင့် မထူးပြီဟု ဆိုလိုခြင်းဖြစ်သည်။

သို့သော်လည်း ဤစကားသည် တစ်နှစ်ပတ်လုံး စာမှန်မှန်ကြိုးစား



www.foreverspace.com.mm



လာကြသူ ကျောင်းသားများက စာမှန်မှန်မကြည့်ကြသူ ကျောင်းသားများကို ကြောက်လန့်အောင် ခြောက်လှန့်ကြသော စကားလုံးပင်ဖြစ်၏။

ထိုစာဆိုအရသာ လိုက်နာရမည်ဆိုပါက ကျွန်တော်တို့ သူငယ်ချင်း တစ်တွေ အပါအဝင် တော်တော်များများသော ကျောင်းသားများသည် တစ်နှစ်ပတ်လုံး စာကျက်ချိန်ဟူ၍ ရှိတော့မည်မဟုတ်။

ထို့ကြောင့် ကျွန်တော်တို့သူငယ်ချင်းတစ်တွေသည် အားလုံး 'ငြိမ်ဝပ်' မှာ 'ပြ' ကာ စာအုပ်များကို ဖုတ်ဖက်ခါ၍ စာကြည့်စားပွဲ၌ ထိုင်လျက်ရှိကြပြီ ဖြစ်သည်။ တစ်ယောက်အခန်းကိုပင် တစ်ယောက်က သိပ်မကူးဖြစ်၊ မသွားဖြစ်ကြ။ နတ်တော် ဆန်းခဲ့ပြီဖြစ်သဖြင့်လည်း လရောင်နှင့်အတူ နှင်းငွေ့ဝေကာ အအေးဓာတ်လွှမ်းလေပြီဖြစ်၏။ ထို့ကြောင့် ကျွန်တော်သည် အခန်းတံခါးကိုပိတ်ကာ စာကြည့်စားပွဲ၌ သဲသဲမဲမဲထိုင်လျက်ရှိစဉ် ဖြည်းဖြည်းညင်သာခေါက်လိုက်သော တံခါးခေါက်သံကို ကြားလိုက်ရသည်။

"ဟေ့ ဘယ်သူလဲကွ"

စာကျက်နေစဉ် အနှောင့်အယှက် မခံချင်သဖြင့် ကျွန်တော်သည် ခပ်ဆတ်ဆတ်ပင် မေးလိုက်မိ၏။

"ငါပါကွာ၊ အေးဝင်းရာ"

စိတ်ပျက်လက်ပျက် ပြန်ဖြေလိုက်သော အသံကို ကြားလိုက်ရသော အခါတွင် အသံရှင်မှာ ခင်မောင်သွယ်ဖြစ်ကြောင်း ကျွန်တော် သိလိုက်သည်။

သူနှင့် ကျွန်တော်သည် တက္ကသိုလ်သို့ မရောက်မီ ဟိုက်စကူးမှာ ကတည်းကပင် သူငယ်ချင်းများဖြစ်ခဲ့ကြသည်။ သူသည် အေးအေးနှင့်ပင် နောက်တတ်စတတ်သည်။အတည်ပေါက်နှင့် ဟာသလုပ်တတ်သူဖြစ်၏။ ထို့ကြောင့် ကျွန်တော်သည် စာကျက်ပျက်မည်စိုးသဖြင့် သူ့ကို လက်မခံလိုလှ။

"ဟေ့ကောင်ကြီး၊ ဘာလာလုပ်ဦးမလို့လဲ သွား သွား။ ငါ စာကျက်နေတယ်။ မရှုပ်စမ်းနဲ့"



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



"ရှုပ်မလို့ မဟုတ်ပါဘူးကွာ။ ငါ စိတ်ညစ်လွန်းလို့ပါ။ ခဏ တံခါး ဖွင့်စမ်းပါဦး"

သူ့အသံမှာ တကယ်ပင်စိတ်ပျက်သံပေါက်နေ၏။ သို့သော် ကျွန်တော် သူ့ကိုမယုံပါ။ ထို့ကြောင့် တံခါးလည်းမဖွင့်။ ဘာမှလည်း မပြောဘဲ ကိုယ့်စာ ကိုသာ ကိုယ် ဖတ်နေလိုက်မိသည်။

"ဟေ့ကောင် အေးဝင်း၊ ဖွင့်စမ်းပါဦးကွ၊ ခဏလေးပါ။ မင်းနဲ့ တိုင်ပင် စရာရှိလို့"

"တိုင်ပင်စရာရှိရင် မနက်ကျမှ တိုင်ပင်ကွာ။ ဒီနေ့ညတော့ ဘယ်နည်း နဲ့မှ ဖွင့်မပေးဘူး"

ကျွန်တော်က ထိုသို့ အပြတ်ပြောလိုက်သော်လည်း ခင်မောင်သွယ် သည် လက်လျှော့၍ မသွားဘဲ တံခါးဆီ၌သာ တကျီကျီလုပ်ရင်း တခေါက် ခေါက်နှင့် အဆက်မပြတ် ခေါက်နေသည်။ ကြာတော့လည်း အခန်းနီးချင်း များကို အားနာလာရ၏။ သူ တကျီကျီ လုပ်နေမှုကြောင့် ကျွန်တော်လည်း စာထဲ၌ စိတ်ဝင်စား၍မရ။ ထို့ကြောင့် စိတ်ပျက်လက်ပျက် ဆဲဆဲဆိုဆိုနှင့်ပင် တံခါးကို ဖွင့်ပေးလိုက်ရတော့သည်။

"ငါ့လခွီးတဲ့မှပဲ၊ အလကား ကပ်စရာမရှိ ကပ်နေတယ်။ ဒီတံခါးလေး ဖွင့်ပေးဖို့အရေး ကျီတိုက်လိုက်ရတာ လူကို မောသွားတာပဲ"

ခင်မောင်သွယ်သည် ပြောပြောဆိုဆိုပင် အခန်းတွင်းသို့ ဝင်လာပြီး ကျွန်တော့်ကုတင်ပေါ်၌ ထိုင်လိုက်သည်။ ကျွန်တော်သည် စိတ်တိုလက်စ ရှိနေသည့်အလျောက် သူ့ကို တစ်ချက်မျှပင် လှည့်မကြည့်ဘဲ စားပွဲ၌ ပြန်ထိုင်ကာ စာကိုသာ ကြည့်နေလိုက်မိ၏။

ခင်မောင်သွယ်ကလည်း ဘာမျှ စကားမစ၊ မည်သည့်လှုပ်ရှားသံမျှပင် မကြားရဘဲ ငြိမ်နေသည်။ ဒီလိုနှင့်ပင် ဆယ်မိနစ်ခန့်ကြာလာသည်။ ကျွန်တော့် စိတ်မှာလည်း မချင့်မရဲဖြစ်လာရ၏။ သူ့ကို ပို၍လည်း စိတ်တိုလာရ၏။



www.foreverspace.com.mm



"ဟေ့ကောင်၊ ပြောစရာရှိ ပြောလေကွာ။ ဘာငြိမ်နေတာလဲ"

"မင်း အဲဒီလို စိတ်တိုနေသမျှ ငါ ဘာမှမပြောဘူး။ မင်းစိတ် ပုံမှန် ဖြစ်လာတော့မှ မေး။ အဲဒီကျမှ ငါပြောမယ်"

ကြာတော့လည်း ကျွန်တော်သည် ဒီကောင်ကြီးကို အလျှော့ ပေးလိုက်ရ၏။ ကျွန်တော်သည် သူ့ဘက်သို့ လှည့်လိုက်ကာ ခပ်အေးအေး မေးလိုက်ရသည်။

"ကဲ၊ ဘာလဲ ဆိုစမ်း။ မင်းနမနဲ့ ငါနဲ့ ပေးစားဖို့ စေ့စပ်ကြောင်းလမ်း ချင်လို့လား။ အဲဒီလိုဆိုရင်တော့ ဆောရီးပဲဟေ့။ ငါ့မှာရှိပြီမို့ ကန်တော့ဆွမ်း ပဲကွာ"

ခါတိုင်းအချိန်များကဆိုလျှင် သူ့ပါးစပ်မှ အယုတ္တ အနတ္တတွေ ထွက်လာကြမည်ဖြစ်၏။ ယခုမူ သူသည် ကြက်နာကျသော ကြက်ဖကြီး ပမာ ငိုင်ငိုင်ငူငူကြီး ဖြစ်နေ၏။ ထို့ကြောင့် ဒီကောင်ကြီးတော့ တကယ်ပင် တစ်ခုခုတော့ ဖြစ်လာပြီဟု ကျွန်တော် သိလိုက်သည်။

"ကဲပါကွာ၊ ခင်မောင်သွယ်ရာ။ မင့်ကိစ္စပြောမှာဖြင့် ပြောစမ်းပါဦး။ အချိန်ကုန်တယ်ကွာ။ လိုရင်းကိုသာ ဆိုပါတော့"

ကျွန်တော်က လေအေးကလေးနှင့်ပင် ဆိုလိုက်ရရင်း သူ့ထံမှ စကား အပြန်ကို စောင့်လိုက်ရပါ၏။ သူသည် ကျွန်တော့်ကို မကြည့်သေးဘဲ သက်ပြင်းတစ်ချက်ချလိုက်သည်။ ကျွန်တော်သည် သူ့ကိုကြည့်ရင်း ပြုံးလိုက် မိရင်းက

"အံမာ၊ မင့်ကြည့်ရတာ တကယ့်အလွမ်းမင်းသားကြီး ကျနေတာပဲ။ တက္ကသိုလ်မျိုးချစ်လား အောက်မေ့ရတယ်။ သူနဲ့ပိုပြီးတူအောင် မင့်ရှေ့က ဆံပင်ကလေးကို လက်နဲ့ဆွဲပြီး နဖူးပေါ် ဝဲကျလာအောင်လုပ်လိုက်ပါဦးလား" ဟု သူ့ကို ခပ်နောက်နောက်ကလေး သရော်လိုက်မိသည်။

ထိုစဉ်က 'ဝင်းဝင်း' ရုံနှင့် 'ကာဠေး' ရုံတို့တွင် ပြဇာတ်များ ခေတ်စား



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



နေဆဲဖြစ်သည်။ တက္ကသိုလ်မျိုးချစ်မှာလည်း ထိပ်တန်း ပြဇာတ်မင်းသား ဖြစ်ကာ နာမည်ကျော်ကြား လူကြိုက်များနေသော ခေတ်လည်းဖြစ်၏။ တက္ကသိုလ်မျိုးချစ်သည် လွမ်းခန်းသို့ရောက်၍ ခုနစ်သံချီ အလွမ်းသီချင်းကို ဆိုတော့မည်ဆိုငြား ငိုမလိုအိုနေသော သူ့မျက်နှာပြင် နဖူးထက်၌ ဆံနွယ်စ တချို့ကို ဝဲကျနေစေလေ့ရှိ၏။ ထိုပုံကို ကျွန်တော်တို့ 'စွဲ'ခဲ့ရပါသည်။

ခင်မောင်သွယ်သည် မရယ်မပြုံးပါ။ ကျွန်တော့်ကိုသာ ခပ်ငိုင်ငိုင်နှင့်ပင် ကြည့်နေသည်။ ကျွန်တော်သည် သူ့ပုံကိုကြည့်ကာ သနားသလို ဖြစ်သွားရ၏။ ဒီကောင်ကြီးသည် ပျော်ပျော်နေတတ်သူ ဖြစ်သည့်အလျောက် စိတ်မညစ်တတ်။ ယခုအချိန်တွင်မှ ဘာကြောင့် ဤမျှ စိတ်ညစ်နေရသည် မသိ။ ထို့ကြောင့် သူ့အဖြစ်ကို သိချင်လာသည်။

"ကဲ ဆိုစမ်းပါဦး ခင်မောင်သွယ်ရာ၊ ဘာဖြစ်လာသလဲ။ မင့်ကလေးမ မခင်စိမ်းနဲ့ ဘုကျလာလို့လား။ ပြောမှာဖြင့်ပြောကွာ မြန်မြန်"

"ဘုကျလာတာတော့ မဟုတ်ပါဘူးကွာ။ ဒါပေမယ့် သူက ငါ့ကို စိတ်ဆိုးနေလို့"

သူ့ မခင်စိမ့်သည် အလွန်အေးသည်။ သဘောလည်း ကောင်းသည်။ ထို့ကြောင့် မခင်စိမ့်က သူ့ကို စိတ်ဆိုးနေသည်ဟု ကြားလိုက်ရသောအခါ၌ ကျွန်တော် အံ့ဩသွား၏။ ဒီကောင်ကြီး တစ်ခုခုဆိုးလို့သာ ဖြစ်မည်ဟုလည်း တွေးလိုက်မိရ၏။

"ဧကန္တ မင်း တစ်ခုခုတော့ မဟုတ်တာ လုပ်ထားပြီနဲ့တူတယ်။ ဟုတ်တယ် မဟုတ်လား။ ဘာလုပ်မိလို့လဲ"

ဒီတော့မှပင် သူ့မျက်နှာသည် ရယ်ကျဲကျဲဖြစ်လာ၏။

"အေး၊ အဲဒါ ငါပြောမလို့လာတာပါပဲ အေးဝင်းရာ"

"ကဲ ပြောမှာဖြင့် ပြောကွာ။ အချိန်ကုန်တယ်။ ငါ့မှာလည်း စာကြည့်စရာတွေ အများကြီးရှိသေးတယ်"





"အမယ်လေး တစ်သက်လုံးကြည့်မလာတဲ့စာတွေကို ခုမှ အလော သုံးဆယ် ကြည့်မနေနဲ့တော့၊ မထူးတော့ပါဘူးကွာ"

"ဟော့ကောင်ကြီး၊ တော်စမ်း။ မင်းပါးစပ်ပုပ်ကြီးနဲ့ မဟုတ်တာတွေ လျှောက်ပြောမနေစမ်းနဲ့။ ကဲ ပြောမှဖြင့်ပြော။ မပြောမှာဖြင့် မြန်မြန်ကျောင်းဒါပဲ"

"မင်းကလည်း ဒေါချည်းပဲကွာ။ ပြောချင်လွန်းလို့ လာနေပြီဟာပဲ"

"ကဲ ပြောရင်လည်း မြန်မြန်ပြော"

ဒီတော့မှပင် ခင်မောင်သွယ်သည် သူ့ဇာတ်ကြောင်းကို လှန်တော့သည်။

"ဒီလိုကွာ အေးဝင်းရာ၊ စိမ့်က ငါ့ကို စာအုပ်တစ်အုပ် ဝယ်ခိုင်းတာ ကြာပြီကွ။ အဲဒါ ခုထိ ဝယ်မပေးရသေးလို့ ဒေါပွနေတာ"

"ဘယ်တုန်းက ဝယ်ခိုင်းတာလဲ၊ ဘယ်လောက်ကြာပြီလဲ"

"သိပ်တော့ မကြာသေးပါဘူးကွာ။ ဒီနှစ် ကျောင်းဖွင့်စက"

"ဟာ ငါ့လခွီး။ ခုဆို စာမေးပွဲကြီးပဲ စစ်တော့မယ်။ မင့်ဟာကလည်း လွန်လွန်းတယ်။ မခင်စိမ့် စိတ်ဆိုးတာတောင် နည်းသေးတယ်"

"အေး၊ငါကလည်းငါပါပဲကွာ။စိမ့် စိတ်ဆိုးမယ်ဆိုလည်းဆိုးစရာပါပဲ"

ခင်မောင်သွယ်သည် သူ့အပြစ်ကိုသူ လိုက်လိုက်လှဲလှဲ ဝန်ခံလိုက်သည်။

"သူဝယ်ခိုင်းတာကကော ဘာစာအုပ်လဲ"

"သူတို့ မယ်ဒီကယ် (Medical) မှာကိုင်တဲ့ စာအုပ်ပါကွာ။ အဲ Text Book of Human Anatomy ဆိုထင်ပါရဲ့"

"အေးလေ၊ မင်းကလည်း မင်းပဲ။ ကဲ ပြီးတာတွေတော့ ထားလိုက်တော့။ အခု မြန်မြန် ဝယ်ပေးလိုက်ပေါ့ကွာ"

"အဲ.... အဲဒါ ခက်နေတာပေါ့ကွ။ အခု အဲဒီစာအုပ်ကို ဘယ်ဆိုင်မှာမှ ရှာလို့မတွေ့တော့ဘူး"

ကျွန်တော်က သူ့ကို ငေးကြည့်နေစဉ်မှာပင် သူက စကားဆက်၏။



www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



"အဲဒီစာအုပ်ကလည်း ဈေးကြီးတယ်ကွ။ တစ်ရာလောက် ပေးရတယ်။ ငါကလည်း ငါပါပဲကွာ။ စာအုပ်ဝယ်နိုင်းတုန်းက သူက စာအုပ်ဖိုးငွေပါ ထုတ်ပေးသွားကွ။ ငါက ဟန်လုပ်ပြီး မယူဘဲနဲ့ နေခဲ့တယ်။ အဲဒါ တစ်လ တစ်လနဲ့ ငါလည်း ဘိုင်ကျကျနေလို့ မဝယ်ဖြစ်ခဲ့ရဘူး။ ခုဆိုရင် ဒီစာအုပ် ကလည်း ဘယ်ဆိုင်မှာမှ မရှိတော့ဘူးကွ။ ခက်တာပဲ။ စိမ့်ကလည်း စိတ်ဆိုး လှပြီ။ လုပ်ပါဦး သူငယ်ချင်းရာ။ ဒီပြဿနာကို ကူညီပြီး ဖြေရှင်းပေးစမ်းပါဦး"

"ဟာ ဒီပြဿနာကို ငါက ဘယ်လို ဖြေရှင်းပေးရမှာလဲ။ မခင်စိမ့်ကို စိတ်မဆိုးဖို့ ငါက မင့်ကိုယ်စား သွားတောင်းပန်ပေးရမှာလား။ မဖြစ်နိုင်တာ ခင်မောင်သွယ်ရာ"

"သွားတောင်းပန်ပေးဖို့ မဟုတ်ပါဘူးကွာ။ ဖြစ်နိုင်ရင် အဲဒီစာအုပ်ကို ရှာပေးစေချင်တယ်"

"ဘာလဲ ငါက ဒီစာအုပ်ကို တစ်ယောက်ယောက်ဆီက ခိုးပေးဖို့လား။ ငါတော့ ခိုးမပေးနိုင်ဘူး။ ခိုးချင်ရင် မင်းဟာမင်းခိုး။ ခင်မောင်ဖံဆီမှာတော့ ရှိမှာပဲ"

ခင်မောင်ဖံမှာ ဆေးကောလိပ်ကျောင်းသားဖြစ်ကာ ကျွန်တော်တို့ တကောင်းကျောင်းဆောင် အနောက်ဘက်တောင်ပံ၌ နေသည်။

"ဟာ ဘယ်ကလာခိုးရမှာလဲ။ စာအုပ်ခိုးဖို့ ပြောနေတာ မဟုတ်ပါဘူးကွာ။ နိုင်ငံခြားမှာ မင့်သူငယ်ချင်းများ မရှိဖူးလား။ အဲဒီစာအုပ်ကို မှာရအောင်လေ"

ကျွန်တော်သည် သူ့အမေးကို ရုတ်တရက် ပြန်မဖြေဘဲ ခေတ္တမျှ စဉ်းစားနေလိုက်မိသည်။ ပြီးမှ

"အေး နိုင်ငံခြားကို ပညာသွားသင်နေတဲ့ သူငယ်ချင်းတွေတော့ ရှိတယ်ကွ။ မှာရင်တော့ ရနိုင်ကောင်းပါရဲ့။ ဒါပေမယ့် မင်းကကော စာအုပ် ရရင် ပိုက်ဆံပေးမှာလား"



www.foreverspace.com.mm



ခင်မောင်သွယ်၏ မျက်နှာမှာ အားရပါးရကြီးပင် ပြုံးလာသည်။

"မှာသာ မှာပေးစမ်းပါကွာ။ ကျတဲ့တန်ဖိုး ငါပေးပါ့မယ်။ စိတ်ချပါ"

"အံမာ၊ ဘိုင်ကျနေလို့ စာအုပ်မဝယ်ခဲ့ရတာဆို။ ခုမှ ကြီးကျယ်မနေ စမ်းပါနဲ့။ ကဲ ပေးမှာဖြင့်ပေး။ ငွေကြိုတင်ပေးမှ မှာပေးနိုင်မယ်။ မပေးရင် မမှာဘူး။ ဒါပဲ"

"အမယ်လေး သူတော်ကောင်းကြီးရယ်၊ ဘယ်လိုပြောလိုက်တာလဲ။ သဘောဖြူ၊ အူစင်း တစ်သက်လုံးကောင်းခဲ့သမျှ ခုတော့မှ ရက်စက်တော့ မှာလား။ ကျွန်တော်မျိုးလေးကို သနားရင် ဒီလိုတော့ မကျီစားလိုက်ပါနဲ့နော်"

"ခင်မောင်သွယ်သည် ကျွန်တော့်ရှေ့ ကြမ်းပြင်ပေါ်၌ ဒူးထောက် လိုက်ကာ ကျွန်တော့်လက်မောင်းကို သူ့လက်နှစ်ဖက်နှင့်ကိုင်ရင်း ပတ်ချွဲနပ်ချွဲ ပြောလိုက်သဖြင့် ကျွန်တော် ရယ်ရပြန်သည်။

"တော်စမ်းပါ ခင်မောင်သွယ်ရာ၊ ဒီလိုလာချွဲတိုင်း ရလိမ့်မယ်မထင်နဲ့။ စာအုပ်မှာပေးလည်း ပိုက်ဆံပေးမယ့်ကောင် မဟုတ်ဘူး။ မှာပေးစေချင်ရင် ကြိုတင်ပြီး ပိုက်ဆံပေး အဲဒါပဲ"

ကျွန်တော်က ထိုသို့ခပ်ပြတ်ပြတ်ပြောလိုက်သော်လည်း မရပါ။ တကျီကျီနှင့်သာ ကျွန်တော့်ကိုကပ်၍ အမျိုးမျိုးပြောနေသည်။

"ဒီစာအုပ်မှ မရရင် စိမ့်က ငါ့အပေါ်မှာ ဘယ်နည်းနဲ့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး သူငယ်ချင်းရယ်။ စာအုပ်ရတာတောင်မှ သူ့ကို မနည်းကြီး တောင်းပန်ပြီး ချော့ရဦးမှာ။ ဒါကြောင့် မြန်မြန်လေး မှာပေးပါလို့ မင့်ကို တောင်းပန်နေတာပါကွာ။ ဒီကြားထဲမှာ ငါ ပိုက်ဆံရှာထားပါ့မယ်။ ဒီစာအုပ် မရောက်သေးခင်မှာ မင့်ကို ငါ ပိုက်ဆံပေးပါ့မယ်ကွာ။ စိတ်ချပါ"

ကြာတော့လည်း ကျွန်တော်သည် သူ့ကို အလျှော့ပေးလိုက်ရသည်။

"ကဲ ကဲ၊ မင်းစကားသာ မြဲမြဲမှတ်ထားနော်။ ငါမှာလို့ စာအုပ် ရောက်လာပေမယ့် မင့်ဆီက ပိုက်ဆံမရရင်တော့ မပေးဘူး။ အဲဒါပဲ"



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



နောက်ဆုံးတွင် ကျွန်တော်သည် ထိုစကားကိုသာ ဆိုလိုက်ရပါသည်။ ဒီတော့မှပင် သူလည်း စိတ်လက် ပေါ့ပါးသွားဟန်နှင့် ဝမ်းသာအားရ ပြန်သွားတော့သည်။

*

နိုင်ငံခြားသို့ ပညာသင်သွားနေကြသော ကျွန်တော့်သူငယ်ချင်းများသည် အင်္ဂလန်၌လည်း ရှိသည်။ အိန္ဒိယ၌လည်း ရှိသည်။

ခင်မောင်သွယ်၏ မခင်စိမ့်လိုချင်သောစာအုပ်ကို အင်္ဂလိန်သို့မှာပါက ခရီးဝေးလွန်းသည်နှင့်အမျှ စရိတ်စကပါ ပိုကုန်မည်ဖြစ်သည်။ ထို့ကြောင့် နီးနီးနားနားဖြစ်သော အိန္ဒိယပြည် ဗာရာဏသီတက္ကသိုလ်၌ ပညာသင်နေသည့် ကျွန်တော့်သူငယ်ချင်း တောင်တွင်းကြီးသား မောင်သောင်းထံသို့ စာရေး၍ မှာကြားရန် ဆုံးဖြတ်လိုက်သည်။

အဆင်သင့်ချင်တော့ မောင်သောင်းထံသို့ စာရေးလိုက်ပြီး မကြာမီမှာပင် ကျွန်တော် မှာလိုက်သောစာအုပ်ကို လူကြုံတစ်ဦးနှင့် မောင်သောင်းက ဂရုတစိုက် ပို့လိုက်သည်။ စာအုပ်ဖိုးငွေမှာ ကိုးဆယ့်ငါးကျပ် ကျသော်လည်း သူ့ထံသို့ တကူးတက ပို့ရန်မလိုပါ။ နောင် သူနှင့်ကျွန်တော် ကြုံတော့မှ အဆင်သင့်လျှင်လည်း ပေးတာပေါ့ဟု မောင်သောင်းက သူ့စာထဲ၌ ထည့်ရေးလိုက်သဖြင့် ကျွန်တော့်တွင် စိတ်အေး၍ သွားရသည်။

ခင်မောင်သွယ်က စာအုပ်ဖိုးငွေကို ပေးပါမည်ဟု ပြောသော်လည်း လွယ်လွယ်ကူကူ ရချင်မှရမည်ဖြစ်သည်။ အမှန်မှ ခင်မောင်သွယ်သည် လက်ခက်တတ်၍၊ ကပ်စေးနှဲ၍တော့ မဟုတ်ပါ။ သူသည် အရက်မသောက်၊ ဆေးလိပ်မသောက်။ သို့သော်လည်း လူတစ်ကိုယ်လျှင် မကောင်းသည့် အကျင့်ကလေးတစ်ခုခုတော့ ရှိတတ်သော သဘာဝမို့လားမသိ။ သူသည် 'ဖဲ' ကလေးရိုက်ရန်တော့ ဝါသနာပါသည်။ ထို့ကြောင့် ဖဲသမားနှင့်ငွေ အတူမနေ ဟူသော စကားအရ သူ့အိမ်က လုံလုံလောက်လောက် ပို့ပို့လျှံလျှံ





ပေးသော ငွေများသည် သူ့လက်တွင်း၌ ကြာကြာမနေတတ်။ ဖဲနိုင်၍ ငွေရှင်သော ရက်တို့သည် ခဏတာမျှသာ ဖြစ်တတ်ကာ ဖဲရှုံး၍ ငွေသုဉ်းနေသည့် ရက်တို့သည် တစ်လလုံးလုံးမျှ ဖြစ်နေတတ်ပါ၏။

ထို့ကြောင့် စာအုပ်ဖိုးငွေကို သူ့ထံမှ လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန် ရရန် မျှော်လင့်ရမည့်အရေးမှာ အိပ်မက်ထဲ၌ တွေးရသော အတွေးတစ်ခုမျိုးမျှသာ ဖြစ်လိမ့်မည်။ သို့သော်လည်း ခင်မောင်သွယ်သည် ဤရက်များအတွင်း၌ ကျွန်တော့်အခန်းသို့ တစ်နေ့လျှင် တစ်ခေါက်တော့ မှန်မှန်ရောက်လာတတ်သည်။ ရောက်လာလျှင်လည်း သူ့မျက်နှာသည် မချိုမချဉ် ပြုံးလျက်ရှိစမြဲ။ ပြီးတော့

"ပါရမီရှင်ကြီးရေ ဟိုစာအုပ်ကလေးများ မရောက်လာသေးဖူးလား" ဟုလည်း မေးစမြဲ။

ထို့ကြောင့် မခင်စိမ့်အတွက် စာအုပ်ရောက်လာသောနေ့က သူ့ကို ကျွန်တော် တကူးတက လိုက်မရှာတော့ဘဲ ခပ်အေးအေးသာလျှင် နေလိုက်မိသည်။ ယနေ့ည မမှောင်မီ သူ ကျွန်တော့်ထံသို့ ရောက်လာလိမ့်ဦးမည် ဆိုသည်ကိုလည်း ကျွန်တော် သိနေပါ၏။

သူသည် ညနေ ထမင်းစားပြီးချိန်၌ ကျွန်တော့်ထံ ရောက်လာသည်။ ရောက်လျှင် ရောက်ရောက်ချင်းပင် သူသည် ထုံးစံအတိုင်း မေးပြန်သည်။

"သူတော်ကောင်းကြီးရေ၊ ဟိုစာအုပ်ကလေးများ မရောက်လာသေးဖူးလား"

ကျွန်တော်က ခပ်တည်တည် ခပ်အေးအေးနှင့်ပင်

"လူကြုံနဲ့ပို့လိုက်လို့ နေ့လည်ကပဲ ငါ့ဆီ ရောက်လာပြီ" ဟု ပြောလိုက်ရသည်။

သူ့မျက်နှာသည် ချက်ချင်းပင် ဝင်းလက်သွားသည်။ ဝမ်းသာအားရ ဖြစ်သွားရသော အသံနှင့်လည်း ခပ်ကျယ်ကျယ် အော်လိုက်၏။



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"ဟာ ဟုတ်လား။ ဘယ်မလဲ ပြစမ်း၊ ပြစမ်း။ ဒီစားပွဲပေါ်မှာလား။ ကြည့်ရအောင်"

ခင်မောင်သွယ်သည် အငမ်းမရဟန်မျိုးနှင့် ကျွန်တော့်စာကြည့်စားပွဲ၌ လိုက်ရှာသည်။

"အဲဒီ စားပွဲပေါ်မှာ မရှိဘူး"

ကျွန်တော်က သူ့ကို ခပ်တည်တည်ကြည့်ကာ တိုတိုတောင်းတောင်းပင် ပြောလိုက်သည်။ ဒီတော့မှပင် သူသည် မျက်လုံးကလေး ကလယ်ကလယ် လုပ်ကာ ကျွန်တော့်ကို မော့ကြည့်၏။

"အဲဒီလို မကျီစားပါနဲ့၊ ပါရမီရှင်ကြီးရယ်။ ကျွန်တော်မျိုးကလေး ဝမ်းသာရအောင် မြန်မြန်ပြတော်မူပါ"

"ပြစရာ မလိုပါဘူးကွာ။ ဒီစာအုပ်မျိုးကို မင်းမြင်ဖူးပြီးသားပဲ။ ဘာမှ ဆန်းတာမှ မဟုတ်ဘဲ။ မင့်ကတိအတိုင်း ငွေကိုးဆယ့်ငါးကျပ်သာ မြန်မြန် ထုတ်။ ရော့ ပတ္တမြား၊ ရော့ နဂါးဟော့"

သူသည် မျက်နှာကို စပ်ဖြဲဖြဲလုပ်လိုက်ကာ

"ပေးပါ့မယ် ဆရာရယ်။ ဆရာကလည်း သူငယ်ချင်းချင်းပဲဟာ။ ဒီလောက်ကလေးမှ မယုံဖူးလား"

"သူငယ်ချင်း ချင်းချင်းမို့ မယုံတာပေါ့။ စာအုပ်ယူသွားပြီးရင် ပိုက်ဆံကတော့ နိုးရက်တန်း(Noreturn)နေမှာပဲ။ မသိရင် ခက်မယ်။ သူငယ်ချင်းမို့ သိလွန်းလို့ ပြောရတာ သူငယ်ချင်းရေ့"

"အစ်ကိုကလည်းနော်၊ ဟဲဟဲဟဲ...."

"အစ်ကိုလည်း မခေါ်နဲ့။ ဟဲလည်း မဟဲနဲ့ မရဘူးဆရာ"

"ဟော့ ဘာတွေများ မရနေတာလဲ။ တို့လည်း ပြောစမ်းပါဦး"

တံခါးဝဆီမှ ထွက်ပေါ်လာသော စကားသံနှင့်အတူပင် မောင်ရှိန်၊ မြင့်သန်းနှင့် သက်ခိုင်တို့ ဝင်လာကြသည်။ ခင်မောင်သွယ်သည် သူတို့





သုံးဦးကို လှမ်းကြည့်လိုက်ရင်း စိတ်ပျက်သွားဟန်ပေါ်သည်။

"ဒီကောင်တွေ ရောက်လာရင်တော့ အားလုံး ရှုပ်ကုန်တော့မှာပဲ၊ ဒုက္ခပါပဲကွာ" ဟုလည်း ညည်းညူလိုက်သည်။

"အံမာ၊ တို့လာတာနဲ့ ဘာဖြစ်လို့ ရှုပ်ရမှာလဲ။ မင်းတို့ဟာမင်းတို့ အစကတည်းက ရှုပ်နေကြတယ် မဟုတ်လား။ ကဲ ဆိုစမ်း။ မင်းတို့ အရှုပ်။ တို့ ကူပြီး ရှင်းပေးမယ်၊ ပြော"

မောင်ရှိန်က သူ့ကိုယ်ကို မတ်မတ်ထားပြီး လက်ပိုက်လိုက်ရင်း ဟန်ပါပါနှင့် ပြောလိုက်သည်။ ခင်မောင်သွယ်က သူ့ခေါင်းကို လက်နှင့်ကုတ်ရင်း မျက်နှာရှုံ့နေသည်။ ကျွန်တော်မှု သူတို့အားလုံးကို ကြည့်ရင်း ပြုံးနေမိ၏။

"ဟေ့ ခင်မောင်သွယ်၊ မင့်မျက်နှာကြီးကို အဲဒီလို ရှုံ့မထားစမ်းနဲ့ကွာ။ ဟိုဟာကို ငါ သတိရလွန်းလို့"

ထိုသို့ မြင့်သန်းက စကား စလိုက်ကတည်းကပင် ဒီကောင်ကြီး တစ်ခုခုတော့ မဟုတ်တာပြောတော့မည်ဟု ကျွန်တော်တို့အားလုံးကပင် သိလိုက်ကြသည်။

"ကဲ ပြောစမ်းပါဦး။ ဒီကောင့်မျက်နှာကြီး ရှုံ့နေတာနဲ့ မင်းက ဘာကို သတိရ ရတာလဲ"

သက်ခိုင်က အေးအေးကလေးနှင့်ပင် လေပင့်ပေးလိုက်၏။

"ဒီကောင့်မျက်နှာကြီး ရှုံ့နေပုံကို ကြည့်စမ်း။ ဘာနဲ့တူသလဲလို့၊ ငါတော့လေ ဆောင်းတွင်းမနက်စောစောစီးစီးမှာ ရေချိုးရတာကို သွား သတိရတယ်။သူ့မျက်နှာကို သေသေချာချာကြည့်စမ်း။ ဟိုဟာနဲ့မတူဖူးလား"

မြင့်သန်း၏စကားကို ကျွန်တော်တို့ သဘောကျစွာ ရယ်လိုက်မိကြသည်။ ခင်မောင်သွယ် တစ်ဦးတည်းသာလျှင် မျက်နှာကို စူပုပ်ပုပ်ကြီး လုပ်ထားရင်း

"ဟေ့ကောင် မြင့်သန်း၊မယုတ်ပတ်နဲ့နော်။ ငါ ဒီမှာ စိတ်ညစ်ရတဲ့အထဲ



စကားဝါမြေစာကြည့်တိုက်----> [http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေတေးဥယျာဉ်----> [http://sagarwarmyae.net/mm_flash_songs/index.html](http://sagarwarmyae.net/mm_flash_songs/index.html)
စကားဝါမြေနည်းပညာစာကြည့်တိုက်----> [http://technology.sagarwarmyae.net/](http://technology.sagarwarmyae.net/)

ထတီးပစ်လိုက်မယ်နော်" ဟု ကြိမ်းမောင်းလိုက်သည်။

"ကဲ ဒီကိစ္စကို ရှင်းလင်းရမယ့် လူကတော့ အေးဝင်းပဲ။ အေးဝင်း ပြောစမ်းကွာ။ မင်းတို့နှစ်ကောင် ဘာတွေဖြစ်နေကြတာလဲ"

မောင်ရှိန်က ကျွန်တော့်ကို ဦးတည်၍ မေးလိုက်သည်။ ကျန်လူများ ကလည်း ကျွန်တော့်ထံမှ စကားအလာကို စိတ်ဝင်စားစွာ စောင့်နေကြသည်။

ထို့ကြောင့် ကျွန်တော်သည် အကျိုးအကြောင်းကို အတိုချုပ်၍ ပြောပြလိုက်သည်။

"ဘယ်မလဲ အဲဒီစာအုပ်။ တို့ကိုလည်း ပြစမ်းပါဦး"

"အေး၊ ပြမယ်။ ဒါမှ ခင်မောင်သွယ်လည်း ငါ့ဆီမှာ ဒီစာအုပ်ရပြီ ဆိုတာကို ယုံသွားမယ်"

ကျွန်တော်သည် ကျွန်တော့်သေတ္တာကို သော့ဖွင့်ပြီး စာအုပ်ကြီးကို ထုတ်ပြလိုက်ရ၏။ စာအုပ်ကြီးကို တစ်ယောက်တစ်လက်ကူး၍ ကြည့်နေစဉ် ခင်မောင်သွယ်၏ မျက်လုံးများသည် စာအုပ်ကြီးကို လှမ်းကြည့်နေသည်မှာ အရောင်များ ထွက်နေသည်ဟုပင် ထင်ရပါ၏။

ကျွန်တော်သည် သူတို့ထံမှ စာအုပ်ကိုယူပြီး သေတ္တာထဲသို့ ပြန်ထည့် ကာ သော့ခတ်လိုက်သည်။ ခင်မောင်သွယ်သည် ကျွန်တော့်ကိုကြည့်ရင်း ခပ်မဲ့မဲ့ကလေးဖြစ်နေ၏။ ပြီးမှ သူသည် ကျန်သုံးယောက်တို့ထံသို့ စစ်ကူ တောင်းဟန်နှင့် လှမ်းကြည့်လိုက်ရင်း

"အေးဝင်းကတော့ ငါ့ကို ရက်စက်နေပြီကွာ။ မင်းတို့ ကူပြီး ပြောပေး ကြပါဦး။ ငါ့မှာလည်း အခု ပိုက်ဆံဆိုလို့ ခြူးတစ်ပြားတောင် မရှိအောင် ဘိုင်ကျနေလို့ပါကွာ။ ရှိတော့ ပေးမှာပါ။ ငါ့အတွက် မင်းတို့ကပါဝိုင်းပြီး အာမခံပေးကြစမ်းပါ သူငယ်ချင်းတို့ရာ။ မင်းတို့ကျေးဇူးကို ငါ မမေ့ပါဘူး"

"အမယ် ရှိတော့ ပေးမှာပါတဲ့။ ရှိမှသာ ပေးမယ်ဆိုရင်တော့ ဒီကောင့် ဆီက ဘယ်တော့မှရမှာမဟုတ်ဘူး။ ရှိသမျှဖဲချည်း ရှုံးပစ်နေတဲ့ကောင်"





မောင်ရှိန်က ဝင်ဟောက်လိုက်သဖြင့် ခင်မောင်သွယ်မှာ မျက်လုံး ကလေး ပုတ်ခတ်ပုတ်ခတ် ဖြစ်သွားသည်။ သို့သော် သူသည် ယခုအချိန်၌ မည်သူ့ကိုမှ ကန္တကောစ မပြောရဲဟန်နှင့် ငြိမ်နေ၏။ ခဏနေမှ

"တကယ်ပေးမယ် သူငယ်ချင်းတို့ရာ။ မင်းတို့သုံးယောက်စလုံးကို ငါတိုင်တည်ပြီး ကတိပေးပါတယ်။ ငါဆက်ဆက်ပေးပါမယ်ကွာ။လောလော ဆယ်မှာ ဒီစာအုပ်မှ ငါ စိမ့်ကို မပေးနိုင်ရင် ဒုက္ခရောက်မှာ သေချာနေပါပြီ သူငယ်ချင်းတို့ရာ။ ငါ့ကို ကယ်ကြပါဦး။ မင်းတို့လည်း ကုသိုလ်ရပါတယ် သက်နိုင်ရာ။ မင်းလည်း အေးဝင်းကို ကူပြောပေးပါဦး။ မင်းနဲ့ မမနွယ်ကြီး တို့လည်း မြန်မြန်စုံအောင် ငါ ဘုရားရှိခိုးတိုင်း ဆုတောင်းပေးပါမယ်"

"တော်စမ်းပါ ခင်မောင်သွယ်ရာ။ မင်းလား ဘုရားရှိခိုးတဲ့ကောင်။ တစ်နှစ်နေလို့ တစ်ခါတောင်မှ ဘုရားမရှိခိုးဘဲနဲ့များ"

"ကနေ့ကစပြီး နေ့စဉ် ဘုရားရှိခိုးပြီး ဆုတောင်းပေးပါမယ်ကွာ။ တကယ်ပါ"

ကျွန်တော်တို့လေးယောက်သည် ခင်မောင်သွယ်ကို ဝိုင်းစနေကြသည်။ ဒီလိုနှင့်ပင် အချိန်အတော်ကြာသွားရ၏။ နောက်ဆုံးတွင်မှ ကျွန်တော်က

"ကဲ၊ မင်းနောက်တော့ စာအုပ်ဖိုးငွေ တကယ်ပေးမယ်ဆိုရင် ငါနဲ့ စာချုပ်ထားမလား"

ဟု မေးလိုက်မိ၏။

ခင်မောင်သွယ်သည် မဆိုင်းမတွပင် ဝမ်းသာသွားဟန်နှင့်

"ဟာ စိတ်ချ၊ မင်းကြိုက်သလို ငါ စာချုပ်ပါ့မယ်။ ဘယ်လိုချုပ်ရ ချုပ်ရ"

"ဟော့ကောင်ကြီး စဉ်းစဉ်းစားစား ပြောနော်။ တော်တော်ကြာ ကျတော့မှ ငါပြောသလို စာမချုပ်နိုင်ဘူးဆိုရင် ဟောဒီစာအုပ်ကြီးကို မီးရှို့ ပစ်လိုက်မှာ"

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဥ်တင်ဆက်သည်။



"ကြိုက်သလို ချုပ်ပါလို့ ပြောနေမှပဲကွာ။ ငါ သဘောတူပါတယ်"

"ဟော့ အေးဝင်း၊ ဒီအချိန်မှာ မင်းကြိုက်သလိုသာ ချုပ်။ ဘယ်လို စာချုပ်မျိုးဖြစ်ဖြစ် ဒီကောင်ကြီးကတော့ ချုပ်မှာသေချာတယ်"ဟု မောင်ရှိန်က ဝင်ပြောလိုက်၏။

"ကဲ ဒါဖြင့် ငါပြောမယ်။ ဒီစာအုပ်ဖိုးငွေကို ရှေ့နှစ် ကျောင်းအဖွင့် ဇွန်လဆန်းကို နောက်ဆုံးထားပြီး ပေးရမယ်။ မပေးရင် မင်းမခင်စိမ့်ကို ငါက အကြွေးနဲ့သိမ်းဖို့ သဘောတူပါတယ်လို့ စာချုပ်ရမယ်။ ဘယ့်နှယ်လဲ"

ခင်မောင်သွယ်သည် ကျွန်တော့်စကားကို နှစ်ခါမစဉ်းစား၊ ချက်ချင်းပင် ခေါင်းညိတ်သဘောတူသည်။

"ကဲ မင်းသဘောတူရင် ကိုကြီးစိန့် ကိုမြစိန်တို့ဆီကို သွားကြမယ်။ သူတို့က ဝတ်လုံလောင်းတွေဆိုတော့ စာချုပ်ချုပ်ရင် သူတို့နဲ့ချုပ်မှဖြစ်မှာ"

ခင်မောင်သွယ်သည် ကျွန်တော့်စကားကို မည်သို့မျှ ငြင်းဆိုခြင်းမပြု။ မခင်စိမ့်အတွက် စာအုပ်ရလျှင် ပြီးရောဟုသာ သဘောထားပုံရသည်။ ထို့ကြောင့် ကျွန်တော် နောက်သမျှ သူခံနေသည်။

"ကဲ လာကြ။မင်းတို့ပါ အသိသက်သေအဖြစ်နဲ့ လက်မှတ်ထိုးရမယ်၊ လိုက်ခဲ့ကြ"

ကျွန်တော်သည် သေတ္တာတွင်းမှ စာအုပ်ကြီးကိုထုတ်ယူပြီး ကိုဘစီနှင့် ကိုမြစိန်တို့ အခန်းဆီသို့ ဦးဆောင်၍ ထွက်ခဲ့၏။

ကိုဘစီနှင့် ကိုမြစိန်မှာ ဥပဒေဝိဇ္ဇာတန်း တက်နေကြသူများဖြစ်သည်။ သူတို့နှစ်ဦးသည် ကျွန်တော့်အခန်း၏ နောက်ဘက် ခပ်ယွန်းယွန်းဆီ၌ နေကြသည်။ သူတို့နှစ်ဦးကို အခန်းတွင်း၌ အဆင်သင့်ပင် တွေ့ကြရသည်။

"အလို မင်းပေါင်းစုံလုချည်လား။ ဘယ်ကနေ ဘယ်လို ဆုံလာကြတာလဲ။ ကုတင်ပေါ်မှာပဲ ထိုင်ကြပေတော့ဗျာ"

ကိုမြစိန်က ကျွန်တော်တို့ကို ကြည့်ကာ ဧည့်ဝတ်စကား ဆိုသည်။



www.foreverspace.com.mm



"စာချုပ်တစ်ခု ချုပ်စရာရှိလို့ ဝတ်လုံကြီးတွေဆီကို လာတာပါဗျာ။ အဲဒါ ကိုကြီးစီဖြစ်ဖြစ်၊ ကိုမြစိန်ဖြစ်ဖြစ် လုပ်ပေးစမ်းပါဦး"

"ဘာစာချုပ်များလဲဗျ"

ကိုဘစီက ပြုံးရင်းမေးလိုက်သည်။ ကျွန်တော်ကပင် ကိုဘစီတို့ နားလည်အောင် အကျိုးအကြောင်း ရှင်းပြလိုက်ရပြန်သည်။ ကျွန်တော် စကားဆုံးလျှင် ကိုဘစီရော၊ ကိုမြစိန်ပါ အားရပါးရ ရယ်ကြသည်။

"ခင်ဗျားတို့ဟာကလည်း ကြံကြံဖန်ဖန်ဗျာ"

သူတို့နှစ်ယောက်စလုံးကပင် ရယ်ရင်း မှတ်ချက်ချ၏။

"မဟုတ်ပါဘူးဗျာ ကိုကြီးစီရ။ ဒီကောင့်ကို ဒီလိုလုပ်မှဖြစ်မှာ"

"ကဲ စာချုပ်ကတော့ ဟုတ်ပါပြီ။ ခင်ဗျားတို့က မခင်စိမ့်ကို ဘယ်လောက် တန်ဖိုးသတ်မှတ်ပြီး ချုပ်မှာလဲ။ ပထမ ငွေတစ်ထောင်ကို တံဆိပ်ခေါင်းဖိုးက နှစ်ဆယ့်ငါးကျပ်ကျမယ်။ နောက်ထပ်တစ်ထောင်က ထောင်တိုးတိုင်းတံဆိပ်ခေါင်းဖိုးက တစ်ကျပ်တစ်ကျပ်ရှော့သွားမယ်။ နှစ်ဆယ့်လေးကျပ်စီကျမယ်။ မခင်စိမ့်က ဆရာဝန်လောင်းဆိုတော့ သတ်မှတ်ရမယ့် တန်ဖိုးက နည်းမှာမဟုတ်ဘူးနော်"

ခင်မောင်သွယ်သည် မျက်လုံးဝိုင်းဝိုင်းလည်ကာ ကိုဘစီ၏စကားကို နားထောင်နေ၏။

"ကဲ ခင်မောင်သွယ်၊ မင့်မခင်စိမ့်ကို တန်ဖိုး ဘယ်လောက် သတ်မှတ်မလဲ ပြော။ တံဆိပ်ခေါင်းဖိုးကို မင်းက ခံရမှာနော်။ အဲဒီတော့ မခင်စိမ့်ကို တန်ဖိုး ဘယ်လောက်ထားမလဲ"

ခင်မောင်သွယ်သည် ကျွန်တော်နောက်သမျှ ဘာမျှ နှုတ်လှန်မထိုးနိုင်ဘဲ ခံနေ၏။

"ကွာ၊ အခုဟာက မင်းစာအုပ်ဖိုး ကိုးဆယ့်ငါးကျပ်အတွက် စာချုပ်ရမှာ မဟုတ်လား အေးဝင်းရာ။ ကိုးဆယ့်ငါးကျပ်ပဲပေါ့"



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"အေးပါလေ၊ ကိုးဆယ့်ငါးကျပ်ဖိုးပဲ စာချုပ်ချင်လည်း ချုပ်ပေါ့ကွာ။ ဒါပေမယ့် ငါကတော့ မင်းမခင်စိမ့်ကို ကိုးဆယ့်ငါးကျပ်တည်းနဲ့ တန်ဖိုးဖြတ်ရမှာ အားနာနေလို့ပါကွာ"

ကျွန်တော်က မခံချိမခံသာဖြစ်အောင်စသော်လည်း ခင်မောင်သွယ်မှာ ဘာမျှမပြောဘဲ မရှိသွားဖြိသာရှိနေရှာသည်။

"ကဲ ကဲ၊ ဒါဖြင့်လည်း ကိုးဆယ့်ငါးကျပ်နဲ့သာ စာချုပ်ပေးပါတော့ ကိုကြီးစီရယ်။ သူကျေနပ်ရင် ပြီးတာပါပဲ"ဟု ကျွန်တော်က ပြောလိုက်ရသည်။

"ကဲ ဒီလိုဆိုရင်လည်း စာချုပ်မှာ ဆယ့်ငါးပြားဖိုး တံဆိပ်ခေါင်းပဲ ကပ်လိုက်ပေါ့ဗျာ"

ကိုဘစီက ရယ်ရယ်မောမောပြောရင်း စားပွဲ၌ထိုင်ကာ စာချုပ်ရေးပေးသည်။

သဘောတူစာချုပ်

ကျွန်ုပ် ကိုခင်မောင်သွယ်သည် (Text Book of Anatomy) စာအုပ်ကို တန်ဖိုးငွေ ၉၅ ကျပ် (ကိုးဆယ့်ငါးကျပ်တိတိ)ဖြင့် ကိုအေးဝင်းထံမှ ဝယ်ယူပါသည်။ ယင်းတန်ဖိုးငွေကို ကျွန်ုပ် က ကိုအေးဝင်းအား ၁၉၅၁ ခုနှစ်၊ ဇွန်လထက် နောက်မကျစေဘဲ အပြေအလည်ပေးဆပ်ပါမည်။ အကယ်၍ ထိုသတ်မှတ်ထားသည့်နေ့ရက်၌ ကျပ်ငွေ ကိုးဆယ့်ငါးကျပ်ကို မပေးဆပ်နိုင်ဘဲ ရှိခဲ့ပါလျှင် ကျွန်ုပ်၏ချစ်သူ ဆေးကျောင်းသူ မခင်စိမ့်ကို ကိုအေးဝင်းအား အပြီးအပိုင်ပေးအပ်ပါမည်ဟု ဝန်ခံကတိပြုကြောင်း လက်မှတ်ရေးထိုးပါသည်။

| | |
|---|---|
| ကိုခင်မောင်သွယ် | ကိုအေးဝင်း |
| (ဝယ်ယူသူ) | (ရောင်းချသူ) |



www.foreverspace.com.mm



အသိသက်သေများ
ကိုတင်ရှိန်
ကိုသက်ခိုင်
ကိုမြင့်သန်း
နေ့စွဲ ၁၉၅၀ ခု၊ ဒီဇင်ဘာလ၊ ၂၃ ရက်

ခင်မောင်သွယ်သည် စာချုပ်ကိုတစ်ချက်မျှကြည့်ကာ အလွယ်တကူပင် လက်မှတ်ထိုးလိုက်သည်။ ကျွန်တော်တို့လည်း တစ်ယောက်ပြီးတစ်ယောက် လက်မှတ်ရေးထိုးကြ၏။ နောက်ဆုံးတွင် ကိုမြစိန်က တံဆိပ်ခေါင်း ဆယ့်ငါးပြားတန်တစ်လုံး ကပ်ပေးလိုက်၏။

"ခင်ဗျားတို့တစ်တွေကတော့ဗျာ တော်တော့်ကို ဆန်းဆန်းပြားပြား နောက်လည်း နောက်တတ်တဲ့လူတွေ"

သူတို့အခန်းတွင်းမှ ကျွန်တော်တို့ ပြန်ထွက်လာသောအခါ၌ ကိုမြစိန်တို့သည် ရယ်ရယ်မောမောပြောရင်း ကျန်ရစ်ခဲ့ကြတော့သည်။

*

စာအုပ်ဖိုးငွေ ကိုးဆယ့်ငါးကျပ်ကိုမူ ကျွန်တော် ကံ့ကော်တောမှ ထွက်လာခဲ့သည်အထိ ခင်မောင်သွယ်ထံမှ မရခဲ့ပါ။

ကျွန်တော်သည် စိတ်ကူးရတိုင်းသာလျှင် ကျွန်တော်တို့ ချုပ်ဆိုခဲ့ကြသော 'စာချုပ်' ကို ထုတ်၍ သူငယ်ချင်းများအား ပြပြီး ခင်မောင်သွယ်ကို နောက်ရ၊ စရပါသည်။ ထိုအခါများ၌လည်း ခင်မောင်သွယ်သည် ပါးစပ်ကို ဖြဲကာ တဟဲဟဲသာ ရယ်နေလေ့ရှိ၏။ သို့သော် ထိုစာချုပ်ကို မခင်စိမ့်ထံသို့ သွား၍ ပြမည်ဟု ပြောလိုက်သောအခါများတွင်မူ ခင်မောင်သွယ်သည် မျက်လုံးမျက်ဆန် ပြူးသွားတတ်၏။

"ဟာ.... စိမ့်ကိုတော့ သွားမပြလိုက်ပါနဲ့ကွာ။ မိုးမီးလောင်ကုန်ပါ



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဦးမယ်။ မင့်ငွေကို ငါ ဆပ်ပါ့မယ်ကွာ။ စိတ်ချပါ"ဟုပင် ဆိုနေတတ်ပြန်သည်။

သို့သော်လည်း ကံ့ကော်တောမှ ကျွန်တော် ဝေးခဲ့ပြီးသည်အထိ ထိုစာချုပ်မှာ ကျွန်တော်၏ သေတ္တာထဲ၌သာ ရှိနေခဲ့သည်။ ကြာတော့လည်း ထိုစာချုပ်ကိုပင် ကျွန်တော် မေ့သလောက် ရှိခဲ့ရပါ၏။ ကျွန်တော်တို့ သူငယ်ချင်းတစ်တွေမှာလည်း ရေကြည်ရာ မြက်နုရာ အသီးသီးတို့၌ တကွဲတပြားစီ ရောက်လျက် ရှိခဲ့ကြပြီဖြစ်သည်။ အကြောင်းသင့်လာတော့မှ သာလျှင် ငယ်သူငယ်ချင်းတစ်တွေကို သတိတရ ဖြစ်ရတော့သည်။

၁၉၅၅ ခုနှစ်၊ ဝါမဝင်မီတွင် ငယ်သူငယ်ချင်းများကို သတိရစရာ ကြုံလာရသည်။ ခင်မောင်သွယ်က ကျွန်တော့်ဆီသို့ ပို့လိုက်သော မင်္ဂလာဆောင် ဖိတ်စာကြောင့်ပင်ဖြစ်ပါ၏။

ခင်မောင်သွယ်နှင့် မခင်စိမ့်တို့ လက်ထပ်ကြတော့မည်။

ဌာနတစ်ခုမှ အရာရှိကလေး ကိုခင်မောင်သွယ်နှင့် ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန် မခင်စိမ့်တို့၏ မင်္ဂလာရှိသော ထိမ်းမြားခြင်းကို စထရင်းဟော်တယ် 'မင်းသား' ခန်းမကြီး၌ ဆင်ယင်ကျင်းပတော့မည် ဖြစ်သည်။

ထိုမင်္ဂလာဖိတ်စာကိုရတော့မှပင် တစ်ခါက ခင်မောင်သွယ်နှင့် ကျွန်တော်တို့ ချုပ်ဆိုခဲ့ကြသော စာချုပ်ကို ပြန်၍ သတိရမိတော့သည်။

ထို့ကြောင့် ကျွန်တော်သည် သေတ္တာကိုဖွင့်ကာ စာချုပ်ကို ပြန်ရှာမိ၏။ ခြေရာမပျက်၊ လက်ရာမပျက်ပင် စာချုပ်ကို ပြန်တွေ့ပါ၏။ စာချုပ်ကို ကြည့်ရင်းပင် ကျွန်တော် ပြုံးလိုက်မိရပြန်ပါသည်။ ဤစာချုပ်သည် ခင်မောင်သွယ်နှင့် မခင်စိမ့်တို့၏ မင်္ဂလာဆောင်အတွက် ကျွန်တော်၏ 'လက်ဖွဲ့ပစ္စည်း' ဖြစ်ရတော့မည်။

ကျွန်တော်သည် စာတစ်စောင်ကိုရေးကာ စာချုပ်နှင့်အတူတွဲ၍ ခေါက်ပြီး စာအိတ်တစ်လုံး၌ ထည့်ကာ စာအိတ်ပေါ်၌ 'ခင်မောင်သွယ်နှင့် မခင်စိမ့်တို့အတွက် မင်္ဂလာလက်ဆောင်' ဟု ရေးလိုက်သည်။ စာအိတ်



www.foreverspace.com.mm



ထောင့်၌ ကျွန်တော့်နာမည်ကို ပီပီသသ ရေးထားလိုက်၏။

ကျွန်တော် ရေးလိုက်သော စာမှာ

"ဤစာချုပ်သည် ယခုတိုင် တရားဝင်စွာ ကျွန်ုပ်၏ လက်ဝယ်၌ ရှိသေးသော်လည်း ဤစာချုပ်၌ပါရှိသော အခွင့်အရေးကို ရရှိရန်အတွက် ကျွန်ုပ်သည် မည်သည့်တရားရုံးတော်သို့မှ တင်ပြတောင်းဆိုခြင်း မပြုလုပ်တော့ပါ။ စာချုပ်၌ပါသော အခွင့်အရေးကို ကျွန်ုပ် လက်လွှတ်ရုံမျှမက ဤစာချုပ်ကို သတို့သား ခင်မောင်သွယ်နှင့် သတို့သမီး မခင်စိမ့်တို့သို့ စေတနာ ထက်သန်စွာနှင့် လက်ဖွဲ့လိုက်ပါသည်" ဟူ၍ ဖြစ်သည်။

ကမ်းနားလမ်းဟော်တယ် မင်းသားခန်းမ အဝင်ဝ၌ ကျွန်တော်၏ လက်ဖွဲ့ပစ္စည်းစာအိတ်ကလေးကို ပေးခဲ့ကာ ခန်းမကြီးထဲသို့ ဝင်ခဲ့သည်။

ခန်းမကြီးထဲ၌ ကျောင်းနေဖက် သူငယ်ချင်းများကို တော်တော်များများတွေ့ရသည်။ ကျွန်တော်တို့ စုမိသော စားပွဲ၌ မောင်ရှိန်နှင့် မြင့်သန်းတို့ ရှိသည်။ သက်ခိုင်မူ မန္တလေး၌ ရောက်နေ၍ မလာနိုင်။

ကျွန်တော်တို့ဝိုင်းသည် စိုစိုပြည်ပြည်နှင့် တိုးတိုးတိတ်တိတ် 'ဟား' နေကြရသည်။ ခင်မောင်သွယ်တို့အတွက် ကျွန်တော်၏ လက်ဖွဲ့ပစ္စည်းအကြောင်းကို ပြောပြမိသောအခါ၌ သူတို့သည် ပရိသတ်ဗိုလ်ပုံအလယ်မှာပင် ကျွေမဆည်နိုင်အောင် ဖြစ်နေကြသည်။ သတို့သားနှင့် သတို့သမီးကမူ ခန်းမထိပ်၌ မျက်လွှာကိုချကာ ကျွေကြီး တစ်ခွဲသားနှင့် ရှိနေကြ၏။

"ဟေ့ အရေးကြီးတာက မင့်လက်ဖွဲ့ပစ္စည်းကို သတို့သမီး တွေ့ဖြစ်အောင် တွေ့ဖို့ လိုတယ်ကွ"

မောင်ရှိန်က စဉ်းစဉ်းစားစားနှင့်ဆိုသည်။

"အေး ဟုတ်တယ်၊ ဒါပေမယ့် ကနေ့ညတော့ သူတို့ ဒီလက်ဖွဲ့ပစ္စည်းတွေကို ကြည့်နိုင်အားမှာ မဟုတ်ပါဘူးကွာ။ မနက်ဖြန်မနက်ကျမှ ကြည့်ဖြစ်ကြမှာပဲထင်တယ်"



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



မြင့်သန်းကလည်း သူ့ထင်မြင်ချက်ကို ပြောပြန်သည်။

"အေးကွာ၊ ငါကလည်း ငါ့လက်ဖွဲ့ပစ္စည်းကလေးကိုတော့ ကနေ့ည အိပ်ရာမဝင်မီမှာကို မခင်စိမ့် တွေ့စေချင်တယ်။ ဒီကောင်ကြီး တော်တော် ချောက်ကျသွားမှာတော့ သေချာတယ်"

ကျွန်တော်ကလည်း ကျွန်တော့်ဆန္ဒကို ဖော်ထုတ်လိုက်မိ၏။

မင်္ဂလာဆောင်က ကျွေးသော လက်ဖက်ရည်၊ မုန့်များနှင့် ရေခဲမုန့်တို့ကို စားကြပြီးနောက် ကျွန်တော်တို့တစ်တွေသည် ပြန်ရန်အတွက် သတို့သမီးနှင့် သတို့သားတို့ထံသို့ သွားရောက်နှုတ်ဆက်ကြသည်။ ကျွန်တော်တို့ကို မြင်သောအခါတွင် သတို့သားသည် စပ်ဖြဲဖြဲ လုပ်နေ၏။ သတို့သမီးမှု ဝမ်းသာဟန်နှင့် အေးချမ်းစွာပြုံးပြ၏။

ကျွန်တော်သည် သူတို့ကို မင်္ဂလာဆုတောင်းစကား ဆိုပြီးနောက် မခင်စိမ့်ကို ခပ်တိုးတိုး ဆက်ပြောလိုက်မိသည်။

"မခင်စိမ့်ကို တစ်ခုတော့ မှာခဲ့ချင်တယ်။ ဒီပြင်လက်ဖွဲ့ပစ္စည်းတွေကို ကနေ့မကြည့်နိုင်သေးရင်တောင်မှ ကျွန်တော့်လက်ဖွဲ့ပစ္စည်းကလေးကိုတော့ ကနေ့ညနေ အိမ်ရောက်ရောက်ချင်းရှာပြီး ကြည့်ဖြစ်အောင် ကြည့်လိုက်စမ်းပါ မခင်စိမ့် မမေ့နဲ့နော်"

ကျွန်တော့်စကားကို မခင်စိမ့်သည် အံ့ဩသွားပုံရသော်လည်း ဘာမျှ အထူးအထွေမမေးဘဲ သူ့ခေါင်းကလေးကိုညိတ်၍ 'ဟုတ်ကဲ့' ဟုဆိုရှာသည်။

သတို့သား ခင်မောင်သွယ်ကမူ ကျွန်တော့်ကို ပြုံးပြုံးကြီးလုပ်ကာ ကြည့်လိုက်ရင်း ပီတိတွေ လွှမ်းနေသော အသံနှင့်

"အေးဝင်းရာ၊တို့တစ်တွေဟာ ဒီလောက်တောင်ခင်ကြတဲ့သူငယ်ချင်းတွေပဲဟာ။ ဘာမှ လက်မဖွဲ့လည်း အရေးမကြီးပါဘူးကွာ။ လက်ဖွဲ့ရင်လည်း ဘာပဲ လက်ဖွဲ့ဖွဲ့ မင့်လက်ဖွဲ့ပစ္စည်းကို တို့နှစ်ယောက်စလုံးက တစ်သက်လုံး မြတ်မြတ်နိုးနိုး သိမ်းထားမယ်၊ စိတ်ချ သူငယ်ချင်း" ဟု အားရပါးရ





ပြောလိုက်သေးသည်။ ကျွန်တော်လည်း ခင်မောင်သွယ်ကို ကြည့်ကာ ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ် ပြန်ပြောလိုက်မိ၏။

"အေး မင်းစကားကိုကြားရတာ ငါ ဝမ်းသာပါတယ်။ မင်းပြောသလိုသာ ငါ့လက်ဖွဲ့ပစ္စည်းကလေးကို ရှိရှိသေသေ သိမ်းထားဖြစ်အောင် သိမ်းထားပါ သူငယ်ချင်းရယ်"

"အေးပါကွာ၊ စိတ်ချပါ"

ကျွန်တော်တို့သည် အပြုံးကိုယ်စီနှင့်ပင် ပြန်ခဲ့ကြသည်။

"အေး၊ဒီကောင် ခင်မောင်သွယ်တော့ ကနေ့ည မလွယ်တော့ဘူးဟေ့"

မြင့်သန်းက မှတ်ချက်ချလိုက်သည်။ ရယ်ရင်းပင် ကျွန်တော်တို့ အချင်းချင်း လမ်းခွဲခဲ့ကြရ၏။ နောက်တစ်နေ့ နံနက်ပိုင်း ရုံးသို့ ကျွန်တော် ရောက်ပြီး မကြာမီမှာပင် ခင်မောင်သွယ့်ထံမှ တယ်လီဖုန်းလာသည်။

"ဟေ့ကောင် အေးဝင်း၊ မင်း တော်တော်ဆိုးတဲ့ကောင်ကွာ။ မင်းလုပ်လိုက်တာ ညက ငါ တော်တော်ခံလိုက်ရတယ်"

"ဟာ သူငယ်ချင်း ဘယ်လိုလဲဟ။ ညက မင်း ခံလိုက်ရတယ်ဟုတ်လား။ ဒါတော့ မင်းညံ့လို့ ဖြစ်ပါလိမ့်မယ်ကွာ။ တကယ်ဆိုတော့ မင်းက သတို့သားပဲဟာ"

"ဟေ့ကောင် မဟုတ်တာတွေ ကတ်သီးကတ်သတ် ပြောမနေစမ်းနဲ့။ ညက မင့်လက်ဖွဲ့ပစ္စည်းကို တကူးတက ရှာပြီးလို့လည်း တွေ့ရော ဒေါသူပုန်ထတော့တာပဲကွာ။ ဘယ်လိုမှ ချော့မရဘူးဟေ့။ ငါလည်း တစ်ညလုံး သူ့ကို ချော့နေရတာနဲ့ပဲ မိုးလင်းတော့တာပါပဲကွာ"

ကျွန်တော်၏ ကျေနပ်အားရဖြစ်လိုက်ရသော ရယ်သံမှာ တယ်လီဖုန်းတွင်းသို့ လျှံကျသွားသည်။ သူ့ထံမှ ခပ်ဆတ်ဆတ်စကားသံ ပေါ်လာပြန်၏။

"အေး၊ ရယ် ရယ်၊ သေအောင်ရယ်စမ်း။ မင်းလည်း တစ်နေ့ကျရင် ဝဋ်လည်မယ် သိလား"



www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဉယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



သူက ဒေါထန်သလောက် ကျွန်တော်က ခပ်အေးအေးပင် ပြောလိုက်ရ၏။

"ငါ့ဘဝ ဝဋ်လည်စရာ မရှိပါဘူး သူငယ်ချင်းရာ။ ငါ့မှာ မင်းလို ဘာစာချုပ်စာတမ်းမှ မရှိဘဲ။ မင်းသာ အဲဒီ စာချုပ်ကလေးကို မှန်ဘောင်သွင်းပြီး ဧည့်ခန်းမှာ ချိတ်ထားကွာ၊ ငါ့လက်ဖွဲ့ပစ္စည်းကို ဘာပဲဖြစ်ဖြစ် မင်းတို့ တစ်သက်လုံး ရှိရှိသေသေထားမယ်ဆို။ မနေ့တုန်းက မင်းပဲ ပြောခဲ့တာပဲ"

သူသည် တယ်လီဖုန်းတွင်းမှနေ၍ ဆဲလိုက်ပြီးမှ

"အဲဒါကို ငါက ညကတည်းက မီးရှို့ပစ်ချင်နေတယ် သိလား။ ငါက သူ့အပေါ်မှာ ဘယ်လောက်မြတ်နိုးတယ်၊ လေးစားတယ်၊ တန်ဖိုးထားတယ်ဆိုတဲ့အထိမ်းအမှတ်အဖြစ်နဲ့ အဲဒီစာချုပ်ကို သူ သိမ်းထားမလို့တဲ့ဟေ့။ ငါတော့ ဒုက္ခပါပဲကွာ။ မင်းကတော့ တော်တော်ဆိုးတဲ့ကောင်"

"ဟာ ငါ ဘာဆိုးလို့လဲ။ ငါ့ကိုတောင် မင်း ကျေးဇူးတင်သင့်ပါတယ်ကွာ။ စောစောကသာ ဒီစာချုပ်ကို ငါ မင့်မခင်စိမ့်ကိုပြလိုက်ရင် မင့်ကိုပစ်ပြီး စိမ့်က ငါ့ဆီ လိုက်လာချင် လိုက်လာမှာ သိလား"

ခင်မောင်သွယ်၏ အယုတ္တ၊ အနတ္တ ဆဲသံများသည် တယ်လီဖုန်းမှ တစ်ဆင့် ကျွန်တော့်နားတွင်းသို့ ဝင်လာကြသည်။ ပြီးမှ သူသည် တယ်လီဖုန်းအား ဆောင့်၍ ချလိုက်သံကို ကြားလိုက်ရသည်။ ကျွန်တော်သည် တစ်ယောက်တည်းပင် အားရပါးရ ပြုံးလိုက်မိရသည်။

ချက်ချင်းပင် ကျွန်တော်သည် မောင်ရှိန်နှင့် မြင့်သန်းတို့ထံသို့ တယ်လီဖုန်းဆက်ကာ ထိုသတင်းကောင်းကို ပြောလိုက်ရ၏။ သူတို့နှစ်ဦးစလုံး၏ အားရပါးရ ရယ်လိုက်ကြသံကို ကျွန်တော် ကြားခဲ့ရပါ၏။

*





ယခုဆိုလျှင် ခင်မောင်သွယ်နှင့် မခင်စိမ့်တို့၌ ကလေးသုံးယောက်ပင် ရလျက်ရှိပြီ။ သို့သော်လည်း ကျွန်တော်၏ လက်ဖွဲ့စာချုပ်ကလေးကမူ မခင်စိမ့်ထံ၌ ရှိနေဆဲပင်ဖြစ်သည်။ သူတို့အိမ်သို့ ကျွန်တော်တို့သူငယ်ချင်းတစ်တွေ ရောက်ကြ၍ ဤအကြောင်းကို စကားစပ်မိလျှင် မခင်စိမ့်သည် ခင်မောင်သွယ့်ကို မျက်စောင်း ခဲတတ်သေးသည်။ ထိုအခါများတွင် ခင်မောင်သွယ်သည် သူ့မျက်နှာကိုစပ်ဖြဲဖြဲလုပ်ကာ ရှိုးတိုးရှန့်တန့်နှင့် တဟဲဟဲ ရယ်ပစ်လိုက်တတ်ပါ၏။

ဤအဖြစ်ကလေးသည် ကြာခဲ့ပြီဖြစ်သော်လည်း ကျွန်တော်တို့ သူငယ်ချင်းတစ်တွေ ဆုံမိကြလျှင် မှတ်မှတ်ရရ ရယ်ရယ်မောမော ပြောမိတတ်ကြသေးသည်သာ ဖြစ်ပါသတည်း။

❋

(၁၉၇၁ ခု၊ မေလ၊ စန္ဒာမဂ္ဂဇင်း)



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။

## အမှတ် ၁၂

ဤတစ်နှစ်၏ စတင်၍ မိုးရွာသောရက်များ လွန်စ ကောင်းကင်၌ မိုးသားတို့ အလိပ်လိုက်လွင့်နေစဉ်မှာပင် ကံ့ကော်တောလည်း ပြန်လည်၍အသက်ဝင်သည်။

ကံ့ကော်တော၏ နယ်နိမိတ် တစ်ခွင်ဖြစ်သော ပြည်လမ်း အင်းလျား လမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းများသို့ ကျွန်တော် ဖြတ်သန်းသွားသော အခါများတွင် နုနုငယ်ငယ်၊ ပုပုရှယ်ရှယ်ကလေးများဖြစ်သော ကံ့ကော်တောသူ၊ ကံ့ကော်တောသားများကို လှုပ်လှုပ်ရွရွ မြင်ရပြန်ပြီ ဖြစ်ပါ၏။

သူတို့တစ်တွေသည် အရွယ်က ငယ်သည်၊ အမြင်က နုသည်၊ သဏ္ဍာန်က လှသည်၊ အသွင်က လန်းသည်၊ ဘဝက သန့်စင်သည်၊ အသွေးက စုံသည်။ ဖြူဖြူနီနီ၊ ပြာပြာစိမ်းစိမ်း၊ ညိုညိုဝါဝါ ရောင်စုံဖြာသော ဝတ်စားတန်ဆာများဖြင့် လိုင်းထနေသည့်ပမာ လှုပ်ရှားလျက်ရှိနေကြသည်။

ရောင်စုံခြယ်သော၊ အဆင်စုံသော၊ အသွေးအရောင်မျိုးစုံသော ခေါက်ထီးများလည်း ထီးပွဲသဘင် ဆင်ယင်နေသည့်ပမာ လှုပ်လှုပ်ရှားရှား ရှိနေကြသည်ကိုလည်း မြင်ရသည်။



www.foreverspace.com.mm



ယင်း ထီးတို့၊ ထီးတို့၊ ထီးတို့၏ အောက်တွင် ကံ့ကော်တောသူ လှပျိုဖြူတို့သည် တစ်ယောက်တည်းသော်လည်းကောင်း၊ နှစ်ယောက်တွဲလျက်သော်လည်းကောင်း၊ အချို့သော ထိုနှစ်ယောက်တွဲတွင် တစ်ယောက်က ခန့်ခန့်ညားညား ကံ့ကော်တောသား ဖြစ်နေသည်ကိုလည်းကောင်း တွေ့ရတတ်သည်။

ကံ့ကော်တောမြေတစ်ခွင်၌ သူတို့လေးတစ်တွေကို ထိုသို့ ကျွန်တော် မြင်ရသည့်အတွက် အလိုလို ဝမ်းသာရသည်၊ ကြည်နူးရသည်။ သူတို့လေး တစ်တွေ ဤသို့သာလျှင် ထာဝစဉ် လန်းဆန်းရွှင်မြူးနိုင်ကြပါစေဟုလည်း စိတ်တွင်းမှ ဆုတောင်းမိရပါသည်။ သူတို့လေးတစ်တွေ ဘယ်တော့မှ နှလုံးစိတ်ဝမ်း မညှိုးနွမ်းကြရပါစေနှင့်။ ယခုလည်း ဆန္ဒပြည့်ကြပါစေ။ ဘဝလမ်းတစ်လျှောက်တွင်လည်း တောင့်တသမျှ ပြည့်ဝကြပါစေဟုလည်း ဆုတောင်းမိသည်။

သူတို့လေးတွေ၏ နှလုံးသားသည် မည်သည့်ဒဏ်ရာဒဏ်ချက်မှ မရကြစေချင်။ ဤအရွယ်ငယ်ငယ်တွင် နှလုံးသား၌ ရတတ်သော ဒဏ်ရာသည် လူနှင့်မမျှအောင် ကြီးမားတတ်သည်။ နှလုံးသား၌ ဒဏ်ရာရရှိမှုမှက လူပါ အရှက်ရ ရလျှင် မျှော်မှန်းထားသော ဘဝလမ်းကြောင်းသည်ပင် ပြောင်းသွားရတတ်သည်။ ကျွန်တော့်သူငယ်ချင်း ဝင်းအောင်ဆိုလျှင်

ကြာတော့လည်း ကြာခဲ့ပြီ။

*

ကျွန်တော်တို့တုန်းက ကံ့ကော်တော၏ ညများသည် ထာဝရပျော်စရာပင်။ လသာသောညများ၌လည်းပျော်သည်၊ လမိုက်သောညများ၌လည်းပျော်သည်။

လ သာခြင်း၊ မသာခြင်းသည် ကျွန်တော်တို့အဖို့ အကြောင်းမဟုတ်။

အင်းလျားဆောင်နှင့် ဘင်တန်ဟောလ်တို့၌ ကျွန်တော်တို့၏ ဘဝဇာကရီလောင်းကလေးများ ရှိနေကြသမျှ ကာလပတ်လုံး ကံ့ကော်တောဝယ်



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

တမ်း.... တနေ၊ ဒီမောင် မုန်း.... ဆကာ အလွမ်းပြေ၊ မေ့ဓာတ်ပုံဟာလေ.... ပြုံးရောင်သန်း.... လို့နေ၊ မမုန်းနိုင် ဘူး.... မောင့်တစ်သက်မှာလေ၊ ဘုန်းမောင်သက်ထား.... မေ"

ဥတ္တရကျောင်းဆောင်ကို လွန်၍ ဂျပ်ဆင်မျှော်စင်ကြီးအနီးရှိ အုတ်ခုံတံတားလေးသို့ ရောက်ပြီဆိုလျှင် အခန်းတိုင်း၌ မီးရောင်တလက်လက်ရှိနေသော ဘင်တန်ဆောင်ကို လှမ်းမျှော်ကြည့်ရင်း အထက်ပါ 'မေ' သီချင်း၏ အစပိုဒ်ကို စ၍ တီးလိုက်၊ ဆိုလိုက်မိကြသည်ချည်းသာ ဖြစ်သည်။

စိမ်းနေသော ရှည်လျားလျား မြက်ခင်းပြင်ကို ဝိုင်းပတ်ထားသည့် ကတ္တရာလမ်းလေးအတိုင်း ကျွန်တော်တို့တစ်တွေ ခပ်ဖြည်းဖြည်း လျှောက်သွားကြပြီးနောက် ဘင်တန်ရှေ့တည့်တည့်၌ရပ်ကာ မဆုံးသေးသော သီချင်းကို ဆက်လက်၍ လွှင့်ကြသည်။

"ယနေ့တိုင် မမေ့နိုင်၊ ချစ်တင်း အတူနှောပါလို့ ချစ်မဏ္ဍိုင် စိုက်ပါလို့ ပွေ့ကာမြှူခဲ့သလေ၊ မေ့ကိုလေ မြင်နေကြပေမို့ တစ်နေ့မမြင်ရရင်ဖြင့်၊ မောင် တစ်လထင်သလေ၊ နောင်ဘဝရောက်တောင် မခွဲတမ်းဘဲ ပေါင်းဖော်ပါရစေ မေရေ၊ ရွှေမေတ္တာတွေ သွေမပစ်ပါသလေ ဖေချစ်တာတွေ မေအသိပါလေ၊ ငြိုငြင်ကာလည်း မုန်းတော်မူနဲ့မေ"

သီဆိုသူက တတ်နိုင်သမျှ အားကုန်ကြသလောက် တယောမောင်ရှိန်နှင့် မယ်ဒလင်မောင်မောင်တို့ကလည်း ခွဲခွဲပြစ်ပြစ်ထိုးကြ၊ တီးကြသည်။

ကျွန်တော်တို့က လူငယ်သဘာဝ အဆောင်ရှေ့မှ ဗိုသံပေးနေကြသည်ကို အဆောင်တွင်းရှိ တက္ကသိုလ်မမ ပျိုဖြူလှတို့ကလည်း မသဘာဝ အရပင် လူရိပ်လူယောင်ပြ၍ ကြိုဆိုကြပါ၏။ အခန်းများပြင်ဘက် စင်္ကြံလမ်းတစ်လျှောက်၌ လှဓေကရီတို့ တန်းစီ၍ ရပ်နေကြသည်ကို မြင်ရသဖြင့် ကျွန်တော်တို့ တီးအား၊ ဆိုအား ရှိကြရပြန်သည်။ ဆိုလက်စသီချင်းဆုံးမှ ကျွန်တော်တို့သည် မြက်ခင်းပြင်၌ ထိုင်လိုက်ကြ၏။





ထာဝရ လသာနေကာ ကြယ်ပေါင်းစုံသော ညပမာ ရှိနေလိမ့်မည်သာ ဖြစ်ပါ၏။ ထို့ကြောင့် ကျွန်တော်တို့သည် လူငယ်သဘာဝ ညတိုင်များကျလျှင် အင်းလျားနှင့် ဘင်တန်ကျောင်းဆောင်တို့ရှေ့သို့သွားကာ တီးကြ၊ ဆိုကြ၊ သံကုန်ဟစ်ကြလေ့ရှိသည်။

တယောဆရာ မောင်ရှိန်၊ မယ်ဒလင်မှ တင်မောင်လတ်နှင့် မောင်မောင်။ သံကုန်ဟစ်သည့် အဆိုတော်များမှာ တင်မောင်စိုး၊ သက်ခိုင်၊ ဘလင်းချစ်နှင့် ကျွန်တော်။ တစ်ယောက်တစ်ပေါက် ဘေးမှ ဝင်အော်သော ဝိုင်းတော်သားများမှာမူ ကြုံသလို ပါလာတတ်ကြသည်။ ကြုံသလို ပါလာတတ်ကြသူများထဲတွင် အမြဲလိုလို မပျက်မကွက် ပါလာလေ့ရှိသူမှာ နော့သ်ဟောလ် (North Hall) ခေါ် ဥတ္တရဆောင်၌နေသူ ကိုဝင်းအောင်ဖြစ်သည်။ သူသည် ကျွန်တော်၏ ငယ်သူငယ်ချင်း ညွန့်မောင်နှင့် တစ်ဆောင်တည်းနေသူဖြစ်ကာ ရင်းနှီးခင်မင်သူချင်းဖြစ်၍ ကျွန်တော်တို့နှင့်ပါ ရင်းနှီးလာသည်။

ကျွန်တော်တို့ဂီတအဖွဲ့သည် ဥတ္တရဆောင်၏ အနောက်ဘက်ကပ်လျက်ရှိလမ်းမှဖြတ်၍ ဘင်တန်ဆောင်ဆီသို့ သွားကြပြီဆိုလျှင် ညွန့်မောင်နှင့် ဝင်းအောင်သည် မပျက်မကွက် ဆင်းလာကြစမြဲ။

ထိုစဉ်က ခေတ်စား၍ ကျွန်တော်တို့ အာတွေ့သော သီချင်းသည် အဆိုတော် ကိုမြကြီး သီဆိုသည့် 'မေ' သီချင်းနှင့် ဂီတစာဆို ကိုအောင်ကိုး ရေးစပ်သော 'ပြုံးမျက်ရည်' အလွမ်းသီချင်းများဖြစ်သည်။ သို့သော်လည်း 'ပြုံးမျက်ရည်' သီချင်းကို နိမိတ်မရှိဟုဆိုကာ ကျွန်တော်တို့ သီဆိုလေ့မရှိကြ။ ကျွန်တော်တို့အဖွဲ့ထဲမှ ချစ်သူရဲကောင်း တစ်စုံတစ်ယောက်သည် သူ့အချစ်တိုက်ပွဲ၌ ကျဆုံးနေပြီဆိုပါမှ သူ့အတွက် ပြုံးမျက်ရည်သီချင်းကို ဆိုကြ၊ တီးကြလေ့ရှိ၏။

'မေ' သီချင်းမှ ကျွန်တော်တို့ ရေလဲနှင့် ဆိုခဲ့ကြသည့်သီချင်းပင်။

"ချစ်ပင်ချစ်ရိုး ချစ်လိုက်ပါတဲ့ မေ....၊ သဥ္ဇာညောင်ဘွေ၊ အမြဲပင်



www.foreverspace.com.mm

"ကဲ၊ ကနေ့ညတော့ ဝင်းအောင်ကိစ္စနဲ့ပတ်သက်ပြီး အားလုံးကို တင်ပြရဦးမယ်"

စတင်၍ ပြောလိုက်သော ညွှန့်မောင်၏စကားကို အားလုံးကပင် စိတ်ဝင်စားလိုက်မိကြသည်နှင့်အမျှ

"ဘာကိစ္စများပါလိမ့်....၊ ဆိုပါဦး...." ဟု ဝိုင်း၍ မေးလိုက်ကြသည်။

"ဝင်းအောင်လေ၊ ခုထိ သူ မေသွယ့်ကို မစွံသေးဘူး"

"နေစမ်းပါဦး၊ စာကော ဘယ်နှစ်စောင်ပေးပြီးပလဲ၊ ဒါမှမဟုတ် စာ မပေးဘဲ ပါးစပ်က ပြောတာလား"

တစ်ယောက်က ပြန်မေးလိုက်လျှင်

"စာလည်း တစ်စောင်မှ မပေးရသေးဘူး။ ပါးစပ်ကလည်း ဘာမှ မပြောရသေးဘူး။ အဲ အဲ၊ ပါးစပ်ကပြောတာတော့ ရှိတယ်။ မမေတွယ် ထမင်းချားပြီးပလား ဆိုတာမျိုးပေါ့"

ညွှန့်မောင်၏စကားကို အားလုံးက ရယ်ကြသည်။ ဝင်းအောင်သည် အသက်နှစ်ဆယ်ရှယ်သို့ရောက်၍ အိုင်အေအထက်တန်းသို့ ရောက်နေပြီ ဖြစ်သော်လည်း စကားမပီသေး။ စကားမပီသေးဟုဆိုရမည်ထက် စကားမပီ ဟုပင် ဆိုရမည်ဖြစ်၏။ တနှင့် သ မကွဲ၊ စလုံးနှင့် ခခွေးသံမကွဲ၊ သွယ်ကို တွယ်၊ စားကိုချား၊ သွားကိုတွား ဟုသာ အသံထွက်သည်။ ဝင်းအောင်သည် ညွှန့်မောင်၏ဇက်ပိုးကို လက်ဝါးနှင့် တစ်ချက်ချလိုက်ပြီးနောက်၊

"ဟော့တောင် မဟုတ်တာတွေ ပေါမနေချမ်းနဲ့" ဟု ပြောလိုက်သဖြင့် ကျွန်တော်တို့ အားရပါးရ ရယ်မိကြရပြန်၏။

ရယ်ရင်းနှင့်ပင် မောင်ရှိန်က ဝင်ဖောက်၏။

"ဟုတ်တားပဲ၊ ခင်ချားကလည်း ဘာချစ်လို့ မမေတွယ် ထမင်းချားပီးပလားလို့ မေးရတာလဲ။ ပေါမယ့်ပေါလဲ မမေတွယ်နဲ့ ကျွန်တော်နဲ့ ချားစီးပြီး မြို့ထဲတွားရအောင်လို့ ပေါရောပေါ့"





ဤတစ်ကြိမ်တွင်မူ ဝင်းအောင်ပါ ဝင်ရယ်သည်။ ဘာမျှလည်း ပြန်မပြောတော့ဘဲ နှုတ်ပိတ်၍ နေသည်။ ဝင်းအောင်သည် သဘော ကောင်းသည်။ သူငယ်ချင်းများအပေါ်၌ အမြဲတမ်း ခွင့်လွှတ်တတ်သူလည်း ဖြစ်၏။

"ဒီလိုသာ ခင်ဗျား လက်နှေးနေရင်တော့ ကျန်ရစ်ဖြစ်လိမ့်မနော်။ မေသွယ့်အနားမှာ ဝိုင်းနေတဲ့ လူတွေကလည်း နည်းတာမဟုတ်ဘူး"

တင်မောင်လတ်က ကိုယ်ချင်းစာဟန်နှင့် ဝင်ပြောလိုက်မှ အားလုံးမှာ ဝင်းအောင်အတွက် အလေးအနက် စဉ်းစား ပြောဆိုလာကြသည်။

"မေသွယ်ကကော သူ့ကို ခင်ဗျားချစ်နေတာ သိပုံပေါ်ရဲ့လား"

သက်ခိုင်က မေးလိုက်သော်လည်း ဝင်းအောင်သည် ဘာမျှပြန်မပြောဘဲ မျက်လုံးကလေး ပေကလပ်ပေကလပ်လုပ်ကာ ညွှန့်မောင်ကိုသာ မော့ကြည့် နေသည်။ ထို့ကြောင့် ညွှန့်မောင်က ဝင်ဖြေသည်။

"ဒီကောင်ကတော့ မေသွယ်သိမယ်လို့ ထင်နေတာပဲ။ ဒါကြောင့် လည်း ခုလို ခင်ဗျားတို့ ညတိုင်း ဒီကိုလာပြီး တီးကြ၊ မှုတ်ကြတဲ့အခါမှာ သူပါ မပျက်မကွက် လိုက်လိုက်လာတာလည်း ဒီရည်ရွယ်ချက်ပဲ။ မေသွယ်ကို သူချစ်နေကြောင်း သိအောင်လို့တဲ့ဗျ"

"ဟာ ဖြစ်မှ ဖြစ်ရလေဗျာ။ ဒီလို ခင်ဗျား လိုက်လာနေရုံနဲ့တော့ သူ့ကို ခင်ဗျားပိုးနေမှန်း မေသွယ်က ဘယ်လိုလုပ်သိမှာလဲ။ တကယ်ဆိုရင် ခင်ဗျားကိုယ်တိုင် သီချင်းလေး ဘာလေး ဝင်ဝင်ဆိုတယ်ဆိုရင်တော့ ဒါဟာ သူ့ကို ရည်ရွယ်ပြီး ခင်ဗျားဆိုနေတာလို့ မေသွယ်က သိချင်သိဦးမယ်။ ခုလို လိုက်လာရုံနဲ့တော့ သိမှာမဟုတ်ဘူး။ ဒီတစ်ခါတော့ ခင်ဗျားပါ သီချင်း တစ်ပုဒ်လောက် ဆိုဗျာ။ အဲ.... မေသီချင်းပဲ ဆိုပေါ့"

ဘလင်းက အကြံပေး၏။

"ဟုတ်တယ်၊ ဟုတ်တယ်။ ဒီတစ်ခါ ခင်ဗျားကိုယ်တိုင်ဆို။ ဟောဟို



www.foreverspace.com.mm

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကော်ရစ်ဒါမှာ ရပ်နေကြတဲ့ ဘင်တန်သူတွေထဲမှာ ခင်ဗျာ့မေသွယ်လည်း ရှိနေပုံရပါတယ်"

ဝင်းအောင်က ငိုင်နေဆဲ၊ မောင်ရှိန်က ဝင်နှောက်ပြန်သည်။

"ဒါပေမယ့် တစ်ခုတော့ရှိတယ်။သီချင်းဆိုရင်တော့ ပီပီသသဆိုနော်။ ရသံနဲ့ လသံနဲ့ မမှားစေနဲ့။ ချစ်ပင်ချစ်ရိုး ချစ်လိုက်ပါတဲ့ မေလို့ ဆိုတာမှာ လွဲကုန်ရင်တော့ ဒုက္ခပဲ။ ခဲပေါက်ခံရလိမ့်မနော်"

မောင်ရှိန်က ထိုသို့ ဝင်၍ နှောက်လိုက်သောကြောင့်လားမသိ။ ဝင်းအောင်ကို သီချင်းဆိုရန် မည်သူမျှ တိုက်တွန်း၍မရခဲ့။

ထို့ကြောင့် တင်မောင်စိုးက အကြံကောင်းတစ်ခုပေးလိုက်သည်။

"ကဲ ခင်ဗျားကိုယ်တိုင် သီချင်းမဆိုရဲရင် ဓာတ်စက်တစ်လုံး ရှာဗျာ။ ဓာတ်စက်ရရင် မေ သီချင်းဓာတ်ပြားကို ဒီမှာလာပြီး ဖွင့်ပြပေါ့။ ဒါဆိုလည်း ခင်ဗျားဖွင့်ပြတဲ့သီချင်းကို ကြားပြီး မေသွယ်က နားလည်သွားမှာပေါ့"

တင်မောင်စိုး၏ အကြံပေးစကားကို ညွန့်မောင်က ထောက်ခံရင်းအားပေးသည်။

"အေး ဒီအကြံမဆိုးဘူး။ ဓာတ်စက်တော့ ရမယ်ကွာ။ ငါ ရှာပြီး ငှားပေးမယ်။ မေသီချင်းလည်း ရပါတယ်။ လှဖေကြီးတို့အိမ်မှာ ရှိတယ်။ ငါ ယူပေးမယ်"

အပျက်အပျက်နှင့်ပင် ဤအဆိုမှာ အတည်ဖြစ်သွားသည်။ ဘေးမှ ဝိုင်းပြောကြသော အကြံပေးပုဏ္ဏားတို့၏စကားကြောင့် ဝင်းအောင်သည် နားယောင်ကာ လက်ခံသလို ဖြစ်သွားသည်။

"အဲဒီလို ခင်ဗျားလာပြီး ဓာတ်စက်ဖွင့်တဲ့အချိန်မှာ ဘယ်သူ့မှ အဖော်မခေါ်နဲ့။ ခင်ဗျားတစ်ယောက်တည်းပဲ လာဖွင့်။ ဒါမှ မေသွယ်က ခင်ဗျားသူ့ကို ရည်ရွယ်မှန်း သေသေချာချာသိမှာ။ သူများတွေပါနေရင် ယုန်ထင်ကြောင်ထင် ဖြစ်နေဦးမယ်"





မထူးတော့သည့် အတူတူမို့ ကျွန်တော်ကပါ ဝင်၍ အဆင်းဘီးတပ်ပေးလိုက်မိသည်။ ဒီလိုနှင့်ပင် ကျွန်တော်တို့၏ ပျော်စရာကောင်းသော ညတစ်ည ကုန်ဆုံးခဲ့ရပါ၏။

*

ညွန့်မောင်က သူ့ကတိအတိုင်းပင် မေသီချင်းဓာတ်ပြားရော၊ ဓာတ်စက်ပါ ဝင်းအောင်ကို ရှာပေးခဲ့သည်။

ညမှောင်စပြုပြီဆိုလျှင် ကျွန်တော်တို့ ဂီတအဖွဲ့သည် ဥတ္တရဆောင်သို့ ဝင်ကာ ဝင်းအောင်ကို ခေါ်ရသည်။ သူ့ဓာတ်စက် ဓာတ်ပြားများကို ကူသယ်ယူပြီး သူ့ကို ဘင်တန်ကျောင်းဆောင်ရှေ့သို့ ပို့ရ၏။ ထို့နောက် ဝင်းအောင်ကို ဘင်တန်ရှေ့ မြက်ခင်းပြင်ပေါ်၌ တစ်ယောက်တည်း ထားခဲ့ကာ ကျွန်တော်တို့ တစ်တွေက အင်းလျားဆောင်ရှေ့သို့ တစ်ပတ်သွားပြီး အပြန်တွင် သူ့ကို ဝင်ခေါ်ရ၏။

ပထမညမှာကတည်းက ဝင်းအောင်၏ကြိုးပမ်းချက်သည် အောင်မြင်သည်ဟု ဆိုရမည်လားမသိ။ ဘင်တန်ရှေ့မှ သူ့ကို ကျွန်တော်တို့ ဝင်ခေါ်ခဲ့ပြီး လှည့်ပတ်ခဲ့ကြသောအခါ၌ ကျောင်းဆောင်ကော်ရစ်ဒါ၌ တန်းစီ၍ ရပ်နေကြသော ဘင်တန်သူတို့အနက် တစ်ယောက်က လှမ်းအော်လိုက်သံကို ကြားရသည်။ ထိုစကားမှာ

"ကိုဝင်းအောင်ကြီး မနက်ဖြန်လာရင် ဒီ့ပြင်ဓာတ်ပြားတွေပါ ယူခဲ့ပါဦး" ဟူ၍ ဖြစ်၏။

"ဖွင့်ချင်တာက မေသီချင်းပဲ ဖွင့်ချင်တာ။ ဒီ့ပြင်ဓာတ်ပြားတွေ ဖွင့်ပြချင်တာ မဟုတ်ဘူးဗျ၊ သိကြရဲ့လား"

တင်မောင်လတ်က ပြန်အော်လိုက်သဖြင့်

"သိပါတယ်ရှင် သိပါတယ်။ ကိုဝင်းအောင်ကြီးက မေသီချင်းကို မေ့အတွက် ရည်ရွယ်ပြီး ဖွင့်ပြမှန်း သိပါတယ်။ ဒါပေမယ့် မေ့သူငယ်ချင်းတွေ



www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



အတွက်လည်း ဒိုပြင်သီချင်းတွေ ဖွင့်ပြပါဦး" ဟု လူသေးသလောက် အသံစူးသော သန်းသန်း၏ ပြန်အော်သံကို ကြားလိုက်ကြရ၏။

"မနက်ဖြန်ကျတော့ စောင့်ကြဦးပေါ့။ ဒိုပြင်ဓာတ်ပြားတွေ ပေးလိုက်ဦးမယ်" ဟု ညွန့်မောင်ကလည်း ပြန်အော်ခဲ့သည်။

ဒီလိုနှင့်ပင် ဝင်းအောင်သည် ညတိုင်းလိုပင် အလုပ်ဖြစ်နေသည်။ သူဖွင့်သော ဓာတ်ပြားမှာလည်း မေသီချင်းမျှသာမဟုတ်တော့။ ဒိုပြင် ဓာတ်ပြားတွေပါ ဖွင့်ပြလျက်ရှိပြီ။ သို့သော် မေသီချင်းမှာမူ ပင်တိုင်ဓာတ်ပြားဖြစ်၏။

ဝင်းအောင်သည် ဘင်တန်ရှေ့၌ ဓာတ်စက်ဖွင့်သောအခါတွင် ငြိမ်ငြိမ်သက်သက် နေသည်မဟုတ်။ ပခုံးပေါ်၌ ဓာတ်စက်ကို ထမ်း၍လည်းကောင်း၊ ခေါင်းပေါ်၌ ရွက်၍လည်းကောင်း၊ ရင်ခွင်၌ ပိုက်လျက်လည်းကောင်း၊ လူးလာခေါက်တုံ့ လမ်းလျှောက်နေတတ်သည်။

ဤပုံစံမျိုးနှင့်ဆိုလျှင်တော့ ဝင်းအောင်သည် ဤ 'ဂေါ်ပွဲ' ၌ အိကြာကွေးမပါဘဲ ဆန်ပြုတ်သာ သောက်၍ ပြန်ရတော့မည်ဟုပင် ကျွန်တော် ကြိုတင်၍ တွေးထင်မိခဲ့ရသည်။ ဝင်းအောင်ကို ကျွန်တော်တို့က စခဲ့၊ နောက်ခဲ့၊ ပြောင်ခဲ့ကြသည်မှာလည်း မှားလေပြီဟုပင် သိလိုက်သည်။

ဒီလိုနှင့်ပင် ထိုတစ်နှစ် ကုန်ခဲ့ရ၏။

*

နောက်တစ်နှစ် ဇွန်လဆန်း၊ တက္ကသိုလ်ပြန်ဖွင့်၍ ကံ့ကော်တောတစ်ခွင် အသက်ဝင်ခဲ့သော်လည်း မေသွယ်မူ ဘင်တန်ဟောလ်၌ ပြန်မနေတော့။ အင်းလျားဆောင်သို့ ပြောင်းသွားခဲ့သည်။

တစ်နေ့တွင် စာသင်ခန်းတစ်ခုနှင့် တစ်ခုသို့အကူး၊ ကော်ရစ်ဒါ၌ မေသွယ်နှင့် ကျွန်တော် တွေ့သည်။

"မမေသွယ် ဒီနှစ် ဘာဖြစ်လို့ ဘင်တန်မှာ မနေတော့တာလဲ။ အင်းလျားကို ပြောင်းသွားပြီဆို"





"ဟုတ်တယ်၊ ဟုတ်တယ်"

မေသွယ်က ကျွန်တော့်ကို မျက်စောင်းထိုးကာ မကျေနပ်ဟန်နှင့် ခပ်ဆတ်ဆတ် ပြန်ပြောသည်။

"ဘာဖြစ်လို့ ပြောင်းသွားရတာလဲဗျ"

"ရှင်တို့မြှောက်ပေးတဲ့ ရှင်တို့လူကြောင့်ပေါ့"

"အလိုဗျာ၊ ကျွန်တော်တို့လူ ဟုတ်လား။ ကျွန်တော်တို့က ဘယ်သူ့ကို မြှောက်ပေးလို့လဲ"

မေသွယ်၏ မျက်စောင်းလှလှကလေးသည် ကျွန်တော့်ကို အထိုးမပျက်။

"တော်စမ်းပါ ကိုအေးဝင်းရယ်၊ ရှင်တို့တော့လား မသိရင်ခက်မယ်။ ရှင်တို့မြှောက်ပေးတာ ဘယ်သူရမလဲ၊ ဟို ငပေါ ဝင်းအောင်ပေါ့"

ဒီတော့မှပင် ကျွန်တော်သည် ဣန္ဒြေမလုပ်နိုင်တော့ဘဲ ဟက်ဟက်ပက်ပက် ရယ်လိုက်မိရ၏။

"ရယ်ရယ်၊ ရှင်ကတော့ ရယ်နေ။ ရှင့်လူလုပ်တာ ကျွန်မ ဘင်တန်မှာ ဘယ်လောက် အနေရခက်တယ်မှတ်သလဲ။ တစ်ဟောလ်လုံးက ကျွန်မကို ဝိုင်းနောက်နေကြပြီ။ ဒါကြောင့် ဒီနှစ်မှာ အင်းလျားဆောင်ကို ပြောင်းခဲ့ရတာ။ နည်းနည်းဝေးသွားတော့ ဓာတ်စက်ကြီးကိုင်ပြီး လိုက်မလာနိုင်အောင်လို့"

"အမယ်၊ ခင်ဗျား အင်းလျားကကော ဘယ်လောက်ဝေးလို့လဲ။ လာမယ်ဆိုရင် လာနိုင်တာပါပဲဗျာ"

ကျွန်တော်က ခြိမ်းခြောက်လိုက်သဖြင့် လှပသော မေသွယ်၏ မျက်လုံးဝိုင်းဝိုင်းကလေးမှာ ပို၍ ပြူးသွားရ၏။

"အဲ.... အဲဒါလည်း ရှင်နဲ့တွေ့ရင် ကျွန်မ ပြောမလို့ စိတ်ကူးထားတာ။ ခုလိုတွေ့တော့ အတော်ပဲ။ ဆက်ပြီးတော့ ရှင်တို့ သူ့ကို မြှောက်ပေးမနေကြနဲ့ တော့။ မေသွယ် တောင်းပန်ပါတယ်"



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



"ခင်ဗျာ့လူကို ကျွန်တော် မြှောက်မပေးရပါလားဗျာ"

"ဘာ ခင်ဗျာ့လူလဲ"

မေသွယ်၏ ဆတ်ခနဲအော်လိုက်သံကလေးမှာ ကျွန်တော့်ကိုပင် ရုတ်တရက် လန့်သွားစေသည်။

"အမလေးဗျာ၊ အော်လိုက်တာ လန့်သွားတာပဲ"

"အော်တာပေါ့၊ ဘာဖြစ်လို့ ခင်ဗျာ့လူလို့ပြောရတာလဲ။ မပြောစမ်းပါနဲ့ရှင်၊ နားခါးလွန်းလို့"

ကျွန်တော်က ဘာမျှပြန်မပြောဘဲ ပြုံး၍သာ နေလိုက်သဖြင့် မေသွယ်ကပင် ဆက်ပြော၏။

"မြှောက်ပေးတဲ့ထဲမှာ ရှင်မပါလည်း သူ့ကို မြှောက်ပေးနေတဲ့ ရှင်တို့လူတွေကို ပြောလိုက်စမ်းပါရှင်၊ တော်ကြပါတော့လို့"

ကျွန်တော်က ပြုံးရယ်ရင်း

"ကောင်းပါပြီဗျာ" ဟု ပြောလိုက်ရ၏။

ထို့နောက် ကျွန်တော်သည် ဓာတ်စက်ငှားမပေးတော့ရန် ညွန့်မောင်ကို ပြောထားရ၏။ ထို့ကြောင့် ဝင်းအောင်သည် အင်းလျားရှေ့သို့သွား၍ ဓာတ်စက်မဖွင့်နိုင်တော့။ တစ်ခါတစ်ရံ ကျွန်တော်တို့တစ်တွေ ဆိုကြ၊ တီးကြသောအဖွဲ့သွားမှသာလျှင် သူ ပါလာတတ်တော့သည်။ ဒီတော့မှပင် မေသွယ်လည်း နေသာထိုင်သာ ရှိသွားရတော့၏။

တစ်နေ့တွင် မေသွယ်ကို ယူနီယံဟော်လ် စားသောက်ခန်း၌ သူ့အဖော်နှင့် စားသောက်နေကြသည်ကို တွေ့လိုက်ရသည်။

"ကဲ အတော်ပဲ မမေသွယ်၊ ခင်ဗျား ကျွန်တော့်ကို တစ်ခုခုတော့ ကျွေးဖို့ ကောင်းတာ ကြာပြီထင်တယ်"

ကျွန်တော်သည် ပြောပြောဆိုဆိုနှင့်ပင် သူတို့စားပွဲရှိ လွတ်နေသော ကုလားထိုင်တွင် ဝင်ထိုင်ရင်း ပြောလိုက်၏။



www.foreverspace.com.mm



မေသွယ်သည် မျက်ခုံးကလေး တွန့်ကာ ကျွန်တော့်ကို ကြည့်ရင်း

"အလိုတော်၊ ဘာကြောင့် ကျွေးရမှာပါလိမ့်"

"ဓာတ်စက်ဆရာကြီးကို ခင်ဗျားအင်းလျားရှေ့ မသွားအောင် တားပေးရလို့လေ။ ဘာလဲ မကျွေးချင်ဖူးလား"

"ဩော် ဩော်၊ ဒီလိုလား။ ကျွေးပါတယ်ရှင်၊ ကျွေးပါတယ်။ ကဲ ကြိုက်ရာသာ မှာစားပါ" ဟု ဆိုရှာသည်။

ခေါက်ဆွဲကြော်စားရင်း မေသွယ်နှင့် စကားလက်ဆုံကျခဲ့ရသည်။

"ကိုဝင်းအောင်ဟာ တကယ့် လူရိုးလူကောင်းပါဗျာ။ သနားစရာကလေးပါ"

"ဘာလဲ အပေါင်းအသင်း မကောင်းလို့သာ ပေါကြောင်ကြောင်ဖြစ်နေတယ်လို့ ပြောချင်တာလား"

မေသွယ်၏စကားကြောင့် သူ့အဖော်ဖြစ်သော ရိုစီက တခစ်ခစ် ရယ်သည်။ ကျွန်တော်လည်း ဣန္ဒြေမဆည်နိုင်ဘဲ ရယ်လိုက်မိ၏။ ပြီးမှ

"ပေါကြောင်ကြောင်ဖြစ်နေတာ မဟုတ်ပါဘူးဗျာ။ သူ့ခမျာ အချစ်ဝေဒနာ ဖိစီးပြီး အချစ်ရူးကလေး ဖြစ်နေရရှာတာပါ"

"အလို ကိုအေးဝင်းကလည်း အောင်သွယ်လုပ်တတ်သားပဲ။ ဘယ်ဆိုးလို့တုန်း"

"အောင်သွယ်လုပ်တာ မဟုတ်ပါဘူး။ တကယ်ပြောတာပါ"

"တော်စမ်းပါရှင်။ နားခါးလွန်းလို့"

မေသွယ်က တကယ်ပင် မနှစ်မြို့ဟန်နှင့် ပြောလိုက်သဖြင့် ကျွန်တော် နှုတ်ဆိတ်လိုက်ရတော့သည်။

မေသွယ်၏အပေါ်၌ ထားရှိသော ဝင်းအောင်၏ ချစ်ပင်ချစ်ရိုးသည် အပွင့်၊ အခက်၊ အရွက်ဝေရန်မှာ လွယ်ကူမည်မဟုတ်လှဟု ကျွန်တော် မှန်းဆ၍ ရလိုက်သည်။



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကျွန်တော့်သူငယ်ချင်း ဝင်းအောင်သည် အချစ်နာကျရလိမ့်ဦးမည် ထင်ပါ၏။ မေသွယ်၏ မပွင့်သော အချစ်ပန်းကို ဝင်းအောင်သည် ဘယ်တော့မှ လက်လှမ်း၍ မှီနိုင်အံ့မထင်ပါ။

*

ဝင်းအောင်၏ အချစ်တိုက်ပွဲအောင်မြင်ရန် သူငယ်ချင်းတစ်တွေက ဝိုင်းဝန်း၍ ကူညီကြသည်။ မေသွယ်ကိုပေးမည့်မေတ္တာစာအတွက် အကောင်းစား စာရေးစက္ကူ အပြာနုကို တင်မောင်လတ်က ထုတ်ပေး၏။ စာကို သက်ခိုင်က ရေးပေးသည်။ လိပ်စာရေးရန်အတွက် မေသွယ်၏အခန်းနံပါတ်ကို ကျွန်တော် စုံစမ်းပြီး ပြောပြရ၏။ ဆယ့်ငါးပြားတန် တံဆိပ်ခေါင်းကို တင်မောင်စိုးက ပေးသည်။

အားလုံးပြည့်စုံသောအခါတွင် ကျွန်တော်တို့တစ်ဖွဲ့သားလုံး တစုတဝေးကြီး ချီတက်ကာ တက္ကသိုလ်စာတိုက်သို့ သွား၍ စာထည့်ကြသည်။ ဤအခမ်းအနားအောင်ပွဲအတွက် ဝင်းအောင်က ကျွန်တော်တို့ကို လှည်းတန်းထိပ်၌ အကြော်ကျွေးသည်။

ထိုနေ့က ဝင်းအောင်၏ မျက်နှာသည် ပြုံးနေ၏။ သူ့ရင်တွင်း၌ မျှော်လင့်ချက်တို့ဖြင့် ပြည့်လျက်ရှိနေသည်ကို ကျွန်တော် မှန်းဆ သိမြင်လိုက်မိပါ၏။ ကျွန်တော် သူ့ကို ကရုဏာ သက်မိရပါသည်။

နောက်တစ်နေ့ညနေတွင် ကျွန်တော်သည် ဝင်းအောင်နှင့်အတူ မမျှော်လင့်ဘဲ အင်းလျားကန်စပ်သို့ လမ်းလျှောက်သွားဖြစ်ကြသည်။ ဥတ္တရဆောင်ရှိ ညွန့်မောင်ထံသို့ ကိစ္စတစ်ခုနှင့်သွားရင်း ညွန့်မောင်ကို မတွေ့ဘဲ ဝင်းအောင်နှင့်သာ တွေ့သည်။

သူကခေါ်သဖြင့် သူနှင့်အတူ ကျွန်တော် လိုက်ပါ၍ အင်းလျားဆောင်ရှေ့မှဖြတ်ကာ ကန်စပ်အထိ သွားခဲ့ကြသည်။ ကန်စပ်တစ်လျှောက်တွင်



www.foreverspace.com.mm



ကျောင်းသား ကျောင်းသူများကို အပန်းဖြေလျက် တွေ့ရ၏။ ကျွန်တော်နှင့် ဝင်းအောင်သည် ကန်စပ်ရှိ တစ်ခုသော သစ်ပင်ရင်း၌ထိုင်ကာ အတန်ကြာမျှ စကားလက်ဆုံ ကျခဲ့ကြသည်။

"ကျွန်တော် မေတွယ့်ကို တကယ်ချစ်တာပါ ကိုအေးဝင်းရာ။ သူကတော့ ကျွန်တော့်ကို ပန်ချစ်ပါ့မလားဟင်။ ခင်ဗျား ဘယ်လိုထင်တလဲ"

သူ့မေးခွန်းကို ကျွန်တော် မဖြေနိုင်ပါ။ မဖြေနိုင်သည်မှာ မသိ၍မဟုတ်၊ မထင်တတ်၍ မဟုတ်။ သိလွန်း၍ပင် ဖြစ်သည်။

"ဟင် ပေါပါဦးဂျ ကိုအေးဝင်းရ။ မေတွယ့်ကို ကျွန်တော် ချွန်ပါ့မလား"

ခါတိုင်းလိုဆိုလျှင် သူ ဒီလို စကားမပီမသပြောသည့်အတွက် ရယ်မိနောက်မိမည်ထင်သည်။ ယခုမူ သူ့ကို ကျွန်တော် မရယ်နိုင်ပါ။ မရယ်ရက်ပါ။ မရယ်နိုင်ရုံမျှသာမက သူ စိတ်သက်သာစေရန် ပြန်ပြောရသည်။

"စွံပါလိမ့်မယ် ထင်ပါတယ်ဗျာ။ မိန်းကလေးတွေဆိုတာ ပထမတော့ ဟန်လုပ်ကြ၊ မူတတ်ကြတာပါပဲ။ ဒါပေမယ့် သူတို့ကို တကယ်ချစ်တဲ့လူတွေကိုတော့ တစ်နေ့မှာ ပြန်ပြီးချစ်လာတတ်ကြတာချည်းပါပဲ။ အားမငယ်နဲ့ဗျာ"

"အေးဂျာ၊ ခင်ဂျာ့တကားကြားရတာ ဝမ်းတာလိုက်တာ။ တူ့ကို ကျွန်တော် မရရင် တေမှာပဲ ထင်တယ်"

သူသည် အင်းလျားကန်ရေပြင်ဆီသို့ ငေးနေသည်။ သက်ပြင်းကိုလည်း ချလိုက်၏။ ပြီးမှ...

"ကျွန်တော် ခုလို တကားမပီလို့ မေတွယ်က ချစ်ချင်မှာမဟုတ်ဘူး ချိုတာလဲ တိပါတယ်။ ဒါကြောင့် ဟိုတစ်နေ့က ဆရာဝန်ချည် တွားပြပီးပီ။ ကျွန်တော့်ချခင်ကို ခွဲတိတ်ကုတလိုက်ရင် တကား ပီတွားမယ်တဲ့ဂျ။ အဲဒါ မြန်မြန်တွားလုပ်ရမယ်"

သူ့စကားကြောင့် ကျွန်တော် ဝမ်းသာသွားမိရသည်။ သူ စကားပီမှ



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဖြစ်မည်။ ခုလို စကားမပီသမှု မေသွယ့်ကို သူ စွံရန် မလွယ်။

"ဟာ ကောင်းတယ်၊ ကောင်းတယ်။ အဲဒါ မြန်မြန်လုပ်လိုက်။ ဒါမှ ခင်ဗျား မေသွယ့်ကို စွံမှာ။ နို့မို့ရင် ခင်ဗျားမလွယ်ဘူး"

"အေးဂျာ၊ ကျွန်တော်ကလည်း ခွဲရရိုတ်ရမှာကြောက်လို့ဂျ။ ခုတော့ ကြောက်လို့ မချစ်တော့ဘူး"

ထိုညနေက သူနှင့်ကျွန်တော် ထိုသို့ စကားလက်ဆုံကျခဲ့ကြပြီး အချိန်လင့်မှ ကိုယ့်အဆောင်သို့ ကိုယ်ပြန်ခဲ့ကြသည်။

*

ဝင်းအောင်တစ်ယောက် စကားမပီစေသော သူ့လျှာခင်ကို ဆေးရုံကြီးသို့ တက်၍ ခွဲစိတ်ကုသနေစဉ်မှာပင် မေသွယ့်ထံမှ စာပြန်လာသည်။

ထိုစာကို ညွန့်မောင်က ကျွန်တော့်ထံသို့ ယူလာသည်။

"ဟော ဒီမှာ မေသွယ့်ဆီက စာပြန်လာပြီ။ ဖတ်ကြည့်စမ်းပါဦးကွာ။ ငါတော့ မေသွယ့်ဆီက စာမှန်းသိလို့ သိချင်တာနဲ့ ဖောက်ဖတ်လိုက်ပြီ"

ညွန့်မောင်နှင့် ဝင်းအောင်မှာ ဆဲမနာ ဆိုမနာ သူငယ်ချင်းများဖြစ်၍ တစ်ယောက်စာကို တစ်ယောက် ဖောက်၍ဖတ်နိုင်ကြသည်အထိ ရင်းနှီးလွန်းကြသည်။

"သူ့စာကို မင်းဖောက်ဖတ်တာက အရေးမကြီးဘူး။ တို့ကပါ သူ့စာကို အရင်ဖတ်တာကတော့ ကောင်းမှ ကောင်းပါ့မလား မသိဘူး"

"မဟုတ်ပါဘူးကွာ။ ဖတ်မှာသာ ဖတ်ကြည့်စမ်းပါ။ ဒီစာကို သူ့ကို ပြန်ပြလို့ ကောင်းပါ့မလားဆိုတာပဲ မင်းတို့နဲ့ တိုင်ပင်ချင်လို့ပါ"

ဒီတော့မှပင် ကျွန်တော်တို့သည် မေသွယ့်ထံမှ ပြန်လာသည်ဆိုသော စာကို စာအိတ်ထဲမှယူ၍ ဖတ်မိကြသည်။

တစ်ခေါက်မှာ ဝင်းအောင်က မေသွယ့်ကို ပေးသော စာကို ပြန်ထည့်



www.foreverspace.com.mm



ပေးလိုက်ခြင်းဖြစ်၍ တစ်ခေါက်ကမူ မေသွယ်က ပြန်ရေးလိုက်သော စာပင် ဖြစ်၏။

"ဟဲ့ ဝင်းအောင်၊ နင်လို စကားတစ်လုံးကိုတောင်မှ ပီအောင် မပြောနိုင်တဲ့ကောင်ကများ ငါ့ကို စာတွေဘာတွေပေးလို့။ နင့်ကိုယ်နင် မရှက်ဖူးလားဟင်။ လူကိုက ပေါကြောင်ကြောင်နဲ့။ နင်လိုကောင်မျိုး ယူမယ့်အစား ခွေးကို အမြီးဖြတ်ပြီး ယူလိုက်မယ် သိလား။ နောက်ကို မနှောင့်ယှက်နဲ့။ ပြောလို့မရရင် နင့်အရှက်ကို ငါ ခွဲမယ်။ ဒါပဲ"

မေသွယ်၏ စာသည် တိုသော်လည်း နင့်သီးလွန်းလှသည်။ ကြမ်းတမ်းလွန်းလှသည်။ ကျွန်တော်ပင်လျှင် စာကိုဖတ်ရင်း ရင်တွင်း၌ မခံချိမခံသာ ဖြစ်လာရသည်။

"ဟာ ဒီစာကိုတော့ ကိုဝင်းအောင်ကို ပြလို့မဖြစ်ဘူး။ ဒီလူ သိပ်ပြီး စိတ်ထိခိုက်သွားလိမ့်မယ်။ ဒီစာကို မပြဘဲ သူရေးလိုက်တဲ့စာကို မေသွယ်က ပြန်ပို့လိုက်တယ်လို့သာ ပြောပြီး ပြလိုက်"

ကျွန်တော့်စကားကို အားလုံးက သဘောတူကြသည်။ ထို့ကြောင့် ဆေးရုံက ဝင်းအောင် ဆင်းလာသောအခါတွင် မေသွယ်ပို့လိုက်သောစာကို သူ့အား ပေးလိုက်ကြသည်။ ပထမတွင် ဝင်းအောင်သည် မျက်နှာပျက်ကာ ငိုင်သွားသော်လည်း ကျွန်တော်တို့က ဝိုင်း၍ အားပေးကြသဖြင့် စိတ်သက်သာရာရဟန် ပေါ်လာသည်။ ထို့ကြောင့် အားလုံး သဘောတူညီချက် အရ မေသွယ့်ကိုပေးရန် စာတစ်ခေါက်ရေးကြပြန်သည်။

မေသွယ့်ကို အလွန်ချစ်သည့်အကြောင်း၊ စကားမပီသည်ကိုလည်း ပီအောင် လျှာခင်ကိုခွဲစိတ်ပြုပြင်ပြီးပြီဖြစ်၍ စကားပီလာပြီဖြစ်သည့်အကြောင်း မေသွယ့်မေတ္တာကိုမှ မရလျှင် ဒီဘဝတွင်တော့ ဝိန်းဝိတ်အောင် မှောင်ရတော့မည့် အကြောင်း စသည်စသည်တို့ပင်ဖြစ်၏။

ထိုစာကို စာတိုက်မှ ပို့လိုက်ပြီးနောက် နှစ်ရက်ခန့်အကြာတွင်



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကျွန်တော်တို့တစ်တွေသည် ဝင်းအောင်နှင့်အတူ အင်းလျားကျောင်းဆောင်ရှေ့သို့ ဖြတ်၍ လမ်းလျှောက်သွားကြသည်။

အဆောင်ရှေ့ လမ်းတစ်လျှောက်၌ တဖွဲဖွဲ ဖြတ်သန်းသွားလာနေကြသော ကံ့ကော်တောသားတို့မှာလည်း အဆက်မပြတ်။ အလှကိုယ်စီရှိကြသော ကံ့ကော်တောသူ ပျိုဖြူကလေးများမှာလည်း အဆောင်ရှေ့၌ လူးလာခေါက်တုံ့ ကိုယ်ဟန်ပြလျက်။

ကျောင်းဆောင်ဝင်းအတွင်း ဆင်ဝင်အောက်၌လည်း နှစ်ယောက်တွဲသည့် နှစ်စုံတွဲမှာ တွတ်ထိုးနေကြသည်။ ကျွန်တော်တို့လည်း ကျောင်းဆောင်တွင်းသို့ လှမ်းမျှော်၍ ကြည့်ရင်း ဖြတ်သွားကြစဉ် ဆင်ဝင်အောက်ဆီ၌ အောင်ခင်မြင့် ပေါ်လာပြီး

"ဟေ့ဟေ့၊ အေးဝင်း၊ လာဦး။ မင်းတို့အားလုံး လာကြဦး" ဟု လှမ်းအော်၍ ခေါ်သည်။

"ဘာလို့ လာရမှာလဲကွ"

ကျွန်တော်က ခပ်တည်တည် ပြန်အော်လိုက်မိရာ

"လာမှာသာ လာစမ်းကွာ။ ဒီကျတော့ မင်းတို့ သိလိမ့်မယ် လာခဲ့ကြ" ဟု ပြန်အော်သံကို ကြားရသည်။

"ကဲ လာကြဦးကွာ။ ဒီကောင်ကြီး တစ်ခုခုထူးလို့သာ ခေါ်တာဖြစ်မယ်။ သွားကြရအောင်"

ပြောပြောဆိုဆိုပင် ကျွန်တော်က ရှေ့ဆောင်၍ အဆောင်တွင်းသို့ ဝင်သွားသဖြင့် ကျန်သော သူငယ်ချင်းများလည်း ဝင်လိုက်လာကြသည်။

သူသည် ကျွန်တော့်နောက်မှပါလာသော ဝင်းအောင်ကို မချိုမချဉ် မျက်နှာပေးနှင့် ကြည့်နေ၏။

ကျွန်တော်ကပင် "ဟေ့၊ အောင်ခင်မြင့် ဘာဖြစ်လို့ခေါ်တာလဲ ဆိုစမ်း"

သူသည် အင်းလျားဆောင်သို့ဝင်ဝင်ချင်း လှေကားရှိရာ အလယ်ခန်း





နံရံ၌ ကပ်ထားသော ကြော်ငြာသင်ပုန်းဆီသို့ လက်ညှိုးထိုးပြရင်း....

"ဟိုမှာသွားကြည့်စမ်း" ဟု ဆိုသည်။

သူပြရာသို့ ကြည့်လိုက်မိသောအခါတွင် ကြော်ငြာသင်ပုန်းဆီ၌ ကျောင်းသားများ ဝိုင်းကာ တဝါးဝါးနှင့် ပွဲကျနေသည်ကို မြင်လိုက်ရ၏။

ထို့ကြောင့် ကျွန်တော်တို့လည်း သိလိုစိတ်နှင့် ထိုနေရာသို့သွားကာ တိုးဝှေ့၍ ကြည့်လိုက်မိကြသည်။ ကာယကံရှင်ဖြစ်သော ဝင်းအောင်မူ မည်သို့နေမည်မသိ။ ကျွန်တော်ပင်လျှင် ကြော်ငြာသင်ပုန်းပေါ်မှ အရာကို မြင်လိုက်ရသောအခါတွင် မျက်လုံးများ ပြာသွားရသည်။

နှားထဲ၌မူ

"ကျွန်တော့်အသက်နဲ့မက၊ အသည်းနဲ့ မျှအောင်ကိုပဲ မေ့ကို ကျွန်တော် ချစ်ပါတယ် မေရယ်။ မေ့ကို ချစ်လွန်းလို့ တစ်သက်လုံးက စကားမပီခဲ့တဲ့ ကျွန်တော်ဟာ လျှာခင်ကို ခွဲစိတ်ကုသလိုက်လို့ အခုတော့ စကားပီပါပြီ မေ။ ဒါလည်း မေ့ကျေးဇူးပါပဲ။ ခွဲစိတ်ကုသခံရမှာ ကြောက်လွန်းလို့ တစ်သက်လုံး မကုဘဲ နေခဲ့မိတာ။ ခု မေ့ကို ချစ်မိတော့မှပဲ မေ သဘောမကျဖြစ်မှာစိုးလွန်းလို့ ကြောက်ကြောက်နဲ့ပဲ ခွဲစိတ်ခံခဲ့ရတာပါ မေရယ်" ဟူသော ကျောင်းသားတစ်ဦး၏ စာဖတ်သံကို ကြားနေရသည်။ မေသွယ်သည် ရက်စက်လေစွ၊ လုပ်ရက်လေစွ။

ဝင်းအောင်၏ စာကို မေသွယ်သည် အင်းလျားဆောင် ကြော်ငြာသင်ပုန်း၌ ကပ်၍ ထားလေပြီတကား။

"ဟင်" ဟူသော ရှက်ရွံ့၊ အံ့သြ၊ ဝမ်းနည်းသံပါသည့် ဝင်းအောင်၏ အာမေဍိတ်သံနှင့်အတူ အပြေးအလွှား ထွက်ခွာသွားသော ခြေသံကို ကြားလိုက်ရသည်။ ကျွန်တော် လှည့်ကြည့်လိုက်မိသောအခါ၌ ဝင်းအောင်၏ နောက်ကျောပြင်ကိုသာ မြင်လိုက်ရပါတော့၏။

"ကျွန်တော့်မေတ္တာကို ယုံပါမေရယ်။ မေ့အပေါ်မှာ...."



www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဥ်တင်ဆက်သည်။



ကျောင်းသားတစ်ဦးက ဆက်၍ စာကို အသံထွက်၍ဖတ်နေဆဲမှာပင် ကျွန်တော်သည် ရှေ့သို့ တိုးရွေ့၍သွားပြီး ကြော်ငြာသင်ပုန်း၌ ကပ်ထားသော စာကို ဆွဲယူဖြုတ်ခွာလိုက်ရသည်။ အားလုံးက ကျွန်တော့်ကို လှမ်း၍ ကြည့်နေကြဆဲမှာ ကျွန်တော်သည် စပ်တည်တည်နှင့်ပင် လှည့်ထွက်ခဲ့သည်။

ကျွန်တော့်ရင်တွင်း၌မူ ဒေါသလှိုင်းထနေရ၏။ ဝင်းအောင်အတွက် ယူကျုံးမရလည်း ဖြစ်နေ၏။ မေသွယ့်အပေါ်၌ မကျေမချမ်း ဖြစ်လွန်းလိုက်ရသည်။ ကျွန်တော်တို့ သူငယ်ချင်းတစ်တွေသည် အင်းလျားလမ်းပေါ်သို့ ရောက်ကြသည်အထိ တစ်ယောက်နှင့်တစ်ယောက် စကားမဆိုနိုင်ကြ။ အတွေးကိုယ်စီနှင့်သာ ခြေလှမ်းမှန်မှန် လျှောက်ခဲ့ကြ၏။

"တော်တော်ဆိုးတဲ့ကောင်မလေးကွာ"

အတန်ကြာမှ ပထမဦးဆုံးသော မှတ်ချက်ကို တင်မောင်စိုးကဆို၏။

"ဟုတ်တယ်ကွာ၊ဒါတော့ လွန်လွန်းတယ်။ သက်သက် ဝင်းအောင်ကို အရှက်ခွဲတာပဲ"

တင်မောင်လတ်ကလည်း ထောက်ခံ၏။

ကျွန်တော်တို့ သူငယ်ချင်းများအားလုံး မည်သူမျှ မကျေချမ်းကြ။

"ဝင်းအောင်တော့ သနားစရာပါပဲကွာ"

ကျွန်တော်တို့အားလုံးပင် တဖျစ်တောက်တောက် ဖြစ်နေကြ၏။

ဥတ္တရဆောင်သို့ ရောက်သောအခါတွင် ဝင်းအောင်၏ အခန်းမှာ မီးမဖွင့်ဘဲ မှောင်နေသည်ကို တွေ့ရ၏။ တံခါးမှ အတွင်းမှ ပိတ်မထား။

ကျွန်တော်တို့အားလုံးပင် အခန်းတွင်းသို့ ဝင်ခဲ့ကြပြီး မီးဖွင့်လိုက်သည်။ ဝင်းအောင်သည် သူ့ကုတင်ပေါ်၌ မှောက်လျက်ရှိနေသည်။

ညွှန့်မောင်သည် သူ့အနားသို့ ကပ်၍ ပခုံးကို ဆုပ်ကိုင်လိုက်ပြီး

"သူငယ်ချင်းဝင်းအောင်၊ သူငယ်ချင်း" ဟု ခေါ်လိုက်သည်။ သို့သော် ဝင်းအောင် မည်သို့မျှမထူး၊ မလှုပ်မယှက်ပင် ရှိနေသည်။





ကျွန်တော်ကလည်း သူ့အနားသို့ကပ်ကာ

"ကိုဝင်းအောင်၊ ကိုဝင်းအောင် ထပါဦးဗျာ။ ဟိုစာကို ကျွန်တော် ပြန်ယူခဲ့ပါပြီ"

ဒီတော့မှပင် ဝင်းအောင်သည် ဆတ်ခနဲထကာ ကျွန်တော့်လက်တွင်းမှ သူ့စာကို ဆွဲယူလိုက်ပြီး အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဆုတ်ပစ်လိုက်သည်။ ပြီးမှ ငိုသံပါကြီးဖြင့်

"ခင်ဗျားတို့အားလုံး သွားကြပါတော့ဗျာ။ သွားကြပါတော့။ ကျွန်တော် တစ်ယောက်တည်း နေစမ်းပါရစေ။ ကျွန်တော့်ကို တစ်ယောက်တည်းပဲ ထားခဲ့ကြစမ်းပါဗျာ" ဟု ဝမ်းနည်းပမ်းနည်း ပြောလိုက်ရှာသည်။

ကျွန်တော်တို့အားလုံးပင် သူ့ကိုဘာမျှပြန်မပြောကြတော့ဘဲ အလိုက်သိစွာပင် ပြန်လှည့်၍ ထွက်ခဲ့ကြရပါ၏။

သို့သော် ဝင်းအောင်ကို ပစ်မထားဘဲ ဂရုစိုက်ရန်တော့ ညွှန့်မောင်ကို မှာခဲ့ကြရသေးသည်။

*

ထို့နောက်တွင် ဝင်းအောင်သည် ကံ့ကော်တော၌ ကြာရှည်မနေတော့ပါ။ တစ်ပတ်မျှအတွင်းမှာပင် ဝင်းအောင်သည် ကံ့ကော်တောကို အပြီးအပိုင် စွန့်သွားခဲ့ရှာသည်။ ကံ့ကော်တောကို မစွန့်မီ ရက်သတ္တတစ်ပတ်အတွင်း၌ လည်း သူသည် သူ့အခန်းထဲမှမထွက်၊ ကလပ်(စ်)လည်း လုံးဝမတက်တော့။

နောက်ဆုံးတွင်တော့ သူ့စိတ်ကို သူ အပြီးအပိုင် ခိုင်ခိုင်မာမာ ချလိုက်နိုင်ဟန်တူသည်။ ဤမျှရက်စက်သော၊ အရှက်ရစေသော မေသွယ်ရှိရာ တက္ကသိုလ်မြေမှ သူထွက်ခွာသွားရှာသည်။

သူသွားခါနီးဆဲဆဲတွင်မှ ညွှန့်မောင် သိရသည်ဟု ဆိုသည်။ သွားလု ဆဲဆဲတွင် ဝင်းအောင်က၊

"တကယ်လို့များ မင်းမှာ ပြောခွင့်ကြုံမယ်ဆိုရင် မေသွယ့်ကို ငါက



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



မှာသွားတယ်လို့ ပြောလိုက်စမ်းပါကွာ။ သူ ဒီလောက် ရက်ရက်စက်စက် ငါ့ကို အရှက်ရအောင် လုပ်ခဲ့တဲ့အတွက် ဒီတက္ကသိုလ်မြေမှာ ငါ မျက်နှာ မပြရဲအောင် ဖြစ်ခဲ့ရပါပြီလို့။ ဒါကြောင့် ငါ သူ့ကို နှုတ်ဆက်ခဲ့ပါတယ်ဆိုတဲ့ အကြောင်းနဲ့ တစ်သက်လုံး သူ့ကို ချစ်နေမှာပါပဲဆိုတာကိုပါ ပြောဖြစ်အောင် ပြောပြလိုက်ပါကွာ"

ဟု ညွန့်မောင်ကို မှာခဲ့သည်ဟု ဆိုပါသည်။

ကံ့ကော်မြေမှ သူအပြီးတိုင် ထွက်ခွာသွားသည်ကိုလည်း ညွန့်မောင် ပြောပြမှပင် ကျွန်တော်တို့သိရသည်။ ဤမျှ အသည်းငယ်ရပါမည်လားဟု ဝင်းအောင်ကို ကျွန်တော်တို့တစ်တွေ ကရုဏာဒေါသောနှင့် စကားတင်းဆိုခဲ့မိကြရသည်။ ဤကိစ္စ ကလေးမျှလောက်နှင့် တစ်သက်တာ ပညာရေးကို စွန့်ရလေသလောဟုလည်း မကျေမချမ်း မြည်တမ်းမိကြရသည်။

ကျွန်တော်တို့သည် ဝင်းအောင်ကဲ့သို့ အရှက်ရ ရသည့် ကာယကံရှင် မဟုတ်၍ သူ့ကို ကိုယ်ချင်းစာတတ်နိုင်စွမ်း မရှိ၍လားတော့ဖြင့် မသိပါ။ ကျွန်တော်နှင့် ညွန့်မောင်သည် မေသွယ့်ထံသို့သွား၍ ဝင်းအောင်၏အကြောင်းကို ပြောခဲ့ကြသည်။ ဝင်းအောင်မှာခဲ့သော စကားကိုလည်း ပြောလိုက်ကြသည်။ ဒီတော့မှပင် မေသွယ်သည် ယူကျုံးမရဖြစ်ရှာသည်။ နောင်တရရှာသည်။

"သူ.... သူ.... ဒီလောက်ဖြစ်သွားမယ်မှန်းမသိလို့ မေသွယ် လုပ်ခဲ့မိတာပါ ကိုအေးဝင်းရယ်။ သူ့ကို ကျွန်မ တောင်းပန်ခွင့်ရမယ်ဆိုရင် တောင်းပန်ချင်ပါတယ်။ တောင်းပန်ပေးကြပါရှင်"

မေသွယ့်စကားကိုကြား၍ ကျွန်တော်တို့ ဝမ်းသာရသည်။ မေသွယ် တောင်းပန်စာရေးနိုင်အောင် ဝင်းအောင်၏ အိမ်လိပ်စာကို ကျွန်တော်တို့ ရှာဖွေ၍ ပေးခဲ့သည်။ ဝင်းအောင်သည် မြစ်ဝကျွန်းပေါ်ဒေသပိုင်းမှ ဖြစ်သည်။

ဝင်းအောင်ထံသို့ သူ့လိပ်စာအတိုင်း မေသွယ် စာထည့်လိုက်သည် ဆိုသော်လည်း သူ့ထံမှမူ ဘာမျှပြန်မလာခဲ့။ ဝင်းအောင်သည် သူ့အရပ်သို့





ပြန်လာပါလေစ။ ဘယ်အရပ်၊ ဘယ်ဒေသဆီ၌ သောင်တင်နေလေပြီမသိ။

ဝင်းအောင်ကိုမူ ယနေ့တိုင်ထိ ကျွန်တော်တို့ ပြန်လည်၍ မတွေ့ကြရတော့ပါ။

ဩော်.... ကြာလေတော့လည်း ကြာခဲ့ပေပြီ။

*

ကံ့ကော်တောတစ်ခွင်သို့ ကျွန်တော် ဖြတ်သန်းသွားမိ၍ ကုသိုလ်ထူးသော အတွဲစုံကလေးများကို မြင်တွေ့မိတိုင်း ဤကံ့ကော်မြေ၌ ကံဆိုးခဲ့ရသူ ဝင်းအောင်ကို သတိတရရှိရပါသည်။ မဖြစ်မီကမူ ရည်ရည်ဝေးဝေးမတွေးဘဲ တစ်ဖက်လူကို အရှက်ရစေရန် ဒေါနှင့်မာန်နှင့် အမှတ်မထင် လုပ်လိုက်မိသည့် အဖြစ်ကလေးသည် ဆင်ကျီစားရာ ဆိတ်မခံသာသည့်နယ်၊ ဝင်းအောင် တစ်ယောက် ကံ့ကော်မြေမှ ပြေးခဲ့ရသည်။

ထိုသို့သော ကြေကွဲဖွယ် အဖြစ်ကလေးမျိုးသည် ကံ့ကော်မြေ၌ ဘယ်တော့မှ မဖြစ်ပွား မပေါ်ပေါက်ပါစေနှင့်ဟု ဝင်းအောင်ကို သတိရလိုက်မိတိုင်း ကျွန်တော် ဆုတောင်းမိပါ၏။

*

(၁၉၇၁ ခု၊ ဇူလိုင်လ၊ စန္ဒာမဂ္ဂဇင်း)



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

## အမှတ် ၁၃

ဤတစ်နှစ်၏ ကံ့ကော်တောသည်လည်း ပြန်လည်၍ အသက်ဝင်ပြီ။

နှစ်ကြီးသမား ကံ့ကော်တောသူ၊ကံ့ကော်တောသားတို့လည်း ပညာတို့ ဖူးပွင့်ရာ ဤကံ့ကော်တောအား စွန့်ခွာရန် တစ်နှစ်ပို၍ နီးခဲ့ကြပြီ။

ဤတစ်နှစ်တွင်မှ စတင်၍ ဤကံ့ကော်တောတစ်ခွင်သို့ ဝင်လာခဲ့ကြသည့် ဖူးသစ်စကလေးများမှာလည်း မျှော်လင့်ခြင်းအပြည့်၊ တက်ကြွခြင်းအပြည့်နှင့်သာ ကြွကြွရွရွ၊ လှုလှုပပ လှုပ်ရှားလျက် ရှိကြပြီ။

အားသစ်တို့ အတိုးပွားဆုံးအရွယ်ဖြစ်သည့် ကံ့ကော်သူ၊ကံ့ကော်သားငယ်ငယ် ဤအရွယ်ကလေးများသည် ဘဝအနာဂတ်အတွက် လိုအပ်ချက်ဟူသမျှကို မျှော်မှန်းကာ ကြိုးပမ်းလျက် ရှိကြပေလိမ့်မည်။

ယင်းသဘာဝသည် ဘယ်တော့မှ ပျောက်လိမ့်မည်မထင်။

ကျွန်တော်တို့ခေတ်၏ အရင်နှောင်တော်ကြီးများတုန်းကလည်း ဤသို့ပင် ရှိခဲ့ကြပါလိမ့်မည်။ ကျွန်တော်တို့ခေတ်က တက္ကသိုလ်၏ သားသမီးကလေးများလည်း ထိုအတိုင်းပင်။



www.foreverspace.com.mm



ယနေ့ခေတ်၏ တက္ကသိုလ်သူ၊ တက္ကသိုလ်သားကလေးများလည်း ဤသို့သာ ရှိကြလိမ့်မည်။ သူတို့ကလေးတွေမှာ ကျွန်တော်တို့ခေတ်ကထက် ကြိုးပမ်းအားထုတ်ရမှု ပိုသည်။ ယှဉ်ပြိုင်ရမှု များသည်။ သူတို့ကလေးတွေ၏ ဘဝတိုက်ပွဲသည် ကျွန်တော်တို့တုန်းကထက်ပို၍ ကြီးမားပြင်းထန်လိမ့်မည် ထင်ပါ၏။

ကျွန်တော်တို့တုန်းကမူ အချိန်ပိုတွေ များခဲ့ကြသည်။ စာမေးပွဲဆိုလျှင်လည်း လူညံ့တွေအတွက် အရစ်ကျ ဖြေဆိုခွင့်ရခဲ့ကြသည်။ ကျောင်းဆွေး ဆွေး၊ လူဆွေး ဆွေး ပိုက်ဆံတတ်နိုင်သမျှ ကျောင်းနေခွင့်ရခဲ့ကြသည်။ ယခုခေတ်လို လူရည်ချွန်လည်း မရှိ။ လူချင်းယှဉ်လျှင်တော့ ယနေ့ခေတ် လူငယ်တော်တော်များများသည် ကျွန်တော်တို့တုန်းကထက် လူရည်သာလိမ့်မည်ထင်သည်။ ကျွန်တော်တို့ထက် ကြိုးစားမှုတွင် သာလိမ့်မည်ထင်သည်။ သူတို့လေးတွေ၌ရှိကြသော ယနေ့အခြေအနေနှင့် ကျွန်တော်တို့တုန်းက ရှိကြသော အခြေအနေသည် မတူတော့။ ခြားနားကွာဟချက်သည် ကြီးမားသည်။

ကျွန်တော်တို့တုန်းက ပေါ့ပေါ့သွား၊ ပေါ့ပေါ့စား၊ မှန်မှန်နေသွားချင်လည်းရသည်။ ပညာရေး ရည်မှန်းချက်က မည်မျှပြည့်ဝအောင်မြင်မည်ဟု မသိရသေးမီမှာပင် ကြင်ယာကလေးများကို ရှာချင်တတ်ခဲ့ကြပြီ။

ပညာမကုန်မီ ကြင်ယာဆုံချင်ကြသော်လည်း ဖူးစာကံမှ ဆုံနိုင်ခဲ့ကြပါ၏။ ချစ်ကြပြီးမှ ကွဲကြသူ၊ ချစ်မလိုလိုဖြစ်ပြီးမှ ဝေးကြသူ၊ တစ်ဖက်သတ်အချစ်နှင့်ပင် ပြီးကြသူတို့မှ များလှစွာ၏။

ဆိုကြပါစို့။ ကိုထွန်းဝင့်နှင့် မထားရင်တို့ ဆိုပါလျှင်....

သူတို့၏ဇာတ်လမ်းမှ ရင်ခုန်ချင်စရာလား၊ ရယ်ချင်စရာလား။ သို့မဟုတ် မချင့်မရဲ ဖြစ်စရာပင်လေလား။ အနှစ်နှစ်ဆယ်နီးပါးမျှ ကြာခဲ့ပြီဖြစ်သော်လည်း ကျွန်တော် မှတ်မိ၍ နေပါသေးသည်။

*

ကိုထွန်းဝင့်က သထုံကျောင်းဆောင်၌နေ၍ ကျွန်တော်က တကောင်းကျောင်းဆောင်၌ နေသည်။ သို့သော်လည်း ကျွန်တော်တို့ ယူကြသော ဘာသာအတွဲချင်း တူကြ၍ သူနှင့် ကျွန်တော် ရင်းနှီးခင်မင်ကြသည်။

ဥပစာအထက်တန်းနှစ်တွင်မှ သူနှင့် ကျွန်တော် ပိုမို၍ ခင်မင်လာခဲ့ကြခြင်း ဖြစ်၏။ သူက အရင် ကျွန်တော့်ကို လာခင်ခြင်းပင် ဖြစ်သည်။ ပထမတုန်းကတော့ ဘာကြောင့်ဟူ၍ ကျွန်တော်မသိ။ သူ ကျွန်တော့်ကို ခင်လာသည်မှာ "ဩော်၊ ဟော်၊ ဒါကြောင့်ကိုး" ဟု နောက်မှ သိလာရ၏။

ထို 'ဒါကြောင့်ကိုး' မှာ အခြားမဟုတ်။ မထားရင်ကြောင့်ပင်ဖြစ်၏။ ပြီးတော့ မာရီယာကြောင့်လည်း ဖြစ်သည်။ မထားရင်နှင့် မာရီယာက ခင်၏။ သူတို့ချင်းက တတွဲတွဲ။ အင်းယားဆောင် တစ်ဆောင်တည်း၌ တစ်ခန်းတည်းနေ၏။ ကျွန်တော်နှင့် မာရီယာကလည်း ခင်၏။ ငယ်သူငယ်ချင်းများဗီဇီမင်းနှင့် ငါနှင့် ပြောကြသည်အထိ ရင်းနှီး၏။ ထို့ကြောင့် မထားရင်ကို လိုချင်သော ရွှေစွန်ညို ကိုထွန်းဝင့်သည် ကျွန်တော်မှတစ်ဆင့် 'ဝဲ' ရန် ကြံခြင်းဖြစ်သည်။

ကိုထွန်းဝင့်သည် ရိုးသည်၊ အေးသည်၊ တည်သည်။ ဒီတော့လည်း သူလိုလူမျိုးအတွက် ကျွန်တော်က မကူညီရဲစရာ အကြောင်းမရှိ။ ဒါမျိုးဆိုလျှင်လည်း ကျွန်တော်က ဝါသနာပါပြီးဖြစ်၏။

ကိုယ်ကိုယ်တိုင်ကသာ မစွံလျှင် ရှိမည်။ ကိုယ်ကိုယ်တိုင်ကသာ မိန်းကလေးတစ်ဦးကို သူမသိ ငါပိုးထက် မပိုလျှင်သာ ရှိမည်။ သူများအတွက်ဆိုလျှင်တော့ 'စွံ'အောင်လုပ်ပေးချင်သည်။ အောင်သွယ်တစ်ယောက်အနေနှင့်လည်း ပြောရဲဆိုရဲသည်။ ယခုကိစ္စဆိုလျှင် ပို၍ပင်လွယ်သေးသည်။ မထားရင်ကို ကျွန်တော်ကိုယ်တိုင် ပြောစရာ၊ အောင်သွယ်လုပ်စရာ မလို။ ကျွန်တော့်သူငယ်ချင်း မာရီယာမှတစ်ဆင့်သာ ချဉ်းကပ်ရမည်ဖြစ်၍ပိတောက်ပင်ပေါ်သို့တက်၍ ပိတောက်ပန်းများ ခူးရသည်လောက် ခက်မည်မဟုတ်။



www.foreverspace.com.mm



ထို့ကြောင့် ကိုထွန်းဝင့်၏ကိစ္စ အောင်မြင်ရေးအတွက် ကျွန်တော်က မာရီယာ့ကို ချဉ်းကပ်ရပါ၏။ တစ်ညနေတွင် မာရီယာ့ထံသို့ ကျွန်တော်က တစ်ယောက်တည်း သွားရ၏။

သူတို့အဆောင်၏ ညနေ ဧည့်ချိန်တွင် ကျွန်တော်က သူ့ဧည့်သည်အဖြစ် ရောက်လာပြီး သူ့ကို ခေါ်တွေ့သည့်အတွက် မာရီယာ အံ့ဩဟန်ပေါ်သည်။ ယခင်အခါများကဆိုလျှင် ကျွန်တော်သည် သူ့ထံသို့ ဧည့်သည်အဖြစ် တကူးတက သွားခဲ့သည်။ သွားရင်းလာရင်း၊ ကျောင်းတက်ရင်းတွေ့ကြလျှင်သာ ပြောကြ၊ ဆိုကြ၊ နောက်ကြ၊ စကြလေ့ရှိသည်။

ယခုလို ကျွန်တော်က သူ့ထံသို့ တကူးတက လာသဖြင့် တစ်ခုခု အကြောင်းထူးမည်ဟုလည်း သူ သိပါသည်။

"ဘယ့်နှယ် ဖိုးအေးဝင်း၊ မလာစဖူး အလာထူးလှချည့်။ တစ်ခုခုတော့ အကြောင်းထူးပြီထင်တယ်။ ဧကန္တတော့ ဧကန္တပဲဟေ့။ ဘာဧကန္တမှန်းသာ မသိတာ။ ကဲ ဆိုစမ်း" ဟု ထုံးစံအတိုင်း ခပ်ရွှင်ရွှင်ကလေး ဆိုပါသည်။

ကျွန်တော်ကလည်း ခပ်တည်တည်ပင်

"ဟ.... မာရီယာရယ်။ မင့်ဆီကို ကိုယ်က အလည်မလာရတော့ဖူးလား။ တစ်ခုခု ထူးမှပဲ လာရတော့မှာလား" ဟု ပြန်မေးလိုက်ရ၏။

မာရီယာက ကျွန်တော့်မျက်နှာကို စေ့စေ့အကဲခတ်ဟန်နှင့် ကြည့်လိုက်ပြီးမှ ပြုံးကာ

"အကြောင်းမထူးဘဲ အလည်မလာရဘူးလို့ မဆိုပါဘူး။ ဒါပေမယ့် ဘယ်တုန်းကမှ မင်းက ကိုယ့်ဆီကို အလည်သက်သက်မှ မလာခဲ့ဖူးပဲ။ အဖိုးတန်တဲ့ မင့်အချိန်တွေကို အလကားသက်သက်တော့ ကိုယ့်ဆီလာပြီး မဖြုန်းတန်ကောင်းပါဘူး။ မှန်မှန်ပြောစမ်းပါ အေးဝင်းရယ်" ဟု ခတ်သိဟန်မျိုးနှင့် ဆိုသည်။

ဒီတော့လည်း ကျွန်တော်က ရယ်လိုက်ရ၏။



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

"မင်းကတော့ မဆိုးဘူးဟေ့၊ မာရီယာ။ ဧကန္တ မင့်ဗိုက်ထဲမှာ ပုဏ္ဏားလေး ရှိတယ်ထင်တယ်"

မာရီယာ မျက်လုံးပြူးလိုက်ရင်း

"တော်ပါ အေးဝင်းရယ်။ ဘယ်တုန်းကမှတော့ ဘယ်ပုဏ္ဏားနဲ့မှ ကိုယ် အိမ်ထောင်မကျခဲ့သေးဘူး"

ကျွန်တော်က ဟက်ဟက်ပက်ပက် ရယ်ရပြန်၏။

"ငါက အကောင်းပြောတာပါကွာ။ မင့်အတွေးတွေ မှန်လွန်းလို့ ချီးကျူးတာပါ။ ကဲ၊ မှန်တာပြောရရင် အောင်သွယ်လုပ်နိုင်းမလို့"

"အမယ်လေးတော်။ မင့်ဟာက မဟုတ်သေးပါဘူး။ တကယ်ဆိုရင် ငါ့ကို တစ်ယောက်ယောက်နဲ့ အောင်သွယ်ပေးဖို့ လာတယ်ဆိုရင် ဟုတ်သေးတယ်။ သူငယ်ချင်းရယ်လို့ မင့်ကို အားကို မကိုးရဘူး"

"မင်းလိုချင်ရင် ကိုယ်ရှာပေးပါ့မယ်ကွာ။ တို့ဟောလ်မှာ ဂေါ်မစွံ လူပျို ကြီးတွေ အများကြီးရှိတယ်။ ရပါတယ်"

"တော်ပါပြီကွာ။ ဂေါ်မစွံတွေတော့ မယူပါရစေနဲ့။ ကဲ ထားပါဦး။ မင်းက ဘယ်သူ့ကို မျက်စိကျလာပြန်ပလဲ။ ဘယ်သူနဲ့ အောင်သွယ်ပေးရမှာလဲ"

"ဟာ.... ကိုယ့်အတွက် မဟုတ်ပါဘူးကွာ။ ကိုယ့်သူငယ်ချင်း တစ်ယောက်အတွက်ပါ။ သူက လူရိုး လူအေး လူတော်တစ်ယောက်ကွ။ တို့ ကလပ်(စ်) ကပဲ။ စာလည်း ကြိုးစားတယ်။ ပြီးတော့...."

"ဟေ့၊ မင့်လူရဲ့ ဟိမဝန္တာ ချီးမွမ်းခန်းကို တော်ပါတော့။ အဲဒီလူ တော်တာမှ မင်းလောက်နီးနီးကို တော်တယ်လို့ ပြောလိုက်ရင် လုံလောက် ပါပြီကွာ။ သူက ဘယ်သူ့ကို ကျနေလို့လဲ"

"မင့်သူငယ်ချင်း မထားရင်ကို"

"ဘုရား ဘုရား....၊ အမယ်လေး။ မင့်လူကလည်း တကယ့်ဟာကိုမှ ကြိုက်တာပါပဲလား"



www.foreverspace.com.mm



မာရီယာ၏စကားကြောင့် ကျွန်တော် အံ့သြသွားရသည်။

"ဟ၊ ဘာဖြစ်လို့လဲကွ" ဟုလည်း မေးလိုက်မိရ၏။

"မထားရင်က သာမန်ကျောင်းသူတွေလို မဟုတ်ဘူး။ တကယ် ထူးခြားတဲ့ အမျိုးသမီးကွ။ သူ့တွေးပုံခေါ်ပုံတွေကလည်း ထူးခြားတယ်။ နေပုံထိုင်ပုံတွေကလည်း ထူးခြားတယ်။ စည်းကမ်းကလည်းကြီး၊ နေရာ တိုင်းမှာ တိလည်း တိကျပါဘိသနဲ့ကွာ။ မလွယ်ပါဘူး"

"ဘယ်လို တွေးပုံခေါ်ပုံတွေက ထူးခြားတာလဲကွ။ ထာဝရ ဘုရား သခင်ကို ဘယ်သူကမွေးသလဲဆိုတဲ့ အတွေးမျိုးကို တွေးတာလား။ စည်း ကမ်းကကော ဘယ်လိုကြီးတာလဲ။ ထမင်းစားနေရင်းနဲ့ ရေမသောက်ရဘူး။ အိပ်နေရင်း မဟောက်ရဘူးဆိုတဲ့ စည်းကမ်းမျိုးလား"

မာရီယာက ကျွန်တော့်ကို မျက်စောင်းထိုး၏။

"မဟုတ်ဘူးကွ။ သူတွေးတာက ဘာဖြစ်လို့ အေးဝင်းတစ်ယောက် ခုထက်ထိ မစွံသေးတာလဲဆိုတာရယ်၊ ပြီးတော့ သူစည်းကမ်းကြီးတာက သူ့ကိုကြိုက်ရင် အောင်သွယ်ကတစ်ဆင့် မချဉ်းကပ်ရဘူး ဆိုတာမျိုးရယ် ပေါ့ကွာ"

ကျွန်တော်က ခပ်ပေါ့ပေါ့ဟန်နှင့် ရယ်လိုက်ရင်း။

"မာရီယာကလည်းကွာ လိမ္မာသားနဲ့။ အဲဒီလိုတော့ မလုပ်နဲ့လေ။ ငါ့သူငယ်ချင်း မာရီယာက သိပ်ချောတာကွ။ ဒီနှစ်ဝင်ရွေးရင် ငါ့သူငယ်ချင်း မာရီယာက မယ်တက္ကသိုလ်ဘွဲ့နဲ့တော့ တန်းနေတာပဲ" ဟု မာရီယာအား ချော့လိုက်ရ၏။ ပြီးမှ

"ကဲပါ သူငယ်ချင်းရယ်။ နောက်တာပြောင်တာတွေ ခဏဘေးဖယ် ထားပြီး အလေးအနက် ပြောရအောင်ပါကွာ။ မင်းပြောသလို မင့်မထားရင်က စည်းကမ်းကြီးသလို၊ တိကျသလို၊ အတွေးအခေါ်ဆန်းသလို ငါ့ကိုထွန်းဝင့် ကလည်း စည်းနဲ့ကမ်းနဲ့ တိတိကျကျ လုပ်တတ်ကိုင်တတ်တဲ့လူပါ။ ပြီးတော့

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှ စီစဉ်တင်ဆက်သည်။



ငါ့လူရဲ့ အတွေးအခေါ်ကလည်း ရင့်ကျက်ပါတယ်ကွ။ မင့်မထားရင်နဲ့တော့ ဖြစ်မှာပါ"

"ဖြစ်တာမဖြစ်တာတော့ ထားကွာ။ ဒါပေမယ့် ငါကတော့ ဒီကိစ္စမျိုးမှာ မပါချင်ဘူး။ အောင်သွယ် မလုပ်ချင်ဘူး"

မာရီယာက တည်ငြိမ်စွာပြန်ပြောသည်။

"မဟုတ်ပါဘူးကွာ၊ မင်းက တိတိကျကျ အောင်သွယ်လုပ်ဖို့ရယ် မဟုတ်ပါဘူး။နည်းနည်းပါးပါးအကူအညီပေးဖို့တင်ပါ။မင်းနဲ့ဆက်သွယ်ပြီး၊ မင်းကိုအကြောင်းပြုပြီး တို့က မထားရင်နဲ့ နီးစပ် ရင်းနှီးချင်တာပါ။ ကျုပ်တဲ့ အပိုင်းကတော့ ငါ့လူ ကိုထွန်းဝင့်ရဲ့ တာဝန်ပဲ ထားပေါ့ကွာ"

"အေး၊ ဒါလောက်တော့ ဖြစ်ပါတယ်လေ။ သူနဲ့ မင်းတို့နဲ့ အသိအကျွမ်းဖြစ်ဖို့၊ ရင်းနှီးလာဖို့လောက်တော့ ငါတတ်နိုင်ပါတယ်။ ဒါပေမယ့် တစ်ခုတော့ မထားရင်အကြောင်းကို ငါကြိုတင်ပြီးပြောထားမယ်။ သူကတော့ စောစောက ပြောသလိုပဲ၊ အရာရာမှာ စနစ်ကြီးတယ်၊ စည်းကမ်းရှိတယ်၊ အချိန်ကို လေးစားတယ်၊ ကတိမတည်တာမျိုးကိုလဲ မုန်းတယ်။ မုန်တယ် ထင်ရင်လည်း ဘယ်တော့မှ အလျှော့မပေးတတ်ဘူး။ ဒါတွေကတော့ မထားရင် အကြောင်းကို မင်းတို့သိထားဖို့ပါပဲ"

"မင်း ဒီလိုပြောတာ ကျေးဇူးပါပဲကွာ။မင်းပြောတဲ့ မထားရင်ရဲ့ အရည်အချင်းတွေက အကောင်းချည့်ပါပဲ။ ကိုထွန်းဝင့်အတွက် ဘာပြဿနာမှ ရှိမှာ မဟုတ်ပါဘူး"

ဒီလိုနှင့်ပင် ကျွန်တော်သည် ကိုထွန်းဝင့်အတွက် မာရီယာနှင့် နားလည်မှု ရခဲ့ရသည်။

ထိုသို့ နားလည်မှုရခဲ့ပြီးတော့လည်း အချိန်ကို ဆွဲမနေတော့ဘဲ လုပ်ငန်းကို စတင်၍ အကောင်အထည်ဖော်မိကြသည်။ ကိုထွန်းဝင့်၏ မဟာဗျူဟာမှာ မထားရင်၏မေတ္တာပန်းကို ဆွတ်လှမ်းယူငင် ပန်ဆင်နိုင်ရေး၊



www.foreverspace.com.mm



နည်းဗျူဟာ ပထမအဆင့်မှာ မထားရင်နှင့် ရင်းနှီးခင်မင် နီးစပ်ရေး။

ထို့ကြောင့် ညနေတိုင်းတွင် ကျွန်တော်နှင့် ကိုထွန်းဝင့်တို့ မာရီယာထံသို့ သွားရသည်။ ကျွန်တော်က သထုံကျောင်းဆောင်သို့ ပထမသွား၍ ကိုထွန်းဝင့်ကို ဝင်ခေါ်ရ၏။ ထိုမှတစ်ဆင့် နှစ်ယောက်သား အင်းလျားသို့ မြန်းရသည်။ တိကျသော ကိုထွန်းဝင့်၏ အစီအစဉ်အရ ကျွန်တော်တို့သည် အင်းလျားသို့ ညနေငါးနာရီတိတိတွင် အရောက်သွား၏။

ထို့ထက်ပို၍ စောလည်းမစော၊ နောက်လည်းမကျ။

တိကျသည်၊ အချိန်ကိုလေးစားသည်ဆိုသော မထားရင်တစ်ယောက် အထင်ကြီး လေးစားစေရန်အတွက် ကိုတိကျကြီး ကိုထွန်းဝင့်ကလည်း တတ်နိုင်သမျှ အချိန်ကို တိတိကျကျ သတ်မှတ်ထား၏။ တစ်ပတ်လျှင် သုံးရက်လောက်တော့ မထားရင်တို့ထံသို့ ကျွန်တော်တို့ ရောက်စမြဲ။

မာရီယာကိုတော့ ကျွန်တော်တို့ ကျေးဇူးတင်ရပါသည်။ သူ၏ လိမ္မာပါးနပ်သော စွမ်းဆောင်ချက်ကြောင့် ကျွန်တော်တို့သွားတိုင်း မထားရင်ကိုပါ မာရီယာနှင့်အတူ တွေ့ရတတ်ပါသည်။ မာရီယာကလည်း ကျွန်တော့်ကို သင်တန်းတက်ရင်း တွေ့ဆုံချိန်များ၌ ကြိုတင်ချိန်းတတ်၏။ ဒီနေ့ညနေတော့ မလာနဲ့ဦး။ ဒီနေ့ညနေတော့ လာခဲ့၊ စသည်ဖြင့်....။

မာရီယာ ကျေးဇူးကြောင့် ကျွန်တော်တို့နှင့် မထားရင် ရင်းနှီးခင်မင်လာခဲ့ကြသည်။ ထို့ကြောင့် တစ်ခါတစ်ခါများဆိုလျှင် ကျွန်တော်မအားလပ်၍ မလိုက်ပါနိုင်သော်လည်း ကိုထွန်းဝင့်တစ်ယောက်တည်းပင် မထားရင်ထံသို့ သွားတတ်ပြီ။

လှသော၊ ယဉ်သော ၊ သိက္ခာရှိသော မထားရင်ကို ဝိုင်းဝိုင်းလည်နေသော ပျားပိတုန်းတို့လည်း ပေါလှသည်။ ထိုထိုသော လိပ်ပြာ၊ ပိတုန်းတို့အနက် ခြေအသွက်ဆုံးလူမှာ ကျွန်တော့်သူငယ်ချင်း ကိုထွန်းဝင့်။ သို့သော်လည်း မူလကတည်းက ငယ်သူငယ်ချင်းပမာ ပိုမိုရင်းနှီးသူတစ်ဦးမှ



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



မထားရင်၌ ရှိပါသေးသည်။ ထိုသူမှာ မထားရင်တို့နှင့် တစ်မြို့တည်းသား ဖြစ်ကာ ယခုအခါ၌ ဆေးတက္ကသိုလ်ကျောင်းသားဖြစ်နေသော ကိုလှမင်း ဆိုသူဖြစ်၏။ သူကတော့ မထားရင်ထံသို့ တစ်လတွင် သုံးခေါက်ခန့်သာ ရောက်မည်ထင်သည်။ သို့သော်လည်း သူသည် မထားရင်နှင့် ပိုမိုရင်းနှီး အကျွမ်းဝင်သည်။ ကိုထွန်းဝင့်၏ ပြိုင်ဘက်များအနက် ကိုလှမင်းသည် စိုးရိမ်စရာအကောင်းဆုံးပင်ဟု ကျွန်တော်တို့ သတ်မှတ်ထားသည်။

တစ်ခါက ကျွန်တော်သည် ကိုလှမင်းနှင့်ပတ်သက်၍ မာရီယာကို မေးမြန်းဖူးသည်။

"ကိုလှမင်းနဲ့ မထားရင်တို့က ဘယ်လိုလဲကွ။ ငါ့သူငယ်ချင်း ကိုထွန်းဝင့် တစ်ယောက် 'နောက်ကောက်' များ ကျန်နေဦးမှာလားကွာ။ ဘယ့်နှယ့်လဲ"

မာရီယာသည် ကျွန်တော့်အမေးကို ချက်ချင်းမဖြေပါ။ ကျွန်တော့် ကိုသာ ခေတ္တမျှ ခပ်တွေတွေလေး စိုက်ကြည့်နေသည်။ ပြီးမှ

"ဒါတော့ ကိုယ်လည်း သေသေချာချာတော့ မပြောနိုင်ဘူး။ ဒါပေမယ့် ခုထိတော့ ကိုလှမင်းနဲ့ မထားရင်တို့ ဘာမှမဖြစ်ကြသေးပါဘူး။ မထားရင်ကတော့ စဉ်းစားနေတုန်းပဲနဲ့ တူပါတယ်"

"အဲဒီစဉ်းစားတဲ့ထဲမှာ တို့ ကိုထွန်းဝင့်ကော ပါပါဦးမလားကွ"

"ဒါတော့မသိဘူးလေ။ နေပါဦး မင့်လူကကော မထားရင်ကို ဖွင့်ပြော ပြီးပလား"

"ခုထိတော့ မပြောရသေးဘူးကွ"

"ဟာ.... မပြောသေးဘဲနဲ့ သူက ဘယ်စဉ်းစားမှာလဲကွာ။ မင့်ဟာ ကလည်း"

ဟုတ်သည်။ မာရီယာပြောသလိုပင် ကိုထွန်းဝင့်က သူ့မေတ္တာကို ဖွင့်ဟ၍ မပြောသေးပါဘဲနှင့် ကာယကံရှင် မထားရင် မည်သို့စဉ်းစားရပါ



www.foreverspace.com.mm



မည်နည်း။ ထို့ကြောင့် မထားရင်ကို မေတ္တာစကား မြွက်ကြားတော့ရန် ကိုထွန်းဝင့်အား ကျွန်တော်က အခါပေးဦးပုည လုပ်ရတော့မည်။

ကျွန်တော့်စကားကို ကိုထွန်းဝင့် လက်ခံပါသည်။

တစ်ညနေတွင် မထားရင်ထံသို့ ကိုထွန်းဝင့် တစ်ယောက်တည်း သွားသည်။ မာရီယာကိုလည်း ကျွန်တော် ကြိုတင် မှာကြားပြီးဖြစ်၍ ကိုထွန်းဝင့်ကို လက်ခံတွေ့ဆုံသူမှာ မထားရင်တစ်ယောက်တည်းသာ ရှိမြဲမည်။

ကိုထွန်းဝင့်၏ နှုတ်စ၊ အာစကို မကြာမီပင် ကျွန်တော်တို့ သိရတော့မည်။ ထို့ကြောင့် ထိုညဦးပိုင်းက ကိုထွန်းဝင့်ထံသို့ ကျွန်တော် ထမင်း စားပြီးပြီးချင်း အရောက်သွားဖြစ်ခဲ့ရ၏။ ကိုထွန်းဝင့်ကို သူ့အခန်း၌ ကျွန်တော် အဆင်သင့်ပင် တွေ့ရပါ၏။ သူ့မျက်နှာမှာ ပြုံးနေသည်။

"ဒီလောက် ပြုံးနေပုံထောက်တော့ ကိုယ့်လူတော့ တစ်ခါတည်း စွံ လာခဲ့ပြီထင်တယ်။ တယ်ဟုတ်ပါလား"

"ဟာဗျာ၊ တစ်ခါတည်းတော့ ဘယ်စွံမလဲဗျာ။ မိန်းကလေးပဲ။ ဘယ်မှာ ဒီလောက် အညှာလွယ်ပါ့မလဲ။ မထားရင်အကြောင်းလည်း ခင်ဗျား သိသားပဲဟာ"

"သိလွန်းလို့ ပြောနေတာပေါ့ဗျ။ မထားရင်က ဒို့ပြင်မိန်းကလေးတွေ လိုမှ မဟုတ်ဘဲဟာ။ သူက ပြန်ကြိုက်တယ်ဆိုရင် သူများတွေလို ဟန်တွေ ပန်တွေ ဆောင်နေမှာမဟုတ်ဘူးထင်တယ်။ ချက်ချင်း ပြန်ပြီး အဖြေပေးချင် ပေးလိုက်မှာ"

"အေးဗျာ၊ ဒါတော့ မသိဘူး။ ဒါပေမယ့် အခုတော့ ကျွန်တော့်ကို ဘာအဖြေမှ မပေးလိုက်သေးဘူးဗျ။ သူစဉ်းစားပါရစေဦးတဲ့။ တစ်နေ့တော့ သူ အဖြေပေးပါ့မယ်တဲ့"

"အေးဗျာ၊ ဒီလောက်ဆိုရင်လည်း မဆိုးပါဘူး။ သူကလည်း ခင်ဗျား နေပုံထိုင်ပုံတွေကို သဘောကျပုံတော့ ပေါ်ပါတယ်။ ခုအတိုင်းသာ မှန်မှန်



စကားဝါမြေစာကြည့်တိုက်----> [http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေတေးဥယျာဉ်----> [http://sagarwarmyae.net/mm_flash_songs/index.html](http://sagarwarmyae.net/mm_flash_songs/index.html)
စကားဝါမြေနည်းပညာစာကြည့်တိုက်----> [http://technology.sagarwarmyae.net/](http://technology.sagarwarmyae.net/)

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဥ်တင်ဆက်သည်။



ဆက်ပြီး 'ဂေါ်' နေဦးပေါ့ဗျာ။ စွံမှာပါ"

"ကျွန်တော်လည်း မျှော်လင့်တာပဲ။ ဒါပေမယ့် ဟိုတစ်ယောက် ရှိသေးတယ်လေဗျာ။ ကိုလှမင်းလေ။ သူနဲ့ ကျွန်တော် ဘယ်သူ ကံကောင်းမလဲ မသိဘူး"

"စိုးတော့ စိုးရိမ်စရာပဲ။ ဒါပေမယ့် ဒီလောက်ကြီးတော့လည်း ပူစရာရှိမယ် မထင်ပါဘူးဗျာ။ ဟိုလူက မထားရင်နဲ့ ခင်ဗျားအရင်သိပြီး ပိုခင်သလို ရှိပေမယ့် သူ့ချစ်သူအဖြစ် ခုထိ မရွေးသေးတာထောက်တော့ ကိုလှမင်းကို သူမကြိုက်တာလေးတွေများရှိနေလေသလား မသိဘူး။ ခင်ဗျားကိုတော့ သူ လေးစားပုံ၊ သဘောကျပုံ ရပါတယ်"

ကိုထွန်းဝင့်သည် ပြုံးလိုက်ရင်းက

"အေးဗျာ၊ ခင်ဗျား ဒီလိုပြောတော့လည်း ကျွန်တော် အားတက်ရပြန်ရော" ဟု ဝမ်းသာဟန်နှင့် ဆိုပါ၏။

*

ကိုထွန်းဝင့်၏ အခန်းသို့ ကျွန်တော် ရောက်သောအခါတွင် သူလည်း ဝတ်စားဆင်ယင်ပြီး အဆင်သင့်ပင်ဖြစ်နေပြီ။

"ဒီလိုတော့လည်း ကိုယ့်လူက တကယ်ချောသားဗျ။ ဒီရုပ်ရည်မျိုးနဲ့တော့ မထားရင်ကို သေသေချာချာ စွံပါတယ်ဗျာ။ စိတ်ချ၊ ဘာမှ ပူမနေနဲ့တော့"

"ဒီလောက် မြှောက်မနေပါနဲ့ဗျာ။ ခင်ဗျားကို ကနေ့ ရုပ်ရှင်ပြမှာပါ"

ကိုထွန်းဝင့်က ရယ်ရယ်မောမောပင် ပြန်ပြောသည်။ သူသည် မြူးနေ၏။ မြူးမည်ဆိုလည်း မြူးလောက်သည်။ သူသည် မထားရင်နှင့် အတူ ရုပ်ရှင်ကြည့်ရတော့မည်။ မထားရင်ကို ရုပ်ရှင်ကြည့်ရန် ဖိတ်ခေါ်ခဲ့သော သူ၏ ဖိတ်ကြားချက်ကို မထားရင်က လက်ခံခဲ့သည်။ သို့သော်လည်း





မထားရင် တစ်ယောက်တည်းတော့ဖြင့် မဟုတ်။ မာရီယာနှင့် ကျွန်တော်ကလည်း 'အပိုဆာဒါ' ဇာတ်ရံများဖြစ် ပါရဦးမည်။ ဘာပဲဖြစ်ဖြစ် ဤမျှဆိုလျှင်ပင် ကိုထွန်းဝင့်၏ ရင်ထဲ၌ 'ဒိန်းတပ်တပ် ဒိန်းတပ်တပ်' ဖြစ်နေဟန်ရှိသည်။

စနေနေ့လယ် သုံးနာရီခွဲပွဲ ကြည့်ကြမည်မို့ မထားရင်နှင့် မာရီယာကို နှစ်နာရီခွဲတွင် လာခေါ်မည်။ အဆင်သင့်ဖြစ်အောင် လုပ်ထားပါဟု မှာခဲ့ပြီးဖြစ်သည်။ နှစ်နာရီခွဲတွင် သူတို့ကို အင်းလျားမှာ ဝင်ခေါ်၊ တက္ကသိုလ်ရိပ်သာလမ်းဘက်ထွက်ပြီး နဂါးကားစီး၊ ဆူးလေဘုရားလမ်း ရုပ်ရှင်ရုံများရှေ့သို့ ရောက်၊ လက်မှတ်ဝယ်၊ အချိန်စောသေးလျှင် အိုရီရင့်ဝင်၊ တစ်ခုခု စားကြသောက်ကြ၊ ရုပ်ရှင်ကြည့်၊ အစီအစဉ်ကတော့ အားလုံး 'အိုကေ' နေသည်။

ထို့ကြောင့် ယနေ့ ကိုထွန်းဝင့် ပြင်ဆင်ထားသည်မှာ သားနားလှ၏။ အယ်လ်ပတ်ကား အပေါ်အင်္ကျီနှင့် မြောက်ပြင်ပိုးလုံချည်နှင့် ဆံပင်က ပြောင်နေ၏။ ကျွန်တော်က သူ့အခန်းတွင်း၌ ထိုင်လိုက်မည်ပြုစဉ် ကိုထွန်းဝင့်က သူ့လက်မှ နာရီကို ကြည့်လိုက်ပြီး

"ဟော့လူ ကိုအေးဝင်း၊ ထိုင်မနေနဲ့တော့ဗျ၊ သွားကြမှ။ ခုပဲ နှစ်နာရီနဲ့ ဆယ့်ငါးမိနစ်ရှိနေပြီ။ တော်တော်ကြာ နောက်ကျနေဦးမယ်။ မထားရင်က အချိန်ကို လေးစားတာ၊ တိကျတာ ခင်ဗျားသိသားနဲ့ဗျာ" ဟု လောဆော်လိုက်သဖြင့် ကျွန်တော်လည်း ထိုင်မလိုဟန်နှင့် ကုန်းကွကွဖြစ်သွားပြီးမှ မထိုင်ရတော့ဘဲ အခန်းတွင်းမှ ထွက်ခဲ့ရ၏။

"လာဗျာ၊ ဒီအရှေ့ဘက်က လမ်းအတိုင်း သွားကြရအောင်။ တော်တော်ကြာ ကော်ရစ်ဒါအတိုင်းသွားရင် ကျွန်တော့်သူငယ်ချင်းတွေနဲ့ တွေ့ပြီး နောက်နေကြမှာ စိုးရတယ်။ ဒီကောင်တွေက ပါးစပ်ငြိမ်တာ မဟုတ်ဘူး"

ကျွန်တော်လည်း ဘာမျှပြန်မပြောဘဲ သူခေါ်သည့်လမ်းအတိုင်း ကျွန်တော်တို့၏ ဗဟိုကျောင်းဆောင်များ၏ အရှေ့ဘက်ရှိ ကတ္တရာလမ်း



www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက် ----> [http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေတေးဥယျာဉ် ----> [http://sagarwarmyae.net/mm_flash_songs/index.html](http://sagarwarmyae.net/mm_flash_songs/index.html)
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> [http://technology.sagarwarmyae.net/](http://technology.sagarwarmyae.net/)

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကလေးအတိုင်း မြောက်ဘက် အင်းဝဆောင် ဝင်းတံခါးပေါက်ကြီးဆီသို့ သွားခဲ့ကြသည်။

"အင်း၊ ကျွန်တော်လည်း ခင်ဗျားလို ဘယ်တော့များမှ ရွှေလည်တွဲပြီး ရုပ်ရှင်လေးဘာလေး ကြည့်နိုင်မလဲ မသိဘူးဗျာ"

ကျွန်တော်က ကိုထွန်းဝင့်ကို အားကျစွာ တောင့်တောင့်တတ ညည်းညူလိုက်မိသဖြင့် ရွှင်နေသော ကိုထွန်းဝင့်က ရယ်လိုက်ရင်း

"ဟာ ခင်ဗျားကလည်းဗျာ၊အလကားညည်းနေတယ်။ခင်ဗျားလည်း ခု စုံတွဲကြည့်ရတော့မှာပဲ မဟုတ်လားဗျ။ မာရီယာနဲ့လေ"

"ဟာဟာ၊ မလုပ်ပါနဲ့ဗျာ။ ကျွန်တော်နဲ့ သူနဲ့သာ ရရင်တော့ တစ်ယောက်ကိုတစ်ယောက် အထင်ကြီးမှု မရှိကြတာနဲ့ကို ပြဿနာတွေ ဖြစ်နေမှာ"

"ဟော ကျွန်တော်ပြောတဲ့ထဲမှာ ခင်ဗျားတို့ရဖို့ဆိုတဲ့စကား တစ်ခွန်းမှ မပါပါလားဗျာ။ ခင်ဗျားက ဘယ်တော့များမှ ရွှေလည်တွဲပြီး ရုပ်ရှင်ကြည့်ရပါ့မလဲလို့ ညည်းလို့ အခုကြည့်ရတော့မှာပါလို့ ပြောတာပဲဟာ"

သူရော၊ ကျွန်တော်ရော ရွှင်ရွှင်မြူးမြူး ရယ်လိုက်မိကြရ၏။ ကျွန်တော်တို့နှစ်ယောက် ရယ်၍မှ မဆုံးသေးမီမှာပင်

"ဟေ့ဟေ့၊ လာကြပါဦးကွ။ ငါ့ကို နည်းနည်းလောက် ကူညီကြစမ်းပါဦး" ဟူသော ခေါ်သံကို ကြားလိုက်ရသဖြင့် အသံလာရာသို့ ပြိုင်တူ ခေါင်းလှည့်ကာ ကြည့်လိုက်မိကြသည်။

ကတ္တရာ လမ်းနံဘေး၊ ဗဟိုကျောင်းဆောင်များ၏ ထမင်းချက်ရုံ နားတွင် ဘူမိဗေဒပါမောက္ခ ဒေါက်တာသာလှကို မြင်လိုက်ရသည်။ သူသည် စပို့ရှပ်အင်္ကျီ မီးခိုးရောင်နှင့် ချည်လုံချည်ကို ဝတ်ထားသည်။ သူ့ကိုယ်တွင် ချွေးတွေ ရွှဲနေ၏။ သူ့မျက်နှာဝယ် ချွေးပြန်နေ၏။ သူ့လက်တွင်း၌ ဂေါ်ပြား တစ်ခုကို ကိုင်ထားသည်။ သူ့အနားတွင် (TRAILER) ခေါ် နောက်တွဲနှင့်





ဂျစ်ကားတစ်စီးရှိ၏။ သူသည် ထမင်းချက်ရုံနားရှိ အမှိုက်ပုံးနေရာမှ မြေဆွေးများကို ဂေါ်ပြားနှင့်ကော်ကာ ကားနောက်တွဲပေါ်သို့ ထည့်နေခြင်းဖြစ်သည်။ ထိုအမှိုက်ပုံးနေရာဝယ် အမှိုက်များပုံလိုက်၊ သယ်သွားလိုက်နှင့် အမှိုက်ပုံ၏ အောက်ခံမြေသည် မြေဆွေးများဖြစ်နေသည်။ ဒါကိုပင် ဒေါက်တာသာလှက သယ်ယူနေခြင်းဖြစ်၏။

"လာကြပါဦးကွာ၊ ငါ့ကို ကူကြပါဦး"

ဆရာသာလှက ကျွန်တော်တို့ကို လှမ်းခေါ်နေသည်။ ကျွန်တော်သည် ပိုးလုံချည်နှင့် အယ်လ်ပတ်ကား အပေါ်အင်္ကျီနှင့် စတိုင်ထွားနေသော ကိုထွန်းဝင့်ကို ကြည့်လိုက်ပြီးနောက် ကျွန်တော့်ကိုယ်ကိုလည်း ပြန်ကြည့်လိုက်မိသည်။ ကျွန်တော့်ကိုယ်ဝယ် ယောလုံချည်အနက်နှင့် မန္တလေးပိုး အပေါ်အင်္ကျီနှင့်။

ကျွန်တော်သည် ကိုထွန်းဝင့်ကို အကဲခတ်လိုက်သည်။ သူလည်း ခေတ္တမျှ တွေသွားသည်။ သို့သော်လည်း ဆရာတစ်ယောက်၏ စကားကို ပယ်နိုင်ခြင်းမရှိပါ။ ဒေါက်တာသာလှသည် ကျွန်တော်တို့၏ဆရာ မဟုတ်သော်လည်း ကျွန်တော်တို့ အမိတက္ကသိုလ်ကြီးမှ ဆရာတစ်ဦးပင်ဖြစ်၍ အာစရိယဂိုဏ်းဝင်အဖြစ် ကျွန်တော်တို့ လေးစားသည့် ဆရာတစ်ဦးအဖြစ် ရှိသေသည်။ ဤစိတ်ထားမျိုးမှာ ကျွန်တော်တို့ခေတ်က တက္ကသိုလ် ကျောင်းသားတိုင်း၏ ချစ်စဖွယ်ကောင်းသော သဘောထားလေးများပင်ဖြစ်၏။

ကိုထွန်းဝင့်နှင့် ကျွန်တော်သည် လက်မှနာရီကို ကိုယ်စီကြည့်လိုက်မိကြပြီးနောက် ဒေါက်တာသာလှအနီးသို့ ကပ်သွားကြသည်။ ဒေါက်တာသာလှသည် သူ့မျက်နှာကို လက်ကိုင်ပဝါနှင့် သုတ်လိုက်ပြီး သူ့လက်တွင်းမှ ဂေါ်ပြားကို ထိုးပေးသည်။ ကိုထွန်းဝင့်က ဂေါ်ပြားကို လှမ်းယူလိုက်ရသည်။

"လုပ်ကြစမ်းပါဦးကွာ၊ ငါ့အိမ်က အပင်လေးတွေ မြေဆွေးမထည့်ရင် သေကုန်ကြတော့မှာကွ"



www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



သူသည် ကျွန်တော်တို့၏ သစ်လွင်တောက်ပသော အဝတ်အစားများကို ဂရုပြုဟန်မရှိ။ သူလိုချင်သည်ကိုသာ ပြောနေသည်။

ကိုထွန်းဝင့်သည် မကြည်သာသော မျက်နှာနှင့်ပင် ဂေါ်ပြားကိုယူကာ မြေဆွေးများကို ကော်၍ ကား နောက်တွဲထဲသို့ ထည့်နေ၏။

ကျွန်တော်သည် ဤလုပ်ငန်း မြန်မြန်ပြီးစီးရန် မည်သို့ကူညီရပါမည်နည်းဟူသော အတွေးဖြင့် ပတ်ဝန်းကျင်သို့ မျက်စိကစားလိုက်ရာ မီးဖိုဆောင် ထင်းပုံနံဘေး၌ ဂေါ်ပြားတစ်ခုကို မြင်လိုက်ရ၍ ကောက်ယူလိုက်ရပြီး မြေဆွေးများကို ဝင်ကော်ပြီး ထည့်ရပြန်သည်။ ဒေါက်တာသာလှသည် ကျွန်တော်တို့နှစ်ယောက်ကို ကြည့်နေရာမှ ခုမှ သတိပြုမိဟန်နှင့်

"ဟဟ၊ မင်းတို့အပေါ်အင်္ကျီတွေကို ချွတ်ထားကြဦးလေကွာ။ ငါ့ကားပေါ်မှာ ချွတ်ထားကြ" ဟု ဆိုသည်။ ဤနေရာတွင် ဟိုစာရေးဆရာတစ်ယောက် ရေးသလို ကျွန်တော်တို့က ဘာများကောတတ်နိုင်ကြပါဦးမည်နည်းဆိုသကဲ့သို့ပင် သူ့စကားကိုနားထောင်ရုံကလွဲ၍ ဘာမျှမတတ်နိုင်ကြပါ။

ကျွန်တော်တို့၏ အပေါ်အင်္ကျီများကိုချွတ်၍ ဂျစ်ကားပေါ်သို့တင်ထားလိုက်ကြပြီးနောက် ဆက်လက်၍ မြေဆွေးများကို ကော်ကာထည့်ကြရသည်။

ကိုထွန်းဝင့်၏ရင်ထဲ၌ မည်သို့နေမည်မသိ၊ ကျွန်တော့်ရင်ထဲ၌ပင် ပူပင်သောက ရောက်ရသည်။ မထားရင်နှင့် ချိန်းဆိုထားသည်မှာ နှစ်နာရီခွဲ။ ယခုပင် နှစ်နာရီခွဲပြီ။ ဤအတိုင်းဆိုလျှင်တော့ နောက်ကျတော့မည်မှာ သေချာသည်။ သို့သော်လည်း မတတ်နိုင်တော့၊ မထားရင်တို့ဆီ ရောက်တော့မှပင် ပြေလည်အောင် ရှင်းပြရတော့မည်။

ထို့ကြောင့် စိတ်တိုတိုနှင့်သာ မြေဆွေးများကို ကုန်း၍ကော်နေသော ကိုထွန်းဝင့်၏ နားအနီးသို့ကပ်၍

"စိတ်မပူနေပါနဲ့ဗျာ၊ ဟိုကျတော့ မထားရင်ကို အကျိုးအကြောင်း ရှင်းပြကြတာပေါ့။ ဒီအကြောင်းကို သူသိရင် ခင်ဗျားကို သူ ခွင့်လွှတ်မှာပါ"ဟု





ခပ်တိုးတိုးပြောလိုက်ရ၏။ ကိုထွန်းဝင့်က ဘာမျှပြန်မပြော၊ သူ့အလုပ်ကိုသာ မြန်မြန်ပြီးအောင် ဆက်လုပ်နေ၏။

"ကဲ ကဲ၊ တော်ပါပြီကွာ၊ ကျေးဇူးပါပဲ။ မင်းတို့သာမကူရင် ငါ တော်တော်နဲ့ ပြီးမှာမဟုတ်ဘူး"

ဤသို့ ဒေါက်တာသာလှက ပြောလိုက်သောအခါတွင် ကျွန်တော်တို့ ဝမ်းသာသွားရသည်။ သို့သော်လည်း ကျွန်တော်တို့ လက်ပတ်နာရီများသည် သုံးနာရီထိုးရန် မိနစ်နှစ်ဆယ်မျှသာ လိုတော့သည်။

"ဟုတ်ကဲ့ ဆရာ၊ ကိစ္စမရှိပါဘူး" ဟု ကျွန်တော်က ယဉ်ကျေးမှုအလို့ငှာ ပြန်ပြောရ၏။ ကိုထွန်းဝင့်ကမူ ဘာမျှပြန်မပြော။ ဂေါ်ပြားကိုချကာ ဂျစ်ကားပေါ်၌တင်ထားသော အင်္ကျီကို ခပ်သွက်သွက် ယူဝတ်နေသည်။ ကျွန်တော်ကလည်း အင်္ကျီကိုယူဝတ်ပြီး သူနှင့်အတူ လှည့်ထွက်ခဲ့ရ၏။ ဒီတော့မှပင် သူရော၊ ကျွန်တော်ပါ မတိုင်ပင်ရဘဲနှင့် သက်ပြင်းကြီးများကို 'ဟင်း' ခနဲ ချလိုက်မိကြသည်။

ကျွန်တော်တို့သည် စကားမပြောကြဘဲ ခြေလှမ်း သွက်သွက်နှင့် အားသွန်၍ သွားနေဆဲ ဒေါက်တာသာလှ၏ ခေါ်သံက ပေါ်လာပြန်၏။

"ဟေ့ဟေ့၊ နေပါဦးကွ၊ လာပါဦး။ ငါ့ကား နိုးမရလို့ တွန်းပေးကြစမ်းပါဦး"

ကျွန်တော်တို့ လှည့်ကြည့်ကြရပြန်သည်။ 'ဘာများကော တတ်နိုင်ပါဦးမည်နည်း' ကို စိတ်ထဲမှ ရေရွတ်ရပြန်သည်။ သူ့ကားဆီသို့ တစ်ခါပြန်လှည့်သွားပြီး ကားကို တွန်းပေးကြရပြန်သည်။

တော်ပါသေးသည်။ ကျွန်တော်တို့ ကံကောင်းပါသေးသည်။ အနည်းငယ် တွန်းလိုက်ရုံနှင့်ပင် ဆရာ့ကားက နိုးသွား၏။ ဆရာသာလှက ကားပေါ်မှနေ၍ လက်ပြပြီး ဝူးခနဲ ဆက်မောင်းထွက်သွားသည်။ ကျွန်တော်တို့ သက်ပြင်းကို ပြိုင်တူချလိုက်ကြရပြန်ပါသည်။ ကိုထွန်းဝင့်က သူ့နာရီ



စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ကြည့်ပြန်၏။ ပြီးတော့ ကျွန်တော့်ကို ကြည့်လိုက်ပြီး ခပ်သွက်သွက် လျှောက်သွားသည်။ ကျွန်တော်ကလည်း နာရီကိုကြည့်မိ၏။ သုံးနာရီထိုးရန် ဆယ့်သုံးမိနစ်သာ လိုတော့သည်။

ကိုထွန်းဝင့်၏ ခြေလှမ်းတို့ကို မနည်းကြီးမီအောင် ကျွန်တော် လိုက်ရသည်။ကျွန်တော့်ကိုယ်ဝယ် ချွေးတို့ဖြင့် ရွှဲနေပြီ။တစ်လမ်းလုံး တစ်ယောက်ကို တစ်ယောက် စကားမပြောမိကြ။ ခြေလှမ်းများကိုသာ အပြိုင် လှမ်းနေမိကြသည်။ နဖူးဝယ် ချွေးတို့ စို့လှပြီ။ လက်ကိုင်ပဝါကို လက်တွင် ကိုင်ကာ တသုတ်တည်းသုတ်နေရ၏။ကောင်းကင်၌လည်း နေက အစွမ်းကုန်ပူနေ၏။

အစွမ်းကုန် ပြင်ဆင်ခဲ့ကြသော ကျွန်တော်တို့၏ ဂိုက်ဆိုက်ကလေးများလည်း ကုန်ပြီ။ အင်းလျားဆောင် ဆင်ဝင်ပေါက်သို့ ကျွန်တော်တို့ ဝင်လိုက်သောအခါတွင် သုံးနာရီထိုးရန် ရှစ်မိနစ်မျှသာ လိုတော့သည်။ တော်ပါသေးရဲ့။ မထားရင်ကို တောင်းပန်၍ ရနိုင်ကောင်းပါသေးရဲ့။

ဧည့်ခန်းမအတွင်း၌ မထားရင်ကိုရော၊ မာရီယာကိုရော မတွေ့။ ထို့ကြောင့် သူတို့ကို အခေါ်ခိုင်းရ၏။ မာရီယာတစ်ယောက်သာ ဆင်းလာသည်။ မထားရင်ကို မတွေ့ရ။ မာရီယာ၏ မျက်နှာက တစ်မျိုးဖြစ်နေ၏။ ကျွန်တော်တို့ကို စိတ်ဆိုးဟန်လား၊ စိတ်ကောက်ဟန်လား၊ မကျေနပ်ဟန်လား။ တစ်ခုခုတော့ တစ်ခုခုပင်။

ကျွန်တော်က မာရီယာကို အကျိုးအကြောင်း ရှင်းပြရ၏။ တောင်းပန်ရ၏။ မထားရင်ကို မေးလိုက်ရ၏။

"မထားရင် မရှိတော့ဘူး။ မင်းတို့ကို သူ နှစ်နာရီနဲ့ လေးဆယ့်ငါးမိနစ်အထိ စောင့်ပါသေးတယ်။ အဲဒီအချိန်အထိ မလာတော့ သူ့ဆီကို နှစ်နာရီ ကျော်ကျော်ကတည်းက ရောက်လာပြီး စောင့်နေတဲ့ ကိုလှမင်းနဲ့ ရုပ်ရှင်ကို လိုက်သွားပြီ။ ဒီနေ့မှ ကိုလှမင်းကလည်း သူ့သူငယ်ချင်းတစ်ယောက်ရဲ့ ကားကို ယူလာတယ်။ကိုယ့်ကိုတောင် ခေါ်သေးတယ်။ကိုယ်က မင်းတို့တော့





တစ်ခုခုဖြစ်နေလို့ပဲ။ တစ်ချိန်ချိန်မှာတော့ လာမှာပဲဆိုပြီး လိုက်မသွားဘဲ အကျိုးအကြောင်း သိချင်လို့ စောင့်နေတာ"

ကိုထွန်းဝင့်သည် ဘာမျှပြန်မပြောဘဲ ခေါင်းငိုက်စိုက်ကျသွားသည်။

"မထားရင်တော့ တော်တော်စိတ်ဆိုးသွားတယ်။ တစ်ခုခုဖြစ်လို့ မလာနိုင်ရင်လည်း အချိန်မီအကြောင်းကြားနိုင်ရမှာပေါ့လို့ ပြောသွားတယ်"

"ဒါကတော့ကွာ၊ တို့ဖြစ်ပုံကိုလည်း ကြည့်ပါဦး။ ဘယ်လိုလုပ်ပြီး အကြောင်းကြားမလဲကွာ"

ကျွန်တော်က ကိုထွန်းဝင့်အတွက် စိတ်မကောင်းစွာနှင့် ပြန်ပြောလိုက်ရ၏။

"အေးလေ၊ ဖြစ်ပြီးမှတော့ ဘာမှမတတ်နိုင်ဘူးပေါ့။ နောက်ကျမှ မထားရင်ကို နားလည်အောင် ပြောပြကြပေတော့။ဒါပဲ ရှိတာပဲ။ သူပြန်လာရင် ကိုယ်လည်း မင်းတို့ဖြစ်ပုံကို ပြောပြလိုက်ပါ့မယ်"

အသွားတုန်းက ကျွန်တော်တို့ ခြေလှမ်းတွေ သွက်သလောက် အပြန်တွင်မူ လေးလေးကန်ကန် ရှိလွန်းလှပါသည်။ သို့သော်လည်း ကိုထွန်းဝင့်မျက်နှာဝယ် ချေးချွေးတို့ ပြန်လျက်ရှိသည်။ ဒေါ်တိကျကြီး၊ ဒေါ်အချိန်မှန်ကြီး မထားရင်သည် အကျိုးအကြောင်းသိရလျှင်တော့ ကိုထွန်းဝင့်ကို ခွင့်လွှတ်တန်ကောင်းပါ၏။

ကိုထွန်းဝင့်ကို ဘုရားသိကြား မပါစေ။

*

ဘယ်ဘုရားသိကြားမှ ကိုထွန်းဝင့်ကို မ မပါ။

ဘဝကံဆိုးလှသည့် ကိုထွန်းဝင့်တစ်ယောက် ထိုနေ့က နောက်ကျသည့် အပြစ်ဒဏ်ကို လှလှကြီး ခံ၍ သွားခဲ့ရပါသည်။

မာရီယာကလည်း ကိုထွန်းဝင့်ဘက်မှ ရှေ့နေလိုက်၍ ပြောရာပြောကြောင်း



စကားဝါမြေစာကြည့်တိုက်----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ်----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက်----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာ စာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ဖြစ်အောင် အကျိုးအကြောင်း ရှင်းလင်း၍ ပြောခဲ့သည်။ ကိုထွန်းဝင့်နှင့် ကျွန်တော်ကိုယ်တိုင်လည်း မထားရင်ထံသွား၍ ဖြစ်ပုံကို ရှင်းပြခဲ့သည်။ မထားရင်က ခွင့်လွှတ်တတ်ပါ၏။ သို့သော်လည်း အဖြစ်ကတော့ လွန်ခဲ့ပြီ။

ထိုနေ့က မထားရင်သည် ကိုထွန်းဝင့်အပေါ်၌ အတော်ပင် မကျေမချမ်း ဖြစ်သွားခဲ့ရဟန်တူ၏။ ဤတွင် သူ့အနီး၌ရှိသော ကိုလှမင်း၏ ပန်ကြားချက်ကို တစ်ခါတည်း အဖြေပေးခဲ့ပြီဟု ဆိုသည်။ ကိုလှမင်းသည် တိုက်တိုက်ဆိုင်ဆိုင်ပင် ကံကောင်းသူ ဖြစ်ခဲ့ရသည်။ ကံကြမ္မာနှင့် တိုက်ဆိုင်မှုတို့၏ အလှည့်အပြောင်းတွင် ကျွန်တော့်သူငယ်ချင်း ကိုထွန်းဝင့်သည် လှလှပပကြီး ကံဆိုးခဲ့ရရှာပါသည်။

ဆရာသာလှ၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်ဟောင်း ဒေါက်တာသာလှသည် ထိုအဖြစ်ကို ယနေ့အထိ သိမည်မဟုတ်ပါ။ ဆရာ အနိုင်းကောင်း၍ တက္ကသိုလ်ကျောင်းသားတစ်ဦး သူ့ချစ်သူနှင့် စွံလုဆဲဆဲတွင်မှ ကွဲခဲ့ရ၊ ကျုန်ရစ်ဖြစ်ခဲ့ရသည်ကို ဆရာ သိမည်မဟုတ်။

ကျွန်တော်တို့ ကဲ့ကော်တောသား ဘဝတုန်းကတော့ ဆရာသမားဆိုလျှင် ထိုမျှ လေးစားခဲ့ကြသည်။ ထိုမျှ ရိုကျိုးနာခံခဲ့ကြသည်။ ဆရာနိုင်းသမျှ လုပ်တတ်ကိုင်တတ် ကူညီတတ်ခဲ့ကြသည်။

ဤအဖြစ်ကလေးကို ကျွန်တော် ပြန်လည်၍ သတိရလိုက်မိတိုင်းမှာပင် ယနေ့ ကဲ့ကော်တောသူ၊ ကဲ့ကော်တောသားကလေးများနှင့် အာစရိယနွယ်ဝင် ဆရာသမားတို့၏ ဆက်ဆံရေးသည် မည်သို့မည်ပုံများ ရှိကြပါလေမည်နည်းဟု တွေးဆမိရပါသတည်း။

⁜

(၁၉၇၁ ခု၊ နိုဝင်ဘာလ၊ စန္ဒာမဂ္ဂဇင်း)







www.foreverspace.com.mm

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းမြန်မာစာကြည့်တိုက် မှစီစဉ်တင်ဆက်သည်။



ပုဂံစာအုပ်တိုက်

www.foreverspace.com.mm

# ကုံ့ကော်တောမှ ဇာတ်လမ်းများ



## တက္ကသိုလ် ခင်မောင်အေး

၁၉၂၈၊ ဒီဇင်ဘာလ ၂၃ ရက်တွင် အဘ ဦးဝင်း၊ အမိ ဒေါ်မမတို့မှ
မန္တလေးမြို့တွင် မွေးဖွားသည်။
၁၉၄၅ တွင် မြင်းခြံ အစိုးရအထက်တန်းကျောင်း၊
၁၉၄၆ - ၄၇ တွင် ရန်ကုန် အမျိုးသားအထက်တန်းကျောင်း၊
၁၉၄၈ တွင် တက္ကသိုလ်ဝင်တန်း အောင်ခဲ့သည်။
ဝိဇ္ဇာဘွဲ့မရမီ တပ်မတော်ဗိုလ်သင်တန်း အမှတ်စဉ် ၈ တွင် တက်ရောက်ခဲ့သည်။
၁၉၇၂ တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။
၁၉၄၉ တွင် တက္ကသိုလ်ကျောင်းသားဘဝမှစ၍ စာပေရေးသားခဲ့သည်။
သွေးသောက်၊ ပဒေသာ၊ ရှုမဝ၊ မြဝတီ စသော မဂ္ဂဇင်းများ၌
ဝတ္ထုတို၊ ဝတ္ထုရှည်များ ရေးသားခဲ့သည်။ ဝတ္ထုတိုပေါင်း ၂၀၀ ကျော်နှင့်
လုံးချင်းဝတ္ထုများ ရေးသားခဲ့သည်။

စကားဝါမြေစာကြည့်တိုက် ----> http://sagarwarmyae.net/ စကားဝါမြေတေးဥယျာဉ် ----> http://sagarwarmyae.net/mm_flash_songs/index.html
စကားဝါမြေနည်းပညာစာကြည့်တိုက် ----> http://technology.sagarwarmyae.net/